
www.burmeseclassic.com



မောင်ထွန်းသူ

# ဝံပုလွေများနှင့်ကခုန်သူ

# DANCES WITH WOLVES

**MICHAEL BLAKE**

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၂၆/၂၀၀၃(၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၉၀/၂၀၀၃(၆)

□

မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်

၉၆/ခ၊ ၁၁လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

□

အတွင်းပုံနှိပ်သူ

ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊

၄၉၊ ရေကျော်လမ်း၊

ပုဇွန်တောင်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)

မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

□

မျက်နှာဖုံးပန်းချီ

တင်မောင်မျင့်

□

ပုံနှိပ်ခြင်း

ပထမအကြိမ် - ၂၀၀၃ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀

□

တန်ဖိုး

၁၃၀၀ကျပ်


## မြန်မာပြန်သူ၏အမှာ

ဤဝတ္ထု၏ မူရင်းအမည်မှာ 'DANCES WITH WOLVES'ဖြစ်သည်။ ယင်းအမည်ကို မြန်မာပြန်သူက 'ဝံပုလွေများနှင့်ကခုန်သူ'ဟု ယူထားပါသည်။ တိုက်ရိုက်ယူထားခြင်းဖြစ်ပါသည်ဟု ပြောလျှင်ရနိုင်အံ့ထင်ပါသည်။

အမေရိကန်နိုင်ငံ၏ တိုင်းရင်းသားများသည် 'ရက်အင်ဒီးယန်းများ'ဖြစ်သည်။ ထိုလူမျိုးစုများသည် နာမည်ပေးရာ၌ 'မြင်းညို'ပိုင်ဆိုင်သူအား 'မြင်းညိုရှင်'၊ အနက်ရောင်ဝတ်ရုံကြီးကို အမြဲတစေဝတ်ဆင်နေသူအား 'ဝတ်ရုံနက်'၊ ခြေတစ်ဖက်ထော့နင်းဖြစ်နေသူအား 'ထော့လေး'၊ ခန္ဓာကိုယ်ရော မျက်နှာပါ ဝက်ဝံနှင့်တူသူအား 'ဝက်ဝံ'၊ အရပ်ပုတုတုနှင့်လူကို 'လိပ်ပုံ'စသည်ဖြင့် ပေးတတ်ကြသည်။ ဤသည်မှာ သူတို့၏ဓလေ့ထုံးစံတစ်ခုဖြစ်၏။

ယင်းဓလေ့ထုံးစံကို အမှီပြု၍ မြန်မာပြန်သူသည် ဤဝတ္ထု 'DANCES WITH WOLVES'ကို 'ဝံပုလွေများနှင့်ကခုန်သူ'ဟု အမည်ပေးခဲ့ခြင်းဖြစ်၏။ ထို့ကြောင့်သည်း ကျွန်တော် ဤအမည်ကိုပေးရာ၌ တိုက်ရိုက်ယူထားခြင်းဖြစ်သည်ဟု ဆိုခဲ့ခြင်းဖြစ်ပါ၏။

□

ရက်၊ နေ့နှင့်ခုနှစ်ကိုတော့ အတိအကျမမှတ်မိပါ၊ စိတ်အထင် ၁၉၉၂ခုနှစ်ဖြစ်ဖို့များသည်၊ ထိုစဉ်က ကျွန်တော်တို့မိသားစုသည် အင်းစိန်တောင်သူကုန်းခြံကို ပြန်ရောင်းကာ အရှေ့ကြို့ကုန်း၌ မြေတစ်ကွက်ဝယ်၍ မနီမိုး၊ ထရံကာ၊ ပျဉ်ခင်း အိမ်တစ်လုံးဆောက်ကာ နေထိုင်လျက်ရှိသည်။

ကျွန်တော်တို့မိသားစုသည် ရုပ်ရှင်အလွန်ကြိုက်သူများဖြစ်၏။ ထိုစဉ်က အိမ်တွင် အပေါ်စက်(ရုပ်မြင်သံကြားစက်)ရှိသော်လည်း အောက်စက်(ပြစက်)မရှိ၊ ထို့ကြောင့်လည်း တစ်လလျှင် တစ်ကြိမ်လောက် အောက်စက်ငှား၍ (စနေနေ့ညတွင် လုပ်လေ့ရှိသည်) ဗီဒီယိုကားခြောက်ကားခန့်ကို မိုးအလင်းကြည့်လေ့ရှိသည်။

စနေတစ်ညတွင် ကျွန်တော်တို့ ငှားလာသည့်ကားများထဲ၌ DANCES WITH WOLVESအမည်ရှိ ကားတစ်ကားပါလာသည်။ ထိုကားကို ရိုက်ကူးသူမှာ နာမည်ကြီးရုပ်ရှင်မင်းသား 'ကီဗင်ကော့စနာ KEVIN COSTNER'ဖြစ်၍ သူကိုယ်တိုင် ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့်ကား ဖြစ်လေသည်။

ထိုကားကို ကျွန်တော်တို့တစ်အိမ်သားလုံး ကြိုက်ကြသည်။ အထူးသဖြင့်

www.burmeseclassic.com

ကျွန်တော့် ဒုတိယသား ကိုကိုနိုင်နှင့်ကျွန်တော်သည် ဤဇာတ်ကားအကြောင်းကို မကြာခဏ စကားစပ်မိကြသည်။ အထူးသဖြင့် ရက်အင်ဒီးယန်းများ လေးနှင့်မြားကို အသုံးပြု၍ အမဲလိုက်သည့်အခန်း၏ ရုပ်ရှင်နည်းပညာကို တအံ့တသြ ဝေဖန်ပြောဆိုမိခဲ့ကြသည်။ ထို့နောက်. . . .

❒

ကျွန်တော့်သား ကိုကိုနိုင်သည် ဂျပန်နိုင်ငံ ဟိုကူရှင်စန်ပါကူHokushin Sampakuကုမ္ပဏီ၏ အမ်မ်၊ ဗီ ဟတ်ဆန်ရက်စ် M V Hudson Rexသင်္ဘောတွင် တတိယအရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသဖြင့် ၁၉၉၃ခုနှစ် မတ်လ ၂၂ရက်နေ့တွင် Silk Airlineဖြင့် ရန်ကုန်မှ စင်္ကာပူသို့ ထွက်ခွာသွားခဲ့သည်။

ကုမ္ပဏီမှပေးထားသည့် အစီအစဉ်အရ သူသည် စင်္ကာပူမှနေ၍ အမေရိကသို့ရောက်ရှိနေသော သင်္ဘောဆီသို့ လေယာဉ်ဖြင့်ပင် ခရီးဆက်ရမည်ဖြစ်သည်၊ ထို့ကြောင့် သူသည် စင်္ကာပူ၌ ၂၂. ၃. ၉၃ရက် ညတစ်ညအိပ်ရသည်။ နောက်တစ်ရက်ညကျမှ ခရီးဆက်ရမည်ဖြစ်သဖြင့် စင်္ကာပူတွင် ၂၃. ၃. ၉၃ရက်တစ်ရက် လည်ဖို့ အချိန်ရသည်။ ဤတွင် သူသည် 'DANCES WITH WOLVES'ဝတ္ထုကို ဝယ်ဖြစ်ခဲ့သည်။ ထိုနေ့မှာပင် သူသည် ထိုစာအုပ်ကို ကျွန်တော့်ထံ နီးရာစာတိုက်မှတစ်ဆင့် ပို့ခဲ့သည်။

၂၃. ၃. ၉၃ရက်နေ့က သားပို့လိုက်သည့်စာအုပ်သည် ကံကောင်းထောက်မသဖြင့် ၃. ၄. ၉၃ရက်နေ့တွင် ကျွန်တော့်လက်သို့ ရောက်လာသည်။ စာအုပ်နှင့်အတူ ပါလာသည့်စာတွင်. . .

". . . . . ဒီစာအုပ်ကို ဖေဖေဘာသာပြန်ထားပေးပါ၊ ပြီးရင် ဘယ်သူကိုမှ ပေးမပစ်ပါနဲ့၊ သားပြန်ရောက်လျှင် ဤစာအုပ်ကို သားကိုယ်တိုင်ထုတ်ပါရစေ"ဟု ရေးထားသည်။

သို့သော်လည်း သူနှင့်ကျွန်တော့်ကြား၌ ရှိထားခဲ့သော 'ဆန္ဒ၊ နားလည်မှုနှင့်အစီအစဉ်များ'သည် လေထဲ၌တည်ဆောက်ထားသည့် တိုက်အိမ်တစ်လုံးပြိုကျသည့်နှယ် ပြိုကျပျက်စီးသွားခဲ့ရ၏။

သူ့သင်္ဘောသည် အမေရိကနှင့် စာချုပ်သက်တမ်းကုန်ဆုံးသဖြင့် ဂျပန်နိုင်ငံသို့ ပြန်သွားခဲ့ရသည်။ ပြင်သစ်ကုမ္ပဏီတစ်ခုနှင့် ပြုလုပ်ထားသည့် စာချုပ်အရ ပြင်သစ်နိုင်ငံ မာဆေးမြို့သို့ မထွက်ခွာမီ ဂျပန်နိုင်ငံအီမာဘာရီဆိပ်ကမ်း ရှင်ကူယူရှီမာသင်္ဘောကျင်း Shin Kurushima Dock Yard၌ ဒေါက်တင်ထားခိုက် အလုပ်တာဝန်ထမ်းဆောင်နေစဉ်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရမှုဖြစ်ကာ ကွယ်လွန်ခဲ့ရရှာ၏။

ကျွန်တော့်သား ကွယ်လွန်ခဲ့ရသည့်ရက်မှာ ၂၀. ၁၂. ၉၃ရက်ဖြစ်လေရာ သူတာဝန်ထမ်းဆောင်ခဲ့ရသည့် ကာလမှာ (၈)လနှင့် (၂၁)ရက်မျှသာရှိခဲ့သည်။ ထိုအချိန်က ကျွန်တော်သည် ဤစာအုပ်ကို ဘာသာပြန်စဖြစ်သည်။ သားဖြစ်သူ၏ ကြေကွဲဘွယ်ရာအဖြစ်ကြောင့် ကျွန်တော်၏ လုပ်လက်စအလုပ်ကို ဆက်၍မလုပ်နိုင်ခဲ့ပါ၊ စာအုပ်ကိုလည်း မေ့မေ့ပျောက်ပျောက် ဖြစ်စေလိုသဖြင့် ကျွန်တော်မမြင်နိုင်သည့်နေရာ၌ ထားခဲ့သည်။

သို့သော်လည်း ကျွန်တော်သား၏ဆန္ဒကို ဖြည့်ဆည်းပေးရမည်တာဝန်သည် ကျွန်တော့်တွင်ရှိနေသည်။ ဤသို့ဖြင့် ၃. ၄. ၉၃ရက်က လက်ထဲရောက်လာခဲ့သော ဤစာအုပ်ကို ၁၉၉၅ခုနှစ်ဩဂုတ်လ ၁၇ရက်နေ့ကျခါမှ အသစ်တစ်ဖန်ဘာသာပြန်ဖြစ်ခဲ့လေသည်။

❒

ဤဝတ္ထု'ဝံပုလွေများနှင့်ကခုန်သူ'သည် ၁၈၆၃ခုနှစ်ကို နောက်ခံထားသောဝတ္ထုဖြစ်၏။ အထူးသဖြင့် ထိုနှစ်ထိုခေတ်က ရှိခဲ့ကြသော 'ကွန်မင်ချီရက်အင်ဒီးယန်းလူမျိုးစု'နှင့် အမေရိကန်စစ်တပ်မှ ဗိုလ်ကလေး ဂျွန်ဂျေ၊ ဒမ်ဘာတို့ ဆက်စပ်ယှက်နွယ်သွားခဲ့ရသည့် အဖြစ်ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

ဤဝတ္ထုကို ဝေဖန်ရေးဆရာများက 'လူဖြူတစ်ဦး၏စွန့်စားခန်း' ကင်းပွန်းခဲ့ကြသည်၊ တစ်ချို့ကမူ သာယာလှပသော လွင်ပြင်များပေါ်၌ နှစ်ပေါင်းများစွာကတည်းက နေထိုင်ခဲ့ကြသော ကိုယ်ရောစိတ်ပါ လွတ်လပ်ခဲ့ကြသည့် ရက်အင်ဒီးယန်းတို့၏ ဘဝကို အပီအပြင်ရေးဖွဲ့ထားသော ဝတ္ထုဟုဆိုကြသည်။

ဤဝတ္ထုကိုရေးသူမှာ မိုက်ကယ်ဘလိတ် Michael Blakeဖြစ်သည်။ သူ၏ပထမဆုံးဝတ္ထုဖြစ်သည်၊ ၁၉၈၆ခုနှစ်တွင် ရေးသားပြီးစီးခဲ့သော ဤဝတ္ထုကို ၁၉၈၈ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ လူကြိုက်များသော စာအုပ်တစ်အုပ်ဖြစ်လာခဲ့၏။ သူ၏ ဒုတိယစာအုပ် AIRMAN MORTENSENကို ၁၉၉၁ခုနှစ်တွင် ထုတ်ဝေခဲ့ရာ ထိုစာအုပ်မှာလည်း အရောင်းရကောင်းသော စာအုပ်တစ်အုပ်ပင်ဖြစ်လာခဲ့လေသည်။

❒

ဤစာအုပ်သည် ကျွန်တော့်လက်သို့ရောက်ခဲ့သည်မှာ ၁၉၉၃ခုနှစ်အတွင်းကဖြစ်၏၊ သို့သော်လည်း လက်ထဲရောက်ပြီး နှစ်နှစ်ကျော်ခါမှ ဤစာအုပ်ကို ဘာသာပြန်ဖြစ်ခဲ့သည်။ ဤစာအုပ် မြန်မာပြန်ဆိုပြီးစီးသည့်ရက်ကို ပြန်ကြည့်သည့်အခါ ၁၉၉၆ခုနှစ် ဒီဇင်ဘာ ၂၀ရက်. . . . ,

ကျွန်တော့်သားကိုကိုနိုင် ကွယ်လွန်ခဲ့သည်မှာ ၁၀နှစ်ကျော်ခဲ့ပြီ၊ ကွယ်လွန်စဉ်က သူ့အသက်မှာ ၃၁နှစ်၊ ယခုအချိန်ထိသာ အသက်ရှင်နေသေးမည်ဆိုပါက သူ့အသက်သည် ၄၁နှစ်မျှရှိပေတော့မည်။ ဤစာအုပ် 'ဝံပုလွေများနှင့်ကခုန်သူ'ကို သာ တွေ့ရ မြင်ရ ဖတ်ရမည်ဆိုပါကမူ သူမည်မျှဝမ်းသာပါမည်နည်း. . . . ။

မောင်ထွန်းသူ

၇- ဇွန်လ- ၂၀၀၃

www.burmeseclassic.com

## ၁

ဗိုလ်ဒမ်ဘာသည်အားလုံးကိုမျိုချ၍မရ၊ ထိုစကားသည် သူ့ခေါင်းထဲသို့ ထေမဦးဆုံးဝင်လာသည့် စကားဖြစ်၏။ အရာရာတိုင်းသည် အလွန့်အလွန်ကြီးမား ခမ်းနားပြီး ထယ်ဝါလှပလွန်းလှပါပေသည်။

အဆုံးအစမရှိအောင်ကြီးမားကျယ်ပြန့်လှသော မြူတိမ်ကင်းစင်နေသည့် ကောင်းကင်ပြင်၊ အလိပ်လိုက် အလိပ်လိုက်လှိုင်းထနေသည့် သမုဒ္ဒရာမြက်ခင်းပြင်၊ ဘယ်ကိုပဲကြည့်ကြည့် ဤနှစ်ခုမှတစ်ပါး အခြားဘာကိုမှမမြင်ရ။ လမ်းမကြီးဟူ၍ တစ်လမ်းမှမရှိ၊ လေးဘီးတပ်မြင်းလှည်းကြီးများသွားနိုင်မည့်လှည်းလမ်းကြောင်းဟူ၍လည်း တစ်လမ်းမျှမမြင်ရ၊ ဟင်းလင်းဖြစ်နေသော ကွင်းပြင်ကြီးမျှသာဖြစ်လေသည်။

သူ့စိတ်အာရုံသည်မြင်ကွင်းထဲ၌ နစ်ဝင်ကာပျောပါသွားလျက်ရှိသည်၊ မြင်ကွင်းတစ်ခုလုံးသည် သူ့စိတ်ကိုများစွာထိခိုက်စေခဲ့၏။ နက်ရှိုင်းသောခံစားမှုကြောင့် သူ့နှလုံးသားသည်ပင်လျှင် တုန်လှုပ်ခဲ့ရ၏။

လှည်းပေါ်၌ထိုင်နေသော ဗိုလ်ဒမ်ဘာ၏ခန္ဓာကိုယ်သည် ပရေးရီးမြက်ခင်းပြင်ကြီးနှင့်အတူ လူးလိမ့်လိုက်ပါသွားနေသည်။ သူ့ရင်သည်ပီတိလှိုင်းရိုက်ခတ်မှု ဒဏ်ကိုခံနေရသဖြင့် များစွာလှုပ်ရှားလျက်ရှိ၏။ သို့သော်လည်း သွေးကတော့ရှားခြင်းမရှိ တည်တည်ငြိမ်ငြိမ်အေးအေးဆေးဆေးပင်ရှိသည်။ သူ့စိတ်တွင်ကြည်နူးခြင်းတစေ့အပြည့်၊ သူ့ရင်ထဲ၌ခံစားနေရသည်များကို စကားဖြင့်ဖေါ်ပြခြင်းငှာမစွမ်း။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကတော့ သိသလိုလိုရှိပါ၏၊ သို့သော်လည်း တိကျပြတ်သားစွာပေါ်လွင်အောင် ပြောမပြတတ်။

သူ့အနေဖြင့် သဘာဝအတိုင်းတည်ရှိနေသော အလွန်သာယာလှပသော ဤတောပိုင်းဒေသကြီးတစ်ခုလုံးနှင့် ယင်းအပေါ်၌တည်ရှိနေသမျှအရာအားလုံး၏အပေါ် ချစ်ခင်တွယ်တာနေမိပြီ၊ သူ့အချစ်မှာ အတ္တကင်းသောအချစ်ဖြစ်သည်၊ ကြည်ညိုလေးစားသောအချစ်မျိုးဖြစ်၏။ ထာဝရတည်မြဲသွားမည့် အချစ်မျိုးဖြစ်၏။

သူ့ဘေးမှာထိုင်နေသော တင်မွန်သည် မျက်နှာကိုတစ်ဖက်သို့လှည့်ကာ ခါး လောက်အမြင့်ရှိသည့် ကျွဲစားမြက်များပေါ်သို့ တံတွေးတစ်ချက်ထွေးပြန်သည်၊ ယခု တံတွေးထွေးခြင်းသည် အကြိမ်ပေါင်းတစ်ထောင်မြောက်ထွေးခြင်း ဖြစ်လိမ့်မည်ဟု ဒမ်ဘာထင်မိသည်။

လှည်းသမားအများစုသည် အခုလိုပင်တံတွေးများကို မကြာခဏထွေးတတ်သော အလေ့အထရှိကြ၏။ သူတို့ပါးစပ်ထဲမှထွက်လာသည့်တံတွေးများကလည်း နည်းနည်းပါးပါးမဟုတ်၊ တစ်ခါထွေးလျှင် အများကြီးထွက်လာတတ်သည်။ ဒမ်ဘာသည် တစ်လမ်းလုံးတံတွေးတပစ်ပစ်ထွေးလာသော တင်မွန်အား ဘာတစ်ခွန်းမှမပြောသော်လည်း စိတ်ထဲကတော့ ရွံရှာစက်ဆုပ်ခြင်းဖြစ်နေသည်၊ အမှန်တော့ သူ့ဘာသာတံတွေးထွေးနေခြင်း မိမိအားအန္တရာယ်ဖြစ်စေနိုင်သည့်အရာတော့မဟုတ်။ တင်မွန်တံတွေးထွေးလိုက်တိုင်း သူ့ဒေါသဖြစ်သည်။

ယနေ့မနက်တစ်မနက်လုံး သူတို့သည်အတူတွဲ၍ထိုင်လာကြခြင်းဖြစ်၏၊ တစ်ဦးနှင့်တစ်ဦး နှစ်ပေမျှကွာသော်လည်း လေအောက်ရောက်နေသော ဒမ်ဘာသည် တင်မွန်၏ကိုယ်နံ့ကိုရှူလာရသည်၊ တင်မွန်၏အနံ့ကိုသူမခံနိုင်၊ နှစ်ပေါင်းသုံးဆယ်နီးပါးမျှသူသည် လူသေနံ့များကိုရှူရှိုက်ခဲ့ရဖူးသည်။ တင်မွန်၏ကိုယ်မှထွက်လာနေသည့် အနံ့များလောက်မဆိုး။

တစ်ခါတစ်ရံလေကြောင်းပြောင်းသွားသည့်အခါတွင်မူ တင်မွန်ထံမှကိုယ်နံ့သည် သူ့ထံသို့ရောက်မလာ၊ တစ်ခါတစ်ရံလေသင့်လာသည့်အခါတွင်မူ ပြင်းထန်စူးရှသော တင်မွန်၏ကိုယ်နံ့သည် သူ့အားအနှောက်အယှက်ပေးလာတတ်သည်။ ထိုအခါမျိုးတွင် သူသည် လှည်းနောက်ထဲရှိ ရိက္ခာပစ္စည်းပုံပေါ်သို့ သွား၍ထိုင်နေလေ့ရှိ၏၊ တစ်ခါတစ်ရံကျတော့လည်း လှည်းပေါ်မှနေ၍ မြက်ပင်ရှည်ကြီးများကြားသို့ ခုန်ဆင်းကာလှည်းမြီး၌ ကြိုးနှင့်ချည်၍ဆွဲလာသည့်သူ့မြင်း "ကစ္စကို"အား စီး၍ကင်းထောက်သည့်သဘောဖြင့် လှည်းရှေ့တစ်မိုင်နှစ်မိုင်ခန့်အကွာထိ ထွက်သွားလေ့ရှိသည်။

သူသည် ထိုင်နေရာမှလည်းပြန်လှည့်ပြီး သူ့မြင်းကစ္စကိုအားကြည့်သည်။ ကစ္စကိုသည် လှည်းနောက်မှအလိုက်သင့်ပါလာသည်၊ သူ့နှာခေါင်းတွင်စွပ်ထားသည့် အစာအိတ်ထဲမှအစာကို စားလာသည်၊ သူ့ကိုယ်ပေါ်၌လွှမ်းခြုံပေးထားသည့် သမင် ရေသည်နေရောင်တွင် တလက်လက်တောက်နေသည်။



ဒမ်ဘာသည် သူ့မြင်းကိုကြည့်၍ပြုံးမိသည်၊ မြင်းများ၏သက်တမ်းသည် လူတွေ၏သက်တမ်းလောက်ရှည်လျှင် ကောင်းလေစွဟုတွေးမိသည်။ ကံကောင်းပါက ကစ္စကိုသည်ဆယ်နှစ်၊ ဆယ့်နှစ်နှစ်ခန့် နောက်ထပ်နေရဦးမည်ဟု သူထင်သည်၊ မြင်းတွေအများကြီးတွေ့ခဲ့ဖူးပါ၏၊ သို့သော်လည်း ကစ္စကိုလို မြင်းကောင်းတစ်ကောင် ရဖို့လိုသည်မှာ တစ်သက်မှာ တစ်ခါသာကြုံရတတ်သည့် ရတောင့်ရခဲအခွင့်အရေးမျိုးဖြစ်၏၊ အကယ်၍ကစ္စကိုသာမရှိတော့ပါက သူနေရာ၌ သူ့လိုမြင်းမျိုးအစားထိုးဖို့ဆိုသည်မှာ ခက်ခဲလှပါဘိခြင်း။

ဒမ်ဘာက ကြည့်နေခိုက်မှာပင် ကစ္စကိုသည် သူ့ခေါင်းကိုမော့ကာ ဒမ်ဘာအားစိုက်ကြည့်နေသည်။ ဒမ်ဘာရှိမှန်းသိသွားသည့်အခါ စိတ်အေးသွားဟန်ဖြင့် အစာအိတ်ထဲမှအစာကို တမြုံ့မြုံ့ဝါးလျက်ရှိလေသည်။

ဒမ်ဘာသည်ထိုင်ခုံတွင် တည့်တည့်မတ်မတ်ပြန်ထိုင်ကာ ကျုံးနစ်အကျႌအိတ်ကပ်ထဲမှ ခေါက်ထားသည့်စာရွက်တစ်ရွက်ကို လက်တစ်ဖက်ဖြင့် ဆွဲထုတ်လိုက်သည် သူသည်တပ်မှထုတ်ပေးလိုက်သည့် ဤအမိန့်စာအတွက် စိတ်မအေးဖြစ်လျက်ရှိသည်၊ ဟေးစ်ခံတပ်ကထွက်လာချိန်မှစ၍ ယခုအချိန်အထိ ဤစာရွက်ကိုထုတ်ကြည့်ခဲ့သည်မှာ အကြိမ်ပေါင်းဒါဇင်ဝက်ခန့်ရှိခဲ့ပြီ၊ တစ်ကြိမ်ထုတ်ကြည့်တိုင်း သူ့တွင်အသင့်မကျဖြစ်ခဲ့ရ၏။

သူ့နာမည်တိုရေးရာ၌နှစ်နေရာတွင် စာလုံးပေါင်းများမှားနေသည်။ အရက်နံ့ထောင်းထောင်းထနေသော ဗိုလ်မှူးသည် ထိုစာရွက်ပေါ်တွင်လက်မှတ်ထိုးပေးခဲ့သည်၊ လက်မှတ်ထိုးရာ၌ကလောင်တံမှ မင်များသီးသွားခဲ့၏၊ သို့သော်လည်း ဗိုလ်မှူးသည် မင်များကိုခြောက်သွေ့အောင်မထားဘဲ စာရွက်ကိုခေါက်လိုက်သဖြင့် လက်မှတ်တစ်ခုလုံး အစွန်းအကွက်တွေတင်ကာ မပီမသဖြစ်သွားခဲ့၏။

ပြီးတော့အမိန့်စာပေါ်တွင် နေ့စွဲလည်းရေးထားခြင်းမရှိ၊ ထို့ကြောင့်သူသည်လှည်းပေါ်ရောက်ခါမှ နေ့စွဲကိုသူကိုယ်တိုင်ရေးထည့်ခဲ့ရသည်။ သို့သော်လည်း သူရေးထည့်ခဲ့သည်မှာ ခဲတံနှင့်ဖြစ်သဖြင့် ဗိုလ်မှူး၏ကြောင်ခြစ်သလိုခြစ်ထားသော လက်မှတ်ပေါ်တွင် အံမဝင်ခွင်မကျဖြစ်လျက်ရှိလေသည်။

ဗိုလ်ဒမ်ဘာသည် အမိန့်စာကိုကြည့်ကာသက်ပြင်းချမိသည်၊ ဤစာရွက်မှာ စစ်တပ်မှထုတ်ပေးသည့်အမိန့်စာရွက်တစ်ရွက်နှင့်မတူ အမှိုက်ခြင်းထဲမှ ကောက်ယူထားသည့်စက္ကူတစ်ရွက်နှင့်တူနေသည်။

ဤအမိန့်စာကို ပြန်ကြည့်လိုက်တိုင်း သူ့ဤအမိန့်စာရခဲ့ပုံကို ပြန်၍စဉ်းစားမိကာ စိတ်မအေးဖြစ်ရ၏။ အရက်နံ့ထောင်းထောင်းထနေသော ဗိုလ်မှူးနှင့်ဆိုင်သည့် ထူးထူးဆန်းဆန်းအဖြစ်ကိုလည်း သတိမရပဲမနေနိုင်။

တာဝန်ကိုချက်ခြင်းထမ်းဆောင်လိုစိတ်ပြင်းပြမှုကြောင့် သူသည်ဌာနချုပ်သို့ တန်းသွားခဲ့၏၊ သူရောက်သွားချိန်တွင်တွေ့ရသည်မှာ ထိုဗိုလ်မှူးသာလျှင်ဖြစ်တစ်ရုံးလုံး၌ တစ်ဦးတည်းသာဖြစ်နေသည်ကိုလည်း သတိထားခဲ့မိ၏၊ ထိုနေ့က

www.burmeseclassic.com



ညနေစောင်း၍ တင်မွန်၏မြင်းလှည်းကြီးပေါ်တွင်တက်၍ တင်မွန်ဘေး၌ထိုင်မိချိန်အထိ ရုံးခန်းထဲ၌ ဗိုလ်မှူးတစ်ဦးတည်းသာလျှင်ရှိ၏။

သူနှင့်တွေ့စဉ်က ဗိုလ်မှူးသည် နီရဲနေသောမျက်လုံးအစုံဖြင့် သူ့အား အချိန်အတော်ကြာကြာမျှ စူးစူးရဲရဲစိုက်ကြည့်နေသည်။ နောက်ဆုံးစကားတစ်ခွန်း ထွက်လာသည့်အခါတွင်လည်း ဗိုလ်မှူး၏လေသံသည် ငေါ့တော့တော့လေသံဖြစ်သည်။

"ဟား အင်ဒီယန်းတွေကို တိုက်မဲ့သူရဲကောင်းကြီးပေါ့. . . ဟုတ်လား"

ဗိုလ်ဒမ်ဘာကတော့ ထိုအချိန်ထိ အင်ဒီးယန်းများနှင့်ရင်ဆိုင်တိုက်ဖို့ဝေးစွ အင်ဒီးယန်းလူမျိုးတစ်ယောက်တစ်လေကိုပင် မြင်ဖူးတွေ့ဖူးသေးသည်မဟုတ်။

"ဟို. . . ဟို. . . အခုတော့မတိုက်သေးပါဘူး၊ ကျွန်တော်ကြုံကြိုက်လာရင် တိုက်နိုင်မှာပါ"

"အင်း. . . ဟင်. . . ဟင်. . . တိုက်ခိုက်ရေးသမားကြီးတစ်ယောက်ဆိုပါတော့"

ဗိုလ်ဒမ်ဘာသည် ဘာမှပြန်မပြော၊ နှစ်ယောက်သားတစ်ယောက်ကိုတစ်ယောက်အကြာကြီးကြည့်နေကြသည်။ ထိုနောက်ဗိုလ်မှူးက အမိန့်စာကိုရေးသည်။ ဒေါ်သတကြီးနှင့်ရေးနေခြင်းဖြစ်၍ နားထင်များမှစီးကျလာနေသည့် ချွေးသီးချွေးပေါက်ကြီးများကိုပင်မသုတ် ခပ်ပြောင်ပြောင်ဖြစ်နေသော သူ့ခေါင်းတွင်ဆံရှဲနေသော ဆံပင်များကပ်နေသည်ကိုပင် ဗိုလ်ဒမ်ဘာ သတိပြုမိနေသည်။

ဗိုလ်မှူးသည် ချောင်းတဟွပ်ဟွပ်ဆိုးလာချိန်တွင် စာရေးနေခြင်းမှ ခေတ္တရပ်ကာ သူလည်ချောင်းတွင်းမှ သလိပ်များကို စားပွဲဘေး၌ချထားသော ညစ်ပတ်ပေရေနေသည့် တံတွေးခံထဲသို့ ထွီခနဲထွေးထည့်လိုက်သည်။ ဗိုလ်ဒမ်ဘာသည် ဗိုလ်မှူးလုပ်ကိုင်နေပုံများကို ကြည့်ကာစိတ်ပျက်နေသည်။ အခန်းထဲမှမြန်မြန်ကိစ္စပြီးကာ မြန်မြန်ထွက်သွားလိုစိတ်သာ ပေါ်နေသည်။

သူဝင်လာစက အခြေအနေကို ဗိုလ်ဒမ်ဘာပြန်ပြီး သတိရလာသည်။ သူရုံးခန်းတွင်းသို့ ဝင်လာစဉ်က ဗိုလ်မှူးဖမ်ဘာရောသည် သူ့စားပွဲတွင် တည်ငြိမ်အေးဆေးစွာထိုင်လျက်ရှိသည်ကို တွေ့ခဲ့ရ၏။ ဗိုလ်မှူးသည် လက်နှစ်ဖက်ကိုဆုပ်ကာ သူ့ရှေ့၌တင်ထားသည်။ သူ့ကိုကြည့်ရသည်မှာ သူ့ဘဝတစ်ခုလုံးကို သတိမရတော့သည့် ပုံစံမျိုးဖြစ်၏။

တကယ်တော့လည်း သူ့ဘဝသည် ဩဇာအာဏာကင်းမဲ့နေသော ဘဝဖြစ်သည်။ ကုန်လွန်ခဲ့သောနှစ်ပေါင်းများစွာအတွင်း အထီးကျန်နေခဲ့ရသော ဘဝဖြစ်၏။ အချိန်ရှိသမျှအရက်ပုလင်းနှင့်သာ ရှုန်းကန်လှုပ်ရှားနေခဲ့ရသော ဘဝလည်းဖြစ်ချေသည်။ အလွန်ဝေး-အလွန်ခေါင်သောဒေသ၌ အခုလိုအထီးကျန်နေခဲ့ရခြင်းသည် သူ့အတွက်ဘဝပျက်သလိုသာ ဖြစ်ခဲ့ရ၏။

ဗိုလ်မှူးသည် အမိန့်စာကို ရေးပြီးလျှင်ပြီးချင်း ဗိုလ်ဒမ်ဘာအားလှမ်းပေး



သည်၊

"ငါမင်းကို ဆက်ဂျ်ဝစ်ခံတပ်မှာတာဝန်ချထားလိုက်တယ်၊ မင်းအမြန်ဆုံးသွားပြီး ဗိုလ်ကြီးကာဂျစ်လ်ဆီသတင်းပို့"

ဗိုလ်ဒမ်ဘာသည် လက်ထဲရောက်လာသည့် ညစ်ပတ်ပေရေနေသော စာရွက်ကိုငုံ့ကြည့်နေသည်။

"ဟုတ်ကဲ့ပါ ဗိုလ်မှူး၊ ကျွန်တော် ဟိုကိုဘယ်လိုသွားရမလဲဆိုတာ"

"ငါကမင်းကို မပြောဘဲလွှတ်လိမ့်မယ်လို့ ထင်နေသလား" ဟု ဗိုလ်မှူးက ဒေါပြတ်နှင့်မေးသည်။

"မဟုတ်ပါဘူး ဗိုလ်မှူး၊ ကျွန်တော်ကမသိလို့ မေးမိတာပါ"

ဗိုလ်မှူးသည် သူ့ကျောကို ကုလားထိုင်တွင်မှီလိုက်သည်။ လက်နှစ်ဖက်ကို ဗိုက်ဘောင်းဘီပေါ်တင်လိုက်ပြီးပြုံးသည်။

"ငါ့မှာစိတ်ကောင်းဝင်နေတဲ့အချိန်မို့ မင်းကိုငါက အခွင့်ထူးတစ်ခုပေးရမှာပေါ့လေကွာ။ ကုန်တင်လှည်းကြီးတစ်စီး အဲဒီနယ်ဘက်ကိုထွက်လိမ့်မယ်၊ တင်မွန်လို့ခေါ်တဲ့ လှည်းသမားတစ်ယောက်ကို ရှာတွေ့အောင်ရှာ၊ ပြီးတော့သူနဲ့လိုက်သွား"

ဗိုလ်မှူးဖမ်ဘာရောက ဗိုလ်ဒမ်ဘာ၏လက်ထဲမှစာရွက်ကို လက်ညှိုးထိုးပြီးထပ်ပြောသည်။ "ငါ့လက်မှတ်က မိုင်တစ်ရာငါးဆယ်ကျယ်ဝန်းတဲ့ မီဇူရီဒေသတွေရဲ့နယ်မြေထဲမှာ မင်းကိုဘေးကင်းအောင်တော့ ကာကွယ်ပေးမှာပါကွာ"

ဗိုလ်ဒမ်ဘာသည် စစ်တပ်ထဲရောက်ကတည်းက ရှေ့တန်းရောက်အရာရှိများ၏ကြောင်ကွက်များကို သိထားခဲ့သူဖြစ်သဖြင့် ဗိုလ်မှူး၏စကားအပေါ်တွင် စိတ်ဝင်စားဆင်ခြင်မှုပြုမနေတော့ပေ။ ဗိုလ်မှူးအားအလေးပြုကာ "ဟုတ်ကဲ့ပါ-ဗိုလ်မှူး" ဟူသော အဖြေပေးလိုက်ပြီး အပြင်သို့ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ ချက်ခြင်းပင် တင်မွန်အားလိုက်ရှာသည်။ တွေ့သည်နှင့်တစ်ပြိုင်နက် သူ့မြင်းကစ္စကိုအား ပြန်ယူကာ ဟေးစ်စစ်ခံတပ်ထဲမှ ထွက်လာခဲ့သည်။

ယခုသူထွက်လာခဲ့သည်မှာ မိုင်တစ်ရာအကွာအထိ ခရီးပေါက်ခဲ့ပြီ၊ ဤအချိန်ကျခါမှ သူသည် သူ့အမိန့်စာကိုထပ်ကြည့်ကာ အားလုံးအဆင်ပြေသွားမှာပါဟု တွေးမိသည်။ မြင်းလှည်းကြီး အရှိန်နှေးသွားသည်ကို သူသတိပြုမိလိုက်၏။ တင်မွန်သည် အနီးဆုံးမှ မြက်ပင်ကြီးကြားသို့ငုံ့ကြည့်နေသည်ကို တွေ့ရသည်။

"ဟိုမှာကြည့်. . . မြင်လား"

လှည်းကြီးနှင့်ပေနှစ်ဆယ်ခန့်အကွာရှိ ဖြူဖွေးဖွေးအရာဝတ္ထုတစ်ခုကိုလှမ်းပြလိုက်သည်။ နှစ်ယောက်သားလှည်းပေါ်မှခုန်ဆင်းကာ သွားကြည့်ကြသည်။

လူဦးခေါင်းခွံတစ်လုံးနှင့်အရိုးစုများဖြစ်၏။ ဦးခေါင်းခွံမှ မျက်လုံးဟောက်ပက်ကြီးများသည် မိုးကောင်းကင်ဆီသို့ မျှော်ကြည့်နေသည့်နှယ်ရှိသည်။ ဗိုလ်ဒမ်ဘာသည် အရိုးစုဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ မြက်ပင်များသည် နံရိုးများ

www.burmeseclassic.com

www.burmeseclassic.com



ကြားမှထိုးထွက်နေကြ၏။ မြားအမြောက်အမြားသည်လည်း နံရိုးများကြားတွင် ထိုးထောင်ထောင်ဖြစ်နေသည်။ ဒမ်ဘာသည် မြားတစ်ချောင်းကိုဆွဲနှုတ်လိုက်ပြီး အသေအချာကြည့်နေမိသည်။

❐

ထိုနေ့ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသည်။ နွေရာသီတွင် မုန်တိုင်းကျပြီးရွာသွန်းသည့် မိုးမျိုးဖြစ်၏။ သို့သော်လည်း အခြားလများတွင် ရွာသွန်းလေ့ရှိသည့်မိုးများလောက် စိုစွတ်ထိုင်းမှိုင်းခြင်းတော့မရှိ။ ခရီးသွားနှစ်ဦးသည် တာပေါ်လင်လှည်း ပေါင်းမိုးအောက်တွင် သက်တောင့်သက်သာ အိပ်နိုင်ခဲ့ကြလေသည်။

စတုတ္ထနေ့သည် ယခင်နေ့များကလိုပင် ထူးခြားသောဖြစ်ရပ်များမပေါ်ပေါက်ဘဲနှင့်ကုန်ဆုံးသွားခဲ့သည်။ *ပဥ္စမမြောက်နေ့နှင့်ဆဋ္ဌမမြောက်နေ့များသည်လည်း ထိုနည်းအတိုင်းပင်ဖြစ်၏။ ဗိုလ်ဒမ်ဘာကတော့ ကျွဲရိုင်းများကိုမမြင်ရ၍ စိတ်မကောင်းဖြစ်သည်။ သူအလွန်မြင်ချင်နေသည့်ကျွဲကို တစ်ကောင်တစ်မြီးမှမတွေ့ရ။ ကျွဲရိုင်းအုပ်ကြီးများသည် တစ်ခါတစ်ရံတွင် အခုလိုပင်ပျောက်-ပျောက်သွား တတ်သည်ဟု တင်မွန်ကပြောသည်။ အခုလောလောဆယ်မမြင်ရ၍ စိတ်မပူပါနှင့်ဟုလည်း ပြောသည်။ ကျွဲရိုင်းများပေါ်လာသည့်အခါများတွင် ကျိုင်းကောင်များကဲ့သို့များလွန်းလှသဖြင့် ကြည့်ပင်ကြည့်ချင်တော့မည်မဟုတ်ဟုလည်း ဆိုသည်။

သူတို့လာခဲ့သည့် လမ်းခရီးတွင် အင်ဒီးယန်းဟူ၍လည်း အစအနပင်မမြင်ရ။ ဤကိစ္စတွင်မူ ဘာကြောင့်မမြင်ရသည်ကို တင်မွန်က ရှင်းလင်း ပြောပြခြင်းမရှိ။

ခုနှစ်ရက်မြောက်နေ့တွင်မူ ဗိုလ်ဒမ်ဘာသည် တင်မွန်ပြောသမျှစကားများအပေါ် စိတ်ဝင်စားခြင်းမရှိတော့ပေ။ သူပြောလာသမျှကို ကြားတစ်ချက်မကြားတစ်ချက်ဖြစ်နေသည်။ နောက်ဆုံးကျန်နေသည့်ခရီးတစ်လျှောက်တွင် ဗိုလ်ဒမ်ဘာသည် သူတာဝန်ကျရာတပ်စခန်းသို့ အမြန်ဆုံးရောက်ရန်သာ စိတ်စောလျက်ရှိလေ၏။

❐

ဗိုလ်ကြီးကာဂျစ်လ်သည် မိုးကောင်းကင်ဆီသို့ တွေဝေငေးမောလျက်ရှိသည်။ သူ့အသိထဲတွင် ဖျတ်ခနဲ အလင်းရောင်ဝင်လာသည်။ နောက်တစ်ယောက်တော့ သွားပြန်ပြီဟု သူတွေးကာစိတ်ထဲမှကြိတ်၍ ကျိန်ဆဲလိုက်မိ၏။

ဗိုလ်ကြီးကာဂျစ်လ်သည် အလွန်ညှိုးငယ်သောစိတ်ဖြင့် အလွန်စွတ်စိုထိုင်းမှိုင်းလှသော တပ်စခန်း၏နံရံများကို တစ်ခုချင်းစီလှည့်ပတ်ကြည့်နေသည်။ ဤအထဲတွင် ကြည့်စရာဆို၍ဘာမှမရှိ။ တကယ်တော့ သူနေရသည့်တပ်စခန်းနေအိမ်သည် အကျဉ်းထောင်တစ်ခုအတွင်းမှ ကြိုးတိုက်တစ်တိုက်နှင့် ဘာမှမခြားဟုပင်ထင်သည်။



"ဒီဟာကို တပ်စခန်းလို့ခေါ်ရမှာတဲ့လား"ဟု သူတွေးသည် လူတိုင်းလိုလိုပင် တပ်စခန်းဟူသောစကားလုံးကိုသုံးလာခဲ့ကြသည်မှာ တစ်လပင်ကျော်လာခဲ့ပြီ၊ သူကိုယ်တိုင်ပင်သူငယ်သားများရှေ့၌ အရှက်ကင်းမဲ့စွာဖြင့်ထိုစကားလုံးကို သုံးခဲ့ပြီးပြီ မဟုတ်ပါလော။

သူလည်း စခန်းထဲ၌တစ်ယောက်တည်း ထိုင်ကာနားစွင့်လျက်ရှိ၏။ အပြင်ဘက်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သာမန်ဖြစ်ရိုးဖြစ်စဉ် အခြေအနေအရဆိုပါက၊ အပြင်တွင် တာဝန်ကိုယ်စီဖြင့်အလုပ်-လုပ်နေကြသော လူသံသူသံများကြားရစမြဲ။ ယခုအခါတွင်မူကား ဘာအလုပ်တာဝန်မှမရှိသည်မှာ ရက်ပေါင်းများစွာကြာခဲ့ပြီ။ ယင်းကိစ္စနှင့်ပတ်သက်၍ သူကိုယ်တိုင်လည်း ဘာမှမတတ်နိုင်။

ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်နေသောပတ်ဝန်းကျင်တွင် သူဆက်၍နေနိုင်တော့မည်မဟုတ်ကြောင်းကို သူသိလာသည်။ ဒီနေ့တော့ဖြင့် သူကြောက်နေသော အလုပ်ကိုလုပ်ရပေတော့မည်။ ထိုအလုပ်သည် ဘေးကင်းမဲ့ချင်လည်း ကင်းမဲ့မည်။ သို့မဟုတ် မိမိ၏အသက်မွေးဝမ်းကျောင်းအလုပ်သည် ရာသက်ပန်ပျက်စီးချင်လည်း ပျက်စီးသွားလိမ့်မည်။ သို့မဟုတ် အဆိုးဆိုးအခြေအနေသို့လည်း ရောက်ချင်ရောက်သွားလိမ့်မည်။

သူသည် တွေးမိနေသမျှအရာအားလုံးကို မေ့ပစ်လိုက်ကာထိုင်ရာမှထရပ်သည်။ တံခါးဆီသို့လျှောက်အသွားတွင် ကျူးနစ်အကျီကြယ်သီးကိုတပ်သည်။ သို့သော်လည်း ကြယ်သီးတပ်မရတော့ဘဲ ကြမ်းပေါ်သို့ပြုတ်ကျသွားသည်။ သူသည် ကြယ်သီးကို ပြန်ကောက်ရန်စိတ်မကူးတော့။ အကယ်၍ကောက်ထားပါကလည်း ထိုကြယ်သီးကိုပြန်တပ်ရန် အပ်မရှိ။ အပ်ချည်မရှိ။

သူသည် အပြင်ဘက်နေရောင်အောက်ရောက်သည့်အခါ သူ့ရှေ့၌ မှောင်းစ် ခံတပ်မှစေလွှတ်လိုက်သည့် မြင်းလှည်းကြီးတစ်စီးရောက်နေသည်မှာ စိတ်ကူးယဉ်လိုက်မိသည်။ တကယ့်လက်တွေ့ကတော့ သူ့ရှေ့၌လှည်းတစ်စီးမှမရှိ။ ဤကဲ့သို့သောနေရာမျိုး၌ လှည်းတစ်စီးရောက်လာဖို့ဆိုသည်မှာ အိပ်မက်ပင်မက်နိုင်သည် မဟုတ်။

ဗိုလ်ကြီးကာဂျစ်လ်သည် တံခါးဝမှရပ်ကာ ပတ်ဝန်းကျင်ကိုတစ်ချက်မှော်ကြည့်သည်။ မကြာသေးခင်အချိန်က၊မြင်းခြံထဲတွင် မြင်းကောင်ရေဝါးဆယ်အထိရှိခဲ့၏။ နှစ်လခွဲခန့်ကာလအတွင်း မြင်းအားလုံးအခိုးခံခဲ့ရသည်။ ထပ်၍ဖြည့်ခဲ့ပြန်တော့လည်း ထပ်၍အခိုးခံရပြန်၏။ လာရောက်၍ခိုးနေသူများမှာ ကိုမင်ချီအင်ဒီးယန်းလူမျိုးစုများပေတည်း။

သူ့အကြည့်သည် ရိက္ခာဂိုဒေါင်ဆီသို့ရောက်သွားသည်။ ဆက်ဂျ်ဝစ်ခံတပ်ထဲတွင် အဆောက်အဦးကြီးကြီးမားမားဟူ၍ စခန်းနေအိမ်နှင့် ဤရိက္ခာဂိုဒေါင်သာရှိ၏။ ဤအဆောက်အဦးနှစ်ခုစလုံးကို သူနှင့်သူ့လူများတည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ မြက်ပါသောမြေလွှာနှင့်အိမ်ဆောက်နည်းကို မည်သူမှနားလည်ကြသည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ သိသလောက်နှင့်တည်ဆောက်ခဲ့ကြရခြင်းဖြစ်၍၊ ဆောက်လုပ်အပြီး သီတင်းနှစ်ပတ်မျှအကြာတွင် ဂိုဒေါင်ခေါင်မိုးသည် အလည်တည့်တည့်မှ ကွဲဝင်သွားခဲ့သည်၊ နံရံတစ်ဖက်မှာလည်း အောက်သို့အိကျသွားခဲ့၏။ တောင့်တောင့်မတ်မတ်ရပ် တည်နေနိုင်သည့် အနေအထားမရှိတော့ရုံမျှမက မကြာခင်ပြိုကျတော့မည် သေချာသလောက် ဖြစ်နေပြီ။

အခုအချိန်မှာတော့ ပြိုကျသွား၍လည်း အကြောင်းမဟုတ်တော့ဟု ဗိုလ်ကြီးကာဂျစ်လ်ကတွေးသည်။ အခုဆိုလျှင်ရိက္ခာဂိုဒေါင်ထဲ၌ ဘာမှမရှိ၊ ပစ္စည်းပြတ် သွားသည် တစ်လနီးပါးမျှရှိခဲ့ပြီ၊ သူတို့အနေဖြင့် မာကြောလှသော မုန့်ခြောက်များနှင့်၊ ပရေးရီမြက်ခင်းပြင်ပေါ်မှ ပစ်ခတ်၍ရသော သားကောင်များအပေါ် အမှီပြု၍အသက် ရှင်နေခဲ့ကြရ၏။

အများအားဖြင့် တောပစ်၍ရသောသားကောင်များမှာ ယုန်များနှင့်ရစ်ငှက်များသာဖြစ်သည်၊ သူ့အနေဖြင့်ကျွဲအုပ်တစ်အုပ်လောက် ပြန်ရောက်လာစေချင်သော ဆန္ဒသည်များစွာပြင်းပြခဲ့သည်။ အခုပင်လျှင် ကျွဲသားလေးတစ်တုံးတစ်ဖတ်လောက်စားလိုက်ချင်စိတ်ဝင်လာခဲ့သည်၊ သူသည်နှုတ်ခမ်းများကိုတအားကိုက်ကာ ရုတ်တရက်စီးလာသည့်မျက်လုံးအစုံမှ မျက်ရည်စများကိုအပြင်သို့ ထွက်ကျမလာအောင် ထိန်းချုပ်ထားလိုက်သည်။

တကယ်တော့အခု လောလောဆယ်ပင်စားစရာ ဘာမှမရှိ၊ သူသည်ခံတပ်တည်ရာကိုက်ငါးဆယ်ကျယ်ပြန့်သော ကုန်းမြင့်မြေပေါ်ဖြတ်၍ လျှောဲတ်ကာအစွန်းတစ်ဖက်တွင် သွားရပ်သည်၊ အောက်ဘက်ပေတစ်ရာအကွာမှ ခံတပ်မြေကိုပတ်၍စီးနေသော ချောင်းငယ်ဆီသို့ငုံ့ကြည့်သည်။ မိမိတို့လူစု၏ အညစ်အကြေးများစွန့်ပစ်ရာချောင်းစပ်တစ်နေရာရှိ အညစ်အကြေးများဆီမှ မကောင်းသောအနံ့အသက်များသည် သူ့နှာခေါင်းအားလာ၍ ကလိသည်၊ သူသည်နှာခေါင်းကို တစ်ချက်မျှရှုံ့လိုက်မိ၏။

သူ့မျက်လုံးများသည် ကုန်းစောင်းဆင်ခြေလျှောတစ်လျှောက်တွင် တူးထားသည့်ကတုတ်ကျင်းနှစ်ဆယ်အနက်ကျင်းတစ်ကျင်းထဲမှ ဘွားခနဲထွက်လာသော သူ့ရဲဘော်နှစ်ဦးဆီသို့ရောက်သွားသည်၊ နှစ်ဦးစလုံးမှာ ညစ်ပတ်ပေရေကာ စုတ်ပြတ်နေကြသည်၊ သူတို့သည် နေရောင်အောက်၌ ရပ်ကာသူ့အား မော့ကြည့်နေရာမှ ကျင်းထဲသို့ပြန်ဝင်သွားကြသည်။ သူသည် လွန်ခဲ့သောရှစ်ရက်က တပ်သားများ သူ့ထံရောက်လာပြီး အသနားခံခဲ့ကြသည့်ကိစ္စကို သတိရမိသည်၊ ထိုစဉ်က တပ်သားများက ပြင်ပသို့အဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး အကူအညီရလိုရငြား ရှာဖွေရန် မေတ္တာရပ်ခံခဲ့ကြခြင်းဖြစ်၏။ တကယ်တော့တပ်သားများ၏ဆန္ဒသည် ကျိုးကြောင်းခိုင်လုံရုံမျှမက လုပ်သင့်သော အလုပ်တစ်ခုလည်းဖြစ်၏၊ သို့သော်လည်း မိမိဘက်ကမလိုက် လျော့ခဲ့။ ဗိုလ်ကြီးကာဂျစ်လ်ကတော့ တပ်ရင်းမှမြင်းလှည်းကြီး တစ်စီးရောက်အလာ ကိုသာ မျှော်လင့်ရမည့်တာဝန်သည် သူ့တာဝန်ဟုလည်း ယခုအချိန်



ထိ အခိုင်အမာယူဆနေဆဲဖြစ်၏။

လွန်ခဲ့သောရှစ်ရက်မှစ၍ မည်သည့်တပ်သားကမှ သူ့အားစကားမပြောကြ၊ မပြောဟုဆိုရာ၌ သာမန်မပြောခြင်းမျိုးမဟုတ်၊ စကားလေးတစ်လုံးပင် မပြောကြခြင်းဖြစ်၏။ မွန်းလွဲပိုင်းအမဲလိုက်ထွက်ချိန်တွင် တာဝန်ကျသောတပ်သားများသည် ကတုတ်ကျင်းများထဲမှ ထွက်လာလေ့ရှိသော်လည်း ကျန်လူစုကတော့ လုံးဝထွက်မလာကြချေ၊ သူနှင့်လုံးဝအဆက်အသွယ်မလုပ်ကြဘဲ ကတုတ်ကျင်းများအတွင်း၌သာ အောင်းနေကြသည်။

ဗိုလ်ကြီးကာဂျစ်လ်သည် စခန်းရုံးဟုခေါ်နေရသော အိမ်ဘက်သို့ပြန်လျှောက်လာခဲ့သည်၊ သို့သော်လည်း လမ်းခုလတ်အရောက်တွင် စိတ်ကူးတစ်ခုဝင်လာသဖြင့် ရပ်လိုက်သည်၊ ပေါက်ပြဲနေပြီဖြစ်သော သူ့ဖိနပ်ဦးကို အတန်ကြာမျှငုံ့ကြည့်နေသည်၊ ထို့နောက် “အခုပဲလုပ်တာကောင်းမယ်” ဟုရေရွတ်ကာ နောက်သို့ပြန်လှည့်ပြီး စောစောကရပ်ခဲ့သော နေရာသို့သွားသည်။

သူသည်တပ်ကြပ်ဂတ်စ်အား သုံးကြိမ်တိတိအော်ခေါ်သည်။ မကြာမီ ကျင်းတစ်ကျင်းထဲမှ ကမ္ဗဍာန်းရုပ်ပေါက်နေသော ပိန်ခြောက်ခြောက် လူတစ်ယောက်ထွက်လာသည်၊ မကြည်မလင်မရွှင်မလန်းမျက်နှာဖြင့် အောက်မှနေ၍မော့ကြည့်နေသည်၊ တပ်ကြပ်သည်ချက်ခြင်းပင် ချောင်းတဟွပ်ဟွပ်ဆိုးလာသည်၊ ချောင်းဆိုးနေပုံမှာ အသက်ပင်ပါသွားလေမလားဟုထင်ရ၏။

“ငါးမိနစ်အတွင်း တပ်သားအားလုံး ငါ့ရုံးရှေ့မှာတန်းစီခိုင်း၊ အားလုံးနော်၊ တစ်ယောက်မှမကျန်စေနဲ့. နေမကောင်းတဲ့လူပါ. . ပါပစေ၊”

တပ်ကြပ်က ဖျတ်ခနဲအလေးပြုကာ ကတုတ်ကျင်းထဲပြန်ဝင်သွားသည်၊ နောက်မိနစ်နှစ်ဆယ်ခန့်အကြာတွင် ဆက်ဂျ်ဝစ်ခံတပ်မှ စစ်သားအားလုံးသည် ဗိုလ်ကြီးကာဂျစ်လ်၏ စခန်းရုံးအိမ်ရှေ့၌ တန်းစီနေကြသည်၊ လူသားအားလုံးမှာ စစ်သားနှင့်မတူ၊ အဆမတန်ညှင်းပန်းနှိပ်စက်ခံထားရသည့် စစ်သုံ့ပန်းများနှင့်တူနေသည်၊

လူအားလုံး ဆယ့်ရှစ်ယောက်ရှိသည်။ မူလကရှိခဲ့သည့် ငါးဆယ့်ရှစ်ယောက်ထဲမှ အကြွင်းအကျန်များဖြစ်၏။ တပ်သားသုံးဆယ့်သုံးယောက်သည် ဗိုလ်ကြီးကာဂျစ်လ်၏အမိန့်အရ ပရေးရီးမြက်ခင်းပြင်ကြီးများတည်ရာ တောင်ကုန်းဆီသို့ ကင်းထောက်ထွက်သွားခဲ့ကြရသည်၊ တစ်ယောက်မှပြန် မရောက်လာကြ၊ ထွက်ပြေးကုန်သလားဟူသော သံသယစိတ်ကြောင့် ဗိုလ်ကြီးကာဂျစ်လ်သည် နောက်ထပ်မြင်းတပ်သား ခုနှစ်ဦးကိုထောက်လှမ်းခိုင်းခဲ့သည်။ ထိုအုပ်စုမှာလည်း တစ်ယောက်မှ ပြန်ရောက်မလာ၊ သေကုန်သလား . . သို့မဟုတ် . . ထွက်ပြေးကုန်သလား. . . ။ အတိအကျမသိရ၊

လက်ရှိကျန်နေသည့် စစ်သားအားလုံးမှာ ဆယ့်ရှစ်ဦးမျှသာရှိ၏၊ ဗိုလ်ကြီးကာဂျစ်လ်သည် ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းဒဏ်ကို ပြင်းထန်စွာခံစားနေကြရသော သူ့ရဲဘော်များအား ကြည့်ကာချောင်းတစ်ချက်ရှင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုချိန်အထိ နေလာခဲ့တဲ့အတွက် မင်းတို့ကို ငါချီးကျူးပါတယ်. . ဂုဏ်လည်းယူတယ်"ဟု သူကပြောသည် ဖုတ်ကောင်များနှင့် တူနေသောစစ်သားများသည် ဘာမှပြန်မပြော။

"မင်းတို့လက်နက်တွေကို ယူခဲ့ကြရမယ်၊ တခြား မင်းတို့လိုချင်တာရှိရင်လည်းယူခဲ့ကြ၊ အားလုံးအဆင်သင့်ဖြစ်ရင် တို့အားလုံးပေးစ်ခံတပ်ကို ပြန်ကြမယ်"

လူဆယ့်ရှစ်ယောက်သည် သူတို့တပ်မှူး၏ စကားအဆုံးမသတ်မီမှာပင် လှုပ်ရှားလာကြသည်။ ကျန်ရှိနေသေးသမျှ အင်အားများကိုထုတ်၍ သူတို့ကတုတ်ကျင်းများဆီသို့ ခပ်သုတ်သုတ်ပြန်ကြသည်။ သူတို့ဗိုလ်ကြီးစိတ်မပြောင်းမီ အမြန်ဆုံးလှုပ်မှဖြစ်မည်ဟုယူဆနေကြသည့်ပုံစံမျိုးဖြစ်သည်။

နောက်ဆယ့်ငါးမိနစ်မျှမကြာမီအားလုံး အဆင်သင့်ဖြစ်နေကြသည်၊ ဗိုလ်ကြီးကာဂျစ်လ်နှင့် သူ၏ကမ္ဘဌာန်းရုပ်ပေါက်နေသောလူများသည် ပရေးရီးမြက်ခင်းပြင်ပေါ်၌ လျင်မြန်စွာလျှောက်သွားနေကြသည်၊ ဤနေရာမှ အရှေ့စူးစူးမိုင် ၁၅၁အကွာရှိ ပေးစ်ခံတပ်ဆီသို့ရည်မှန်းကာ ချီတက်သွားနေ ကြခြင်းဖြစ်၏။

အရှုံးနှင့်ရင်ဆိုင်သွားခဲ့ရသော စစ်တပ်တစ်တပ်စခန်းချသွားခဲ့သည့်နေရာသည် တိတ်ဆိတ်ခြောက်သွေ့ကာ ကျန်ရစ်ခဲ့သည်။ နောက်ငါးမိနစ်အတွင်း ဆက်ဂျိဝစ်ခံတပ်အနီးရှိ ချောင်းငယ်၏ကမ်းပါးတစ်ဖက်တွင် ဝံပုလွေတစ်ကောင်ပေါက်လာသည်။ သူ့ဆီသို့လေနှင့်အတူပါလာနေသော အနံ့များကိုရုပ်၍ရှူနေသည်၊ သုသာန်တစ်စပြင်လိုဖြစ်သွားသော ဤနေရာတွင် သူနေ၍မဖြစ်ဟုဆုံးဖြတ်ချက်ချကာ ရှေ့ခရီး ကိုဆက်သွားသည်။

ဤသို့ဖြင့် လူသူနှင့်အလွန်အလှမ်းဝေးလှသော ကင်းစခန်းသည်တပ်၏ စွန့်ပစ်သွားခြင်းကိုခံလိုက်ရသည်။ နယ်စပ်ဒေသ၏ အလွန်နက်ရှိုင်းသောဒေသတွင်းသို့ ယဉ်ကျေးမှုသွတ်သွင်းရန်ဟူသော ရည်မှန်းချက်ဖြင့်ရောက်လာသည့် ရှေ့ပြေးတပ်ဦးသည် နောက်သို့ပြန်လည်ဆုတ်ခွါခဲ့ရလေပြီ။

မည်သို့ပင်ဖြစ်စေ နောင်တစ်ချိန်တွင် ဤနေရာသို့ နောက်ထပ်တပ်များရောက်လာလိမ့်ဦးမည်မှာမလွဲပေ။ သို့တစေလည်း ယခုလောလောဆယ်တွင်မူ ဆက်ဂျိဝစ်ခံတပ်၏ သမိုင်းအစသည် ကောင်းလှသည်ဟုမဆိုသာပေ၊ အနှောင့်အယှက်အဟန့်အတားများက ကြီးမားလွန်းသဖြင့် ခံတပ်၏အခန်းသည် တစ်ခဏမျှတော့ ရပ်ဆိုင်းသွားခဲ့ရပြီဖြစ်၏။

❒

နေ၏အလင်းရောင်သည် ဗိုလ်ဒမ်ဘာအဖို့ ဝမ်းသာကြည်နူးစရာကောင်းလှ၏၊ သူသည် ဆက်ဂျိဝစ်ခံတပ်အကြောင်းကို မတွေးဘဲမနေနိုင်၊ မျက်လုံးနှစ်လုံးပွင့်လာသည်နှင့်တစ်ပြိုင်နက် ထိုခံတပ်ဆီကိုသာစိတ်ကရောက်သွားသည်။

သူသည်ထိုခံတပ်မှ တပ်ခွဲမှူးဗိုလ်ကြီးကာဂျစ်လ်နှင့် တပ်သားများအကြောင်းကိုလည်း မစဉ်းစားဘဲမနေနိုင်၊ ထိုခံတပ်၏တစ်နေရာကိုလည်းကောင်း၊ ထိုခံတပ်သို့ရောက်စက ပထမဆုံးစေလွှတ်မည့်ကင်းတပ်သားများအကြောင်းကိုလည်းကောင်း မရေတွေးဘဲမနေနိုင်။



ယနေ့ဆိုလျှင် သူတာဝန်ကျရာကင်းတပ်သို့ရောက်ရပေတော့မည်၊ လွန်လေခဲ့ပြီးသော နှစ်ပေါင်းများစွာကတည်းက နယ်စပ်ဒေသ၌ တာဝန်ကျလိုသည့်စိတ်ဓာတ်ယဉ်အိမ်မက်သည် အကောင်အထည်ပေါ်ပေတော့မည်။

သူသည် အိပ်နေရာမှလူးလဲထကာ သူအိပ်ရာကို ကပျာကရာသိမ်းသည်၊ မနက်ခင်းအလင်းရောင်ဝင်စဖြစ်၍ အအေးဓာတ်ကမပြယ်သေး၊ သူသည်တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက်ရှိ၏။ သူသည်ရှုးဖိနပ်ကိုစီးနေရာမှ စိတ်မရှည်သည့်ခက်နှာထားဖြင့်လှည့်ကြည့်သည်။

"တင်မွန်"

"ဘာလဲ. . . ဘာဖြစ်လို့လဲ"ဟု တင်မွန်ကရေရွတ်ကာ အလန့်တကြားထထိုင်သည်။

"ထတော့လေဗျာ. . . ကျွန်တော်တို့သွားကြစို့"

❒

ဗိုလ်ကြီးကာဂျစ်လ်၏တပ်ခွဲသည် မွန်းတိမ်းစအချိန်ခန့်တွင် ဆယ်မိုင်နီးပါးမျှခရီးပေါက်ခဲ့သည်။ တပ်သားများစိတ်ဓာတ်အင်အားမှာလည်း အထိုက်အလျောက်တိုးတက်လာခဲ့၏။ တပ်သားများသည် ပရေးရီမြက်ခင်းများကြားမှ ဖြတ်သွားနေစဉ်အတွင်း စစ်သီချင်းများကို တဟုန်ထိုးဆိုလာကြသည်၊ သူတပ်သားများ၏သီချင်းသံသည် ဗိုလ်ကြီးကာဂျစ်လ်၏ စိတ်ဓာတ်ကိုပါ တက်ကြွစေခဲ့၏။

အခုလိုကျပြန်တော့လည်း သူ့စိတ်သည်ရဲဝံ့ပြတ်သားလာသည်။ တိုက်ပွဲဖြစ်လာလျှင် ရှေ့ဆုံးမှအသေခံ၍တက်မည်ဟူသော စိတ်ပင်လျှင်ပြန်ဝင်လာသည်။ သူသည်နောက်ဆုံးလက်ကျန်ဖြစ်သော စီးကရက်ကိုဖွာရင်းက ပြုံးနေမိသည်၊ သူ့ဆုံးဖြတ်ချက်သည်မှန်နေပြီး၊ ထိုဆုံးဖြတ်ချက်ကို ဘယ်သူကမှလာ၍ ဖျက်နိုင်လိမ့်မည်မဟုတ်။

မြက်ခင်းပြင်ကွင်းပြင်ကြီးထဲမှ ဖြတ်သွားနေခိုက်တွင် ဤတပ်ခွဲ၏တပ်ခွဲမှူးဖြစ်ရသည့်အတွက် ဂုဏ်ယူလိုစိတ်သည် သူရင်ထဲ၌ဖြစ်ပေါ်လျက်ရှိ၏။ ယခုလိုအချိန်တွင် သူတပ်ခွဲ၏ဘေးတစ်ဖက်တစ်ချက်မှ အရဲတပ်ဖွဲ့များသာရှိနေလျှင် မည်မျှကောင်းပါမည်နည်းဟု သူမတွေးမိဘဲမနေနိုင်၊ အကယ်၍သာ သူတပ်ခွဲ၏ ဝဲယာ၌ အရံတပ်များချထားနိုင်ခဲ့ပါမူ သူအနေဖြင့်ထိုတပ်များအား မြောက်ဘက်နှင့် တောင်ဘက်သို့ ချီတက်ခိုင်းမည်ဟု သူစိတ်ကူးယဉ်လာသည်။

သူသည်စိတ်ကူးယဉ်နေရာမှ တောင်ဘက်သို့တစ်ချက်မျှမျှော်ကြည့်မိသည်၊ ထို့နောက်တော့ သူသည်အကြည့်ကို အခြားတစ်ဖက်သို့လွှဲလိုက်သည်၊ ထိုစဉ်

www.burmeseclassic.com

www.burmeseclassic.com



က သူ စောစောကစဉ်းစားမိသလိုသာ တောင်ဘက်သို့တစ်တပ်ကို တစ်မိုင်ခန့်အကွာထိ စေလွှတ်နိုင်မည်ဆိုပါမူ တစ်စုံတစ်ခုနှင့်ထိပ်တိုက်ဆုံမိကြဖို့ရှိ၏။

သူတို့အနေဖြင့် တွေ့ရမည့်အရာမှာ အခြားမဟုတ်၊ လမ်းဘေးတစ်နေရာ၌ရပ်ထားသော မြင်းလှည်းကြီးတစ်စီးနှင့်ခရီးသည်နှစ်ဦးဖြစ်သည်၊ ခရီးသည်နှစ်ဦးသည် တောင်ကြားတစ်ခုအတွင်း၌ မီးလောင်ပြီးပျက်စီးနေသော လှည်းကြီးတစ်စီးကို ဆင်းကြည့်နေကြသည်။ ခရီးသည်တစ်ဦးမှာ ရွှံ့စရာအနံ့များ ထောင်းထောင်းထနေသောလူတစ်ဦးဖြစ်၍ နောက်တစ်ဦးမှာ ယူနီဖေါင်းဝတ်စုံဝတ်ထားသည့် လူချောလူလု လူရွယ်တစ်ဦးဖြစ်သည်။

သို့သော်လည်း တပ်ခွဲတွင်ဘေးမှရံထားသည့်တပ်ဟူ၍ တစ်တပ်မှမရှိသဖြင့် ကျန်ခရီးသည်များနှင့်မတွေ့ရတော့ပေ။

ဗိုလ်ကြီးကာဂျစ်လ်၏တပ်ခွဲက သူတို့၏မူလဆုံးဖြတ်ချက်အတိုင်း ဟေးစ်ခံတပ်တည်ရှိရာအရှေ့စူးစူးသို့ ချီတက်သွားလျက်ရှိသည်။

ထိုအချိန်တွင် ခရီးသည်နှစ်ဦးသည် သူတို့၏လှည်းပေါ်သို့ပြန်တက်ကာ ဆက်ဂျ်ဝစ်ခံတပ်တည်ရှိရာ အနောက်စူးစူးသို့ဆက်လက်ထွက်ခွာသွားကြပြန်လေပြီ။

□□□

## [၂]

ဒုတိယနေ့တွင် ဗိုလ်ကြီးကာဂျစ်လ်၏လူများသည် ကျွဲတောင်ရေတစ်ဒါဇင်ခန့်ရှိသောကျွဲအုပ်တစ်အုပ်နှင့်တွေ့သည်။ သူတို့လူစုသည် ထိုကျွဲအုပ်ထဲမှ ဆူဆူဖြိုးဖြိုးကျွဲမတစ်ကောင်ကို ပစ်ခတ်ရရှိခဲ့သဖြင့် အင်ဒီးယန်းများကဲ့သို့ အသားများကို ကျကျနနမီးကင်ပြီး စားသောက်ပွဲကြီးပြုလုပ်ကြသည်။ သူ့လူများက အနူးညံ့ဆုံးအပိုင်းဖြစ်သည့် ကျွဲမ၏ဘိုတစ်ခြမ်းကို သူတို့ဗိုလ်ကြီးအတွက် မီးကင်ပြီးကျွေးကြသည်။

တပ်ခွဲ၏ကံသည် ဆက်၍ကောင်းသည်ဟုဆိုရမည်ဖြစ်၏။ လေးရက်မြောက်နေ့မွန်းတည့်ချိန်တွင် နယ်မြေဒေသလှည့်လာရေးတပ်နှင့် ဆုံမိသည်။ ထိုတပ်မှဘပ်ရင်းမှူးဖြစ်သူဗိုလ်မှူးသည် ကာဂျစ်လ်၏လူများကိုမြင်ယုံဖြင့် သူတို့ခံစားရသည့်ဒုက္ခကို ခန့်မှန်းပြီးသိနားလည်ကာ ကရုဏာသက်ခဲ့သည်။

ဗိုလ်မှူးသည် ကာဂျစ်လ်တို့အား မြင်းခြောက်ကောင်နှင့်နာမကျန်းသူများအတွက် လှည်းကြီးတစ်စီးကိုခေတ္တပေးလိုက်သည်။ ဤသို့ဖြင့် ကာဂျစ်လ်၏တပ်သည် နောက်လေးရက်အကြာတွင် ဟေးစ်ခံတပ်သို့ ချောမောစွာဆိုက်ရောက်သွားခဲ့သည်။

□

ဗိုလ်ကြီးကာဂျစ်လ်၏လုပ်ရပ်သည် ကံမကောင်းအကြောင်းမလှ၍က အခရေးယူ[illegible]ရှိသည်။ သို့သော်လည်း ယခုဆက်ဂျ်ဝစ်ခံတပ်ကိုစွန့်ပစ်ထားပြီး ထွက်

www.burmeseclassic.com



လာသည်အတွက် သူ့အားတစ်စုံတစ်ရာအရေးယူခြင်း ဖမ်းဆီးခြင်းမပြု။

လွန်ခဲ့သော ရက်အနည်းငယ်ခန့်က သူ့အားတပ်ခွဲမှူးရာထူးမှ ဖယ်ရှားရန် အထိကြံစည်ခဲ့ကြသော တပ်သားများသည် ယခုအခါတွင် သူ့ဘက်မှရပ်တည်ခဲ့ကြသည်။ သူတို့၏အဖြစ်သနစ်များကိုပြောကြကာ ဗိုလ်ကြီးကာဂျစ်လ်အား သူတို့၏ ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ် ဂုဏ်တင်၍ပြောဆိုကြသည်။ ဗိုလ်ကြီး ကာဂျစ်လ်၏ မျက်မှောက်တွင်မဟုတ်ဘဲ တစ်ဦးချင်းစီခေါ်၍စစ်ဆေးခဲ့ခြင်းဖြစ်ရာ သူတို့၏ပြောဆိုမှုများသည် စစ်ဆေးသူအရာရှိအဖို့ ကျေနပ်စရာရှိသည်။

နယ်မြေအတွင်း၌ အမှိုက်ပြုစရာအခြေအနေကလည်းမရှိ၊ အနီးအနားပတ်ဝန်းကျင်တွင်လည်း အားကိုးအားထားပြုစရာဘာတစ်ခုမှမရှိ၊ နောက်ပိုင်းမှကူညီထောက်ပံ့မှုရဖို့ကလည်းမလွယ်၊ အလွန်ခေါင်သောဒေသအတွင်းမှ နယ်ခြားတပ်တစ်တပ်အနေဖြင့် စိတ်ဓာတ်ပျက်ပြားကာ ထင်ရာမြင်ရာတွေဖြစ်လာနိုင်၏။ သို့သော်လည်း ယင်းအဖြစ်သို့မရောက်အောင် ထိန်းသိမ်းပြီးနေခဲ့ခြင်းသည် ချီးကျူးစရာတစ်ခုလိုဖြစ် နေသည်။

ဤသို့ဖြင့် တာဝန်ခံအရာရှိများသည် ချက်ခြင်းပင်အရေးယူဆောင်ရွက်မှုနှစ်ခုကိုပြုလုပ်ခဲ့သည်။ ပထမတစ်ခုမှာ ပေးစ်ခံတပ်မှတပ်မှူးသည် စိန့်လူးဝစ္စမြို့ရှိ နယ်မြေစစ်ဌာနချုပ်မှ ဗိုလ်ချုပ်တိုက်ထံသို့ အစီရင်ခံစာတစ်စောင်ပေးပို့ခြင်းဖြစ်သည်။ ထိုအစီရင်ခံစာတွင် ဗိုလ်ကြီးကာဂျစ်လ်တို့ ရင်ဆိုင်ခဲ့ရသည့်ဖြစ်ရပ်ဇာတ်ကြောင်းကို အသေးစိတ်ဖော်ပြပြီး၊ ဆက်ဂျ၀စ်ခံတပ်ကို လုံးဝဖျက်သိမ်းပစ်သင့်ကြောင်း ထောက်ခံအကြံပြုခဲ့သည်။

ဗိုလ်ချုပ်တိုက်ကလည်း ထိုအကြံပြုချက်ကို ချက်ခြင်းလက်ခံကာ၊ ဆက်ဂျ၀စ်ခံတပ်အား အမေရိကန်ပြည်ထောင်စုအစိုးရစစ်တပ်၏ ခံတပ်များစာရင်းမှ ထုတ်ပယ်ခဲ့သည်။ ထိုအချိန်မှစ၍ ဆက်ဂျ၀စ်ခံတပ်ဆိုသည်မှာ မရှိတော့။

ဒုတိယအရေးယူဆောင်ရွက်ချက်မှာ ဗိုလ်ကြီးကာဂျစ်လ်နှင့်ပတ်သက်သည်။ အများ၏အမြင်တွင် သူသည် သူရဲကောင်းတစ်ဦးဖြစ်နေသဖြင့် "သူရဲဘွဲ့တံဆိပ်"ချီးမြှင့်ခံခဲ့ရပြီး၊ "ဗိုလ်မှူး"ရာထူးကိုတိုးပေးခဲ့သည်။ ထို့နောက် "အောင်ပွဲအထိမ်းအမှတ်ညစာစားပွဲ"ကို ခံတပ်တွင်းရှိအရာရှိရိပ်သာ၌ ကျင်းပခဲ့ကြလေသည်။

ဤညစာစားပွဲတွင် အရာရှိပေါင်းစုံဆုံမိကြသည်။ ထို့ကြောင့် စားသောက်အပြီးတွင် အရက်များကိုအဆမတန်သောက်သည့် "သောက်ပွဲကြီးတစ်ပွဲ"ပေါ်ပေါက်လာသည်။ ထိုပွဲတွင် ဗိုလ်ကြီးကာဂျစ်လ်သည် မိတ်ဆွေအရာရှိတစ်ဦးထံမှ ထူးဆန်းသောဇာတ်လမ်းတစ်ပုဒ်ကိုကြားရသည်။

စစ်တပ်ကို အလယ်ခေတ်ကပုံစံမျိုးဖြင့် နိုင်ထက်စီးနင်းအုပ်ချုပ်တတ်သော၊ အသိပညာဗဟုသုတအလွန်နည်းသော အသက်ကြီးကြီးခေါင်းမာမာဗိုလ်မှူးဖမ်ဘရောဆိုသူသည် လွန်ခဲ့သောရက်အနည်းငယ်ကပင် လူငယ်အရာရှိတစ်ဦးအား အရှေ့ဘက်ဒေသရှိ ဆက်ဂျ၀စ်ခံတပ်သို့ တာဝန်ချထားစေလွှတ်လိုက်သည်။ ထိုလူ



ငယ်အရာရှိနှင့်အတူ ရိက္ခာပစ္စည်းများအပြည့်တင်ထားသည့် ကုန်တင်လှည်းကြီးတစ်စီးကိုပါစေလွှတ်ခဲ့သည်။ သို့ဆိုလျှင် မိမိတို့ကအပြန်၊ ထိုလှည်းကြီးကအသွား လမ်းခွင်မဆုံမိဘဲ လွဲသွားခြင်းဖြစ်လိမ့်မည်ဟု ဗိုလ်ကြီးကာဂျစ်လ်ကတွေးမိ၏။

အလွန်ခေါင်သောနယ်မြေအတွင်းသို့ ဝင်သွားခဲ့ရသောထိုလှည်းနှင့် ထိုလူများ၏ကံကြမ္မာသည် မည်ကဲ့သို့ရှိကြလေမည်နည်း. . .။ ပထမတော့ သူနှင့်သူ့မိတ်ဆွေသည် ဗိုလ်မှူးဖမ်ဘရော၏လုပ်ပုံကိုင်ပုံကို အံ့ဩကာ ရယ်စရာတစ်ခုသဖွယ်သဘောထားပြီး ရယ်မောမိခဲ့ကြ၏။ အကယ်၍ လှည်းသမားသည် လူလည်တစ်ဦးဖြစ်ပါက သူ့လှည်းကိုအရှေ့ဘက်မမောင်းဘဲ အနောက်စူးစူးသို့ မောင်းကာ လှည်းပေါ်၌ပါလာသည့်ကုန်ပစ္စည်းများကို လမ်းတစ်လျှောက်ရှိ ကုန်စုံဆိုင်များသို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ရောင်းချသွားလိမ့်မည်ဟုပင် ပြောမိခဲ့ကြသေးသည်။

ထိုညက မူးမူးရူးရူးဖြင့်သူ့အိပ်ခန်းသို့ပြန်ရောက်လာခဲ့သော ဗိုလ်ကြီးကာဂျစ်လ်သည် ခေါင်းအုံးပေါ်ခေါင်းချမိသည့်အခါ ဆက်ဂျ၀စ်ခံတပ်အကြောင်းကိုတွေးမိပြန်သည်။ သို့သော်လည်း သူတွေးမိသည်မှာ အတိတ်ကအမှတ်တရဖြစ်သောက်သည့်အရာတစ်ခုအဖြစ်သာ တွေးမိခဲ့ခြင်းဖြစ်၏။

ဤသို့ဖြင့် ဗိုလ်ဒမ်ဘာတစ်ယောက် "ဘယ်ကိုရောက်သွားသည်၊ အသက်ရှင်လျက်ပင်ရှိနေသေးသည်"ဟူသော အချက်များကိုသိသူမှာ တစ်ဦးတည်းသာရှိတော့၏။

ထိုသူမှာလည်း မည်သည့်နေရာမှအရာမရောက်သည့် တင်မွန်ဟုခေါ်သော အရပ်သားတစ်ဦးမျှသာဖြစ်လေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## ၂

ခံတပ်တစ်ခုလုံးတွင်လှုပ်ရှားမှုဟူ၍ တစ်ခုတည်းသာလျှင်ရှိသည်။ ယင်းမှာ ရိက္ခာတဲအပေါက်ဝမှ စုတ်ပြတ်နေသောရွက်ထည်စဖြစ်သည်။ တံခါးဝ၌တပ်ထားသော ရွက်ထည်စသည် လေတိုက်တိုင်း တဖျတ်ဖျတ်ခါယမ်း လျက်ရှိ၏။ ယခင်က ဗိုလ်ကြီးကာဂျစ်လ်နေထိုင်သွားခဲ့သော အိမ်ရှေ့နံရံထက်မှ စာတမ်းသာမရှိလျှင် ဗိုလ်ဒမ်ဘာအနေဖြင့် ဤနေရာသည်သူတာဝန်ကျသောနေရာမှ ဟုတ်ပါလေစဟု သံသယဝင်မိမည်ဖြစ်သည်။ ယခုသော်မူ "ဆက်ဂျ်ဝစ်ခံတပ်"ဟူသောစာတမ်းကို အထင်အရှားမြင်နေရသဖြင့် ယုံကြည်စိတ်ချရတော့မည်ဖြစ်၏။

လူနှစ်ယောက်သည် လှည်းပေါ်မှရုတ်တရက်မဆင်းသေးပဲ ခံတပ်တစ်ခုလုံးကိုကြည့်ကာ တွေဝေငေးမောနေကြသည်။ နောက်ဆုံးတွင် ဗိုလ်ဒမ်ဘာသည် လှည်းပေါ်မှခုန်ဆင်းလိုက်ပြီး ဗိုလ်ကြီးကာဂျစ်လ်နေထိုင်ခဲ့သောအိမ်ထဲသို့ဝင်သည်။ ခဏ္တန့်အနည်းငယ်မျှအကြာတွင် သူသည်အိမ်ထဲမှပြန်ထွက်လာပြီး လှည်းပေါ်၌ထိုင်မြဲတိုင်းထိုင်နေသော တင်မွန်အားလှမ်းကြည့်သည်။

"ဘယ်သူမှမရှိဘူးလား"ဟု တင်မွန်ကလှမ်းအော်မေးသည်။

ဗိုလ်ဒမ်ဘာသည် တင်မွန်၏မေးခွန်းကိုပြန်မဖြေဘဲ ရိက္ခာတဲဘက်သို့ လျှောက်သွားပြီး ရွက်ထည်စကိုဆွဲဖယ်ကာ အထဲသို့ငုံ့ကြည့်သည်။ အထဲတွင်ဘာ ပစ္စည်းမှမရှိ။

တင်မွန်က သူ့အားငုံ့ကြည့်ပြီး ခေါင်းတခါခါလုပ်နေသည်။



"ကဲ. . . ပစ္စည်းတွေချကြရအောင်"ဟု ဗိုလ်ဒမ်ဘာကပြောသည်။

"ဘာလုပ်ဖို့လဲ"

"ကျွန်တော်တို့ခံတပ်ကိုရောက်ပြီလေ"

တင်မွန်က ပတ်ဝန်းကျင်ကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး "လူလည်းတစ်ယောက်မှမရှိဘူး"ဟု ရေရွတ်သည်။

ဗိုလ်ဒမ်ဘာကလည်း သူတာဝန်ကျသည့်ခံတပ်ကို နောက်တစ်ကြိမ်ကြည့်နေသည်။ "အခုလောလောဆယ်တော့မရှိဘူးပေါ့"ဟု ပြန်ပြောသည်။

နှစ်ယောက်စလုံးနှုတ်ဆိတ်နေကြသည်။ ဘာဆက်၍ပြောရမှန်းမသိ။ တင်မွန်သည် သူ့မြင်းဇက်ကြိုးများကို ဆတ်ခနဲဆွဲလိုက်ပြီး ဘေးတစ်ဖက်သို့ငုံ့၍ တံတွေးတစ်ချက်ထွေးလိုက်သည်။

"အားလုံးထွက်ပြေးကုန်ကြသလား. . . ဒါမှမဟုတ် အားလုံးသေကုန်ကြသလား၊ တစ်ခုခုပဲဖြစ်မယ်"ဟု တင်မွန်ကပြောပြီး ဗိုလ်ဒမ်ဘာအားလှမ်းကြည့်သည်။ ကျုပ်တို့လာလမ်းအတိုင်းလှည့်ပြန်ကြကာ အကောင်းဆုံးဖြစ်မယ်လို့ထင်တယ်"ဟု ထပ်ပြောသည်။

သို့သော်လည်း ဗိုလ်ဒမ်ဘာကတော့ပြန်ဖို့ စိတ်မကူး၊ ဆက်ဂျ်ဝစ်ခံတပ် တစ်ခုလုံးဘာတွေဖြစ်ကုန်သလဲ၊ ထိုအချက်သည် သူရှာဖွေရမည့်အချက်တစ်ချက်ဟု သူယူဆသည်။ တင်မွန်ပြောသလို အားလုံးထွက်ပြေးကုန်သလား၊ သို့မဟုတ် တစ်ယောက်မကျန် အသတ်ခံကြရပြီလား။ အားလုံးတော့သေမည်မထင်။ အသက်ရှင်သူ အနည်းငယ် ကျန်ကောင်းကျန်မည်။ ထိုလူစုသည် ခံတပ်ကိုပြန်ရောက်ချင်ရောက် လာနိုင်သည်။

သူဤခံတပ်၌နေခဲ့တော့မည်ဟု ဆုံးဖြတ်ခြင်းသည်တာဝန်သိမှုတစ်ခုတည်းကြောင့်မဟုတ် သူတွင်ထိုထက်ပို၍နက်ရှိုင်းသော အကြောင်းတစ်ခုရှိသည်။ လူတစ်ယောက်တွင် သူရယူလိုသောအရာတစ်ခုရှိလာလျှင် ထိုအရာအတွက်ပေးရမည့်တန်ဖိုးကို ဂရုမစိုက်သည်မှာသဘာဝပင်ဖြစ်သည်။ သူသည်နယ်ခြားဒေသတစ်ခု၌ နေထိုင်လိုသောဆန္ဒပြင်းပြခဲ့သူဖြစ်၏။ အခုသူနေလိုသောနေရာသို့ ရောက်နေပြီ၊ သို့ဆိုလျှင် ဆက်ဂျ်ဝစ်ခံတပ်၏ လက်ရှိအခြေအနေကိုအချိန်ကုန်ခံပြီး စဉ်းစားနေစရာမလို။ သူစိတ်သူ့အခိုင်အမာဆုံးဖြတ်ပြီးနေပြီး နောက်ထပ်စဉ်းစားနေရာမလိုတော့။

သူသည် တင်မွန်အားစိုက်ကြည့်နေသည်။ "ဒီနေရာဟာ ကျွန်တော့်ရဲ့ခံတပ်၊ လှည်းပေါ်ကရိက္ခာတွေဟာ ဒီခံတပ်ကပိုင်တဲ့ပစ္စည်းတွေ"ဟုပြောသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲကြည့်နေကြသည်။ တင်မွန်၏မျက်နှာတွင် အပြုံးရိပ်သန်းလာသည်။ သူသည် ဟက်ဟက်ပက်ပက်ရယ်သည်။

"မင်းရူးနေသလားသူငယ်ရယ်"ဟု တင်မွန်ကပြောသည်။ သူ့လေသံမှာ

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်အပေါ် စိတ်ကုန်နေသည့် ဖခင်တစ်ယောက်၏ လေသံမျိုးဖြစ်သည်။ တင်မွန်အနေဖြင့် ဤစကားကိုပြောခြင်းမှာ အဓိပ္ပာယ်ရှိသည်။ သူ့မျက်စိထဲတွင် ဗိုလ်ဒမ်ဘာသည် သူငယ်နှပ်စားအရွယ်ဖြစ်သည်။ တိုက်ပွဲတစ်ပွဲမှတိုက်ဖူးသူဟုမထင်။ ပြီးတော့ အနောက်ပိုင်းဒေသကိုရောက်ဖူးသူမဟုတ်၍ ဤဒေသအ ကြောင်းကို သိသူမဟုတ်။ ဤအမြင်ဖြင့် ဤစကားကို သူပြောခြင်းဖြစ်၏။

သို့သော်လည်း သူ့အမြင်သူ့အယူအဆများသည် မှားသည်။ ဗိုလ်ဒမ်ဘာသည် သူငယ်နှပ်စားတစ်ယောက်မဟုတ်။ သူသည်သိမ်မွေ့သော်လည်း တာဝန်သိသူဖြစ်သည်။ သဘောလည်းအလွန်ကောင်းသည်။ သို့သော်လည်း သူငယ်နှပ်စားတစ်ယောက်တော့မဟုတ်။

သူသည် သူ့ဘဝတစ်လျှောက်လုံး တိုက်ပွဲပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ဖူး သူဖြစ်သည်။ တိုက်ပွဲဖြစ်လာလျှင်လည်း သူသည်အောင်မြင်မှုရသည်ကများ၏။ ဘာကြောင့်နည်း။ သူသည်ထူးခြားသော အရည်အသွေးကပါလာသောအာရုံတစ်ခု ရှိသည်။ ထိုအာရုံသည် ဆဋ္ဌမအာရုံဟုခေါ်နေကြသည့် ဉာဏ်မျိုးဖြစ်၏။

ဘယ်အချိန်ဘယ်ကာလတွင် ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်း ဆက်ဆံရမည်ကို သိသည်။ ဘယ်လိုအခြေအနေတွင် သာယာချေငံစွာဆက်ဆံရမည်ကိုလည်း သူနား လည်သည်။ သူ၏တင်းမာခက်ထန်သော အကြည့်ကြောင့် တင်မွန်၏မျက်နှာပေါ် အပြုံးရိပ်သည် ပျောက်ကွယ်သွားသည်။

နောက်ထပ်ခဏမျှအကြာတွင် ဗိုလ်ဒမ်ဘာ၏ညာဘက်လက်သည် အ ပေါ်သို့မြှောက်လာသည်။ သူ့လက်ထဲမှ ခြောက်လုံးပြူးသေနတ်ပြောင်းသည် တင်မွ ဆီသို့ တည့်တည့်မတ်မတ်ချိန်ထားသည်။

"လှည်းပေါ်က အခုချက်ခြင်းဆင်း။ ပစ္စည်းတွေချမယ်။ ကျုပ်ကိုကူချပေ

ဗိုလ်ဒမ်ဘာ၏ တင်းမာသောလေသံသည် ထိရောက်သည်။ သူခိုင်းသ အတိုင်းမလုပ်လျှင် မိမိသေရလိမ့်မည်ကို တင်မွန်နားလည်သည်။ သူသည်စကားတ ခွန်းမှ ပြန်မပြောတော့ဘဲ၊ မြင်းဇက်ကြိုးကိုဘရိတ်တိုင်တွင် ချည်ကာလှည်းပေါ် ခုန် ဆင်းသည်။ လှည်းနောက်မြီးတံခါးကိုဖွင့်ကာ အထဲမှပစ္စည်းများကိုချသည်။

သူတို့နှစ်ယောက်သည် ပစ္စည်းများကိုခေါင်မိုးနိမ့်ဆင်းနေသည့် ရိက္ခာ အတွင်းသို့ပို့ကြသည်။ ပစ္စည်းအချို့ကိုမူ ဗိုလ်ကြီးကာဂျစ်လ်နေသွားခဲ့သော အိမ် တွင်စုပုံထားကြသည်။

□□□

[၄]

လထွက်ချိန်နှင့်ကိုက်အောင် ပြန်မှဖြစ်မည်ဟုပြောကာ တင်မွန်သည် ခံတပ်အတွင်းမှ နေဝင်ဆည်းဆာအချိန်တွင် ထွက်ခွာသွားသည်။

ဗိုလ်ဒမ်ဘာသည် မြေပြင်၌ထိုင်၍ ဆေးလိပ်တစ်လိပ်ကိုဖွာရင်း လှည်း ဆင်စီးလုံး သူ့မျက်စိအောက်မှ ပျောက်သွားသည့်အထိစောင့်ကြည့်နေသည်။ သူ့မြင် ကွင်းထဲမှလှည်းပျောက်သွားချိန်တွင် နေသည်အနောက်ဘက်မိုးကုပ်စက်ဝိုင်း အောက်သို့ စုံးစုံးမြုပ်သွားခဲ့လေပြီ။

ငြိမ်ဆိတ်မှုအပေါ်၌ သာယာနေသောဗိုလ်ဒမ်ဘာသည် ငြိမ်ဆိတ်မှုကို ခေါင်းတနှီးအဖော်ပြုကာ အမှောင်ထုအတွင်း၌ အချိန်အတော်ကြာကြာမျှထိုင်နေ သည်၊ တစ်နာရီကျော်ကျော်ခန့်ကြာသွားသည့်အခါတွင်မူ သူတစ်ကိုယ်လုံးတောင့် တင်းလာသည်။ ထိုအခါကျမှပင် သူသည်ထိုင်နေရာမှထကာ ဗိုလ်ကြီးကာဂျစ်လ်နေ ထိုင်ခဲ့သည့် တဲအတွင်းသို့ဝင်ခဲ့သည်။

ရုတ်တရက်ချက်ခြင်း ပင်ပန်းနွမ်းနယ်လာသည်။ ယူနီဖောင်းကိုပင်မလဲ လယ်နိုင်တော့ပဲ ရိက္ခာပစ္စည်းပုံကြားရှိ နေရာလွတ်ပေါ်တွင်လှဲချလိုက်သည်။ အိပ် တော့အိပ်ပါ၏။ သို့သော်လည်း ကောင်းစွာအိပ်မပျော် ထူးဆန်းသောအသံများ ကြောင့် မကြာခဏလန့်နိုးသည်။ အသံများမှာ နေ့ခင်းဘက်တွင် ကြားခဲ့ရသည့် အသံများနှင့်မတူ တစ်ညလုံးတဖျပ်ဖျပ်လန့်နိုးရင်းဖြင့် အချိန်ကုန်သည်။

သူအိပ်မောကျတော့မည့်အခြေအနေသို့ရောက်ခါမှ ချောင်းတဲ့ ရေသံ

www.burmeseclassic.com



များကြောင့် လန့်နိုးလာရပြန်သည်၊ တစ်ခါတစ်ရံကျတော့လည်း သစ်ကိုင်းကျိုးသံ လိုလို ဘာလိုလိုအသံများကြောင့် ဖျတ်ခနဲနိုးလာရပြန်သည်၊ ပင်ပန်းမှုကဖိစီးထားသဖြင့် ကိုယ်ရောစိတ်ပါငြိမ် သက်ခြင်းမရှိ၊ ဤအနေအထားတွင် သူ့စိတ်အာရုံတံခါးသည် ပွင့်လျက်ရှိသည်ဖြစ်ရာ မတွေ့ချင်သောစည့်သည်တစ်ယောက်သည် ကျူးကျော်ဝင်ရောက်လာသည်၊ ယင်းဧည့်သည်မှာ "သံသယဧည့်သည်"ပေတည်း။

သံသယဧည့်သည် သူ့အားတစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက်မအိပ်နိုင် အောင် နှောင့်ယှက်လျက်ရှိ၏၊ တစ်ခါတစ်ရံတွင် သူနားဝဌကပ်ကာ တီးတိုးလေသံ ဖြင့် စကားများပြောနေသည်။ ဘာတွေလာပြောနေမှန်းလည်းမသိ၊ သူသည် အရူးတစ်ယောက်လိုဖြစ်နေသည်၊ သူသည် သံသယဧည့်သည်အား ပြန်လည်၍တွန်းလှန်တိုက်ခိုက်သည်၊ ထိုတိုက်ပွဲသည် လင်းအားကြီးအချိန်ထိ မပြီးဆုံးသေး၊ အရုဏ်တက်ခါနီး နာရီပိုင်းအလိုကျမှပင် သံသယဧည့်သည်အား သူကန်ထုတ်ပစ်နိုင်ခဲ့သည်၊ ထိုအခါကျမှပင် သူသည်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်၊

❐

သူတို့သည်ရပ်လိုက်ကြသည်၊ သူတို့အားလုံး စုစုပေါင်းခြောက်ယောက် ဖြစ်သည်၊

သူတို့သည် ပေါနီးလူမျိုးစုနွယ်ဝင် အင်ဒီးယန်းများဖြစ်သည်၊ ရှိရှိသမျှအင်ဒီးယန်းလူမျိုးစုများထဲတွင် ကြောက်စရာအကောင်းဆုံးသော လူမျိုးစုဖြစ်၏၊ သူတို့ခေါင်းပေါ်မှာဆံပင်သည် ဦးစွန်းဖုတ်ဖြစ်သည်၊ မျက်နှာပြင်ပေါ်တွင် ဆေးဖြင့်ဆေးခြယ်ထားသည့် အရေးအကြောင်းများအပြည့်၊

ပေါနီးများသည် မျက်စိရှင်သူ၊ မျက်စိစူးသူများဖြစ်သည်၊ တစ်ခါတစ်ရံတွင် သူတို့မြင်ပုံ၊ ရှုပုံနှင့်သုံးသပ်ပုံများသည် တခြားလူများနှင့်နှိုင်းယှဉ် ၍မရအောင် ထူးခြားသည်။ သူတို့ကြည့်ပုံမြင်ပုံသည် ကရုဏာကင်းမဲ့သည်၊ ရက်စက်ကြမ်းကြုတ်သည်၊ အရာဝတ္ထုတစ်ခုကိုမြင်လျှင် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း အရှင်ထားသင့်သလား၊ သို့မဟုတ် သတ်ပစ်သင့်သလားဟု အဆုံးအဖြတ်ပြုတတ်သည်၊ ဆုံးဖြတ်ပြီးပါကလည်း လျှင်မြန်ဖျတ်လတ်စွာ လှုပ်ရှားတတ်သည်၊ ထို့ကြောင့်လည်း လွင်ပြင်နေအင်ဒီးယန်းများသည် ပေါနီးများအားအလွန်ကြောက်ရွံ့ကြလေသည်၊

ပေါနီးခြောက်ဦးသည် ဘာကြောင့်ဤနေရာ၌ရပ်လိုက်ကြရသနည်း၊ အရာ ဝတ္ထုတစ်ခုကို မြင်လိုက်ရ၍ဖြစ်၏။ သူတို့သည် သူတို့၏ပိန်ညှောင်ညှောင်မြင်းများပေါ်မှထိုင်ကာ အဆင့်ဆင့်အထပ်ထပ်တည်ရှိနေသော တောင်ကြားများနှင့်ချောင်းများပေါ်မှကျော်၍ အဝေးသို့မျှော်ကြည့်နေကြခြင်းဖြစ်သည်၊ မိုးလင်းစန်းနက်စောစောအလင်းရောင်အောက်တွင် တလိမ့်လိမ့်တက်နေသည့် မီးခိုးငွေ့များ၊ သူတို့နှင့် မိုင်ဝက်ခန့်တော့ဝေးလိမ့်မည်ဖြစ်၏။

သူတို့ရောက်နေသောနေရာမှာ အမြင့်ပိုင်းဖြစ်၍ အပေါ်စီးမှကြည့်နေရ



ခြင်းဖြစ်သည်၊ သူတို့သည် မီးခိုးငွေ့များကို အထင်အရှားမြင်နေရသော်လည်း ဘယ်နေရာမှလာနေသည်ကိုမူ မမြင်ရပေ၊ မီးခိုးထွက်လာနေသောနေရာသည် တောင်ကြားတစ်ခုနှင့်ကွယ်နေသည်၊ သူတို့မြင်လိုသောအရာကို မမြင်ရသဖြင့် ပေါနီးများသည်အချင်းချင်းထင်မြင်ချက်ပေးကြသည်၊ ဆွေးနွေးဝေဖန်ကြသည်၊ ဘာဖြစ်နိုင်သလဲ၊ ဘယ်နေရာကလဲ၊ ဘာကြောင့်လဲ၊

သို့သော်လည်း သူတို့အနေဖြင့်ပင်ပန်းလှပြီ၊ အကယ်၍သာ ပင်ပန်းနွမ်းနယ်ခြင်းမဖြစ်ပါမူ အခုချက်ခြင်း တောင်ပေါ်မှဆင်းသွားကြမည်ဖြစ်၏၊ အခုတော့ သူတို့သည် ရွာမှထွက်လာကြသည်မှာ ကြာခဲ့ပြီ၊ အခုလောက်ကြာကြာ ရွာနှင့်ဝေးကွာနေခြင်းသည် ဘေးအန္တရာယ်မကင်း။

သူတို့ထွက်လာစဉ်က ဆယ့်တစ်ယောက်ဖြစ်၏၊ တောင်အရပ်ရှိ ကိုမင်ချီအင်ဒီးယန်းများထံမှ မြင်းများခိုးယူရန်ထွက်လာခဲ့ကြခြင်းဖြစ်သည်၊ တစ်ပတ်နီးနီးကြာခရီးပေါက်ခဲ့ကြပြီး နောက်တစ်ရက်တွင် သူတို့သည် မြစ်တစ်မြစ်ကိုဖြတ်ကူးခဲ့ကြသည်၊ ထိုအခါက် အင်အားအတော်များများ သောက်အိုဝတ်စ်အုပ်စုတစ်စုနှင့် ရင်ဆိုင်တိုးမိခဲ့သည်၊ ကံကောင်းထောက်မသဖြင့် သူတို့လူစုသည် တစ်ဦးသေတစ်ဦး ဒဏ်ရာရ ကာ လွတ်မြောက်ခဲ့ကြလေသည်။

ဒဏ်ရာရသူမှာ အဆုတ်တွင်ရရှိထားသောဒဏ်ရာဖြင့် အချိန်အတော်ကြာကြာ အသက်ရှင်နေခဲ့သည်၊ သူ့အားပြုစုသယ်ဆောင်ခဲ့ရသဖြင့် သူတို့အဖွဲ့သည် ထင်သလောက် ခရီးမပေါက်ဖြစ်ခဲ့ရသည်၊

ဒဏ်ရာရသူမှာ အဆုတ်တွင်ရရှိထားသောဒဏ်ရာဖြင့် အကြောင်းမလှခဲ့ကြချေ၊

ကိုမင်ချီအင်ဒီးယန်းများသည် ကံခေလွန်းလှသောပေါနီးများရှေ့မှ အမြဲခွာ၍ထွက်သွားနေသဖြင့် မမှီဘဲဖြစ်နေရ၏၊ နောက်ထပ်သီတင်းနှစ်ပတ်တိတိမျှအချိန်ကုန်ခံ၍လိုက်သော်လည်း ဘာပစ္စည်းမှမရဘဲ အအေးဒဏ်ကိုသာ ခါးစည်းခံခဲ့ကြရ၏၊

နောက်ဆုံးတွင် သူတို့သည် လူအရေအတွက်အတော်များများပါဝင်သော ကိုမင်ချီအဖွဲ့တစ်ဖွဲ့စခန်းကို ခြေရာကောက်မိကြ၏၊ ရက်ပေါင်းများစွာ ကံမကောင်းခဲ့ရသောပေါနီးများသည် ကိုမင်ချီများထံ၌ မြင်းကောင်းမြင်းလှအများအပြားရှိနေသည်ကို မြင်ရသည့်အခါ များစွာဝမ်းသာအားရဖြစ်ခဲ့ကြသည်၊

သို့သော်လည်း ပေါနီးများသည် သူတို့၏ကံလမ်းကြောင်း မပြောင်းသေးသည့်အဖြစ်ကို လုံးဝမသိခဲ့ကြပေ၊ ကိုမင်ချီတို့ စခန်းချနေသောရွာဆီသို့ သူတို့အားရောက်သွားအောင်ပို့ခြင်းသည် ကံအဆိုးဆုံးဖြစ်အောင် လုပ်ခြင်းတစ်ခုဖြစ်သည်ကိုလည်း ကြို၍မမြင်နိုင်ခဲ့ကြပေ၊ အမှန်တော့စခန်းချနေသော ကိုမင်ချီအုပ်စုသည် အင်အားကြီးမားသော ယူတက်စ်အဖွဲ့တစ်ဖွဲ့၏ တိုက်ခိုက်မှုကိုခံထားရသောအုပ်စုဖြစ်သည်၊ ထိုတိုက်ပွဲတွင် ယူတက်စ်တို့သည် ကိုမင်ချီစစ်သည်ကောင်းအမြောက်

www.burmeseclassic.com



အမြားကို သတ်ဖြတ်သွားရုံမျှမက၊ မြင်းကောင်ရေသုံးဆယ်ကိုပါ ဖမ်းယူသွားခဲ့ကြလေသည်။

မည်သို့ပင်ဖြစ်စေ ယူတကစ်အဖွဲ့၏ တိုက်ခိုက်ခြင်းကိုခံထားရသော ကိုမင်ခ်ျိများသည် အမြဲတစေနိုးနိုးကြားကြားရှိနေကြရုံမျှမက လက်စားချေလိုစိတ် လည်း ပြင်းထန်တက်ကြွနေကြသည်။ ထို့ကြောင့်လည်း ပေါနီးများရွာထဲသို့ တိတ်တဆိတ်ဝင်သွားကြသည့်အခါ ရွာထဲမှလူတစ်ဝက်ခန့်၏ တိုက်ခိုက်မှုကိုခံခဲ့ကြရသည်၊ သူတို့လူစုသည် ရွာထဲမှအလဲလဲအကွဲကွဲဖြစ်ကာ ခြေလွတ်လက်လွတ် ထွက်ပြေးခဲ့ကြရ၏၊

သူတို့ဆုတ်ခွာလာချိန်တွင် ကံသည်သူတို့ဘက်ကရပ်တည်ခဲ့သည်၊ ထိုညကအခြေအနေမှာ သူတို့တစ်ဖွဲ့လုံးသေရဖို့ဖြစ်၏။ သို့သော်လည်း သူတို့ထဲမှ စစ်သည်သုံးဦးမျှသာ ကျဆုံးကျန်ရစ်ခဲ့လေသည်။

ယခုအခါတွင်မူ ခြောက်ဦးမျှသာကျန်တော့သဖြင့် စိတ်ပျက်နေကြသည်၊ တောင်ကုန်းအမြင့်ပိုင်း၌ ထိုင်၍ရပ်နားနေကြသော ပေါနီးများသည်အဆမတန်မောပန်းလျက်ရှိနေသည့် မြင်းများကိုကြည့်ကာ စိတ်မောလူမောဖြစ်နေကြသည်၊ ဤအခိုက်တွင်မှ မိုင်ဝက်ခန့်ကွာဝေးသည့်နေရာမှ မီးခိုးငွေ့များကို မြင်ကြရခြင်းဖြစ်၏၊

သူတို့ဘာလုပ်ရလျှင်ကောင်းမည်နည်း။ထိုနေရာသို့ သွားရောက်တိုက်ခိုက်ခြင်းအားဖြင့် အကျိုးကျေးဇူးရနိုင်ပါမည်လော။ လူခြောက်ဦးသည် ထိုအရေးကိစ္စကိုတစ်ယောက်တစ်ပေါက် ဆွေးနွေးငြင်းခုံကြသည်။ နောက်ဆုံးတွင် လူခြောက်ယောက်သည် အုပ်စုနှစ်စုကွဲလာသည်၊ တစ်စုကသွားမည်ဟုပြောသည်၊ ကျန်တစ်စုက မသွားတော့ဟုဆိုသည်။ ဤအုပ်စုထဲမှ တစ်ဦးသည် ခေါင်းမာသူဖြစ်ရာသွားကြည့်မည်ဟု ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကိုမပြင်။

မိနစ်သုံးဆယ်ခန့်ငြင်းခုံအပြီးတွင် ထိုလူသည် မကြည်မလင်သောမျက်နှာထားဖြင့် သူ့မြင်းပေါ်တက်ကာ တောင်စောင်းဆင်ခြေလျှောအတိုင်းဆင်းသွားသည်၊ ကျန်ငါးဦးသည် ပထမတော့ ဘာလုပ်ရမှန်းမသိဖြစ်ကာ ကြောင်ကြည့်နေကြသည်၊ ထို့နောက်တွင်မူ သူတို့လူ၏နောက်မှလိုက်ပါသွားကြသည်။

ထိုအခါ မျက်နှာထားမကြည်မလင်ဖြစ်နေသော ပေါနီးစစ်သည်က ကျန်လူ များဘက်လှည့်၍ "မင်းတို့ဟာ ပေါနီးတွေမဟုတ်ဘူး"ဟု ပြောသည်။ "ငါကတော့ မိန်းမတွေနဲ့အတူတူတွဲပြီးမသွားနိုင်ဘူး"ဟုဆိုသည်။ ပြီးတော့ "မင်းတို့ရဲ့အမြီးတွေကို ဖင်ကြားမှာညှပ်ပြီး အိမ်ကိုပြန်ကြတော့"ဟုလည်း တင်းတင်းမာမာထပ်ပြောသည်။ သူ့အနေဖြင့် ယောကျ်ားမပီသသော ယောကျ်ားများနှင့် အတူတူတွဲ၍သွားရခြင်းထက် အသေခံလိုက်ခြင်းက ပို၍မြင့်မြတ်သည်ဟု ယူဆကြောင်းလည်းထပ်ပြောပြန်သည်။

သူသည် မီးခိုးများဆီသို့ဦးတည်ကာ သူ့မြင်းကိုစိုင်းသွားသည်။

ပေါနီးငါးဦးသည် ဘာမှမတတ်နိုင်၊ ထိုလူ၏နောက်မှလိုက်သွားကြသည်၊

❒



တင်မွန်သည် အင်ဒီးယန်းများကို အလွန်စက်ဆုပ်မုန်းတီးသည်၊ သူ့အနေဖြင့် အင်ဒီးယန်းတို့၏သဘောသဘာဝ၊ ပြုမူနေထိုင်ပုံနှင့်အကျင့်စရိုက်များကို ခြေခြင်းမြစ်မြစ်သိရှိနားလည်ခြင်း မရှိပါဘဲလျက်နှင့်မကြိုက်မနှစ်သက်ခြင်းဖြစ်၏၊ အခုသူရောက်နေသောနယ်မြေသည် လုံခြုံမှုရှိနေသည်မှာကြာပြီ၊ သို့တစေလည်း သူသည်တစ်ယောက်ထဲဖြစ်နေရုံမျှမက သူ့ကိုယ်သူကာကွယ်တတ်သူလည်းမဟုတ်၊ အမှန်တော့ သူသည် ဤဒေသလိုနယ်မြေပေါ်၌ မီးခိုးမထွက်အောင် မီးဖိုသည့်နည်းကိုသိနားလည်ထားသင့်၏။

သို့သော်လည်း ထိုနေ့နံနက်က သူသည် ဟောင်စပ်စပ်အနံ့များထွက်နေသော စောင်များကိုလိပ်ခေါက်အပြီး ဆာလောင်သည့်ဒဏ်ကိုခံရသည်၊ ဝက်ပေါင်ခြောက်နှင့်ကော်ဖီကိုသာ စိတ်စွဲနေသောတင်မွန်သည် လှည်းပေါ်မှ ကပျာကသီဆင်းကာ သစ်ကိုင်းအစိုများနှင့်မီးဖိုတစ်ဖိုမွေးသည်၊ ဤသို့ဖြင့် သူထင်းအစိုများဖြင့် ဖိုထားသောမီးဖိုမှမီးခိုးများသည် ကောင်းကင်သို့တလူလူတက်ကာ သွားကောင်ရှာနေသောပေါနီးအဖွဲ့အား ဆွဲဆောင်မှုပြုခဲ့သည်။

သူသည် မီးဖိုအနီး၌ဆောင့်ကြောင့်ထိုင်ကာ လက်တံရှည်ဒယ်အိုးပြားထဲမှ ဝက်သားပြုတ်ကြော်ဆီရေများကို သောက်နေသည်။ ဤအခိုက်မှာပင် မြားတစ်စင်းသည် သူ့ညာဘက်တင်ပါးဆုံကို အရှိန်ပြင်းစွာဖြင့်ဝင်စိုက်သည်။ မြားထိမှန်လိုက်သည့်အရှိန်က ပြင်းလွန်းသဖြင့် သူသည် မီးဖိုပေါ်သို့လဲကျသွားသည်၊ လူတစ်ယောက်မှ မမြင်ရသေးခင်မှာပင် တအူအူ တအားအားအော်ဟစ်သံများကို သူကြားနေရသည်၊ အင်ဒီးယန်းများ၏အသံမှန်းသိသည်နှင့်တစ်ပြိုင်နက် အသက် ထွက်လုမတတ် ထိတ်လန့်ကြောက်ရွံ့နေသော တင်မွန်သည်လဲကျနေရာမှ ကြိုး၍ထကာခြေတစ်ပေါင်ကျိုးခုန်၍ တောင်ကြားဘက်သို့ပြေးသည်။

သူသည် တောင်စောင်းဆင်ခြေလျှောအတိုင်း ပြေးဆင်းသည်။ သူ့တင်ပါးငုတ်မှ ငုက်မွေးငုတ်တောင်ရောင်စုံတပ်ထားသော အင်ဒီးယန်းမြားသည် သူ့တင်ပါးမှအပြင်သို့ ထိုးထွက်လျက်ရှိသည်၊ လူတစ်ဦးတည်းရှိနေမှန်း သိသွားကြပြီဖြစ်သောပေါနီးများသည် အေးအေးဆေးဆေးအချိန်ယူပြီး သတ်ရန်စဉ်းစားထားပြီးဖြစ်သည်၊

အခြားလူငါးဦးက လှည်းပေါ်မှပစ္စည်းများကို ဝင်၍လုယက်နေခိုက်တွင် သူ့အဖေါ်များအား အရှက်ရအောင်ပြောဆိုခဲ့သော ကြမ်းတမ်းခက်ထန်လွန်းလှသည့်ပေါနီးသည် တင်မွန်၏နောက်မှ သူ့မြင်းကို ခပ်ဖြည်းဖြည်းနှင်၍လိုက်သည်။ကုန်းစောင်းအဆင်းသို့ရောက်ခါနီးအလိုတွင် နောက်မှလိုက်လာသော ပေါနီးသည် တင်မွန်အားမှီလာသည်။ ဤနေရာအရောက်တွင် တင်မွန်သည်ခလုတ်တိုက်ကာ မှောက်လျက် လဲကျပြန်သည်၊ သူသည် ကြောက်စိတ်ဖြင့်လူးလဲထကာ မြင်းခွာသံများပေါ်လာနေသည့်ဘက်သို့ နောက်ပြန်လှည့်ကြည့်သည်။

သို့သော်လည်း သူသည်မြင်းကိုရော မြင်းရှင်ကိုပါလုံးဝ မမြင်လိုက်ရတော့ပဲ ပိုင်းကလေးအတွင်းမှာပင် ကျောက်တင်းပုတ်တစ်လုံးသည် သူ့ခေါင်းအေးကို

www.burmeseclassic.com



ပြင်းထန်သောအရှိန်ဖြင့် လာ၍ရိုက်ခတ်သည့်အရှိန်က ပြင်းလွန်းသဖြင့် တင်မွန်၏ ဦးခေါင်းသည် ကွဲအက်ကြေမွသွားလေသည်။

၄

ပေါ်နီးများသည် လှည်းပေါ် မှပစ္စည်းများကို မွှေနှောက်ရှာဖွေကာ သူတို့လိုချင်သည်များကို ယူကြသည်၊ လှည်းမှစစ်မြင်းများကို ဖြုတ်၍ယူကြသည်။ လှည်းကိုမီးရှို့ကြသည်။ ရုပ်အဆင်းပျက်နေပြီဖြစ်သော တင်မွန်၏အလောင်းကို တစ်ချက်ကလေးမှပင် စောင်းငဲ့မကြည့်ဘဲ ထွက်ခွာသွားကြသည်။ တင်မွန်၏ဦးရေခွံမှာ သူအားသတ်ခဲ့သူ ပေါ်နီး၏လှံဖျားထိပ်တွင် တဖျတ်ဖျတ်ခါယမ်းကာ ပါသွားသည်။

တင်မွန်၏အလောင်းသည် မြက်ပင်ရှည်ကြီးများအလည်တွင် တစ်နေကုန်လဲလျောင်းလျက်ရှိ၏။ ညပိုင်းကျမှ ရောက်လာကြမည့်ဝံပုလွေများကို စောင့်စားနေသည့်နှယ်ရှိသည်။ တင်မွန်သေဆုံးသွားခြင်းသည် ထူးခြားသောအခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။ သူသေသွားသည့်အတွက် ဗိုလ်ကလေးဂျွန်ဂျေဒမ်ဘာ၏ ပတ်ပတ်လည်တွင် ဆက်သွယ်ရေးလမ်းကြောင်းဟူသမျှအားလုံး ပိတ်ဆို့သွားခဲ့ရလေပြီ။

သူ့လောကီအထီးကျန်နိုင်သည့် လူသည်တစ်ဦးမှ ရှိတော့မည်မဟုတ်။

□□□

|၅|

ထိုနံနက်က ဗိုလ်ဒမ်ဘာသည်လည်း မီးတစ်ဖိုမွှေးခဲ့သည်မှာ တင်မွန်ထက် စောသည်။ သူကော်ဖီတစ်ခွက်သောက်ချိန်သည် လှည်းသမားတင်မွန် အသတ်မခံရမီတစ်နာရီခန့်စောသည်။

စခန်းမှကုလားထိုင်နှစ်လုံးကိုပဲ ရွှေ့၍ချထားသည်။ သူသည် စစ်စောင်တစ်စည်ကို ပုခုံးပေါ်၌ခြုံ၍ကော်ဖီမတ်ခွက်ကြီးကို လက်တစ်ဖက်တွင်ကိုင်၍ ကုလားထိုင်ပေါ်၌ထိုင်ကာ ဆက်ဂျ်ဝစ်ခ်တပ်၏ ပတ်ဝန်းကျင်ကို စေ့စပ်စွာမျက်စိကစားနေသည်၊ သူ့အတွေးများသည် လျင်မြန်သွက်လက်စွာလှုပ်ရှားနေသည်။ ဤကြားထဲမှ ဝင် မရေရာသော့သံသယစိတ်များသည် နောက်တစ်ဖန်ပြန်ဝင်လာပြန်သည်။

သူဘာလုပ်ရမည်နည်း၊ ဘယ်ဟာကိုစလုပ်ရမည်နည်း။ ဘယ်နေရာမှာလုပ်ရမည်နည်း၊ သူတာဝန်သည်ဘာလဲ၊ သူကိုယ်သူ ဘာကောင်ဟုသတ်မှတ်ရမည်နည်း၊ တကယ်တော့ သူ့တွင်လုပ်စရာအလုပ် ဘာတစ်ခုမှမရှိ၊ လုပ်ရမည့်လုပ်ငန်းအစီအစဉ်လည်းမရှိ။ ပြီးတော့ သူ့တွင်ဘာရာထူးအဆင့်အတန်းမှလည်းမရှိ၊

သူ့နောက်ကျောဘက်မှ နေသည်မြင့်တက်လာနေသည်။ သူသည် တဲရိပ်တွင် ထိုင်နေခြင်းဖြစ်၍ တစ်ကိုယ်လုံးအေးစိမ့်နေဆဲ၊ သူသည် မတ်ခွက်ထဲသို့ကော်ဖီထပ်ထည့်ပြီး ကုလားထိုင်ကို နေရောင်အောက်သို့ရွှေ့ထိုင်သည်။

သူထိုင်ချလိုက်ချိန်တွင် ဗိုလ်ဒမ်ဘာသည် ဝံပုလွေကိုစ၍မြင်သည်။ ဝံပုလွေသည် ခံတပ်နှင့်မျက်နှာချင်းဆိုင်ကုန်းစောင်းပေါ်၌ ရပ်နေခြင်းဖြစ်၏။ ကုန်း

www.burmeseclassic.com

www.burmeseclassic.com



စောင်းမှာ ချောင်း၏တစ်ဖက်၌တည်ရှိသည်။ ပထမတော့ ဗိုလ်ဒမ်ဘာသည် မဖိတ်မခေါ်ပဲနှင့်ရောက်လာပြီး သူ့အားစိုက်ကြည့်နေသော ဧည့်သည်အား သူ့ ခြောက်လုံးပြူးနှင့် တစ်ချက်နှစ်ချက်ပစ်ခတ်ပြီး ခြောက်လွှတ်မည်ဟု စိတ်ကူးမိသည်။

သို့သော်လည်း ဧည့်သည်အားအတန်ကြာမျှ ပြန်ကြည့်မိသည့်အခါ သူ့စိတ် ကူးကို အကောင်အထည်မဖော်ဖြစ်တော့ပေ။ ဝံပုလွေနှင့်သူသည် အတော်ကလေးဝေးသော်လည်း ဝံပုလွေ၏အကြည့်ကို သူနားလည်သည်။ ဝံပုလွေသည် သူ့အား အထူးအဆန်းတစ်ခုအဖြစ်ကြည့်နေခြင်းသာဖြစ်၏။ သူ့အနေဖြင့် ဤဝံပုလွေ အဖော်အဖြစ် သတ်မှတ်နိုင်မည့်အလားအလာရှိနေခြင်းကို တွေးလိုက်မိသည့်အခါ ဝမ်းသာမိသည်။

သူ့မြင်းကစ္စကိုကတော့ ဝံပုလွေအနံ့ကိုရသဖြင့် တရှူးရှူး တရှဲရှဲဖြစ်လျက်ရှိသည်။ ဗိုလ်ဒင်ဘာသည် သူ့မြင်းရှိနေသည်ကို သတိမေ့နေသည်။ သူသည် ရိုက္ခာတဲဆီသို့ထသွားသည်။ တစ်ချက်မျှ နောက်သို့ကြည့်လိုက်သည့်အခါတွင်မူ စောစောစီးစီးအလည်ရောက်လာသော သူ့ဧည့်သည်သည် နောက်သို့ချာခနဲလှည့်ကာ တောင်ကုန်းတစ်ဖက်ရှိ မိုးကုပ်စက်ဝိုင်းအောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရလေသည်။

❒

ဗိုလ်ဒမ်ဘာသည် ကစ္စကိုရှိရာ မြင်းဇောင်းတွင်းသို့ဝင်သွားပြီး မြင်းစာခွက်ထဲသို့ မြင်းစာဂျုံများထည့်ပေးသည်။ သူ့ခေါင်းထဲသို့ အဖြေတစ်ခုဝင်လာသဖြင့် စောစောက သံသယစိတ်များသည် လွင့်စင်သွားပြန်သည်။ ဘာပဲဖြစ်ဖြစ် အခုလောလောဆယ်တော့ဖြင့် သူလုပ်ရမည့်တာဝန်ဝတ္တရားများကို သူ့ဖာသာသူ ရေးဆွဲချမှတ်ထားမည်ဟု ဆုံးဖြတ်လိုက်သည်။

ဒမ်ဘာသည် ကာဂျစ်လ်၏တဲ၊ ရိက္ခာတဲ၊ မြင်းဇောင်းနှင့်ချောင်းကို လိုက်ကြည့်သည်။ ထို့နောက်အလုပ်စလုပ်သည်။ သူ ပထမဆုံးစလုပ်သည့်အလုပ်မှာ ခံတပ် ဘေးရှိချောင်းကမ်းပါးပေါ်၌ ပိတ်ဆို့စုပုံနေသော အမှိုက်သရိုက်များကို ရှင်းလင်းခြင်း ဖြစ်၏။

သူ၏ပင်ကိုယ်စိတ်သဘာဝသည် ဇီဇာကြောင်တတ်သူမဟုတ်သော်လည်း အမှိုက်ပုံများရှိနေခြင်းသည် ဂုဏ်သိက္ခာကင်းမဲ့စေသည်ဟု သူထင်သည်။ ပုလင်းခွံများနှင့်ဘူးခွံများသည် နေရာတိုင်း၌ရှိနေသည်။ ယူနီဖောင်းအစုတ်အပြတ်များမှာလည်း နေရာတိုင်း၌ ရှိနေ၏။ အဆိုးဆုံးမှာ တိရစ္ဆာန်အသေကောင်များဖြစ်သည်။ ချောင်းတစ်လျှောက်လုံးတွင် ယုန်သေ၊ ရစ်သေနှင့်သမင်သေများမှ အသားအရိုးအကျန်ကြွင်းများသည် အပုပ်နံ့ထောင်းထောင်းထလျက်ရှိသည်။

ဒမ်ဘာသည် အမှိုက်သရိုက်ပုံများကိုကြည့်ရင်း သဲလွန်စတစ်ခုကိုရလာသည်။ ဆက်ဂျ်ဝစ်ခံတပ်၌ဘာတွေဖြစ်ခဲ့သည်ကို စဉ်းစားဆင်ခြင်နိုင်သည့် သဲလွန်စ



ဖြစ်၏။ ဤခံတပ်သည် ဂုဏ်ယူစရာကောင်းသော နေရာတစ်နေရာမဟုတ်တော့သည်မှာ ထင်ရှားလျက်ရှိ၏။ ဘာကြောင့် ထိုကဲ့သို့ဖြစ်ရပါသနည်း။ အမိန့်ကအချက်သည် စားနပ်ရိက္ခာချို့တဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ခံတပ်တွင်းရှိလူအားလုံးသည် အစာရေစာငတ်ပြတ်ခဲ့ကြသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။

သူသည် ချောင်းတစ်လျှောက်ရှိ အမှိုက်သရိုက်များရှင်းလင်းသည့်အလုပ်ကို မွန်းတည့်ချိန်အထိ မရပ်မနားလုပ်သည်။ ချောင်းထဲ၌နစ်နေသည့် တိရစ္ဆာန်အသေကောင်ပုပ်များသည် နည်းနည်းပါးပါးမဟုတ်။ သူသည် အညစ်အကြေးဟူသမျှတို့ တစ်စပင်မကျန်အောင် ရှင်းလင်းသည်။ ထွက်လာသမျှ အရာဝတ္ထုများကို ရွက်ဖျင်ဟောင်းတစ်ထည်ပေါ်၌စုပုံပြီးထုပ်ပိုးသည်။ ထို့နောက် ကစ္စကို၏ ကျောပေါ်၌တင်ကာ တောင်ကုန်းပေါ်သို့သယ်သွားပြီး တစ်ဖက်ရှိချောက်ထဲသို့ ပစ်ချသည်။

မွန်းလွဲပိုင်းနေအတော်စောင်းသွားချိန်တွင် ချောင်းတစ်ချောင်းလုံးရှင်းလင်း ပြီးသွားသည်။ ချောင်းရေသည် ယခင်ကလိုအမှိုက်သရိုက်များ ပိတ်ဆို့ခြင်းမရှိသောသဖြင့် ရေစီးမြန်လာသည်။ သူသည် ဆေးလိပ်တစ်လိပ်ကိုဖွာရင်း ချောင်းရေစီးပုံ ကို ထိုင်ကြည့်နေသည်။ တစ်ချောင်းလုံးသန့်စင်သွားပြီဖြစ်၍ ရေမှာလည်းဖြည်းဖြည်းချင်း ကြည်လင်လာနေပြီ၊ သူသည် ချောင်းရေစီးပုံကိုကြည့်ကာ သူလုပ်ပြီးသွားသည့်အလုပ်အတွက် ဂုဏ်ယူ၍မဆုံး။

ထိုင်နေရာမှ ထရပ်လိုက်သည့်အခါ သူ့ကျောတစ်ကျောလုံးတောင့်တင်းတက်ခဲနေသည်။ သူယခင်ကမလုပ်ခဲ့ဖူးသော အလုပ်ကြမ်းကိုမရပ်မနားလုပ်လိုက်ခြင်းကြောင့်ဖြစ်၏။ သူသည် တောင်ကုန်းထိပ်သို့တက်ကာ သူပစ်ချထားသည့် အမှိုက်များကိုကြည့်သည်။ သူသည် ရေနံတစ်ဂါလံလောင်းထည့်လိုက်ပြီး မီးရှို့လိုက်သည်။

မီးခိုးလုံးကြီးများသည် အလိပ်လိပ်ထကာ မိုးကောင်းကင်ထက်သို့တက်သွားနေကြ၏။ သူသည် မီးခိုးများကိုကြည့်ကာ စိတ်စနောင့်စနင်းဖြစ်လာသည်။ သူမီးရှို့မိတာ မှားပြီဟုထင်သည်။

ဤမျှလောက်များပြားသော မီးခိုးလုံးများ ကောင်းကင်သို့ထိုးတက်နေခြင်းသည် ဆက်ဂျ်ဝစ်ခံတပ်ဆီသို့ ရန်သူများရောက်လာအောင် ဖိတ်ခေါ်နေသည်နှင့်တူနေပြီး တစ်စုံတစ်ယောက်သည် ဤမီးခိုးလုံးများကိုကြည့်ပြီး လိုက်လာဖို့ရှိ၏။ ထိုတစ်စုံတစ်ယောက်ဆိုသူမှာလည်း အင်ဒီးယန်းများသာလျှင်ဖြစ်ဖို့ရှိလေသည်။

❒

ဗိုလ်ဒမ်ဘာသည် နေဝင်ဆည်းဆာအချိန်ထိ တဲရှေ့၌ထိုင်ကာ အရပ်လေးမျက်နှာကို မျှော်ကြည့်နေသည်။ လူရိပ်လူခြေမမြင်ရ။

သူ့စိတ်သည် အနည်းငယ်မျှသက်သာရာရသွားသည်။ သူထိုင်နေသည့်အတောအတွင်း သူ့လက်ထဲတွင် စပရင်းဖီးလ်ရိုင်ဖယ်ခြောက်လုံးပြူးကို အသင့်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ရုတ်တရက် အထီးကျန်နိုင်လွန်းလှသောစိတ်သည် ဖျတ်ခနဲပေါ်လာသည်။

သူ့အဖြစ်သည် ကျွန်းတစ်ကျွန်းပေါ်၌ တစ်ယောက်တည်းစွန့်ပစ်ထားခြင်းခံခဲ့ရသည့် လူတစ်ယောက်သဖွယ်ဖြစ်နေသည်။ ထိုအခါကျပြန်တော့လည်း သူ့စိတ်သည်တစ်မျိုးဖြစ်လာရပြန်၏။

သူသည် ညစာကိုချက်ပြုတ်စားသောက်အပြီးတွင် ပထမနေ့မှတ်တမ်းကို ရေးသည်။ သူသည် စာရေးကောင်းသူတစ်ဦးဖြစ်၏။ သူ့အနေဖြင့် ဆက်ဂျ်ဝစ်ခံတပ်၌နေထိုင်စဉ်အတွင်း သူရင်ဆိုင်ခဲ့ရသမျှကို မှတ်တမ်းတင်လိုစိတ် ထက်သန်မြင်းပြလျက်ရှိသည်မဟုတ်ပါလား။

မေ ၁၂ ၊ ၁၈၆၃

ကျွန်တော်သည်. . . ဆက်ဂျ်ဝစ်ခံတပ်၌ထိန်းသိမ်းအုပ်ချုပ်မည့်သူ တစ်ဦးမှမရှိဘဲ ဖြစ်နေသည်ကိုတွေ့ရသည်။ ဤခံတပ်တစ်ခုလုံး ပစ်စလက်ခတ်ဖြစ် နေသည်မှာကြာပြီဟု ယူဆရ၏။ အကယ်၍ကျွန်တော်မရောက်မီက ဤခံတပ်၌တပ်ခွဲတစ်ခွဲရှိခဲ့ပါကလည်း ထိုတပ်ခွဲသည် စည်းလွတ်ဝါးလွတ်ဖြစ်နေသည်ဟု ထင်မှတ် ရာရှိပါသည်။

ကျွန်တော်ဘာလုပ်ရမည်ကို မသိပါ။

ဆက်ဂျ်ဝစ်ခံတပ်သည် ကျွန်တော်တာဝန်ကျသည့်ခံတပ်ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော်ရောက်ရှိကြောင်း သတင်းပို့စရာလူတစ်ဦးမှ မရှိပါ။ ကျွန်တော် ဤခံတပ်ကိုစွန့်ခွာသွားလျှင် အဆက်အသွယ်တစ်ခုခုကို ရနိုင်စရာရှိပါသည်။ သို့သော်လည်း ကျွန်တော့်ခံတပ်ကို ကျွန်တော်စွန့်ပစ်သွားလိုစိတ်မရှိပါ။

ရိက္ခာကတော့ အလျှံပယ်ရှိနေသည်။

ကျွန်တော့်ဖာသာ ကျွန်တော်ခံတပ်ကို သန့်ရှင်းရေးလုပ်ရန် တာဝန်ချထားခဲ့ပါသည်။ ရိက္ခာတဲကို ပြန်လည်ပြုပြင်တည်ဆောက်ရန်ကြိုးစားကြည့်လိုပါ၏။ သို့သော်လည်း ကျွန်တော်တစ်ယောက်တည်းလုပ်နိုင်ပါ့မလား. . .။ ကျွန်တော်မသိသေးပါ။

နယ်ခြားဒေသရှိ ဤနေရာတွင် အရာရာတိုင်းသည် ငြိမ်ဆိတ်လျက်ရှိပါသည်။

ဗိုလ်ကြွန်ဂျေဒမ်ဘာ။

အမေရိကန်ပြည်ထောင်စုတပ်။

ထိုညက အိပ်ရာဝင်သည့်အခါ ဗိုလ်ဒမ်ဘာသည် စိတ်ကူးတစ်ခုရပြန်သည်။ သူနေရမည့်တဲအား၌ အဖီကလေးတစ်ခုချရလျှင် ကောင်းမည်ဟုစိတ်ကူးဖြစ်၏။ တဲထဲ၌သိတ်ပူလာလျှင် အဖီထဲ၌ထိုင်၍နေနိုင်သည်။ လုပ်စရာများကိုလည်း အဖီထဲမှာပင်လုပ်လို့ရမည်။

ပင်မတဲတွင် ပြတင်းပေါက်တစ်ပေါက်လည်း ဖောက်လို့ရသည်။ လိုအပ်



သောသစ်သားများကို မြင်းဖောင်းမှရနိုင်သည်။ မြင်းဖောင်းကို ယခုလက်ရှိအနေအထားထက် ကျဉ်းသွားအောင်လုပ်လိုက်လျှင် သစ်များပိုလာနိုင်သည်။ အကယ်၍သစ်သားများပိုထွက်လာပါက ရိက္ခာတဲကိုပင် ခိုင်ခန့်သွားအောင်ပြန်လည်တည်ဆောက်နိုင်ဖွယ်ရာရှိသည် မဟုတ်ပါလား. . .။

ဒမ်ဘာသည် အိပ်ပျော်မသွားခင် အချိန်ထိသူလုပ်နိုင်မည့်အလုပ်များကို စဉ်းစားသည်။ ထို့နောက် အိပ်ပျော်သွားသည်။ အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်များမက်လာသည်။

သူသည် ပင်ဆယ်ဗေးနီးယားပြည်နယ်၏ စစ်မြေပြင်ဆေးရုံထဲရောက်နေသည်၊ သူ့ကုတင်ခြေရင်းတွင် ဆရာဝန်တစ်ဒါဇင်ခန့်သည် သူတို့ဝတ်စားထားသည့်အဖြူရောင်ဝတ်စုံများသည် သွေးကွက်များဖြင့်နီရဲနေကြသည်။ အခြားလူနာများဆီမှ ရလာသောသွေးကွက်များပေတည်း။

ဆရာဝန်များသည် သူ့ခြေထောက်အား ခြေကျင်းဝတ်မှဖြတ်လျှင်ကောင်းမလား သို့မဟုတ် ဒူးအောက်နားမှဖြတ်လျှင်ကောင်းမလားဟု ဆွေးနွေးနေကြသည်၊ ဆွေးနွေးပွဲသည် ငြင်းခုံပွဲဖြစ်လာသည်။ ငြင်းခုံပွဲသည် ကြာလေလေအကျည်းတန်လေဖြစ်လာသည်၊ သူနားထောင်နေခိုက်မှာပင် သူတို့ချင်းကိုယ်ထိလက်ရောက် ရန်ပွဲတစ်ခုအဖြစ်သို့ ကူးပြောင်းသွားသည်ကိုမြင်တွေ့ရလေသည်။

သူတို့သည် လူနာများထံမှဖြတ်ယူလာခဲ့သည့် ခြေထောက်များလက်များနှင့် တစ်ယောက်ကိုတစ်ယောက်ရိုက်ကြသည်။ နှက်ကြသည်။ ထို့နောက် လက်ထဲမှခြေတံ လက်တံများကိုပစ်ချကာ၊ ဆေးရုံအတွင်းမှ ဒေါသတကြီးထွက်သွား ကြသည်၊ ထိုအခါ ရွက်ဖျင်အစုတ်အပြတ်အခင်းများပေါ်၌ ပက်လက်ဖြစ်နေသော လူနာစစ်သားများသည် ဖြုန်းခနဲထထိုင်ကာ လေးဘက်တွားသွားကြသည်။ ဆရာဝန်များပစ်ချထားခဲ့သည့် ခြေထောက်များလက်များကို အလုအယက်ကောက်ကြသည်။ သူတို့ထံမှဖြတ်ယူသွားသော ခြေလက်များဟုတ်မဟုတ် အလုအယက်ရွေးချယ်နေကြသည်။

ဗိုလ်ဒမ်ဘာသည် ယင်းရုန်းရင်းဆန်ခတ်မှုများကြားမှ ထွက်ပြေးလွတ်မြောက်လာခဲ့၏။ ဒဏ်ရာရထားသဖြင့် ခြေတစ်ဖက်ကြွေမွနေသည့်ကြားမှပင် သူ့မြင်းပေါ် မရ-ရအောင်တက်ကာ ဂိတ်တံခါးမှစိုင်းထွက်လာခဲ့သည်။

သူသည် ယူနီယံတပ်နှင့်ကွန်ဖီဒရိတ်တပ်-နှစ်တပ်စလုံးမှ ကျဆုံးကျန်ရစ်ခဲ့သောအလောင်းများရှိရာ မြက်ခင်းပြင်ကိုဖြတ်၍ မြင်းကိုတအားကုန်စိုင်းသွားခဲ့သည်။ ထိုအခါ ပိုးလိုးပက်လက်ဖြစ်နေသော အလောင်းကောင်များသည် ဖြုန်းခနဲထထိုင်ကာ သူ့အားပစ္စတိုများနှင့်ဝိုင်းချိန်ထားကြသည်။

သူသည် သူ့လက်ထဲ၌အသင့်ပါလာသောသေနတ်ဖြင့် အလောင်းကောင်တစ်ကောင်ချင်းစီအား သူတို့မပစ်မီ လက်ဦးအောင်ပစ်သည်။ လျင်မြန်စွာပစ်ခတ်ခြင်းဖြစ်၍ ပစ်သမျှမှာလည်း အလောင်းကောင်များ၏ ဦးခေါင်းချည်းထိမှန်သည်၊ ထိမှန် လိုက်တိုင်းလည်း တစ်ခြမ်းစီတစ်စစီ ကွဲထွက်ကုန်ကြသည်။ အလောင်းကောင်

www.burmeseclassic.com

www.burmeseclassic.com



များ၏ ဦးခေါင်းများသည် ဖရဲသီးများတန်းစီထားသည်နှင့်တူသည်၊ ပေါက်ကွဲသွားသည့်အခါ ထွက်လာသည့်အစအနများမှာလည်း ဖရဲသီးအတွင်းသားများနှင့်တူသည်။

ထိုအခိုက်မှာပင် ရုတ်တရက်ချက်ခြင်း အလောင်းကောင်အားလုံး သူ့မျက်စိအောက်မှပျောက်သွားသည်။ သို့သော်လည်း သူ့နောက်မှလူတစ်ယောက်လိုက်လာနေသည်။ ပြီးတော့ ချိုအေးသာယာသည့်ခေါ်သံ၊ "အချစ်ရေ . . . အချစ်ရေ . . ."

ဒမ်ဘာက ဖျတ်ခနဲလှည့်ကြည့်သည်၊ အလွန်ချောမောလှပသည့် အမျိုးသမီးတစ်ယောက် သွေးများစိုရွှဲနေသည့် ခြေထောက်များဖြင့် သူ့ဆီသို့လက်နှစ်ဖက်ဆန့်တန်းကာ ပြေးလာနေသည်။ သူသည် သူ့ခြေထောက်မှငေါထွက်နေသော အရိုးဖြူဖြူကြီးနှင့်ပြေးလျက်ရှိသည်။

ထိုအခိုက်မှာပင် သူအိပ်ပျော်နေရာမှ လန့်နိုးလာသည်၊ ငေါက်ခနဲထထိုင်ကာ ခြေထောက်ကိုအရူးအမူးစမ်းကြည့်သည်။ သူ့ခြေထောက်သည် သူ့နဂိုအတိုင်း သူ့နေရာ၌ရှိနေသည်။

သူ့စောင်သည် ချွေးများဖြင့်စိုရွှဲနေသည်၊ သူသည် စောင်ကိုခြေထောက်များဖြင့်ကန်ကျောက်ပြီးဖယ်ကာ အိပ်ရာပေါ်မှဆင်းသည်၊ ဆေးလိပ်တစ်လိပ်ကိုမီးညှိ ပြီးဖွာရင်း ခေါင်းအုံးကိုထောင်၍ မှီထိုင်လိုက်သည်၊

သူ့အနေဖြင့် အိပ်မက်ထဲ၌ပါနေသည့်အကြောင်းအရာများကို အသေအချာသိသည်။ အခြေခံအကြောင်းများမှာ တကယ်ဖြစ်ပျက်ခဲ့သည့် အရာများဖြစ်၏၊ သူ့စိတ်အာရုံသည် ထိုအဖြစ်အပျက်များဆီသို့ လွင့်မျောသွားနေသည်၊

ထိုစဉ်က သူ့ခြေတစ်ဖက်တွင် ဒဏ်ရာရခဲ့သည်၊ ကျည်စတစ်စထိမှန်ခြင်းဖြစ်၏၊ သူသည် စစ်မြေပြင်ဆေးရုံ၌ အချိန်အတော်ကြာမျှတက်ခဲ့ရ၏၊ သူ့ခြေထောက်ကိုဖြတ်ပစ်ရန် ဆရာဝန်များက ဆွေးနွေးပြောဆိုနေကြသည်၊ သူဘယ်တုန်းကမှ ထိုအဖြစ်မျိုး ရောက်လိမ့်မည်ဟုမထင်ခဲ့၊

ဗိုလ်ဒမ်ဘာသည် ထိုည-ညလည်တွင် ဆေးရုံပေါ်မှထွက်ပြေးခဲ့သည်၊ ဆေးရုံတွင်းရှိ စစ်သားလူနာများ၏ ဟောက်သံဟစ်သံညည်းညူသံများကြားမှ ဖြတ်၍ပြေးခဲ့ခြင်းဖြစ်သည်။ ထွက်ပြေးရာ၌ တိတ်တိတ်ကလေးကြိတ်၍ အားထုတ်ခဲ့ခြင်းဖြစ်သည်၊ သူသည် အိပ်ရာပေါ်မှအသာကလေးဆင်းကာ ပတ်တီးများကိုခိုးယူသည်၊ ခြေထောက်ကို အဆိပ်ကာကွယ်ဆေးမှုန့်များဖြူးကာ ပတ်တီးများနှင့် အထပ်ထပ်စီးပြီး ရှူးဖိနပ်ကိုရအောင်စီးသည်။

ထို့နောက် ဆေးရုံတံခါးပေါက်မှ တိတ်တဆိတ်ထွက်ကာ မြင်းတစ်ကောင်ခိုးစီးပြီး သူ့တပ်ခွဲသို့ပြန်လာခဲ့သည်၊ သူ့တပ်သို့ပြန်ရောက်တော့ အရှက်တက်နေပြီး သူ့အဖော်များအား သူ့ခြေထောက်၌ဒဏ်ရာရလာသည်ကို ပြောပြသော်လည်း ဆေးရုံမှ တိတ်တိတ်ကလေးထွက်ပြေးလာခဲ့သည့် ကိစ္စကိုမူဖုံးထားလိုက်သည်၊



နှစ်ရက်မျှကြာသောအခါ ဒဏ်ရာမှနာကျင်မှုသည် မခံမရပ်နိုင်အောင်ပြင်းထန်လာသည်၊ သူ့အနေဖြင့် အသက်ရှင်ပြီးနေလိုစိတ်မရှိတော့၊ ထို့ကြောင့် အခွင့်အလမ်းကိုရှာသည်၊ ပေါ်လာသည်နှင့်တစ်ပြိုင်နက် ထိုအခွင့်အလမ်းကို ရအောင်ယူသည်၊

မျက်နှာချင်းဆိုင်ဖြစ်နေကြသော တပ်နှစ်တပ်သည် ကိုက်သုံးရာခန့်ကျယ်သော မြေကွက်ကြီးကိုကျော်၍ တစ်ဖက်နှင့်တစ်ဖက်လစ်လျှင်လစ်သလို ချောင်းမြောင်းပစ်ခတ်နေကြသည်၊ နှစ်ဖက်စလုံးသည် ကွင်းပြင်အစပ်ရှိ အုတ်နံရံများနောက်၌ကွယ်ရပ်ကာ ပစ်ခတ်နေကြခြင်းဖြစ်၏။

တစ်ဖက်နှင့်တစ်ဖက်၏အနေအထားသည် ပို၍တင်းမာလာနေခဲ့ရာ နှုန်းလွဲပိုင်းရောက်လာသောအခါ အတင်းမာဆုံးအခြေအနေသို့ ရောက်လာခဲ့၏၊ ဗိုလ်ဒမ်ဘာမှာလည်း သူခံစားနေရသည့်ဝေဒနာကို ဆက်လက်၍မခံနိုင်တော့သည့်အဆင့်သို့ရောက်လာသည်၊ သူ့အတွေးမှာ သူ့အသက်ကို သူ့အဆုံးစီရင်ပစ်ရန်မှတစ်ပါး အခြားနည်းကိုမတွေ့၊

သူသည် အုတ်တံတိုင်းအပြင်သို့ မြင်းနှင့်ထွက်ကာ ရန်သူများ၏ပစ်ခတ်မှုကို သူ့အပေါ်စူးစိုက်လာအောင် လုပ်မည်ဟုဆုံးဖြတ်လိုက်၏။ သူ့အသက်ကိုစွန့်လွှတ်ရာ၌ ဤနည်းသည် သူ့အတွက်အကောင်းဆုံးဖြစ်လိမ့်မည်ဟု ယူဆထားပြီးပြီမဟုတ်လော၊

သာမန်အားဖြင့် သူတို့တပ်ရင်းမှူးဖြစ်သော ဗိုလ်မှူးကြီးသည် ဤလုပ်ရပ်မျိုးကို ခွင့်ပြုလေ့မရှိပေ၊ သို့သော်လည်း ထိုနေ့က သူရင်ဆိုင်နေရသော အနေအထားမှာ အလွန်ဆိုးဝါးလျက်ရှိသည်၊ ရန်သူ၏အင်အားနှင့်အခြေအနေကိုလည်း ခန့်မှန်းမရ၊ သူ့အထက်မှ ဗိုလ်ချုပ်ကြီးတစ်ပ်တန်နှင့် တပ်မှူးများကလည်း သူဦးစီးနေသော တိုက်ပွဲကို တောင်ကုန်းတစ်ကုန်းပေါ်မှနေ၍ မျက်ခြည်မပြတ် ကြည့်ရှုလေ့လာနေသည်၊

ထိုအချိန်တွင်ပေါ်လာသည့် လူစွမ်းကောင်းမှာ မျက်နှာဖြူဖတ်ဖြူယော်ငယ်ဗိုလ်ကလေးတစ်ဦးဖြစ်သည်၊ ထိုဗိုလ်ကလေးက ရန်သူများဘက်မှ သူတစ်ဦးတည်းအပေါ်ဝိုင်းဝန်းပစ်ခတ်နေအောင်လုပ်မည်ဟု လာပြောလျက်ရှိ၏၊ ဗိုလ်ကလေး၏မျက်နှာသည် ရိုင်းစိုင်းကြမ်းတမ်းခြင်းကို ဖော်ပြနေသည်၊ ဗိုလ်မှူးကြီးပင်လျှင် သူ့မျက်နှာထားကိုကြည့်ကာ လန့်သလိုလိုဖြစ်လာသည်။

နောက်ဆုံးတွင် ဗိုလ်မှူးကြီးသည် ဗိုလ်ကလေး၏အစီအစဉ်ကို လက်ခံလိုက်သည်၊ ဗိုလ်ဒမ်ဘာအား မြင်းအသစ်တစ်ကောင်ကို စိတ်ကြိုက်ရွေးခွင့်ပေးသည်၊ ဒမ်ဘာသည် ကစ္စကိုဟုအမည်ပေးထားသော မြင်းချောမြင်းလှတစ်ကောင်ကိုရွေးသည်၊ တစ်တပ်လုံးက ဝိုင်းကြည့်နေခိုက်မှာပင် သူသည်မြင်းပေါ်သို့တက်သည်၊ ခြေထောက်ဒဏ်ရာမှာ ပြင်းစွာသောနာကျင်မှုကို ခံစားလိုက်ရသော်လည်း အော်ဟစ်ခြင်းမပြု၊

www.burmeseclassic.com



သူသည် မြင်းကို ခပ်နိမ့်နိမ့်အုတ်တံတိုင်းဆီသို့ ဦးတည်ပြီးစီးလာခဲ့သည် တစ် ဖက်မှရိုင်ဖယ်သေနတ်သံများကြားရပြီး ချက်ခြင်းပြန်ငြိမ်သွားသည်။ သေနတ်သံများလုံးဝရပ်သွားသဖြင့် သူသည်အံ့ဩနေမိသည်။ ဘာကြောင့် ရပ်သွားကြတာပါလိမ့်။

သူသည် ကစ္စကို၏တင်ပါးကို ဖိနပ်သံဖနောင့်စူးဖြင့် ခပ်ဆတ်ဆတ်တို့လိုက်ပြီး ရှေ့မှန်ရုံကိုလွှားခနဲခုန်ကျော်ကာ အပြင်သို့ထွက်သည်။ သစ်ပင်ဟူ၍ တစ်ပင်မှမရှိသော ကွင်းပြင်ကိုဖြတ်ကာ ရန်သူများပုန်းကွယ်နေသည့် တံတိုင်းဆီသို့စီးသည်။ ရုတ်တရက်မမျှော်လင့်သောအဖြစ်ကို မြင်လိုက်ရသဖြင့် ရန်သူများသည် သေနတ်များနှင့်ဆီးမပစ်နိုင်ပဲ ကြောင်ကြည့်နေကြသည်။ ဤသို့ဖြင့် ဗိုလ်ဒမ်ဘာသည် သေနတ်သံတစ်ချက်မှမကြားရပဲနှင့် ကွင်းပြင်ပေါ်တွင် ကိုက်တစ်ရာခန့်ခရီး ပေါက်သွားခဲ့၏။

ထို့နောက်တော့ ရန်သူများထံမှ ပစ်ခတ်သံများကြားရသည်။ ကျည်ဆံများသည် သူ့ဘေးဝဲယာမှတရွှီးရွှီးအော်မြည်ကာ ပြေးသွားနေကြသည်။ ဗိုလ်ဒမ်ဘာကတော့ ပြန်ပစ်ဖို့လုံးဝမစဉ်းစား သူ့အား ကျည်ဆံထိမှန်ရလွယ်အောင် ခါးကိုစန့်ကာ တောင့်တောင့်မတ်မတ်ထိုင်၍ လိုက်ပါသွားသည်။ ကစ္စကိုသည် နားရွက်ကိုထောင်ကာ ဗိုလ်ဒမ်ဘာနှင်သည့်အတိုင်း ရန်သူများ၏အုတ်တံတိုင်းဆီသို့ ပြေးသွားလျက်ရှိ၏။ ဗိုလ်ဒမ်ဘာကတော့ သူ့အားကျည်ဆံတစ်တောင့်ဝင်မှန်မည့် အချိန်ကိုသာမျှော်လင့်စောင့်စားနေသည်။

သို့သော်လည်း ကျည်ဆံတစ်တောင့်မှ သူ့အားထိမှန်ခြင်းမရှိ။ သူ့မြင်းသည် ရန်သူအုတ်တံတိုင်းနှင့်နီးကပ်သွားပြီး ရန်သူတို့၏မျက်လုံးများကိုပင် သူမြင်နေရပြီ၊ သူ့မြင်းနှင့်ရန်သူများသည် ကိုက်ငါးဆယ်ခန့်သာ ကွာတော့သည်။ ထိုစဉ်မှာပင် သူ့မြင်းသည် ဘယ်ဘက်သို့ချိုးကာ မြောက်တည့်တည့်သို့ပြေးသွားနေ သည်၊

ကစ္စကိုပြေးနေသည့်အရှိန်မှာ ပြင်းထန်လွန်းလှသည်ဖြစ်ရာ သူ့နောက်တွင် ဖုန်များထောင်းထောင်းထ၍ကျန်ခဲ့သည်၊ ဒမ်ဘာသည် သူ့တစ်ကိုယ်လုံးကို တောင့် တောင့်မတ်မတ်ထားပြီး ထိုင်လျက်ပင်ရှိသည်။ ရန်သူကွန်ဖီဒါရိတ်များသည် အသည်းယားလာကြဟန်တူ၏၊ အချို့က တံတိုင်းပေါ် တက်ကာ ဒမ်ဘာအား ပစ် မှတ်အဖြစ်ထားပြီး အဲသေအချာချိန်၍ပစ်ခတ်ကြသည်။

သို့သော်လည်း ဒမ်ဘာအား တစ်ချက်မှထိမှန်ခြင်းမရှိ၊ ဗိုလ်ဒမ်ဘာ၏နား ထဲတွင် ရုတ်တရက်သေနတ်သံများ ရပ်သွားသည်၊ သူ့ လက်မောင်းတစ်ဖက်သည် ပူခနဲဖြစ်သွားသည်။ သူသည် မြင်းကိုမရပ်ပဲဆက်၍စီး သွားနေဆဲ။ ရန်သူများသည် သူ့အားမယုံကြည်နိုင်သည့် မျက်နှာထားများဖြင့် တအံ့ တဩရပ်ကြည့်နေကြသည်

သူ့နားထဲတွင် အော်ဟစ်အားပေးသံများ ကြားလာရသည်၊ သူ့တပ်မှ ဘော်များက ညာသံပေး၍အော်ဟစ်အားပေးနေကြခြင်းပေတည်း။ သူ့ခြေထောက် မှပြင်းထန်သော နာကျင်မှုကိုခံစားလိုက်ရသည်၊



သူသည် ကစ္စကို၏ဇက်ကြိုးကို ဆတ်ခနဲဆွဲပြီးနောက် ပြန်လှည့်ကာ ရန်သူများဆီသို့နှင်သည်။ ဩဘာပေးသံများသည် တစ်ခဲနက်ထွက်ပေါ်လာနေသည်။ သူသည် သူ့တပ်ဆီသို့တစ်ချက်မျှ ငဲ့ကြည့်လိုက်၏။ သူ့ရဲဘော်များသည် တံတိုင်းနောက် မှင်မတ်တတ်ရပ်ကာ လက်နက်များကို ဝှေ့ယမ်းပြနေကြသည်။

ဤတစ်ကြိမ်တွင် သူသည် မြင်းကိုရန်သူများဆီသို့ တည့်တည့်ကြီးဦးတည် နှင်သည်၊ ရန်သူများသည် တံတိုင်းနောက်၌မတ်တတ်ရပ်ကာ သူ့အားကြည့်နေကြ သည်၊ အချို့က ရိုင်ဖယ်သေနတ်များဖြင့် ကျကျနနချိန်ရွယ်နေကြသည်။

ဗိုလ်ဒမ်ဘာသည် သူ့စိတ်ကူးအတိုင်းဖြစ်လာရေးအတွက် မြင်းဇက်ကို လွှတ်ကာ လက်နှစ်ဖက်ကိုအပေါ်သို့မြှောက်လိုက်သည်။ ဆပ်ကပ်ထဲမှာ မြင်းစီးသ ရားတစ်ဦးပုံမျိုးဖြစ်၏။ ဤတစ်ခါတော့ဖြင့် ကျည်ဆံသည်သူ့အသက်ကို နှုတ်ယူသွား နေရမည်၊ သူ့စိတ်ထဲတွင် သေဖို့မှတစ်ပါး အခြားဘာစိတ်ကူး ဘာရည်မှန်းချက် မှမရှိ၊

သို့သော်လည်း သူ့တပ်ဘက်မှ ယူနီယံတပ်သားများအဖို့ စိတ်ဓာတ်အင် အားတက်ကြွစရာဖြစ်နေသည်။ သူတို့သည် ဗိုလ်ဒမ်ဘာလက်နှစ်ဖက်မြှောက်ထား သည်ကို မြင်လိုက်သောအခါ သူတို့ကိုယ်သူတို့မထိန်းနိုင်အောင် ဖြစ်လာကြသည်၊ အားလုံးလိုလိုပင် တစ်ညီတစ်ညွတ်တည်း တိုင်ပင်ထားကြသည်နှယ် အုတ်တံတိုင်းကို ကျော်ဆင်းကြသည်၊ ကွင်းပြင်ကိုဖြတ်ကာ ရန်သူများရှိရာ အုတ်တံတိုင်းဆီသို့ အပြေး အလွှားချီတက်ကြသည်၊ ဤသို့ဖြင့် သူ့မြင်းကစ္စကို၏ဇက်ကြိုးကို ဗိုလ်ဒမ်ဘာဆောင့် ဆွဲလိုက်၍ မြင်းမတ်တတ်ရပ်နေချိန်တွင် ယူနီယံတပ်သားများသည် ရန်သူများ၏ အုတ်တံတိုင်းကို ကျော်ခွဆင်းကာ ရှေ့မှပြေးသွားနေကြသော ရန်သူများနောက်သို့ လိုက်နေကြလေပြီ၊

ဗိုလ်ဒမ်ဘာ၏ဦးခေါင်းသည် မူးနောက်နောက်ရီဝေဝေဖြစ်လာသည်၊ တစ် ခေါင်းလုံးချာချာလည်လာသည်၊

ဗိုလ်မှူးကြီးနှင့်သူ့ကိုယ်ရံတော်ဗိုလ်ကြီးများသည် ကွင်းထဲသို့ပြေးဝင်လာ ကြသည်၊ အခြားတစ်ဖက်မှလည်း ဗိုလ်ချုပ်ကြီးတစ်ပ်တန်နှင့် သူ့လူများပြေးဝင်လာ ကြသည်၊ သူတို့အားလုံးသည် ဗိုလ်ဒမ်ဘာမြင်းပေါ်မှ လိမ့်ကျသွားသည်ကို မြင်လိုက်ကြရသည်၊ သူတို့သည် ဗိုလ်ဒမ်ဘာမြေကြီးပေါ် အထိမကျမီ အချိန်မီရောက် အောင်ပြေး လာကြခြင်းဖြစ်၏၊ သို့သော်လည်း မမီလိုက်တော့ပေ။

သူတို့ရောက်သွားချိန်တွင် ကစ္စကိုသည်ကွင်းလည်တွင် ငြိမ်ဆိတ်စွာရပ်၍ အနီး၌လဲကျနေသော ဗိုလ်ဒမ်ဘာအားငုံ့ကြည့်နေသည်။ ဗိုလ်မှူးကြီးနှင့်ဗိုလ်ချုပ် ကြီးတို့နှစ်ဦးစလုံး၏ရင်ထဲတွင် တူညီပြီးထူးဆန်းသောခံစားမှုတစ်ခုသည် တစ်ပြိုင် နက်တည်းဝင်ရောက်လာသည်၊ ထိုခံစားမှုမှာ ရာထူးကြီးကြီးစစ်အရာရှိများ၏ ရင် တွင်း၌ ဖြစ်ပေါ်ခဲလှသောခံစားမှုဖြစ်သည်၊ အထူးသဖြင့် ယင်းခံစားမှုမျိုးသည် စစ်ပွဲဖြစ်နေသည့်အချိန်ကာလမျိုးတွင် လုံးဝပေါ်ပေါက်လေ့မရှိ၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးအနက် ဗိုလ်ချုပ်ကြီးတစ်ပ်တန်က ပို၍ခံစားရသည်။ စစ်သားဘဝ ဖြင့် နေလာခဲ့သည့်နှစ်ဆယ့်ခုနှစ်အတွင်း ရဲရင့်သောလုပ်ရပ်ပေါင်းအများအပြားကို သူတွေ့ခဲ့ မြင်ခဲ့ဖူးသည်။ ယခု သူမြင်လိုက်ရသည့် လုပ်ရပ်နှင့်မတူဟုပင် သူထင်မိ၏။

ဗိုလ်ဒမ်ဘာသတိရလာချိန်တွင် ဗိုလ်ချုပ်ကြီးတစ်ပ်တန်သည် ကျဆုံးနေသော သားတစ်ယောက်၏ဘေး၌ရောက်နေသော ဖခင်တစ်ယောက်သဖွယ် ဗိုလ်ဒမ်ဘာ၏ဘေး၌ ဒူးထောက်လျက်ထိုင်နေသည်။

ရဲရင့်လှသောဤစစ်ဗိုလ်ကလေးတွင် ဒဏ်ရာရထားသည်ဟု သိလိုက်ရသောအခါ ဗိုလ်ချုပ်ကြီးသည် ဦးခေါင်းကိုငုံ့ကာ ဘုရားသခင်အား အာရုံပြုသည်။ သူကလေးဘဝကို ကျော်ဖြတ်ခဲ့ပြီးသည့်နောက်ပိုင်းတွင် တစ်ခါမှမဖြစ်ဘူးခဲ့သည့် အရာ တစ်ခုဖြစ်လာခဲ့ရသည်။ သူ့မျက်ရည်များသည် ဖွေးဖွေးလှုပ်မျှဖြူနေပြီဖြစ်သော သူ့ မုတ်ဆိတ်ထက်သို့ စီးဆင်းကျနေခြင်းပေတည်း။

ဗိုလ်ဒမ်ဘာ၏အခြေနေသည် စကားများများပြောနိုင်သည့် အနေအထား မဟုတ် သို့သော်လည်း စကားတစ်ခွန်းကိုတော့ ထပ်တလဲလဲပြောနေသည်။

"ကျွန်တော့်ခြေထောက်ကို မဖြတ်ပါနဲ့"

ဗိုလ်ချုပ်ကြီးတစ်ပ်တန်သည် ဗိုလ်ဒမ်ဘာ၏ရေရွတ်သံကိုကြားသည်။ ဘုရားသခင်ထံမှရောက်လာသည့် ပညတ်တော်တစ်ပါးသဖွယ် မှတ်သားထားသည်။ ဗိုလ်ချုပ်ကြီးသည် ဗိုလ်ဒမ်ဘာအား သူကိုယ်ပိုင်လူနာတင်ယာဉ်ဖြင့် တင်ဆောင်ကာ သူ့တပ်ရင်းဌာနချုပ်သို့ခေါ်သွားသည်။ ရောက်လျှင်ရောက်ခြင်း သူကိုယ်ပိုင်ဆရာဝန် လက်သို့အပ်သည်။

ဗိုလ်ကလေး၏ခြေထောက်ကို မဖြတ်ရအောင်ကုပေးရမည်ဟုလည်း ဗိုလ်ချုပ်ကြီးက သူ့ဆရာဝန်အားအမိန့်ပေးသည်။ ဆရာဝန်က အလျင်အမြန်စမ်းသပ်စစ်ဆေးအပြီးတွင် ခြေထောက်ကိုဖြတ်ပစ်ရမည့်အနေအထားက အားသာနေပါသည်ဟု ပြန်ပြောသည်။

ဗိုလ်ချုပ်ကြီးသည် ဆရာဝန်၏လက်မောင်းကိုဆွဲ၍ ဘေးတစ်ဖက်သို့ခေါ် သွားသည်။ "တကယ်လို့ ဒီကလေးရဲ့ခြေထောက်ကိုမဖြတ်ဘဲနဲ့ ပြန်ကောင်းသွား အောင် ကုမပေးဘူးဆိုရင် မင်းကိုအရည်အချင်းမရှိဘူးဆိုတဲ့ အပြစ်နဲ့အလုပ်ဖြုတ်ပစ် မယ်။ နားလည်လား"ဟု အံကြိတ်ပြီးပြောသည်။

ဗိုလ်ဒမ်ဘာပြန်လည်နာလန်ထလာရေးသည် ဗိုလ်ချုပ်ကြီးတစ်ပ်တန် အတွက် အလွန်ကြီးမားသောအရေးကိစ္စကြီး တစ်ခုအဖြစ် စွဲလန်းလာသည်။ သူသည် နေ့စဉ်မှန်မှန်လာကြည့်သည်။ ဆရာဝန်ခမျာမှာလည်း ဗိုလ်ဒမ်ဘာ၏ခြေ ထောက်ကို မဖြတ်မတောက်ရေးအတွက် သီတင်းနှစ်ပတ်ကြာမျှ ချွေးတစ်လုံးလုံးနှင့် အနားက တစ်ဖဝါးမခွာကုသသည်။

ထိုအချိန်ကတော့ ဗိုလ်ချုပ်ကြီးသည် လူနာအားစကားနည်းနည်းပဲပြော သည်။ ပြုမူဆက်ဆံပုံများကတော့ ဖခင်တစ်ယောက်သဖွယ်ဖြစ်၏။ နောက်ဆုံးတွင်



ဒမ်ဘာ၏ခြေထောက်သည် ဖြတ်ဖို့မလိုတော့သည့် အခြေအနေသို့ရောက်လာ ည်။ ထိုအခါ တစ်နေ့သောမွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးသည် ဗိုလ်ဒမ်ဘာအားထား ည့် ရွက်တဲအတွင်းသို့ဝင်လာသည်။ တရင်းတနှီးစကားပြောသည်။ သူသိချင်တာ ကိုလည်း အေးအေးဆေးဆေးမေးမြန်းစုံစမ်းသည်။

ဒမ်ဘာကတော့ သူပြောသမျှကိုနားထောင်သည်။ သူ့အနေဖြင့် ဗိုလ်ဒမ် အတွက် စစ်ကြီးပြီးသွားစေလိုကြောင်း၊ စစ်မြေပြင်၌ဗိုလ်ဒမ်ဘာလုပ်ခဲ့သမျှကို အထိမြင်ယောင်ဆဲဖြစ်ကြောင်း၊ ဤလုပ်ရပ်သည် စစ်ပွဲတစ်ပွဲ၌ပါဝင်တိုက်ခိုက် သော လူတစ်ယောက်အတွက် ပြည့်စုံလုံလောက်သော တာဝန်ကျေပွန်သော ရပ်တစ်ခုဖြစ်ကြောင်း စသည်ဖြင့်ဗိုလ်ချုပ်ကြီးကပြောသည်။

ထိုနောက် ဗိုလ်ဒမ်ဘာအား လိုချင်သောအရာတောင်းဖို့ တိုက်တွန်းသည်။ နေရာတွင် သူသည်အသံကိုတိုး၍ "တို့အားလုံးအပေါ်မှာ မင်းရဲ့အကြွေးတင်သွား ငါ့ဆီမှာလည်း မင်းရဲ့အကြွေးတင်နေပြီ"ဟု ထပ်ပြောသည်။

ဗိုလ်ဒမ်ဘာကပြုံးသည်။ "ကျွန်တော့်လိုချင်တဲ့ ခြေထောက်ကိုရနေပါပြီ ဗျာ"ဟုပြောသည်။

တစ်ပ်တန်ကပြုံးရယ်ခြင်းမရှိ။ "တဲ မင်းဘာလိုချင်သလဲပြော"ဟုမေး ည်။

ဒမ်ဘာသည် မျက်လုံးအစုံကိုမှိတ်ကာ စဉ်းစားနေသည်။ နောက်ဆုံးတွင် ထံမှစကားသံထွက်လာသည်။

"ကျွန်တော်အမြဲတမ်းလိုလိုပဲ နယ်ခြားဒေသဘက်မှာ တာဝန်ထမ်းဆောင် ပါတယ်"

"ဘယ်နေရာလဲ"

"နယ်ခြားဒေသဘယ်နေရာမဆို ဖြစ်ပါတယ်။"

ဗိုလ်ချုပ်ကြီးသည် ကုလားထိုင်ကိုတွန်းဖယ်ပြီးထသည်။ "ကောင်းပြီ၊ မင်း ချင်တာဖြစ်ရမယ်"ဟုပြောကာ တဲအပြင်သို့ထွက်ရန်ပြင်သည်။

"ကျွန်တော်တစ်ခုပြောပါရစေ"

ဗိုလ်ချုပ်ကြီးက ဖျတ်ခနဲရပ်ပြီးလှည့်ကြည့်သည်။ နှစ်လိုဖွယ်ရာ အပြုံးနှင့် ၏။

"ကျွန်တော် မြင်းကိုလိုချင်ပါတယ်။ ရနိုင်မလားခင်ဗျာ"

"မင်းယူနိုင်တယ်၊ ယူတော့"

ထိုနေ့က မွန်းလွဲပိုင်းတစ်ပိုင်းလုံး သူနှင့်ဗိုလ်ချုပ်ကြီးတို့ ဆုံခဲ့ရသည့်အဖြစ် သာ တွေးနေမိသည်။ သူ့ဘဝအတွက် ရုတ်တရက်ပေါ်ပေါက်လာခဲ့ရသည့် အ အလာများကိုတွေးကာ စိတ်လှုပ်ရှားလျက်ရှိသည်။ ဗိုလ်ချုပ်ကြီး၏ ကရုဏာ သောမျက်နှာထားနှင့်အကြည့်ကို ပြန်လည်မြင်ယောင်လာသည့်အခါ သူကိုယ် အပြစ်မကင်းဟုသော ခံစားမှုဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုနေတော့ သူကိုယ်သူသတ်သေရန် ကြံစည်အားထုတ်ခဲ့ခြင်းဖြစ်၏၊ သူ ဘာကြောင့်ထိုသို့ သတ်သေရန်ကြံစည်ထားသည်ကို မည်သူ့ကိုမှအသိမပေးခဲ့၊ အသိပေးရန်လည်း အခါအခွင့်မသင့်ခဲ့၊ အခုကျတော့လည်း အမှန်အတိုင်းပြောပြဖို့ နောက်ကျသွားခဲ့ပြီ၊ ထိုနေ့ မွန်းလွဲပိုင်းမှာပင် သူသည် အမှန်အတိုင်းထုတ်ဖော်၍မပြောတော့ဟု ဆုံးဖြတ်လိုက်သည်၊

အခုကျတော့ သူသည်စောင်ခြုံထဲ၌ ကွေးရင်းတတိယဆေးလိပ်တစ်လိပ်ကို ဖွာရင်းဆန်းကျယ်နက်နဲလှသည့် ကံကြမ္မာအကြောင်းကို စဉ်းစားဆင်ခြင်နေမိသည်၊ နောက်ဆုံးတွင် သူ့ကံကြမ္မာသည် သူ့အား ဆက်ဂျ်ဝစ်ခံတပ်သို့ ပို့ဆောင်ပေးခဲ့ပြီ မဟုတ်လား၊

အခန်းထဲသို့ အလင်းရောင်ဝင်လာသည်၊ ဗိုလ်ဒမ်ဘာ၏စိတ်သည်လည်း ကြည်လင်သွားသည်၊ အတိတ်သို့ပျံလွင့်နေသော စိတ်ကိုပြန်လည်သိမ်းဆည်းကာ ပစ္စုပ္ပန်ထဲသို့ပို့ပေးသည်၊ သူရောက်နေသောနေရာအပေါ်၌ သာယာကျေနပ်နေသည့် လူတစ်ယောက်၏ထက်သန်ပြင်းပြသောစိတ်ဖြင့် ယနေ့ခံတပ်တွင်း၌ ဆက်၍ လုပ်ရမည့်လုပ်ငန်းတာဝန်များကို တစ်ခုချင်းစီချ၍ စဉ်းစားလျက်ရှိလေသည်။



[၆]

ဗိုလ်ဒမ်ဘာအနေဖြင့် ပထမဆုံးပြုပြင်ရန်စဉ်းစားသည့် အဆောက်အဦး ...ား ရိက္ခာတဲဖြစ်သည်၊ တကယ်တန်းကျတော့ ထိုလုပ်ငန်းမှာ ချက်ခြင်းထ၍လုပ်ဖို့ ...ယ်၊ လောလောဆယ်လွယ်ကူမည့်အလုပ်မှာ အဖီတဲဆောက်လုပ်ရေးဖြစ်သည်၊ ...သည် အဖီတဲကိုအရင်ဆုံးဆောက်လုပ်ရန် ဆုံးဖြတ်လိုက်သည်။

သူသည် သူ့အတွက်လိုအပ်မည့်ပစ္စည်းများကို စားနပ်ရိက္ခာပစ္စည်းများ ...းတွင် အပင်ပန်းခံ၍ရှာဖွေသည်၊ အဖီတဲအတွက်အသုံးဝင်မည့် စစ်မြေပြင်သုံး ...ထည်တဲပစ္စည်းများကိုတွေ့သည်၊ ရွက်ထည်စများကို တစ်ခုနှင့်တစ်ခုစပ်၍ချုပ် ...က်လျှင် အဖီတဲအတွက်အမိုးနှင့်အကာတော့ ကောင်းကောင်းရနိုင်မည်ဖြစ်၏၊ ...သော်လည်း အစများကိုချုပ်ရန်အပ်မရှိ။

တိရစ္ဆာန်အသေကောင်များကို အရင်စလိုမ်းရှုပစ်လိုက်မိသည်အတွက် ...မြာနေသည်၊ ထိုအသေကောင်များသာရှိလျှင် အရိုးများကိုထုတ်ယူပြီး အပ်လုပ် ...နိုင်သည်မဟုတ်ပါလား။

သူသည် ချောင်းကမ်းပါးတစ်လျှောက် အောက်ဘက်သို့လျှောက်လာခဲ့ ...ည်၊ ချောင်းပတ်ပတ်လည်၏အခြေအနေကို လိုက်လံလေ့လာခြင်းဖြစ်၏၊ တစ်နေ ...အရောက်တွင် လူခေါင်းခွံတစ်ခုကောက်ရသည်၊ ထိုခေါင်းခွံရိုးထဲမှ အပ်လုပ် ...ရသော အရိုးအတော်များများရလိုက်သည်၊ ရိက္ခာတဲသို့ပြန်ရောက်သည့်အခါ ...စ်ချည်လုပ်လို့ရသည့် ကြိုးထုံးများတွေ့သည်၊ ကြိုးထုံးများကို အရစ်ဖြေ၍သုံးလျှင်

www.burmeseclassic.com

www.burmeseclassic.com



အပ်ချည်အရွယ်အစားအမျိုးမျိုး ရနိုင်သည်။

ဘာပဲဖြစ်ဖြစ် သူ့အနေဖြင့် ခံတပ်တွင်းရှိအဆောက်အဦးများထဲမှ ပြင်ဆင်သင့်သည့်များကို ပြန်လည်ပြုပြင်ထားလိုက်မည်ဆိုပါက တပ်သစ်များရောက်လာသည့်အခါ အဘက်ဘက်တွင်အဆင်ပြေသွားနိုင်ဖွယ်ရာရှိ၏။ တပ်သစ်များရောက်လာရေးနှင့်ပတ်သက်၍ သူသည် သိပ်ပြီးမျှော်လင့်ချက်မထား။ သို့သော်လည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဤခံတပ်သို့လူတစ်ဦးတလေ ရောက်လာလိမ့်မည်ဟူသော စိတ်ထဲက အနိုင်အမာယုံကြည်နေသည်။

သူသည် ရွက်ဖျင်စများချုပ်သည့်အလုပ်ကို နှစ်ရက်တိတိဆက်တိုက်လုပ်သည်။ လေ့လ်ဖူးသောအလုပ်ဖြစ်၍ ဒုတိယရက်တွင် သူ့လက်ချောင်းများသည် အပ်ကိုင် ထောင်းဗွာမတိုင်နိုင်လောက်အောင် ရောင်ကိုင်းလာသည်။ သို့သော်လည်း သူ သည်ခဲ့တို့လျှော့ဘဲ အလုပ်ကိုပြီးပြတ်အောင်လုပ်သည်။

အဓိတဲဆောက်လုပ်နေစဉ်အတွင်းမှာပင် သူသည် မြင်းဇောင်းကိုပြုပြင်ရန်သင့်သေင့်စဉ်းစားမိသည်၊ ကစ္စကိုသည် ဘယ်ကိုမျှထွက်သွားမည်မြင်းမဟုတ်။ သို့သော်လည်း ယုံကြည်စိတ်ချ၍တော့မရ ထို့ကြောင့် သူသည် မြင်းဇောင်း၏အကာအရံများကို ပြန်လည်ပြုပြင်ခဲ့၏။ ထိုနေ့တွင် သူသည် လုပ်စရာရှိသမျှကိုဆက်တိုက်လိုလိုလုပ်ခဲ့သည်၊ နောက်ဆုံးတွင် သူသည် အဖိတဲတိုင်များကိုပါ ပြီးစီးအောင်ထူနိုင်ခဲ့သည်၊

ညနေခင်းတွင် ရာသီဥတုသည် နွေးနွေးထွေးထွေးပို၍ရှိလာသဖြင့် နေရထိုင်ရသည်မှာ သက်သောင့်သက်သာရှိလာသည်။ ဗိုလ်ဒမ်ဘာသည် အိပ်ရာအစွန်၌ထိုင်တာ နံရံကိုမှီလိုက်သည်။ သူ့မျက်လုံးများသည် လေးလံထိုင်းမှိုင်းလာသည်၊ သူသည် အိပ်ရာထက်သို့လှဲချလိုက်သည်။ မကြာခင်မှာပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွားလေ၏။

❐

သူသည် အိပ်ပျော်နေရာမှဖျတ်ခနဲလန့်နိုးလာသည်။ နေအတော်စောင်းနေပြီး သူသည် အိပ်ရာပေါ်မှမဆင်းသေးဘဲ လက်တစ်ဖက်ကို ကုတင်ဘေး၌တွဲလောင်းချကာ မြေကြီးကိုထိတွေ့ပွတ်သပ်နေသည်၊ အခုလို ဘာတာဝန်မှမရှိဘဲ လွတ်လွတ်လပ်လပ်နေရသည်မှာ မည်မျှကောင်းပါသနည်း။ လောလောဆယ်မှာကတော့ သူလုပ်ချင်စိတ်ရှိသည့်အခါ ထ၍လုပ်ရမည့်အလုပ်မှတစ်ပါး အခြားဘာအလုပ်မှမရှိ၊ သူ့အတွက် စိတ်ချမ်းသာစရာကောင်းသည့် အခြေအနေတစ်ရပ်ဖြစ်ပါ၏။

သူ့တဲ၏တံခါးဝရှေ့သို့ အရိပ်များကျလာစပြုပြီ၊ သူအိပ်ပျော်သွားခဲ့သည်မှာ မည်မျှကြာပြီနည်း။ သူသည် ဘောင်းဘီအိတ်ကပ်ထဲမှ အိတ်ဆောင်နာရီဟောင်းကြီးကို ဆွဲထုတ်လိုက်သည်။ ဤနာရီသည် သူ့အဖေနာရီဖြစ်၏၊ နာရီကိုကြည့်လိုက်သည့်အခါ ရပ်နေသည်ကိုတွေ့ရသည်။ နာရီကိုသော့ပေးပြီး အချိန်ကိုက်ရန်စိတ်ကူး



ည်၊ သို့သော်လည်း လက်တွေ့ကျတော့လုပ်၍မရ၊

သူ၏လက်ရှိအခြေအနေတွင် "အချိန်"သည် အရေးကြီးပါသလား၊ ဤနေရာတွင် အချိန်နှင့်လုပ်စရာဘာများရှိပါသနည်း။ ကျောင်းတက်ဖို့ မင်္ဂလာဆောင်ဖို့ ရှိခိုးဖို့၊ အလုပ်ဝင်ဖို့ စသည့်အချိန်နှင့်အတိအကျလုပ်ရသော အလုပ်ဟူ၍ မှ ရှိနေသည်မဟုတ်။

ဗိုလ်ဒမ်ဘာသည် ဆေးလိပ်တစ်လိပ်ကိုလိပ်၍ မီးညှိသည်၊ ပြီးတော့အေးဆေးဆေးဖွာရင်း သူ့အဖေ၏နာရီကိုကြည့်ကာ ရောက်တတ်ရာရာများစဉ်းစားည်။ ဤအရပ်ဤဒေသတွင် အချိန်နှင့်စား၊ အချိန်နှင့်လုပ်၊ အချိန်နှင့်အိပ်ဆိုသည် သုံးဝမရှိ၊ လိုလည်းမလိုအပ်၊ ဆာလာလျှင်ထသွားပြီး စားလိုက်ရုံသာရှိသည်၊ ချင်လာလျှင်လည်း အိပ်လိုက်ရုံသာရှိ၏၊ တကယ်တော့ ဤနေရာဒေသမျိုးတွင် ဆိုသည်မှာ မလိုအပ်သည့်အရာတစ်ခုသာဖြစ်သည်၊ "အချိန်ကာလ"ဟူ၍ မရှိနေရသည်မှာ သူ့အတွက်မည်မျှ ကောင်းပါသနည်း။

ထိုအခိုက်တွင် အပြင်မှခြေသံများကြားရသည်၊ လျှောက်လာလိုက်၊ ရပ်လိုက်၊ ပြီးတော့ ပြန်လျှောက်လိုက် အပေါက်ဝရှေ့သို့ အရိပ်တစ်ရိပ်ကျလာသည်၊ တ်ထပ်ခဏမှာပင် ကစ္စကိုဦးခေါင်းသည် တံခါးဝ၌ပေါ်လာသည်၊ ကစ္စကို၏နားသည်ထောင်နေသည်၊ မျက်လုံးများကလည်း ပြူးကျယ်နေသည်၊ တစ်စုံတစ်ခုကို လာမြင်လာသည့်ပုံမျိုး၊

ဗိုလ်ဒမ်ဘာက ကစ္စကိုအားကြည့်ပြီးရယ်သည်၊ ကစ္စကိုသည် ခေါင်းကိုခါခါ၊ လည်တစ်ခါခါလုပ်သည်၊ သူ့ခွာနှင့်မြေကြီးကိုရှုပ်သည် ကစ္စကို သည်ခုခုလုပ်ချင်နေသလား၊

အညောင်းအညာဖြေချင်သည်ထင်၏၊ သူ့မြင်းဇောင်းထဲ၌နေလာခဲ့ရည်မှာ နှစ်ရက်တိတိရှိခဲ့ပြီ မဟုတ်ပါလော၊

❐

ဗိုလ်ဒမ်ဘာသည် မြင်းစီးသမားကောင်းတစ်ယောက် မဟုတ်သော်လည်းကို၏သဘောသဘာဝကို ကောင်းစွာနားလည်သူဖြစ်သည်၊ သူသည် သူငယ်ဘဝည်းက မြင်းများကိုချစ်ခဲ့သူဖြစ်၏၊ ထိုအချက်ကြောင့်လားတော့မသိ၊ ဘယ်မြင်းတ်စီး စီးသူမြင်း၏အထာကို ကောင်းစွာနားလည်သည်၊ အထူးသဖြင့် ကစ္စကိုလိုသောမြင်းကို စီးရသည့်အခါပို၍သိသည်၊

သူသည် ကစ္စကို၏အပေါ်တွင် မြင်းကုန်းနှီးမတင်ဘဲစီးလာခဲ့သည်၊ စစ်တွင် ဘယ်သူမှမြင်းကုန်းနှီးမတင်ပဲ မြင်းမစီးရ၊ ဤသည်မှာ လူတိုင်းမဖျက်မစ်လိုက်နာရသည့်စည်းကမ်း၊ သို့သော်လည်း ဒမ်ဘာသည် ကစ္စကိုအားမြင်းနီးမတင်ဘဲ တက်လိုက်သည်၊ ဤခံတပ်တွင် စစ်သားဟူ၍ သူတစ်ဦးတည်းသာဖြင့် ထိုစည်းကမ်းကို လိုက်နာရန်မလိုဟု သူယူဆလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူကစ္စကို၏ကျောပေါ်သို့ ရောက်သွားခိုက်မှာပင် ဝံပုလွေကိုမြင်လိုက်
ပြန်သည်။ မြင်းဖောင်းနှင့်ကိုက်နှစ်ဆယ်ခန့်ဝေးသောနေရာမှ ရပ်ကြည့်နေခြင်းဖြစ်၏
ချောင်းတစ်ဖက်ရှိ တောင်ကုန်းပေါ်၌ရပ်နေခြင်းဖြစ်သည်။ မနေ့က နေရာပင်ဖြစ်၏
ဝံပုလွေသည် လှုပ်ရှားလာသည်။ ထိုနေရာမှ ထွက်သွားတော့မည်ဟန်ဖြ
နေရာမှ ကစ္စကိုအားမြင်လိုက်သည့်အခါ ရပ်သွားသည် သူသည် ဗိုလ်ဒမ်ဘာအာ
စိုက်ကြည့်နေသည်။

ဒမ်ဘာကလည်း အသေအချာပြန်ကြည့်သည်။ သူကောင်းကောင်းမှတ်
သည်၊ မနေ့ကမြင်ခဲ့ရသည့် ဝံပုလွေပင်ဖြစ်၏။ ရှေ့ခြေနှစ်ချောင်းစလုံးတွင် အဖြ
ကွက်ကလေးများရှိသည်။ ကြီးမားထွားကျိုင်းသောအကောင်ဖြစ်သည်၊ ကြည့်ရသည်
မှာ အသက်အတော်ကြီးရလာပြီဟု ယူဆရ၏။ သူ့အရေပြားများသည် တွဲအိကျ
ကြပြီ၊ ဝံပုလွေ၏နှုတ်သီးတစ်လျှောက်တွင် ဒဏ်ရာဟောင်းတစ်ခုမှ အမာရွတ်လို
အစင်းအကြောင်းတစ်ခုရှိသည်၊

ဝံပုလွေ၏အပြုအမူသည် ဖုတ်လတ်နိုးကြားရုံမျှမက သတိကြီးပုံလည်
ပေါ်သည်၊ သူသည် အရာဝတ္ထုတစ်ခုကိုကြည့်ရာ၌ တစ်ကိုယ်လုံးမလှုပ်ရှားဘဲ ကြ
တတ်ဟန်ရှိ၏၊ ငြိုးတော့လိမ္မာပါးနပ်ပုံလည်းပေါ်သည်၊ ထိုအရည်အသွေးကြောင့်
လျှင် ဤဝံပုလွေသည် ယခုအသက်အရွယ်အထိ နေနိုင်ခဲ့ခြင်းဖြစ်ပေလိမ့်မည်၊

သူဘာကြောင့် အခုတစ်ခေါက်ပြန်လာရသနည်း။

ဗိုလ်ဒမ်ဘာက သူမြင်းကစ္စကိုအားရှေ့သို့ ခြေတစ်လှမ်းမျှတိုးစေသည်
တခွကိုလှုပ်ရှားသည်ကိုမြင်သည့်အခါ ဝံပုလွေကလည်း လှုပ်ရှားလာသည်၊ ဗိုလ်ဒ
ဘာက သူမြင်းကိုဆက်သွားစေသည့်အခါ ဝံပုလွေကလည်း ဘေးတိုက်အနေအထာ
မြင့် လျှောက်လိုက်လာသည်။ ဒမ်ဘာက ကစ္စကိုအားရပ်လိုက်သည့်အခါ ဝံပုလွေ
လည်းရပ်နေသည်။

ဗိုလ်ဒမ်ဘာသည် ရုတ်တရက်သူမြင်းကို နောက်သို့လှည့်လိုက်ပြီး ဝံပု
နှင့်မျက်နှာချင်းဆိုင်လိုက်သည်။ ဝံပုလွေ၏မျက်လုံးများကို စူးစူးရဲရဲစိုက်ကြည့်သည်
ဝံပုလွေ၏မျက်လုံးများသည် ထက်သန်ပြင်းပြသော ဆန္ဒတစ်ခုကိုဖော်ပြနေသည့်
ရှိ၏။

ဝံပုလွေ၏ဆန္ဒသည် ဘာများပါလိမ့်။ ဝံပုလွေသည် ပါးစပ်ကိုဟကာ
ချက်မျှ အားရပါးရသန်းလိုက်ပြီး လှည့်ထွက်သွားသည်၊ ဗိုလ်ဒမ်ဘာကလည်း က
အားပြန်လှည့်ကာ အသားကျစီးလာခဲ့သည်။

❒

ဧပြီ ၁၃၊ ၁၈၆၃

ရိက္ခာအများအပြားရှိနေသော်လည်း ကျွန်တော်သည် ကျွန်တော့်အတွ
အစားအသောက်များကို ရာရှင်စနစ်ဖြင့်ခွဲတန်းချပြီး ထုတ်ယူစားသောက်ပါသ



လောလောဆယ်ပျောက်ကွယ်နေသော အစောင့်တပ်သည် အချိန်မရွေးပြန်ရောက်
နိုင်သကဲ့သို့ ထိုအစောင့်တပ်၏နေရာတွင် အစားထိုးခြင်းသည်လည်း အချိန်မ
ဖြစ်ပေါ်လာနိုင်သည်ဟု ယူဆမိ၍ဖြစ်ပါသည်။ ထိုကိစ္စမှာ အချိန်ဘယ်လောက်
ကြာနေမှ ဖြစ်ပေါ်လာလိမ့်မည်ကိုမူကား ကျွန်တော်အတိအကျ မခန့်မှန်းနိုင်ပါ၊

နောက်ဆုံးတစ်နေ့တွင် ဘယ်လိုပဲဖြစ်လာ ဖြစ်လာ အခုလောလောဆယ်
း ကျွန်တော်ကတော့ ရိက္ခာကိုချွေတာ၍စားသောက်သွားနိုင်အောင် ကြိုးစား
လိမ့်မည်ဖြစ်ပါသည်။ တခြားကြောင့်မဟုတ်ပါ။ ကျွန်တော်သည် ခံတပ် တစ်ခုလုံး၏
င်တ်အပိုင်းတစ်ခုဖြစ်နေပါသောကြောင့်ပါတည်း။ ကျွန်တော့်အနေဖြင့် ကော်ဖီကို
ဘာသောက်ရန်မှာမူ မလွယ်လှပါ။ သို့သော်လည်း မရမနေကြိုးစား ရလိမ့်မည်
ပါသည်။

အဖီတဲကို စတင်ဆောက်လုပ်နေပြီဖြစ်သည်။ ကျွန်တော့်လက်များသည်
ဟင်ယမ်းနာကျင်လျက်ရှိပါသည်။ သို့သော်လည်း အကယ်၍သာ ကျွန်တော့်အနေ
မနက်ဖြန်မနက်စောစောစီးစီးထ၍ အလုပ်လုပ်နိုင်မည်ဆိုပါက မနက်ဖြန်ညနေ
င်းတွင် အလုပ်ပြီးပြတ်သွားနိုင်ပါသည်၊

ယနေ့ညနေပိုင်းတွင် ကျွန်တော်အနီးအနားသို့ ကင်းထောက်ထွက်သည်၊
အမှုမတွေ့ရပါ။

ဤခံတပ်အနီးအနားသို့ ဝံပုလွေတစ်ကောင်ရောက်လာနေသည်၊ အ
ာင့်အယှက်တစ်ခုတော့ ဖြစ်လာမည်မထင်ပါ။ ကျွန်တော့်မြင်းမှတစ်ပါး ကျွန်တော့်
အလည်လာသည့်ဧည့်သည်ဆို၍ ဤတစ်ဦးတည်းသာလျှင်ရှိပါသည်။ သူရောက်
ာက်လာသည်မှာ နှစ်ရက်တိတိရှိခဲ့ပြီ၊ ညဖနေပိုင်းဆိုလျှင် သူရောက်လာစမြဲဖြစ်၏၊
ကယ်၍သာ သူမနက်ဖြန်ရောက်လာမည်ဆိုပါက သူ့အား "လက်ဖြူ"ဟု နာမည်
ရန် ကျွန်တော်စဉ်းစားထားသည်။ သူ၏ရှေ့လက် နှစ်ဖက်စလုံးသည် နွားနို့ရောင်
သို့ဖြူဖွေးနေကြသည်မဟုတ်ပါလား။

ဗိုလ်ဂျွန်ဂျေဒမ်ဘာ

အမေရိကန်ပြည်ထောင်စုတပ်

❒❒❒

www.burmeseclassic.com

[၃]

ခနာတ်ရက်အနည်းငယ်ကြာမှ အေးအေးဆေးဆေးပင်ရှိသည်၊ ဗိုလ်ဒမ်ဘာအဖို့ လက်များကသက်သာလာသဖြင့် အဖီတဲကိုဆက်ဆောက်သည်၊ သို့သော်လည်း ဆောက်လုပ်ပြီးစီး၍ မိနစ်နှစ်ဆယ်မျှအကြာ သူရပ်နားပြီး ဆေးလိပ်သောက်နေခိုက်တွင် ပြန်လည်ပြိုကျသွားသည်၊ သူသည် ပြိုကျနေသောအောက်မှ လေးဖက်ထောက်၍ထွက်လာခဲ့သည်။

သူသည် အဖီတဲ၏အားနည်းချက်များကိုလေ့လာသည်၊ ချက်ခြင်းပင် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ နေမဝင်မီပြီးစီးသွားသည်၊ ဤတစ်ကြိမ်မှာတော့ ပြဿနာမရှိ၊ အဖီတဲအရိပ်အောက်တွင် လှဲ၍စီးကရက်ကို ဖိမ်နှင့်ဖွာနိုင်ခဲ့၏၊ လေတိုက်တိုင်း တဖျတ်ဖျတ်လွင့်ကာ တဖျတ်ဖျတ်ရိုက်ခတ်နေသည့် ရွက်ထည်စအသံကို ကြားရသည်မှာ နားဝင်ချိုလှပါဘိခြင်း။

သူသည် ယှံစွပ်ကိုသုံးကာ တဲပြတင်းပေါက်ကိုရအောင်ဖောက်သည်၊ ပြတင်းပေါက်တွင် ရွက်ထည်စတစ်စကို ခန်းဆီးအဖြစ်တပ်လိုက်သည်၊ ထိုနော ရိက္ခာတဲကို ဆက်၍ပြင်သည်။ အလယ်တည့်တည့်မှ နိမ့်ကျနေသောခေါင်မိုးကို ပြ ရသည်မှာမလွယ်၊ တစ်ဖက်ကိုမြှင့်လိုက်လျှင် အခြားတစ်ဖက်က နိမ့်ဆင်းသွားသည် သူသည် ဤခေါင်မိုးကို ရုတ်တရက်အပြီးမသတ်နိုင်ဖြစ်ကာ လုံးချာလည်လျက် သည်။

သူသည် တဲထဲ၌အမောပြေလှဲရင်း ရိက္ခာတဲကိစ္စကိုစဉ်းစားသည်၊ ရင်ဆိုင်



နေရသည့်ပြဿနာအတွက် အဖြေရှာမရ၊ ရာသီဥတုကတော့ ကောင်းလှ၏၊ ကြမ်းတမ်းမည့်လက္ခဏာမတွေ့ရ၊ လေကလည်း ဖြည်းဖြည်းသာသာတိုက်ခတ်နေသဖြင့် စိတ်ချမ်းမြေ့စရာကောင်းလှပါဘိ၏။

မှန်းလွဲပိုင်းရောက်တိုင်း တစ်ရေးတစ်မောအိပ်စက်အနားယူသော ဘလေ့အထသည် သူ့တွင်စွဲနေပြီး ညစာမစားမီအနည်းဆုံး နာရီဝက်တော့အိပ်စမြဲ၊ "လက်ဖြူ"သည်လည်း နေ့စဉ်မှန်မှန်လာသည် သူလာလျှင် ချောင်းတစ်ဖက်ရှိတောင်ကုန်းကလေးအစွန်း၌ရပ်ကာ ဗိုလ်ဒမ်ဘာအား မျက်ခြည်မပြတ်ကြည့်နေတတ်၏၊

ဗိုလ်ဒမ်ဘာကလည်း လက်ဖြူလာလိုက်ပြန်လိုက်လုပ်နေသည်ကို ခွင့်ပြုထားသည်၊ အရေးမကြီးသောကိစ္စတစ်ရပ်အဖြစ် သဘောထားသည်၊ ဝံပုလွေရောက်လာပြီဆိုပါက သူ့အလုပ်ခွင်မှနေ၍ တစ်ချက်မျှကြည့်ပြီး သူ့အလုပ်သူဆက်လုပ်သည်၊ ဝံပုလွေကတော့ သူထိုင်နေကျနေရာမှာ ဆောင့်ကြောင့်ထိုင်ကာ ချောင်းတစ်ဖက်ကမ်းမှ ဗိုလ်ဒမ်ဘာအား အထူးအဆန်းတစ်ခုသဖွယ် ကြည့်နေလေ့ရှိ၏၊

တစ်ညနေခင်းတွင်မူ ဗိုလ်ဒမ်ဘာသည် သူ့အား လက်ဖြူကထိုင်ကြည့်နေခိုက် လက်သီးဆုပ်အရွယ်ခန့်ရှိ ဝက်ပေါင်ခြောက်တစ်တုံးကို သူရှိရာချောင်းကမ်းဘက်သို့ ချထားလိုက်သည်၊ နောက်တစ်နေ့မနက်တွင် ထိုဝက်ပေါင်ခြောက်တုံးကို မတွေ့ရတော့ပေ၊ သက်သေပြစရာအထောက်အထားမရှိသော်လည်း လက်ဖြူစားသွားသည်မှာသေချာသည်ဟု ဗိုလ်ဒမ်ဘာက နားလည်ထားသည်၊

[၄]

ဗိုလ်ဒမ်ဘာသည် အချို့သောအရာများကိုတော့ တစ်သသဖြစ်ခဲ့သည်၊ သူ့တွင် အဖော်မရှိသည့်အတွက်စိတ်မကောင်း၊ အရက်ကလေးတစ်ခွက်တစ်ဖလားမှ သောက်ရခြင်းအတွက်လည်း သူ့စိတ်သည် မကြည်မလင်ဖြစ်ရ၏၊ တစ်ခါတစ်ရံကျတော့လည်း အမျိုးသမီးတစ်ယောက်သို့မဟုတ် အမျိုးသမီးများနှင့်စကားစမြည် ပြောချင်၏၊ တွေ့ချင်ဆုံချင်သာယာချင်၏။

သူ့အနေဖြင့် ဆက်ဂျဝစ်ခံတပ်၌နေသားတကျ ရှိလာလေလေ အဖော်တစ်ယောက်ရှိချင်လေဖြစ်မိသည်၊ သူ၏လိုအင်ဆန္ဒများ မပြည့်မဝဖြစ်လာသည့်အခါ စိတ်သည် ကြည်လင်သာယာခြင်းကင်းမဲ့လာသည်၊ ထိုအချိန်မျိုးတွင် သူသည် လုံးလေးလံထိုင်းမှိုင်းကာ တွေတွေငေးငေးဖြစ်နေတတ်၏။ သို့သော်လည်း ကြာရှည် တော့မဟုတ်၊ သတိဝင်လာသည့်အခါ ချက်ခြင်းပင်ထိုစိတ်ကိုဖျောက်ပြီး လုပ်စရာ ရှိသည်များကို ဇောက်ချ၍လုပ်နေလေ့ရှိသည်၊ တစ်ခါတလေကျတော့လည်း သူ့အဖြစ်သည် အလွန်ကြီးမားနက်ရှိုင်းသော မြစ်ကြီးတစ်ခုအတွင်းမှ ရေစီးကြောင်းလေးတစ်ကြောင်းနှင့်တူလှသည်ဟု တွေးမိတတ်သည်။

မည်သို့ပင်ဖြစ်စေ သူသည် နေ့စဉ်နှင့်အမျှ ကာစ္စကိုအားစိုက်၍ကင်းထောက်

www.burmeseclassic.com



ထွက်ရသည့်အလုပ်ကိုမူ အလွန်မြတ်နိုးလာခဲ့သည်။ သူနှင့်ကစ္စကိုသည် နေ့စဉ်အရပ် လေးမျက်နှာသို့သွားလေ့ရှိ၏။ တစ်ခါတစ်ရံတွင် သူတို့သည်ခံတပ်နှင့် ငါးမိုင်ခြောက် မိုင်အကွာအထိရောက်သွားလေ့ရှိ၏။

သူသွားလေရာလမ်းတစ်လျှောက်တွင် ကျွဲဆို၍လည်း တစ်ကောင်တစ်မြီး မတွေ့ရ၊ အင်ဒီးယန်းကိုလည်း တစ်ယောက်တစ်လေပင်မမြင်ရ၊ ထိုအခါ စိတ်ပျက်သ လိုလိုတော့ဖြစ်မိ၏။ သို့သော်လည်း အပြောကျယ်လှသော ပရေးရီမြက်ခင်းပြင်ကို မြင်လိုက်ရတိုင်း သာယာကြည်နူးသော စိတ်သည်ဝင်လာစမြဲ။ မြက်ခင်းပြင်ကြီးသည် ကြည့်မျှော်၍မဆုံးနိုင်အောင်ပင် ကျယ်ပြန့်လှ၏။ ပြီးတော့မြက်ခင်းပြင်ပေါ်၌ ပွင့်ဖူး နေကြသည့်အရိုင်းပန်းများ. . . ။

မြက်ခင်းပြင်ကြီးပေါ်တွင် အသန့်ဆုံး အရှည်ဆုံးနှင့်အကောင်းဆုံးမြက်မှာ ကျွဲရိုင်းမြက်ပင်ကြီးများဖြစ်၏။ ကြည့်လိုက်လျှင် ဝါရောင်သန်းနေသော ထိုကျွဲရိုင်း မြက်ကြီးများမှာ မျက်စိတစ်ဆုံးအထိတည်ရှိနေကြသည်။ လေယူရာတိမ်း၍ ယိမ်းနွဲ့ လှုပ်ရှားနေကြသော မြက်ပင်ကြီးများသည်ကြည့်မဝ၊ ရှုမဝရှိလှပါဘိ၏။

တစ်နေ့သော မွန်းလွဲပိုင်းတွင် ဗိုလ်ဒမ်ဘာသည် ကစ္စကိုအားထုံးစံအတိုင်း မြင်းတုန်းနိုးမတင်ဘဲစီးကာ ခံတပ်ထဲမှထွက်လာခဲ့သည်။ စိတ်ထဲက မလုံသလိုဖြစ်လာ သဖြင့် နောက်သို့လှည့်ကြည့်လိုက်သည့်အခါ သူ့နောက်မှ လက်ဖြူလိုက်လာနေသည် ကိုမြင်ရသည်။ သူနှင့်ကိုက်နှစ်ရာခန့်အကွာမှ လိုက်လာနေခြင်းဖြစ်၏။

ဗိုလ်ဒမ်ဘာသည် ကစ္စကိုအားဇက်သတ်ကာ ဖြည်းဖြည်းမှန်မှန်သွား သည်။ ထိုအခါ ဝံပုလွေကလည်း ခပ်ဖြည်းဖြည်းလျှောက်၍လိုက်လာသည်။ ဤတ ကြိမ်တွင် ဝံပုလွေသည် ရပ်နေခဲ့ခြင်းမရှိ။

တဖြည်းဖြည်းနှင့်ဝံပုလွေသည် မြက်ပင်ရှည်ကြီးများကြားသို့ဝင်သွားသည် ခဏမျှအကြာတွင် ဝံပုလွေသည် သူ့ဘယ်ဘက်ကိုက်ငါးဆယ်ခန့်အကွာ၌ ဆော ကြောင့်ထိုင်ကာ သူ့ဆီမျှော်ကြည့်နေသည်ကိုတွေ့ရ၏။ အကယ်၍ဗိုလ်ဒမ်ဘာဆ သွားလျှင် သူသည် ဆက်၍လိုက်ရန်စောင့်စားနေသည့် အရိပ်လက္ခဏာကို ဖော် လျက်ရှိလေသည်။

ဒမ်ဘာနှင့်ကစ္စကိုသည် ပရေးရီးမြက်ပင်ကြီးများကြားသို့ တိုးဝင်ခဲ့သည် လက်ဖြူကလည်း သူတို့နှင့်အတူ ဘေးတိုက်လိုက်လာသည်။ ဗိုလ်ဒမ်ဘာသည် လ ဖြူ၏အနေအထားကို သိလိုသဖြင့် ရပ်လိုက်သွားလိုက် လုပ်လုပ်ကြည့်သည်။ လက် ကလည်း သူရပ်လျှင်ရပ်၍ သူသွားလျှင် သွားသည်ကိုသိလာရ၏။ လက်ဖြူ အဝါရောင်မျက်လုံးအစုံသည် အမြဲတစေနီးကြားဖျတ်လတ်နေသည်။ သူ့မျက်လုံး သည် ဗိုလ်ဒမ်ဘာထံမှ ခွာသွားသည်ဟုမရှိ။

ဒမ်ဘာက လမ်းကြောင်းပြောင်းလျှင် လက်ဖြူကလည်း လိုက်ပြော သည်။ ဒမ်ဘာကွေ့လျှင်ကွေ့၍ ဒမ်ဘာတည့်တည့်သွားလျှင် တည့်တည့်လိုက်သည် သို့သော်လည်း ကိုက်ငါးဆယ်အကွာထက်ပိုလည်းမပို လျော့လည်းမလျော့။ ဒမ်ဘာ



လက်ဖြူ၏အထာကိုသိလိုသဖြင့် ကစ္စကိုအားခပ်သွက်သွက်စီးကြည့်သည်။ လက်ဖြူကလည်း ခြေလှမ်းများကို ခပ်ကျဲကျဲလှမ်း၍လိုက်လာလေသည်။

ဗိုလ်ဒမ်ဘာနှင့်ကစ္စကိုတို့ ရပ်နားသည့်အခါ လက်ဖြူသည်လည်း ရပ်နား သည်။ ဗိုလ်ဒမ်ဘာအဖို့ တွေးစရာများရှိလာသည်။ ဤဝံပုလွေသည် တစ်ချိန် က တစ်နေရာတွင် လူနှင့်အနေနီးခဲ့ဖူးသည်ထင်၏။ သို့တည်းမဟုတ် ဤဝံပုလွေ သည် ခွေးနှင့်စပ်ကျထားသည့် သတ္တဝါဖြစ်လေသလား။ သူသည် လက်ဖြူအား သူ့အနား သို့ကပ်လာစေရန် သွေးဆောင်ကြည့်၏။ လက်ဖြူမလာ။ သူ့အနားကပ် သွားဖို့ ကြိုးစား ပြန်တော့လည်း ထွက်ပြေးသည်။ ထိုအခါကျတော့လည်း လက်ဖြူ သည် ဝံပုလွေစစ်စစ်ပင်ဖြစ်ရမည်ဟု သတ်မှတ်ရပြန်သည်။

"လက်ဖြူ. . . လက်ဖြူ"ဟု ဗိုလ်ဒမ်ဘာကခေါ်ကြည့်သည်။

ဝံပုလွေသည် သူ့နားရွက်များကို ဖျတ်ခနဲထောင်ကာစွင့်ထားသည်။

"တို့သွားကြစို့"

သူတို့သုံးဦးသည် နောက်ထပ်တစ်မိုင်ခန့်ခရီးဆက်ကြသည်။ မြက်ပင်ရှည် ကြီးများကြားမှ ခုန်ကျော်ပြေးလွှားနေကြသော သမင်တစ်အုပ်နှင့်တိုးသည်။ ဗိုလ် ဒမ်ဘာသည် မြင်းကိုရပ်ကာ သမင်များလွန်သွားသည်အထိ စောင့်ကြည့်နေသည်။

လက်ဖြူသည်လည်း သမင်များကိုမြင်နေသည်။ သူ့ဘယ်လိုတုံ့ပြန်မလဲဟု သိလိုသဖြင့် ဒမ်ဘာက လှည့်ကြည့်သည်။ ဝံပုလွေကိုမှမတွေ့ရတော့ပေ။ ဘယ်အချိန် ပျောက်သွားမှန်းမသိ ထွက်သွားပြီ။

ကောင်းကင်ပြင်၏အနောက်ဘက် မိုးကောင်းကင်စက်ဝိုင်းဆီတွင် တိမ် တိမ်မဲများစုနေသည်။ တစ်ချက်တစ်ချက်တွင်ဝင်းခနဲ၊ လက်ခနဲလျှပ်စီးလက်နေ သည်ကိုမြင်ရ၏။ မိုးခြိမ်းသံများကို ကြားရမည့်လက္ခဏာလည်းရှိ၏။

အပြန်ခရီးတွင် ဒမ်ဘာသည် ရှေ့တည့်တည့်၌တာစူနေသည့် မုန်တိုင်းကို ဆက်ထား၍ကြည့်လာသည်။ မုန်တိုင်းသည် မိမိတို့ဆီသို့ရွေ့လျားလာနေပြီ။ မိုးက တော့ သည်းသည်းမဲမဲရွာတော့မည်ထင်၏။

ဗိုလ်ဒမ်ဘာ၏မျက်နှာသည် မှုန်မှိုင်းလာသည်။ သူ့တွင် အဝတ်တွေလျှော် ဖွပ်ရမည့်အလုပ်က ရှိနေ၏။ အထူးသဖြင့် သူ့စောင်များမှအနံ့သည် ညစ်ပတ်ပေရေ နေသောခြေအိတ်များမှ ထွက်လေ့ရှိသည့်အနံ့လို ပုပ်အဲ့အဲ့ဖြစ်နေပြီမဟုတ်ပါလား။

□□□

www.burmeseclassic.com

[၈]

ဗိုလ်ဒမ်ဘာသည် ရာသီဥတုနှင့်ပတ်သက်၍ မိရိုးဖလာစလေ့ထုံးစံအတိုင်း
ကျင့်သုံးခဲ့ကြသည့်နည်းများကို အသုံးပြု၍ခန့်မှန်းခဲ့ခြင်းဖြစ်၏။ သို့သော်လည်း
ခန့်မှန်းချက်သည်မှားနေသည်။

မြင်းထန်စွာကျလာလိမ့်မည်ဟု ဗိုလ်ဒမ်ဘာယူဆထားခဲ့သော မုန်တိုင်း
သည်ယမန်နေ့ညက ဆက်ဂျ်ဝစ်ခံတပ်ပေါ်သို့ မိုးတစ်စက်မှမကျဘဲ အေးအေး
သာပင်ဖြတ်သွားခဲ့၏။ နောက်နေ့မနက်မိုးလင်းသည့်အခါ ကောင်းကင်သည်အပြာ
ရောင်သမ်းကာ ကြည်လင်သာယာလျက်ရှိ၏။ လေကလည်း ညင်သာစွာတိုက်ခတ်
လျက်ရှိ၏။ နေရောင်ကလည်း ကြည်လင်တောက်ပလျက်ရှိ၏။

ဗိုလ်ဒမ်ဘာသည် ကော်ဖီသောက်ရင်းနှင့် သူ၏ရေးပြီးသားအစီရင်ခံစာ
ကိုပြန်ဖတ်နေသည်။ အစီရင်ခံစာတွင် သူလုပ်ထားခဲ့ပြီးသမျှ အလုပ်များကိုတစ်ခုချင်း
စီဖော်ပြထားသည်။ ယင်းတို့အထဲမှ မသင့်တော်သည့်အချက်များကိုဖျက်ပစ်သည်။
လိုအပ်သည့်နေရာများတွင် ဖြည့်စွက်ရေးသားသည်။

မတ်ခွက်ထဲသို့ ကော်ဖီငှဲ့ထည့်နေခိုက်မှာပင် အနောက်ဘက်အတော်
ဝေးဆီမှ ထူးဆန်းသောတိမ်တစ်လိပ်ကို လှမ်းမြင်လိုက်သည်။ အရောင်မှာ အညို
ရောင်နှင့်အမဲရောင်ရောစွက်နေသည်။ မိုးကုပ်စက်ဝိုင်း၏အောက်ခြေ၌ ခပ်နိမ့်နိမ့်
တည်ရှိနေခြင်းဖြစ်သဖြင့် တိမ်ဟုအတိအကျပြော၍လည်းမရ။

ပုံသဏ္ဌာန်မှာ မြူနှင်းလိုလိုဖြစ်ရာ တိမ်ဟုသတ်မှတ်ရန်ခက်သည်။



စစ်ဖိုမှထွက်လာနေသည့် မီးခိုးငွေ့နှင့်ခပ်ဆင်ဆင်တူသည်။ မနေ့ညက မိုးကြိုးပစ်သ
ဖြင့် တစ်နေရာရာမှသစ်ပင် စသည့်တစ်ခုခုကို မီးလောင်နေလေသလား။ သို့မဟုတ်
ရေးရိုးမြက်ခင်းပြင်ကို မီးရှို့ထားကြလေသလား။

သူသည် ထိုညိုမည်းမည်းတိမ်ဆီသို့ မျှော်ကြည့်ကာတွေဝေငေးမောနေ
သည်။ မွန်းလွဲပိုင်းရောက်နေပြီဖြစ်၍ ထုံးစံအတိုင်း အပြင်သို့ထွက်ရဦးတော့မည်။
သူသည် ကစ္စကိုအားစီးကာ ခံတပ်အပြင်သို့ထွက်လာခဲ့သည်။ အကယ်၍ ပရေးရီး
မြက်ခင်းကိုသာ မီးလောင်ပါက ထိုမီးသည်အဆမတန်ကြီးမားပြီး အလွန့်အလွန်လျှင်
မြန်စွာ ကူးစက်တတ်သည်ဟု သူကြားဖူးထားသဖြင့် စိုးရိမ်စိတ်ဝင်လျက်ရှိလေသည်။

□

သူတို့ထွက်လာသည်မှာ မနေ့ကဖြစ်၏။ နေဝင်ဆည်းဆာအချိန်တွင်
ထွက်လာခဲ့ကြခြင်းဖြစ်သည်။ အားလုံးမိုးမိလာကြသဖြင့် စိုရွှဲနေသည်။ သို့သော်လည်း
သူတို့ စိတ်ဓာတ်တွေကတော့ စွတ်စိုအေးမြခြင်းမရှိ။ သူတို့အနေဖြင့် ဆောင်းရာသီစ
ခန်းခဲ့နေ၍ တောင်စူးစူးသို့ထွက်လာခဲ့သည့် ခရီးရှည်ကြီးသည် ပြီးဆုံးသွားခဲ့ပြီမ
ဟုတ်ပါလား။

မကြာမီ နွေဦးပေါက်တော့မည်။ ထိုရာသီသည် သူတို့အတွက် အပျော်ဆုံး
သောအချိန်ကာလဖြစ်၏။ သူတို့၏မြင်းပုကလေးများသည် ယခင်ကနှင့်မတူ တစ်နေ့
ထက်တစ်နေ့ ဝလာသည်။ တောင့်တင်းကြံ့ခိုင်လာသည်။ သူတို့ထွက်လာခဲ့ရသော ခရီးရှည်
ကြီးကြောင့် လူတိုင်းပင်ပန်းခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေ နွေရာသီအမဲလိုက်လုပ်ငန်း
စတင်ကြရတော့မည်ဖြစ်၍ ကြိုတင်ပြင်ဆင်မှုများကို လုပ်ကြရပေတော့မည်။
အပ်များ မကြာခင်ရောက်လာကြတော့မည်ဟူသော အတွေးသည် သူတို့စိတ်ကို
ရွှင်လန်းတက်ကြွစေခဲ့၏။

နွေရာသီစခန်းဆိုသည်မှာ သူတို့၏ဘိုးဘွားဘီဘင်ခေတ်ကတည်းက စဉ်
ဆက်မပြတ်လုပ်လာခဲ့သော အရာတစ်ခုဖြစ်၏။ ထို့ကြောင့်လည်း သူတို့သည် နွေရာ
သီစခန်းချခြင်းကို များစွာအလေးအနက်ပြုခဲ့ကြ၏။ အခုလည်း သူတို့အုပ်စုတွင်
ကျား၊မိန်း၊ကလေး၊လူကြီး စုစုပေါင်း၁၇၂ဦးမျှရှိ၍ လူတိုင်းပင်ရွှင်လန်းမြူးတူး
လျက်ရှိကြသည်။ ကိုယ့်ရပ်ကိုယ့်ရွာကိုယ့်အိမ်ယာသို့ ပြန်လည်ဆိုက်ရောက်ကြခြင်း
ဖြစ်သောအယူအဆကြောင့် သူတို့အားလုံးပင်ပန်းမှုဟူ၍ မရှိသလောက်ပင်ဖြစ်သည်။

အားလုံးပင် ရွှင်လန်းပြုံးရယ်မောနေကြသည်။ ကလေးသူငယ်များနှင့်
ယ်လူရွယ်များသည် မြင်းပုကလေးများနှင့်အတူ ခုန်ပေါက်မြူးတူးနေကြသည်။
သူရဲကောင်းများသည် သူတို့ပါဝင်ဆင်နွှဲခဲ့ရသည့်စစ်ပွဲများအကြောင်း ရှေး
ဟောင်းနှောင်းဖြစ်များကို ပြောဆိုနေကြသည်။ မိန်းမများကတော့ သွက်လက်တက်
ကြွစွာဖြင့် မနက်စာကို ချက်ပြုတ်နေကြသည်။

သူတို့လူစုသည် ကိုမင်ချီလူမျိုးနွယ်ဝင်အုပ်စုပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဒမ်ဘာမြင်တွေ့ခဲ့ရသော တိမ်လိုလို မီးခိုးငွေ့လိုလိုအရာသည် အခြ
မဟုတ် ဤကိုမင်ချီများ မနက်စာချက်ပြုပ်ရာမှ ထွက်လာသည့်မီးခိုးများဖြစ်သည်
သူတို့သည် ဆက်ဂျဲဝစ်ခံတပ်၏ အနောက်ဖက်ရှစ်မိုင်ကွာရှိ ချောင်းကမ်
ပါးထက်၌ စခန်းချနေကြခြင်းဖြစ်သည်။ ချောင်းမှာ ဆက်ဂျဲဝစ်ခံတပ်ဘေးမှစီးသွ
နေသည့်ချောင်းပင်ဖြစ်သည်။

□

ဒမ်ဘာသည် လျှော်သင့်သည့်အဝတ်အားလုံးကို ကျောပိုးအိတ်ထဲထ
သည်။ ဟောင်စပ်စပ်အနံ့ဆိုးများထွက်နေသည့် စောင်များကိုမူ ပခုံးပေါ်တင်သည်
ပြီးတော့ ဆပ်ပြာတစ်တုံးကိုယူကာ ချောင်းထဲသို့ဆင်းလာခဲ့၏။
ချောင်းဘေးတစ်နေရာ၌ ဆောင့်ကြောင့်ထိုင်ကာ အဝတ်များကိုထုတ်
၍လျှော်သည်၊ ဤအဝတ်အားလုံးကို လျှော်ဖွတ်ပြီးနေလှန်းထားစဉ်အတွင်း သူ့
ဝတ်စရာတစ်ခုမှမရှိ၊
ဂရိုဘ်ကုတ်အနွေးထည်ကြီးကို ဖွတ်ခနဲသတိရသည်။ သို့သော်လည်
ခုတ်ခြင်းပင် နောက်တစ်ခုစဉ်းစားမိသည်။ သူသည် တစ်ချက်မျှဟက်ခနဲ ရယ်လို
မိ၏။ "ဒီနားမှာ ဘယ်သူမှမရှိဘူး၊ ငါနဲ့ပရေးရီမြက်ခင်းပဲရှိတာ၊ ဘာမှမဝတ်ဘဲ
တော့ရောဘာဖြစ်မှာလဲ"ဟု အသံထွက်ပြီးပြောမိသည်။
သူသည် ဘာမှမဝတ်တော့ဘဲ အဝတ်ဟောင်းများကိုယူ၍ ရေထဲဆ
သည်။ ကြည်လင်သောရေပြင်တွင် သူ့မျက်နှာကိုပြန်မြင်ရသည်။ သူ့မျက်နှာသူ
မမြင်ဘဲနေခဲ့သည်မှာ သီတင်းနှစ်ပတ်ပင်ကျော်ခဲ့ပြီ မဟုတ်ပါလော။ သူသည် ခ
ရပ်၍အသေအချာထပ်ကြည့်သည်။
သူ့ဆံပင်ပွေ့မှာရှည်လှပြီ၊ သူ့မျက်နှာမှာ ပိန်ချောင်ချောင်ဖြစ်နေသည်
မုတ်ဆိတ်မွေးက ထိုးထိုးထောင်ထောင်ဖြစ်နေသဖြင့် ကြည့်၍မကောင်း သူ့ခန္ဓာကို
သည် အလေးချိန်အတော်ကျသွားသည်ဟုထင်၏။ သို့သော်လည်း သူ့ရုပ်ရည်
ကြည့်လို့ကောင်းဆဲဟုယူဆသည်။ သူသည် ရေထဲမှ သူ့မျက်နှာကိုကြည့်၍ပြုံးလိုက်
သည်။
မုတ်ဆိတ်မွေးများမှ ကြာကြာကြည့်လေ စိတ်ပျက်စရာကောင်းလေဖြ
နေသည်။ သူသည် တဲဆီသို့ပြန်ကာ မုတ်ဆိတ်ရိတ်ဓားကိုယူသည်။ မုတ်ဆိတ်ရိတ်
နေခိုက်တွင် ရေထဲ၌ပေါ်နေသည့် သူ့အသားအရောင်ကိုကြည့်သည်။ သူ့အသား
အရောင်သည် ခါတိုင်းလိုပင်ဖြူဖွေးနေဆဲ။

□

"ခြေကန်ငှက်"သည် စခန်းမှ အရှေ့ဖက်မတက်မီကတည်းက ထွက်လာ



ခြင်းဖြစ်၏၊ သူထွက်လာခြင်းနှင့်ပတ်သက်၍ ဘာပြဿနာမှမရှိ။ ဘယ်သူကမှလည်း
မေးနေစရာမလို၊ သူကလည်း သူ၏လှုပ်ရှားမှုအတွက် ဘယ်သူ့ကိုမှ ရှင်းပြနေ
လို၊ သူအခုလိုထွက်လာသည့်အတွက် သူ့စခန်းအပေါ်ဘေးအန္တရာယ် ကျ
ရောက်ရာလည်းလုံးဝမရှိ။
သူ "နတ်ဆရာ"ဖြစ်လာသည်မှာ မကြာသေး။ တစ်နှစ်မျှသာရှိသေး၏၊
ကာလအတွင်း သူလုပ်ခဲ့သမျှအလုပ်များသည် သူ့လူများအပေါ် ဘေးဥပဒ်
အန္တရာယ် ကျရောက်ခြင်းဟူ၍မရှိခဲ့။ တကယ်တော့လည်း သူသည် အလုပ်လုပ်ရာ၌
သာကျသည်မဟုတ် အလွန်စေ့စပ်သေချာသည်။ ပြီးတော့ သူ့တာဝန်သည်
လူများ၏ တိုးတက်ကောင်းစားရေးကို နေ့စဉ်နှင့်အမျှကြည့်ရှု စောင့်ရှောက်ပေး
ဖြစ်သည်၊
သူသည် ထိုတာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ခဲ့သည်။ ထိုတာဝန်အ
တွက် သူသည်အလုပ်ပေါင်းအမြောက်အမြားကိုလုပ်ပေးခဲ့သည်။ သူ့လူစုအား စီမံ
ခန့်ခွဲရာ၌ အဆင်ပြေစေရန်အတွက် ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ လိုအပ်လာ
သည့်အခါ ဆေးဝါးများဖြင့် ပြုစုကုသပေးခဲ့သည်။ နေ့စဉ်ပြုလုပ်သည့် အဖွဲ့ကောင်စီ
ပါဝင်ဆွေးနွေး အကြံပေးခဲ့သည်။
ဤလုပ်ငန်းတာဝန်များကို သူဆောင်ရွက်ပေးနေသဖြင့် သူ၏မယားနှစ်
ယောက်နှင့်သားသမီးလေးယောက်ကို ကောင်းစွာကျွေးမွေးစောင့်ရှောက်နိုင်သည့်
အခြေနေကိုပိုင်ဆိုင်ခဲ့ရ၏။ အမှန်တော့ ထိုတာဝန်များကိုသူဆောင်ရွက်ရာ၌ နားတစ်
ဖက်နှင့်မျက်စိတစ်လုံးကို "မဟာဝိညာဉ်တော်ကြီး" ဘက်သို့လှည့်ထားရသည်၊ မဟာ
ဝိညာဉ်တော်ကြီး၏စကားကို နားထောင်ရသည်။ မဟာဝိညာဉ်တော်ကြီးကပြသည့်
အတိတ်နိမိတ်အရိပ်လက္ခဏာများကို အမြဲတစေသတိနှင့်စောင့်ကြည့်နေရသည်။
ခြေကန်ငှက်သည် သူ့တာဝန်များကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဆောင်ရွက်
ပေးနေခြင်းဖြစ်ရာ ထိုအချက်ကို သူ့လူများကကောင်းစွာနားလည်ကြသည်၊
ထို့ကြောင့် လည်း သူလုပ်ကိုင်နေသမျှအပေါ်တွင် သံသယမရှိကြ၊ ယနေ့မနက်
အစောကြီး ထ၍ထွက်လာသည်ကို အိပ်ရာမှစောစောနိုးသူများက သိကြခြင်း
ဖြစ်သည်။ သို့သော်လည်း မည်သူမျှ သူ့အား ဘယ်သွားမှာလဲဟု မမေးကြ၊
အမှန်တော့ သူထွက်လာခဲ့ခြင်းမှာ အကြောင်းထူးရှိ၍မဟုတ်၊ ပရေးရီ
မြက်ခင်းပြင်ထက်၌ မြင်းလျှောက်စီးခြင်းဖြင့် သူ့ခေါင်းကိုရှင်းရန်သာဖြစ်သည်၊ ထို့
ကြောင့်လည်း သူသည် သူ၏အကောင်းဆုံးမြင်းကို စီးလာခဲ့သည်၊ သူသည် ဘယ်ကို
သွားဖို့စိတ်မကူး၊ သူကလေးသူငယ်ဘဝကတည်းက ရောက်ခဲ့ဖူးသောချောင်းဆီသို့
သာခဲ့ခြင်းသာဖြစ်၏။
သူသည် ပရေးရီမြက်ခင်းပြင်ကိုကြည့်ကာ ကျေနပ်အားရခြင်းဖြစ်သည်၊
လာမည့်နွေရာသီတွင် အစာရေစာပေါများမည့် အရိပ်လက္ခဏာများဆို သည်
သဖြင့် ဝမ်းသာအားတက်လျက်ရှိ၏။ ထုံးစံအတိုင်း ရုန်သူတွေတအော ပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ သို့သော်လည်း မိမိတို့အုပ်စု၏အင်အားသည် ခိုင်မာတောင့်တင်
နေသဖြင့် စိုးရိမ်ကြောက်လန့်နေစရာမလို။ လာမည့်ရာသီသည် မိမိတို့အတွက်
အစာရေ စာပေါမျှားကြွယ်ဝမည့် အနေအထားသို့ရှိနေသည်။

သူ့အတွေးနှင့်သူကျေနပ်အားရလျက်ရှိသော ခြေကန်ငှက်သည် မပြုံးပဲ
နေနိုင်၊ ပြုံးမိသည်။ လှပသောဤဒေသတစ်လျှောက်တွင် နေရာအနှံ့ရောက်အောင်
သွားလိုက်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။ သူသည် ဖြည်းဖြည်းချင်းတက်လာနေသော
နေရောင်အောက်တွင် သူ့မြင်းကို ခပ်သွက်သွက်နှင်သည်။

❒

ဗိုလ်ဒမ်ဘာသည် စောင်များကိုရေထဲသို့နှစ်လိုက်သည်။ အနီးအနားတွင်
စောင်များကိုတင်၍ ဖွတ်စရာနေရာရှာသည်။ ကျောက်တုံးဟူ၍ တစ်တုံးမှမတွေ့
သူသည် ရေတစ်စက်စက်ကျနေသောစောင်များနှင့် အဝတ်အစားများကိုပွေ့ကာ
ဖွတ်စရာနေရာလိုက်ရှာသည်။ ချောင်းအောက်ဖက်တစ်နေရာ တွင် ကျောက်တုံးတစ်
တုံးတိုတွေ့သည်။ သူသည် အဝတ်များကို ကျောက်တုံးပေါ်တင်၍ ဆပ်ပြာနှင့်တိုက်
သည်။ ထုလိုက်ရိုက်လိုက်လုပ်သည်။ အမှန်တော့ သူသည် အဝတ်အစားလျှော်ဖွတ်
ဘူးသူခတုတ်။

ခံတပ်သို့ သူရောက်လာခဲ့သည်မှာ သီတင်းနှစ်ပတ်ရှိခဲ့ပြီ။ ဤနှစ်ပတ်အ
တွင်း သူမလုပ်ခဲ့ဘူးသည့်အလုပ်များကိုလုပ်ခဲ့ရ၏။ ယခုလည်း အဝတ်များကိုလျှော်
နေရပြန်သည်။ သူသည် အဝတ်များကိုလှန်းရန်နေရာတစ်ခု ရှာရပြန်သည်။ ချောင်း
ဘေးတစ်နေရာတွင် ဝက်သစ်ချပင်တစ်ပင်ကိုတွေ့သည်။ နေရောင်ခြည်ကို ကောင်း
တောင်းရသောနေရာဖြစ်သဖြင့် ထိုသစ်ပင်ကိုပင် သူရွေးလိုက်သည်။ သူသည်
လျှော်ပြီးသား အဝတ်များအားလုံးကို ထိုသစ်ပင်ပေါ်မှာပင် လှန်းလိုက်သည်။ ထို့
နောက် ဆေးလိပ်သောက်ချင်သဖြင့် ခံတပ်ဆီသို့ပြန်လာခဲ့လေသည်။

❒

ခြေကန်ငှက်သည် ထိုလူများ၏အကြောင်းကို လူပြောသူပြောဖြင့် ကြားခဲ့
ရဖူးသည်မှာ အကြိမ်ပေါင်းများလှပြီ။ ထိုလူများသည် အရေအတွက်အလွန်များသည်
ဟုပြောကြ၏။ ထိုလူများသည် ငှက်အုပ်တွေနှင့်အလွန်တူသည်ဟုပင် ပြောစမှတ်ပြု
ကြသည်။ ထိုလူများ၏အကြောင်းကိုတွေးလိုက်လျှင် ခြေကန်ငှက်၏စိတ်သည် စ
သက်မသာဖြစ်ရ၏။

သူမြင်ဖူးခဲ့သည်များကို ပြန်၍စဉ်းစားလိုက်သည့်အခါ ပါးစပ်ပတ်ပတ်
လည်၌ အမွေးများဝိုင်းရံနေသည့်အဖြစ်ကို မြင်ယောင်လာသည်။ သူ့အဖို့ကတော့
ထိုအဖြစ် သည် အံ့သြစရာလည်းကောင်းသည်။ စိတ်ထဲတွင် မသတီစရာလည်း



ကောင်းသည်။ ပြီးတော့ သနားစရာကောင်းသည့် အဖြစ်တစ်ခုဟုလည်းထင်သည်။

သူ့စိတ်အာရုံသည် ခံတပ်ထဲမှစစ်သားများဆီသို့ ရောက်သွားပြန်သည်။
စစ်သားများတွင် ပစ္စည်းတွေကတော့ အလျှံပယ်ရှိပါ၏။ သို့သော်လည်း အခြား
နေရာများတွင်မူ ညံ့ဖျင်းလှချေသည်။ စစ်သားများသည် သေနတ်ပစ်ရာ၌လည်း
ညံ့ဖျင်းလှ၏။ ကြီးမားထည်ဝါသော မြင်းကြီးများကိုစီးရာ၌လည်း အလွန်ညံ့ဖျင်း
သ၏။

သူတို့ကို လူဖြူစစ်သည်တော်များဟု အများကအသိအမှတ်ပြုထားကြ
သည်၊ သို့သော်လည်း သွက်လက်ခြင်းမရှိ။ ဖျတ်လတ်တက်ကြွမှုလည်း နည်းပါးလှ
သည်၊ ကြောက်စိတ်ဝင်ရာ၌လည်း အလွန်မြန်၏။ သူတို့ထံမှမြင်းများကို ခိုးယူရသည်
မှာ အလွန်လွယ်ကူသဖြင့် ရယ်စရာကောင်းလှချေသည်။

ဤလူဖြူများသည် ခြေကန်ငှက်အတွက် အလွန်နားလည်ရခက်သော
လူမျိုးများဖြစ်နေသည်။ သူတို့အကြောင်းစဉ်းစားလိုက်တိုင်း သူခေါင်းရှုပ်ရ၏။ ဤလူ
မျိုးများထံတွင် သူနားမလည်နိုင်သည့်အရာပေါင်းများစွာကို တွေ့နေမြင်နေရသည်
မဟုတ်ပါလား။

ဥပမာတစ်ခုပြရမည်ဆိုပါက ခံတပ်ထဲမှစစ်သားများကို သူအရင်ဆုံးမြင်
သည်။ ထိုစစ်သားများသည် သားမယားမပါဘဲ မရှိဘဲနေထိုင်လျက်ရှိကြသည်။
ပြီးတော့ ထိုလူစုသည် သူတို့လိုမဟုတ်၊ အကြီးအကဲများမပါဘဲ နေထိုင်လျက်ရှိသည်။
နေရာ တိုင်း "မဟာဝိညာဉ်တော်ကြီး"ရှိနေပါလျက်နှင့် ထိုလူစုသည် စာရွက်ပေါ်တွင်
ရေးသားသည့် အရာများကိုရွတ်ဖတ်ပြီး ကိုးကွယ်ဆည်းကပ်နေကြသည်။ ပြီးတော့
ထိုလူစုသည် အလွန်ညစ်ပတ်ကြသည်။ သူတို့ကိုယ်သူတို့ သန့်စင်အောင်လုပ်ဖြီး
နေကြ။

ခြေကန်ငှက်အနေဖြင့် ထို"မွေးဖုံးပါးစပ်များ"ကို ကြည့်ကာစိတ်ဝင်စားမိ
သည်နှင့်အမျှ ထိုအမွေးများကို တစ်နှစ်တိတိမရိတ်ဘဲထားသည်ဟု သိလိုက်ရသော
အခါ အကြီးအကျယ်အံ့အားသင့်မိသည်။ ဘာကြောင့် ထိုမျှလောက်အထိ ထားရသ
နည်းဟုတွေးကာ နားမလည်နိုင်အောင်လည်း ဖြစ်ခဲ့ရသည်။

သူသည် ခံတပ်နားအထိရောက်အောင်သွားမည်ဟု စိတ်ကူးထားသဖြင့်
လူဖြူစစ်သားများအကြောင်းကို ရောက်တတ်ရာရာတွေးလာမိခြင်းဖြစ်သည်။ အခုဆို
လျှင် ခံတပ်ထဲ၌စစ်သားများလည်း ရှိပါဦးတော့မည်လော။ သူတို့တစ်တွေထွက်သွား
ကြပြီလား။ ဘယ်လိုပဲဖြစ်ဖြစ်သွား၍ကြည့်မည်ဟု သူဆုံးဖြတ်လိုက်သည်။

ခံတပ်ဘက်သို့ မြင်းကိုနှင်လာခဲ့သော ခြေကန်ငှက်သည် ခံတပ်အတွင်း၌
ပြောင်းလဲမှုများရှိနေသည်ကို လှမ်းမြင်နေသည်။ လူဖြူခံတပ်တစ်ခုလုံးသန့်ရှင်းနေ
ပုံရလျက်ရှိ၏။ ပြီးတော့ မြင်းတစ်ကောင်ရှိနေသည်၊ မြင်းကလည်းသန့်သန့်
တောင့်တင်းကြံ့ခိုင်မှုလည်း အပြည့်ရှိသည်၊ မြင်းဇောင်းထဲ၌ တည်ငြိမ်စွာရပ်
နေသည်မှာ ကျက်သရေရှိလှပါဘိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာလှုပ်ရှားမှုကိုတော့မမြင်ရ။ အသံဗလံလည်း မကြားရ။ အ သင်္ချိုင်းဘဲ့ကင်းမဲ့သော နေရာတစ်နေရာနှင့်တူလှ၏။ သို့သော်လည်း ခံတပ်တွင်း၌ လူရှိနေ၍သာ အပြောင်းအလဲများရှိနေခြင်း ဖြစ်ပေလိမ့်မည်။

ခြေကန်ငှက်သည် သူ့မြင်းပုကလေးအား ဆက်၍နှင်သည်။ ဘာပဲဖြစ်ဖြစ် ခံတပ်နားအထိ သွား၍ကြည့်မည်။

❒

ဗိုလ်ဒမ်ဘာသည် ချောင်းထဲအတိုင်းအထက်ဘက်သို့လျှောက်လာသည် လမ်းတစ်လျှောက်တွင် ကြည့်ရှုရာတွေကများသဖြင့် တော်တော်နှင့်ကမ်းပေါ်သို့ တက်ဖြစ်၊ အဝတ်အစားမပါဘဲ ကိုယ်လုံးတီးလျှောက်နေရသဖြင့် သူ့စိတ်ထဲတွင်ရယ် ချင်သလိုလိုဖြစ်နေသည်၊ လေယူရာတိမ်း၍ယိမ်းနွဲ့လှုပ်ရှားနေကြသည့် အရိုင်းပန်း ပွင့်များ တစိစိအော်မြည်ဖုံ့သန်းနေကြသည့် ပိုးကောင်များ၊ ပတ်ဝန်းကျင်တွင် အစာရှာတိုင်းသည် ရှင်သန်နေကြသည်၊

သူ့ခေါင်းအထက်ဆယ့်နှစ်ပေခန့်အကွာမှ သိန်းငှက်တစ်ကောင်သည် အောက်ဘက်မြေပြင်ထက်မှ ရှဉ့်တစ်ကောင်ကိုသုံးသုတ်ရန် ပျံဝဲလျက်ရှိ၏။ လမ်း လဘ်ဘက်စနေရာတွင် ခွေးတူဝက်တူတစ်ကောင်သည် ချောင်းကမ်းပါးထက်၌ အာ သွန်ခွန်ငိုင်တွင်းတူးလျက်ရှိသည်။ ဒမ်ဘာရပ်မကြည့်ဘဲမနေနိုင်သဖြင့် အသာရပ်၍ စိတ်ဝင်တစား ကြည့်နေမိသည်။ ခွေးတူဝက်တူသည် ကိုယ်လုံးတီးရပ်နေသော ဗိုလ် ဒမ်ဘာအား လှည့်ကြည့်လိုက် သူတွင်းကိုဆက်တူးလိုက်နှင့် အလုပ်များလျက်ရှိသည်

ခံတပ်နားရောက်၍ကမ်းပါးပေါ်တက်မည်အပြုတွင် ရေတိမ်ရာနေရာ တစ်ကောင်နှင့်တစ်ကောင်ထွေးလုံးရစ်ပတ်ကာ မိတ်လိုက်နေကြသောရေမြွေ ကောင်ကို မြင်ရပြန်သည်။ ချစ်သူတို့၏သဘာဝအတိုင်း ပတ်ဝန်းကျင်ကိုမေ့လျော့ ကြသည်၊ ဗိုလ်ဒမ်ဘာတစ်ယောက် သူတို့အနားမှာမှဖြတ်သွားသဖြင့် ရေလှိုင်းရို ခတ်သွားသည်ကိုပင် သတိမပြုနိုင်ကြ။

သူသည် ကမ်းပါးပေါ်သို့လှမ်းတက်လိုက်သည်။ ထိုအခိုက်မှာပင် မြင်း ဦးညိုကလေးကိုမြင်လိုက်ရ၏။ တစ်ချိန်တည်းမှာပင် အဖိတဲအောက်၌ ခါးကိုကုန်း လျှောက်သွားနေသော အရိပ်မည်းမည်းကိုပါမြင်လိုက်ရသည်၊ နောက်တစ်စ မှုတွင် ထိုအရိပ်မည်းမည်းသည် အပြင်ဘက်နေရောင်အောက်သို့ထွက်လာသည ဒမ်ဘာသည် ဖျတ်ခနဲထိုင်ချလိုက်ကာ မတ်စောက်သောကမ်းနဖူးနှင့် ကွယ်ထားလို ၏။

သူ့ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။ စုံမှိတ်ထားသည့်မျက်လုံးအစုံတွ အမျိုးမျိုးကိုမြင်နေရ၏။ ပန်းပွင့်များကပ်ထားသည့်ဘောင်းဘီ၊ ပုတီးစေ့ရောင်စုံခြ ထားသည့်သမင်ရေဖိနပ်ပျော့၊ အမြီးတပ်ထားသည့်နွားရိုးတိုပုဆိန်၊ ရင်ပတ်မှသ ရေချပ်ဝတ်တန်ဆာ၊ ခေါင်းနောက်မှနေ၍ကျောပေါ်သို့တွဲကျနေသည့် ကျစ်ထာ



သာဆံပင်၊ အနက်ရောင်မျက်လုံးများ၊ ကြီးမားသောနှာခေါင်း နှင့်ရွှံ့စေးရောင် ...ကနေသည့်အသားအရေ ပြီးတော့ဦးခေါင်း၌ထိုးစိုက်ထားသည့် ငှက်တောင် ...သည်လေတိုက်တိုင်းတလှုပ်လှုပ်၊

ထိုလူအင်းဒီးယန်းတစ်ယောက်ဖြစ်သည်ကို ဒမ်ဘာသိသည်၊ သို့သော် ...သည်း အခုလိုဖြုန်းခနဲတွေ့လိုက်ရလိမ့်မည်ဟု သူမျှော်လင့်ထားခဲ့သည်မဟုတ်၊ အခု ...တွေ့လိုက်ရသည့်အခါ တုန်လှုပ်ချောက်ချားခြင်းဖြစ်သွားသည်။

ဒမ်ဘာသည် ကမ်းနဖူးအကွယ်မှမထရဲ နဖူးတွင်ချွေးပေါက်များစို့လာ ...သည်၊ နောက်တစ်ကြိမ်ထပ်၍ကြည့်ရမည်ကို ဝန်လေးလျက်ရှိ၏။ သူ့စိတ်သည် ...ကြောက်ရွံ့သလိုလို ဖြစ်လာသည်၊

မြင်းဟီသံကြားလိုက်ရသည်။ သူသည် အရဲစွန့်ကာ ဦးခေါင်းဖြည်းဖြည်း ...ထောင်၍ ကမ်းနဖူးအကွယ်မှချောင်းကြည့်သည်။ အင်ဒီးယန်းသည် မြင်းဇောင်း ...သို့ရောက်နေပြီ၊ သူသည် ကစ္စကိုထံသို့လျှောက်သွားနေသည်၊ သူ့လက်ထဲတွင် ...ချင်းလျှာလုပ်ထားသည့် ကြိုးတစ်ချောင်းကိုင်ထားသည်။

သူသည် ကစ္စကိုအတွက် စိုးရိမ်သောကဝင်သွားသည်၊ ရုတ်တရက်ဘာ ... မစဉ်းစားနိုင် ဖြုန်းခနဲခုန်၍ထလိုက်ပြီး ကမ်းပါးပေါ်သို့တက်လိုက်သည်၊ ပါးစပ် ...သည်း သံကုန်ဟစ်၍အော်လိုက်မိသည်။

"ဟေး. . ."

❒

ခြေကန်ငှက်၏ခန္ဓာကိုယ်သည် လေထဲသို့မြောက်တက်သွားသည်၊ ...အား လန့်ပြီးခုန်လိုက်ခြင်းဖြစ်၏။ သူသည် အသံလာရာဘက်သို့ ချာခနဲလှည့်ပြီး ...ဆိုင်လိုက်သည်၊ ကိုမင်ချီနတ်ဆရာသည် အထူးဆန်းဆုံးမြင်ကွင်းတစ်ခုနှင့် ...နှာချင်းဆိုင်နေရလေပြီ။

ကိုယ်လုံးတီးနှင့်လူတစ်ယောက်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ...တာ အံကိုကြိတ်၍သူ့ဆီလာနေသည်၊ အသားကဖြူလွန်းအားကြီးသဖြင့် သူ့မျက် ...များကိုပင် ပြာသွားစေခဲ့သည်။

နောက်ဆုတ် နောက်ဆုတ်သွားနေသော ခြေကန်ငှက်သည် ခလုတ်တိုက် ... နောက်ပြန်လဲကျသည်၊ သူသည် ချက်ခြင်းပြန်ထကာ မြင်းဇောင်း၏အကာတန်း ...ကို ခုန်ကျော်သွားခြင်းမပြုဘဲ အတင်းထိုးထွက်သည်။ ထို့နောက် သူ့မြင်းပုကလေး ...သို့သွားခနဲခုန်တက်ကာ မြင်းကိုဒုန်းစိုင်း၍ထွက်သွားသည်၊ နောက်သို့တစ်ချက် ...လှည့်လှည့်မကြည့်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

[၉]

မေ- ၂၇၊ ၁၈၆၃

ပထမဆုံးအကြိမ် အင်ဒီးယန်းလူရိုင်းတစ်ယောက်နှင့် ရင်ဆိုင်တွေ့ခဲ့ရပြီ

အင်ဒီးယန်းတစ်ယောက် ခံတပ်သို့ရောက်လာပြီး ကျွန်တော့်မြင်းကို ခိုးထု ရန်အားထုတ်သည်။ ကျွန်တော်ရောက်သွားသည့်အခါ အလန့်တကြားဖြစ်ပြီး ထွက် ပြေးသည်။ ခံတပ်၏အနီးအနားတစ်ဝိုက်တွင် အင်ဒီးယန်းတွေဘက်လောက်များများ ရှိနေသည်ကိုမူ မသိပါ။ သို့သော်လည်း ယခုရောက်လာသည့် တစ်ယောက်ရှိနေလျှင် နောက်ထပ်အများကြီးရှိလိမ့်မည်မှာ သေချာပါသည်။

နောက်ထပ်လည်းရောက်လာခြင်းအတွက် ကြိုတင်ပြင်ဆင်မှုလုပ်မထား ၍မဖြစ်ပါ။ ကျွန်တော့်အနေဖြင့် လုံလောက်သောကာကွယ်မှုကိုတော့ ပြုနိုင်လိမ့်မည် မထင်ပါ။ သို့သော်လည်း နောက်တစ်ကြိမ်ရောက်လာပါက သူတို့လူစုမှတ်သား လောက်ဖြစ်သွားအောင်တော့ လုပ်ထားနိုင်ဖို့ကြိုးစားထားမည်ဟု စိတ်ကူးသည်။

ဘယ်လိုပဲဖြစ်ဖြစ် အခုအချိန်ထိတော့ ကျွန်တော်တစ်ယာက်တည်းဖ ဖြစ်ပါသည်။ အကယ်၍ တပ်များအချိန်မီရောက်မလာပါမူ အားလုံးဆုံးရှုံးရဖို့သာ ရှိပါသည်။

ကျွန်တော်တွေ့လိုက်ရသော အင်ဒီးယန်းသည် အလွန်ခံ့ညားထည် သော လူတစ်ယောက်ဖြစ်ပါသည်။

ဗိုလ်ကြွန်ဂျေဒမ်ဘာ

အမေရိကန်ပြည်ထောင်စုတပ်



နောက်နှစ်ရက်မျှအတွင်း ဗိုလ်ဒမ်ဘာသည် ခံတပ်၏လုံခြုံမှုနှင့်ခိုင်မာ တောင့်တင်းမှုအတွက် သူကောင်းမည်ထင်သောအရာများကို မနားမနေလုပ်ကိုင် သည်၊ လူတစ်ယောက်တည်းက ရန်သူအများအပြားကို ခုခံနိုင်ရေးအတွက် စီမံဖန် တီးနေရခြင်းဖြစ်၍ တပင်တပန်းရှိလှချေသည်။

သူဖာသာသူတစ်ဦးတည်းစဉ်းစားပြီး ထိုအလုပ်ကိုလုပ်ဖို့အတွက် သူ့ဖာ သာသူပြန်၍အမိန့်ပေးသည်။ ပြီးတော့ ထိုအမိန့်ကို သူဖါသာသူအကောင်အထည် ဖော်သည်၊ သူသည်ပထမဦးစွာ စားနပ်ရိက္ခာပစ္စည်းများကိုခွဲ၍ နေရာပြောင်းရွှေ့ခြင်း ပြုသည်။ သူ့အတွက် လိုအပ်သောပစ္စည်းများကို သူတဲအတွင်း သူနှင့်အနီးကပ်ဆုံး နေရာ၌ထားကာ အချို့ကိုခံတပ်ပတ်လည်တွင် တွင်းတူးပြီးမပျက်မစီးအောင် ...၌မြှုပ်သည်။

အသုံးအဆောင်ကိရိယာတန်ဆာပလာများ၊ ရေနံဆီစည်များ၊ အဆောက် ...တွင်သုံးရမည့် သံမှို၊ ဝက်အူစသောပစ္စည်းသေတ္တာများကိုလည်း ကတုတ်ကျင်း ...ထဲသို့ ပို့ထားလိုက်သည်။ ပစ္စည်းများကို လူမသိအောင် စနစ်တကျပြန်လည်ဖြု ...သည်။

ရိုင်ဖယ်သေနတ်သေတ္တာနှစ်လုံးနှင့် ကျည်ဆံသေတ္တာအချို့ကို ခံတပ်အနီး ...မြက်ခင်းပြင်ကြီးထဲ၌ တွင်းများတူး၍မြှုပ်သည်။ ပစ္စည်းများကိုမြှုပ်ရာ၌ တွင်းထဲ၌ ...ပတ်လည်မှ မြက်ပင်ကြီးများကိုကျစ်နေအောင်ထိုးထည့်ပြီးမှ မြှုပ်နှံခြင်းဖြစ်၏ ...နေရာတစ်ဝိုက်ကို ခြေရာလက်ရာမပျက်အောင် ပြန်လည်ပြုပြင်ရသည်မှာ အချိန် ...မှာ အကုန်ခံခဲ့ရ၏။ သူသည် ထိုနေရာကိုကျွဲနံရိုးတစ်ချောင်းစိုက်၍ အမှတ်အ ...သပ်ထားလိုက်သည်။

ရိက္ခာတဲအတွင်းမှ အမေရိကန်ပြည်ထောင်စုအလံနှစ်လက်တွေ့သည်၊ ...သည် မြင်းဇောင်းမှဝါးလုံးနှစ်လုံးကိုယူ၍ အလံတိုင်လုပ်ကာ အလံတိုင်တစ်ခုကို ...တဲခေါင်မိုးပေါ်၌ထူလိုက်ပြီး ကျန်တစ်ခုကို သူ၏စခန်းတဲခေါင်းမိုးထက်၌ ...လိုက် သည်။

ထိုနေ့က သူလုပ်စရာအလုပ်များကို မွန်းလွဲပိုင်းနေအတော်စောင်းခါမှပြီး ...၊ မကြာခင်မှာပင် သူသည် ကစ္စကိုနှင့်အတူ ထုံးစံအတိုင်းကင်းထောက်ထွက် ...၊ ယခင်ရက်များတုန်းကလို ခံတပ်နှင့်ဝေးဝေးလံလံသို့မသွား၊ အချိန်လည်းကြာ ...မနေဘဲ ပြန်လာခဲ့သည်။

ဝံပုလွေလက်ဖြူကတော့ ထုံးစံအတိုင်းရောက်လာသည်။ သို့သော်လည်း ...နေ့လုံးအလုပ်များနေ၍ ဒမ်ဘာသည် သူ့ကိုစိတ်မဝင်စားနိုင်၊ ထိုနေ့ညနေ ...၍ သူသည် ယူနီဖောင်းကိုအပြည့်ဝတ်ထားသည်။ ရှူးဖိနပ်နှင့်ဦးထုပ်တို့မှာ ... တိုက်ချွတ်ထားသဖြင့် သန့်စင်ပြောင်လက်နေသည်။ သူ့နှုတ်ခမ်းမွေးနှင့် ...ဆိတ်မွေးများကိုလည်း ပြောင်စင်နေအောင် ရိတ်ထားလိုက်ပြီ။

သူသည် ဘယ်ကိုမျှမသွား သွားချင်စိတ်ကိုမျိုသိပ်ထားသည်။ ချောင်းဆိ

www.burmeseclassic.com

www.burmeseclassic.com



ကိုပင်မသွားမိအောင် သတိထားသည်။ အကယ်၍မသွားမဖြစ်သွားပါကလည်း ရိုင်ဖယ်နှင့်ပစ္စတိုသေနတ်များမပါဘဲမသွား။ ဤသို့ဖြင့် နှစ်ရက်တိတိမျှ တပင်တပန်းလုပ်ကိုင်အပြီးတွင် သူသည် သူ့ခံတပ်အတွက်ရော သူ့အတွက်ပါစိတ်အေးသွားသည်။

မေ ၂၉၊ ၁၈၆၃

ဤခံတပ်သို့ ကျွန်တော်ရောက်နေကြောင်းကို သက်ဆိုင်ရာက သိလောက်ပြီဟုထင်သည်။ ကျွန်တော်ကောင်းလိမ့်မည်ဟုယူဆထားသော ပြင်ဆင်မှုများကိုလည်းလုပ်ထားပြီးပြီ စောင့်မျှော်ရုံမှတစ်ပါး အခြားမရှိပါ။

ဗိုလ်ဂျွန်ဂျေဒမ်ဘာ

အမေရိကန်ပြည်ထောင်စုတပ်

❒

သို့သော်လည်း ဆက်ဂွ်ဝစ်ခံတပ်၌ ဗိုလ်ဒမ်ဘာရောက်နေသည်ကို မည်သူမှမသိပေ၊ သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အစီရင်ခံမည့်လူလည်း တစ်ဦးမျှမရှိသေး။

ခြေကန်ငှက်သည်လည်း သူမြင်တွေ့ခဲ့ရသော တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူနေသည့်လူအား စိတ်ထဲမှကြိတ်၍ "နှင်းလူ"ဟု အမည်ပေးထားသည်။ ထိုနှင်းလူအား သူမြင်တွေ့ခဲ့ရကြောင်းကို မည်သူ့ကိုမှအသိမပေးပဲ လျှို့ဝှက်ထားသည်။ နှစ်ရက်နှစ်ရက်နတ်ဆရာသည် စကားမပြောပဲ တုံ့ကိုဘောလုပ်ကာ သူတွေ့ခဲ့ရသောလူအကြောင်းတစ်ယောက်တည်းထိုင်၍ စဉ်းစားနေခဲ့သည်။ သူမြင်ခဲ့ရသည်မှာ တကယ့်လူမှဟုတ်ရဲ့လား၊ သွေးလေခြောက်ခြားပြီး အမြင်မှားခြင်းလား။

နောက်ဆုံးတွင်မူ သူမြင်ခဲ့သည်မှာ တကယ့်လူစစ်စစ်ကို မြင်ခဲ့ရခြင်းဖြစ်သည်ဟု အပြတ်အသားဆုံးဖြတ်လိုက်သည်၊ ထိုအခါ နောက်ဆက်တွဲပြဿနာများသည် ဆက်တိုက်ရှိလာသည်။ သူမြင်ခဲ့ရသည်မှာ တကယ့်လူဖြစ်၏။ အသက်ရှင်လျက်ပင်ဖြစ်၏။ ထိုလူခံတပ်ထဲ၌တစ်ယောက်တည်းနေသည်မှာလည်း ထင်ရှားသည်။ သို့ဆိုလျှင်၊

ထိုလူသည် မိမိတို့အုပ်စု၏ကံကြမ္မာနှင့် တစ်နည်းတစ်ဖုံအဆက်အစပ်ရှိလာလေမလား။ ဆက်စပ်လာစရာအကြောင်းကတော့ ရှိမည်ထင်၏။ ရှိ၍သာလျှင် မဟာဝိညာဉ်တော်ကြီးက မိမိအား ထိုနှင်းလူနှင့်တွေ့အောင် ဖန်တီးပေးလိုက်လေသလား။

သူသည် သူ့ဉာဏ်ဖြင့်လည်းကောင်း၊ အာရုံခံ၍လည်းကောင်း ထိုနှင်းလူနှင့်တွေ့ရခြင်းအနက်အဓိပ္ပာယ်ကို ဆင်ခြင်စဉ်းစားသည်။ သို့သော်လည်း လိုချင်သောအဖြေကိုမရ။ ပြဿနာတစ်ခုလုံးသည် သူ့အားနှောက်ယှက်သလို ဖြစ်လာနေသည်။ သူ့စိတ်သည် မကြည်မလင်ဖြစ်ကာ မျက်နှာသည်မှုန်မှိုင်းအုံ့ဆိုင်းနေသည်။



သူ့မယားနှစ်ယောက်သည် ဆက်ဂွ်ဝစ်ခံတပ်ဘက်မှ ပြန်လာကတည်းက စိတ်မျိုးတစ်ဖုံပြောင်းလဲနေသော ခြေကန်ငှက်၏အရိပ်အခြေကို နားလည်ကြသည်၊ မိန်းမသားသဖြင့် သူတို့လင်၏ မျက်လုံးအကြည့်ထဲမှ ထူးခြားမှုကိုသတိထားမိသည်။ သို့သော်လည်း သူတို့မလေ့ထုံးစံအရ သူတို့လင်ယောကျ်ားအား လိုလေသေးမရှိအောင် ပြုစုပေးရုံမှတစ်ပါး ဘာမှမတတ်နိုင်။

❒

သူတို့အုပ်စုထဲတွင် ခြေကန်ငှက်ကဲ့သို့ ဩဇာညောင်းသောလူအရေအတွက်မှာ လက်တစ်ဆုပ်စာခန့်သာလျှင်ရှိ၏။ ထိုလက်တစ်ဆုပ်စာထဲတွင် ဩဇာအညောင်းဆုံးလူမှာ "ဝက်ဝံကြီး"ဖြစ်သည်။ ဝက်ဝံသည် ကြည်ညိုလေးစားထိုက်သောလူကြီးဖြစ်၏။ ဝက်ဝံ၏အသက်မှာ ခြောက်ဆယ်၊ သူ၏စိတ်ဓာတ်ကြံ့ခိုင်တင်းမာမှု ပြတ်သားတိကျမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှုနှင့် တည်ငြိမ်အေးဆေးမှုတို့သည် သူတို့တစ်ဖွဲ့လုံးအား ကောင်းကျိုးဖြစ်ထွန်းအောင် ဦးဆောင်နိုင်ခဲ့သည်။ လမ်းပြမှုကို ပြုနိုင်ခဲ့သည်။

ဝက်ဝံကြီးသည် ခြေကန်ငှက်၏အပြုအမူအနေအထိုင်ကို တစ်ချက်ကြည့်ရုံနှင့် တစ်ခုခုတော့ဖြစ်နေပြီဟု ရိပ်မိသည်၊ တကယ်တော့ဝက်ဝံကြီးသည် ခြေကန်ငှက်အား သူ့အဖွဲ့တွင် အရေးပါအရာရောက်သော အဖွဲ့ဝင်တစ်ဦးအဖြစ်သတ်မှတ်ထားသည်၊ ထို့ကြောင့်လည်း ခြေကန်ငှက်၏ပြောင်းလဲမှုကို ချက်ခြင်းသတိထားခဲ့မိခြင်းဖြစ်၏၊ သို့သော်လည်း သူသည် ဘာမှမမေး။ ဘာမှမပြောပဲ ရှေ့ငုံနှုတ်ပိတ်လုပ်နေသည်၊ ဤသည်မှာ သူ၏အကျင့်စရိုက်တစ်ခုဖြစ်၏။ သူ့အနေဖြင့် ခြေကန်ငှက်၏အခြေအနေကို စောင့်ကြည့်ခြင်းသာလျှင် အကောင်းဆုံးဟု သတ်မှတ်ဆုံးဖြတ်ခဲ့သည်ဖြစ်ပါလော။

သို့သော်လည်း ဒုတိယနေ့တစ်နေ့တာကုန်ဆုံးအချိန်ထိ ခြေကန်ငှက်ထံမှ စကားမှတွက်မလာ။ ထိုအခါ ဝက်ဝံသည် ခြေကန်ငှက်၏အိမ်သို့ အလည်ရောက်လာသည်၊ သူနှင့်ခြေကန်ငှက်သည် ဆေးတံကိုတစ်ယောက်တစ်လှည့်ဖွာရင်း ငြိမ်သက်နေကြသည်။ ထို့နောက် အရေးမကြီးသောကိစ္စရပ်များကို တစ်ယောက်တစ်ခွန်းပြောကြသည်။

နောက်ဆုံးတွင်မူ ဝက်ဝံကြီးကစ၍ ယခုလာမည့်နွေရာသီ၌ ကြုံတွေ့ရမည့် အလားအလာများကိုမေးသည်၊ အကြားအမြင်အာရုံရှုထောင့်မှ ဆင်ခြင်သုံးသပ်ပါက အလားအလာကောင်းများနှင့် ရင်ဆိုင်ရမည်ဟု ထင်ပါသလား စသည်ဖြင့် မေးမြန်းသည်။

နတ်ဆရာက အသေးစိတ်ရှင်းပြခြင်းမပြုဘဲ အတိတ်နိမိတ်ကောင်းများကို မြင်ကြောင်းပြောသည်။ အဖြေမှာ သူရလိုသောအဖြေမဟုတ်သေး။ နတ်ဆရာ လျှို့ဝှက်ထားသည့်အရာတစ်ခုရှိသည်ဟု သူထင်သည်။

www.burmeseclassic.com



လိမ္မာပါးနပ်သော ဝက်ဝံကြီးက တခြားထူးခြားသော အတိတ်နိမိတ်မျာ
မြင်မိခဲ့သေးသလားဟုမေးသည်။

"တစ်ခုတော့မြင်ခဲ့တယ်"ဟု ခြေကန်ငှက်ကဖြေသည်။ ထို့နောက် သူမြ
ခဲ့ရသည့်ခံတပ်တွင်းမှ မြင်းချော့မြင်းလှနှင့်နှင်းလူအကြောင်းဖွင့်ပြောသည်။ အခု
ပြောလိုက်တော့လည်း သူရင်သည် အများကြီးပေါ့သွားသည်။

ဝက်ဝံကြီးသည် ဆေးတံကိုထပ်၍မီးတို့ကာ တစ်ဖွာပြီးတစ်ဖွာ ဖွာ
သည်၊ အတန်ကြာမှ "သူ့ပုံပန်းက နတ်ဆရာနဲ့တူသလား"ဟု မေးသည်။

"မတူဘူး၊ သူ့ပုံပန်းက လူတစ်ယောက်နဲ့အတူတူပဲ"ဟု ခြေကန်ငှက်
ဖြေ သည်၊ "သူလမ်းလျှောက်တာ လူတစ်ယောက်လမ်းလျှောက်သလိုပဲ၊ အသံ
လည်းလူလိုပဲ၊ ခန္ဓာကိုယ်ကလည်း လူအတိုင်းပဲ၊ ပြီးတော့ သူလိင်က ယောကျ်ား

"အင်း. . . လူဖြူတစ်ယောက်ကိုယ်လုံးတီးနေတယ်လို့တော့ ငါမကြား
ဖူးဘူး"ဟု ဝက်ဝံကြီးကပြောသည်၊ သူ့မျက်နှာသည် သံသယမကင်းခြင်းကို ဖော်
နေသည်၊ "ခင်းပြောသလိုဆိုရင် သူ့အသားအရောင်က နေ့ရောင်မှာတလက်လက်
တောက်ဝနေတယ်ဆိုပါတော့. . . ဟုတ်လား"

"တစ်ချို့မျက်စိတွေတော့ ကျိန်းသွားတာပဲ"

နှစ်ယောက်စလုံးနှုတ်ဆိတ်နေကြပြန်သည်။ နောက်ဆုံးတွင် ဝက်ဝံ
သည် ထိုင်ရာမှထရပ်လိုက်သည်။

"အဲဒီကိစ္စ ငါသေသေချာချာထပ်စဉ်းစားဦးမယ်"

□

ဝက်ဝံကြီးသည် သူ့တဲထဲမှလူအားလုံးကို မောင်းထုတ်လိုက်ပြီး သူ
ယောက်တည်း တစ်နာရီကျော်ကျော်ခန့်ထိုင်ကာ ခြေကန်ငှက်ပြောပြလိုက်သ
စဉ်းစားနေသည်။ သူ့အဖို့ စဉ်းစားရခက်လှချေသည်။

သူကိုယ်တိုင်လည်း လူဖြူများကို အနည်းငယ်မျှသာမြင်ဖူးခဲ့၏၊ ခြေ
ငှက်ကဲ့သို့ပင် သူတို့၏သဘောသဘာဝများကို သိပ်ပြီးနားမလည်၊ တွေးပြန်
လည်း တွေးမရ၊ လူဖြူများသည် အရေအတွက်များပြားသည်ဟူသော စကားကြေ
စိတ်ချ၍တော့မဖြစ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ လူဖြူများအကြောင်းကို သူမခန့်မှန်းတတ်သည်ကို
ဝန်ခံရလိမ့်မည်ဖြစ်၏။

ခံတပ်ထဲမှ ထူးဆန်းသောသတ္တဝါအကြောင်းကိုတော့ သူမစဉ်းစားတဲ
နိုင်။ ဤသတ္တဝါသည် ဝိညာဉ်တစ်ခုလေလား၊ တခြားလူဖြူများနှင့်မတူသည့်
တစ်မျိုးများဖြစ်နေလေမလား။

လူမျိုးစုအကြီးအကဲအဖိုးအိုသည် သက်ပြင်းရှည်ကြီးတစ်ချက်ချလို
သည်။ သူ့တွင် တွေးစရာတွေ လုပ်စရာတွေအများကြီး၊ ဤကြားထဲ ဤလူဖြူ



ာတပေါ်လာသည်၊ နွေရာသီအမဲလိုက်ပွဲကစရပေတော့မည်။ ထိုအချိန်အခါကျမှ
ပြဿနာကရှိလာ၏။

သူ့အနေဖြင့် ဘာလုပ်ရမည်ကို မဆုံးဖြတ်နိုင်၊ သူသည် အကြံပေးအဖွဲ့
အစည်းဝေးခေါ်မှဖြစ်တော့မည်။

□

အစည်းအဝေးကို နေမဝင်မီကစခဲ့သော်လည်း ညမိုးချုပ်ချိန်အထိအပြီး
သတ်နိုင်၊ တစ်ရွာလုံးရှိလူအများက စိတ်ဝင်စားသောကိစ္စဖြစ်လာသဖြင့် ပို၍အချိန်
ကြာလာသည်။ အထူးသဖြင့် လူငယ်များအုပ်စုသည် ဤကိစ္စအပေါ်တွင်များစွာစိတ်
ဝင်စားနေကြသည်။

ရှေးဦးစွာ ခြေကန်ငှက်က သူကြုံခဲ့ရသည့်ဇာတ်လမ်းကို ပြောပြသည်။
သူ ပြောအပြီးတွင် ဝက်ဝံကြီးက သူ့အဖော်များထံမှ ထင်မြင်ချက်တောင်းသည်၊
ထင်မြင် ချက်ပေးသူများမှာ များပြားလှ၏။ ပေးလာသည့်ထင်မြင်ချက်တွေကလည်း
အမျိုးမျိုး ကွဲပြားခြားနားနေသည်။

ထိုလူစုထဲတွင် "လေဆံပင်"သည် အသက်အငယ်ဆုံး၊ သူသည်အတွေ့
အကြုံများသော တိုက်ခိုက်ရေးသမားတစ်ဦးဖြစ်သည်။ တစ်ဖွတ်ထိုးတဖောက်တန်း
သတ်တတ်သူလည်းဖြစ်၏၊ သူကတော့ အဖွဲ့တစ်ဖွဲ့အမြန်ဆုံးစေလွှတ်ပြီး လူဖြူကို
မြားများ ဖြင့်ပစ်ခတ်သတ်ဖြတ်ပစ်သင့်သည်ဟု ယူဆသည်။ အကယ်၍လူဖြူသည်
နတ်ဘုရားဖြစ်နေပါက မြားဒဏ်ကြောင့်သေလိမ့်မည်မဟုတ်။ အကယ်၍ သေသွားခဲ့
သည်ရှိသော် မွေးဖုံးပါးစပ်များထဲမှ လူတစ်ယောက်လျော့သွားမည်ဖြစ်သဖြင့် မိမိတို့
ရန်သူတစ်ဦးလျော့သွားမည်၊ ထို့ကြောင့် ဤလုပ်ငန်းကို သူကိုယ်တိုင်ဦးဆောင်ပြီး
သွားလိုသည်ဟု တင်ပြသည်။

သူ၏အကြံပြုချက်များကို ကျန်လူစုကပယ်ချသည်။ အကယ်၍ထိုလူဖြူ
သည် နတ်ဘုရားဖြစ်နေခဲ့ပါမူ သူ့အားမြားများနှင့်ပစ်ခတ်ခြင်းသည် စိတ်တူးကောင်း
ခဲ့ဖြစ်လာဖွယ်ရာမရှိဟုဆိုကြသည်။ ထို့ပြင်လည်း လူဖြူတစ်ဦးအား သတ်ဖြတ်
တိစ္စမှာ လွယ်ကူသည်မဟုတ်၊ အလွန်နူးညံ့သိမ်မွေ့စွာ ကိုင်တွယ်မှဖြစ်မည့်
ပြဿနာဟု ယူဆကြသည်။ သူတို့အတွေ့အကြုံအရ လူဖြူတစ်ယောက်သေသွား
လျှင် နောက်ထပ်လူဖြူတွေ အများကြီးရောက်လာနိုင်သည်မဟုတ်ပါလား။

"နွားသိုး"သည် ရှေးအလွန်တျသော အယူဝါဒကိုလက်ခံသူဖြစ်သည်၊
သော်လည်း သတ္တိကောင်းခြင်းနှင့်ရဲရင့်ခြင်းတွင်ကား ထိပ်ဆုံး၌နေရာယူထားသူ
၏၊ သူကတော့ ရိုးရိုးရှင်းရှင်းကလေးအကြံပေးသည်၊ နှင်းလူနှင့်တွေ့ဆုံဆွေးနွေး
ရန် ကိုယ်စားလှယ်အဖွဲ့စေလွှတ်ပါဟုဆိုသည်။

နွားသိုး၏စကားအဆုံးတွင် လေဆံပင်က ထိုင်ရာမှခုန်ထလိုက်ပြီး နွားသိုး
အကြံကို ကန့်ကွက်သည်။ အကြောင်းပြချက်များစွာကိုတင်ပြသည်၊ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့နယ်မြေတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် အင်အားလုံးဝမရှိသောလူဖြူ တစ်ယောက်ထံသို့ ဂုဏ်သိက္ခာမြင့်မားသောစစ်သည်တော်များအား ကိုယ်စားလှယ် အဖြစ်စေလွှတ်ခြင်းသည် ကိုမင်ချီလူမျိုးစုများလုပ်အပ်သည့် အလုပ်မဟုတ်ဟုပြော သည်။

ဇလဆံပင်၏ကန့်ကွက်ချက်ကို ကြားရပြီးနောက်တွင် ကျန်လူစု၏စကား များသည် လမ်းကြောင်းပြောင်းသွားသည်။ အမဲလိုက်ရေးနှင့်အခြားလူမျိုးစုများထံ သွားရောက်တိုက်ခိုက်ရေးစသော အရေးကိစ္စများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင် မှုများလုပ်ထားကြရန် ဝိုင်းဝန်းပြောဆိုလာကြသည်။

တစ်ယောက်တစ်ပေါက်ပြောဆို ငြင်းခုံနေရင်းမှပင် စောစောကဆွေးနွေး ခဲ့ကြသော လူဖြူအကြောင်းကို စကားစပ်မိလာပြန်သည်။ ထိုလူဖြူကိစ္စကို ဘယ်လို လုပ်ကြရင် ကောင်းမလဲ၊ ထိုအချိန်တွင် ဝက်ဝံကြီးသည်ငိုက်မြည်းစပြုနေပြီ ယနေ့ည အဖို့ ဤကိစ္စကို ဆက်လက်ဆွေးနွေး၍မဖြစ်တော့ဟုယူဆသဖြင့် လူအား လုံးထပြန်ကုန်ကြလေရာ တဲထဲတွင်အဖိုးအိုဝက်ဝံကြီး၏ ဟောက်သံကိုသာကြားနေ လေတော့၏။

ဤသို့ဖြင့် ခံတပ်ထဲမှလူဖြူ၏အရေးသည် မပြီးမပြတ်ဖြစ်သွားသည်၊ သို့ သော်လည်း လောလောဆယ်အဆုံးအဖြတ်မပြုနိုင်သေးခြင်းဖြစ်၏။ ဤလူဖြူတို့ သီ အရေးမယူဟူ၍ကား မည်သူကမှမပြောသေး။

ထိုညက အတော်ကြီးညဉ့်နက်ချိန်တွင် နွားသိုးသည် သူ့ထံအလည်ရောက် နေသော သူဦးလေးအား သူတို့ကောင်စီအစည်းအဝေး၌ ဆွေးနွေးခဲ့ကြသည့်အ ကြောင်းအရာများကို ပြန်လည်ဖောက်သည်ချသည်။ ဤတွင် သူပြောနေသမျှစကား များကို အသက်ဆယ့်လေးနှစ်မျှသာရှိသေးသော သူ့သားကကြားသိသွားသည်။

ထိုသူငယ်သည် ခံတပ်အကြောင်းနှင့် ခံတပ်ထဲမှနင်းလူအကြောင်း သာမက သူတို့အင်ဒီးယန်းများပိုင်ဆိုင်သည့် မြင်းပုကလေးဆယ်ကောင်နှင့်ညီ သော မြင်းချောမြင်းလှကြီးတစ်ကောင်အကြောင်းကိုပါ ကြားသွားခဲ့၏၊ သူကြားခဲ့ သမျှအားလုံးထဲတွင် မြင်းကြီးအကြောင်းသည် သူ့အတွက် စိတ်ကူးယဉ်၍အကော ဆုံးသောအရာတစ်ခု ဖြစ်သွားခဲ့လေပြီ။

ထိုညသန်းကောင်ကျော်ခန့်တွင် နွားသိုး၏သားသည် အိမ်မှထွက် သူ့သူငယ်ချင်း "ဖားပြုတ်"နှင့် "မြုံးချို"တို့ထံသွားသည်။ သူကြားခဲ့သမျှကိုအသိ သည်။ သူငယ်ချင်းများကလည်း မြင်းကိုရော လူဖြူနတ်ဘုရားကိုပါ စိတ်ဝင်စား သည်။

အကယ်၍ သူတို့အနေဖြင့် လူကြီးတွေမသိအောင် ထွက်သွားပြီး လူဖြူ ရားကို တိုက်ခိုက်ကြမည်ဆိုပါက ဖြစ်နိုင်စရာရှိသည်ဟု ယူဆကြသည်၊ ပြီးတော့ မြင်းကိုယူလာလျှင် လူတိုင်းကအံ့သြချီးမွမ်းကြလိမ့်မည်၊ သူတို့၏ရဲရင့်မှုအတွ သီချင်းများသည် နောင်လာနောက်သားများအထိသီဆိုရမည့် သူရဲကောင်းမှတ်



တင်သီချင်းများဖြစ်လာဖို့ရှိသည်၊

အကယ်၍ သူတို့အစီအစဉ်အောင်မြင်ပါက ရလာမည့်မြင်းကို နွားသိုး၏ သားကအပိုင်ယူမည်၊ ကျန်နှစ်ယောက်ကစီးလိုသည့်အခါ စီးခွင့်ပြုရမည်။ ယင်းသ ဘောတူညီချက်ကိုလည်း သူတို့သုံးယောက်ဆွေးနွေးငြင်းခုံပြီးနောက် အတည်ပြုကြ သည်၊

သူငယ်သုံးဦးသည် သူတို့၏စိမ်ကိန်းအပေါ် များစွာအားရကျေနပ်ကြ သည်၊ ဂုဏ်လည်းယူသည်၊ သူတို့စိမ်ကိန်းကို မဟာစိမ်ကိန်းကြီးတစ်ခုမဟုတ်ဟု ဘယ် သူကမှ ပြောကြလိမ့်မည်မထင်၊

သူတို့သည် မြင်းအုပ်ထဲမှမြင်းမသုံးကောင်ကို တိတ်တဆိတ်ခိုးယူကာ အ သာအယာဆွဲ၍ စခန်းတွင်းမှထွက်ခဲ့ကြသည်၊ ရွာနှင့်အတော်ဝေးဝေးရောက်သည့် အထိ ဆွဲယူခဲ့ကြပြီးသည့်နောက် လမ်းလွဲသွားအောင် ခြေရာဖျောက်သည့်အနေဖြင့် ထင်နေရာသို့ဆွဲသွားသည်၊ ထို့နောက် ချောင်းဘက်သို့ဆွဲယူခဲ့ကြသည်၊ ထိုနေရာမှ ၎င်း မြင်းပုကလေးများကိုစီး၍ ချောင်းကိုဖြတ်ကူးသည်၊

ချောင်း၏တစ်ဖက်ကမ်းပါးသို့ရောက်သည့်အခါတွင်မှ သူတို့သည် စိတ် လွတ်ကိုယ်လွတ်ဖြစ်သွားကြသည်၊ စစ်သီချင်းများကိုသီဆိုကာ အပြောကျယ်လှသော မြေနုရိုးမြက်ခင်းပြင်ကြီးဖြတ်၍ ဆက်ဂျ်ဝစ်ခံတပ်ဆီသို့ ဒုန်းစိုင်းခဲ့ကြလေ၏၊

❐

ဗိုလ်ဒမ်ဘာတစ်ယောက် စစ်သားဘဝသို့ပြန်ရောက်သွားသည်မှာ နှစ်ည တိတိရှိခဲ့ပြီ၊ သူသည် ယခင်ရက်တွေကလို စိတ်ချလက်ချမအိပ်၊ နားတစ်ဖက်ကိုအမြဲ စွင့်၍အိပ်သည်၊

အင်ဒီးယန်းဆယ်ကျော်သက်များအနေဖြင့် ခံတပ်ဆီသို့လာကြခြင်းသည် အဟုတ်သဘောဟုယူဆ၍မဖြစ်၊ သူငယ်တို့၏သဘာဝအရ နောက်ပြောင်မှုကို အစ ဆထားပြီးလုပ်သည်ဟုလည်း သတ်မှတ်၍မရ။ သူတို့သည် စစ်တိုက်မှုတွင် ဝါသနာ ကြီးသော ကိုမင်ချီများဖြစ်သဖြင့် အမှန်တကယ် တိုက်ခိုက်ရန်လာခြင်းဖြစ်၏၊

သူတို့လူစုလာနေကြသည်ကို ဗိုလ်ဒမ်ဘာသိသည်။ ပထမဦးစွာ မြင်းခွာ သံများကိုကြားသည်၊ ကြားလျှင်ကြားချင်း အိပ်ပျော်နေရာမှ ဖျတ်ခနဲလန့်နိုးလာ သည်၊ ပြီးတော့ အော်သံဟစ်သံများ၊ ထို့နောက် ကျယ်ပြောလှသော ပရေးရီးမြက် ခင်းပြင်ကြီးကြားတွင် အသံများမြုပ်သွားသည်။ သူအိပ်ရာထဲမှလူးလဲထပြီး တံခါး ဖွင့်၍အပြင်သို့ထွက်လာသည့်အခါ ဘာသံကိုမှမကြားရတော့ပေ။

❐

သူငယ်များသည် မြင်းများကိုတအားကုန်စိုင်းကြသည်၊ အရာရာတိုင်း သည် အစဉ်ချောလျက်ရှိ၏၊ မြင်းကိုခိုးယူရသည်မှာ လွယ်လှပါဘိခြင်း၊ ပို၍ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည့် အချက်တစ်ချက်မှာ လူဖြူနတ်ဘုရားကို လုံးဝမမြင်ခဲ့ မတွေ့ခဲ့ရခြင်းဖြစ်ပေသည်။

နတ်ဘုရားများသည် ထူးဆန်းအံ့ဩဖွယ်ရာများကို ပြတတ်သည်ဟု သူတို့ကြားခဲ့ဖူး၏။ အထူးသဖြင့် စိတ်တို စိတ်ဆိုးသည့်အခါများတွင် ပို၍ပြတတ်သည်ဟုဆိုသည်။ ဘာတွေပဲဖြစ်ဖြစ် သူတို့သည် နောက်ကိုလှည့်မကြည့်ကြတော့ပဲ မြင်းများကိုသာ ဒုန်းစိုင်းကြသည်။ သူတို့အတွက် ဘေးကင်းရာ လုံခြုံရာဖြစ်သောရွာသို့ပြန်မရောက်မချင်း အရှိန်လျှော့ချဖို့ စိတ်မကူး။

သို့သော်လည်း သူတို့လူစုခံတပ်နှင့် ရှစ်မိုင်မှမကွာမီမှာပင် သူတို့ခိုးယူလာခဲ့သည့် ကစ္စကိုသည် ဖောက်လာသည်။ သူသည် ဤသူငယ်များနောက်သို့ မလိုက်ချင်၊ သူသည် မြင်းပုများနှင့်အတူ ပြေးနေရာမှ တုံ့ခနဲရပ်ကာ နောက်သို့ချာခနဲပြန်လှည့်သည်။ နွားသိုး၏သားသည် သူ့မြင်းပုအားဆတ်ခနဲဆွဲကာ အရှိန်ကိုလျှော့ချလိုက်သည်။

သုံးယောက်စလုံးပြန်လှည့်ကာ ကစ္စကို၏နောက်သို့လိုက်ကြသည်။ ကစ္စကိုကတော့မရပ်၊ ရှေ့မှနေ၍ မရပ်မနားဆက်ပြေးသည်။ ပြေးနေသည့်အရှိန်ကမြန်လွန်းလှသဖြင့် သူငယ်သုံးဦးမှာ မီအောင်မလိုက်နိုင် ကစ္စကိုကဲ့သို့သောမြင်းမျိုးကို အင်ဒီးယန်း မြင်းပုများက မီအောင်လိုက်ဖို့ဆိုသည်မှာ ခက်ခဲလှပါဘိခြင်း။

❒

ဗိုလ်ဒမ်ဘာသည် ကော်ဖီအိုးကို မီးဖိုပေါ်တင်ကာ အနီး၌ထိုင်၍စဉ်းစားနေသည်။ ထိုအခိုက်မှာပင် ဗိုးတဝါးဝါးအလင်းရောင်အောက်သို့ ကစ္စကိုဝင်လာသည်။

သူ၏ပေါ့ဆမှုကြောင့် ဖြစ်ရသည်ဟုယူဆကာ နောင်တရနေသော ဒမ်ဘာ သည် ကစ္စကိုအားကြည့်ပြီး အံ့အားသင့်နေသည်။ သူ့မြင်းအခိုးခံရ၍အရူးတစ်ယောက် လိုဖြစ်နေသော ဒမ်ဘာသည် များစွာဝမ်းသာသွားသည်။ အမှန်တော့ ကစ္စကိုအား အရင်ကလည်းနှစ်ကြိမ်တိတိ အခိုးခံရဖူးသည်။ သို့သော်လည်း ကစ္စကိုသည် သစ္စာရှိသောခွေးတစ်ကောင်နှင့်တူသည်။ သူ့အား ဖမ်းယူသွားသူများ၏လက်တွင်းမှ အခွင့် အလမ်းပွင့်သည်နှင့် တစ်ပြိုင်နက်ပြန်လည်ထွက်ပြေးလာတတ်သည်။

ဗိုလ်ဒမ်ဘာသည် ကစ္စကို၌ဒဏ်ရာအနာတရဖြစ်လာသလားဟု စိုးရိမ်စိတ်ဖြင့် အသေအချာစစ်ဆေးကြည့်သည်။ ဘာဒဏ်ရာဒဏ်ချက်မှ မတွေ့ရ။ သူသည် အရှေ့ဘက်ကောင်းကင်၌ မသိမသာဝင်လာနေသော အလင်းရောင်အောက်မှပင် ကစ္စကိုအား ချောင်းစပ်သို့ဆွဲယူသွားပြီး ရေတိုက်သည်။

ချောင်းဘေး၌ထိုင်နေသော ဒမ်ဘာ၏ခေါင်းထဲသို့ စိုးရိမ်စိတ်ဝင်လာသည်။ ခံတပ်ထဲ၌ရှိနေသည်မှာ သူတစ်ယောက်တည်းဖြစ်၏။ အင်ဒီးယန်းများကသာ လာ၍ တိုက်ခိုက်သတ်ဖြတ်ကြမည်ဆိုပါက အလွန်လွယ်၏။ အခုပင်လျှင် သူ့မြင်း



ကစ္စကိုအား သူ့အလစ်တွင်ခိုးယူသွားခဲ့သည် မဟုတ်ပါလား။

ထိုကိစ္စကိုစဉ်းစားမိသည့်အခါ ဒမ်ဘာသည် ခေါင်းရှုပ်လာသည်။ အခုပုံအတိုင်းဆိုပါက ယနေ့ညနေခင်းတွင် အင်ဒီးယန်းတွေရောက်လာပြီး သူ့အားသတ်ကြလေမလား။ အကယ်၍သူသေရမည်ဆိုပါမူ အိပ်ရာထဲ၌အိပ်ပျော်ရင်းမသေချင်။

သူ့ပတ်ဝန်းကျင်တွင် တစ်ခုခုလှုပ်ရှားနေသည်ကို စိတ်ကသိလာသည်။ ကျောရိုးတစ်လျှောက်စိမ့်သွားသည်။ ရင်ထဲတွင် အေးခနဲဖြစ်သွားသည်။ သူသည် ကိုယ်သူ ပရေးရီးမြက်ခင်းပြင်ဒေသသားတစ်ယောက်ဟု ထင်ထားသူဖြစ်၏။ သို့သော် လည်း သူ့ဖာသာသူယူဆထားရုံမျှဖြင့် ပရေးရီးမြက်ခင်းပြင်ဒေသက သူ့အား နယ် သားအဖြစ်လက်ခံပါမည်လော။ ဤမျှလောက်လွယ်လွယ်ကူကူတော့ လက်ခံလိမ့်မည် မထင်။ သူ့အဖြစ်သည် ကျောင်းဝင်စကျောင်းသားတစ်ယောက်နှင့် တူလှချေသည်။

❒

နွားသိုး၏သားသည် လက်ကျိုးလာသည်။ နို့နံ့ပင်မစင်သေးသော စစ်သူရဲကောင်းသုံးဦး ရွာထဲရောက်လျှင်ရောက်ချင်း၊ ဤသတင်းသည် တစ်ရွာလုံးသို့ ပျံ့နှံ့သွားသည်။ နွားသိုး၏သားသည်လည်း နတ်ဆရာ၊ ခြေကန်ငှက်၏လက်ထဲသို့ ရောက်လာသည်။

သူငယ်များသည် နွားသိုး၏သားလက်ကျိုးပြီဟု သိချိန်ကတည်းက သူတို့လုပ်ခဲ့သည့်လုပ်ရပ်အတွက် သောကရောက်ကြသည်။ အကယ်၍ တစ်ယောက်မှ ဒဏ်ရာအနာတရမရဘဲ ပြန်လာနိုင်ခဲ့ပါမူ သူတို့ကိစ္စကကိုလျှို့ဝှက်ထားလို့ရသည်။ အခုတော့ နွားသိုး၏သားက လက်ကျိုးလာသည်။

သူတို့ထင်သည့်အတိုင်းပင် မေးခွန်းတွေအများကြီးမေးကြသည်။ သူတို့အနေဖြင့် ဝေ့လည်ကြောင်ပတ်ပြောကြဖြေကြသည်။ သို့သော်လည်း သူတို့သည် ကိုမန်ချီလူမျိုးများဖြစ်၏။ ကိုမန်ချီများသည် လိမ်ညာပြောရိုးထုံးစံမရှိ။ ကိုမန်ချီဖြစ်ပါက ကလေးသူငယ်များသည်ပင်လျှင် လိမ်ညာပြော၍မရ။

ခြေကန်ငှက်က ကျိုးသွားသောလက်ကိုကျပ်စီးပေးနေခိုက်တွင် နွားသိုး၏သားက အဖြစ်မှန်ကိုအစအဆုံးပြောပြသည်။ သူ့အဖေနွားသိုးနှင့် ဝက်ဝံကြီးတို့က အနားမှာထိုင်၍နားထောင်နေကြ၏။

ခိုးယူလာသောမြင်းတစ်ကောင် ပြန်ထွက်သွားဖို့ဆိုသည်မှာ ဖြစ်ရိုးထုံးစံမဟုတ်။ မည်သူမဆို ခိုးလာသည့်မြင်းနှင့်အတူ အိမ်သို့ချောမောစွာပြန်ရောက်လာစမြဲ။ ဤအဖြစ်သည် အထူးအဆန်းတစ်ခုဖြစ်နေသည်။ သူတို့ခိုးလာသောမြင်းသည် နတ်နှင့်ဆက်စပ်မှုရှိလိမ့်မည်။ ထို့ကြောင့် လူကြီးများကစိတ်ဝင်တစား အသေးစိတ်မေးကြသည်။

နွားသိုး၏သားက သူတို့ခိုးလာသည့်မြင်းသည် နာနာဘာဝမဟုတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အတင်းရုန်းကန်ပြီးထွက်ပြေးလွတ်မြောက်သွားခြင်းသာဖြစ်ကြောင်း ရှင်းပြသည့်အခါ လူကြီးများသည် စဉ်းစားရခက်နေကြပြန်သည်။

နောက်ထပ်ကောင်စီအစည်းအဝေး ထပ်မံ၍ခေါ်သည်။ ဤတစ်ကြိမ်တွင် ဘာကိစ္စဆိုသည်ကို စခန်းတစ်ခုလုံးကသိကြသည်။ ထူးဆန်းသောလူဖြူတစ်ယောက် ရောက်နေသည်ဟု သိကြသောအခါ အချို့ကစိတ်ပူကြသည်။ မိမိတို့စခန်းအတွက် လုံခြုံမှုမရှိပါမလားဟု သံသယဖြစ်ကြသည်။ အများစုကတော့ ဤမျှလောက်အထိ ပူပန်ခြင်းမဖြစ်၊ ဝက်ဝံကြီးခေါင်းဆောင်သော ကောင်စီသည် ဤပြဿနာကိုပြေလည်အောင် ဖြေရှင်းသွားလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြသည်။

မည်သို့ပင်ဖြစ်စေ စခန်းရှိလူတိုင်းပင် စိုးရိမ်ကြောင့်ကြခြင်းဖြစ်ကြသည်။ သူတို့အားလုံးထဲမှ တစ်ဦးမှာမူစိုးရိမ်ပူပန်နေရုံမျှမက ထိတ်လန့်ကြောက်ရွံ့လျက်ရှိ နေသည်။

□□□

(၁၀)

သူမသည် ယမန်နှစ်နွေရာသီကတည်းက ကြောက်လန့်စိတ်ဝင်ခဲ့ရခြင်း [illegible]သည်။ တခြားကြောင့်တော့မဟုတ်၊ ဤနယ်မြေဒေသအတွင်းသို့ လူဖြူစစ်သား [illegible] ဝင်ရောက်လာသည်ဟူသော သတင်းကြောင့်ဖြစ်သည်။ သူမတို့အုပ်စုသည် "[illegible] ပါးစပ်"ဟူသော လူဖြူများနှင့်မတွေ့ဖူးခဲ့။ သူမအနေနှင့်ကတော့ မတွေ့ပါစေ [illegible]ဟု အမြဲဆုတောင်းခဲ့သည်။

လွန်ခဲ့သောနှစ်နွေရာသီက သူတို့အုပ်စုထဲမှလူများသည် လူဖြူစစ်သား [illegible]၏မြင်းများကို ခိုးယူခဲ့ကြသဖြင့် သူမသည် များစွာစိုးရိမ်ထိတ်လန့်ခဲ့ရဖူးသည်။ [illegible]နေ ရာသို့ထွက်ပြေးကာ ပုန်းရှောင်၍ပင်နေခဲ့ဖူး၏။ ဘယ်နည်းနှင့်မဆို သူတို့ [illegible] လူဖြူ စစ်သားများဆိုက်ရောက်လာလိမ့်မည်ဟုလည်း အခိုင်အမာထွက်လာ [illegible]၏၊ သို့သော် လည်း လူဖြူစစ်သားများသည်ရောက်မလာကြ။

သူမသိထားရသည့်အတိုင်းဆိုပါက လူဖြူစစ်သားများသည် မြင်းများမရှိ [illegible] ဘာမှမလုပ်နိုင်ကြ။ အားကိုးရာမဲ့ဖြစ်သွားတတ်ကြသည်။ ထိုအချက်ကို စဉ်းစား [illegible]တော့လည်း သူ့စိတ်သည်သက်သာရာရခဲ့သည်။ သို့သော်လည်း ကြောက်စိတ် [illegible]ဘော့ လုံးဝပျောက်မသွား။ နွေရာသီစခန်းကိုဖျက်သိမ်းပြီး ဆောင်းရာသီအတွက် [illegible]ပြောင်းပါမှပင် သူ့ကြောက်စိတ်သည်ပျောက်သွားခဲ့ရ၏။

ယခုတစ်ဖန် နွေရာသီရောက်ခဲ့ရပြန်ပြီ။ ဆောင်းရာသီအတွက် စခန်းမှ [illegible]လာကတည်းက လူဖြူစစ်သားများနှင့်မတွေ့ပါစေနှင့်ဟု ဆုတောင်းခဲ့၏၊ သို့

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူတောင်းခဲ့သောဆုသည် မပြည့်ခဲ့။ ကြောက်စရာရက်များသည် နာရီပိုင်းနှင့်အမျှ တိုးလာနေခဲ့သည်။

သူမ၏နာမည်မှာ "လက်သီးနှင့်ရပ်သူ" ဖြစ်လေသည်။

ကိုမင်ချီလူမျိုးအားလုံးထဲတွင် လူဖြူသည်နတ်ဘုရားမဟုတ်ဟူသော အချက်ကို သူမတစ်ဦးတည်းသာလျှင်သိ၏။ သို့သော်လည်း ခြေကန်ငှက်၏ဇာတ်လမ်းသည် သူမအတွက် ပဟေဠိတစ်ခုသဖွယ်ဖြစ်နေသည်။ ကိုယ်လုံးတီးလူဖြူတစ်ယောက် ဟုဆိုသည်။ ပြီးတော့ ကိုမင်ချီတို့၏မြေပေါ်တွင် တစ်ယောက်တည်းလာနေသည်။ ထိုအ ဖြစ်သည် ဟုတ်နိုင်ပါ့မလား။ အဓိပ္ပာယ်မရှိဟု သူထင်သည်။ မည်သို့ပင်ဖြစ်စေ ဘာကြောင့်ရယ်လို့တော့ အတိအကျမသိ။ ထိုလူဖြူသည် နတ်ဘုရားတစ်ပါးတော့ မဖြစ်နိုင်။

ထိုဇာတ်လမ်းကိုကြားခဲ့သည်မှာ ယနေ့နံနက်"တစ်လယာယီစခန်းတဲ" သို့ထွက်လာစဉ်က ကြားခဲ့ရခြင်းဖြစ်၏။ "တစ်လယာယီစခန်းတဲ"ဆိုသည်မှာ ကိုမင်ချီလူမျိုးတို့ထုံးစံအရ ရာသီလာချိန်တိုင်းအမျိုးသမီးများ သွားရောက်နေထိုင်ရသည့်တဲဖြစ်လေသည်။

သူမသည် သူမ၏လင်ယောကျ်ားကို သတိရနေမိသည်။ သူမ၏ ဆန္ဒအတိုင်းဆိုပါက သူမသည် သူမ၏လင်ယောကျ်ားနှင့်ခွဲပြီး ဘယ်နေရာကိုမှမ သွားချင်။ ထိုတဲသို့ ခွဲ၍သွားရသည့်အခါတိုင်း သူမ၏ယောကျ်ားကို လွမ်းဆွတ်တမ်းတနေလေ့ရှိသည်။ သူမ၏ယောကျ်ားသည် အံ့ဩစရာကောင်းသည့်ယောကျ်ားတစ်ယောက်ဖြစ်၏။ လူကလည်း လူချော၊ သတ္တိကလည်းအလွန်ကောင်းသဖြင့် ထူးခြားသောယောကျ်ားတစ်ယောက်ဖြစ်သည်။ သူမအတွက်ကတော့ စံပြယောကျ်ားတစ်ယောက်ဖြစ်လေသည်။

သူမ၏ယောကျ်ားသည် သူမအားတစ်ကြိမ်တစ်ခါမှ ရိုက်နှက်ခြင်းမပြုခဲ့။ သူတို့လင်မယားသည် ကလေးနှစ်ယောက်မွေးခဲ့ရာ တစ်ဦးမှာမွေးကတည်းက အသေကလေးမွေးဖွားခဲ့ခြင်းဖြစ်ပြီး၊ နောက်တစ်ဦးမှာ မွေးဖွားပြီးသီတင်းပတ်အနည်းငယ်မျှအကြာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ ဤအတွက်ကြောင့် သူမက သူမ၏ယောကျ်ားအား သူတို့ဓလေ့ထုံးစံအရ နောက်ထပ်မယားတစ်ယောက်ယူရန် တိုက်တွန်းခဲ့သည်။ သို့သော်လည်း သူ့ယောကျ်ားက ခေါင်းမာစွာဖြင့်ငြင်းပယ်ခဲ့လေသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဘေးလူများကလည်း မယားတစ်ယောက်ထပ်ယူရန်တိုက်တွန်းခဲ့ကြ၏။ "လက်သီးနှင့်ရပ်သူ" ကိုယ်တိုင်ကလည်း သူမယောကျ်ားအား ထပ်တလဲလဲအကြံပြုခဲ့၏။ သို့သော်လည်း သူမယောကျ်ားက "မင်းနဲ့နေရတာ မယားတွေအများကြီးနဲ့နေရသလိုပါပဲ"ဟု ပြန်ပြောခဲ့သည်။ ထိုစကား ကြားပြီးကတည်းက သူမသည်နောက်ထပ်လုံးဝတိုက်တွန်းခြင်းမပြုတော့။ သူမ၏ ယောကျ်ားသည် သူမတစ်ဦးတည်းနှင့်ပေါင်းသင်းနေထိုင်ရခြင်းတွင် သာယာပျော်ရွှင်သည်ဟူ



သောအသိဖြင့် တိတ်တဆိတ်ကြိတ်၍ဂုဏ်ယူခဲ့လေသည်။

ယခုအချိန်တွင်မူ သူမသည် သူမ၏ယောကျ်ားအား ယခင်ကထက်ပို၍သတိရလွမ်းဆွတ်မိ၏။ ယခုနှစ်ဆောင်းရာသီစခန်းမသိမ်းမီကလေးတွင် သူမ၏ယောကျ်ားသည် ယူတီအင်ဒီးယန်းလူမျိုးစုများအား တိုက်ခိုက်မည့်စစ်သည်တော်အဖွဲ့နှင့်လိုက်ပါသွားခဲ့သည်။ တစ်လမျှကုန်လွန်သွားသော်လည်း ထိုအဖွဲ့၏သတင်းကို အစအနပင်မကြားရ။

ယခုသူတို့အုပ်စု နွေရာသီစခန်းသို့ ရောက်လာချိန်အထိ ဘာသတင်းမှမကြားရ။ ယခုတစ်ကြိမ် "တစ်လယာယီစခန်း"သို့ ထွက်ခဲ့ရသည်မှာ ယခင်တုန်းကလောက်တော့ စိတ်ထိခိုက်ခြင်းမရှိ။ မည်သို့ပင်ဖြစ်စေ ယနေ့သူထွက်လာသည့်အခါ ခြေကန်ငှက်၏ ထူးဆန်းသောဇာတ်လမ်းကို သူကြားခဲ့ရ၏။ ဤအတွက်ကြောင့် သူမ၏စိတ်သည် ထိတ်လန့်ချောက်ချားခြင်းဖြစ်ခဲ့ရသည်။ ယာယီတဲအတွင်းသို့ ဝင်သွားချိန်အထိ သူမ၏တစ်ကိုယ်လုံးသည် ကြောက်စိတ်ဖြင့်တုန်လှုပ်နေဆဲ။

အမှန်တော့ အန္တရာယ်ကိုမြင်နေသည်မှာ သူမတစ်ဦးတည်းမဟုတ်။ သူတို့အုပ်စုတစ်စုလုံးက သိနေကြသည်။ သို့သော်လည်း ဘယ်သူကမှ တစ်ယောက်နှင့်တစ်ယောက်ထုတ်ဖော်၍မပြောကြ။ အားလုံးရင်ထဲတွင် မျိုသိပ်ထားကြသည်မဟုတ်ပါလော။

"လက်သီးနှင့်ရပ်သူ"သည် အသက်နှစ်ဆယ့်ခြောက်နှစ်ရှိခဲ့ပြီ၊ ထိုနှစ်များအတွင်း ဆယ်နှစ်မျှသောကာလသည် ကိုမင်ချီတစ်ယောက်ဖြစ်ခဲ့ရသည့် ဘဝဖြစ်သည်၊ ထိုကာလမတိုင်မီကတော့ သူမသည် လူဖြူတစ်ဦးဖြစ်ခဲ့၏။ ထိုကာလမတိုင်မီက သူမ၏နာမည်သည်ဘာပါလိမ့်။

သူမသည် သူမ၏လူဖြူဘဝက နာမည်ကိုစဉ်းစားခဲ့လေ၏။ အများအားဖြင့် အခြားအကြောင်းကို မစဉ်းစားပဲမနေနိုင်၍ စဉ်းစားမိသည့်အခါကျမှသာ နာမည် ကိုစဉ်းစားလေ့ရှိ၏။

သူမ၏နာမည်ကို စဉ်းစားမိသည့်အခါတိုင်းလည်း ဟိုအချိန်က သူနေထိုင်ခဲ့သည့် ဘဝအကြောင်းကိုမတွေးဘဲမနေနိုင်၊ တကယ်တော့ ထိုဘဝသည် ဘဝဟောင်းဖြစ်၏။ မှုန်ဝါးဝါးနိုင်လွန်းသဖြင့် ပြန်၍မြင်ရသည်မှာ ပိပြင်ပြတ်သားခြင်းမရှိ ထိုဘဝဟောင်းသည် ဘဝသစ်နှင့်ပေါင်းစပ်ယှက်နွယ်သွားကြခြင်းဖြစ်သည်။ နောက်ဆုံးကျတော့ ဘဝနှစ်ခုသည် တစ်ခုတည်းဖြစ်သွားခဲ့သည်။ လက်သီးနှင့်ရပ်သူသည် ခရစ္စတင်းဖြစ်၍၊ ခရစ္စတင်းသည် လက်သီးနှင့်ရပ်သူဖြစ်လာခဲ့၏။

နှစ်ပေါင်းများစွာအတွင်း သူမ၏အသားအရောင်သည် ညိုမည်းလာသည်၊ သူ့အနေအထိုင်အပြုအမူများသည်လည်း အရိုင်းဖက်သို့ကူးပြောင်းသွားသည်၊ သို့သော်လည်း ကလေးနှစ်ယောက်မွေးဖွားပြီးချိန်အထိ သူ၏ခန္ဓာကိုယ်သည် တစ်ယောက်ခန္ဓာကိုယ်အတိုင်း အချိုးအစားပြေပြစ်လှပနေဆဲ။ ပြီးတော့ သူ့ဆံပင်သည် ပခုံးအောက်သို့ရောက်သွားအောင်ရှည်မလာ။ ဖြောင့်ဖြောင့်စင်းစင်း

www.burmeseclassic.com

www.burmeseclassic.com



လည်းမရှိ။ အရောင်ကလည်း ချယ်ရီပန်းအရောင်လို နီလွင်သောအဆင်းကို ဆောင်နေသည်။ မျက်လုံးအရောင်ကျတော့လည်း အညိုရောင်ဖျော့ဖျော့။

လက်သီးနှင့်ရပ်သူကြောက်နေသည့်အရာမှာ အခုအချိန်ထိတော့ ကင်းစင် လွင့်ပျောက်သွားခြင်းမရှိသေး။ သူကြောက်နေသည့်အရာကိုလည်း သူ ကောင်းစွာသိထားသည်။ ထိုကြောက်စိတ်မှ လုံးဝလွတ်မြောက်လိမ့်မည်ဟုလည်း သူမျှော်လင့်ချက် မထား။ အမှန်တော့ မိန်းမတစ်ယောက်အနေဖြင့် တစ်လတစ် ကြိမ်ရာသီလာတိုင်း "ယာယီတဲ"သို့ သွားရောက်နေထိုင်ရခြင်းသည် လူဖြူတစ် ယောက်အဖို့ အလွန်ထူးဆန်းသော ထုံးစံတစ်ခုဖြစ်နေသည်။

တကယ်တော့ ထိုတာဝန်သည် သူမအဖို့ ကြောက်မက်ဖွယ်ကောင်းပြီး ကြီးမားလေးလံသော တာဝန်ကြီးတစ်ရပ်ဖြစ်ချေသည်။ သို့သော်လည်း သူမသည် ထိုတာဝန်နှင့်ပတ်သက်၍ သူမ၏မကျေနပ်မှုကို ထုတ်ဖော်၍ပြောခြင်းမပြု၊ သူလုပ် ရမည့်တာဝန်ကို ရဲရဲဝံ့ဝံ့ငြိမ်ငြိမ်ဆိတ်ဆိတ်နှင့်ပင် လက်ခံပြီးလုပ်ဆောင်ခဲ့၏။ သူမ အနေဖြင့် အင်ဒီးယန်းတစ်ယောက်၏ နေ့စဉ်ဘဝကို မကြောက်မရွံ့နောက်မတွန့်ဘဲ ရင်ဆိုင်သွားမှ ဖြစ်မည်ဟုခံယူထားခဲ့သည် မဟုတ်ပါလော။

လက်သီးနှင့်ရပ်သူသည် သူရောက်နေသည့်ဘဝမှာပင် နေလို၏၊ သူ ရောက်နေသည့်ဘဝမှာပင် ပျော်ပျော်ရွှင်ရွှင်နေလို၏။

□□□

[၁၁]

ဝက်ဝံကြီး၏ကောင်စီအစည်းအဝေးသည် ဘာဆုံးဖြတ်ချက်မှမချနိုင်ဘဲ နှင့်ပြီးဆုံးသွားသည်။ သို့သော်လည်း ထိုဖြစ်ရပ်သည် ထူးခြားသောဖြစ်ရပ်တစ်ခုဟု တော့ မဆိုသာပေ။ အရင့်အရင်ကလည်း ဤအဖြစ်မျိုးတွေဖြစ်ခဲ့ဖူးသည်။

သေရေးရှင်ရေးတစ်မျှ အရေးကြီးသောအချိန်မျိုးမှာပင်လျှင် တိကျပြတ် သားသော ဆုံးဖြတ်ချက်တစ်ခုကိုမချနိုင်ဘဲ ပြီးဆုံးသွားတတ်၏။ ဤအခါမျိုးတွင် အုပ်စုတစ်ခုလုံး၏နိုင်ငံရေးဘဝသည် အသစ်တဖန်ပြန်၍ အစပြုရတတ်လေသည်။

မည်သို့ပင်ဖြစ်စေ ဘာဆုံးဖြတ်ချက်မှမချနိုင်ဘဲဖြစ်နေကြသည့်အခါများ တွင် လူများသည် မိမိတို့နှစ်သက်ရာကိုရွေးပြီး လွတ်လပ်စွာလုပ်ပိုင်ခွင့် ရှိလေသည်။

□

လေဆံပင်သည် သူ၏ပထမစိတ်ကူးကို ထောက်ခံသူမရှိသောအခါ ဒုတိ ယအစီအစဉ်ကိုတင်ပြပြန်သည်။ ခံတပ်သို့ မြင်းနှင့်သွား၍ လူဖြူအားအန္တရာယ်မပြု ဘဲ လူဖြူ၏မြင်းကိုသာယူလာရန်ဖြစ်သည်။ ယခုတစ်ကြိမ်တွင် ကလေးသူငယ်များ ကိုမလွှတ်ပဲ လူကြီးများကိုယ်တိုင် သွားရန်ဖြစ်၏။ ကောင်စီက သူ၏ဒုတိယအကြံပြု ချက်ကိုလည်း လက်မခံဘဲပယ်ချလိုက်သည်။ သို့သော်လည်း လေဆံပင်သည် ဘယ် သူ့ကိုမှ စိတ်မဆိုး။

သူသည် အခြားသူများက ပွင့်လင်းစွာတင်ပြသမျှ ထင်မြင်ယူဆချက်များ

www.burmeseclassic.com



ကို ဂရုစိုက်၍နားထောင်သည်။ သူ၏ထင်မြင်ချက်ကို ပြန်လည်တင်ပြသည်။ ယင်း တင်ပြချက်ကို အားလုံးကလက်မခံကြ အများကဝိုင်းဝန်းဝေဖန်ကြသော်လည်း လေဆံ ပင်သည် သူ့အစီအစဉ်၏အားနည်းချက်ကိုမမြင်။

သူသည် အများ၏လေးစားမှုကို ခံယူခဲ့ရသောစစ်သည်တော်တစ်ဦးဖြစ် ၏၊ ထို့ကြောင့်လည်း အခြားသောစစ်သည်တော်များကဲ့သို့ပင် သူ့ပိုင်အခွင့်အရေးကို သုံး ပိုင်ခွင့်ရှိသည်၊ သူလုပ်ချင်သောအရာကို သူကြိုက်နှစ်သက်သလိုလုပ်ပိုင်ခွင့်ရှိ သည်၊

အကယ်၍ကောင်စီက သူ၏အကြံပြုချက်ကို ငြင်းပယ်နေပါက သူ့အနေ ဖြင့် သူ့အစီအစဉ်အတိုင်းလုပ်နိုင်သည်၊ အကယ်၍ သူ၏လုပ်ဆောင်ချက်သည် အဆိုးဘက်သို့ရောက်သွားပါမူ သူ့အား သူ့လူမျိုးစုအဖွဲ့အတွင်းမှ ထုတ်ပယ်ပစ်သည် အထိ အပြစ်ဒဏ်ခံဖွယ်ရှိ၏၊

သူ၏အစီအစဉ်ကို အတင်းအဓမ္မတားမြစ်ခြင်းမပြု၊ သို့ဆိုလျှင် သူကြိုက် သလိုလုပ်ပိုင်ခွင့်ရှိသည်၊ အရင်က သူလုပ်ဖူးခဲ့သမျှ ဆိုးဆိုးဝါးဝါးဖြစ်သည်ဟု မရှိခဲ့

၍သို့ဖြင့် သူသည် ကောင်စီအစည်းအဝေးပြီးလျှင်ပြီးချင်း သူ၏မိတ်ဆွေ အပေါင်းအသင်းများထံသို့ သွားရောက်တွေ့ဆုံသည်၊ သူ့အစီအစဉ်ကိုပြောပြသည်။

"ငါတော့. . . မြင်းကိုသွားခိုးမယ်၊ မင်းလိုက်မလား" အားလုံးက "ဘယ် တော့သွားမှာလဲ"ဟု ပြန်မေးကြသည်။

လေဆံပင်ကလည်း မေးသူတိုင်းအား တစ်ခုတည်းသောအဖြေကိုသာ ပေးသည်။

"အခုပဲသွားမယ်"

❐

ထွက်လာသည့်အဖွဲ့မှာ လူငါးဦးမျှသာပါဝင်သည့် အဖွဲ့ငယ်လေးတစ်ဖွဲ့ဖြစ် သည်၊ သူတို့သည် ရွာထဲမှထွက်လာပြီး ပရေးရီးမြက်ခင်းပြင်ပေါ် ရောက်သည်အထိ မြင်းများကို ဖြည်းဖြည်းမှန်မှန်ပင်နှင်ခဲ့ကြ၏။ သူတို့အားလုံး အေးအေးဆေးဆေးပင် ဖြစ်သည်။ သို့သော်လည်း အပျော်ခရီးထွက်လာသည့် အသွင်အပြင်မျိုးတော့မဟုတ်

မျက်နှာထားများကတော့ ခပ်တင်းတင်းခပ်မာမာပင်ဖြစ်သည်၊ ဤခရီးမ ထွက်မလာမီကတည်းက လေဆံပင်က သူတို့အား ကြိုတင်သတိပေးထားသည့်စကား များရှိခဲ့သည်။

"ငါတို့အနေနဲ့ မြင်းကိုရအောင်ယူမယ်။ မြင်းကိုလွတ်မသွားအောင် သေ ပတ်ပတ်လည်က ဝိုင်းပြီးစီးလာရမည်။ တကယ်လို့ ခံတပ်ထဲမှာ လူဖြူရှိနေရင် သူ့ မင်းတို့ကို မပစ်မချင်း မင်းတို့ကမပစ်ရဘူး။ တကယ်လို့ သူကမင်းတို့ကို စကားပြော ရင် ပြန်မပြောကြနဲ့။ တို့က မြင်းကိုသာအဓိကထားပြီးရအောင်ယူမယ်"

လေဆံပင်သည် ခံတပ်ကိုမြင်လိုက်သည့်အခါ စိတ်လက်ပေါ့ပါးသွား



သည်၊ မြင်းဇောင်းထဲ၌မြင်းရှိနေသည်ကိုလည်း မြင်ရ၏။ မြင်းကတော့ အလွန်လှပ ခံ့ညားသည့် မြင်းတစ်ကောင်ပေတည်း။

သို့သော်လည်း လူဖြူကတော့တစ်ယောက်မှမရှိ။

❐

လူဖြူသည် နာရီပေါင်းများစွာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျလျက်ရှိ၏၊ နွမ်းလွဲပိုင်းအချိန်ကျော်၍ နေအတော်ကြီးစောင်းကာမှ နိုးလာသည်။ သူ့စိတ်ကူးကို အကောင်အထည်ဖော်ရာ၌ အောင်မြင်မှုရှိသည်ဟု စဉ်းစားလိုက်မိသည့်အခါ သူ့ ကိုယ်သူများစွာကျေနပ်အားရမိလေသည်၊

သူ့အနေဖြင့် နေ့ခင်းဘက်တွင်အားရပါးရအိပ်ပြီး ညဘက်ကျတော့ မီးပုံ ဘေးဖြင့် တစ်ညလုံးမအိပ်ဘဲနေမည်ဟု စိတ်ကူးခဲ့၏၊ သူ့မြင်းကစ္စကိုအား လာ၍ခိုး မည့်သူများသည် မနက်အရုဏ်တက်ချိန်တွင် လာကြခြင်းဖြစ်၏၊ အရင်ကြားခဲ့ဖူးသမျှ အဖြစ်အပျက်များတွင်လည်း အင်ဒီးယန်းများသည် တိုက်ပွဲတစ်ပွဲစတိုင်း မနက်အ ရုဏ်တက်ချိန်တွင်သာ စတတ်ကြသည်မဟုတ်ပါလား။ သို့ဆိုလျှင် မိမိအနေဖြင့် ညဘက်တွင် အမြဲတစေနိုးနိုးကြားကြားရှိနေဖို့လိုသည်ဟု သူယူဆသည်၊

တစ်နေ့လုံးနီးပါးမျှ အိပ်ထားသဖြင့် သူ့ဦးခေါင်းသည် မူးနောက်နောက် ဖြစ်နေသည်၊ အပြင်မှအပူရှိန်ကြောင့် ချွေးတွေကလည်း အဆမတန်ထွက်နေသည်၊ ခန္ဓာကိုယ်လုံးမီးကင်နေသလို နေရထိုင်ရခက်လှချေသည်၊ အခုလိုအချိန်တွင် ရေချိုး လိုက်လျှင် လန်းဆန်းသွားနိုင်စရာရှိ၏၊

သူသည် ချောင်းထဲသို့ဆင်းကာ စိမ်ပြေနပြေရေစိမ်နေသည်၊ ထိုအခိုက် တွင် ချောင်းတစ်ဖက်ရှိမြင့်မားမတ်စောက်သော ကမ်းပါးအတိုင်းစိုင်းလာသည့် မြင်းငါးစီး၏ခွာသံများကို ကြားရသည်၊

သူသည် ချောင်းစပ်သို့ခပ်သုတ်သုတ်သွားကာ သူ့ယူနီဖောင်းများကို ယူ၍ အသာကမျောဝတ်သည်၊ ထို့နောက် ကမ်းပါးထက်သို့လေးဖက်တွားတက်၍ တက် သွားခဲ့လေသည်၊

❐

သူတို့အားလုံးသည် ကစ္စကိုအားမောင်းဆွဲလာနေရာမှ ဒမ်ဘာအားလှမ်း မြင်ကြသည်၊ ဒမ်ဘာသည် ချောင်းကမ်းပါးထိပ်၌ရပ်နေခြင်းဖြစ်၏၊ သူ့ကိုယ်တွင် ချွေးတွေဖြင့်စိုရွှဲနေသည်၊ သူ့လက်တစ်ဖက်သည် သေနတ်ကိုကိုင်ထားသည်၊ သူတို့ အားလုံးသည် ကစ္စကိုအားဝိုင်းရံထားနေရင်းကလည်း ပြန်လှည့်ကြည့်မိကြခြင်းဖြစ် ၏၊ ကစ္စကိုအားကြိုးဖြင့် ဆွဲယူလာသူမှာတစ်ဦးဖြစ်၍ ကျန်လေးဦးကဝိုင်းထားကြခြင်း ဖြစ်သည်၊ သူတို့သည် လေဆံပင်ကပေးထားသည့် အမိန့်များကိုသတိရနေကြသဖြင့် သူ့ကိုအား ဘာမှမလုပ်ကြ။

www.burmeseclassic.com



လေဆံပင်သည် သူမြင်းကိုနောက်သို့ဆွဲလှည့်လိုက်သည်၊ လူဖြူသည် လှုပ် ရှားခြင်းလုံးဝမရှိ။ ကမ်းနဖူးထိပ်တွင် တောင့်တောင့်မတ်မတ်ကြီး ရပ်လျက်ရှိသည်၊ သေနတ်ကိုင်ထားသောလက်သည် အပေါ်သို့မြှောက်မလာ၊ ဘေးတစ်ဖက်တွင် တွဲလောင်းချထားသည်၊

လေဆံပင်သည် လူဖြူအား သိပ်ပြီးအရေးမထားခဲ့၊ သို့သော်လည်း ထိုလူဖြူသည် မည်သူ့အား ကိုယ်စားပြုနေသည်ဟူသောအချက်ကိုမူ အလေးအနက်ပြုထားသည်၊ တကယ်တော့ လူဖြူများသည် မိမိတို့၏ထာဝရရန်သူများဖြစ်၏၊ သူသည် သူ၏မြင်းပုကလေးကို ဇွတ်ဆွဲ၍လှည့်ကာ ဗိုလ်ဒမ်ဘာဆီသို့ အရှိန်ဖြင့်စိုင်းလာသည်၊

❐

တမ်းနဖူးထိပ်သို့ အပြေးအလွှားထွက်လာခဲ့သော ဗိုလ်ဒမ်ဘာသည် စစ်သားတောင်းတစ်ယောက်ပီသစွာ ပြုမူကျင့်ကြံခဲ့သည်၊ သူသည် ရန်သူများနှင့် မျက်နှာချင်းဆိုင်ရန် တက်လာခဲ့ခြင်းဖြစ်သဖြင့် တခြားဘာကိုမှတွေးတောခြင်း၊ ပူပန်ခြင်းမဖြစ်၊

သို့သော်လည်း သူတွေ့နေရသည့် ရန်သူများသည် သူခိုးဓားပြအဆင့်မျှသာဖြစ်သည်ကိုတွေ့နေရ၏၊ သူတို့သည် သူ့မြင်းကစ္စကိုအား လာ၍ခိုးယူကြခြင်းဖြစ်၏၊ မြင်းပုကလေးများ၏ဇက်ကြိုးများ၌ဆင်ယင်ထားသည့် ငှက်မွေးငှက်တောင်များသည် တခမ်းတနားရှိလှပါပေသည်။

မြင်းပေါ်မှလူများသည် အသားအရောင်ညိုမောင်းမောင်းဖြစ်သည်၊ ကိုယ်ခန္ဓာများသည် တောင့်တင်းသန်မာလှ၏။ ကြံ့ခိုင်ပြေပြစ်လှ၏၊ တွဲလောင်းကျနေသည့်ကျစ်ဆံမြီးများသည် နေရောင်တွင်တောက်ပနေကြသည်။ ပြီးတော့ သူတို့နှင့်အတူပါလာသည့် လေးနှင့်မြားများ၊ ရိုင်ဖယ်သေနတ်များ၊ ဆေးရောင်စုံခြယ်ထားသည့် မျက်နှာနှင့်လက်မောင်းများ။

သူမြင်နေရသည့်အရာအားလုံးသည် လှပတင့်တယ်နေရုံမျှမက ထည်ဝါခံ့ညားလှပါပေ၏။ ဤမြင်ကွင်းအပေါ်စိတ်ဝင်စားသွားခြင်းကြောင့်လည်း ဗိုလ်ဒမ်ဘာသည် အခြားအရာများကိုမေ့သွားသည်။ သူသည် မြင်နေသမျှအရာများအပေါ်တွင်သာ တွေဝေငေးမောနေမိ၏။

ဤအခိုက်မှာပင် မြင်းငါးစီးထဲမှတစ်စီးသည် နောက်သို့ပြန်လှည့်လာသည်ကို တွေ့လိုက်ရသည်၊ အိပ်မက်မက်နေသူတစ်ဦးလိုဖြစ်နေသော ဒမ်ဘာသည် သတိနှင့်အသိပြန်ဝင်လာအောင် အတင်းအားထုတ်နေရသည်၊ သူသည် အခုအချိန်ထိတော့ လှုပ်ရှား၍မရသေး။

မြင်းစီးသမားသည် သူ့အား တအားကုန်ဝင်တိုက်လိုက်မည့်ပုံစံမျိုးဖြင့် ဒုန်းစိုင်းလာနေခြင်းဖြစ်၏။ ဒမ်ဘာ၏ဦးနှောက်သည် လှုပ်ရှားနိုင်စွမ်းမရှိ၊ တွေးတောနိုင်သည့်စွမ်းအားများသည်လည်း လုံးဝပျောက်ဆုံးနေသည်။ သူ့မျက်လုံးအစုံနှင့်အာရုံသည် သူ့ဆီသို့ အရှိန်ပြင်းစွာဖြင့်ပြေးလာနေသော မြင်းပုကလေး၏နှာခေါင်းပေါက်များပေါ်၌ရောက်နေသည်၊

❐

လေဆံပင်၏မြင်းပုသည် ဗိုလ်ဒမ်ဘာနှင့် ပေသုံးဆယ်ခန့်အကွာသို့ရောက်သည့်အခါ ဇက်ကြိုးကိုတအားကုန်ဆွဲဆောင့်လိုက်သဖြင့် မြင်းသည် မတ်တတ်ရပ်သွားသည်၊ မြေကြီးပေါ်သို့ ဖင်ထိုင်မိတော့လုနီးပါး ဖြစ်သွားသည်၊ မြင်းသည် တစ်ပတ်မျှလည်ထွက်သွားသည်၊ လေဆံပင်သည် မြင်းပေါ်မှကျတော့မလိုဖြစ်သွားသည်၊

သူသည် မလှုပ်မယှက်ရပ်နေသောလူဖြူအား အသေအချာကြည့်သည်၊ မျက်တောင်ခတ်သည်ကိုပင် မမြင်ရ၊ ဖြူဖွေးသောရင်ပတ်သည် နိမ့်ချီတစ်ခါမြင့်ချီတစ်လှည့်ဖြစ်နေသည်၊ လူဖြူသည် ကြောက်လန့်ခြင်းကို လုံးဝဖော်ပြခြင်းမရှိသဖြင့် လေဆံပင်သည် စိတ်လှုပ်ရှားရသည်။ စိတ်ထဲမှကြိတ်၍လည်း အံ့ဩချီးကျူးနေမိသည်၊

ဤကိစ္စတွင်လူသားဆိုပါက ကြောက်သင့်၏၊ ဘာကြောင့် ဒီလူမကြောက်သနည်း၊ လေဆံပင်အနေဖြင့် သူ့ထံတွင်ကြောက်စိတ်မသိမသာဝင်နေသည်ကို သတိထားမိသည်၊ သူသည် ရိုင်ဖယ်သေနတ်ကိုခေါင်းပေါ်သို့မြှောက်၍ သုံးကြိမ်တိတိအော်သည်၊

"ငါနာမည် လေဆံပင်ကွ"

"ငါ မင်းကိုမကြောက်ဘူးဆိုတာ မင်းမြင်ပြီမဟုတ်လား"

"မင်းမြင်တယ်မဟုတ်လား"

လူဖြူသည် စကားတစ်ခွန်းမှ ပြန်မပြော။ လေဆံပင်သည် သူအော်ချင်သလောက် အော်လိုက်ရသည့်အတွက် များစွာကျေနပ်သွားသည်။ သူသည် ရန်သူဖြစ်လာမည့်လူနှင့် မျက်နှာချင်းဆိုင်ခဲ့ပြီးပြီမဟုတ်လော။ ဤလူဖြူအား စိန်ခေါ်ခဲ့ပြီးမဟုတ်လော၊ လူဖြူသည် သူ့ကိုဘာမှပြန်မလုပ်၊ ဒီလောက်ဆိုလျှင် သူ့အတွက်လုံလောက်ပြီ။

သူသည် မြင်းကိုနောက်သို့ပြန်လှည့်ကာ သူ့အဖော်များအားမီရန် သူ့မြင်းကိုအားကုန်စိုင်းသည်၊

❐

ဗိုလ်ဒမ်ဘာသည် အင်ဒီးယန်းများအားလှမ်းကြည့်နေသည်၊ အော်သံသည် သူ့နားထဲမှမထွက်သေး၊ ပဲ့တင်ထပ်နေဆဲအော်သံများသည် ခွေးဟောင်သံနှင့် တူသယောင်ရှိ၏။ အော်သွားသည့်စကားလုံးများ၏အဓိပ္ပာယ်ကိုသူလုံးဝ



www.burmeseclassic.com

နားမလည်၊ သို့သော်လည်း ကြေညာချက်တစ်ခုကို အော်ပြသွားသည် ဟုထင်သည်။ သူ့အား တစ်ခုခုပြောသွားသည်မှာ သေချာသည်။

တဖြည်းဖြည်းနှင့်သူသည် အိပ်မက်ထဲမှလွတ်မြောက်လာသည်၊ သူပထမဆုံး သတိပြုမိသည့်အရာမှာ သူ့လက်ထဲမှခြောက်လုံးပြူးဖြစ်၏။ ခြောက်လုံးပြူးသည် ခါတိုင်းကိုင်ထားရသလိုမဟုတ်။ အဆမတန်လေးလံလျက်ရှိသည်၊ သူသည် ခြောက်လုံးပြူးကိုလွှတ်ချလိုက်သည်။

ထိုနောက် သူသည်ဒူးထောက်ကာ မြေပြင်ထက်သို့ဖင်ချထိုင်လိုက်သည်၊ သူ့တစ်ကိုယ်လုံးနွံ့ချိကာ ပင်ပန်းနွမ်းနယ်နေသည့်နှယ် ခံစားနေရ၏။

နောက်ဆုံးတွင် သူသည် ထိုင်ရာမှထလိုက်ပြီး တဲဘက်သို့နှေးကွေးလေးလံစွာ လျှောက်လာခဲ့သည်၊ သူသည် စက္ကူတစ်ရွက်ယူကာ စီးကရက်တစ်လိပ် လိပ်သည်၊ သုံးလေးဖွာ ဖွာအပြီးတွင် သူသည်အိပ်ပျော်သွားလေ၏။

□

ခံတပ်နှင့်နှစ်မိုင်ခန့် အကွာသို့ရောက်သည့်အခါ ကိုမင်ချီများသည် သူတို့မြင်းများကို အရှိန်ပြန်သတ်ကာ ခပ်ဖြည်းဖြည်းနှင်သည်၊ မြင်းစီးသမားများသည် တိုက်ခိုက်တို့အား သေးတစ်ဖက်တစ်ချက်နှင့် နောက်ဘက်မှဝိုင်းရံထားသဖြင့် ကစ္စကိုအတွက် ထွက်ပေါက်မှာ ရှေ့တစ်ပေါက်သာရှိလေသည်။

မြင်းစီးသမားများသည် အချင်းချင်းစကားအနည်းငယ်ပြောကြသည်၊ ထိုအခိုက်တွင် ကစ္စကိုသည် ရှေ့သို့တအားကုန်ထိုး၍ပြေးသည်၊ ကစ္စကိုအား ရှေ့မှဆွဲသွားနေသော ကိုမင်ချီ၏မြင်းကိုကျော်သွားသည်၊ ထိုအဖြစ်ကို သတိထားလိုက်မိသော လေဆံပင်သည် ကစ္စကိုအားအမီလိုက်ပြီး ရှေ့မှပိတ်ရန်အားထုတ်သည်၊ သို့သော်လည်း သူနောက်ကျသွားခဲ့လေပြီ၊ သူလှမ်းဆွဲလိုက်သော ကစ္စကိုအားချည်ထားသည့်ကြိုးသည် သူ့လက်ထဲမှလွတ်ထွက်သွားလေ၏။

ကစ္စကိုသည် လွတ်မြောက်သွားခဲ့လေပြီ၊ ကိုမင်ချီများသည် ကစ္စကိုနောက်သို့လိုက်၍ဖမ်းရန်မှတစ်ပါး အခြားလမ်းမရှိတော့၊ ကစ္စကို၏နောက်မှ အပြေးအလွှားလိုက်ကြသည့် ကံဆိုးသူမှာ ကစ္စကို၏ကြိုးကိုဆွဲထားရသူဖြစ်၏၊ သူသည် ကစ္စကို၏နောက်သို့ အရှိန်ပြင်းစွာဖြင့် လိုက်ပါသွားနေရသည်။

နောက်မှလိုက်နေရသည့် ကိုမင်ချီလေးဦးမှာလည်း ကံမကောင်းကြ၊ တစ်ယောက်၏မြင်းသည် ပရေရီခွေးတွင်းအတွင်းသို့ ခြေတစ်ဖက်ကျသဖြင့် ကျိုးသွားသည်၊ ကစ္စကိုပြေးနေသည်မှာ လျင်မြန်လွန်းလှ၏၊ ပြေးနေသည်မှာ ကွေ့ကွေ့ကောက်ကောက်ပြေးနေခြင်းဖြစ်၍ မြင်းစီးသမားနှစ်ဦးသည် သူတို့မြင်းများပေါ်မှ ထွန်းထိုးမှောက်ခုံ လိမ့်ကျကုန်ကြသည်။

ကစ္စကို၏နောက်သို့လိုက်ရမည့်လူမှာ လေဆံပင်တစ်ဦးတည်းသာ ကျန်ခဲ့တော့၏၊ သူသည် သူ၏မြင်းကိုအပြင်းနှင်၍လိုက်သော်လည်းမမီ၊ သူလိုက်၍မမီနိုင်



သည့် မြင်းတစ်ကောင်အားလိုက်နေခြင်းအားဖြင့် သူ့အမြတ်နိုးဆုံးသော မြင်း၏အသက်ကို အဆုံးခံရမည်လော။

လေဆံပင်သည် သူ့မြင်း၏ဇက်ကိုသပ်ကာ ရပ်ကြည့်ကျန်ရစ်ခဲ့သည်၊ ကစ္စကိုသည် ခံတပ်ဘက်သို့တအားကုန်ပြေးလျက်ရှိ၏၊ ခြေကန်ငှက်၏စကားများသည် မှန်ကောင်းမှန်ပေလိမ့်မည်၊ ဤမြင်းသည် သာမန်မြင်းဟုတ်ပုံမရ၊ ခြေကန်ငှက်ပြောသလို နတ်မြင်းများဖြစ်လေမလား၊ နတ်ဘုရားတစ်ပါးက ပိုင်ဆိုင်သည့်နတ်မြင်းတစ်ကောင်ဖြစ်ဖွယ်ရာရှိသည်ထင်၏။

သူပြန်လှည့်လာသည့်အခါ သူ့အဖော်များနှင့် ပြန်ဆုံမိသည်၊ လေဆံပင်၏ ကြိုးပမ်းမှုသည် ဆုံးရှုံးခဲ့ရပြီ၊ သူ့အဖော်များကတော့ သူ့ကိုဘာတစ်ခွန်းမှမမေး၊

သူတို့လူစုသည် ငြိမ်ဆိတ်စွာဖြင့် စခန်းသို့ပြန်လာခဲ့ကြလေသည်။

□□□

www.burmeseclassic.com

[၁၂]

လေဆံပင်နှင့်အဖွဲ့စခန်းသို့ပြန်ရောက်သွားသည့်အခါ စခန်းတွင်းရှိလူအ များမှာ စိတ်ထိခိုက်ကြေကွဲနေကြသည်ကို တွေ့ရသည်။ လွန်ခဲ့သောလပေါင်းများစွာ က ယူတီအင်ဒီးယန်းများအား တိုက်ခိုက်ရန်ထွက်သွားခဲ့ကြသည့် စစ်သည်အဖွဲ့သည် ပြန်ရောက်နေပြီဖြစ်၏။ ပါလာသည့်သတင်းကတော့ သတင်းကောင်းမဟုတ်ပေ။

သူတို့သည် မြင်းခြောက်ကောင်မျှသာ ခိုးယူရရှိခဲ့သည်ဖြစ်ရာ သူတို့ဖက်မှ ဆုံးရှုံးခဲ့သမျှနှင့်ကာမိခြင်း မရှိပေ။ သူတို့နှင့်အတူ ဒဏ်ရာအကြီးအကျယ်ရရှိထားသူ လေးဦးမျှပါလာခဲ့ရာ တစ်ဦးသာလျှင်အသက်ရှင်နိုင်ဖွယ်ရာရှိ၏။ စိတ်ထိခိုက်စရာအ ကောင်းဆုံးမှာ အလွန်တိုက်ရည်ခိုက်ရည်ကောင်းသည့် စစ်သည်ခြောက်ဦးကျဆုံး ရခြင်းပေတည်း။

ယင်းခြောက်ယောက်အနက် စောင်များနှင့်ထုပ်ပြီး ဝါးကပ်စင်ပေါ်တင် ၍ မြင်းနှင့်ဆွဲယူလာခဲ့သောအလောင်းဟူ၍ လေးလောင်းမျှသာပါလာသည် ကျန်နှစ် လောင်းကိုမူ မရရှိခဲ့ကြချေ။ ထိုလူများ၏နာမည်ကို နောက်ထပ်မည်သူမျှ ပြောကြ ဆိုကြတော့မည် မဟုတ်ပေ။

ယင်းခြောက်ယောက်အနက် တစ်ယောက်သည် လက်သီးနှင့်ရပ်သူ၏ ခင်ပွန်းဖြစ်လေသည်။



လက်သီးနှင့်ရပ်သူမှာ ယာယီတစ်လစခန်းထွက်နေရချိန်ဖြစ်၍ ရွာထဲ၌မရှိ၊ သူ့ ယောကျ်ားကျဆုံးသွားသည့်သတင်းကို သူ့ယောကျ်ား၏သူငယ်ချင်းနှစ်ယောက်က ခဲရှေ့ကရပ်၍အကြောင်းကြားကြသည်။

သူမသည် သတင်းဆိုးကိုလက်ခံရာ၌ အတွင်းရှိကြမ်းပြင်ပေါ်တွင် မတုန် လှုပ်ငြိမ်ကျောက်ရုပ်သဖွယ် ထိုင်၍နားထောင်သည်။ သူ့လက်နှစ်ဖက်ကိုယှက်၍ ရင်ခွင် ၌တင်ကာ ဦးခေါင်းကိုငုံ့ထားသည်။ သူမသည် တစ်နေ့ကုန်နီးပါးမျှ ထိုပုံစံအတိုင်း ထိုင်နေသည်။

အနီးအနားမှ အခြားမိန်းမများသည် သူမထံသို့လာ၍မေးလားမြန်းလား လုပ်ကြသော်လည်း တစေ့တစောင်းတော့ အကဲခတ်ကြ၏။ လက်သီးနှင့်ရပ်သူတို့ ဇနီးမယားနှစ်ယောက် တစ်ယောက်အပေါ်တစ်ယောက် အလွန်ချစ်ခင်တွယ်တာကြ သည်ကို သူတို့ကောင်းစွာသိခဲ့ကြသည်။ သို့သော်လည်း သူတို့အနေဖြင့်မေးမြန်းစုံစမ်း ရန် ခက်နေသည်။ တခြားကြောင့်မဟုတ် လက်သီးနှင့်ရပ်သူသည် သူတို့လို အင်ဒီး ယန်းမဟုတ်ပဲ လူဖြူမတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

သူတို့သည် လူဖြူမတစ်ယောက်၏စိတ်နေသဘောထားကို နားမလည် ကြ။ အခုလို လင်ယောကျ်ားတစ်ယောက်ဆုံးရှုံးသည့်အခါ မည်ကဲ့သို့ ခံစားရမည် နည်း၊ ထိုအချက်ကိုလည်း သူတို့မသိကြ။ ထို့ကြောင့်လည်း သူတို့သည် သူမ၏အနီး အရှည်ကို ဘေးမှနေပြီးအကဲခတ်နေရုံမှတစ်ပါး အခြားဘာမှမလုပ်ကြ။

လက်သီးနှင့်ရပ်သူသည် အကြီးအကျယ်စိတ်ထိခိုက်နေသဖြင့် တစ်နေ့လုံး အပြင်ကိုမထွက် မျက်ရည်လည်းတစ်စက်မှမကျ။ ကြမ်းပြင်ပေါ်၌ထိုင်မြဲတိုင်းသာ ထိုင်နေသည်။ သူ့စိတ်သည် လျင်မြန်စွာလှုပ်ရှားလျက်ရှိရာ ပထမတွင် သူ့ယောကျ်ား နှင့်ဆုံမှုဆီသို့ရောက်သွားသည်။

သူ့ယောကျ်ားနှင့်သူနေထိုင်ခဲ့ရသည့်ဘဝထဲမှ ထူးခြားသောဖြစ်ရပ်များကို သတိရမိ၏။ ယင်းတို့အနက် သူပထမဆုံးအကြိမ်ငိုကြွေးခဲ့ရသည့်အဖြစ်ကို သတိရ သည်၊ အိမ်ထောင်သည်ဘဝတစ်လျှောက်လုံး တစ်ကြိမ်သာလျှင်ငိုခဲ့ရဖူးခြင်းဖြစ်၍ ထိုအဖြစ်ကို သူမ မမေ့နိုင်။

သူမ၏ဒုတိယကလေးသေဆုံးပြီးစ ညတစ်ညတွင်ဖြစ်၏။ ထိုညက သူ သည် ရင်တွင်း၌ခံစားနေရသည့် စိတ်ဒုက္ခကိုမထုတ်ဖော်မိရန် ကြိုးစားနေပါလျက်နှင့် မျက်ရည်များကျခဲ့ရ၏။ သူမနှင့်သူမ၏ယောကျ်ားသည် နောက်မယားတစ် ယောက်ယူရေးကိစ္စကို စောစောကပင်စကားစပ်မိကြသည်။ သူကတော့ သူမကပေး သောအကြံကိုလက်မခံ။

ဒုတိယကလေးသေဆုံးခဲ့ခြင်းအတွက် သူမ၏ယောကျ်ားကိုယ်တိုင်မှာ လည်း များစွာစိတ်ထိခိုက်နေသည်ကို သူသိသည်။ ဤအတွက်ကြောင့်လည်း သူဝမ်း နည်း၍မဆုံး၊ မျက်ရည်များစီးကျနေသည့်မျက်နှာကို သူမ၏ဝတ်လုံအကျီကြီးပေါ် အပ်ထားသည်။ သို့သော်လည်း မျက်ရည်များကတော့စဲမသွား၊ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိုက်ကြီးတငင်ငိုကြွေးသည်အထိ ဖြစ်ခဲ့ရလေသည်။

အငိုတိတ်အောင် ထိန်းနိုင်လာသည့်အခါတွင်မှ သူမသည် ဦးခေါင်းကို ယောင်၍ကြည့်သည်။ သူမ၏ယောက်ျားသည် မီးဖိုဘေး၌ထိုင်ကာ အမိပ္ပာယ်မရှိ ထင်းစများကိုတုတ်တစ်ချောင်းဖြင့် ထိုးဆွနေသည်။ သူ့မျက်လုံးအစုံသည် မီးတောက် များဆီသို့ငေးစိုက်ကြည့်နေသည်။

"ကျွန်မဟာ ဘာမှတန်ဖိုးရှိတဲ့မိန်းမမဟုတ်ဘူး"ဟု သူမကရေရွတ်သည်။

ပထမတော့ သူမယောက်ျားသည် ဘာမှပြန်မပြော မော့၍ပင်မကြည့်။ ထို့နောက်တော့ သူမ၏မျက်လုံးအစုံကို စူးစူးရဲရဲကြည့်နေသည်။ သူမ၏အတွင်းစိတ် ကိုပင် ဖောက်ထွင်းမြင်နေရသည့်အကြည့်မျိုးဖြစ်၏။ ပြီးတော့ပါးစပ်တွင် အပြုံးရိပ် ထင်ဟပ်လာသည်။

"နင့်မှာအရည်အချင်းတွေအများကြီး ရှိနေပါတယ်"

စကားအဆုံးတွင် သူမ၏ယောက်ျားသည် ထိုင်နေရာမှထလာပြီး သူမ အား တယုတယပွေ့ပိုက်ထားသည်။ ထိုညက သူတို့၏အချစ်သည် အဆုံးအစ ရှိသော မြင်နိုင်စွမ်းမရှိသော၊ ချမ်းသာသုခနှင့်ပြည့်စုံသော သာယာငြိမ့် ညောင်းသည့် ရေစီးကြောင်းပေါ်၌မျှောပါသွားနေသည်နှင့်တူလှချေသည်။

နောက်နေ့မနက်ကျတော့လည်း နေအတော်မြင့်သည့်အထိ အိပ်ရာပေါ် မှမဆင်း၊ တစ်မနက်ခင်းလုံး တဲအပြင်ကိုလည်းမထွက်၊ သူမ၏စိတ်ထဲတွင် လု ရယ် အင်ဒီးယန်းရယ်ဟု ခွဲခြား၍လည်းမမြင်။

လက်သီးနှင့်ရပ်သူ၏အာရုံသည် သူမ၏ယာယီစခန်းတဲအတွင်းသို့ ပြန် လည်ရောက်ရှိလာသည်။ ယခုအချိန်မှစ၍ သူမသည် မယားတစ်ယောက်မဟုတ် တော့၊ ကိုမင်ချီတစ်ယောက်လည်းမဟုတ်တော့၊ မိန်းမသားတစ်ယောက်ပင်မဟုတ် တော့၊ သူမအနေဖြင့် ယခုအချိန်တွင် ဘာမှမဟုတ်တော့ သို့ဆိုလျှင် နောက်ထ ဘာကိုများ စောင့်စားမျှော်လင့်နေစရာလိုပါသေးသနည်း။

သားရေခြစ်ဓားတစ်ချောင်းသည် သူမနှင့်ပေအနည်းငယ်ကွာ ကြမ်းပြင် ပေါ်၌ကျနေသည်။ လက်သီးနှင့်ရပ်သူသည် တစ်ခဏမျှငြိမ်ဆိတ်ကာ စဉ်းစားနေ သည်။ သူ့လက်တစ်ဖက်သည် ဓားရိုးကိုဟင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။ ထို့နော သူ့ရင်ဘက်ကို ဓားရိုးမြုပ်သည့်အထိ ထိုးသွင်းလိုက်သည်။

လက်သီးနှင့်ရပ်သူသည် တစ်ကိုယ်လုံးယိမ်းထိုးလှုပ်ရှားလာပြီး ကြမ်းပြင် ထက်သို့မှောက်လျက်လဲကျသည်။ သူမသည် နောက်တစ်ကြိမ်ခဏမျှငြိမ်ဆိတ်ကာ ပတ်ဝန်းကျင်မှအသံဗလံများကို နားစွင့်သည်။ ဘာသံမှမကြားရ။ သူမသည် ဓား ကိုလက်နှစ်ဖက်ဖြင့် တအားဆုပ်ကိုင်ကာ သူမရင်ဝသို့ထိုးစိုက်ရန် ဓားကိုမြှောက် လိုက်သည်။

သူမ၏လက်ထဲမှဓားသည် သူမ၏ရင်ဝဆီသို့ အရှိန်ဖြင့်ဆင်းလာခိုက်တွင် မိန်းမတစ်ဦးရောက်လာသည်။ လက်သီးနှင့်ရပ်သူ၏လက်ကို လှမ်းဆွဲလိုက်သော်



လည်း မမိရရဖမ်းမမိလိုက်။ ဓားသည် ရင်ဝဆီသို့ရောက်မသွားသော်လည်း အပေါ် ထပ်အင်္ကျီ နှင့်အတွင်းမှဘော်လီတို့ကို ထိုးခွဲလိုက်သလိုဖြစ်သွားသည်။ စုတ်ပြဲသွား သောအင်္ကျီစများသည် ဘယ်ဘက်ရင်သားပေါ်မှကွာကျကာ ဘေးတစ်ဖက်တွင် ဆွဲလောင်းကျနေ သည်။

သူမသည် လာဆွဲသူမိန်းမ၏လက်မှလွတ်မြောက်ရန် အကြောက်အကန် ရုန်းထိုးရုန်းကန်သည်။ ဆွဲနေသူမိန်းမကလည်း လုံးဝအလျှော့မပေး။ သူ့လက်တွင်း ဆုပ်မိထားသည့် ဓားကိုအရအမိပြန်ဆွဲသည်။ ဤသို့ဖြင့် ဓားသည် လက်သီးနှင့် ရပ်သူလက်ထဲမှ ဆွဲသူ၏လက်ထဲသို့ပါသွားသည်။ လူဖြူအမျိုးသမီးသည် သူ့လက်ထဲ မှဓားလွတ်သွားသည်နှင့်တစ်ပြိုင်နက် အားအင်ကုန်ခန်းကာ ကူညီရန်ရောက်လာကြ သည့်မိန်းမများ၏လက်တွင်းသို့ လဲကျသွားလေသည်။

မိန်းမများသည် လက်သီးနှင့်ရပ်သူအား ဝိုင်း၍ချီမကာ အိပ်ရာပေါ်သို့ပို့ ကြသည်။ သူမ၏မိတ်ဆွေမိန်းမတစ်ဦးက သူ့အား ကလေးငယ်တစ်ဦး အားချော့သ ကဲ့ ချော့မော့ဖျောင်းဖြသည်။ ကျန်နှစ်ဦးက ဓားဒဏ်ရာမှသွေးကို ရပ်သွားအောင်လုပ် ပြီး ပတ်တီးများစည်းပေးကြသည်။

လက်သီးနှင့်ရပ်သူသည် အချိန်အတော်ကြာကြာမျှ ဝမ်းနည်းပက်လက်ငို ကြွေးနေသဖြင့် သူမ၏မိတ်ဆွေများသည် ချက်ခြင်းပြန်မသွားကြသေးပဲ ဝိုင်း၍ချော့ မော့နေကြသည်။ နောက်ဆုံးတွင် သူမ၏ငိုသံသည်စဲသွားသည်။ ရှိုက်သံများလောက် သာ ကြားရတော့၏။ သို့သော်လည်း သူ့ပါးစပ်မှ အဆက်မပြတ်ရေရွတ်နေသည့် စကားကိုတော့ ကြားနေကြရ၏။

"ငါဟာ ဘာမှမဟုတ်တော့ဘူး။ ငါဟာ ဘာမှမဟုတ်တော့ဘူး"

ထိုညတွင် မိတ်ဆွေမိန်းမများသည် ဆံပြုတ်ကျဲကျဲကို ကျွဲချိုခွက်ထဲ၌ထည့် ၍ သူမအားတိုက်ကြသည်။ ပထမတော့ ဖြည်းဖြည်းချင်းတစ်ငုံစနှစ်ငုံစသော က်သည်။ နောက်ပိုင်းကျတော့ တစ်ဇွန်းပြီးတစ်ဇွန်းသောက်သည်။ ထို့နောက် အိပ်ရာပေါ်သို့ပြန်လှဲကာ မျက်နှာကြက်ဆီသို့ တွေဝေငေးမောနေသည်။

အဖော်မိန်းမများသည် သူမ၏အရိပ်အခြည်ကို အကဲခတ်သည်။ အမြင့် ပုဆွေးသောကရောက်မှုသည် တဖြည်းဖြည်းချင်းအရှိန်ပြန်ကျလာ သည်ကို သားမိလာကြသည်။ ထိုအခါ မိန်းမများက သူမအားဝိုင်း၍ချော့မော့ကြသည်။ စကားပြောကြသည်။ ကရုဏာအပြည့်ပါသော ပြောဆိုမှုများဖြင့် နှစ်သိမ့်ကြ သည်။ သူမအား တစ်ကိုယ်လုံးလုံသွားအောင် စောင်ခြုံပေးကြလေသည်။

❐

လက်သီးနှင့်ရပ်သူအိပ်မောကျသွားသည့်အချိန်တွင် အိပ်ပျော်နေသော ဘာသည် မြင်းခွာသံများကြားရသဖြင့် အိပ်ရာမှဖျတ်ခနဲလန့်နိုးလာသည်။ များသို့လျှောင်ရာ တဲတံခါးဝဆီမှထွက်ပေါ်လာနေသော မြင်းခွာသံများဖြစ်

www.burmeseclassic.com

၏။

ပထမတော့အသံများကို ပိပြင်စွာမကြားရ၊ အချိန်ကြာမြင့်စွာ အိပ်မောကျနေရာမှနိုးလာခြင်းဖြစ်၍ သူ့ခေါင်းသည်မူးနောက်နောက် ရီဝေဝေဖြစ်နေသည်၊ နိုးတစ်ဝက်- မနိုးတစ်ဝက်ဖြစ်ကာ မျက်တောင်များကိုပုတ်ခတ် ပုတ်ခတ်လုပ်၍ သူ့ခြောက်လုံးပြူးကို လက်တစ်ဖက်ဖြင့်စမ်းသပ်ရှာဖွေနေသည်၊ သူ့ခြောက်လုံးပြူးကို ရှာမတွေ့မိမှာပင် မြင်းခွာသံကိုကျက်မိသည်၊ ကစ္စကို၏ခွာသံဖြစ်၏၊ ကစ္စကိုသည် ဖမ်းဆီးသယ်ဆောင်သွားသူများ၏လက်တွင်းမှ နောက်တစ်ကြိမ်ပြန်လည်၍ လွတ်မြောက်လာခဲ့ပြန်လေပြီ၊

ဒမ်ဘာသည် သတိကိုလက်မလွှတ်စေပဲ အိပ်စင်ပေါ်မှအသံမထွက်အောင်ဆင်းသည်၊ သူသည် ခါးကိုခပ်ကုန်းကုန်းထားကာ အပြင်သို့ထွက်သည်၊ အပြင်တွင် မှောင်မဲနေဆဲ မိုးကောင်းကင်ထက်တွင် ဝင်းလက်နေသည့်ကြယ်တစ်ပွင့်တိုမြင်ရသည်၊ ဗိုလ်ဒမ်ဘာသည် အသာရပ်၍နားစွင့်နေသည်၊ ပတ်ဝန်းကျင်တွင် လူရိပ်လူ ခြည်မမြင်ရ၊

ကစ္စကိုသည် သူသွားရာနောက်သို့လိုက်လာသည်၊ ဒမ်ဘာက ကစ္စကို၏ လည်တုတ်ကိုလှမ်းတိုင်လိုက်သည်၊ လည်ဆံမွေးများသည် ချွေးများဖြင့်စိုရွှဲနေသည်ကို တွေ့သဖြင့် ပြုံးလိုက်မိ၏၊

"မင်း သူတို့ကိုအတော်ကြီးဒုက္ခပေးခဲ့တယ်မဟုတ်လား၊ မောနေရောပေါ့ မင်းရေတဲ့မှာကတော့ သေချာတယ်၊ ကဲလာ. . မင်းကိုရေတိုက်မယ်၊"

သူသည် ကစ္စကိုအားဆွဲ၍ ချောင်းစပ်သို့ဆင်းခဲ့သည်၊ အခုကျတော့လည်း သူ့ခန္ဓာကိုယ်သည် အားအင်ပြည့်ဖြိုးလျက်ရှိသဖြင့် အံ့သြနေမိသည်၊ နေ့ခင်းက ကျူးကျော်ဝင်ရောက်လာခဲ့သည့်ကိစ္စကို ပြန်လည်မြင်ယောင်နေမိ၏၊ အင်ဒီးယန်းစစ်သည် တစ်ဦးသည် သူ့ဆီသို့မြင်းကိုစိုင်းလာပြီး ရိုင်ဖယ်သေနတ်ထိမြောက်၍ အော်ဟစ်သွားသည်ကိုလည်း သတိရမိသည်၊ တကယ်တော့ ကစ္စကိုအားခိုးယူသွားသူများ ခံတပ်တွင်းသို့ဝင်ရောက်လာခဲ့သည်မှာ အိပ်မက်မဟုတ်၊ တကယ်ဖြစ်ခဲ့သည့် အရေးအခင်းတစ်ခုပေတည်း၊

ကစ္စကိုရေသောက်နေခိုက်တွင် ဒမ်ဘာ၏စိတ်သည် အတွေးရေယာဉ်ကြောတွင် မျောပါသွားလျက်ရှိသည်၊

"အခု ငါဘာလုပ်နေရသလဲ"ဟု သူ့ကိုယ်သူမေးခွန်းထုတ်သည်၊ "အခုတော့ ငါလုပ်နေရတာဟာ မျှော်လင့်စောင့်စားခြင်းပဲ"ဟု အဖြေထွက်သည်၊ သူသည် ခေါင်းကိုတစ်ချက်မျှယမ်းလိုက်ပြီး ရယ်ချင်စိတ်ဝင်လာသည်၊ "အခု ငါလုပ်နေရတာက ဘာကိုမျှော်လင့်စောင့်စားနေတာလဲ၊ ငါ့ကိုလာရှာတဲ့လူရောက်အလာကို မျှော်လင့်စောင့်စားနေတာလား၊ ငါ့မြင်းကို အင်ဒီးယန်းတွေလာအခိုးကို မျှော်လင့်စောင့်စားနေတာလား၊ ဒါမှမဟုတ်လည်း တစ်ခုခုဖြစ်လာဖို့မျှော်လင့် စောင့်စားနေတာလား။"



သူစဉ်းစား၍မဆုံးသေးခင်မှာပင် သူ့မျက်လုံးများသည် ချောင်းတစ်ဖက်ရှိ ရေပေါ်သို့တက်လာသော အရောင်ကိုမြင်သည်၊ ဒမ်ဘာသည် နောက်သို့ဖျတ်ခနဲ လှည့်ကာ ကမ်းပါးထိပ်ဆီသို့မျှော်ကြည့်မိသည်၊ အရှေ့ဘက်ဆီမှလသည် ဖြည်းဖြည်းချင်းမြင့်တက်လာနေသည်၊

ဒမ်ဘာသည် ကစ္စကို၏ကျောပေါ်သို့ လွှားခနဲခုန်တက်ကာ ချောင်းကမ်းထိပ်သို့ တက်လာခဲ့သည်၊ ကြီးကျယ်ခမ်းနားပြီး လှပသည့်ရှုခင်းတစ်ရပ်ဖြစ်ချေသည်၊ အမှောင်ထုကိုဖြိုခွင်းလိုက်သည့်လရောင်သည် အံ့မခန်းရှိလှပါပေ၏၊ လရောင်သည် ထွက်စမို့ ကြက်ဥနှစ်ရောင်သန်းနေသည်၊ ကမ္ဘာသစ်တစ်ခုပေါက်ဖွားလေသလားဟုပင် ထင်ရလေသည်၊

ဒမ်ဘာသည် ကစ္စကို၏ကျောပေါ်မှခုန်ဆင်းကာ ဆေးလိပ်တစ်လိပ်ကိုဖွာရင်း လျှင်မြန်စွာမြင့်တက်လာနေသည့်လမင်းကို မျှော်ကြည့်နေသည်၊ လရောင်အောက်ရှိ ရေခြေတောတောင်ပတ်ဝန်းကျင်တစ်ခွင်လုံးသည် သာယာလှပသော ရှုခင်းတစ်ရပ်ကို ခင်းကျင်းပြသနေသည့်နှယ်ရှိလေသည်၊

လမင်းမြင့်တက်လာနေသည်နှင့်အမျှ ပရေးရီးမြက်ခင်းပြင်၏အရောင်အဆင်းသည် တောက်ပြောင်လှပကာနေသည်၊ လွန်ခဲ့သောညများကဆိုလျှင် သူသည် အမှောင်ထုအောက်၌သာ နစ်မြုပ်နေခဲ့ရ၏၊ အခုကျတော့လည်း သူသည် အလင်းရောင်သမုဒ္ဒရာရေပြင်ထက်၌ ရောက်နေရသည့်နှယ်ရှိသည်၊

သူသည် မြင်းပေါ်ပြန်တက်ကာ နာရီဝက်နီးပါးခန့်လှည့်လည် သွားလာနေသည်၊ ပတ်ဝန်းကျင်သာယာလှပမှုတွင် နစ်ဝင်ခံစားသည်၊ နောက်ဆုံးတွင် သူသည် ခံတပ်ဘက်သို့ပြန်လှည့်လာခဲ့သည်၊ ထိုအချိန်တွင်မှ သူ့စိတ်သည် ယုံကြည်မှုအပြည့်အဝဖြင့် အားမာန်အသစ်ရရှိလာခဲ့လေသည်၊

အခုကျတော့လည်း သူသည် ဖြစ်ပျက်ခဲ့သမျှအရာအားလုံးအတွက် ဝမ်းသာလျက်ရှိသည်၊ သူ့အနေဖြင့် ယခုအချိန်အထိ ခံတပ်သို့ပြန်ရောက်မလာသေးသည့်စစ်သားများအတွက် တွေးပြီးပူနေရန်လည်းမလို၊ စိတ်မာတ်ကျနေ၍လည်းမဖြစ်၊ ပြီးတော့ သူ၏အိပ်သောအကျင့်ကိုလည်း ပြုပြင်ပြောင်းလဲပစ်ရန်မလိုဟုဆင်၏၊ မလုံ ခြုံဟုထင်ရသော နေရာများသို့သွား၍ကင်းလှည့်နေစရာလည်းမလိုဟု သူဆသည်၊ နောက်ညများတွင် မျက်စိဖွင့်နားစွင့်ပြီးနေရန်လည်း မလိုတော့ဟု သူဆုံးဖြတ်သည်၊

သူ့အနေဖြင့် နောက်ထပ်ဘာကိုမှမျှော်လင့်နေရန်မလို၊ စောင့်စားနေရန်လည်းမလို၊ လုပ်စရာရှိသည်များကို လုပ်သွားရန်မှတစ်ပါး အခြားဘာမှမရှိ၊

ဘာပဲဖြစ်ဖြစ် မနက်ဖြန်မနက်ကျလျှင် သူ့မြင်းနှင့်ခံတပ်အပြင်ပတ်ဝန်းကျင်သို့ထွက်၍ အင်ဒီးယန်းများကိုရှာဖွေတော့မည်၊

သူ့အတွက် နောက်ထပ်စောင့်မျှော်ခြင်းဆိုသည်မှာ ရှိတော့မည်မဟုတ်၊

❑

www.burmeseclassic.com

www.burmeseclassic.com



အရုဏ်တက်ချိန်ရောက်၍ မျက်လုံးများပွင့်လာချိန်တွင် သူမ ပထမဆုံး မြင်တွေ့လိုက်ရသည့်အရာမှာ အခြားလူတစ်ဦး၏မျက်လုံးအစုံဖြစ်သည်။ ထို့နောက် တော့ သူ့အားကြည့်နေသည်မှာ မျက်လုံးတစ်စုံထဲမဟုတ် မျက်လုံးအစုံပေါင်း အမြောက်အများဖြစ်သည်။ ဤကဲ့သို့ သူ့အပေါ်စိတ်ဝင်တစား ဂရုစိုက်မှုအတွက် သူသည် ရှက်စိတ်ဝင်ကာ စိတ်အနှောက်အယှက်ဖြစ်မိသည်။ ထို့ကြောင့်လည်း သူသည် ဂုဏ်သိက္ခာကင်းမဲ့သော ကိုမင်ချိတို့လုပ်လေ့လုပ်ထမရှိသော အလေ့အထကိုပင် လုပ်လိုက်ချင်စိတ်ဖြစ်မိသည်။ တခြားနည်းတော့မဟုတ်၊ သူ့မျက်နှာကိုမှောက်ထားလိုစိတ် ဖြစ်လေသည်။

သူတို့က သူ့အားဘယ်လိုနေသေးသလဲ၊ နေကောင်းရဲ့လား၊ ဘာစားမလဲ၊ စားချင်စိတ်ရှိပြီလား စသည်ဖြင့်မေးကြသည်။ လက်သီးနှင့်ရပ်သူနေကောင်းလာပါပြီ၊ စားချင်စိတ်လည်းရှိလာပြီဟုဖြေသည်။

သူစားသောက်နေစဉ်အတွင်း အခြားမိန်းမများသည် သူတို့လုပ်စရာရှိသည်များကို သွားရောက်လုပ်ကိုင်နေကြသည်။ သူမအဖို့ကတော့ တစ်ညလုံး အိပ်ရေးဝဝအိပ်ခဲ့ရခြင်းနှင့် အစားစားလိုက်ရခြင်းတို့ကြောင့် သူသည် များစွာအားအင်ပြည့်ဖြိုးလာခဲ့သည်၊ သူ့အခံခြေအနေသည် လူတစ်ယောက်အဖြစ်သို့ ပြန်ရောက်လာပြီဟု ပြောနိုင်လာပြီဖြစ်၏။

သို့သော်လည်း သူမ၏နှလုံးသားကတော့ ကွဲအက်ပျက်သည်းခဲ့ပြီဖြစ်သည်။ အတယ်၍ သူ့ဘဝကိုဆက်လက်ရှင်သန်သွားလိုသေးသည်ဆိုပါမူကား သူ့နှလုံးသားမှ ဒဏ်ရာတို့ပျောက်ကင်းအောင် ကုသရပေတော့မည်။ ပြီးတော့ သူတို့ထုံးစံအရ သူ့ခင်ပွန်းသည်အတွက် ငိုကြွေးတမ်းတမှုကို ပြုရပေလိမ့်ဦးမည်။

ဤကိစ္စမှာ ကိုမင်ချိမိန်းမများမလုပ်လျှင်မဖြစ်သည့် ဓလေ့ထုံးစံတစ်ခုဖြစ်၏၊ ယင်းကိစ္စကို ပုံမှန်ဆောင်ရွက်သွားနိုင်ရန်အတွက် သူမသည် အပြင်သို့မထွက်၍ မဖြစ်၊ ထွက်ကိုထွက်ရမည်။

သူမ၏မိတ်ဆွေအမျိုးသမီးများသည် သူမ၏ဆံပင်ကို ကျစ်ဆံမြီးကျစ်ပေးကြသည်၊ သူမ၏ကိစ္စကိုဆောင်ရွက်နိုင်ရန် အမျိုးသမီးငယ်နှစ်ဦးကို တာဝန်ပေးစေလွှတ်ကြသည်။ တစ်ဦးကလက်သီးနှင့်ရပ်သူ၏ အိမ်သို့သွားကာ အကောင်းဆုံးအဝတ်အစားများကို ယူရန်ဖြစ်၍ နောက်တစ်ဦးက လက်သီးနှင့်ရပ်သူ၏ ခင်ပွန်းသည်ပိုင် မြင်းအုပ်ထဲမှမြင်းတစ်ကောင်ကို ယူရန်ဖြစ်လေသည်။

လက်သီးနှင့်ရပ်သူသည် သူမ၏ဓားမြှောင်ချိတ်ထားသော ခါးပတ်ကိုယူ၍ ခါးတွင်ပတ်သည်။ ဤတစ်ကြိမ်မှာတော့ ဓားမြှောင်ယူခြင်းကို မည်သူကမှတားမြစ်ခြင်းမပြု။ မနေ့ကလို စိတ်မတည်မငြိမ်သာဖြစ်နေပါမူ ဓားမြှောင်ကိုယူခွင့်ပြုမည်မဟုတ်။ အခုကျတော့လည်း လက်သီးနှင့်ရပ်သူသည် စိတ်တည်ငြိမ်အေးဆေးနေပြီ အကယ်၍ အခုချိန်ထိ သူ့အသက်သူသတ်၍သေချင်နေသေးသည်ဆိုပါမူကား သူတို့အနေဖြင့် ဘာမှတားမြစ်နေစရာမလို။ သေချင်လည်းသေပေစေတော့ဟု လွှတ်



ထားလိုက်ရုံသာရှိ၏၊ ဤအဖြစ်မျိုးနှင့်အသက်သေခဲ့ကြရသည့် မိန်းမတွေအ များကြီးရှိခဲ့ဖူးသည် မဟုတ်ပါလော၊

လက်သီးနှင့်ရပ်သူသည် တဲအတွင်းမှထွက်လာခဲ့သည်။ သူ့အဖော်များက နောက်မှလိုက်လာပြီး မြင်းပေါ်တက်သည်အထိ ဝိုင်းဝန်းကူညီကြသည်။ လက်သီးနှင့်ရပ်သူ၏မြင်းသည် စခန်းတည်ရာချိုင့်ဝှမ်းအတွင်းမှ ထွက်ခွာသွားသည်။ တဖြည်းဖြည်းနှင့် ပရေးရီးမြက်ခင်းပြင်ပေါ်သို့ ရောက်သွားသည်၊

သူ့နောက်မှငိုယိုပြီး လိုက်သူတစ်ဦးမှမရှိ၊ သူ့အား နှုတ်ဆက်မည့်သူပင်မရှိ၊ သူသွားရာသို့ မျက်စိတစ်ဆုံးလိုက်ကြည့်နေသူများတော့ရှိ၏၊ သူ့မိတ်ဆွေအဖော်မိန်းမများကတော့ လက်သီးနှင့်ရပ်သူသည် သူ့ကိုယ်သူမညှာမတာ ရက်ရက်စက်စက် သပ်လိမ့်မည်မဟုတ်ဟု ယူဆကြသည်၊ နောက်ဆုံးတွင် သူမသည် ရွာသို့ပြန်ရောက်လာလိမ့်မည်ဟုပင် ယုံကြည်ကြလေသည်။

တကယ်တော့လည်း တစ်ချိန်ကလူဖြူမတစ်ယောက်ဖြစ်ခဲ့သော လက်သီးနှင့်ရပ်သူအား သူတို့အားလုံးက ချစ်ခင်တွယ်တာနေကြသည်မဟုတ်ပါလား၊

□

ဗိုလ်ဒမ်ဘာသည် အရုဏ်တက်ချိန်၌ အိပ်ရာမှထမည်ဟုစိတ်ကူးထားခဲ့သော်လည်း မနက်ကျတော့နေထွက်မှနိုးသည်။ သူသည် ကပျာကယာကော်ဖီသောက်ကာ စီးကရက်တစ်လိပ်ကို ကသောကမျောဖွာသည်။ ပြီးတော့ စိတ်ကူးစီစဉ်ထားသည့်အတိုင်း အလုပ်များကိုလုပ်သည်၊

ရိက္ခာတဲရှေ့ရှိ အလံတိုင်မှအလံကို ရှေးဦးစွာဖြုတ်ချသည်၊ မြင်းဖောင်းကိုထားရုံထားသည့်ဝါးလုံးများထဲမှ အကောင်းဆုံးတစ်လုံးကိုရွေးချယ်ကာ အသေအချာခုတ်ထွာပြီး ဖြတ်လိုက်သည်။ စောစောကဖြုတ်ယူထားသည့်အလံကို တပ်လိုက်သည်၊ အခုလိုကျတော့လည်း သူ့အလံတိုင်သည် သပ်သပ်ယပ်ယပ်ရှိပေသားပဲဟု စိတ်ထဲ ကကြိတ်၍မှတ်ချက်ချသည်၊

ထို့နောက် သူ့မြင်းကစ္စကို၏လည်ဆံမွှေးများကို ဖြတ်တောက်ခြင်း၊ ခွာလေး ဖက်ကိုပြန်ရိုက်ခြင်း၊ ဆီလိမ်းပေးခြင်းစသည့်များကို တစ်နာရီကျော်ကျော်မျှ အချိန် ကုန်ခံ၍ပြုလုပ်သည်။ ပြီးတော့ သူ့ကုတ်အင်္ကျီကို ဘရပ်ရှ်နှင့်တိုက်သည်၊ ကုတ်အင်္ကျီ သည် အတော်ကြီးပြောင်လက်တောက်ပလာသည်၊

ထို့မျှသာမကသေး သူသည် သူ၏ယူနီဖောင်းဝတ်စုံများကို ဘရပ်ရှ်နှင့် သေသေချာချာ နနတိုက်သည်၊ ရင်ပတ်ကြယ်သီးနှင့်လက်ကြယ်သီးများကိုလည်း ဝင်းလက်တောက်ပလာအောင်တိုက်သည်။ သူတိုက်ချွတ်ပြီးသမျှ ဖိနပ်မှအစ ဦးထုပ်အဆုံး ယူနီဖောင်းဝတ်စုံကို အိပ်ရာပေါ်တွင် သူ့နေရာနှင့်သူတန်းစီ၍ချထားသည်၊

အားလုံးပြီးစီးသွားသည့်အခါတွင်မှ သူသည် မျက်နှာသုတ်ပဝါ၊ မုတ်ဆိတ်ရိတ်ဓား စသည်များကိုယူကာ ချောင်းထဲသို့ဆင်းသည်။ သူသည် ချောင်းထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ရေတစ်ဝကြီးချိုးလိုက်၊ ကုန်းပေါ်တက်ပြီးဆပ်ပြာတိုက်လိုက်၊ ချောင်းထဲပြန်ဆင်းလိုက်နှင့် စိမ်တည်ပြီးရေချိုးသည်။ မုတ်ဆိတ်များကိုလည်း ပြောင်စင်သွားအောင်ရိတ်သည်။ ပြီးစီးသွားသည့်အခါ တဲသို့ပြန်လာပြီး အဝတ်အစားများလဲသည်။

❒

ကစ္ဆကိုသည် ခေါင်းကိုခပ်စိုက်စိုက်ထားကာ ဖြည်းဖြည်းမှန်မှန်သွားလျက်ရှိသည်။ ဤတစ်ကြိမ်တွင် သူ့သခင်သည် ယူနီဖောင်းကိုအပြည့်အစုံ အကျအနဝတ်ထားသဖြင့် ခံ့ညားကြော့မော့နေသည်။ သူ၏ခြောက်လုံးပြူးသည် ကစ္ဆကိုလှုပ်ရှားတိုင်း သူ့တင်ပါးကိုတဖျတ်ဖျတ်ရိုက်လျက်ရှိ၏။

သူသည် ကစ္ဆကိုအား ရိက္ခာတဲဆီသို့နှင်သည်။ နံရံ၌ကပ်ထောင်ထားသော အလံကိုယူသည်။ သူ့ဘယ်ဘက်သံခြေကွင်းထဲသို့ အလံတိုင်ကိုထိုးသွင်းကာ ခံတပ်တွင်းမှ ထွက်လာခဲ့သည်။ ရှုမျှော်၍မဆုံးသော ပရေရီမြက်ခင်းပြင်ကြီးသည် သူ့အား ဆီးကြိုလျက်ရှိလေသည်။

ခံတပ်နှင့်တိုက်တစ်ရာခန့်အကွာသို့ရောက်သည့်အခါ ဗိုလ်ဒမ်ဘာသည် မြင်းကိုခဏရပ်ကာ နောက်သို့လှည့်ကြည့်သည်။ သူ့အနေဖြင့် ဤခံတပ်ကိုနောက်တစ်ကြိမ်ထပ်မြင်ရမည့် အလားအလာသည်ရှိချင်မှ ရှိပေလိမ့်မည်။ သူသည် နေကိုမော့ကြည့်သည်။ နေကတော့ သိပ်မမြင့်သေး။ အခုအတိုင်းဆိုပါက သူ့တွင် အချိန်တွေအများကြီးရှိနေသေးသည်။

အနောက်ဘက်ဆီသို့ ကြည့်လိုက်သည့်အခါ မီးခိုးရောင်သန်းနေသော တိမ်လိပ်များကိုမြင်နေရ၏။ ထိုတစ်ဝိုက်ဆီမှမီးခိုးများတက် တက်လာနေသည်မှာသံ့ ရက်တိတိရှိခဲ့ပြီ။ ထိုနေရာတစ်ဝိုက်တွင် သူတို့လူစုရှိနိုင်လေမလား။

ဗိုလ်ဒမ်ဘာသည် သူ့ရှူးဖိနပ်များကိုငုံ့ကြည့်သည် တိုက်ချွတ်ထားသဖြင့် နေရောင်တွင်ပြောင်လက်နေသည်။ သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။ သူ့ရင် ထဲမှသံသယစိတ်သည် လွင့်ပျောက်သွားသည်။ သူသည် ကစ္ဆကိုအား စုပ်သပ်၍အသံပေးလိုက်သည်။ ကစ္ဆကိုသည် သူ့အားအနောက်စူးစူးသို့ သယ်ဆောင်သွားသည်။

လေပြေလေညင်းသည် ဖြည်းဖြည်းသာသာကလေးတိုက်ခတ်လျက်ရှိ၏။ သူတွေ့ဖို့သွားနေသည့်အရာများသည် ဘာတွေပါလိမ့်။ သူ အတိအကျမသိ၊ သို့သော်လည်း သူသည် ဆက်လက်သွားနေဆဲ။

❒

ကြိုတင်အစီအစဉ်ပြုလုပ်ထားခြင်းမရှိသော်လည်း လက်သီးနှင့်ရပ်သူ၏ "ဝမ်းနည်းတသပွဲ"သည် တခမ်းတနားရှိလှပေသည်။

သူမအနေဖြင့် အသက်ဆုံးရှုံးသည်အထိတော့ သူ့ကိုယ်သူထိခိုက်အောင်



လုပ်မည်ဟု စိတ်ကူးမရှိတော့။ သို့သော်လည်း သူ့ခန္ဓာကိုယ်အတွင်း၌ စိမ့်ဝင်ပျံ့နှံ့နေသောဝမ်းနည်းကြေကွဲမှုများ ကုန်စင်သွားအောင်တော့လုပ်လိုစိတ်ရှိသည်။ သူမအနေဖြင့် သူမ၏တစ်ကိုယ်လုံးသန့်ရှင်းစင်ကြယ်သွားသည်အထိတော့ လုပ်မည်ဟုရည်မှန်းချက်ထားသည်။

သူမသည် မြင်းကိုအေးအေးသာသာစီးကာ တစ်နာရီနီးပါးမျှသင့်တော်သည့် နေရာတစ်နေရာကို လိုက်လံရှာဖွေသည်။ ကိုမင်ချီတို့၏ ဓလေ့ထုံးစံအရ "ဝမ်းနည်းတသပွဲ" ပြုလုပ်ရမည့်နေရာသည် ဝိညာဉ်တော်နတ်ဘုရားများစုဝေးရောက်ရှိနိုင်မည့် နေရာတစ်နေရာဖြစ်ဖို့ လိုအပ်သည်မဟုတ်ပါလား။

သူရှာရမည့်နေရာသည် တောင်ကုန်းကလေးဖြစ်ဖို့လိုသည်။ တောင်ကုန်းတော့တ်သည့်တိုင်အောင် ကုန်းမို့မို့ကလေး ကမူကလေးဖြစ်ဖို့လိုသည်။ မြေပြင်၏အသက်အနည်းငယ်မျှမြင့်နေလျှင်လည်းဖြစ်သည်။ ထိုကဲ့သို့သောနေရာမျိုး၏ထိပ်တွင် သစ်ချတစ်ပင်ရှိဖို့လည်းလို၏။ လက်သီးနှင့်ရပ်သူသည် အရပ်လေးမျက်နှာကို စေ့စေ့စပ်စပ်ကြည့်ရာ ဝက်သစ်ချပင်တစ်ပင်သာလျှင်ရှိသည်ကို တွေ့ရလေသည်။

နေရာကတော့ အလွန်အထီးကျန်နိုင်သောနေရာတစ်နေရာဖြစ်ချေသည်။ သူ့အတွက် အသင့်တော်ဆုံးသောနေရာဖြစ်ဖို့ရှိ၏။ သူသည် ကုန်းမြင့်ပေါ်သို့မြင်းတိုင်စီးလာခဲ့သည်။ ထို့နောက် မြင်းပေါ်မှဆင်းကာ ဆင်ခြေလျှောနောက်ဘက်သို့သွား၍ မြေပြင်ပေါ်၌တင်ပလ္လင်ခွေထိုင်သည်။

ချယ်ရီပန်းရောင်သန်းနေသော ကျစ်ဆံမြီးဆံပင်သည် လေတွင်လွင့်မျောနေသည်။ လက်သီးနှင့်ရပ်သူသည် မျက်စိများကိုစုံမှိတ်ကာ ရှေ့နောက်ယိမ်းထိုးလှုပ်ရှားပြုသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ကြုံခဲ့ရသည့်မကောင်းသည့်အရာများနှင့် ကြောက်မက်ဖွယ်ကောင်းသည့်ဖြစ်ရပ်များကို ပြန်လည်တွေးတောဆင်ခြင်တာ စိတ်အာရုံထဲမှ မောင်းထုတ်ရန်ကြိုးစားသည်။

မိနစ်များစွာမကြာမီအတွင်းမှာပင် သူ့ခေါင်းထဲတွင်တေးတစ်ပုဒ်စီးပြီးသား ဖြစ်လာသည်။ သူ့ပါးစပ်မှသီချင်းစာပိုဒ်များ တစ်ပိုဒ်ပြီးတစ်ပိုဒ်ထွက်လာသည်။ စောစောကတည်းကလေ့ကျင့်ထားသည့် သီချင်းတစ်ပုဒ်ကိုသီဆိုနေသည့်နှယ်ရှိသည်။

သူမ၏အသံသည် ကျယ်လောင်လာသည်။ တစ်ခါတစ်ရံတွင် အသံသည် အက်ကွဲနေသည်။ ပူဆွေးတမ်းတသံပေါက်နေသည်။ မည်သို့ပင်ဖြစ်စေ ဆိုနေသည်။ စိတ်ရောကိုယ်ပါလိုက်လိုက်လှဲလှဲရှိလှချေသည်။ ပထမအပိုဒ်သည် သူ့ယောက်ျားအား စစ်သူရဲကောင်းတစ်ယောက်အဖြစ်နှင့် ခင်ပွန်းသည်တစ်ယောက်အဖြစ် အလေးတ စားချီးကျူးဖွဲ့ဆိုထားခြင်းဖြစ်၏။ ဆုံးခါနီးတွင် နှစ်ကြောင်းတွဲကာရန် စကားလုံးများ ထွက်ပေါ်လာသည်။

"သူဟာလေ ကြီးကျယ်မြင့်မြတ်တဲ့ယောကျ်ားတောင်းတစ်ယောက်ပါ"

"သူဟာလေ ကျွန်မအတွက် ကြီးကျယ်မြင့်မြတ်လှသူပါ"

ထိုစာသားများကို မသီဆိုမီ သူမသည် တစ်ခဏမျှရပ်လိုက်သေးသည်။

www.burmeseclassic.com



စုံမှိတ်ထားသောမျက်လုံးများဖြင့် မိုးကောင်းကင်ဆီသို့ မျက်နှာကိုမော့ထားသည်။ ဓား အိမ်ထဲမှဓားကိုချွတ်ကာ လက်ဖျံပေါ်တွင်အရှည်နှစ်လက်မခန့် ဓားဖြင့်လှီးခြစ်လိုက်သည်။ ပြီးတော့ ခေါင်းကိုပြန်ငုံ့ကာ ဓားဒဏ်ရာကိုကြည့်သည်။ ဒဏ်ရာမှသွေးများ ယိုစီးကျလျက်ရှိ၏။ သူသည် ဓားကိုဆုပ်ကိုင်ထားရင်းနှင့်ပင် သီချင်းကိုပြန်ဆိုသည်။

သူမသည် နောက်ထပ်ဓားဖြင့် အကြိမ်ပေါင်းများစွာမွှန်းသည်၊ အပေါ်ယံရှပ်တိုက်၍မွှန်းခြင်းဖြစ်သော်လည်း သွေးတွေများစွာထွက်သည်၊ သွေးထွက်များလေလေ လက်သီးနှင့်ရပ်သူ၏စိတ်သည် ကျေနပ်အားရလေလေ၊ သူ၏ဦးခေါင်းသည် ကြည်လင်ပေါ့ပါးလာသည်။ ထိုအခါ အာရုံစူးစိုက်မှုသည် ပို၍တိုးတက်ခိုင်မာလာသည်၊

သီချင်းသည် သူတို့လင်မယား၏ဘဝကို ဖော်ပြထားသည်၊ အသေးစိတ်မဟုတ်သော်လည်း အရေးကြီးသောအခန်းများကိုချန်လှပ်ထားခဲ့ခြင်းမရှိ။ နောက်ဆုံးသူသီချင်းသည် သူယောက်ျားအား နေမင်း၏အခြားတစ်ဖက်ရှိ နေရာရှိ ဂုဏ်သိက္ခာရှိသောနေရာတစ်နေရာ၌ မဟာဝိညာဉ်တော်ကြီးက နေရာချထားပေးပါရန် တောင်းပန်အသနားခံသည်၊ ထို့နောက်တော့ သီချင်းသည်ပြီးဆုံးခြင်းသို့ရောက်သည်၊

လက်သီးနှင့်ရပ်သူသည် လက်ထဲမှဓားဖြင့် ပေါင်များကိုမွှန်းပြန်သည်။ ပြီး တော့ ခြေထောက်များ. . . ။ သွေးများသည် အဆက်မပြတ်စီးကျလာလျက်ရှိ၏ သူ့အနေဖြင့် သွေးတိတ်အောင်လုပ်မလား. . . ။ သီချင်းဆက်ဆိုမလား. . . ။

သီချင်းဆက်ဆိုမည်ဟုပင် ဆုံးဖြတ်လိုက်သည်၊ သူသည် ခြေနှစ်ဖက်ကို ဆန့်ထုတ်ကာ သီချင်းကိုဆက်ဆိုသည်၊ သီချင်းဆိုနေခိုက်တွင် ဦးခေါင်းကိုမော့ထားသည်၊

"သေရတာပဲကောင်းပါတယ်"
သူနဲ့အတူတူလိုက်သွားတာပဲကောင်းပါတယ်၊
ကျွန်မ သူ့နောက်ကလိုက်သွားပါတော့မယ်"

□

လေသည် သူမ၏မျက်နှာကိုအဆက်မပြတ်တိုးဝှေ့တိုက်ခိုက်နေသဖြင့် သူမ ၏ဘက်သို့လာနေသည့် မြင်းစီးသမား၏အသံကို လုံးဝမကြား။

သူသည် ခပ်ဝေးဝေးကတည်းက ကုန်းမြင့်ဆင်ခြေလျှောကိုမြင်သည်၊ ထိုနေရာ၌ ခဏတစ်ဖြုတ်ရပ်နားပြီး ပတ်ဝန်းကျင်ကိုကြည့်ရှုမည်ဟု ဆုံးဖြတ်လိုက်၏ အကယ်၍ ထိုနေရာရောက်၍မှ ပတ်ဝန်းကျင်ကိုကောင်းစွာမမြင်ရပါမူ သစ်ပင်ပေါ် အထိတက်၍ကြည့်မည်ဟုလည်း ဆုံးဖြတ်ထားသည်၊

သူ ကမူထက်သို့တက်လာနေခိုက်တွင် လေနှင့်အတူပါလာသည့် ကြေကွဲဖွယ်ရာကောင်းလှသောအသံကိုကြားရသည်။ အသံမှာ ဆွေးဆွေးမြေ့မြေ့နိုင်လှ



သဖြင့်၊ သူသည် သတိကြီးစွာထားပြီး ကမူပေါ်သို့တက်လာခဲ့သည်၊ ကုန်းစောင်း၏အောက်ခြေပေအနည်းငယ်မျှအကွာ သူ့ရှေ့တည့်တည့်တွင်ထိုင်နေသည့်လူတစ်ယောက် သူ့ကိုကျောပေးပြီးထိုင်နေခြင်းဖြစ်၍ ရုတ်တရက်ယောက်ျားလား၊ မိန်းမလားခွဲခြား၍မရ၊ သို့သော်လည်း သူသေချာပေါက်သိနေသည့်အချက်မှာ အင်ဒီးယန်းတစ်ယောက်ဖြစ်သည်ဟူသော အချက်ပေတည်း၊

သီဆိုနေသော အင်ဒီးယန်းတစ်ယောက်. . . ။ ထိုင်နေသည့်လူက နောက်သို့လှည့်ပြီး သူ့အားမျက်နှာချင်းဆိုင်လိုက်သောအချိန်ထိ သူသည် ကစ္စကို၏ ကျောပေါ်မှမဆင်းရသေး၊

□

လက်သီးနှင့်ရပ်သူသည် သူ့နောက်၌ လူတစ်ယောက်ရပ်နေသည်ဟု စိတ်ထဲကသိသလိုလိုဖြစ်လာသည်။ ဘယ်သူဘယ်ဝါ ဘာရယ်လို့တော့ ယယဏဏမသိ။ သူသည်ဖျတ်ခနဲလှည့်ကြည့်သည်၊

သူမသည် ပထမဆုံးရှေ့သို့ခပ်ငိုက်ငိုက်ဆောင်းထားသော ဦးထုပ်အောက်မှ သွယ်လျလျမျက်နှာကို ရိပ်ခနဲမြင်လိုက်သည်။ ထို့နောက် ဦးခေါင်းအထက်ဖက်၌ လူလူလွင့်နေသည့်အလံ. . . ။ သူမသည် ရိပ်ခနဲမြင်လိုက်ရခြင်းဖြစ်သော်လည်း မြင်လိုက်ရသည့်လူသည် လူဖြူတစ်ယောက်ဖြစ်သည်ဟု ချက်ခြင်းသိလိုက်လေသည်၊

သူမသည်ထိုင်ရာမှ ခုန်၍လည်းမထ၊ ထွက်ပြေးရန်လည်းမကြိုးစား၊ မြင်းကောင်နှင့်စစ်သားတစ်ယောက်ကိုမြင်ရသည်မှာ စိတ်ထဲ၌တစ်မျိုးခံစားနေရသည်၊ ရောင်မျိုးစုံထွက်နေသည့်အလံ၊ တောက်ပပြောင်လက်နေသည့်မြင်း. . . ။ ပြီးတော့ ကြည်လင်သန့်စင်နေသည့်ယူနီဖောင်းနှင့် တလက်လက်တောက်ပနေသည့်ကြယ်လုံးအစုံပိုင်ရှင်၏မျက်နှာ၊ တဖျပ်ဖျပ်လှုပ်ခါနေသည့်အလံမှတစ်ပါး အခြားမည်သည့်အရာဝတ္ထုမှ လှုပ်ရှားခြင်းမရှိ။

ထို့နောက်တော့ မြင်းပေါ်မှစစ်သား၏လှုပ်ရှားမှုကိုမြင်ရ၏၊ လက်သီးနှင့်ရပ်သူသည် သတိပြန်ဝင်လာသည်၊ လူအစစ်ဖြစ်သည်ဟု သူဆုံးဖြတ်လာနိုင်သည်၊ သူသည် ဆင်းထားသောခြေထောက်များကို ဖျတ်ခနဲရုပ်ကာ ဆင်ခြေလျှောအတိုင်းပြေးဆင်းရန်အားထုတ်သည်၊ သို့သော်လည်း ဖုံသြခြင်း၊ ထိတ်လန့်ခြင်း၊ စသည်တို့ကြောင့် ရုတ်တရက်ချက်ခြင်းမပြေးရဲ၊

□

လက်သီးနှင့်ရပ်သူ၏မျက်နှာကို မြင်လိုက်ရသည့်တစ်ခဏတွင် ဒမ်ဘာသည် များစွာထိတ်လန့်တုန်လှုပ်သွားသည်။ သူသည် စကားတစ်ခွန်းမှမပြော၊ ပြောလိုသော်လည်း ခေါင်းထဲ၌မပေါ် "ဘယ်လိုမိန်းမစားပါလိမ့်"ဟုတော့ တွေးသည်၊

www.burmeseclassic.com

www.burmeseclassic.com



အကင်းပါးပြီး ဖျတ်လတ်မည့်မျက်နှာ၊ ပန်းရောင်ဆံပင်နှင့်ဥာဏ်ကောင်း မည့်မျက်လုံးအစုံ၊ ဒီမိန်းမဟာ အင်ဒီးယန်းမမှုဟုတ်ပါလေစဟု သံသယမဝင်၊ မည် သို့ပင်ဖြစ်စေ သူမလှုပ်ရှားနိုင်မီ စကားမပြောနိုင်မီ အမျိုးသမီးသည်ပြေးဖို့ကြိုးစား သည်၊ ဤအခိုက်မှာပင် အမျိုးသမီး၏ခန္ဓာကိုယ်ပေါ်မှသွေးများကို သူမြင်လိုက်ရ

"ဟာ ဘယ်လိုဖြစ်တာလဲ"ဟု ရေရွတ်လိုက်မိသည်၊ လက်သီးနှင့်ရပ်သူက တော့ ဆင်ခြေလျော့အတိုင်းပြေးဆင်းသည်၊

"ဟေ့ နေဦး"

သူအော်လိုက်ခါမှပင် လက်သီးနှင့်ရပ်သူသည် ပို၍အရှိန်မြှင့်ပြီးပြေးသည် ဝိုလ်ဒမ်ဘာက နောက်မှပြေးလိုက်သည်၊ "နေဦးလေ. . . ခဏနေပါဦး"ဟု တ သည်၊

တစ်ယောက်နှင့်တစ်ယောက် ကိုက်အနည်းငယ်ခန့်အကွာသို့ ရောက်သည့်အ လက်သီးနှင့်ရပ်သူသည် ဖျတ်ခနဲရပ်ကာ နောက်သို့လှည့်ကြည့်သည်၊ ထိုအခိုက် ပင် သူမသည် ခြေတစ်ဖက်ချော်ထွက်ကာ မြက်ပင်ကြီးများ၏ကြားသို့ လဲကျသွ သည်၊

ဒမ်ဘာရောက်သွားချိန်တွင် လက်သီးနှင့်ရပ်သူသည် လေးဖက်ထော တာ လျှောက်သွားလျက်ရှိ၏၊ ဒမ်ဘာက လှမ်းဆွဲသော်လည်းမရ၊ အမှန်တော့ ဝှံဝှံလည်းမဆွဲရဲ၊ တိရစ္ဆာန်အရိုင်းတစ်ကောင်သဖွယ်ဖြစ်နေသူတစ်ဦးအား ထိဖို့ ဖို့ဆိုသည်မှာ သတိမရှိ၍မဖြစ်၊ နောက်ဆုံးတွင် ဒမ်ဘာ၏လက်များသည် အ သမီး၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်မိသည်၊ အမျိုးသမီးက ဖျတ်ခနဲပြန်လှည့်ကာ ဒမ် ၏မျက်နှာကို လက်သည်းများနှင့်ကုတ်ရန်အားထုတ်သည်၊

"မင်းမှာဒဏ်ရာရထားတယ်" ဒမ်ဘာသည် လက်သီးနှင့်ရပ်သူ၏လ များကို ဖမ်းဆွဲကာထပ်ပြောသည်၊ "မင်းမှာ ဒဏ်ရာရထားတယ်"

သူမကတော့ စက္ကန့်အနည်းငယ်ကြာမျှ အကြောက်အကန်ရုန်းကန် သည်၊ ဒမ်ဘာကလည်း မိထားသည့်လက်များကို လွတ်ထွက်မသွားအောင် တ ဆုပ်ကိုင်ထားသည်၊ ရုန်းကန်မှုအားသည် တဖြည်းဖြည်းချင်းပျော့လာသည်၊ သို့ လည်း ခြေနှစ်ဖက်ကတော့ တအားကုန်ကန်ကျောက်နေဆဲ၊ ထိုအခိုက် မှာ ထူးဆန်း သောအရာတစ်ခုသည် မမျှော်လင့်ဘဲနှင့်ပေါ်ပေါက်လာသည်၊

သူမ၏နှုတ်ခမ်းမှ နှစ်ပေါင်းများစွာမပြောဘဲနေလာခဲ့သည့် အင်္ဂလိ ကားတစ်ခွန်းထွက်လာခြင်းဖြစ်၏၊

"မလုပ်နဲ့"

ဘာကြောင့်ဤစကားလုံးထွက်သွားရသနည်း၊ သူမကိုယ်တိုင်ပင် သူ အဖြစ်ကိုနားမလည်၊ အမှတ်တမဲ့ဖြစ်ကာ လျှာချော်ပြီးထွက်သွားခြင်းဖြစ်၏၊

နှစ်ဦးစလုံးအံ့အားသင့်ကာ တွန်းထိုးရုန်းကန်နေမှုကို ရပ်လိုက်ကြသ ဝိုလ်ဒမ်ဘာသည် သူကြားလိုက်ရသည့်စကားအတွက် သူ့နားကိုပင်သူမယုံ၊ လ



နှင့်ရပ်သူကိုယ်တိုင်လည်း သူ့ပါးစပ်မှ ထိုစကားထွက်သွားသည်ကို မယုံကြည်နိုင် အောင်ဖြစ်နေသည်၊

လက်သီးနှင့်ရပ်သူသည် ဦးခေါင်းကိုဖျတ်ခနဲနောက်သို့လှန်ကာ သူမ၏ ကိုယ်လုံးကို နောက်သို့ပစ်လှဲလိုက်သည်၊ သူမ၏ပါးစပ်မှ ကိုမင်ချီဘာသာစကားဖြင့် ညည်းသံများပေါ်ထွက်လာလေသည်၊

□

မြက်ပင်ရှည်ကြီးများကြား၌ လဲနေသောအမျိုးသမီးသည် အသက်ကိုပြင်း ပြင်းရှူလျက်ရှိ၏၊ သူမ၏ကိုယ်ပေါ်မှဒဏ်ရာများသည် အပရိကမ္မသာဖြစ်သည်၊ သို့ သော်လည်း ပေါင်မှဒဏ်ရာကျတော့ ကြောက်မက်ဖွယ်ကောင်းသည်၊ အန္တရာယ် များလည်းရှိသည်၊ ထိုဒဏ်ရာမှသွေးများသည် ယခုအချိန်ထိမတိတ်သေး၊

အကယ်၍သာ ခံတပ်ဆီသို့ပြန်သွားပြီး ယူနိုင်မည်ဆိုပါက လိုအပ်သော ဆေးကောင်းဝါးကောင်းများနှင့် ကောင်းစွာကျပ်စည်းပေးနိုင်မည့်ပတ်တီးများကို ရနိုင် မည်ဖြစ်၏၊ သို့သော်လည်း ခံတပ်အထိပြန်ရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်၊

သူသည် လက်သီးနှင့်ရပ်သူ၏ ခါးမြောင်ကိုယူ၍အလံကိုဖြတ်ယူကာ ပေါင်မှဒဏ်ရာ၏အထက်နားတွင် တင်းကျပ်စွာစည်းပေးသည်၊ ချက်ခြင်းပင် သွေး တိတ်သွားသည်၊ သို့သော်လည်း ဤမျှလောက်စည်းပေးရုံမျှနှင့်မလုံလောက်သေး သည်ကို သူသိသည်၊

သူသည် အတွင်းခံအင်္ကျီကိုချွတ်၍နှစ်ပိုင်းခွဲကာ ထပ်မံ၍ကျပ်စည်းပေး လိုက်သည်၊ ဟက်တက်ဖြစ်နေသောဒဏ်ရာကိုလည်း စနစ်တကျပတ်တီးစည်းပေး သည်၊ လုပ်ကိုင်နေရင်းမှပင် သေများသေသွားမလားဟု တွေးလိုက်မိသေးသည်၊ သူသည် နားတစ်ဖက်ကိုသူမ၏ရင်၌အပ်ကာ နားထောင်သည်၊ နှလုံးခုန်သံကတော့ ကြားနေရဆဲ၊

ဘယ်ကမိန်းမပါလိမ့်၊ ဘယ်သူများပါလိမ့်၊ သေမလား၊ ရှင်မလား၊ ဤ အတွေးများသည် သူ့ခေါင်းထဲတွင် ချာချာလည်နေကြသည်၊ မြက်ပင်များကြားတွင် ရှိ၍ လေကလည်းမရ၊ ပူအိုက်လိုက်ပါဘိခြင်း၊ နဖူးမှချွေးများသည် အဆက်မပြတ် စီးကာ သူ့မျက်လုံးများထဲသို့ဝင်ရောက်နေကြသည်၊ သူသည် ဒဏ်ရာအထက်နား တွင်၍ လက်နှစ်ဖက်ဖြင့်ဖိနှိပ်ကာ သွေးတိတ်အောင်ပြုလုပ်ပေးနေသည်၊

နောက်ဆုံးတွင် သွေးများသည်တိတ်သွားသည်၊ အခုအချိန်တွင် ဒဏ်ရာ ကိုချုပ်လိုက်နိုင်မည်ဆိုပါက များစွာအဆင်ပြေသွားနိုင်၏၊ သို့သော်လည်း လုံဝမဖြစ် ၍ သူသည် ဒဏ်ရာအပေါ်မှနေ၍ထပ်မံပြီး အဝတ်စများအုပ်ကာ ပတ်တီးစီးပေး လိုက်သည်၊

ထိုအခိုက်တွင် လက်သီးနှင့်ရပ်သူ၏ထံမှ ညီးသံများထွက်ပေါ်လာသည်၊ ခဏတစ်ရံတွင် မျက်လုံးများဖွင့်ရန်အားထုတ်သော်လည်း သွေးအထွက်များသ ဖြင့် အားအလွန်နည်းကာ ကြာကြာဖွင့်၍မရ၊ ဒမ်ဘာသည် သူ့ရေဗူးကိုဖြုတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



လက်သီးနှင့်ရပ်သူ၏ပါးစပ်တွင်းသို့ တစ်စက်ချင်းနှစ်စက်ချင်းစီချပေးသည်။

သူသည် ယူနီဖောင်းကိုပြန်ဝတ်သည်။ အမျိုးသမီး၏မြင်းသည် ပရေးရီး မြက်ခင်းပြင်ပေါ်သို့ရောက်နေသည်ကို သတိထားမိသည်။ သူမအနေဖြင့် မြင်းကိုတော့ စီးနိုင်လိမ့်မည်ထင်၏။ သို့သော်လည်း လောလောဆယ်တော့ ဖြစ်နိုင်ဦးမည်မထင်။ တတ်အားသရွေ့ အကူအညီပေးဖို့လိုလိမ့်ဦးမည်ဟု ယူဆသည်။

ဒမ်ဘာသည် အနောက်ဖက်မိုးကောင်းကင်ဆီသို့ တစ်ချက်လှမ်းကြည့်သည်။ မီးခိုးရောင်ယှက်သန်းနေသော တိမ်လိပ်များသည်ကောင်းစင်လုနီးပါးဖြစ်နေပြီ။ အစအနကလေးများသာလျှင်ကျန်တော့၏။ အကယ်၍ သူအလျင်အမြန်သွားမည်ဆိုပါက တိမ်လိပ်များလုံးဝပျောက်ကွယ်မသွားမီ ထိုနေရာကို သူတွေ့နိုင်လိမ့်မည်ဟု ထင်မိ၏။

သူသည် လက်သီးနှင့်ရပ်သူအား အသာအယာပွေ့ချီကာ ကစ္စကို၏ကျောပေါ်သို့တင်သည်။ အမျိုးသမီးမှာ သတိရတစ်ချက်မရတစ်ချက်ဖြစ်လျက်ပင်ရှိသည်။ သူသည် အမျိုးသမီးအား လက်တစ်ဖက်ဖြင့်ထိန်းပေးကာ ကစ္စကို၏ကျောပေါ်သို့ ခုန်တက်လိုက်သည်။ ထို့နောက် သူသည် အမျိုးသမီးအား သူ့ရင်ခွင်၌မှေးမှိန်စေပြီး သူ့မြင်းကို တိမ်လိပ်အစအနများရှိရာဆီသို့ ဦးတည်၍သွားစေသည်။

တစ္စကိုသည် ပရေးရီးမြက်ခင်းပြင်ကြီးပေါ်မှ ကျော်ဖြတ်သွားနေသည်။ ဝိုလ်ဒမ်ဘာသည် အရိုင်းအစိုင်းအင်ဒီးယန်းများက သူ့အပေါ်ကျေနပ်ကျေးဇူးတင်အောင် ဘယ်လိုလုပ်သင့်သည်ကို စဉ်းစားတွေးတောလျက်ရှိ၏။ အခုအတိုင်းဆိုပါက သူ့အခြေအနေသည် အပေါ်စီးနှင့်လည်းမဟုတ်။ အောက်စီးနှင့်လည်းမဟုတ်။ သူ့အကျီ သူ့ဘောင်းဘီနှင့်သူ့လက်များတွင် သွေးစသွေးနများဖြင့်ပေကျံလျက်ရှိ၏။ အမျိုး သမီး၏ဒဏ်ရာများကိုလည်း ပတ်တီးများစည်းထား၏။ ဤမြင်ကွင်းသည် အင်ဒီးယန်း များဘက်မှကျေနပ်စရာကောင်းမည့်မြင်ကွင်းဟု သူယုံကြည်ထားသည်။

အမှန်တော့ ဤပုံစံသည်အကောင်းဆုံးပုံစံဟုပင် သူထင်သည်။ သူသည် သူ့အားမှီနေသည့် ပန်းနုရောင်ဆံပင်များကို ငုံ့ကြည့်မိသည်။ ဤမိန်းမသည် သူနှင့်ပတ် သက်၍ တစ်ခုခုတော့တွေးနေလိမ့်မည်ထင်၏။

သို့သော်လည်း လက်သီးနှင့်ရပ်သူသည် သူထင်သလိုတွေးတောနေသည် မဟုတ်။ ဤအမျိုးသမီးသည် သတိမရတစ်ချက် ရတစ်ချက်ဖြစ်ကာ ဘာကိုမှတွေး တောနိုင်စွမ်းမရှိ။ သူမအနေဖြင့် ခံစားမှုအသိတစ်ခုတည်းသာရှိ၏။

သူမ၏အောက်မှမြင်းသည် တလှုပ်လှုပ်ရွေ့လျားသွားနေသည်။ လက် တစ်ဖက်သည် သူ့နောက်ကျောဖက်မှနေ၍ သူ့အားသိုင်းဖက်ထားသည်။ သူ့အခြေအ နေ လုံခြုံမှုရှိနေသည်ကိုလည်း သူသိ၏။ မည်သို့ပင်ဖြစ်စေ မျက်လုံးများကိုစုံမှိတ်ထား သည်။ အကယ်၍ မျက်လုံးများကိုဖွင့်လိုက်ပါက ခံစားမှုအသိကလေးပျောက်သွား မည်ကို စိုးရွံ့လျက်ရှိလေသည်။

□□□

|၁၃|

ပြုံးချိုသည် ယုံကြည်စိတ်ချရသော လူငယ်တစ်ဦးမဟုတ်ပေ။ သို့သော် လည်း သူ့အားဒုက္ခပေးတတ်သူတစ်ဦးဟူ၍ကား မည်သူကမှသတ်မှတ်မထားကြပေ။ သူသည် အလုပ်လုပ်ရမည်ကိုမနှစ်သက်သူတစ်ဦးဖြစ်၏။ အခြားသောအင်ဒီးယန်း လူငယ်များနှင့်မတူသည့်အချက်တစ်ချက်မှာ တာဝန်ယူလိုစိတ်ကင်းမဲ့ခြင်းပင်ဖြစ်၏။

သူသည် စိတ်ကူးယဉ်တတ်သူတစ်ယောက်ဖြစ်သည့်အားလျော်စွာ အမြဲ အစေ စိတ်ကူးနှင့်ရှူးနေတတ်သူတစ်ဦးဖြစ်သည်။ သူသည် အလုပ်လုပ်ရန်ပျင်းရိသူ ဖြစ်လေရာ အလုပ်ကိုရှောင်ရှားနိုင်သည့်နည်းပရိယာယ်တစ်ခုကို ကောင်းစွာတတ် ကျွမ်းထားသည်။ ယင်းနည်းပရိယာယ်သည်တခြားမဟုတ် သူများနှင့်ရောနှောခြင်း မပြုဘဲ သူတစ်ယောက်တည်း သီးခြားခွဲ၍နေခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ဉာဏ်ရည်ဉာဏ်သွေးနှင့်လုပ်ရည်ကိုင်ရည်ချို့တဲ့သော ဤလူငယ်သည် အချိန်ရှိသမျှ သူတို့လူမျိုးစုအဖွဲ့ပိုင် မြင်းပုအုပ်ကြီးနှင့်သာအချိန်ကုန် သည်။ ထိုတာဝန်ကိုတော့ သူမှန်မှန်ထမ်းဆောင်သည်။ ထိုအလုပ်ကျတော့ အမြဲတ မပျက်မကွက်သွားသည်။ အသက်ဆယ့်နှစ်နှစ်မျှသာရှိသေးသော ပြုံးချိုသည် မြင်း နှင့်ပတ်သက်၍ အလွန်ကျွမ်းကျင်သူတစ်ဦးဖြစ်နေခဲ့လေပြီ။

ပြုံးချိုသည် မြင်းမများမွေးဖွားမည့်အချိန်ကို ကြိုတင်၍အတိအကျပြော နိုင်သည်။ ထိန်းမနိုင်သိမ်းမရဖြစ်နေသော မြင်းလားများအား နိုင်နင်းစွာထိန်းနိုင် သည်။ မြင်းများမမာမကျန်းဖြစ်သည့်အခါ သူတို့အဖွဲ့ထဲမှလူကြီးတွေလေးက်နီးပါး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါး ကုသပေးနိုင်သည်။ မြင်းများသည် သူ့အနီးအနားရှိနေလျှင် သာမန်အချိန်များထက် ပို၍ငြိမ်သက်နေတတ်၏။

သူသည် မြင်းများကိုကျောင်းရာ၌ စခန်းနှင့်အလှမ်းကွာဝေးသောနေရာအထိခေါ် သွားပြီးကျောင်းတတ်သည်။ တစ်ခါတစ်ရံတွင် စခန်းနှင့်တစ်မိုင်ခန့်အကွာထိပင် ရောက်သွားတတ်၏။ ဤသို့ဖြင့် သူသည် သူ့အပေါ် ဩဇာညောင်းသော ဖခင်၏မျက်စိအောက်မှ အဝေးသို့ရောက်နေတတ်သည်။ သူ့ညီငယ်များနှင့်ညီမငယ်များအား ထိန်းသိမ်းစောင့်ရှောက်ပေးရသည့် တာဝန်မှလည်း ဝေးနေတတ်သည်။ စခန်းတွင်းရှိ လုပ်စရာအလုပ်အများအပြားနှင့်လည်း ကင်းကွာနေတတ်သည်။

ထုံးစံအတိုင်းဆိုပါက သူကျောင်းနေရသည့်မြင်းအုပ်၏အနီးအနားတွင် အခြားသောသက်တူရွယ်တူယောက်ျားလေးများနှင့် မိန်းကလေးများလာ၍ကစားနေတတ်ကြသည်။ သို့သော်လည်း ပြူးချိုသည် ထိုကလေးအုပ်စုနှင့်ဝင်၍မရောဘဲ ခွာနေတတ်၏။

အများအားဖြင့် သူသည် ငြိမ်ငြိမ်ဆိတ်ဆိတ်နေတတ်သော သင်းထားသည့် မြင်းတစ်ကောင်၏ကျောပေါ် သို့တက်ကာ မြင်းကျောပေါ်၌လှဲ၍ စိတ်ကူးယဉ်အိပ်မက်မက်နေတတ်သည်။ တစ်ခါတစ်ရံတွင် နာရီပေါင်းများစွာကြာအောင်ပင်နေတတ်လေသည်။

သူသည် တစ်နေ့ခင်းလုံး ရွာနှင့်ဝေးရာသို့ရောက်နေရသဖြင့် ရှင်မြူးနေသည်နှင့်အမျှ မကြာသေးခင်ကမှ ယူတီးအင်ဒီးယန်းများအား သွားရောက်တိုက်ခိုက်ပြီး အနိုင်နှင့်ရင်ဆိုင်၍ပြန်လာခဲ့ရသည့် စစ်သည်များအကြောင်းကိုတွေးကာ စိတ်ထဲယဉ်နေသည်။ ပြူးချိုသည် တိုက်ခိုက်မှုတွင် အနည်းငယ်မျှသာစိတ်ဝင်စားသူဖြစ်သော်လည်း အနေးနှင့်အမြန်ဆိုသလို စစ်တိုက်ထွက်မှာကတော့ သေချာလျက်ရှိ၏။

မကြာခင်မှာပင် အခြားကလေးများအား မိဘများကပြန်ခေါ် သွားကြဖြစ်သဖြင့် ပြူးချိုတစ်ဦးတည်းသာလျှင် မြင်းအုပ်နှင့်ကျန်ခဲ့သည်။ သူ့အဖို့တော့ မိုးချုပ်မှပြန်ရမည်ဖြစ်၍ အပျော်ဆုံးအချိန်ပင်ဖြစ်သည်။ သူတစ်ယောက်တည်းကျန်ရစ်ခဲ့သဖြင့် များစွာပျော်မြူးလျက်ရှိသည်။ နေဝင်မိုးချုပ်ဖို့မှာ နာရီပေါင်းများစွာလိုနေသေးသည် မဟုတ်ပါလား။

သူသည် ထုံးစံအတိုင်းမြင်းအုပ်၏အလည်၌ စိတ်ကူးနှင့်ရှုးနေခိုက်တွင် မြေ ကြီးပေါ် မှလှုပ်ရှားမှုတစ်ခုကိုမြင်လိုက်သည်။ အဝါရောင်ဂေါ်ဖားမြွေကြီးတစ်ကောင်ဖြစ်၏။ သူသည် မြွေမြင်လျှင် အလွန်ဖမ်းချင်သူဖြစ်သဖြင့် မြွေကြီးနောက်သို့လိုက်သည်။ မြွေကြီးသည် မြင်းအုပ်ကြားမှဖြတ်ကာ အခြားတစ်ဖက်သို့ကူးသွားသည်။ သူသည် မြင်းများကြားမှ လေးဖက်ထောက်၍လိုက်ဆွဲသည်။ သို့သော်လည်း တွင်းတစ်တွင်းထဲသို့ဝင်သွားခါမှပင် သူသည် မြွေကြီးကိုမီသည်။ မြွေကြီးသည် သူ့မျက်စိအောက်မှ မကြာခင်တွင်းထဲသို့ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

မြွေကြီးဝင်သွားသည်ကို စိတ်ဝင်တစားရပ်ကြည့်နေခိုက်မှာ သူ့မြင်းများ



ထူးခြားသောပြောင်းလဲမှုကိုမြင်ရသည်။ မြင်းများသည် နားရွက်များကိုထောင်ကာ ဟီနေကြ၏။ မြင်းများ၏ဦးခေါင်းများသည် တစ်ညီတစ်ညွတ်တည်း တစ်နေရာထဲသို့ လှမ်းကြည့်နေကြ၏။

သူ့မြင်းများသည် တစ်စုံတစ်ခုလာနေသည်ကိုမြင်နေကြသည်မှာ သေချာပြီ၊ သူသည် ထိတ်လန့်ကြောက်ရွံ့လာသည်။ သို့သော်လည်း မြင်းများ၏ဝမ်းဗိုက်နှင့် ခေါင်းများအောက်မှ လေးဖက်ထောက်၍သွားကာ လာနေသည့်အရာကို ချောင်းကြည့်ရန် အားထုတ်သည်။

သူပထမဆုံးမြင်ရသည်မှာ မြင်းပေါ် မှလူတစ်ယောက်၏ ခြေထောက်များ၊ သူသည် ဖျတ်ခနဲထရပ်ကာ မြင်းတစ်ကောင်၏ကျောပေါ် မှခေါင်းပြူပြီး ချောင်းကြည့်လိုက်၏။ မြင်းအုပ်ဘက်သို့လာနေသူသည် သူနှင့်ကိုက်နှစ်ရာသုံးရာခန့်ကွာသည်၊ အရင့်အရင်က သူတစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့သည့်လူဖြစ်သည်။

လူဖြူတစ်ယောက်ဖြစ်၏။ မျက်နှာသွေးစများပေကျံနေသည့် လူဖြူစစ်သားတစ်ယောက်ပေတည်း။

လူဖြူ၏ထံတွင် လူတစ်ယောက်ပါလာသည်။ သူ့အဖို့အံ့ဩစရာကောင်းနေသည် လူဖြူစစ်သားသယ်လာသူမှာ "လက်သီးနှင့်ရပ်သူ" ဟု သူတို့ကခေါ် နေသော မိန်းမဖြစ်၏။ ထိုမိန်းမတွင် ဒဏ်ရာများရလာဟန်ရှိသည်။ သူမ၏လက်များနှင့်ခြေထောက်များတွင်လည်း အဝတ်စတွေပတ်ထားသည်။ ကြည့်ရသည်မှာ ရယ်စရာကောင်းလှ၏။ ထိုမိန်းမတွင် အသက်တော့ရှိချင်မှရှိပါသေး၏လော။

လူဖြူ၏မြင်းသည် သူ့မြင်းအုပ်ရှေ့မှဖြတ်သွားသည်။ မြင်းသည် ရွာဘက်ဦးတည်၍သွားနေခြင်းဖြစ်၏။ သူ့အနေဖြင့် ရွာသို့ပြေးပြောချင်သော်လည်း နောက်ကျသွားခဲ့ပြီ၊ သူဘာလုပ်ရမည်နည်း။ သူသည် တစ်ခုခုတော့လုပ်မှဖြစ်မည်ဟု တွေးစားမိသည်။ အကယ်၍အခုမှသွားမည်ဆိုပါမူကား ပြဿနာရှိလာနိုင်၏။ သို့ဆိုလျှင် သူ ဘယ်လိုနည်းဖြင့် ဘာလုပ်လျှင်ကောင်းမည်နည်း။

ပြူးချိုသည် ပြတ်ပြတ်သားသားဖြစ်အောင်မတွေးနိုင်။ သူ့ခေါင်းထဲတွင် အားလုံးရှုပ်ထွေးကာ နောက်ကျိလျက်ရှိသည်။ အကယ်၍သာ သူသည်ပါးနပ်သူဖြစ်ခဲ့ပါမူကား လူဖြူ၏မျက်နှာထားသည် ရန်လိုသည့်မျက်နှာထားမဟုတ်သည်ကို အကဲခတ်နိုင်မည်ဖြစ်၏။ သို့သော်လည်း သူသည် ထိုအချက်ကိုသတိမထားနိုင်၊ သူ့ဦးနှောက်ထဲတွင် "လူဖြူစစ်သား. . . လူဖြူစစ်သား" ဟူသော စကားလုံးများသာမြည်ဟည်းလျက်ရှိလေသည်။

ရုတ်တရက်အတွေးတစ်ခုထပ်ဝင်လာပြန်သည်။ ဤလူဖြူစစ်သားသည် တစ်ဦးတည်းတော့မဖြစ်နိုင်။ သူ့လို "မွေးဖုံးပါးစပ်ပေါက်" နှင့် စစ်သားအများအပြားသည် ပရေးရီးမြက်ခင်းပြင်ကြီးပေါ်၌ ရှိနေပေလိမ့်ဦးမည်။ ထိုစစ်သားများသည် မိမိတို့ရွာနှင့်မနီးမဝေးသို့ပင် ရောက်နေကြပြီလား. . . ။

သူသည် မြင်းအုပ်ထဲမှနိုင်မာတောင့်တင်းမည်ဟုထင်ရသော မြင်းတစ်

www.burmeseclassic.com



ကောင်ကိုရွေးလိုက်သည်။ သူလည်ပင်း၌စွပ်ထားသည့် မိုးမခသားဇက်ကြိုးကို ဖြုတ်ကာ မြင်းဇက်တွင်တပ်လိုက်သည်။ ထို့နောက် မြင်း၏ကျောပေါ်သို့လွှားခနဲခုန် တက်ကာ ရွာဘက်သို့ဒုန်းစိုင်းသည်။ သူရွေးသောလမ်းသည် စောစောကလူဖြူစစ် သားသွားနေသည့်လမ်းမဟုတ်။ ထိုလမ်းနှင့်ဆန့်ကျင်ဘက်လမ်းဖြစ်သည်။ သူသည် မြင်းကိုအမြန်နှင်နေရင်းမှပင် ပတ်ဝန်းကျင်ရှိပရေးရီးမြက်ခင်းပြင်ကြီးများပေါ်၌ လူဖြူစစ်သားများရှိမရှိကြည့်သွားသည်။

❐

ဗိုလ်ဒမ်ဘာ၏မြင်း ကစ္စကိုသည် အပြေးအလွှားသွားလျက်ရှိသည်။ ပထမ တော့ သူမမြင်။ ပရေးရီးမြက်ခင်းဘက်မှ မြက်ပင်ကြီးများလှုပ်ရှားနေသည်ဟုပင် သူ ထင်သည်။ နောက်တော့မှ မြင်းအုပ်ကြီးတစ်အုပ်ဖြစ်နေသည်။ ဤမျှလောက်အ ရေအတွက်များပြားသော မြင်းအုပ်ကြီးကို သူအရင်မမြင်ဖူးခဲ့။ အနည်းဆုံးခြောက်ရာ နှင့် ခုနစ်ရာကြားရှိလိမ့်မည်ဟု ယူဆရ၏။ သူသည် တစ်ခဏမျှရပ်၍မြင်းများကို ကြည့်ရှု လေ့လာလိုသောဆန္ဒ အလွန်ပြင်းပြခဲ့သည်။ သို့သော်လည်း ကြည့်၍မဖြစ်။ သူမြင်း ပေါ်တွင် မိန်းမတစ်ယောက်ပါလာသည်မဟုတ်ပါလော။

သူ့ကိုမှီ၍လိုက်ပါလာသောမိန်းမသည် အသက်ရှူမှန်လာပြီ။ သွေးများ လည်းအလွန်အထွက်နည်းသွားပြီ။ အခုဆိုလျှင် ဤမိန်းမကို သူသယ်ယူလာခဲ့သည် မှာ တစ်နာရီကျော်ခဲ့ပြီ။ ဤမိန်းမ၏စခန်းရွာသို့ မြန်မြန်ရောက်လိုလှပါ၏။ ရွာကို ရောက်သွားလျှင် သူ့ကံကြမ္မာသည် ဆုံးဖြတ်ချက်တစ်ခုကိုတော့ရလိမ့်မည်မှာမလွဲ။

သူ့ရှေ့တွင် မြေအုအမြင့်သည်မြင့်တက်လျက်ရှိသည်။ သူသည် မြင်းကိုကုန်း မြင့်ထက်သို့တက်စေသည်။ အပေါ်သို့ရောက်သွားသည့်အခါ ပရေးရီးမြက်ခင်းပြင် ကြားမှဖြတ်၍စီးသွားနေသော ချောင်းတစ်ခုကိုလှမ်းမြင်ရသည်။ ဆင်ခြေလျှောအောက် သို့ရောက်သွားသည့်အခါတွင်မူ သူမျက်လုံးအစုံရှေ့၌ စခန်းရွာတစ်ရွာရောက်ရှိနေ သည်ကို မြင်ရ၏။

သူသည် မြင်း၏ဇက်ကြိုးကိုဆွဲကာ ခဏမျှရပ်၍ရွာဆီသို့မျှော်ကြည့်နေ သည်။ ကျွဲရေများဖြင့်တည်ဆောက်ထားသည့် တဲပေါင်းငါးဆယ်ကျော် ခြောက်ဆယ် နီးပါးခန့်ရှိပေလိမ့်မည်။ တဲများသည် ချောင်းကမ်းပါးတစ်လျှောက်တွင် တန်းစီ၍ တည်နေခြင်းဖြစ်၏။ မွန်းလွဲပိုင်းနေရောင်အောက်တွင် ရွာသည် အေးချမ်းစွာတိတ် ဆိတ်ငြိမ်သက်နေသည်။

တဲများပတ်လည်တွင် အလုပ်လုပ်နေသောသူများကိုမြင်နေရသည်။ သူတို့ ၏စကားပြောသံများနှင့် ရယ်မောသံများကိုလည်းကြားနေရသည်။ ချောင်းဆီသို့လာ၍ရေခပ်လိုက် ပြန်သွားလိုက်လုပ်နေသူများကိုလည်းတွေ့နေရ၏။ အချို့သည် ချောင်း ထဲသို့ဆင်း၍ရေချိုးနေကြသည်။

ဗိုလ်ဒမ်ဘာသည် သူ့ရှေ့မှမြင်ကွင်းကိုကြည့်ကာ စိတ်ထဲတွင်မတင်မကျ



ဖြစ်လျက်ရှိ၏။ သူ့အနေဖြင့် ဝေခွဲ၍မရ။ သူရောက်နေသောနေရာသည် ယဉ်ကျေး မှုနှင့် လုံးဝအထိအတွေ့မရှိသော လူအများစုဝေးနေထိုင်ရာ ရွာတစ်ရွာဖြစ်၏။

ဘယ်လိုပဲဖြစ်ဖြစ် ဟိုတစ်ချိန်တုန်းကသူတမ်းတခဲ့သော နယ်စပ်ဒေသမှ နေရာတစ်နေရာဖြစ်၏။ ဤရွာနှင့်ဤပတ်ဝန်းကျင်များသည် သူမြင်လိုတွေ့လိုခဲ့သည့် နေရာများမဟုတ်ပါလော။ အခုမှဘဝင်မကျဖြစ်နေလျှင် သဘာဝကျပါဦးမည်လော။ ယခုခဏမျှအတွင်း သူသည် ဝိညာဉ်တစ်ခုသဖွယ်ဖြစ်နေသည်။ အပြောကျယ်လှ သော၊ အဆုံးအစမရှိသော၊ ဟာလာဟင်းလင်းဖြစ်နေသော စကြာဝဠာကြီးအတွင်း၌ လှည့်လည်သွားလာနေသည့် ဝိညာဉ်တစ်ခုဖြစ်နေသည်။

သူ့ရင်ခွင်တွင်မှီနေသည့် မိန်းမ၏ချောင်းဆိုးသံကြားရသည်။ ပြီးတော့ မှ လွန့်လူးပ်ရှားလာသည်။ ဒမ်ဘာက အမျိုးသမီး၏ဦးခေါင်းကို တယုတယသပ်၍ အားပေးသမှုပြုသည်။

သူသည် ကစ္စကိုအားစုပ်တစ်ချက်သပ်ပြီး အချက်ပေးလိုက်သည်။ ကစ္စကို သည် ကုန်းတက်မှနေ၍ ဆင်ခြေလျှောအတိုင်းဆင်းသွားသည်။ ပေအနည်းငယ်အ ကွာသို့အရောက်တွင် ချောင်းကွေ့တစ်ကွေ့ထဲမှထွက်လာသော မိန်းမတစ်ယောက် နှင့် ကလေးနှစ်ယောက်ကိုမြင်လိုက်ရ၏။

သူတို့ကလည်း ဒမ်ဘာအားမြင်လိုက်ကြလေသည်။

❐

ဒမ်ဘာကိုမြင်လိုက်သော မိန်းမသည် သူ့လက်ထဲမှသစ်သားရေပုံးကို လွှတ် ချလိုက်ကာ သူ့ကလေးနှစ်ယောက်ကိုဆွဲ၍ "လူဖြူစစ်သား . . လူဖြူစစ် သား"ဟု သံကုန်ဟစ်အော်ပြီးပြေးသည်။ တဲကြိုတဲကြားများအတွင်းမှ အင်ဒီးယန်း များပြေးထွက်လာကြသည်။ ခွေးဟောင်သံများနှင့်အင်ဒီးယန်းမများ၏ အော်သံ ဆဲသံများသည် ဆူညံစွာထွက်ပေါ်လာနေသည်။ မြင်းခွာသံများနှင့်ဟီသံများကို လည်း ကြားနေရ၏။ တစ်ရွာလုံးကြွက်ကြွက်ညံလျက်ရှိလေရာ အစီစီပွက်သည့်နှယ် ရှိသည်။

တစ်ရွာလုံးရှိလူများက သူတို့ရွာအားဝိုင်းဝန်းတိုက်ခိုက်ခြင်းခံနေရပြီဟု ထင်ကြသည်။ ရွာနားသို့ ဗိုလ်ဒမ်ဘာရောက်သွားချိန်တွင်နေရာတိုင်း၌ ပြေးလွှား နေကြသည့် ယောကျာ်းများကို မြင်နေရ၏။ လက်နက်များကိုစွဲကိုင် ထားကြသော ယောကျာ်းများသည်သူတို့မြင်းများဆီသို့ ညာသံပေးကာပြေးကြသည်။ မြင်းများ ဆီသို့အပြေးအလွှား ခုန်တက်ကာ ဗိုလ်ဒမ်ဘာလာနေသည့်ဘက်သို့ ဒလကြမ်းစိုင်း နှင်လာကြသည်။

ဒမ်ဘာအနေဖြင့် ယခုကဲ့သို့ဆူဆူညံညံလှုပ်လှုပ်ရှားရှားဖြစ်လိမ့်မည်ဟု မျှော်လင့်မထားခဲ့ပေ။ ဤလူများသည် ဤမျှလောက်ရှေးဆန်ကြလိမ့်မည်ဟုလည်း မထင်ခဲ့ပေ။ မည်သို့ပင်ဖြစ်စေ၊သူ့အနေနှင့်ကတော့ ရွာဝအထိရောက်အောင် သူ

www.burmeseclassic.com

www.burmeseclassic.com



မြင်းကိုနှင်ခဲ့သည်။ ရွာဝရောက်သည့်အခါ မြင်းဇက်ကိုသပ်၍ရပ်လိုက်သည်။

ထိုနောက် သူသည် ရင်ခွင်ထက်မှ အမျိုးသမီးအားပွေ့ချီပြီးမြင်းပေါ်မှ ဆင်း သည်။ ပြီးတော့ သူ့မြင်း၏ ရှေ့တည့်တည့်သို့လျှောက်သွားပြီးရပ်နေသည်။ သူသည် ငြိမ်ဆိတ်စွာရပ်နေရုံမျှမက မျက်လုံးများကိုပါမှိတ်ထားသည်။ ထူးဆန်းသော ဖည့်သည်တစ်ဦးက ထူးဆန်းသောလက်ဆောင်ပစ္စည်းတစ်ခုကို လှမ်း၍ပေးနေသည် နှင့်တူလှချေသည်။

ဗိုလ်ဒမ်ဘာသည် နားများကိုသတိထား၍ဖွင့်ထားသည်။ စက္ကန့်အနည်း ငယ်မျှအတွင်း တစ်ရွာလုံးတိတ်ဆိတ်ငြိမ်သက်သွားသည်။ စောစောကလူများ မြင်းများ နှင့်ခွေးများပြေးလွှားခဲ့ကြသဖြင့် ထောင်းထောင်းထနေသော ဖုန်လုံးကြီးများ သည် ပျောက်ပျက်လွင့်စင်သွားကြပြီဖြစ်၍ အားလုံးကိုပိပြင်ပြက်သားစွာမြင်နေရပြီ။

သို့သော်လည်း ဒမ်ဘာသည် မျက်လုံးများကိုမဖွင့်သေး။ သူ့နားများထဲ ကြားနေရုံမျှဖြင့် အခြေအနေများကို ရိပ်စားနားလည်နေသည်။ အင်ဒီးယန်းများ၏ ထိတ်လန့်တကြား အော်ဟစ်ပြေးလွှားသံများသည် တိတ်သွားခဲ့ပြီ။ လူအားလုံး တလေး လူကြီးယောက်ျားမိန်းမအားလုံးပင် သူ့ရှေ့၌လာရပ်ကာ သူ့အားကြည့်နေကြ ပြီ။ ခြေသံများ. မြင်းနှာမှုတ်သံနှင့် ခွာရှုပ်သံများကိုလည်း သူကြားနေရ၏။

သူသည် မျက်လုံးများကိုဖွင့်လိုက်သည်၊ တစ်ရွာလုံးရှိလူများသည် ရွာပေါက်ဝ၌ရပ်နေကြသည်၊ ရှေ့ဆုံး၌နေရာယူထားကြသူများမှာ စစ်သည်များနှင့် လူငယ် လူရွယ်များ၊ သူတို့နောက်တွင် မိန်းမများနှင့်ကလေးသူငယ်များ၊ အားလုံး သည် တိရစ္ဆာန်ရေများဝတ်ဆင်ထားကြသည့် လူရိုင်းများဖြစ်၏။ ရပ်နေသူများသည် သူနှင့်ကိုက်တစ်ရာပင်မဝေး။

သူပွေ့ထားသည့် မိန်းမမှာ-လေးလှပြီ. လူအုပ်ထဲမှ စကားတီးတိုးပြော သံများကြားနေရသည်။ သို့သော်လည်း ဘယ်သူမှသူ့အနားသို့ရောက်မလာကြ။ သက်ကြီးရွယ်အို အုပ်စုတစ်စုသည် အချင်းချင်း စကားပြောနေကြသည်။ ခပ်တိုးတိုး ပြောနေကြခြင်းဖြစ်၏။ သူတို့၏ဘာသာစကားကို သူနားမလည်၊ သူ့နားထဲတွင် သူတို့၏စကားသည် စိမ်းလှချေသည်။

ဗိုလ်ဒမ်ဘာသည် သူ့ရှေ့ရှိမြင်းစီးသမားဆယ်ယောက်ခန့်ထဲမှ သူမြင်ဖူး သူတစ်ဦး၏ မျက်နှာကိုစိုက်ကြည့်နေသည်။ ဆက်ဂျ်ဝစ်ခ်တင်တွင်းသို့ ကိုတ်တခါ ဝင်ရောက်လာပြီး မိမိအားအော်ဟစ်ကြိမ်းမောင်းသွားသူဖြစ်သည်။ ထိုသူကလည်း သူ့အားစူးစူးဝါးဝါးပြန်ကြည့်နေသည်။ ထိုသူကားလေဆံပင်ပေတည်း၊

ဒမ်ဘာသည် သူပွေ့ထားသည့် မိန်းမကို မြှောက်ပြသည်၊ ပါးစပ်က အသံ မပြောသော်လည်း "ဒီမှာ. . . ကျုပ်ပွေ့ထားရတဲ့လူကိုယူပါဦး" ဟု ပြောလိုက်သည် နှယ်ရှိ၏။

လေဆံပင်၏ မျက်နှာထားသည် ချက်ခြင်းပြောင်းသွားသည်၊ သူသည် မြင်းပေါ်မှ ခုန်ဆင်းကာ ဒမ်ဘာဆီသို့လျှောက်လာသည်။ အင်ဒီးယန်းတို့၏ ထုံး



သက်နက် ပစ္စည်းတစ်ခုဖြစ်သော ကျောက်တင်းပုတ်ကို လက်တစ်ဖက်ဖြင့်အသင့် ကိုင်ထားသည်၊ အကြောက်အလန့်ကင်းမဲ့သည့် မျက်နှာထားကိုလည်းဆောင်ထား သည်၊ အကယ်၍ ကြောက်လန့်စိတ်ရှိနေသည်ဆိုဦးတော့ ထိုစိတ်ကို အများရှေ့ မှာခင်မသိနိုင်အောင် ဟန်ဆောင်မှုမျက်နှာဖုံးစွပ်ထားသည်။

ဗိုလ်ဒမ်ဘာကလည်း သူ့ထံလာနေသည့် လေဆံပင်၏မျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်နေသည်၊ ဘေးမှလူများသည် လေဆံပင်နှင့် ဗိုလ်ဒမ်ဘာတို့၏ လှုပ်ရှားမှု နှင့်အပြုအမူများကို မလှုပ်မယှက်စိုက်ကြည့်နေကြသည်။ အကယ်၍ ထိုလူနှစ် ယောက်ကြားတွင် တစ်စုံတစ်ရာဖြစ်လာပါကလည်း ဝင်ရောက်ဟန့်တား၍ရတော့ မည် မဟုတ်၊ လူတိုင်းသည်ရင်တမမဖြင့် စောင့်ကြည့်နေကြသည်၊

ဗိုလ်ဒမ်ဘာသည် သူရပ်နေသည့်နေရာမှ ရွေ့လျားခြင်းမပြု၊ သူ့မျက်နှာ သည် ဘာခံစားမှုကိုမှ ဖော်ပြခြင်းမရှိ၊ ကြောက်သည့်လန့်သည့်စိတ်ကိုလည်း ဖော်ပြ ခြင်းမရှိ၊ လေဆံပင်သည် သူနှင့်ပေအနည်းငယ်ကွာသို့ အရောက်တွင်ရပ်သည် ဗိုလ် ဒမ်ဘာကလည်း တည်ငြိမ်အေးဆေးသောအသံဖြင့် စကားတစ်ခွန်းလှမ်းပြောသည်၊

"သူ့မှာဒဏ်ရာရထားတယ်"

လေဆံပင်သည် ဗိုလ်ဒမ်ဘာလှမ်းပေးသည့် မိန်းမ၏မျက်နှာကို ငုံ့ကြည့် သည်၊ ထိုနောက် သူ့လက်တစ်ဖက်ဖြင့်လှမ်းဆွဲသည်။ ဗိုလ်ဒမ်ဘာ၏လက်ထဲမှ မိန်းမ သည် လေဆံပင်၏လက်ထဲသို့ပါသွားသည်၊ လေဆံပင်သည် သူ့လက်ထဲပါလာသည့် မိန်းမ၏လက်တစ်ဖက်ကိုဆုပ်ကိုင်ပြီး ဒရွက်တိုက်ဆွဲခေါ်သွားသည်၊ ခွေးကြီးတစ် ကောင်က ခွေးပေါက်စတစ်ကောင်အားကိုက်ချီပြီး ဆွဲခေါ်သွားနေသည့်ပုံမျိုးဖြစ်၏၊

လေဆံပင်သည် လက်သီးနှင့်ရပ်သူအား ခပ်ကြမ်းကြမ်းဆွဲခေါ်သွားနေ ရင်းပင် ပါးစပ်မှအော်ဟစ်ပြောဆိုနေသည်၊ လူအုပ်ထဲမှတချို့က သူ့ဆီသို့ပြေးလာ သည်၊ ဗိုလ်ဒမ်ဘာကတော့ သူ့မြင်းရှေ့၌ မတုန်မလှုပ်ကျောက်ရုပ်သဖွယ်ရပ်ကာ သူတို့လုပ်ကိုင်နေသမျှကို ကြည့်နေသည်၊

သူ့မျက်စိရှေ့၌ အမျိုးသမီးတစ်ယောက်အား အခုလိုရိုင်းစိုင်းကြမ်းတမ်းစွာ ဆွဲ၍သီးထိုးဆွဲခေါ်သွားနေသည်ကို သူမကြည့်လို၊ မကြည့်ရက်၊ သို့တစေလည်း သူများသည် သူ့လူမျိုးများမဟုတ်၊ သူတို့အကျင့် သူတို့စရိုက်ကိုလည်း သူနားမ လည် သူမသိ၊ ဒီလူမျိုးတွေကို အရင်ကလည်း တွေ့ဖူးဆုံဖူးသိဖူးခဲ့သည်မဟုတ်၊ သူတို့ထံမှ သူမျှော်လင့်စရာ ဘာတွေများရှိနိုင်ပါသနည်း၊ တကယ်တော့ မျှော်လင့် စရာဟူ၍ ဘာတစ်ခုမှမရှိ။

သူတို့က သူ့ထံပြေးလာပြီး ကျေးဇူးတင်ပွဲကြဖက်ကြမှာလား၊ သူ့အား ယဉ်ယဉ်စကားနှင့်ပြောကြဆိုကြ နှုတ်ဆက်ကြမှာလား၊ သူ့အား အစားအသောက် နှင့် တည်ခင်းဧည့်ခံကျွေးမွေးကြမှာလား၊ သူသည်သူ့ရှေ့မှမြင်ကွင်းကိုကြည့်ကာ ဦးပင်လယ်ဝေနေသည်၊ ဤလူစု၏ကြား၌ သူ့ဘဝ၏အထီးကျန်နိုင်လွန်းမှုကို သတိထားမိနေသည်၊

မရှင်မလန်းစိတ်နှင့်ပင် ဗိုလ်ဒမ်ဘာသည် ကစ္စကိုပေါ်ကိုလှမ်းခနဲတက် လိုက်သည်၊ ဇက်ကြိုးကိုဆွဲလှည့်ကာလာလမ်းအတိုင်း မြင်းကိုနှင်သည်၊ ဗိုလ်ဒမ်ဘာ သည် သူတို့နှင့်အတော်ဝေးဝေးသို့ရောက်သွားပြီ။ ထိုအချိန်ထိ ကိုမင်ချိမျှားသည် ရပ်ကြည့်နေကြဆဲ . . . ။

အနည်းငယ်မျှသတ္တိကောင်းသော လူငယ်တချို့ကနောက်မှလိုက်သွားကြ သည်၊ သို့သော်လည်း လူကြီးများကဝိုင်း၍ တားထားကြသည်။ အထူးသဖြင့် ဝက် ကြီး၏ လူများကအလိုက်မခံ။ လူဖြူစစ်သားသည် သူတို့အုပ်စုထဲမှ အမျိုးသမီးတစ် ယောက်အား ကူညီစောင့်ရှောက်ပြီး ကိုယ်တိုင်ကိုယ်ကျလာပို့ခဲ့သည်မှာ ကောင်း သောအပြုအမူတစ်ခုဖြစ်၏။ ဤမျှလောက်အထိ ဆင်ခြင်တိုင်းထွာနိုင်သည့် အသိ ဉာဏ်သည် သူတို့တွင်ရှိနေသေးသည်။ သို့ဖြစ်ရာ လူဖြူစစ်သားနောက်မှလိုက်သွား ရန်မြို ပါက အကျိုးဖြစ်ထွန်းလာနိုင်စရာမရှိ။

❐

ဗိုလ်ဒမ်ဘာအဖို့ အပြန်ခရီးသည် ရှည်လျားလှရုံမျှမက အလွန်စိတ် ခိုက်ကြေကွဲရသော ခရီးဖြစ်ချေသည်၊ သူ့ရင်ထဲတွင် အတွေးပေါင်းစုံဝင်လျက်ရှိ၏ သူ့အမြင်သည် အပယ်ခံတစ်ယောက်လို ဖြစ်နေရလေပြီ။ သူ့အဖြစ်သူယူကြုံးမရ ခြင်း၊ သူ့ကိုယ်သူသနားခြင်း စသည်များသည် လှိုင်းလုံးကြီးတစ်ခုပြီးတစ်ခု ပြေး ရိုက်နေသည့်နှယ် သူ့စိတ်ကိုပြင်းထန်စွာရိုက်ခတ်သည်။

သူသည် မြင်းပေါ်တွင်တောင့်တောင့်မတ်မတ်မထိုင်နိုင်၊ ဦးခေါင်းကို သိငိုက်စိုက်ချကာ လိုက်ပါသွားလျက်ရှိ၏။ သူ့ပါးပြင်ထက်သို့ မျက်ရည်ပေါက်မျာ လိမ့်ဆင်းလာနေကြသည်။ သူ့ကိုယ်သူ ချုပ်တည်းနေသည့်ကြားမှပင် ရှိုက်သံထ ချက် ထွက်သွားသည်။ ထိုရှိုက်သံတစ်ချက်ထွက်သွားခြင်းသည် ရေကာတာတံခါး များကိုဖွင့်သွားစေရန် တွန်းအားပေးလိုက်သလိုဖြစ်သွားသည်၊ သူသည် ကလေး တစ်ယောက်သဖွယ် ရှိုက်ကြီးတငင်ငိုကြွေးနေမိလေ၏။

❐

သူသည် ခံတပ်ကိုပင်မမြင်၊ ကစ္စကိုရပ်လိုက်သည့်အခါမှပင် သူအ ရောက်နေသည်ကို သတိထားမိသည်။ ကစ္စကိုသည် သူ့တဲရှေ့၌ရပ်နေပြီဖြစ်သ သူသည် အားအင်ကုန်ခန်းဆုတ်ယုတ်လျက်ရှိသည်။ ရုတ်တရက်မြင်းပေါ်မှမဆ နိုင်၊ သူသည် စက္ကန့်အနည်းငယ်ကြာမျှ ကစ္စကို၏ကျောပေါ်တွင် ထိုင်နေသည်

နောက်ဆုံးတွင် ငိုက်စိုက်ကျနေသော ဦးခေါင်းကိုမော့လိုက်သည် "လက်ဖြူ"ကို လှမ်းမြင်သည်။ လက်ဖြူသည် ခါတိုင်းလိုပင် ချောင်းတစ်ဖက်ရှိ ပါးကုန်းမြင့်ပေါ်၌ထိုင်နေသည်။ သူထိုင်နေပုံမှာ သခင်ပြန်ရောက်အလာကို သ ခွဲနပဲကြီးစွာဖြင့် စိတ်ရှည်လက်ရှည်ထိုင်စောင့်နေသော သစ္စာရှိခွေးတစ်ကော



တုလှချေသည်၊ သူ့မျက်နှာထားသည် မိမိအားမေးမြန်းစုံစမ်းနေသည့် အနေအထား ဖြစ်ရာ ဗိုလ်ဒမ်ဘာ၏ရင်ထဲတွင် ဝမ်းနည်းကြေကွဲစိတ်သည် အသစ်တစ်ဖန်ပြန်လည် ပေါ်ပေါက်လာပြန်သည်၊ သို့သော်လည်း ဤတစ်ကြိမ်တွင် မျက်ရည်မကျတော့၊ သူ့တွင် ကျစရာမျက်ရည်မရှိတော့၊ ရှိသမျှမျက်ရည်များသည် ကုန်ခမ်းလုနည်းပါးမျှ ကျခဲ့ပြီးပြီ၊

သူသည် ကစ္စကို၏ကျောပေါ်မှ ဖြည်းညှင်းစွာဆင်းလိုက်သည်၊ လက်ထဲမှ ဇက်ကြိုးကိုလွှတ်ချလိုက်ပြီး သူ့အိပ်စင်ပေါ်မှစောင်တစ်ထည်သွားယူပြီး သူ့ကိုယ်တွင် ပတ်လိုက်သည်၊ မောပန်းနွမ်းနယ်လွန်းသဖြင့် အိပ်ချင်စိတ်မရှိ၊ သူသည် လက်ဖြူအ ကြောင်းကိုတွေးနေမိသည်၊ လက်ဖြူသည် အပြင်ဘက်သူ့နေရာ၌ထိုင် စောင့်လျက် ရှိသေး၏။ သူသည် သူ့အိပ်စင်ပေါ်တွင်ထိုင်နေရာမှ နေ့ကွေးလေးလံစွာပြန် ထသည်၊ ရိက္ခာတဲဆီသို့ခြေထောက်များကို ဒရွတ်ဆွဲ၍လျှောက်သွားသည်၊ ဝက် ပေါင်ကျပ်တင်တုံးကြီးတစ်တုံးမှ အသားစတစ်တုံးကို ခပ်ကြီးကြီးလှီးယူကာ ချောင်း ကမ်းပါးဆီသို့လျှောက်လာခဲ့သည်၊ လက်ဖြူသည် သူ့အားမျှော်ကြည့်လျက်ရှိ၏၊ သူ သည်အသားစတစ်တုံးကို ချောက်ကမ်းပါးအနီးက ကမူကလေးထိပ်ရှိ မြက်ဖုတ်များ ပေါ်သို့ ချထားလိုက်လေသည်၊

ထို့နောက် အိပ်ချင်မူးတူးဖြစ်နေသော ဒမ်ဘာသည် မြက်ခြောက်တစ်ထွေး ယူသွားပြီး ကာ မြင်းဇောင်းဆီသို့သွားသည်၊ ကစ္စကို၏ရှေ့၌ မြက်ခြောက်ပင်များချ ပေးအပြီးတွင် သူသည် သူ့တဲဆီသို့ပြန်လာခဲ့သည်၊ သူသည် အိပ်စင်ထက်သို့လှဲချ လိုက်ကာ စောင်ကိုဆွဲယူပြီး မျက်လုံးများကိုအုပ်ထားလိုက်သည်၊

မိန်းမတစ်ယောက်၏မျက်နှာသည် သူ့စိတ်မျက်စိအာရုံတွင် ထင်ဟပ်လာ သည်၊ သူနှင့်ကောင်းစွာသိကျွမ်းရင်းနှီးခဲ့သော မိန်းမတစ်ယောက်၏မျက်နှာဖြစ်၏၊ ထိုမျက်နှာသည် အတိတ်ကာလတစ်နေရာမှမျက်နှာဖြစ်သည်။ သူမ၏နှုတ်ခမ်းများ မှ ရက်ပြုံးနှင့်ဝင်းလက်နေသောမျက်လုံးအစုံထဲမှ တောက်ပနေသည့်အလင်း ရောင်ကိုမြင်နေရ၏၊ ထိုအလင်းရောင်သည် နှလုံးသားထဲမှလွှတ်ပေးထားသည့် အလင်းရောင်ဖြစ်ချေသည်၊

သူ့တွင် ကိုယ်စိတ်နှစ်ပါးဆင်းရဲစရာများနှင့်ကြုံတွေ့လာသည့်အခါတိုင်း မျက်နှာကို သူမြင်ယောင်သည်၊ ထိုမျက်နှာသည် သူ့စိတ်နှလုံးကိုသာယာကြည်လင် သည်မဟုတ်ပါလား။ ထိုမျက်နှာ၏နောက်တွင် ဖြစ်ရပ်တွေအများကြီးရှိနေ၏၊ ရှင်မှုဖြင့်အဆုံးသတ်ခဲ့ရသော ဇာတ်လမ်းရှည်တစ်ပုဒ်သည် ထိုမျက်နှာ၏ နောက်၌ရှိနေ၏၊ သူ့တွင် ဝမ်းနည်းစရာကြေကွဲစရာများနှင့်ကြုံတိုင်း သူသည် မျက်နှာကို ပြန်လည်မြင်ယောင်လေ့ရှိ၏၊ သို့တစေလည်း မကြာခဏသတိရခြင်း၊ တခြင်းနှင့် မြင်ယောင်ခြင်းစသည့်တို့ကိုမူကား ပြုလေ့မရှိ၊

သူသည် အိပ်ရာပေါ်တွင် မလှုပ်မယှက်လဲလျောင်းလျက်ရှိသည်၊ စိတ် ကိုယ်ပါနှိုးချိပျော့ခွေလျက်ရှိသဖြင့် အိန်းစားတစ်ယောက်နှင့်တူလျက်ရှိ၏၊

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ကောင်းကင်ထက်၌ သောကြာကြယ်ပေါ်ထွက်လာချိန်တွင်မူ သူ့ထံမှဟောက်သံများပေါ်ထွက်လာလေသည်။

❒❒❒

[၁၄]

လူဖြူထွက်ခွာသွားပြီးနောက် မိနစ်အနည်းငယ်မျှအကြာတွင် ဝက်ဝံကြီးသည် ကောင်စီအစည်းအဝေးကိုခေါ်ယူသည်။ ယခင်က အစည်းအဝေးများလို ဘာ ခုမှမဆုံးဖြတ်နိုင်ဘဲနှင့် ပြီးပြတ်သွားသည့်အစည်းအဝေးတော့မဟုတ်။ ယခုတစ် တွင် ဝက်ဝံကြီးသည် သူဘာလုပ်ချင်နေသည်ကို ကောင်းစွာသိထားသည်၊ သူ့တဲ လူအားလုံးထိုင်မိသည်နှင့်တစ်ပြိုင်နက် သူသည် သူ့အစီအစဉ်တစ်ခုကိုချပြ ည်၊

မျက်နှာတွင်သွေးများပေကျံနေသော လူဖြူစစ်သားတစ်ဦးက လက်သီးနှင့် သူ့အားသယ်ဆောင်လာခြင်းသည် အံ့ဩစရာလည်းကောင်းသည်၊ အတိတ်နိ ကောင်းတစ်ခုဟုလည်း သူယုံကြည်သည်။ သူ့အနေဖြင့် ဖြစ်ရပ်ကိုမှီ၍လုပ်သင့် ည်များကိုလုပ်သင့်သည်ဟု ယူဆသည်။

လူဖြူလူမျိုးများနှင့်ပတ်သက်၍ သူ့စိတ်သည်များစွာဒုက္ခရောက်ခဲ့ရ၏၊ အတွေ့အကြုံအတိုင်းဆိုပါက ကုန်လွန်လေခဲ့ပြီးသော်နှစ်ပေါင်းများစွာအတွင်း များလာခြင်းသည် "ကောင်းသောလာခြင်း"မဟုတ်၊ အတိတ်က သူကြုံခဲ့သမျှ သုံးသည် မကောင်းသောလာခြင်းများသာဖြစ်ခဲ့၏။ ယနေ့တွင်မူကား င်သက်တာ တွင် လူဖြူများနှင့်ပတ်သက်၍ "အကောင်း"ကို ပထမဆုံးမြင် ရခြင်းဖြစ်သည်။ ဤအခွင့်ကောင်းကို မိမိတို့ဘက်မှလက်လွှတ်မခံသင့်ဟု ခိုင်အမာယုံကြည်ထားသည်။

www.burmeseclassic.com



လူဖြူစစ်သားသည် မိမိတို့စခန်းရွာသို့ တစ်ယောက်တည်းလာခြင်းအား ဖြင့် သူ၏ကြီးမားသောသတ္တိကို ပြသွားခဲ့ပြီ။ သူရောက်လာခြင်းသည် အလွန်ရှင်း လင်းပြတ်သားသည်။ နိုးယူဖို့လာခြင်းမဟုတ်၊ လိမ်ဖို့ညာဖို့လာခြင်းမဟုတ်၊ တိုက်ခိုက် ဖို့လာခြင်းမဟုတ်၊ သွားရင်းလာရင်းသူတွေ့ရသည့် အရာဝတ္ထုတစ်ခုကို လာပို့ခြင်းဖြစ် ၏၊ ထိုအရာဝတ္ထုသည် မိမိတို့ပိုင်ဆိုင်သည့်အရာဝတ္ထုတစ်ခု မဟုတ်ပါလော။

သူ့စကားများသည် နတ်ဘုရားတို့၏စကားများဖြစ်သော်လည်း မှားချင် လည်းမှားနိုင်၏၊ သို့သော်လည်း သူ့အဖို့တစ်ချက်ကတော့ အလွန်ပီပြင်ပြတ်သား သည်၊ ထိုအချက်မှာ တစ်ရွာလုံးရှိလူတိုင်း၏ကောင်းကျိုးအတွက် ထိုလူဖြူအားထင် မံစုံစမ်းကြည့်ကြရန်ဖြစ်သည်။

သူ့အနေနှင့်ကတော့ အခုလိုအပြုအမူမျိုးပြုခဲ့သော လူဖြူသည် လူဖြူများ ကြား၌အဆင့်အတန်းမြင့်မားလိမ့်မည်ဟုထင်သည်။ ဤလူဖြူ၏ဩဇာအရှိန်အဝါ သည် ကြီးမားသည်ဟုလည်း သူယူဆ၏၊ သူ့လိုလူဖြူတစ်ယောက်နှင့်သာ ဆိုပါက သဘောတူညီချက်များရနိုင်ဖွယ်ရာရှိ၏၊ အကယ်၍ နှစ်ဦးနှစ်ဖက်သဘောတူညီချက် များမရှိပါမူတား စစ်နှင့်အခြားသောဆင်းရဲဒုက္ခများသည် ကျရောက်လာဖွယ်ရာရှိ နေသည် မဟုတ်ပါလား။

ဝက်ဝံကြီးသည် သူ့အယူအဆအတွက် အားတက်လျက်ရှိသည်၊ အချိန် တော့ သူကြုံခဲ့ရသည့်ဖြစ်ရပ်သည် တစ်ခုတည်းသာဖြစ်၏၊ သို့သော်လည်း သူ့ ခေါင်းထဲတွင် အသိအမြင်ကကြည်လင်လျက်ရှိသည်၊ ညအမှောင်ထုထဲမှ အလင်း ရောင်တစ်ခုတိုမြင်နေရသည့်နှယ်ဖြစ်၏၊ အစည်းအဝေးတက်မည့်လူများဝင် လာချိန်တွင် သူသည် သူ့အစီအစဉ်ကိုလက်တွေ့အကောင်အထည်ဖော်ရန်အတွက် အကောင်းဆုံး နည်းလမ်းတစ်ခုကို စဉ်းစားကြံဆလျက်ရှိနေပေပြီ။

သူသည် ပဏာမဆွေးနွေးမှုများတိုနားထောင်ရင်း သူ၏ထင်မြင်ချက်များ နှင့် ဝေဖန်ချက်များကိုကိုယ်တိုင်ဝင်ပေးသည်။ ဤကြားထဲမှပင် သူသည် သူ့အစီအ စဉ်အတွက် စိတ်အချရဆုံးဖြစ်မည့်လူများကို စိတ်ထဲမှကြိတ်၍စိစစ်ရွေးချယ်နေ သည်။

ခြေကန်ငှက်တစ်ယောက်သည် လက်သီးနှင့်ရပ်သူအားပြုစုကုသပေးနေ သဖြင့် အစည်းအဝေးသို့နောက်ကျပြီးမှရောက်လာသည်။ ဝက်ဝံကြီးကတော့ သူ့ အစဉ်နှင့်ပတ်သက်၍ လူတစ်ယောက်ထဲလွှတ်၍မဖြစ်ဟု စဉ်းစားလျက်ရှိ၏၊ အ ကယ်တန်းလွှတ်လျှင် လူနှစ်ယောက်တော့လွှတ်သင့်သည်ဟု တွက်သည်။ သူ့ရွေး လိုက်သည့် ပထမဆုံးလူမှာ ခြေကန်ငှက်ဖြစ်၏၊ ခြေကန်ငှက်သည် လေ့လာကြည့် ရှုမှတ်သားရာ၌ အရည်အသွေးမြင့်မားသူဖြစ်ပြီး လိမ်မာပါးနပ်သည်၊ လေဆံပင် တော့ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းပြုမူတတ်သူဖြစ်၏၊ ထိုနှစ်ယောက် ၏အကျင့်စရိုက် များသည် မိမိနှင့်မိမိလူမျိုးစု၏ အကျင့်စရိုက်များအံဝင်ခွင်ကျရှိနေသဖြင့် မိမိတို့ စစ်မှန်သော ကိုယ်စားလှယ်များဖြစ်လာဖို့ ရှိလေသည်။



ဝက်ဝံကြီးသည် အစည်းအဝေးကို တိုတိုနှင့်လိုရင်းရောက်အောင် ဝင်ထိန်း ပေးသည်၊ စကားတွေများပြီး မဆုံးဖြတ်နိုင်ဘဲဖြစ်မည့်အခြေအနေသို့ အရောက်မခံ၊ အချိန်တန်လာသည်နှင့်တစ်ပြိုင်နက် သူသည် ကျိုးကြောင်းဆီလျော် ပြီး ခိုင်လုံသော လက်တွေ့အထောက်အထားများပါဝင်သည့် မိန့်ခွန်းကိုပြောသည်။

သူ့မိန့်ခွန်းထဲတွင် လူဖြူများ၏အရေအတွက်သည် မိမိတို့ထက်အဆမ တန်များပြားကြောင်း၊ သေနတ်များနှင့်မြင်းများပိုင်ဆိုင်ရာ၌လည်း မိမိတို့ထက်အဆ မတန် သာလွန်ကြောင်း စသည်များပါဝင်သည်။ နိဂုံးချုပ်သည့်အခါ ယခုရောက်လာ သည့် လူဖြူသည် ခံတပ်သို့လျှို့ဝှက်စွာစေလွှတ်သည့်သံတမန်တစ်ဦးဖြစ်နေသည်ဟု သူ့ဆကြောင်း၊ သူ၏ကောင်းသောအပြုအမူများကြောင့် မိမိတို့ဘက်မှ စစ်ဆင်ရေး နည်းဖြင့် ဆောင်ရွက်ခြင်းမပြုပဲ စကားပြောဆိုဆွေးနွေးခြင်းဖြင့်သာ အစပြုသင့်သည် ထင်ကြောင်းပြောပြသည်။

သူ့စကားအဆုံးတွင် အချိန်အတော်ကြီးကြာမျှ ငြိမ်ဆိတ်နေသည်၊ လူ တိုင်းကပင် သူပြောသွားသည့်စကားများ မှန်ကန်ကြောင်းသိနေကြသည်။

ထိုအခိုက်မှာပင် လေဆံပင်က သူ့ထင်မြင်ချက်ကိုတင်ပြသည်။ "ကျုပ်က တော့ ခင်ဗျားကိုယ်တိုင်သွားပြီး လူဖြူနဲ့စကားပြောရင်မသင့်ဘူးလို့ထင်တာပဲ"ဟု သူကပြောသည်။ "သူဟာ တချို့ကထင်နေသလို ဝိညာဉ်တော်နတ်ဘုရားတစ်ပါးမ ဟုတ်ဘူး၊ သူဟာ လမ်းပျောက်နေတဲ့သာမန်လူဖြူတစ်ယောက်ပဲ"

"ငါမသွားပါဘူး၊ ဒါပေမယ့် လူတော်တွေသွားသင့်တယ်၊ ကိုမင်ချီအင်ဒီး ယန်းဆိုတာ ဘယ်လိုလူစားမျိုးလဲဆိုတာပြနိုင်တဲ့ အမျိုးသားတွေသာသွားရမယ်"ဟု အဖိုးကြီးကပြန်ပြောသည်။

ထို့နောက် သူသည် မျက်လုံးများကိုမှိတ်ကာ အချိန်အတန်ကြာမျှငြိမ်နေ သည်၊ တစ်မိနစ်ခန့်ကြာသွားပြီဖြစ်သော်လည်း သူ၏လှုပ်ရှားမှုကိုမမြင်ရ၊ အားလုံးက ဝက်ဝံကြီးအား အိပ်ပျော်သွားပြီဟုထင်ကြသည်။ နောက်ဆုံးတွင် သူ့မျက်လုံးများ သည် ပြန်ပွင့်လာသည်၊ လေဆံပင်ဘက်လှည့်၍ "မင်းသွားရမယ်၊ မင်းနဲ့ခြေကန်ငှက် တို့ သွားရမယ်"ဟုပြောသည်။

ထို့နောက် သူသည် မျက်လုံးများကိုပြန်မှိတ်လိုက်ပြီး ငြိမ်နေသည်၊ ယခု အခါင် စီအစည်းအဝေးပြီးဆုံးပြီဟု ကြေညာလိုက်သည့်အရိပ်လက္ခဏာပေတည်း။

□

ထိုညတွင် ထိုရာသီ၏ ပထမဆုံးလျှပ်စစ်မိုးကြီးမုန်တိုင်းကြီးကျရောက် သည်၊ မိုးကြိုးတွေပစ်သည်၊ လျှပ်စီးတွေ တဝင်းဝင်းလက်သည်၊ မိုးကြီးသည်းထန် စွာရွာသည်၊ ပရေရီမြက်ခင်းပြင်ကြီးထဲ၌ အကာအကွယ်ယူ၍နေထိုင်လျက်ရှိကြ သော အရာရာတိုင်းသည် မိုးနှင့်လေ၏နှင်ထုတ်မှုကြောင့် လွင့်စင်ကုန်ကြရလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမုန်တိုင်းကြောင့် လက်သီးနှင့်ရပ်သူသည် အိပ်မောကျနေရာမှ လန့်နိုး လာသည်။

မိုးပေါက်များသည် တဲ၏သားရေနံရံကို တဖြုန်းဖြုန်းတဖြောင်းဖြောင်းရိုက်ခတ် နေသည်။ လက်သီးနှင့်ရပ်သူ၏နားထဲတွင် ရိုင်ဖယ်သေနတ်ပေါင်း ထောင်ချီ၍ ပစ်ခတ်နေသည်ဟု ထင်မိသည်။ ပထမတော့ သူဘယ်နေရာရောက်နေမှန်းမသိ။ တဲအလည် ရှိ မီးဖိုမှအလင်းရောင်ကိုမြင်ခါမှ သတိဝင်လာသည်။ သူလက်တစ်ဖက် သည် ပေါင်မှဒဏ်ရာကိုစမ်းမိသည်။ စနစ်တကျစည်းထားသည့်ပတ်တီးများ

သူသည် အိပ်မှုန်စုံမွှားဖြင့် တဲပတ်လည်ကိုကြည့်သည်။ "ဘယ်သူနေတဲ့ တဲပါလိမ့်"ဟုတွေးသည်။ ဤတဲသည် သူမ၏တဲမဟုတ်မှန်းတော့သိနေ၏။

သူပါးစပ်သည် ခြောက်သွေ့နေသည်။ သူသည် စောင်အောက်မှလက် တစ်ဖက်ကိုထုတ်၍ လျှောက်စမ်းသည်။ ရေခွက်တစ်ခွက်ကိုတွေ့သဖြင့် လက် ထောက်၍ထကာ အားရပါးရတစ်ဝကြီးသောက်လိုက်ပြီး အိပ်ရာပေါ်သို့ပြန်ထိုး လိုက်သည်။

သူသိချင်တာတွေအများကြီးရှိနေ၏။ သို့သော်လည်း အလွန်အမင်းအား နည်းနေချိန်တွင်တွေး၍မရ။ "ငါသေခါနီးမြောနေတာများလား"ဟုတော့ တစ်ချက် တွေးမိသည်။

အမှန်တော့ သူမြောနေခြင်းမဟုတ်။ ပြန်လည်နာလံထလာခြင်းဖြစ်သည်။ အဆိုးထဲမှအကောင်းဖြစ်လာနေပြီဖြစ်သည်။ သူမသည် ကောင်းသောနေရာ ရောက်နေပြီဟုလည်းဆိုနိုင်၏။

တကယ်တော့ သူမသည် ခြေကန်ငှက်၏တဲအတွင်း၌လဲလျောင်းနေရခြင်း ဖြစ်သည်မဟုတ်ပါလား။

❒

ဗိုလ်ဒမ်ဘာသည် အသေကောင်တစ်ကောင်သဖွယ် အိပ်မောကျလျက် သည်ဖြစ်ရာ မိုးတွေတဖြုန်းဖြုန်းတဖြောင်းဖြောင်းရွာနေသည်ကိုလည်းကောင်း၊ တော ကင်တစ်ခွင်လုံး၌ လျှပ်စီးတွေတဝင်းဝင်းလက်ကာ မိုးကြိုးတွေပစ်နေသည်ကိုလည်း ကောင်း မမြင်ရမကြားရပေ။ နာရီပေါင်းများစွာကြာအောင် ရွာနေသောမိုးကြော ဒမ်ဘာ၏တဲခေါင်မိုးမှမိုးပေါက်များသည် ယိုကျလျက်ရှိ၏။ သို့သော်လည်း ထူထဲ သောစစ်စောင်ကြီးများ အထပ်ထပ်ခြုံထားသဖြင့် ဒမ်ဘာအဖို့ မိုးဒဏ်မခံရဘဲ လျက်ရှိ၏။

ကုလားသေကုလားမောအိပ်ပျော်နေခြင်းဖြစ်၍ သူသည် တစ်ချက် လေးမှမနိုး၊ နေအတော်ကြီးမြင့်ခါမှ နိုးလာသည်ဖြစ်ရာ သူနိုးလာချိန်တွင် ယမန် က ကျထားခဲ့သောမိုးကြိုးမုန်တိုင်းသည် စဲသွားခဲ့လေပြီ။ ညကသည်းထန်စွာရွာ သောမိုးသည် ပရေရီးမြက်နုသည် သင်းပျံ့လျက်ရှိ၏။



ဗိုလ်ဒမ်ဘာသည် အိပ်ရာမှနိုးလျှင်နိုးခြင်း မြက်ခင်းအနံ့ကိုအရင်ဆုံးရ သည်။ သူကျောခင်းနေဆဲမှပင် တဲတံခါးပေါက်ဆီမှ လှုပ်ရှားမှုတစ်ခုကိုရိပ်ခနဲမြင် လိုက်ရသည်။ ခပ်မဲမဲသဏ္ဍာန်တစ်ခုသည် တံခါးဝမှဖျတ်ခနဲပျောက်သွားသည်။

ဒမ်ဘာဖြုန်းခနဲထထိုင်ကာ ခြုံထားသည့်စောင်များကိုဖယ်လိုက်သည်။ ခြေဖျားအသာထောက်ကာ တံခါးဝဆီသို့လျှောက်သွားသည်။ သူသည်တံခါးအကွယ် ၌ရပ်ကာ အပေါက်ငယ်တစ်ပေါက်မှ အပြင်သို့ချောင်းကြည့်သည်။

အဖိတဲအတွင်း၌ရောက်နေသော လက်ဖြူသည် လေးငါးပတ်မျှလှည့် လိုက်ပြီး မြေပေါ်သို့ဝပ်ချလိုက်သည်။ ထို့နောက် ဒမ်ဘာအားလှမ်း၍ကြည့်နေသည်။ ဒမ်ဘာကလည်း မျက်လုံးများကိုပွတ်ကာ ပြန်ကြည့်သည်။ လက်ဖြူသည် ရှေ့လက် နှစ်ချောင်းပေါ်မေးတင်ကာ သူ့သခင်ထွက်အလာကို စောင့်မျှော်နေသည့် သစ္စာရှိခွေး တစ်ကောင်သဖွယ် ငြိမ်ဆိတ်နေသည်။

တစ္စကိုထဲမှ ဟီးသံတစ်ချက်ထွက်လာသဖြင့် ဒမ်ဘာက လှမ်းကြည့်သည်။ သိအခိုက်မှာပင် ဝပ်နေသောလက်ဖြူသည် ဖျတ်ခနဲထကာ ချောင်းကမ်းပါးပေါ်ရှိ တမူထက်သို့ပြေးတက်သွားသည်။ သူသည် လက်ဖြူနောက်သို့လိုက်ကြည့်နေရာမှ ဘေးတစ်ဖက်သို့အလှည့်တွင် သူတို့ကိုမြင်လိုက်ရသည်။

သူတို့သည် မြင်းကိုယ်စီနှင့်ဖြစ်၏။ သူရှေ့တည့်တည့်ကိုက်တစ်ရာပင် ဝေးလိမ့်မည်မဟုတ်။ သူတို့အားလုံးရှစ်ယောက်၊ ရှေ့ဆုံးမှလူနှစ်ယောက်၏မြင်း များသည် ရှေ့သို့တိုးလာကြသည်။ ဒမ်ဘာသည် အနည်းငယ်မျှပင်လှုပ်ရှားခြင်းမပြု။ ဤတစ် ကြိမ်တွင်သူသည် စိတ်အေးလက်အေးနှင့်ပင် သူတို့အားရင်ဆိုင်သည်။

တစ်ခုတော့ရှိသည် သူတို့အားဘာပြောရမှန်းမသိ။ ဘယ်ဘာသာစကား နှင့် ဘယ်လိုဆက်သွယ်ရမှန်းနားမလည်။

❒

ခြေကန်ငှက်နှင့်လေဆံပင်တို့သည်လည်း ဗိုလ်ဒမ်ဘာလိုပင်ဖြစ်နေကြ သည်။ လူဖြူစစ်သားသည် သူတို့အတွက်လူစိမ်းသူစိမ်းတိုင်း တစ်ပါးသားတစ်ဦးဖြစ် ၏၊ ဘယ်လိုပြော၍ဘယ်လိုဆက်သွယ်ရမှန်းမသိ။ လူဖြူစစ်သား၏မျက်နှာပေါ်တွင် မနေ့ကသူတို့မြင်ခဲ့ရသည့် သွေးများမပျက်သေး။

အဆင့်အတန်းသတ်မှတ်မည်ဆိုပါကား လေဆံပင်သည် တိုက်ရည်ခိုက် ရည်ဝသော ကိုမင်ချီစစ်သည်တော်တစ်ဦးအနေဖြင့်ရောက်လာခြင်းဖြစ်၍ ခြေကန် ငှက်သည် လူမျိုးစု၏ခေါင်းဆောင်တစ်ဦးအဖြစ် ရောက်လာခြင်းဖြစ်၏၊ ခြေကန် ငှက်သည် လူမျိုးစုတစ်ခုလုံး၏ခေါင်းဆောင်ဖြစ်ထိုက်သော အရည်အသွေးများနှင့် ပြည့်မီသူဖြစ်သည်။

ခြေကန်ငှက်၏ဘဝတစ်လျှောက်လုံးတွင် ယခုအချိန်သည် အရေးအကြီး ဆုံးသောအချိန်ကာလတစ်ရပ်ဖြစ်သည်။ သူလက်ထဲတွင် မိမိတို့အုပ်စု၏ဘဝနှင့် မိမိ

www.burmeseclassic.com

www.burmeseclassic.com



တို့ကိုမင်ချီတစ်မျိုးသားလုံး၏ဘဝသည်ရှိနေ၏။ ခြေကန်ငှက်အဖို့ကတော့ မိမိတို့လူမျိုးတစ်မျိုးလုံး၏ အနာဂတ်ဘဝသည် အစပြုတော့မည်ဖြစ်၍ မိမိကိုယ်တိုင်မှာလည်း ထိုဘဝသစ်သမိုင်းပေါ်တွင် ထိုင်မိနေပြီဟုနားလည်လျက်ရှိလေသည်။

□

သူတို့မျက်နှာများကို အနီးကပ်မြင်တွေ့ရသည့်အခါ ဗိုလ်ဒမ်ဘာသည် သူလက်တွင်းမှ အမျိုးသမီးအားလုမ်းယူခဲ့သည့်စစ်သည်တော် လေဆံပင်ကိုချက်ချင်း မှတ်မိသည်။ ခြေကန်ငှက်၏မျက်နှာကိုမူ သူမြင်ဖူးသည်ဟုထင်မိသော်လည်း ဘယ်အချိန်ဘယ်နေရာမှာတွေ့ခဲ့ဖူးသည်ဟု အတိအကျမမှတ်မိ။

သူတို့နှစ်ယောက်သည် သူရှေ့ဆုံးနှစ်ပေခန့်အကွာတွင် ရပ်နေကြသည်။ သူတို့မျက်နှာများသည် ကြည်ကြည်လင်လင်ရှိနေကြသည်။ လေဆံပင်သည် အရိုးချပ်ဝတ်တန်ဆာကို ရင်အုပ်ပေါ်တွင်ဝတ်ဆင်ထားသည်။ ခြေကန်ငှက်ကတော့ လည်ဝင်းတွင် သတ္တုအပိုင်းတစ်ပြားဆွဲထားသည်။ ထိုအရာဝတ္ထုများသည် အလင်းရောင်အောက်တွင် တလက်လက်တောက်ပနေကြလေသည်။

ဗိုလ်ဒမ်ဘာသည် ရှေ့သို့တိုးသွားပြီး ဦးခေါင်းမသိမသာညွှတ်လိုက်သည်။ ပြီးတော့ တပ်ထုံးစံအတိုင်း အလေးပြုသည်။ ခဏအကြာတွင် ခြေကန်ငှက်သည် သူလက်တစ်ဖက်ကိုဆန့်ကာ လက်ဖဝါးကိုဖြန့်ပြသည်။

ဒမ်ဘာသည် အဓိပ္ပာယ်ကိုနားမလည်။ သို့သော်လည်း မိတ်ဆွေဖြစ်လိုသော သဘောကိုဆောင်မှန်းသူသိသည်။ သူသည် ပတ်ဝန်းကျင်ကိုတစ်ချက်မျှဝေ့ကြည့်လိုက်ပြီး "ဆက်ဂျ်ဝစ်ခံတပ်ကကြိုဆိုပါတယ်"ဟု ပြောသည်။

ခြေကန်ငှက်သည် စကားလုံးများ၏အဓိပ္ပာယ်ကိုမသိသော်လည်း သူတို့အားနှုတ်ဆက်ခြင်းဖြစ်သည်ဟု ခန့်မှန်းပြီးသိသည်။

"ကျွန်ုပ်တို့ဟာ ဝက်ဝံကြီးရဲ့စခန်းရွာက လာခဲ့ကြတာပါ။ ငြိမ်းချမ်းစွာစကားပြောဖို့ပါ"ဟု ခြေကန်ငှက်ကပြောသည်။ ဗိုလ်ဒမ်ဘာကတော့နားမလည်။

နှစ်ဖက်စလုံးသည် ဤမျှသာပြောပြီးနောက် ထပ်ပြောစရာမရှိတော့သဖြင့် ငြိမ်ဆိတ်နေကြသည်။ လေဆံပင်သည် ထိုစဉ်အတွင်းမှာပင် ခံတပ်တွင်း၏ လူဖြူ၏အဆောက်အဦအားလုံးကို အသေးစိတ်ကြည့်ရှုလေ့လာသည်။ ခြေကန်ငှက်ကတော့ သူမြင်းပေါ်၌ငြိမ်ဆိတ်စွာထိုင်ပြီး ဒမ်ဘာအားကြည့်နေသည်။

ကြာလာတော့လည်း ဒမ်ဘာ၏စိတ်သည် မငြိမ်မသက်ဖြစ်လာသည်။ နေရအထိုင်ရခက်လာသည်။ မြေကြီးကိုခြေမဖြင့် ထိုးကော်လိုက်၊ မေးစေ့ကိုကိုင်လိုက်နှင့် ဂဏာမငြိမ်ဖြစ်လာသည်။ ရုတ်တရက် သူကော်ဖီမသောက်ရသေးသည့်အဖြစ်ကို သတိရလာသည်။ သူကိုယ်တိုင် ကော်ဖီသောက်ချင်စိတ်ပြင်းပြလာသည်။ ပြီးတော့ ဆေးလိပ်တစ်လိပ်သောက်ဖွာလိုက်ချင်သော ဆန္ဒ. . .

"ကော်ဖီသောက်မလား"ဟု ဒမ်ဘာက ခြေကန်ငှက်အားလှမ်းမေးသည်။



ခြေကန်ငှက်သည် ခေါင်းကိုစောင်းငဲ့ကာ နဝေတိမ်တောင်ဖြစ်နေသည်။

"ကော်ဖီသောက်မလား"ဟု ဗိုလ်ဒမ်ဘာကထပ်မေးသည်။ သူသည် လက်တစ်ဖက်ဖြင့် ခွက်ပုံသဏ္ဌာန်ဝိုင်းပြပြီး သောက်ပြသည်။ "ကော်ဖီလေ၊ ကော်ဖီ"ဟု ထပ်ပြောသည်။ "သောက်ရတယ်လေ"

ခြေကန်ငှက်သည် ဒမ်ဘာအားပြုံးတုံ့ပြုံးကြောင်ပြန်ကြည့်နေသည်။ လေဆံပင်က ခြေကန်ငှက်အား မေးခွန်းတစ်ခုမေးလိုက်ပေါ်သည်။ ခြေကန်ငှက်ကလည်းပြန်ပြောသည်။ ထို့နောက်နှစ်ဦးစလုံးက ဒမ်ဘာအားပြန်ကြည့်သည်။ ပြီးတော့ ခြေကန်ငှက်ကခေါင်းညိတ်ပြသည်။

"ကောင်းပါတယ်၊ ကောင်းတယ်"ဟု ဒမ်ဘာကဝမ်းသာအားရပြန်ပြောသည်။ "ကဲလာကြပါ၊ ထိုင်ကြပါဦး"ဟု လက်ဟန်ခြေဟန်ပြ၍ ဖိတ်ခေါ်သည်။ မြင်းပေါ်မှဆင်းကြရန်လည်း ကိုယ်အမူအရာဖြင့်ပြသည်။

ကိုမင်ချီများသည် မဝံ့မရဲခြေလှမ်းများဖြင့် သူနောက်မှလိုက်လာကြသည် မြင်မြင်သမျှအရာအားလုံးသည် သူတို့အတွက်အံ့ဩစရာတွေချည်း ဖြစ်နေသည်။ အိမ်ထဲရောက်သည်နှင့်တစ်ပြိုင်နက် ဒမ်ဘာသည် မီးမွှေးကာကော်ဖီအိုးကိုတည်သည်။

"ထိုင်ကြပါ"ဟု သူက ဧည့်သည်များအားပြောသည်။

အင်ဒီးယန်းများသည် သူစကားကိုနားမလည်ကြသဖြင့် မထိုင်ကြ။ ဒမ်ဘာက ကိုယ်တိုင်ကိုယ်ကျထိုင်ပြပြီးပြောမှပင် ထိုင်ကြသည်။

ဧည့်သည်များထိုင်မိသည်နှင့်တစ်ပြိုင်နက် ဒမ်ဘာသည် ရိက္ခာတဲဆီသို့ အပြေးအလွှားသွားကာ ကော်ဖီစေ့ ပေါင်အိတ်တစ်လုံးနှင့်ကြိတ်စက်ကိုယူပြီး ပြန်လာသည်။ ဒမ်ဘာသည် ကော်ဖီစေ့များကိုကြိတ်စက်ထဲသို့ထည့်၍ကြိတ်သည်။

ကြိတ်စက်ခွက်ထဲမှကော်ဖီစေ့များ ပျောက်ကွယ်သွားသည့်အခါ ခြေကန်ငှက်ရော လေဆံပင်ပါ တအံ့တဩဖြစ်နေကြသည်ကို ဒမ်ဘာသတိထားမိသည်။ ကော်ဖီကြိတ်စက်သည် အင်ဒီးယန်းများအတွက် မှော်အတတ်ပညာတစ်ခုဖြစ်နေသည်ကိုတော့ သူသတိမထားမိ။ သို့သော်လည်း ကော်ဖီကြိတ်စက်ကို ဘယ်တုန်းကမှ မမြင်ဖူးခဲ့သည့် ခြေကန်ငှက်နှင့်လေဆံပင်တို့အဖို့တော့ မှော်အတတ်ပညာတစ်ခုဖြစ်နေသည်။

ဗိုလ်ဒမ်ဘာသည် သူဧည့်သည်များအား ကော်ဖီကြိတ်စက်အလုပ်လုပ်ပုံကို အသေအချာပြသည်။ သူသည် ကြိတ်စက်ကို အင်ဒီးယန်းများ၏ရှေ့၌ချ၍ အသေအချာကြည့်ခိုင်းသည်။ ကြိတ်စက်လက်ကိုင်ကိုလှည့်နေခိုက်တွင် ကြိတ်စက်ခွက်ထဲမှကော်ဖီစေ့များပျောက်ကွယ်ကာ အမှုန့်ကြိတ်စက်တွင်းဝင်သွားရပုံကို တစ်ခုချင်းပြသခြင်းဖြစ်၏။

ကိုမင်ချီနှစ်ယောက်သည် များစွာသဘောကျနေကြသည်။ နှစ်ဦးစလုံးသည် ကော်ဖီမှုန့်များကိုအနည်းငယ်ယူ၍နမ်းကြည့်ကြသည်။ ပြီးတော့ ငြိမ်သက်

www.burmeseclassic.com



စွာထိုင်ပြီး ဗိုလ်ဒမ်ဘာလုပ်သမျှကို စိတ်ပါလက်ပါကြည့်နေကြသည်။ ဒမ်ဘာသည် ရေနွေးအိုးကိုတည်ကာ ကော်ဖီဖျော်သည်။

ဒမ်ဘာက ကော်ဖီတစ်ခွက်ပေးလိုက်သည့်အခါ အငွေ့ထောင်းထောင်းထနေသော ကော်ဖီခွက်ထဲမှအနံ့ကိုရှူကြည့်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကျေနပ်ခြင်းကိုဖော်ပြသည်။ ...ခုလူဖြူတိုက်သော ...ကော်ဖီအနံ့သည် လွန်ခဲ့သောနှစ်ပေါင်းအတော်ကြာ... ...ဒ်ကန်များထံမှ သူကိုလုယူခဲ့သော ကော်ဖီနံ့ ထက်ပို၍ကောင်းသည်ကို သူတို့...ရ၏ဖြစ်လေသည်။

အင်ဒီးယန်းများသည် ...ဒ်တစ်ငုံစီသော...အပြီးတွင် မျက်နှာထား ပြောင်းသွားကြသည်။ နှစ်ယောက်စ... ...ဘူးကြခြ... ...တစ်ခုခုတော့အမှား လုပ်မိပြီဟု ဒမ်ဘာကတွေးသည်။ နှစ်ဦး... ...းလုမ်း...ပြောကြသည်။ မေးခွန်းနှင့်တူသည်။

ဗိုလ်ဒမ်ဘာကခေါင်းခါသည်။ "... ...နားမလည်ဘူး" ...ပြန်ပြောသည်။

အင်ဒီးယန်းများသည် သူတို့ချင်း... ...ကြသည်။ ခြေ...ငှက်သည် စိတ်တူးရပာန်တူ၏။ သူသည် ကော်ဖီခွက်ကို... ...ခွက်ထဲသို့... ...ထည့်ဟန် လုပ်ပြသည်။ ပြီးတော့ တုတ်တစ်ချောင်း... ...မွှေပြသည်။

ဒမ်ဘာသည် ဝမ်းသာအားရခုန်၍ထကာ ရိက္ခာတဲဆီသို့သွားသည်။ အပြန်တွင် လက်ထဲ၌အိတ်တစ်လုံးပါလာသည်။ ...အိတ်ကိုမီးဖိုရှေ့၌ချပေးသည်။ ခြေကန်ငှက်သည် အိတ်ကိုဖြုံပြုံငုံ့ကြည့်သည်။ အညို... ...င်အခဲကလေးများကို မြင်သည့်အခါ ဝမ်းသာသွားဟန်ပြသည်။ နှစ်ဦးစလုံးသွားဖြီး... ...သည်။ သူ၏မှန်းဆထင်မြင်ချက် သည်မှန်သွားပြီ။ သ... ...းနေကြသည်မှာ သကြားဖြစ်၏။

□

...ခြေ...ငှက်သည် လူဖြူစစ်သား၏တရင်းတနှီးဆက်ဆံမှုကြောင့် များစွာ ဝမ်းသာအ... ...နေသည်။ ...သည် မိမိတို့နှင့်စကားတွေအများကြီး ပြောလိုတ... ရှိ၏။ မိမိတို့က မိတ်ဆက်လုပ်...သည့်အခါ မိမိတို့ဘာသာဖြင့် လူကင်းနန့်ဟုခေါ်သော လူဖြူစစ်သားသည် ...မိတို့နာမည်များကို အကြိမ်ပေါင်းများစွာမေးသည်။ မိမိတို့နာ မည်ကို ပီပီသသခေါ်တတ်စေရန် အကြိမ်ကြိမ်အထပ်အထပ်ရွတ်သည်။

လူဖြူသည် ...မိတို့ပြောသမျှကိုစိတ်ဝင်တစားနားထောင်ရုံမျှမက နားလည် သဘောပေါက်အောင်ကြိုးစားသည်။ မိမိကိုယ်တိုင်က ငြိမ်ချမ်းရေးကိုလိုလား၍ထား ၏။ တစ်ဖက်လူကလည်း တုံ့ပြန်မှုအားကောင်းနေသည်။ လူဖြူသည် စကားတွေ များကြီးပြောခဲ့၏။ မိမိကက်ပို၍များများပြောသည်ဟု ခြေကန်ငှက်ထင်သည်။ သူပြောသည်များမှာ လက်ဟန်ခြေဟန်များနှင့်ဖြစ်၍ တစ်ခါတရံတွင် အိမ်ဖြေတစ် သားနှင့်နေတတ်သော လေဆံပင်သည်ပင်လျှင် ခွက်ထိုးခွက်လံရယ်သည်ကိုတွေ့



...ရ၏။ လေဆံပင်ရယ်ဖို့ဆိုသည်မှာ အလွန်ခက်ခဲသောကိစ္စတစ်ရပ်ဖြစ်ချေသည်။

ခြေကန်ငှက်အနေဖြင့် တွေ့မြင်သိရှိခဲ့ရသည့်နောက် တစ်ခုထူးခြားချက် မှာ လူဖြူစစ်သားသည် နတ်ဘုရားတစ်ပါးမဖြစ်နိုင်ဟူသော အချက်ဖြစ်၏။ လူဖြူ၏ ပြောဆိုပြုမူပုံအားလုံးသည် လူသားဆန်လှသည်။ ပြီးတော့ သူသည် သူတစ်ယောက် ...ည်းနေထိုင်ခြင်းဖြစ်၏။

ဤတစ်ချက်ကြောင့် ခြေကန်ငှက်အ... ...စဉ်းစရာဖြစ်နေသော်လည်း ...ကြောင့် အခုလိုတစ်ယောက်တည်းနေရ... ...မ်းမြန်းစုံစမ်းခြင်းမပြုခဲ့ပေ။ နောက်ထပ် သူထံသို့လူဖြူစစ်သားတွေ အ... ...ရောက်လာဦးမှာလား။ ပြီးတော့ ...တို့ ဘာဆက်လုပ်ကြ...။ ခြေကန်ငှ... ...ဤမေးခွန်းများအတွက် ရရှိလာ ...အဖြေများအပေါ် ...စွာသော... ...လျက်ရှိလေသည်။

လေဆံပင်... ...သည်။ သူတို့လူစုသည် တစ်ဦးချင်းစီရှေ့ နောက်တ... ...ကျက်ရှိတောအုပ်တွင်းမှဖြတ်၍မြန်လာနေ ...ခြင်းဖြစ်... လူဖြူစစ်သား... ...အတွင်း လေဆံပင်သည် ဘယ်လိုမြင်၍ဘယ်လို ...ဘောထ... ...နည်း။ သူတို့သည် ...ခုအချိန်ထိ လူဖြူနှင့်ပတ်သက်၍ အယူအဆ ...ငြိမ်း...နွေးခြင်း... ခြေကန်ငှက်သည် သူနှင့်လေဆံပင်အမြင် ...ကွဲမည်ကို... ...လျက်ရှိသည်။

အမှန်တော့ ခြေကန်ငှက်... ယင်းကိစ္စအတွက်ပူပန်ကြောင့်ကျစရာ ...ပေ။ လေဆံပင်ကိုယ်တိုင်ကလည်း လူဖြူစစ်သားအပေါ် များစွာသဘောကျလာ ...။ တကယ်တော့ လူကြမ်းလူရမ်းတ...ဦးဖြစ်သော လေဆံပင်သည် လူဖြူစစ်သား ... သတ်ဖြတ်သုတ်သင်ပစ်ရန် အ...ဘာစေစိတ်ကူးခဲ့သူဖြစ်၏။ လေဆံပင်သည် ...များအပေါ် အကောင်းမြင်ခဲ့...တ်၊ လူဖြူများသည် ...နှုတ်ဖွ မရှိသောသတ္တဝါ ... သူထင်သည်။ ဤလူများသည် အသားတုံးတစ်... ...ဝိုင်းအုံကိုက်ဆွဲနေ ...သည့် ဝံပုလွေများနှင့်အတူတူဖြစ်သည်ဟု သတ်မှတ်...ားသည်။

သို့သော်လည်း ယခုသူတွေ့ခဲ့ရသောလူဖြူသည် အခြားလူဖြူများနှင့်မတူ၊ ...လူဖြူများထက်သတ္တိပိုကောင်းသည်။ ပိုပြီးဖော်ရွေသည်။ ...ရယ်စရာ ...အလွန်ကောင်းသူဖြစ်သည်။

ခြေကန်ငှက်သည် သူမြင်း၏မြင်းကုန်းနှီးတွင် ခွချိတ်လာသည့်အိတ်နှစ်လုံး ...ချက်ငုံ့ကြည့်သည်။ ကော်ဖီအိတ်နှင့်သကြားအိတ်တို့ဖြစ်၏။ သူသည် လူဖြူ ...အပေါ် ခင်မင်စိတ် ဖြစ်ပေါ်လာနေမိသည်။ ထိုစိတ်သည် ထူးဆန်းသောစိတ် ...သည်။ အသေအချာတော့ထပ်၍ စဉ်းစားဆင်ခြင်သင့်သည်ဟုထင်၏။

"တကယ်လို့ ငါစိတ်ကခင်နေပြီဆိုရင် ငါဘာလုပ်ရမလဲ"

သူတွေးနေခိုက်မှာပင် ရှေ့မှရယ်သံကြားရသည်။ လေဆံပင်ထံမှရယ်သံ ... ထိုလောက်ကျယ်လောင်စွာရယ်လိုက်သောအသံကို ထပ်မံကြားရပြန်၏။ ...ာ နောက်လှည့်ပြီး သူ့အားလှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရယ်စရာအတော်ကောင်းတာပဲ၊ လူဖြူစစ်သားက ကျွဲတစ်ကောင်ဖြစ်သွားတာဟာ အတော်ကိုရယ်စရာကောင်းတာပဲ"

လေဆံပင်သည် ခြေကန်ငှက်ထံမှ စကားအပြောကိုမစောင့်ဘဲ ရှေ့သို့ပြန်လှည့်ကာ မြင်းကိုနှင်သွားနေသည်။ ရယ်နေသဖြင့် သူ့ပခုံးများတလှုပ်လှုပ်ဖြစ်နေသည်ကို မြင်နေရ၏။

မှန်ပေသည်၊ "လူကင်းနန်"သည် လေးဖက်ကြီးထောက်၍လက်နှစ်ဖက်ကို ခို့သဏ္ဍာန်လုပ်၍ နဖူးထောင့်များ၌ထောင်ထားသည် မဟုတ်ပါလား၊ ပြီးတော့ သူ့ရှပ် အကျီအောက်တွင်ထိုးသွင်းကာ ထိုဏ္ဍာန်ပြုလုပ်ထားသည့်စောင်း

ခြေကန်ငှက်သည်ပြုံးလိုက်မိသည်။ ဤလူဖြူထက်ထူးဆန်းသောအရာသည် မရှိဟုသူတွေးနေမိလေ၏။

❒

ဗိုလ်ဒမ်ဘာသည် လေးလံလှသောကျွဲရေဝတ်ရုံကြီးကို သူ့အိပ်စင်ပေါ်၌ဖြန့်ခင်းလိုက်ပြီး တအံ့တဩကြည့်နေမိသည်။

"ငါဟာ ကျွဲရိုင်းဆိုလို့တစ်ကောင်မှမြင်ဖူးခဲ့တဲ့ကောင်မဟုတ်ဘူး"ဟု တွေးသည်၊ "အခု ကျွဲရေဝတ်ရုံကြီးတစ်ထည်ကို ငါရထားပြီ"

သူသည် အိပ်စင်အစွန်း၌ထိုင်ကာ ခေါင်းရင်းတိုင်ကိုကျောနှင့်မှီထားလိုက်ပြီး ကျွဲရေကိုလက်နှင့်ပွတ်သပ်ကြည့်နေသည်၊ နူးညံ့ပါဘိ၏၊ ထူးကဲလှပါဘိ၏ သူသည် ကျွဲရေပေါ် သို့ပါးတစ်ဖက်တင်၍လှဲလိုက်သည်၊ ကျွဲရေထက်ရှိသားမွေးသည် ပို၍ပင်နူးညံ့နွေးထွေးလှပေသည်၊ ပြီးတော့ ကျွဲသားရေစိမ်းအနံ့. . . ၊

အပြောင်းအလဲတစ်ခုဖြစ်ပေါ်မှုသည် မြန်ဆန်လှပါဘိသည်၊ စောစောတွေ့လိုက်ရသည့် အင်ဒီးယန်းနှစ်ယောက်ကို ပြန်လည်မြင်ယောင်မိသည်၊ သူတို့နှင့်တွေ့စဉ်က သူသည် စကားအများဆုံးပြောခဲ့မိ၏၊ သို့ဆိုလျှင် မိမိဘက်ကလွန်ကဲသွားပြီဟု ယူဆသင့်ပါသလား၊ အမှန်တော့ လုံးဝမမျှော်လင့်ဘဲနှင့် ပေါ်ပေါက်လာသောရင်းနှီးမှုကြောင့် အံ့ဩခြင်းကြီးစွာဖြင့် အဆမတန်စကားပြောမိခဲ့ခြင်းဖြစ်၏၊

သူသည် အင်ဒီးယန်းနှစ်ဦးစလုံးကို သဘောကျသည်၊ ခင်မင်သည်၊ အထူးသဖြင့် နူးညံ့ပြေပြစ်ပြီးခန့်ညားသော ရုပ်အဆင်းအင်္ဂါရှိသူ အင်ဒီးယန်းအားပို၍လေးစားခင်မင်မိသည်၊ ထိုသူသည် ကိုယ်ရောစိတ်ပါကြံ့ခိုင်မည့်ပုံရှိ၏၊ အထူးသဖြင့် တည်ငြိမ်အေးဆေးပုံပေါက်၏၊ သည်းခံစိတ်လည်းကြီးမားပုံရ၏၊ ယောကျ်ားပီသလည်းပေါ်၏၊

နောက်တစ်ဦးကတော့ စိတ်တိုတတ်ပုံပေါ်၏၊ စိတ်ကြီးပုံလည်းရ၏၊ ထိုလူသည် သူကမ်းပေးသည့်မိန်းမအား လှမ်းယူခဲ့သူဖြစ်သည်၊ သူ့အား အရူးလုပ်၍ရမည့်လူစားမဟုတ်၊ သို့သော်လည်း ခင်မင်နှစ်လိုဖွယ်ရာတော့ကောင်း၏၊ ပြီးတော့ သူတို့က လက်ဆောင်ပေးခဲ့သည့်ကျွဲရေဝတ်ရုံ ဤဝတ်ရုံသည် လေးနက်သောအနက်



အဓိပ္ပာယ်တစ်ခုကိုတော့ ဆောင်လိမ့်မည်ဖြစ်၏၊

ဗိုလ်ဒမ်ဘာသည် တစ်သက်တာပတ်လုံး အမှတ်တရသိမ်းထားရမည့် နေ့ည်းပေါ်တွင်လဲလျောင်းကာ ပြီးခဲ့သမျှကိုပြန်လည်မြင်ယောင်လျက်ရှိသည်၊ အတွေးသစ်အမြင်သစ်များဖြင့် သူ့ဘဝသူကျေနပ်အားရလျက်ရှိသည်၊

ယခုအချိန်သည် သူတစ်ဦးတည်းအထီးကျန်နေရသောဘဝဖြစ်၏၊ အဝေးဆီသို့ သူ့မြင်းကစ္စကိုနှင့်ဝံပုလွေ လက်ဖြူသာရှိ၏၊ ခံတပ်ထဲတွင် သူလုပ်စရာရှိသမျှကို လုပ်ခဲ့ပြီးပြီ၊ စောင့်မျှော်ခြင်းနှင့်ပူပန်ကြောင့်ကြခြင်းများသည် သူ့အားဖက်တွယ်ကာ ဖိစီးနှိပ်စက်နေကြ၏၊ ထိုနှိပ်စက်မှုဒဏ်သည် ကြီးမားရုံမျှမက ပြင်းထန်လွန်းလှချေသည်၊

အခုကျတော့လည်း ထိုအရာများသည် သူနှင့်ဘာသာစကားမတူ၊ သွေးမတူသောလူနှစ်ဦးကြောင့် လွင့်စင်ကင်းပျောက်သွားကြလေပြီ၊ သူတို့သည် မမျှော်လင့်ဘဲရောက်လာပြီး သူ့အတွက်ကြီးမားသောဆောင်ရွက်မှုတစ်ခုကို ပြုသွားခဲ့ကြ၏၊ သူတို့သည် မိမိအပေါ်၌အဆမတန်ပိနေသော သောကဝန်ထုပ်ဝန်ပိုးကြီးအောက်မှ မိမိအားလွတ်မြောက်အောင် ကယ်တင်သွားခဲ့ကြသည် မဟုတ်ပါလား၊

ရှေ့လျှောက်ပြီး သူသည် တစ်ယောက်တည်း အထီးကျန်ဖြစ်ရတော့မည်မဟုတ်၊

❒❒❒

www.burmeseclassic.com

[၁၅]

မေ ၁၇၊ ၁၈၆၃

ဤမှတ်တမ်းစာအုပ်ထဲ၌ ကျွန်တော်စာတစ်လုံးမှမရေးဘဲနေလာခဲ့သည် မှာ ရက်ပေါင်းများစွာကြာခဲ့ပြီ။ ဖြစ်ပျက်ခဲ့သမျှမှာများလွန်းသဖြင့် ကျွန်တော့အနေ ဘယ်တစပြီးရေးရမှန်းမသိတော့ပါ။

ကျွန်တော့်ထံသို့ အင်ဒီးယန်းများအလည်လာခဲ့ကြသည်မှာ သုံးကြိမ် ပြီ။ နောက်ထပ်ရောက်လာကြလိမ့်ဦးမည်မှာ သေချာပါသည်။ သံသယဖြစ်ဖွယ်မရှိ အမြဲတစေလာနေကျဖြစ်သော လူနှစ်ဦးသည် အစောင့်အဖြစ် အင်ဒီးယန်းစစ်သ ခြောက်ဦး ခုနှစ်ဦးခန့်ကိုခေါ်၍လာကြခြင်းဖြစ်၏။ ထိုလူအားလုံးသည် စစ်သည် ချည်းဖြစ်နေသည့်အတွက် ကျွန်တော့်မှာ များစွာအံ့အားသင့်ခဲ့ရပါသည်။ တိုက်ပွဲ ခစ်သည်မဟုတ်သည့်ယောကျ်ားဟူ၍ တစ်ဦးမျှမရှိပါ။

ကျွန်တော်တို့၏တွေ့ဆုံမှုများသည် မိတ်ဆွေချင်းရင်းနှီးစွာဆက်ဆံသေ မှုအပေါ်တွင်အခြေခံသည်။ ဘာသာစကားနားမလည်မှု အဟန့်အတားရှိနေသေ လည်း ဆက်ဆံမှုကတော့ပျက်မသွားဘဲ တိုးတက်ခိုင်မာလျက်ပင်ရှိ၏။ ကျွန်တေ ဘက်မှ အခုအချိန်ထိ မည်သည့်အင်ဒီးယန်းအုပ်စုဝင်များမှန်းမသိရသေးသော်လည် ကိုမင်ချီလူမျိုးစုများဖြစ်လိမ့်မည်ဟု ထင်မိပါသည်။ သူတို့ပြောနေသောစကားမျာ တွင် ကိုမင်ချီများပြောလေ့ရှိသောစကားများနှင့်တူနေသည်ကို တစ်ကြိမ်ထ ကျွန်တော်ကြားခဲ့ရပါသည်။



ကျွန်တော့်ဧည့်သည်များ၏နာမည်များကို ကျွန်တော်သိနေပြီဖြစ်သော် ည်း စာလုံးမပေါင်းတတ်သေးပါ။ ကျွန်တော်တွေ့ရသလောက်ဆိုပါက နှစ်ဦးစလုံး ည် ခင်မင်နှစ်လိုဖွယ်ရာကောင်းပြီး စိတ်ဝင်စားစရာလည်းကောင်းနေပါသည်။ တို့နှစ်ဦးသည် အကျင့်စရိုက်ချင်းမတူကြပါ။ နေ့နှင့်ညခြားနားသလို ခြားနားကြပါ ည်။

တစ်ဦးမှာ အလွန်စိတ်ဓာတ်ပြင်းထန်ပြီး ပွပွလောလောရှိလှသည်ဖြစ်ရာ သည်တော်ခေါင်းဆောင်တစ်ဦးဖြစ်သည်မှာ သံသယဖြစ်စရာမလိုပေ။ သူ၏ကိုယ် တည်ဆောက်ပုံမှာ ကျစ်လစ်တောင့်တင်းသန်မာလှသည်။ မျက်နှာထားသည် င်းမာလှ၏။ တစ်ဖက်သားနှင့်ဆက်ဆံရာ၌ သံသယကြီးသော စိတ်နေစိတ်ထားရှိ ည်။ ယင်းအင်္ဂါရပ်များသည် သူ့အားကြောက်မက်ဖွယ်ကောင်းသည့် စစ်သူရဲ ောင်းတစ်ဦးဖြစ်လာအောင် ဖန်တီးပေးထားသည်ဟု ထင်ပါသည်။

ရိုးသားစွာဝန်ခံရမည်ဆိုပါက ကျွန်တော် သူနှင့်တိုက်ခိုက်ရမည့်အခြေအ နေမျိုးကိုမလိုလားပါ။ အကယ်၍တိုက်ခိုက်ရမည်ဆိုပါက အလွန်ခက်ခဲပင်ပန်းစွာ ိုက်ခိုက်ရမည့်ပြိုင်ဖက်တစ်ဦးဖြစ်လာနိုင်စရာရှိသည်ဟု ယုံကြည်မိပါ၏။ မည်သို့ ဖြစ်စေ သူအသည် လူချောတစ်ယောက်ပင်ဖြစ်သည်။ သူသည် ကျွန်တော့မြင်းကို ွန်သဘောကျကာ မက်မောလျက်ရှိ၏။ ကျွန်တော်နှင့်တွေ့တိုင်း ကစ္စတိုအ ကြောင်းကို မမေးပဲ၊ မပြောပဲမနေနိုင်ပါ။

ကျွန်တော်တို့စကားပြောသည့်အခါ လက်ဟန်ခြေဟန်ကို အများဆုံးသုံး ပြောကြရသည်။ ယင်းကဲ့သို့ပြောဆိုရသဖြင့် တစ်ဦးနှင့်တစ်ဦးကြားတွင် ရှုတ်တရုတ် သည်ဖို့နှေးတွေးလှပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့၏ဆက်ဆံရေးသည် ောင်မြင်မှုအပေါ်အခြေခံနေသည်ဟု မဆိုသာပါ။

ခက်ထန်တင်းမာလှသောလူကို ကျွန်တော်က "လူကြမ်း"ဟု အမည်ပေး ပါသည်။ လူကြမ်းသည် ကော်ဖီသောက်တိုင်း သကြားတွေအများကြီးထည့် ောက်တတ်လေရာ ကျွန်တော့်ရိက္ခာတဲအတွင်းမှသကြားများသည် အချိန်မကျမီ ကုန်သွားလိမ့်မည်ဟု စိုးရိမ်မိပါသည်။ သို့သော်လည်း ကျွန်တော့်တွင် သကြားလုံးဝ ည့်ဘဲသောက်တတ်သောအလေ့ရှိနေသဖြင့် တော်ပါသေးရဲ့ဟု အောက်မေ့ရပါ ည်။

လူကြမ်း၏အပြုအမူများသည် ရိုင်းစိုင်းကြမ်းတမ်းသည်၊ လမ်းပေါ်၌ င် တစ်ဆူကဲ့သို့ မင်းမူနေလေ့ရှိသော လမ်းသူရဲခေါင်းဆောင်တစ်ဦးနှင့်တူသည်။ ၏ အဆမတန်ကြီးမားသော ခွန်အားကိုပြ၍ဗိုလ်လုပ်နေသော လမ်းသူရဲတစ် ်တူသည်ဟုပင် ပြောနိုင်စရာရှိ၏။ ကျွန်တော်ကိုယ်တိုင်တစ်ချိန်က လမ်းများပေါ် မ်းသူရဲများနှင့် ပေါင်းသင်းခဲ့ဖူးသည်ဖြစ်ရာ သူ၏ခွန်အားကို ကျွန်တော်ငေးမိပါ ည်။

သို့သော်လည်း လူကြမ်းသည် အလွန်ရိုးသားဖြောင့်မတ်ရှုံမှုမ... စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစေတနာကောင်းများရှိသည်၊ ယင်း**အရည်အချင်းများကိုမူ** ကျွန်တော်မကြိုက် ပဲမနေနိုင်ပါ၊ တကယ်တော့ သူသည် **ပြောင်ပြောင်တင်းတင်း** ဘွင်းဘွင်းသမားတ ယောက်ဖြစ်၏၊

နောက်တစ်ဦးကိုမူ **ကျွန်တော်က** "**လူအေး**"ဟု အမည်ပေးထားသည် **ကျွန်တော့်စိတ်က** အခင်မင်ဆုံးလူ**ဖြစ်သည်**၊ သူသည် လူကြမ်းလိုမဟုတ် အေးအေ တည်ငြိမ်သည်၊ စိတ်ရှည်သည်၊ **ဗဟုသုတရှာမှီး**လိုစိတ်ကြောင့် အမေးအမြန်းထူ သည်၊

သူသည် ဘာသာစကား**အခက်အခဲအပေါ်** စိတ်ပျက်ဟန်ရှိသည်ဟု ထ ပါသည်၊ သူသည် ကျွန်တော့်အား **သူတို့ဘာသာစကားထဲမှ** စကားလုံးအနည်းငယ် သင်ပေးသည်၊ ကျွန်တော်ကလည်း **ကျွန်တော့်ဘာသာစကား**အနည်းငယ်ကို သူ့အ သင်ပေးပါသည်၊

တိုမင်ချီ**စကားဖြင့်** ဦးခေါင်း၊ **လက်မြှင်း၊ မီးဖို၊ ကော်ဖီ**၊အိမ် စသည့်အခေါ် **အဝေါ်များ**တိုသာမက လူချင်းတွေ့သည့်**အခါ နှုတ်ဆက်ပုံ**၊ ပြန်သည့်အခါနှုတ်ဆ ပုံ**များ**ထိုဝါ သင်ကြားခဲ့၏၊ သို့သော်လည်း ကျွန်တော့်အနေဖြင့် ဝါကျတစ်ခုဖွဲ့ဖို့ တော့ မလွယ်ပါ၊ အသံထွက်မှန်အောင်ပြောဖို့ပင်လျှင် အချိန်များစွာယူနေရ သူ့ကိုယ်တိုင်လည်း ကျွန်တော့်ဘာသာစကားနှင့်ပတ်သက်၍ ကျွန်တော်ဖြစ်သလို **ဖြစ်နေ**သည်မှာ သံသယဖြစ်ဖွယ်မရှိပါ၊

ကိုလူအေးက ကျွန်တော့်အား"လူကင်းနန့်"ဟုခေါ်သည်၊ ဒမ်ဘာ သော အမည်ကိုမသုံးပါ၊ ကျွန်တော်က သူ့မေ့နေသည်ထင်၍ မကြာခဏပြော သော်လည်း မသုံးပါ၊ နာမည်ကိုမခေါ်တတ်၍ မေ့၍မဟုတ်ဘဲ အခြားအကြော တစ်ခုခုကြောင့် မသုံးပဲနေခြင်းဖြစ်သည်မှာ ထင်ရှားပါသည်၊ "လူးကင်းနန့်"ဟု အမည်တွင်ထူးခြားမှုတစ်ခုတော့ရှိနေသည်မှာ သိသာနေပါသည်၊

သူသည် ဉာဏ်ရည်ထက်မြက်သည်မှာ ထင်ရှားနေသည်၊ ကျွန်တော် ပြောပြော ဂရုတစိုက်စိတ်ဝင်တစားနားထောင်လေ့ရှိ၏၊ ကျွန်တော်သည် သိလို ကိုမမေး၊ **သူ့အပြုအမူများကိုကြည့်**ကာ ဆုံးဖြတ်ရသည်၊ သူသည် ကျွန်တော့် အလွန်ခင်မင်သ**သောကျနေသည်**ကို ကျွန်တော်ဆုံးဖြတ်လို့ရပါသည်၊

**ဤကြားထဲတွင် လက်ဖြူ**နှင့်ဆက်စပ်ပတ်သက်နေသော အဖြစ်တ သည် **ပေါ်ပေါက်လာခဲ့သည်၊ ထိုနေ့**သည် ကျွန်တော်က သူတို့အား ဝက် ခြောက်များ **စတင်ကျွေးမွေး**ခဲ့သောနေ့ဖြစ်၏၊ ကျွန်တော်တို့အားလုံး ဝက် ခြောက်ဝါးလိုက်၊ **ကော်ဖီသောက်**လိုက်၊ စကားပြောလိုက်နှင့် အလွန်အဆင်ပြေ ရှိကြသည်၊

ဤအခိုက်တွင် ကိုလူအေးသည် ချောင်းတစ်ဖက်ကမူ တ ပေါ်သို့တက်လာသော လက်ဖြူကိုလှမ်းမြင်လိုက်သဖြင့် လူကြမ်းအားလှမ်း၍ သည်၊ နှစ်ဦးသားသည် ကမူပေါ်၌ထိုင် နေသောလက်ဖြူကို စိတ်ပါဝင်စား



ကြည့်နေကြ၏၊ ကျွန်တော့်စိတ်ထဲတွင်လက်ဖြူနှင့် **ကျွန်တော်၏**ရင်းနှီးမှုကို သူတို့ အားပြလိုစိတ်ပြင်းပြလာသည်၊ ကျွန်တော်သည် ဝက်ပေါင်ခြောက်တစ်တုံးကို ယူကာ ကျွန်တော်တို့ရှိရာဘက် ချောင်းကမ်းပါး တစ်နေရာ၌ချထားပေးမည်ဟု သောစိတ်ကူးဖြင့်ထလာခဲ့သည်၊

ထိုအခိုက်တွင် လူကြမ်းသည် **သူ့ကော်ဖီခွက်**ထဲသို့ သကြားများခပ်ထည့် နေခိုက်ဖြစ်၏၊ ကိုလူအေးကတော့ ကျွန်တော့်**နောက်မှလိုက်**လာသည်၊ ခါတိုင်းလုပ် နေကျအတိုင်းဆိုပါက ကျွန်တော်သည် လက်ဖြူအတွက် ဝက်ပေါင်ခြောက်အသား နစ်စကို ဤဘက်ကမ်းပါး၌ချထားစမြဲဖြစ်သည်၊ သူလာ၍ကောက်ယူသွားသည်ကို ဘယ်တော့မှစောင့်မကြည့်၊

ယခုတစ်ကြိမ်တွင်မူ ကျွန်တော်သည် ရုတ်တရက်ပေါ်လာသော စိတ်ကူး တစ်ခုကြောင့် ဝက်ပေါင်ခြောက်တုံးကို လက်ဖြူရှိရာကမ်းပါးဘက်သို့ ပစ်ပေးလိုက် သည်၊ အမှန်းအဆတောင်းသော ပစ်ချက်တစ်ခုဟုဆိုရမည်ထင်၏၊ ဝက်ပေါင် ခြောက်တုံးသည် လက်ဖြူရှေ့ပေအနည်းငယ်အကွာ၌ကျသွားသည်၊

ဝက်ပေါင်ခြောက်တုံးကို ရုတ်တရက်မကောက်ယူပဲထိုင်ကြည့်နေသည်၊ "ဒီအကောင်ကောက်မှာမဟုတ်တော့ဘူး"ဟူသော အတွေးသည် ကျွန်တော့်ခေါင်း ထဲသို့ ဝင်လာသည်၊ ထိုခဏမှာပင် လက်ဖြူသည်ထလာပြီး ဝက်ပေါင်ခြောက်ကို တစ်ချက်နှစ်ချက်မျှနမ်းကာ **ကိုက်ချီသွားပါလေတော့သည်**၊ မျက်စိအောက်တွင် အ ခုလို ကောက်ယူကိုက်ချီပြီး **ထွက်ခွာ**သွားသည့်လက်ဖြူကို တစ်ကြိမ်မှမမြင်ဖူးခဲ့သော ကျွန်တော်သည် များစွာဝမ်းသာသွားသည်၊

ကျွန်တော့်အဖို့တော့ ထိုဖြစ်ရပ်သည်ပျော်စရာကြည်နူးစရာတစ်ခုဖြစ်ခဲ့ သည်၊ ထို့ထက်ပို၍ထူးခြားသောအရာမရှိခဲ့ပါ၊ သို့သော်လည်း ကိုလူအေးအတွက် တော့ ထိုမြင်ကွင်းသည် သူ့စိတ်ကူးကို ထူးထူးခြားခြားထိခိုက်ခဲ့ဟန်ရှိသည်၊ ကျွန်တော်က သူ့အားလှမ်းကြည့်လိုက်သည့်အခါတွင် သူ့မျက်နှာသည် ခါတိုင်းထက် ပို၍အေးချမ်းကြည်လင်နေသည်ကို တွေ့ရပါသည်၊ သူသည် ကျွန်တော့်အားကြည့် ကာ အကြိမ်ပေါင်းများစွာခေါင်းညိတ်နေရုံမျှမက ကျွန်တော့်ထံသို့လျှောက်လာပြီး ကျွန်တော့်ပခုံးကို သူ့လက်တစ်ဖက်ဖြင့် တရင်းတနှီးဆုပ်ကိုင်ထားပါသည်၊

မီးဖိုအနီးသို့ပြန်ရောက်၍ ထိုင်မိကြသည့်အခါ သူသည် ကိုယ်ဟန်အမူ အရာအမျိုးမျိုးလုပ်ပြသည်၊ သူ့ရွာသို့ မနက်ဖြန်တွင်ဆက်ဆက်လာလည်ဖို့ ဖိတ်ခေါ် နေခြင်းဖြစ်သည်ကို ကျွန်တော်ကောင်းစွာနားလည်ပါသည်၊ ကျွန်တော်ကလည်း လက်ခံလိုက်သည်၊ မကြာခင် သူတို့ပြန်သွားကြသည်၊

တိုမင်ချီတို့၏စခန်းအပေါ် **ကျွန်တော်၏**ထင်မြင်ယူဆချက်များကို အ သေးစိတ်ဖော်ပြရန်မှာ မလွယ်ကူပါ၊ သို့သော်လည်း နောင်အနာဂတ်ကာလတွင် ဤလူမျိုးစုများနှင့်ဆက်ဆံရာ၌ **အထောက်အကူဖြစ်စေရေး**အတွက် အကျဉ်းချုံ၍ ဖော်ပြလို ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သွားသည့်နေ့တွင် ကိုလူအေးခေါင်းဆောင်သော ကိုယ်စား လှယ်အဖွဲ့တစ်ဖွဲ့သည် ရွာနှင့်တစ်မိုင်ခန့်အကွာထိ ရောက်လာပြီး ကျွန်တော့်အားဆီး ကြိုကြသည်။ ကျွန်တော်ရောက်သည်နှင့်တစ်ပြိုင်နက် ရွာသို့ခရီးဆက်ခဲ့ကြ၏။ တစ် ရွာလုံးရှိလူများသည် သူတို့တွင်ရှိနေသမျှ ကောင်းပေ့ဆိုသည့် အဝတ်အစားများကို ထုတ်ဝတ်ထားကြသည်။ သူတို့သည် ကျွန်တော်တို့အား စောင့်ကြိုနေကြပါသည်။ ကလေးငယ်များသည် ကျွန်တော့်ထံပြေးလာပြီး ခြေထောက်များကိုလှမ်း၍ ဆွဲဖြ ပုတ်ကြသည်။ ကျန်လူစုကတော့ ငြိမ်သက်စွာပင်ရပ်နေကြပါသည်။

ကျွန်တော်တို့သည် သားရေတဲတစ်လုံးရှေ့အရောက်တွင် မြင်းပေါ်မှဆင်း ကြသည်။ ဆယ့်နှစ်နှစ်သားခန့် လူငယ်တစ်ယောက်သည်ပြေးလာပြီး ကျွန်တော့်လက် ထဲမှ ကစ္စကို၏ဇက်ကြိုးကိုဆွဲယူသည်။ ကျွန်တော်ကလည်း လွှတ်မပေးပါ။ သူငယ်နှင့် ကျွန်တော်သည် စက္ကန့်အနည်းငယ်ကြာမျှ မြင်းဇက်ကြိုးကိုလုနေကြရာ ကိုလူအေး က ကျွန်တော့်ပခုံးပေါ်သို့ လက်လှမ်းတင်ပြီး ကျွန်တော့်မျက်လုံးများကို စိုက်ကြည့် နေသည်။ သူ့မျက်လုံးများသည် ကျွန်တော့်အား မကြောက်ပါနှင့်ဟု ပြောနေသည်။ ကျွန်တော်က ဇက်ကြိုးကိုလွှတ်ပေးလိုက်ရာ သူငယ်သည် ကစ္စကိုအား ဝမ်းသာအား ဆွဲယူသွားပါသည်။

ထို့နောက် ကိုလူအေးသည် ကျွန်တော့်အား သူ့တဲအတွင်းသို့ခေါ်သွား သည်။ အထဲတွင်မှောင်နေသော်လည်း သာယာမှုမကင်းမဲ့ပါ။ အသားနံ့နှင့်မီးခိုးနံ့များ ရနေပါသည်။ ကျွန်တော်သတိထားမိသည့် အချက်တစ်ချက်မှာ တစ်ရွာလုံးတွင်ထူး ခြားသောအနံ့တစ်ခုရှိနေသည်။ မကောင်းသောအနံ့တော့မဟုတ်ပါ။ အရိုင်းဘဝ၏ ခုခံ၏ အနံ့ဖြစ်ပါသည်။

တဲထဲတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေးအများအပြားရှိသည်။ ကိုလူအေး က ကျွန်တော့်အားထိုင်ခိုင်းသည်။ အမျိုးသမီးများသည် အစားအသောက်များယူ လာပြီး ကျွန်တော်တို့ရှေ့တွင်ချပေးကြသည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်ထဲ ထားခဲ့ပြီး အားလုံးပျောက်သွားကြပါသည်။

ကျွန်တော်တို့သည် အစားအစာများကိုငြိမ်ဆိတ်စွာ စားသောက်နေကြ သည်။ ကျွန်တော့်စိတ်ထဲတွင် ပရေးရီးမြက်ခင်းပြင်ပေါ်မှ ကျွန်တော်တွေ့ခဲ့ရသော အမျိုးသမီးအကြောင်းကို မေးမြန်းစုံစမ်းလိုစိတ်ဖြစ်ပေါ်နေမိသည်။ ကျွန်တော် သူ့ ကိုမမြင်ရပါ။ သူမသည် အသက်ရှင်လျက်ရှိပါသေး၏လော။ ကျွန်တော်မသိ သေး စောစောကလည်းမသိ။ အခုအချိန်ထိလည်း မသိရသေးပါ။ သို့သော်လည်း ဘာသာ စကား အကန့်အသတ်များကြောင့် မေးရခက်နေသည်။

စားသောက်အပြီးတွင် ကျွန်တော်သည် စီးကရက်တစ်လိပ်လိပ်ပြီးဖွာနေ သည်။ ကျွန်တော်နှင့်မျက်နှာချင်းဆိုင်၍ထိုင်နေသော ကိုလူအေးသည် တဲဝသို့မျှော် ခဏလှမ်းကြည့်နေသည်။ သူသည် တစ်ဦးတစ်ယောက်ရောက်အလာကို မျှော်လင့် စောင့်စားနေသည်ဟု ကျွန်တော်ထင်ပါသည်။



ကျွန်တော့်အထင်သည်မှန်နေသည်။ မကြာခင်မှာပင် တဲတံခါးသည်ပွင့် သွားပြီး အင်ဒီးယန်းနှစ်ဦးဝင်လာသည်။ သူတို့သည် ကိုလူအေးအား စကားတစ်ခွန်း နှစ်ခွန်းပြောသည်။ ကိုလူအေးသည် ထိုင်နေရာမှချက်ခြင်းထရပ်လိုက်ပြီး ကျွန်တော့် အား သူ့နောက်မှလိုက်ခဲ့ရန်လက်ပြသည်။

အပြင်ဘက်တွင် ရပ်ကြည့်နေသူအများအပြားကိုတွေ့ရသည်။ ကျွန်တော် တို့သည် တဲပေါင်းများစွာကြားမှ ဖြတ်လျှောက်ခဲ့ကြပြီး နောက်ဆုံးတွင် အရောင်မျိုးစုံ ဖြင့်ပြုလုပ်ထားသည့် ဝက်ဝံရုပ်ကြီးတစ်ခုချိတ်ဆွဲထားသည့် တဲတစ်လုံးရှေ့သို့ရောက် သွားကြသည်။ ကိုလူအေးသည် ကျွန်တော့်အား တဲအတွင်းသို့အသာအယာတွန်း၍ သွင်းလိုက်ပါသည်။

တဲအတွင်း၌အဖိုးအိုငါးဦးသည် မီးဖိုကိုဝိုင်းထိုင်နေကြသည်။ ကျွန်တော့် အကြည့်သည် အသက်အကြီးဆုံးအဖိုးအိုအပေါ်ရောက်နေသည်။ အသက်ခြောက် ဆယ်ကျော်ပြီဟု ခန့်မှန်းရသော်လည်း ခန္ဓာကိုယ်ကတော့ ကြံ့ခိုင်သန်မာဆဲဖြစ်၏။

သူ၏သားရေအကျီရင်ပတ်တွင် အရောင်မျိုးစုံပုတီးစေ့များဖြင့်ပြုလုပ်ထား သည့် တံဆိပ်များတပ်ဆင်ထားသည်။ ဖွေးဖွေးလှုပ်နေသောဆံထုံးတွင် ဝက်ဝံခြေ ထောက် ကြီးတစ်ဖက်ဆွဲချည်ထားသည်။ အပြင်၌တွေ့ခဲ့ရသည့် အပြင်အဆင်အခင်း အကျင်းများအရ ထိုခြေထောက်ကြီးသည် တစ်ချိန်ကဝက်ဝံကြီး တစ်ကောင်ပိုင်ဆိုင် ခဲ့သော ခြေထောက်တစ်ဖက်ဖြစ်လိမ့်မည်မှာမလွဲပါ။ သူ၏ရှုပ်အကျီလက်များတွင် ဆံပင်များချည်နှောင်ထားလေရာ ယင်းတို့မှာလူဦးရေခွံ များဖြစ်သည်ကို ကျွန်တော်သ ဘောပေါက်ပါသည်။

သူ့တစ်ကိုယ်လုံးတွင် အထူးခြားဆုံးမှာ မျက်နှာဖြစ်သည်။ ကျွန်တော်တစ် သက်တာတွင် ဤမျက်နှာမျိုးကိုယခင်ကတစ်ခါမှမမြင်ဖူးခဲ့ပါ။ သူ့မျက်လုံးအစုံသည် အလက်လက်တောက်ပနေသည်။ ပါးရိုးများသည်ငေါထွက်နေကြသည်။ နှာခေါင်း သည် ငှက်နှုတ်သီးသဖွယ်ကောက်နေသည်။ သူ့မေးရိုးသည်လေးထောင့်ဖြစ်၏။ မျက် နှာပေါ်ရှိအရေးအကြောင်းများသည် ကြီးမားပြတ်သားလွန်းသဖြင့် အက်ကြောင်းကြီး သနေသည်နှယ်ရှိသည်။ နဖူး၏ထောင့်တစ်ဖက်တွင် ခွက်ဝင်နေသောအရာကြီးတစ် ခုရှိရာ ယင်းမှာလွန်ခဲ့သောနှစ်ပေါင်းများစွာက စစ်ပွဲတစ်ခုမှရရှိထားခဲ့သော ဒဏ်ရာမှ အမာရွတ်တစ်ခုဖြစ်ဖွယ်ရာရှိ၏။ ဤအဖိုးအိုသည် အသိဉာဏ်ရင့်ကျက်များပြားခြင်း နှင့်ခွန်အားကြီးခြင်းများ ပေါင်းစပ်ထားသည့်လူတစ်ဦးဖြစ်ပါသည်။

ဤအစည်းအဝေးသည် ကျွန်တော့်အတွက်ပြုလုပ်ခြင်းဖြစ်သည်မှာ ထင် ရှားသည်။ ကျွန်တော့်အား ဤနေရာသို့ပို့ခြင်းသည် အဘိုးအိုက ကျွန်တော့်အားအနီး ကပ်ကြည့်ရှုလေ့လာရန်ဖြစ်ပါသည်။

ဆေးတံတစ်ခုရောက်လာပြီး အားလုံးတစ်လှည့်စီသောက်ကြသည်။ ဆေး တံအရိုးမှာအရှည်ကြီးဖြစ်၍ ဆေးမှာလူမျိုးစုများကိုယ်တိုင်စီမံပြုလုပ်ထားသည့် ဆေး ခြောက်တန်တူပါသည်။ ဆေးတံကိုမဖွာရသူမှာ ကျွန်တော်တစ်ဦးတည်းသာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေဖြင့် ကျွန်တော့်အပေါ် အမြင်ကောင်းစေလိုသော စိတ်အရ လည်းကောင်း၊ ကျွန်တော်ကိုယ်တိုင်ကလည်း ဆေးလိပ်အလွန်သောက်ချင် နေသော ဆန္ဒအရလည်းကောင်း ဆေးနှင့်စက္ကူများထုတ်၍ အဖိုးအိုအားလှမ်းပေး သည်၊ ကိုလူအေးက သူ့အားတစ်စုံတရာလှမ်းပြောသည်။ အဖိုးအိုသည် အကြော တွေ ပြိုင်းပြိုင်းထနေသောလက်ဖြင့် ကျွန်တော့်လက်ထဲမှဆေးအိတ်နှင့် စက္ကူများကို ယူ၍အသေအချာကြည့်သည်။

ထို့နောက် ကျွန်တော့်အား စူးစူးရဲရဲကြည့်ကာ ပစ္စည်းများကိုပြန်ပေးသည်၊ ကျွန်တော့်ကမ်းလှမ်းချက်ကို သူလက်ခံခြင်းရှိ မရှိ ကျွန်တော်မသိ၊ စီးကရက်တစ်လိ ကံဟှာကသိလိပ်သည်။ အဖိုးအိုသည် ကျွန်တော့်အလုပ်တွင် စိတ်ဝင်စားဟန်ရှိ၏။

ကျွန်တော်က စီးကရက်ကိုလှမ်းပေးသည့်အခါ ယူပါသည်၊ ကိုလူအေးက စီးကရက်ကို ကျွန်တော်အရင်ဆုံးသောက်ရန် လက်ဟန်ခြေဟန်ဖြင့်ခိုင်းသည်၊

ကျွန်တော်သည် စီးကရက်ကိုမီးညှိပြီးဖွာလိုက်ကာ မီးခိုးငွေ့များကိုပါးစ မှမှုတ်ထုတ်လိုက်သည်၊ သူတို့သည် ကျွန်တော်လုပ်သမျှကို စိတ်ဝင်စားစွာဖြင့် ကြည့် နေကြ၏၊ နောက်ထပ်တစ်ကြိမ်စီးကရက်ကိုဖွာမည်အလုပ်တွင် အဖိုးအိုသည် ကျွန် တော့်လက်ထဲမှစီးကရက်ကိုလှမ်းယူသည်၊ ကျွန်တော်ကပေးလိုက်သည့်အခါ စီးက ရက်ကိုဝရှုတစိုက်ထပ်ကြည့်နေပြန်သည်၊ ထို့နောက် ကျွန်တော်ဖွာသလိုဖွာလိုက် မီးခိုးငွေ့များကို မှုတ်ထုတ်သည်၊

သူသည် စီးကရက်ကိုလက်ချောင်းများနှင့် ဖိချေလိုက်သည်၊ စက္ကူထဲ အတွင်းမှဆေးများသည် ထွက်ကျကုန်သည်၊ သူသည် စက္ကူကိုလုံးချေပြီး မီးဖိုထဲ ပစ်ချလိုက်၏၊ ပြီးတော့ ဖြည်းဖြည်းချင်းပြုံးသည်၊ သူ့နှုတ်မှထွက်လာ သည့်စကား တစ်ခွန်းကြောင့် အားလုံးကရယ်ကြသည်၊ ကျွန်တော့်အား စော်ကားခြင်း ဖြစ်တော့ ဖြစ်မည်ဟုထင်မိသော်လည်း အများကအူလှိုက်သည်းလှိုက်ရယ်ကြသဖြင့် ကျွန်တော် ပါ ရောနှောပြီးမရယ်ပဲမနေနိုင်ပါ။

ထို့နောက် ကျွန်တော့်အား မြင်းဆီသို့ပို့ပေးပြီး ရွာနှင့်တစ်မိုင်ခန့်အကွာ လိုက်ပို့ကြသည်။ ထိုနေရာအရောက်တွင် ကိုလူအေးသည် ကျွန်တော့်အားနှုတ်ဆ ကာ ကျန်ရစ်ခဲ့လေသည်။

ဤမှတ်တမ်းသည် အင်ဒီးယန်းစခန်းရွာသို့ ကျွန်တော်ပထမဦးဆုံး လည်ရောက်သွားခြင်းကိုဖော်ပြထားသည့် မှတ်တမ်းဖြစ်ပါ၏၊ သူတို့တစ္ဆေ ကျွန်တော့်အပေါ် ဘယ်လိုမြင်ကြလိမ့်မည်ကိုမူ ကျွန်တော်မသိပါ။

ဆက်ဂ်ျဝစ်ခဲတပ်ကို ပြန်မြင်ရသည်မှာစိတ်ချမ်းသာလှပါသည်၊ ဤခဲ သည် ကျွန်တော့်၏အိမ်ဖြစ်သည်မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ ကျွန်တော့် နီးချင်းများ"ထံ နောက်တစ်ခေါက်အလည်ရောက်ချင်စိတ်ကတော့ ပြင်းပြနေဆဲ ပါ၏။

ကျွန်တော့်အနေဖြင့် အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီသို့ မျှော်ကြည့်မိ



အခါတိုင်း စစ်တပ်ကြီးတစ်တပ်ချီတက်လာနေသည့်အဖြစ်ကို မမြင်ယောင်ပဲမနေနိုင် ပါ၊ ကျွန်တော့်တွင် မျှော်လင့်နိုင်သည့်အချက်တစ်ချက်ကတော့ရှိနေပါ၏။ ကျွန်တော် ဤခဲတပ်ကိုထိန်းသိမ်းစောင့်ရှောက်ကာကွယ်ထားခြင်းနှင့် လွင်ပြင်ထက်မှလူရိုင်းများ နှင့် ဆွေးနွေးညှိနှိုင်းထားခြင်းများသည် အသီးအပွင့်များသီးပွင့်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြစ်ပါသည်။

ဗိုလ်ဂျွန်ဂျေဒမ်ဘာ
အမေရိကန်ပြည်ထောင်စုတပ်ဖွဲ့

□□

www.burmeseclassic.com

|၁၆|

ဗိုလ်ဒမ်ဘာပထမဆုံးတစ်ခေါက်လာလည်ပြီးနောက် နာရီအနည်းငယ်မျှ အကြာတွင် ခြေကန်ငှက်နှင့်ဝက်ဝံကြီးတို့သည် အဆင့်မြင့်ဆွေးနွေးမှုကိုပြုလုပ်ခဲ့ကြ၏၊

ဝက်ဝံကြီးသည် ဗိုလ်ဒမ်ဘာအားသဘောကျသည်။ အထူးသဖြင့် ဗိုလ်ဒမ်ဘာ၏မျက်လုံးအစုံထဲမှအကြည့်ကို သူများစွာနှစ်သက်သည်၊ ပြီးတော့ ဗိုလ်ဒမ်ဘာ၏ကိုယ်နှုတ်အမူအရာများကိုလည်းကြိုက်သည်၊ ဗိုလ်ဒမ်ဘာသည် ယဉ်ကျေးသိမ်မွေ့သည်၊ ပျူငှာဖော်ရွေသည်။ ဝက်ဝံကြီးသည် ထိုစရိုက်လက္ခဏာများကို များစွာတန်ဖိုးထားသည်။ ပြီးတော့ စီးကရက်ကိစ္စ။

စီးကရက်ကိစ္စမှာ သူ့အဖို့ရယ်စရာတစ်ခုဖြစ်သည်၊ ဆေးအနည်းငယ်မျှသာပါသောဆေးလိပ်သေးသေးကလေးကို သူဘယ်လိုလုပ်ပြီး သောက်နိုင်ပါမည်နည်း။ သို့ သော်လည်း ဤကိစ္စအတွက် ဗိုလ်ဒမ်ဘာအပေါ် အမြင်မကောင်းစရာအကြောင်းမရှိ၊

လူမျိုးစုအကြီးအကဲအဖိုးအိုသည် ခြေကန်ငှက်ကတင်ပြသည့် စိတ်ကူးကိုလက်ခံသည်။ ထိုစိတ်ကူးမှာ ဘာသာစကားအဟန့်အတားကို ဖြိုဖျက်ပစ်မည်ဟူသော စိတ်ကူးဖြစ်၏။ သို့တစေလည်း စည်းကမ်းချက်အချို့ကိုတော့ ချမှတ်ပေးလိုက်သည်၊

ထိုစိတ်ကူးကိုအကောင်အထည်ဖော်ရာ၌ ခြေကန်ငှက်သည် တရားဝင်သောမဖြစ်စေရ၊ သူ့စိတ်ကူးကို သူ့သဘောအလျောက် သူတစ်ဦးတည်းကတာဝန်ယူ၍လုပ်ကိုင်ခြင်းသာဖြစ်စေရမည်၊ လူကင်းနန့် သို့မဟုတ် လူဖြူစစ်သား၏အရေးကိစ္စသည် သူ့တာဝန်သာဖြစ်စေရမည်၊ ထိုစည်းကမ်းချက်သည် ဝက်ဝံကြီးကချမှတ်ပေးလိုက်သည့်စည်းကမ်းချက်များဖြစ်သည်၊



ထို့ပြင်လည်း သူတို့အုပ်စုသည် ယခုလောလောဆယ် အမဲလိုက်ရာ၌သားကောင်ရှားပါးမှုနှင့်ရင်ဆိုင်နေရသည်ဖြစ်ရာ ယင်းအချက်သည် လူဖြူရောက်လာသောကြောင့်ဖြစ်ချင်ဖြစ်မည်၊ ဤကိစ္စနှင့်ပတ်သက်၍ ရွာသားများကလူဖြူအပေါ်၌ဘယ် လိုသဘောထားနေကြသည်ကို ဘယ်သူမှအတိအကျမသိ။ ထို့ကြောင့် နောက်ဆပ်လူဖြူအား မကြာခဏရွာသို့လာလည်ခွင့်ပြုသင့် မပြုသင့်ဆင်ခြင်စဉ်းစားကြရမည်၊ ရွာသားများသည် လူဖြူအားရန်ပြုခြင်းပြုလာကြမည်။ တစ်စုံတစ်ဦးက သတ်ပစ်သည့်အထိ ဖြစ်ချင်လည်းဖြစ်လာနိုင်စရာရှိသည်ဟု သူယူဆသည်၊

ခြေကန်ငှက်သည် စည်းကမ်းချက်များကိုလက်ခံရုံမျှမက သူ့စိတ်ကူးကိုဆပ်ကိုင်ရာ၌ဘယ်သူမှမသိအောင် လုပ်ဆောင်သွားပါမည်ဟု ကတိပေးသည်၊ ယင်းပြဿနာပြေလည်သွားသည့်အခါ သူတို့နှစ်ဦးသည်ပို၍အရေးကြီးသောပြဿနာတိုဆက်လက်ဆွေးနွေးကြသည်၊ တခြားမဟုတ် ကျွဲတွေအရောက်နောက်ကျနေသောပြဿနာဖြစ်လေသည်။

ကင်းထောက်များကိုစေလွှတ်ခဲ့သည်မှာ ရက်ပေါင်းများစွာကြာခဲ့ပြီ၊ သို့သော်လည်း ကျွဲဆို၍တစ်ကောင်တည်းသာလျှင်တွေ့ခဲ့ကြရ၏။ ထိုကျွဲမှာ ကျွဲအိုကြီးဖြစ်၍ တစ်ကောင်တည်းအထီးကျန်ဘဝဖြင့်လျှောက်သွားနေရာမှ ဝံပုလွေအစ်အုပ်၏ ကိုက်ခဲစားသောက်ခြင်းကိုခံသွားရသည်။ အသားအစအနကိုပင်ကောက်၍မရတော့၊

စခန်းရှိသီးသန့်သိုလှောင်ထားသည့် အစားအစာများမှာလည်း ဖြည်းဖြည်းချင်းလျော့နည်းလာနေသဖြင့် လူအများသည်စိတ်ဓာတ်ကျနေကြပြီ၊ နောက်ရက်များကြာမီအတွင်း စားနပ်ရိက္ခာပြဿနာသည် စိုးရိမ်ရသောအခြေအနေသို့ ဆိုက်ရောက်လာပေတော့မည်၊

ယခုလောလောဆယ်တွင် သူတို့သည် နယ်မြေတွင်းရှိသမင်များကို ပစ်ခတ်စားသောက်နေကြခြင်းဖြစ်ရာ ကြာလာတော့လည်း သမင်လက်ကျန်မှာနည်းလာခဲ့လေပြီ၊ အကယ်၍ကျွဲများမြန်မြန်ဆန်ဆန် ရောက်မလာပါမူကား အစားရေစာပါများလိမ့်မည်ဟု ယူဆထားကြသောနွေရာသီသည် ကလေးသူငယ်များ၏ငိုယိုသံများဖြင့် အကျည်းတန်အရုပ်ဆိုးရချေတော့မည်။

ဝက်ဝံကြီးနှင့်ခြေကန်ငှက်တို့သည် ထိုပြဿနာအတွက် ကင်းထောက်များထပ်မံ၍စေလွှတ်ရန်ဆုံးဖြတ်ရုံမျှမက ပွဲကြီးတစ်ပွဲပါကျင်းပရန်ဆုံးဖြတ်ကြသည်၊ ပွဲကို တစ်ပတ်အတွင်းကျင်းပရန်လည်း သဘောတူခဲ့ကြသည်၊ ယင်းကိစ္စအားလုံးအတွက် တာဝန်ယူပြုလုပ်ရမည့်လူမှာ ခြေကန်ငှက်. . . ၊

❐

www.burmeseclassic.com

www.burmeseclassic.com



ခြေကန်ငှက်အဖို့ ထိုသီတင်းပတ်သည် အဆမတန်အလုပ်များသော သီတင်းပတ်ဖြစ်၏။ သူတို့တစ်ရွာလုံးပါဝင်ကပြရမည့် ကပွဲကြီးတစ်ခုအတွက် ကြိုတင် ပြင်ဆင်ရသည်မှာ လွယ်ကူသည်မဟုတ်၊ အစီအစဉ်ကို ချမှတ်ပေးပြီးသူ့အပိုင်းနှင့် သူ၊ တာဝန်ယူသွားရမည့် လူများကိုရွေးချယ်ရသည်မှာ ခက်ခဲလှချေသည်၊

ထိုတာဝန်အပြင် မယားနှစ်ယောက်၏ခင်ပွန်းအဖြစ်၊ သားသမီးငယ ယောက်၏ဖခင်အဖြစ်နှင့် မကြာသေးခင်ကမှ မွေးစားခဲ့သောသမီး၏မွေးစားဖခင် အဖြစ် ဆောင်ရွက်ပေးနေရသည့် အလုပ်များမှာလည်း များပြားလှပေသည်၊ ဤ ကြားထဲမှပင် နေ့စဉ်နှင့်အမျှ မကျန်းမမာဖြစ်နေသူများထံ သွားရောက်ကြည့် ကုသပေးရခြင်း၊ အရေးကြီးသော ကောင်စီအစည်းအဝေးများတက်ရောက်ရခြင်း လမ်းကြုံ၍ဝင်လာသောဧည့်သည်များအား ဧည့်ခံရခြင်းနှင့်လိုအပ်သော ဆေး များပေါ်စပ်ရခြင်း စသောအလုပ်များကိုလည်း လုပ်ဆောင်နေရသေး၏၊

သူသည်ယခုအချိန်တွင် အလုပ်အများဆုံး လူတစ်ယောက်ဖြစ်နေသည်၊ ဤမျှလောက်အလုပ်များနေသည့်ကြားမှပင် သူသည် ဗိုလ်ဒမ်ဘာအား မေ့သွားခြင်း မရှိ ဗိုလ်ဒမ်ဘာသည် သူ့စိတ်ထဲတွင် အမြဲတစေတည်ရှိနေသည်၊ တကယ်တော့ ဗိုလ်ဒမ်ဘာ သို့မဟုတ် လူးကင်းနန့်သည် သူ့ဘဝ၏အနာဂတ်တစ်ခုဖြစ်နေသည် မဟုတ်ပါလား၊

ထို့ပြင်လည်း သူ့ပတ်ဝန်းကျင်၌ လက်သီးနှင့်ရပ်သူရှိနေခြင်းသည်လည်း သူ့အတွက်တာဝန်ကြီးတစ်ခုဖြစ်လျက်ရှိ၏၊ သူ့လုပ်ငန်းအစီအစဉ်တွင် လက်သီး ရပ်သူသည် သော့ချက်ဖြစ်နေသည်၊ လက်သီးနှင့်ရပ်သူကို သူမြင်လိုက်တိုင်း လူး နန့်အား မြင်ယောင်မိ၏၊ သူ့အနေဖြင့် လက်သီးနှင့်ရပ်သူအား အသုံးမပြု၍မ အချိန်တန်လာလျှင် သူမထံချဉ်းကပ်၍ ဆွေးနွေးတိုင်ပင်ရလိမ့်မည်၊

သူမ၏ဒဏ်ရာများသည် ပျောက်ကင်းသွားခဲ့ပြီ၊ ခြေကန်ငှက်၏တဲအတွ ၌ သူမ၏သွက်လက်ချက်ချာသော လှုပ်ရှားမှုများကို မြင်နေကြရပြီး ကလေး ကလည်း သူမအား အလွန်ချစ်ခင်တွယ်တာနေကြသည်၊ လုပ်စရာရှိသမျှအိမ် ကိစ္စအဝဝကိုလည်း မရပ်မနားပင်ပန်းကြီးစွာ လုပ်ကိုင်လျက်ရှိ၏၊ အလုပ်အားလ ၍ အားလပ်သွားသည့်အခါတွင်မူကား သူမသည်ဘယ်သူနှင့်မျှမရောဘဲ တ တည်းနေလေ့ရှိသည်၊ ဤသည်မှာ ပင်ကိုယ်ကတည်းကရှိနေသော သူမ၏သဘ ပေတည်း၊

ခြေကန်ငှက်အဖို့တော့ သင့်တော်သည့် အချိန်ကိုသာစောင့်မျှော်လျ ၏၊ ကပွဲကျင်းပမည့်ရက် မနက်ခင်းတွင်မူ သူသည် သူ့အစီအစဉ်ကိုအကော အထည်ဖော်တော့မည် သူ့ဆုံးဖြတ်လိုက်သည်၊

ထိုနေ့မနက်တွင် သူသည်လူငယ်သုံးယောက်အား ဆက်ချိုဝစ်ခံတ စေလွှတ်၍ ဗိုလ်ဒမ်ဘာအားဖိတ်ကြားခိုင်းလိုက်သည်၊ ထို့နောက်သူ့အစီအစ လက်သီး နှင့်ရပ်သူအား ပြောပြရန်အားထုတ်သည်၊ နေဇာတန်ငယ်မြင့်လာချိန်



သူမိသားစု တစ်ခုလုံးသည် မြစ်ဆိပ်ဆီသို့ ထွက်သွားကြသည်၊ လက်သီးနှင့်ရပ်သူ တတော့ မကြာသေးခင်ကမှပစ်ခတ်ရရှိထားသော သမင်ရေပေါ်ရှိ အသားစများကို ဓားနှင့်ခြစ်ရမည့် အလုပ်ရှိနေသဖြင့် အိမ်တွင်ကျန်ရစ်ခဲ့သည်၊

ခြေကန်ငှက်သည်တဲအတွင်းမှနေ၍ သူမအားလှမ်းကြည့်နေသည်၊ သူမ သည် တစ်ချက်တလေမော့မကြည့်၊ လက်ထဲမှ ဓားဖြင့်သမင်ရေတွင်ကပ်နေသည့် အသားများကို ခြစ်ထုတ်နေသည်၊ သူသည် သူမတစ်ခဏမျှရပ်နားချိန်ကို စောင့် ဆိုင်းနေသည်၊ သူသည်လမ်းတစ်ဖက်၌ ပြေးလွှားကစားနေကြသော ကလေးသူငယ် တစ်စုကို မျှော်ကြည့်နေသည်၊

ခဏမျှအကြာတွင် သူသည်တဲပေါက်ဝ၌ ရပ်ကာအပြင်သို့ ခေါင်းပြူကြည့် ပြီး လေသံဖြင့်လှမ်း၍ အသံပြုသည်၊

"လက်သီးနှင့်ရပ်သူ"

သူမက ဖျတ်ခနဲကြည့်သည်၊

"ငါ-မင်းနဲ့ စကားနည်းနည်းပြောချင်တယ်" ဟုပြောကာ တဲထဲသို့ပြန် ဝင်လာခဲ့၏၊ သူမသည် သူ့နောက်မှလိုက်ဝင်လာလေသည်၊

□

တဲအတွင်းအခြေအနေသည် တင်းမာသည်၊ ခြေကန်ငှက်အနေဖြင့် လက်သီးနှင့်ရပ်သူမကြားလိုသော စကားကိုပြောရတော့မည်ဖြစ်၍ များစွာစိတ်လှုပ် ရှားလျက်ရှိသည်၊

ခြေကန်ငှက်၏ရှေ့၌ရပ်နေသော လက်သီးနှင့်ရပ်သူသည် သူ့အတွေးနှင့် သူငြိမ်ဆိတ်နေသည်၊ သူမသည် ဘာတစ်ခုမှအများမလုပ်ခဲ့၊ သို့သော်လည်း သူမ၏ ဘဝတတော့ အဆိုးနှင့်ကြုံခဲ့ရ၏၊ သူမအဖို့ သူမ၏ယောက်ျားသေပြီးကတည်းက ဘာပြဿနာနှင့်မှ ရင်ဆိုင်လိုစိတ်မရှိတော့၊

မည်သို့ပင်ဖြစ်စေသူမသည် ယခုသူ့ရှေ့၌ရပ်နေသော အမျိုးသားကြီး အ ပေါ်တွင်ခင်မင်အားကိုးစိတ်ရှိခဲ့သည်၊ ဤပုဂ္ဂိုလ်သည် လူတိုင်းကကြည်ညို လေးစား ခြင်းခံရသူဖြစ်၏၊ ထို့ကြောင့်လည်း သူမအား သမီးတစ်ယောက်အဖြစ် မွေးစားလိုက် သည့်အခါ သူမသည်ဝမ်းသာအားတက်ခဲ့ရ၏၊

သို့သော်လည်း ယခုသူ့ကိုကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်၊

"ထိုင်"

ခြေကန်ငှက်က လှမ်းပြောသည်၊ နှစ်ဦးသားကြမ်းပေါ်တွင်ထိုင်လိုက်ကြ သည်၊ "အနာတွေ ဘယ်လိုနေသေးလဲ၊ ကျက်ကုန်ပြီလား" ဟု သူကမေးသည်၊

"ကျက်တုန်ပါပြီ"

"နာတာကျင်တာတွေကော ရှိသေးလား"

"မရှိတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အားကောပြန်ပြည့်လာပြီလား"

"ပြည့်လာပြီ၊ အလုပ်တောင်ကောင်းကောင်းလုပ်နေနိုင်ပြီ"

လက်သီးနှင့်ရပ်သူသည် သူမ၏ ခြေထောက်မှသဲများကို လက်နှင့်ယူပြီး ပုံနေသည်။ ခြေကန်ငှက်သည် သူပြောမည့်စကားအတွက် အသင့်တော်ဆုံး စကားလုံးများကို ရွေးချယ်နေသည်။ ထိုအခိုက်တွင် လက်သီးနှင့်ရပ်သူက ဖျတ်ခနဲမော့ကြည့်သည်။ ဆွေးဆွေးမြည့်မြည့်ရှိလွန်းလှသည့် မျက်လုံးအစုံကို မြင်လိုက်ရသော ခြေကန် ငှက်သည် စိတ်မကောင်းဖြစ်သွားသည်။

"ဒီမှာနေရတာ မပျော်ဘူးလား"

"ပျော်ပါတယ်။"

သူမသည် သဲများကိုလက်နှင့်ကော်ယူပြီးပုံနေသည်။ "ကျွန်မရဲ့ယောက်ျား ဆုံးသွားကတည်းက ကျွန်မဟာ စိတ်ထိခိုက်နေရတဲ့ မိန်းမပါ"ဟုပြောသည်။

ခြေကန်ငှက်သည် တစ်ခဏမျှငိုင်တွေနေသည်။ "သူက သေသွားပြီပဲ"ဟု ပြောသည်။ "မင်းက အသက်ရှင်နေတုန်းမဟုတ်လား၊ အချိန်ဟာ ရွေ့လျားသွားနေတာ၊ မင်းဟာ အချိန်နဲ့အတူတူ ရွေ့လျားသွားနေရတာပဲ၊ တကယ်လို့ မပျော်မရွှင်ဆေ မယ့်လဲ မပျော်မရွှင်နဲ့ပဲ ဆက်သွားနေရမှာပဲ၊ ဖြစ်စရာရှိတာတွေကတော့ ဖြစ်နေမှာပဲ"

"ဟုတ်ပါတယ်"ဟု သူမက ပြန်ပြောသည်။ "ဒါပေမယ့် ဘာတွေပဲဖြစ်နေ နေ ကျွန်မစိတ်မဝင်စားတော့ဘူး"

တဲရှေ့မှဖြတ်သွားသော လူများ၏အရိပ်များသည် တဲတံခါးချပ် သားရေ ပြားပေါ်သို့ ကျလာသည်ကို ခြေကန်ငှက်မြင်လိုက်သည်။ လူရိပ်များသည် တဲရှေ့ မရပ်ဘဲ ဆက်၍ထွက်သွားကြသည်။

"လူဖြူတွေလာနေကြတယ်"ဟု ခြေကန်ငှက်က ဆိုင်းမပါဗုံမဆင့်ပဲ ပြော လိုက်သည်။ "နှစ်စဉ်နှစ်တိုင်း ငါတို့နယ်မြေထဲကို လူဖြူတွေ အများကြီးထပ်လာ လိမ့်ဦးမယ်"

လက်သီးနှင့်ရပ်သူ၏ကျောထဲတွင် စိမ့်ခနဲဖြစ်သွားသည်။ သူမ၏မျက်လုံး အစုံသည် တင်းမာခက်ထန်လာသည်။ လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ် ထားသည်။

"ကျွန်မ သူတို့နောက်ကို လိုက်မသွားဘူး"

ခြေကန်ငှက်ကပြုံး၍ "မလိုက်ရပါဘူး"ဟုပြောသည်။ "မင်းမလိုက်ရပါဘူး မင်းကို ဇွတ်အတင်းအဓမ္မခေါ်ကြရင်လည်း မင်းအတွက် ကာကွယ်တိုက်ခိုက်ပေးမယ့် စစ်သည်တွေဟာ တို့လူမျိုးစုတွေထဲမှာ အများကြီးရှိပါတယ်"

ခြေကန်ငှက်၏အားပေးစကားကြောင့် လက်သီးနှင့်ရပ်သူသည် စိတ်အေး ထက်သန်ဟန်ရှိသော်လည်း တစ်မျိုးတစ်ဖုံဖြစ်နေသော မျက်နှာထားကြောင့် သူ့၏ စိတ်သည် ဘဝင်မကျဖြစ်နေသည်။

"သူတို့ကတော့ လာကြမှာပဲ"ဟု သူက ဆက်ပြောသည်။ "သူတို့လူစု



အလွန်ထူးဆန်းတဲ့လူမျိုးပဲ၊ အလေ့အထတွေနဲ့ ယုံကြည်မှုတွေကလည်း အတော့ကို ခြားတယ်၊ သူတို့ကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ သိနားလည်ဖို့မလွယ်ဘူး၊ သူတွေကပြောကြတယ် သူတို့လူမျိုးဟာ အရေအတွက်အများကြီးပဲတဲ့၊ ဒီစကားဟာ စိတ်ကို အတော်ဒုက္ခပေးနေတယ်၊ တကယ်လို့ သူတို့ဝင်လာပြီဆိုရင် ငါတို့က တားလို့မဖြစ်ဘူး၊ အဲဒီအခါကျရင် ငါတို့လူတွေထဲက လူတော်လူကောင်း အဖိုးတန် သူတွေ အများကြီးဆုံးရှုံးရတော့မယ်၊ ဥပမာ မင်းယောကျ်ားလိုလူစားတွေကို ဆုံးရှုံးခံကြရမှာ၊ ဒါဆိုရင် ငါတို့မှာ ကြေကွဲဝမ်းနည်းနေတဲ့ မျက်နှာထားပိုင်ရှင် မုဆိုးမတွေအများကြီးရှိလာဦးမှာ"

လက်သီးနှင့်ရပ်သူသည် ဦးခေါင်းကိုငုံ့ကာ နားထောင်လျက်ရှိသည်။ ခြေ ကန်ငှက်၏ စကားသွားစကားလာကိုလည်း ဆင်ခြင်စဉ်းစားလျက်ရှိ၏။

"အခု ဟိုတစ်နေ့က မင်းကိုခေါ်လာတဲ့လူဖြူအကြောင်းကို ပြောပြချင် တယ်၊ သူနဲ့ငါတွေ့ပြီးပြီ၊ ငါ သူ့ဆီကိုအလည်ရောက်သွားတယ်၊ သူတိုက်တဲ့ကော်ဖီ သောက်ခဲ့တယ်၊ သူနဲ့စကားပြောခဲ့တယ်၊ သူဟာ လူထူးလူဆန်းတစ်ယောက်ပဲ၊ သူ့ကို သေသေချာချာ အနီးကပ်လေ့လာကြည့်တယ်၊ သူ့နှလုံးသားဟာ ဖြူစင် တယ် လို့ ငါထင်တာပဲ"

လက်သီးနှင့်ရပ်သူက မော့ကြည့်သည်။

"ဒီလူဖြူဟာ စစ်သားတစ်ယောက်ပဲ၊ သူဟာ လူဖြူတွေကြားမှာ ဩဇာ ညောင်းတဲ့ လူတစ်ယောက်ဖြစ်ချင်လည်း ဖြစ်မှာဆိုတော့"

ခြေကန်ငှက်သည် စကားကိုဆက်မပြောပဲ ရပ်ထားလိုက်သည်။ အပြင်မှ စာလေးတစ်ကောင်ဝင်လာ၍ ဖြစ်သည်။ စာကလေးသည် တဲအတွင်းသို့ ရောက် ပြီးနှင့်တစ်ပြိုင်နက် သူပိတ်မိနေသည့်အဖြစ်ကို သိသွားသည်။ အတောင်များကို ဖျတ်ဖျတ်ခါပြီး အတွင်း၌အလန့်တကြားလှည့်ပတ် ပျံသန်းနေသည်။ တဲနံရံများ ကို တွယ်ကပ်နေလိုက် ပျံသန်းလိုက်နှင့် ဂမူးရှူးထိုးဖြစ်နေသည်။ ထို့နောက် မီးခိုး ခေါင်းတိုင်အပေါက်ကိုတွေ့ကာ ထိုအပေါက်မှ ပျံထွက်သွားသည်။

လက်သီးနှင့်ရပ်သူသည် စာကလေးဝင်လာခြင်းကို ဂရုမပြု၊ ရင်ခွင်၌တင် ထားသည့် သူမ၏လက်နှစ်ဖက်ကိုသာ စိုက်ကြည့်နေသည်။ ခြေကန်ငှက် သူ့စကား ဆက်ရန် စဉ်းစားနေသည်၊ သို့သော်လည်း သူ့စကားဆက်၍ မပြောခင် မှာ နောက်ထပ်တောင်ပံခတ်သံများ ကြားလာရပြန်၏။ မီးခိုးခေါင်းတိုင်အတွင်း၌ ပျံသန်းနေရာမှ တဲထဲသို့ထွက်ကျလာသည်၊ တစ်ခဏမျှ ကြမ်းပေါ်တွင်ဝပ်နေ ပြီး၍ ပျံသန်းနေသောစာကလေးသည် ချယ်ရီရောင်သန်းနေသောခေါင်းပေါ် ၌သည်၊ သစ်ပင်ပေါ်၌နားနေသည့်နှယ် သူ့နှုတ်သီးဖြင့် သူ့အမွေးအတောင်များ ကို သပ်ရပ်ရပ်ဖြစ်အောင် ထိုးဆွလျက်ရှိ၏

လက်သီးနှင့်ရပ်သူသည် သူမ၏လက်တစ်ဖက်ဖြင့် စာကလေးကိုဖမ်း စာကလေးသည် ဖျတ်ခနဲထပျံသွားပြီး ခေါင်းပေါ်တစ်ပေခန့်အကွာ၌ ပျံဝဲ

www.burmeseclassic.com

www.burmeseclassic.com



နေသည်၊ထို့နောက် နောက်တစ်ကြိမ်ထပ်၍နားပြန်၏၊ ဤတစ်ကြိမ်တွင်မူ လက်သီး
နှင့်ရပ်သူသည် ဘာမှမလုပ်တော့ဘဲငြိမ်နေသည်။ စာကလေးသည် အတောင်များ
တစ်ချက်နှစ်ချက်မျှခတ်ပြီး တဲပေါက်မှပျံထွက်သွားလေရာ မျက်စိတစ်မှိတ်လျှပ်
ပြက်အတွင်းမှာပင် ပျောက်ကွယ်သွားလေ၏၊

အရေးကြီးသောကိစ္စတစ်ခုကို ပြောနေခိုက်တွင် စာကလေးရောက်
ခြင်းသည် မည်သည့်အဓိပ္ပာယ်ကို ဆောင်ပါသနည်း။ ပြီးတော့ စာကလေးသ
လက်သီးနှင့်ရပ်သူ၏ ခေါင်းပေါ်၌နားခဲ့၏၊ ဘယ်လိုအတိတ်နိမိတ်ကို ဖော်ပြ
သနည်း။ သူနေဖြင့် ယင်းကိစ္စကို ကြာကြာစဉ်းစားနေဖို့အချိန်မရှိ၊ ဘယ်လိုပဲဖြစ်
ဤအဖြစ်သည် အတိတ်ကောင်းနိမိတ်ကောင်းကို ဖော်ပြခြင်းဖြစ်သည်ဟု ယူ
သည်၊

ဤတစ်ကြိမ်တွင် လက်သီးနှင့်ရပ်သူသည် သူ့အား ဖြတ်ခနဲမော့ကြည့်
"ဗျွန်မကို ဘာလုပ်ခိုင်းချင်ပါသလဲ"ဟု မေးသည်။

"ငါ့အနေနဲ့ လူဖြူရဲ့စကားကိုကြားချင်တယ်၊ ဒါပေမယ့် ငါ့နားတွေ
နားမလည်ဘူး"

သူပြောလိုသည့် စကားများကိုပြောပြီးခဲ့ပြီ၊ လက်သီးနှင့်ရပ်သူသ
ဦးခေါင်းကို ငုံ့ထားသည်။

"ကျွန်မ အဲ့ဒီကိုကြောက်တယ်"

"လူဖြူစစ်သားတစ်ရာက မြင်းအကောင်တစ်ရာနဲ့ သေနတ်အလက်
ရာကို ကိုင်ပြီးလာတယ်ဆိုရင်တော့ ဟုတ်တာပေါ့။ မင်းပြောသလိုကြောက်စရာပဲ
ဒါပေမယ့် အခုဟာက သူတစ်ယောက်တည်းပါ၊ ငါတို့က လူအများကြီးရှိနေတာ
ပြီးတော့ ငါတို့နယ်ထဲမှာလာနေနေတာ မဟုတ်လား"

သူပြောသည့်စကားမှန်သည်ဟု လက်သီးနှင့်ရပ်သူက လက်ခံသ
သို့သော်လည်း သူ့စကားမှန်သည်ဆိုရုံမျှဖြင့် သူမ၏ဘဝလုံခြုံမှုရှိသွားပြီဟု သတ်
၍မဖြစ်။

"လူဖြူစကားကို ကျွန်မ မမှတ်မိတော့ဘူး။ ကျွန်မဟာ ကိုမင်ချီဖြစ်နေ

ခြေကန်ငှက်က ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်။ မင်းဟာ ကိုမင်ချီပါ။ တခြားလူမျိုးလုပ်ပါလို့ ငါက မင်း
မတိုက်တွန်းပါဘူး။ ငါတောင်းခံနေတာက မင်းရဲ့ကြောက်စိတ်ကို ဘေးဖယ်ထား
မင်းရဲ့လူမျိုးတွေကို ရှေ့တန်းတင်ခိုင်းနေတာပါ၊ မင်းလူဖြူနဲ့တွေ့လိုက်ပါ၊ သူနဲ့
ရင် လူဖြူစကားကို ပြန်ပြီးသတိရလာအောင် ကြိုးပမ်းပါ၊ မင်းမှတ်မိလာပြီဆို
တို့သုံးယောက်ဟာ တို့လူမျိုးတွေရဲ့ကောင်းကျိုးအတွက် နှီးနှောဆွေးနွေးကြည့်
တာပေါ့။ ငါဒီနည်းလမ်းကို စဉ်းစားခဲ့မိတာကြာပြီ"

သူသည် စကားအဆုံးတွင် ငြိမ်ဆိတ်နေသည်။ တဲတစ်ခုလုံးတိတ်ဆိတ်
လျက်ရှိလေသည်။



လက်သီးနှင့်ရပ်သူသည် တဲအတွင်းပတ်ပတ်လည်ကို မျက်စိကစားလျက်
၊ သူကြည့်နေပုံသည် ဤနေရာကိုမမြင်ရသည်မှာ အချိန်ကာလကြာပြီဖြစ်၍
...အဆန်းဖြစ်ကာ ကြည့်နေသည့်ပုံမျိုးဖြစ်သည်။

"ကျွန်မ သူနဲ့ဘယ်တော့လောက်တွေ့ရမှာလဲ"

တဲအတွင်း၌ ပြန်လည်တိတ်ဆိတ်သွားပြန်သည်၊ ခြေကန်ငှက်သည် ထိုင်
...ထရပ်သည်။

"တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာတစ်နေရာကို သွားနေပါ"ဟု ပြောသည်၊
...န်းနဲ့ဝေးတဲ့ နေရာတစ်နေရာပေါ့။ အဲဒီနေရာမှာထိုင်ပြီး မင်းအရင်ကပြောဖူးခဲ့
...ဘာသာစကားတွေကို မှတ်မိလာအောင် ပြန်စဉ်းစားပါ"

ခြေကန်ငှက်က တဲပေါက်ဝအထိ လိုက်ပို့သည့်အခါ လက်သီးနှင့်ရပ်သူ၏
...ခေါင်းသည် ငိုက်စိုက်ကျလျက်ရှိသည်၊

"မင်းရဲ့ကြောက်စိတ်ကို မင်းနောက်မှာထားခဲ့ပါ၊ ဒါဆိုရင် ကောင်းသွားမှာ
...တ အပေါက်မှအထွက်တွင် ခြေကန်ငှက်ကမှာသည်၊ သူ၏အကြံပြုချက်ကို
...က်သီးနှင့်ရပ်သူကြား မကြား သူမသိ၊ သူမကတော့ သူ့အားလှည့်၍ပင်မကြည့်၊
...သို့သာ ဆက်လျှောက်သွားလျက်ရှိလေသည်၊

❐

လက်သီးနှင့်ရပ်သူသည် သူမကိုမှာလိုက်သည့်အတိုင်း လိုက်နာဆောင်
...သည်၊ သူမသည် ရေအိုးကိုခါးစောင်းတင်ကာ မြစ်ဆီသို့သွားရာ လမ်းမကြီးအ
...လျှောက်လာသည်၊ အချိန်မှာ မွန်းတည့်လုနီးပြီ၊ မနက်ခင်းလို ရေခပ်သူများ၊
...များ အဝတ်လျှော်သူများနှင့် ရေချိုးကလေးသူငယ်များအား မမြင်ရတော့၊ သူမ
... လူသူကင်းမဲ့နေသော လမ်းမအတိုင်း ခပ်ဖြည်းဖြည်းလျှောက်လာနေရာမှ မြစ်
...က်တစ်ရာခန့်အကွာရှိ ဆိတ်ငြိမ်သော တောအုပ်ဘက်သို့ ခပ်သွက်သွက်
...က်လာခဲ့လေသည်၊

ပတ်ဝန်းကျင်တွင် လူရိပ်လူခြည်မမြင်ရ၊ အသံဗလံများကြားလိုကြားငြား
...ကြည့်သည်၊ ဘာသံမှမကြားရ၊ သူမသည် ရေအိုးကို မြေအောက်သို့ထိုးသွင်း
...လိုက်သည်။ ဤအခိုက်တွင် ရေစပ်ဘက်မှအသံများထွက်လာနေသည်ကို သတိ
...မိ၏၊

သူမသည် မြုံနွယ်များနှင့်သစ်ကိုင်း သစ်ခက်များအုပ်ဆိုင်းနေသော လူ
...လမ်းလေးအတိုင်း လျှောက်လာခဲ့သည်။ ကိုက်အနည်းငယ်ကွာသို့ ရောက်သည့်
အသံများပျောက်သွားသဖြင့် စိတ်သက်သာရာရသွားသည်။

ပတ်ဝန်းကျင်သည် လှပသာယာလျက်ရှိသည်။ မိုးမခပင်၏ အကိုင်းအ
...ခက်အလက်များသည် ဖြည်းဖြည်းသာသာ တိုက်ခတ်လျက်ရှိသော လေအေး
...နှင့်လှုပ်ရှားလျက်ရှိ၏၊ တိမ်များကင်းစင်နေသော ကောင်းကင်သည် ပြာလဲ့လဲ့

www.burmeseclassic.com



အဆင်းကိုဆောင်နေသည်။ ရံဖန်ရံခါတွင် ယုန်များနှင့်ပုတ်သင်ညိုများပြေးလွှ
သံကြားရသည်၊ သူမ၏ခြေသံကြောင့် ထိတ်လန့်တကြားပြေးလွှားနေကြခြင်းဖ
တည်း၊

ပတ်ဝန်းကျင်သာယာနေသော်လည်း လက်သီးနှင့်ရပ်သူ၏ နှလုံးသား
တော့ အေးငြိမ်းသာယာခြင်းမရှိ။ ကိုမင်ချိုဖြစ်နေသော လူဖြူမိန်းခလေးတစ်ယော
၏စိတ်တွင် အမုန်းတရားသည် ပေါက်ဖွားလာနေသည်၊ သူမ၏မုန်းတီးရွံရှာစိ
သည် လူဖြူစစ်သားအပေါ်၌ဦးတည်လျက် ရှိလေသည်။

သူမအနေဖြင့် လူဖြူစစ်သားအား မုန်းတီးနေခြင်းမှာ မိမိတို့ကိုမင်ချိလူ
ပိုင်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာခြင်းကြောင့် ဖြစ်၏၊ ပြီးတော့ သာ
လူဖြူတစ်ယောက်မဟုတ်ဘဲ စစ်သားလူဖြူဖြစ်နေခြင်းကြောင့်လည်း ရွံရှာမုန်းတီး
ခြင်းဖြစ်၏၊ သူမအနေဖြင့် ခြေကန်ငှက်ကိုပါ ရွံရှာစက်ဆုပ်နေသည်။ သူ့အနေဖြ
ဘာကြောင့် မိမိမလုပ်ချင်သော တာဝန်ကိုပေးရသနည်း။ ပြီးတော့ မဟာဝိညာ
တော်ကို မုန်းတီးစိတ်ဝင်နေသည်။ မဟာဝိညာဉ်တော်သည် သူမအပေါ်တွ
ဘာ့ကြောင့်ဤမျှလောက်ရက်စက်ရပါသနည်း။ တကယ်တော့ မဟာဝိညာဉ်တေ
သည် သူမ၏နှလုံးသားကို ကွဲအက်ကြေမွသွားအောင် ဖျက်ဆီးပစ်ခဲ့ပြီးပြီမဟု
ပါလား။ သေနေပြီဖြစ်သောနှလုံးသားကို ဘာ့ကြောင့်ထပ်ပြီးနာကျင်အောင် လုပ်
ပါသေးသနည်း။

တဖြည်းဖြည်းနှင့် ပူလောင်နေသောခေါင်းသည် အေးလာသည်၊ လူ
ဘာသာစကားကို သူရှာဖွေရမည်၊ သူမရှာ၍မဖြစ်။ ရှာရမည်၊ ရှာမှဖြစ်မည်၊

ပထမဆုံး သူမသည် သင့်တော်သောနေရာကို လိုက်လံရှာဖွေသည်
ရှာနှင့် တစ်မိုင်ခန့်ဖြစ်၏။ အထက်ဘက်တစ်နေရာ၌ အသင့်တော်ဆုံးနေရာ တစ်
ရာကိုတွေ့သည်။ ခြုံနွယ်သစ်ပင်မရှိသောကြောင့် ရှင်းနေသည့်ကွင်းပြင်ကလေး
၏၊ ပတ်ပတ်လည်တွင် သစ်ရိပ်ဝါးရိပ်များရှိသဖြင့် အေးမြသည်။ ပြီးတော့ အ
တစ်ဖက်တွင် မြစ်ရှိနေသဖြင့် သာယာသည်၊ လှပသည်၊

လက်သီးနှင့်ရပ်သူသည် ကွင်းပြင်ကလေးထဲရှိ သစ်ပင်တစ်ပင်ကိုမှီ
ထိုင်လိုက်သည်၊ အင်ဒီးယန်းတို့ ထိုင်လေ့ရှိသောပုံစံအတိုင်း တင်ပလ္လင်ခွေ၍ထို
ခြင်းဖြစ်သည်၊ ထို့နောက် မျက်လုံးများစုံမှိတ်ကာ ရှေးဟောင်းနှောင်းဖြစ်များကို မှ
မိလာရန်အားထုတ်သည်၊

သို့သော်လည်း ဘာကိုမှသတိမရ၊ ဘာကိုမှမမှတ်မိ။ သူမသည် အံ
ကြိတ်ကာ အားစိုက်၍ကြိုးစားသည်၊

နောက်ဆုံး သူမသည် သူမ၏မျက်လုံးအစုံကို တအားပွတ်လိုက်သည်
ထိုအခါကျတော့လည်း ရုပ်လွှာများသည် ဖြည်းဖြည်းချင်းပေါ်လာသည်၊

□



ယမန်နှစ်နွေရာသီတုန်းက အတိတ်မှရုပ်လွှာများသည် တစ်ကြိမ်ပေါ်ခဲ့ဖူး
သည်၊ သူတို့နယ်မြေအနီးအနားတွင် လူဖြူစစ်သားတွေ ရောက်နေကြသည်ဟူသော
သတင်းကို အကြောင်းပြု၍ပေါ်လာခဲ့ခြင်းဖြစ်၏၊ ထိုစဉ်က ကပွဲတစ်ခု၏အလည်၌
ရောက်နေသည့် သူမ၏မိခင်ကို အရင်ဆုံးမြင်သည်။ မြင်ရသည်မှာ ပိပြင်ထင်ရှားလှ
၏၊

အခုကျတော့ သူမ၏စိတ်အာရုံ၌ ထင်ဟပ်လာနေသည့် ရုပ်ပုံလွှာမှာ
ဆယ်ကျော်သက်ရွယ်မိန်းကလေးတစ်ယောက်ဖြစ်သည်၊ အပြာရောင်စကပ်အနား
ကလေးစုတ်နေ၍ ကိုင်ကြည့်နေသည်၊ သူရပ်နေသောအခန်းထဲတွင် အိပ်ရာ
ခုတင်လေးတစ်လုံး၊ ပြတင်းပေါက်အနီးတွင် ပန်းအပြည့်ထိုးထားသည့် ပန်းအိုးတစ်
လုံးနှင့် နံရံတစ်ဖက်တွင်ချိတ်ဆွဲထားသည့် မှန်တစ်ချပ်။

"ခရစ္စတင်း"

ရုတ်တရက် အပြင်မှခေါ်လိုက်သည့် အသံကိုကြားရသည်၊ စကပ်ကလ
နား စုတ်ကို ကိုင်ကြည့်နေသောမိန်းကလေးသည် ဖျတ်ခနဲခေါင်းထောင်ကြည့်သည်၊
"လာပြီ . . . မေမေ"

ထိုအသံသည် သူ့အသံဖြစ်၏။ သူမ၏နားထဲတွင် ပြန်လည်ကြားယောင်
လာသည်၊ သူမသည် မှိတ်ထားသည့်မျက်လုံးအစုံကို ပြန်ဖွင့်လိုက်သည်၊ သူမတစ်
ချိန်က ပိုင်ဆိုင်ခဲ့သောရုပ်လွှာကို မထင်မှတ်ပဲပြန်မြင်ခဲ့ရပြီ၊ သူမအနေဖြင့်
နောက်ထပ် ပို၍ ပို၍မြင်ချင်ပါသေးသည်။

သူမသည် နောက်တစ်ဖန် မျက်လုံးများကိုမှိတ်ထားလိုက်ပြန်သည်၊ ဝတ်
သစ်ချပင်တစ်ပင်၏ တရှဲရှဲအော်မြည်လှုပ်ရှားခါယမ်းနေသော သစ်ရွက်များကြားမှ
နေ၍ မြင်ကွင်းသည် ပြန်ပေါ်လာသည်။ အလျားရှည်မျောမျောအိမ်တစ်လုံး၊ သစ်ပင်
ကြီးနှစ်ပင်၏အရိပ်အောက်၌ မားမားမတ်မတ်တည်ရှိနေသည်၊

အိမ်ရှေ့မျက်နှာစာ မြက်ခင်းပြင်ပေါ်တွင် စားပွဲကြီးတစ်လုံးချခင်းထား
သည်၊ စားပွဲ၌ထိုင်နေကြသူများမှာ လူကြီးလေးယောက်၊ ယောကျ်ားကြီးနှစ်ယောက်
နှင့် မိန်းမကြီးနှစ်ယောက် လေးယောက်သား စကားလက်ဆုံကျနေကြသည်၊ လက်
သီးနှင့်ရပ်သူ၏ နားများသည် သူတို့ပြောနေကြသည့် စကားလုံးကိုနားလည်နေသည်၊

ဝင်းထဲတွင် ကလေးသုံးယောက်သည် ဘုတ်တလုပ်တောက်တဲ့ ကစားနေ
ကြသည်၊ မိန်းမကြီးတစ်ယောက်သည် မကြာသေးခင်ကမှ ကလေးတစ်ယောက်ဖျား
နာခဲ့သောအကြောင်းကို ပြောပြနေသည်။ သူတို့သည် စကားပြောနေကြသော်လည်း
မျက်စိများကတော့ ကစားနေသည့်ကလေးများကို အလစ်မပေး။

ယောကျ်ားကြီးများသည် ဆေးတံကိုယ်စီဖွာနေကြသည်၊ စားပွဲပေါ်တွင်မူ
နေ့လည်စာစားပြီးစဖြစ်၍ အစားအစာပန်းကန်များ ပြန့်ကြဲနေသည်၊ အာလူးပြုတ်
ခွက်ကြီးတစ်လုံး၊ ဟင်းသီးဟင်းရွက်ကြော်ပန်းကန်များ၊ ကြက်ဆင်တစ်ကောင်၏
အရိုး ပန်းကန်ကြီးတစ်ချပ်နှင့် နွားနို့ကိုင်းခွက်ကြီးတစ်လုံး၊ ယောကျ်ားကြီးများသည်

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာနိုင်သည့်အခြေအနေကို ခန့်မှန်းပြောဆိုနေကြသည်။

သူမသည် ယောကျ်ားကြီးနှစ်ယောက်ထဲမှ တစ်ယောက်ကိုမှတ်မိသည်။ သူသည် အရပ်ထောင်ထောင်မောင်းမောင်းနှင့် အမွေးအမှင်ထူထပ်သည်။ ပါးနှစ်ဖက်သည် ပိန်ခွက်ခွက်၊ မေးရိုးငေါငေါ၊ ဆံပင်ကိုနောက်သို့လှန်၍ဖီးထားသည်။ မုတ်ဆိတ်မွေးသည် တိုနံ့နံ့၊ ထိုလူကြီးသည် သူမ၏ဖခင်ဖြစ်သည်။

လက်သီးနှင့်ရပ်သူသည် ခပ်မြင့်မြင့်ကုန်းစောင်းပေါ်ရှိ ကျွဲမြက်ပင်ကြီးများကြား၌လဲလျောင်းနေသည့် လူနှစ်ယောက်၏ရုပ်ပုံလွှာကို မြင်ယောင်လာပြန်သည်။ ပထမတော့ ဘယ်သူတွေမှန်းမသိ။ နောက်ကျတော့မှ ပြတ်ပြတ်ထင်ထင်မြင်လာရသည်။

သူမသည် သူမနှင့်သက်တူရွယ်တူ ယောကျ်ားလေးတစ်ယောက်နှင့် လဲလျောင်းနေခြင်းဖြစ်၏။ ကောင်ကလေးနာမည်မှာ ဝိလီ၊ ပိန်ပိန်ပါးပါးနှင့် အသားအရေဖြူယော်ယော်ဖြစ်သည်။ သူတို့သည် ဘေးချင်းတိုက် ပက်လက်လှဲနေကြခြင်းဖြစ်၍ တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ကာ မိုးကောင်းကင်ထက်မှ ပြေးလွှားနေသောတိမ်လိပ်များကို ကြည့်နေကြသည်။

သူတို့သည် သူတို့လက်ထပ်မည့်အကြောင်းကို ဆွေးနွေးနေကြခြင်းဖြစ်၏။ နောက်ဆုံးတွင် ကောင်ကလေးက သက်ပြင်းချသည်။ ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြရာမှ တစ်ဦးကိုတစ်ဦးကနမ်းတော့မည့် အနေအထားသို့ ရောက်လာကြသည်။ ထိုအခိုက်ကျမှပင် ခရစ္စတင်းက စိတ်ပြောင်းသွားသည်။

"နမ်းလို့မဖြစ်ဘူး"ဟု သူမပြောသည်။ "သူတို့မြင်ကုန်လိမ့်မယ်"

ဝိလီက နောက်သို့လှည့်ကာ ခြံဝင်းထဲမှလူကြီးများဆီသို့ လှမ်းကြည့်သည်။ ပရေးရီးမြက်ခင်းများကြားမှ ဖြတ်လာနေသော အင်ဒီးယန်းများကို သူမြင်လိုက်၏။ အားလုံးဆယ်ယောက်. . .။ မြင်းတွေစီးလာကြသည်။ ဆံပင်တွေ ပြောင်အောင်ရိတ်ထားကြပြီး မျက်နှာများကို ဆေးမဲများသုတ်ထားသည်။

ဝိလီက ခရစ္စတင်းအား ဖျတ်ခနဲလှမ်းဆွဲကာ ဝပ်ချလိုက်သည်။ သူတို့သည် ရှေ့သို့လေးဖက်သွား၍ တိုးခဲ့ကြပြီး အင်ဒီးယန်းများကို အသေအချာထပ်ကြည့်သည် ဝိလီသည် သူ့သေနတ်ကိုလှမ်းယူသည်။

မိန်းမများနှင့်ကလေးများသည် အိမ်ထဲသို့ရောက်သွားကြပြီ၊ ခရစ္စတင်း၏အဖေနှင့်သူ့မိတ်ဆွေတို့သာလျှင် ခြံဝင်းထဲ၌ကျန်ရစ်ခဲ့ကြ၏။ အင်ဒီးယန်းသုံးယောက်သည် ရှေ့သို့တိုးလာကြသော်လည်း ကျန်လူစုသည် နောက်ဘက်ခပ်လှမ်းလှမ်း၌ နေရစ်ခဲ့ကြသည်။

ခရစ္စတင်း၏အဖေသည် အင်ဒီးယန်းများအား လက်ဟန်ခြေဟန်ဖြင့် စကားစပြောသည်။ ထွားကြိုင်းသန်မာလှသော ပေါနီးအင်ဒီးယန်းကြီးတစ်ဦးက မှက်မှောင်ကြုတ်ပြီး ကြည့်နေသည်။ နှစ်ဦးနှစ်ဖက်စကားပြော အပေါက်အလမ်းမတည့်ဖြစ်နေကြသည်မှာ ထင်ရှားနေသည်။



အင်ဒီးယန်းကြီးက အိမ်ဘက်သို့လက်ညှိုးထိုးပြပြီး တစ်စုံတစ်ရာကိုမော့သောက်သည့်ဟန် လုပ်ပြသည်။ ခရစ္စတင်း၏ဖခင်က ခေါင်းယမ်းပြသည်။ ယခင်ကလည်း အင်ဒီးယန်းများသည် မကြာခဏလာခဲ့ဖူးသည်။ လာတိုင်းလည်း သူတို့လိုချင်တာကိုတောင်းလေ့ရှိ၏။ သူ့အဖေကလည်း သူ၌အဆင်သင့်ရှိနေလျှင် ပေးစမြဲဖြစ်သည်။ ယခုတစ်ကြိမ်တွင်မူ ပေါနီးအင်ဒီးယန်းများ တောင်းနေသောပစ္စည်းသည် သူမ ၏ဖခင်ထံ၌ ရှိဟန်မတူပေ။

ဝိလီက သူမအား တိုးတိုးကပ်ပြောသည်။ "သူတို့ကြည့်ရတာ စိတ်ဆိုးနေကြသလိုပဲ၊ သူတို့က ဝီစကီလိုချင်တာဖြစ်မယ်လို့ ထင်တာပဲ"

ဝိလီ၏ထင်မြင်ချက်သည် မှန်ကောင်းမှန်လိမ့်မည်ဟု ခရစ္စတင်းကတွေးသည်။ သူမ၏အဖေသည် အရက်ပြင်းပြင်းသောက်လေ့မရှိ။ ခပ်ပြင်းပြင်းအရက်မျိုးကို အိမ်တွင်ထားလေ့မရှိ။ ခရစ္စတင်းကြည့်နေခိုက်မှာပင် သူမအဖေသည် သည်းခံမှုအတိုင်းအတာကုန်ဆုံးသွားပြီဟူသော လက္ခဏာကိုဖော်ပြနေသည်။

သူမ၏ အဖေသည် အင်ဒီးယန်းများအား လက်ဝှေ့ယမ်းပြပြီး မောင်းထုတ်သည်။ အင်ဒီးယန်းများကလည်း မလှုပ်၊ သုံးဦးစလုံးက သူ့အဖေအား မျက်မှောင်ကုပ်၍ ကြည့်နေကြသည်။ သူမ၏အဖေက သူ့ဘေး၌ရပ်နေသည့်မိတ်ဆွေအား တစ်စုံတစ်ရာလှမ်းပြောသည်။ သူတို့သည် ချာခနဲလှည့်ကာ အိမ်ဘက်သို့လျှောက်သွားကြသည်။

မည်သူကမှ အော်ဟစ်ပြီးသတိပေးဖို့ အချိန်မရလိုက်၊ ပေါနီးအင်ဒီးယန်းကြီး၏စစ်ပုဆိန်သည် သူမအဖေ၏ ပခုံးပေါ်သို့ အရှိန်ပြင်းစွာဖြင့်ကျသွားသည်။ သူမအဖေသည် တစ်ခွန်းမျှအော်လိုက်ပြီး ဘေးဘက်သို့ကျသွားတော့မည့်နှယ် ဒရိုဒယိုင်ဖြစ်လျက်ရှိ၏။ ထိုအခိုက်မှာပင် ပေါနီးအင်ဒီးယန်းကြီးသည် မြင်းပေါ်မှခုန်ဆင်းကာ သူမအဖေကို တွန်းလှဲလိုက်ပြီး ပုဆိန်ဖြင့်ထပ်ခုတ်သည်။

သူမအဖေ၏မိတ်ဆွေသည် ထွက်ပြေးရန်ကြိုးစားသည်။ သို့သော်လည်း အင်ဒီးယန်းများက အဆက်မပြတ်ပစ်လွှတ်လိုက်သော မြားများထိမှန်သဖြင့် အိမ်တံခါးဝအရောက်တွင် လဲကျသွားသည်။

ကြောက်မက်ဖွယ်ကောင်းသော အော်ဟစ်သံများသည် အိမ်ထဲမှထွက်ပေါ်လာနေသည်။ ပြီးတော့ ခရစ္စတင်း၏နားများသည် မြင်းစိုင်းသံများနှင့် အင်ဒီးယန်းတို့၏အော်သံများကို ကြားနေရ၏။ ထို့နောက် သူမ၏မျက်နှာနားမှကပ်၍ အော်နေသောအသံ. . .။ အော်နေသူမှာ ဝိလီ။

"ပြေး. . . ပြေး၊ ခရစ္စတင်း. . . ပြေး။"

ခရစ္စတင်းသည် ပရေးရီးမြက်ခင်းပြင်ဆီသို့ ပြေးခဲ့သည်။ နောက်သို့လှည့်ကြည့်လိုက်သည့်အခါ လေသေနတ်ဖြင့် ခြံဝင်းထဲသို့ချိန်နေသည့် ဝိလီကိုမြင်ရသည်။ သေနတ်သံနှင့်ပစ်သံကိုလည်း ကြားလိုက်ရ၏။ ထို့နောက် ဝိလီသည် လက်ထဲမှ သေနတ်ကိုမြှောက်ကာ လေထဲသို့မြှောက်တက်သွားပြီး မြင်းကွင်းထဲသို့လုံးဝဗျောက်

www.burmeseclassic.com



တွယ်သွားသည်။

ခရစ္စတင်းသည် ကြီးမားပြင်းထန်လွန်းလှသော ကြောက်စိတ်ဖြင့် အရှုးအမူးပြေးသည်။ ဆယ့်လေးနှစ်သမီး မိန်းကလေး၏ပိန်လှီလှီခြေထောက်များသည် လျင်မြန်သွက်လက်လှချေသည်။

တစ်လမ်းလုံး အကြိမ်ပေါင်းများစွာလဲသည်။ ဒူးနှစ်ဖက်စလုံးရှိ အရေပြားများစုတ်ပြဲကာ သွေးသံရဲရဲဖြစ်နေသည်။ သို့သော်လည်း သူမ၏ဒဏ်ရာများကို ကြည့်နေဖို့ သတိမရနိုင်။ လဲကျတိုင်းကြိုးထပြီး ဆက်ပြေးသည်။

သူဘက်လောက်ပဲ မြန်အောင်ပြေးပြေး နောက်မှလိုက်လာမည်။ အင်ဒီးယန်းများသည် မြင်းများနှင့်လိုက်ကြလိမ့်မည်ဖြစ်သည်။ အခုလိုပြေးနေမည့်အစား တစ်နေရာ၌ပုန်းနေမှ ဖြစ်မည်ထင်၏။ သူသည် ပုန်းစရာနေရာ တစ်နေရာကိုရှာသည်။

နောက်ဆုံးတွင် သူမ၏ဘယ်ဘက်က ကုန်းအထက်နေရာ၌ ထူထပ်စွာပေါက်ရောက်နေသော မြက်ပင်ကြီးများကြားသို့ တိုးဝင်ခဲ့သည်။ အတွင်းဘက်ရောက်သည့်အခါ ကျောက်တုံးကြီးများအောက်၌ အပေါက်တစ်ပေါက်ကိုတွေ့သည်။ သူသည် ကြောက်လန့်တကြားဖြင့် ကျောက်တုံးကြီးကြားသို့ အရူးအမူးတိုးဝင်သည်။ သူ့ခေါင်း သည် ချောချောချူချူနှင့်ဝင်သွားသော်လည်း ပခုံးများကျတော့ဝင်၍မရ။

အပေါက်ကကျဉ်းနေသည်။ ဂမူးရှူးထိုးဖြင့် အပေါက်၏ဘေးနှစ်ဖက်ကို လက်သီးဆုပ်များဖြင့် ထုသည်။ မွနေသောမြေသည် ဖွာ၍ဖွာ၍ထွက်သည် ခရစ္စတင်းသည် မြေကြီးကိုလက်နှစ်ဖက်ဖြင့် အားသွန်ခွန်စိုက်ယက်သည်။ အတန်ငယ်မျှ ယက်မိသည့်အခါ အပေါက်သည် ဝင်နိုင်သည့်အခြေအနေသို့ ရောက်လာသည်။

ခရစ္စတင်းသည် အပေါက်ထဲသို့အတင်းတိုးဝင်သည်။ ဝင်နိုင်သည်ဟု ဆိုရသော်လည်း လွယ်ကူချောမောခြင်းမရှိ၊ ဇွတ်တိုးဝင်ရခြင်းဖြစ်၏။ သူမသည် ခက်ခဲစွာဖြင့်ပင် အထဲသို့ရောက်သွားသည်။ ထိုအချိန်တွင် သူမ၏အိမ်ဘက်ဆီမှ ကောင်းကင်သို့လိပ်လိပ်တက်လာနေသော မီးခိုးလုံးကြီးများကို မြင်နေရလေပြီ။

□

နေဝင်သွားသည့်အခါတွင်မှ ခရစ္စတင်း၏မျှော်လင့်ချက်များသည် ပြန်တက်လာသည်။ သူထွက်ပြေးလွတ်မြောက်သွားသည်ကို အင်ဒီးယန်းတစ်ယောက်ယောက်က မြင်တွေ့သွားလေမလားဟူသော စိုးရိမ်စိတ်ကြောင့် တစ်နေ့ခင်းလုံး မိုးမချုပ်မချင်း သောကကြီးခဲ့ရ၏။ ညမြန်မြန်ရောက်ပါစေဟု ဆုတောင်းရသည်မှာလည်း အမော။ ဒီနေရာမှာသာ ဆက်နေရင်လုံခြုံကောင်းပါရဲ့ဟု တွေးရလွန်းသဖြင့် သူ့စိတ်သည် ဗလောင်ဆူနေခဲ့ရ၏။

နေဝင်သွားပြီးနောက် တစ်နာရီခန့်အကြာတွင် မလှမ်းမကမ်းမှ မြင်းများပြတ်သွားသံများကြားရသည်။ မြင်းများသည် ရေအိုင်တည်ရှိရာဘက်သို့ ဆင်းသွား



ခြင်းဖြစ်၏။ လမိုက်သောညဖြစ်၍ ဘာကိုမှမမြင်ရ၊ သူမ၏နားထဲတွင် ကလေးတစ်ယောက်၏ငိုကြွေးသံကို ကြားရသလိုလိုရှိသည်။ မြင်းခွာသံများကတော့ ဒီဘက်ကို ပြန်ရောက်မလာ၊ ဖြည်းဖြည်းချင်းဝေးသွားကြပြီ။

သူမ၏ပါးစပ်များသည် ခြောက်သွေ့နေသည်။ တံတွေးကိုပင် မျို၍မရ၊ ဒူးနှစ်ဖက်မှဒဏ်ရာများသည် နာကျင်ကိုက်ခဲလျက်ရှိ၏။ သူထိုင်နေသောနေရာက ကျဉ်းမြောင်းကျပ်တည်းလွန်းလှသဖြင့် ခြေလက်များကိုပင် ဆန့်၍မရ၊ နေရာပြင်၍မရသဖြင့် ကျောက်တုံးကိုမှီထားရသော ကိုယ်တစ်ခြမ်းသည် ထုံကျင်နေလေပြီ။

တစ်ခါတစ်ရံတွင် ကြောက်လန့်လွန်းအားကြီးသဖြင့် အသက်ရှူရပ်သွားလိမ့်မည်ဟု သူ့ကိုယ်သူထင်မိ၏။ သူမ၏မိသားစုနှင့် မိတ်ဆွေများအဖြစ်ကို တွေးယက်မိသည့်အခါတွင်မူ သူ့စိတ်သည် အနည်းငယ်တည်ငြိမ်သွားသလိုလိုရှိ၏။ သူမ၏ အဖေကတော့ သေပြီဟုပင်ယုံကြည်ထားသည်။ ပေါနီးအင်ဒီးယန်းကြီးသည် သူမ၏ ဖခင်၏ကျောကို ပုဆိန်နှင့် တအားခုတ်လိုက်သည်ကို သူမြင်ခဲ့ရသည်မဟုတ်ပါလော။

အမှန်တော့ ခရစ္စတင်း၏စိတ်နေစိတ်ဓာတ်သည် မာကြောသည်။ ဤအတွက်ကြောင့်လည်း သူမသည် အခုအချိန်ထိ အသက်မသေသေးခြင်းဖြစ်၏။ ထိုညသန်းကောင်ယံတွင် သူမသည် အိပ်ပျော်သွားသည်။ သို့သော်လည်း ကြောက်စရာအိပ်မက်များကြောင့် အလန့်တကြားအော်ဟစ်ငိုယိုကာ အိပ်နေရာမှနိုးလာရလေသည်။ သူမ၏အော်သံများသည် အနိမ့်ပိုင်းရှိ ရေနုတ်မြောင်းဆီသို့ သွားရောက်ရိုက်ခတ်သည်။

သူမ၏ ငိုရှိုက်သံများထွက်ပေါ်လာနေသော်လည်း ခဏမျှသာကြာသည်။ နောက်ပိုင်းတွင် သူမ၏ထံမှ ဘာသံမှမကြားရ၊ သူသည် သူ့ကိုယ်သူ သက်တောင့်သက်သာဖြစ်အောင် လုပ်၍နေသည်။ ခြေနှစ်ဖက်ကို ကွေးလိုက်ဆန့်လိုက်လုပ်သည့်အခါလုပ်သည်။ သူမ၏သွားများကို ရေတွက်သည့်အခါ ရေတွက်သည်။ သူရထားသည့်တရားစာများကို ရေရွတ်သည်။ ကျပ်တည်းကျဉ်းမြောင်းသော အပေါက်လေးထဲ၌ ဝင်ပုန်းနေရခြင်း၏အဖြစ်ဆိုးကို သီချင်းတစ်ပုဒ်သီဖွဲ့ကြည့်သည်။ ထို့နောက် စပ်ပြီးသားသည့်သီချင်းများကို ခပ်တိုးတိုးသီဆိုကြည့်သည်။

□

ပထမဆုံးအလင်းရောင်ဝင်လာချိန်တွင် တစ်ဖန်ပြန်နိုးလာသော ခရစ္စတင်း သည် နောက်တစ်ကြော်ငိုပြန်သည်။ ဤအပေါက်ထဲ၌ပိတ်မိပြီး အသက်သေဆုံးရမည့် အဖြစ်ကို တွေးကာယူကြုံးမရဖြစ်သည်။ ရေနုတ်မြောင်းဘက်မှ မြင်းခွာသံများကြားရပြန်၏။ ဤနေရာ၌ ပိတ်မိပြီးသေရခြင်းထက် တစ်စုံတစ်ယောက်အသတ်ဖြတ်၍ သေသွားရခြင်းက ပို၍ကောင်းလိမ့်မည်ဟု သူထင်မိသည်။

"ကယ်ကြပါ. . . ကျွန်မကို ကယ်ကြပါ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတင်းသည် ဘာကိုမှမစဉ်းစားတော့ဘဲ အသံကုန်ဟစ်၍အော်သည်၊ မြင်းခွာသံများသည် ရုတ်တရက်ချက်ချင်းရပ်သွားသည်၊ လူများသည် ကုန်းမြင့်ထက်သို့ ကသောကမျောတက်လာကြသည်၊ အပေါက်ဝမှချောင်းကြည့်နေသော အင်ဒီးယန်းမျက်နှာတစ်ခု၊ သူမအနေဖြင့် မကြည့်ရဲမမြင်ရဲသောမျက်နှာဖြစ်သော်လည်း အခြေအနေအရ မကြည့်၍မဖြစ်၊

"ကျွန်မကိုကယ်ပါ၊ ကျွန်မကို အပြင်ထုတ်ပါ"

တောင့်တင်းသန်မာသော လက်တစ်ဖက်သည် ကျောက်တုံးအောက်သို့ တိုးဝင်လာပြီး ခရစ္စတင်းအား နေရောင်အောက်သို့ ဆွဲထုတ်သွားသည်၊ သူမသည် မတ်တတ်မရပ်နိုင်၊ မြေပေါ်သို့ထိုင်ချလိုက်ရသည်၊ ယောင်ကိုင်းနေသောခြေထောက်များကို ဆန့်ထုတ်ကာခြေဆင်းထားရသည်။ အင်ဒီးယန်းများသည် သူတို့ချင်းဆွေးနွေးငြင်းခုံနေကြသည်၊

သူတို့သည် ကိုမင်ချီအင်ဒီးယန်းများဖြစ်၏၊ သူတို့လူစုသည် နှစ်ခြမ်းကွဲလျက်ရှိသည်၊ တစ်ခြမ်းက ခရစ္စတင်းကိုခေါ်သွား၍ အကျိုးမရှိဟုယူဆသည်၊ ပိန်ချောက်ချောက် လူဖြူမလေးတစ်ယောက်အား ခေါ်သွားပါက တာဝန်တက်ရုံမှတစ်ပါး အခြားဘာမှမရနိုင် ပေါနီးအင်ဒီးယန်းများက ဝင်ရောက်တိုက်ခိုက်ထားသော လူစုထဲ မှ လွတ်မြောက်လာသူဖြစ်သဖြင့် ပေါနီးများက ကျေနပ်ချင်မှကျေနပ်မည်စသည်ဖြင့် အကြောင်းပြကြသည်၊

သူတို့ခေါင်းဆောင်ကမူ ထိုအကြောင်းပြချက်များကို ဆန့်ကျင်သည်၊ ဤလူဖြူများသည် အခြားလူဖြူများနှင့် အလှမ်းကွာဝေးသောနေရာ၌ လာရောက်နေထိုင်ကြခြင်းဖြစ်သဖြင့် အခြားလူဖြူများနှင့် ထိပ်တိုက်တွေ့ဖို့ကတော့မလွယ်၊ ဤလူဖြူအုပ်စုထဲမှ အသက်ရှင်လျက်ကျန်ရစ်ခဲ့သူများရှိပါကလည်း အခုလောက်ဆိုလျှင် ဤနယ်မြေ၏ ပြင်ပသို့ရောက်လောက်ပြီ၊

အခုဆိုလျှင် မိမိတို့ဖမ်းမိခဲ့သည့် စစ်သုံ့ပန်းမှာ မက္ကဆီကန်လူမျိုး နှစ်ဦးထဲသာရှိနေသေးသည်၊ ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့အတွက် စစ်သုံ့ပန်းများသည် တန်ဖိုးရှိသည်၊ အကယ်၍ ဤကလေးမအားခေါ်သွား၍ လမ်း၌သေဆုံးခဲ့ပါက စွန့်ပစ်ထားခဲ့နိုင်သည်၊ အကယ်၍ အသက်ရှင်ခဲ့ပါမူ မိမိတို့အတွက် အလုပ်သမားကောင်းတစ်ယောက် ဖြစ်လာနိုင်ဖွယ်ရာရှိ၏၊ တစ်နည်းအားဖြင့် အရေးတစ်စုံတစ်ရာပေါ်လာ၍ သူ့အားအသုံးချဖို့ လိုအပ်လာပါမူ အသုံးချနိုင်လိမ့်မည်ဖြစ်၏၊ ထို့ပြင်လည်း မိမိတို့ဖမ်းမိလာသော စစ်သုံ့ပန်းများသည် ကိုမင်ချီလူမျိုးကောင်းများ ဖြစ်လာခဲ့ဖူးသည့် အစဉ်အလာများ ရှိခဲ့၏၊ မိမိတို့ ကိုမင်ချီများထဲတွင် ကိုမင်ချီကောင်းများပေါ်ထွက်လာဖို့ များစွာလိုအပ်နေသည် မဟုတ်ပါလား၊

ဤသည်တို့ကား ကိုမင်ချီခေါင်းဆောင်၏ အကြောင်းပြချက်များဖြစ်သည်၊ သူတို့အုပ်စုထဲ၌ ခရစ္စတင်းအား ဤနေရာမှာပင် သတ်ပစ်ခဲ့ရန်တိုက်တွန်းသူများလည်းရှိသည်၊ သို့သော်လည်း ခရစ္စတင်းအား ခေါ်ဆောင်သွားလိုသူမှာ အလာ



ကောင်းရှိသော စစ်သည်တော်တစ်ဦးဖြစ်နေသဖြင့် ဆန့်ကျင်မှုပြုရန် ခက်နေကြသည်၊ ဤသို့ဖြင့် ခရစ္စတင်းသည် ကိုမင်ချီအင်ဒီးယန်းများနှင့် လိုက်ပါလာခဲ့ရလေ၏၊

❒

ခရစ္စတင်းသည် ပင်ပန်းကြီးစွာရုန်းကန်လှုပ်ရှား၍ အသက်ရှင်ခဲ့ရ၏၊ စိတ်ကောင်းနှလုံးကောင်းရှိသော စစ်သည်တော်လူငယ်၏ ကျေးဇူးကြောင့်သာလျှင် သူမသည် အသက်နှင့်ကိုယ် တည်မြဲလာခဲ့ရခြင်းဖြစ်၏၊ ထိုလူငယ်ကား ခြေကန်ငှက်ပေတည်း၊

နောက်ပိုင်းတွင် ဤလူမျိုးစု၏အကြောင်းကို သူကောင်းစွာသိလာခဲ့သည်၊ ဤကိုမင်ချီလူမျိုးများသည် သူမ၏ မိသားစုနှင့်မိတ်ဆွေများအား သတ်ဖြတ်သွားကြသည့် အင်ဒီးယန်းများနှင့် များစွာကွဲပြားခြားနားကြ၏၊ ဤသို့ဖြင့် ဤလူမျိုးစုသည် သူမ၏ လူမျိုးဖြစ်လာခဲ့ရသည်၊

ထိုအချိန်မှစ၍ ကိုမင်ချီများသည် သူမ၏ကမ္ဘာဖြစ်လာခဲ့သည်၊ သူမအနေဖြင့် ပေါနီးများအား အလွန်မုန်းတီးရွံရှာသော်လည်း ကိုမင်ချီများကိုမူ အလွန်ချစ်ခင်မြတ်နိုးခဲ့၏၊ သူမအနေဖြင့် သူမ၏မိသားစုကို သတိရတိုင်း လူသတ်သမားများအား ခါးသီးစွာမုန်းတီးစက်ဆုပ်ခဲ့၏၊

လက်သီးနှင့်ရပ်သူသည် အတိတ်ကဖြစ်ရပ်များကို ဤနေရာမှာပင် တစ်ခန်းရပ်ပစ်လိုက်သည်၊ သူမသည် ထိုင်နေရာမှထကာ မြစ်ဆိပ်သို့ဆင်းခဲ့ပြီး ရေထဲသို့ဆင်းထိုင်သည်၊ သူမ၏မျက်နှာကို သစ်သည်၊ သူမ၏အမေနှင့်အဖေအကြောင်းကို မစဉ်းစားတော့၊ သူတို့သည် ဤကမ္ဘာလောကကြီးအတွင်းမှ ထွက်ခွာသွားကြပြီ၊ သူတို့အား တမ်းတမ်းတတဖြစ်နေ၍ မိမိအတွက် အကျိုးကျေးဇူးဖြစ်လာနိုင်စရာမမြင်၊

သူမ၏ စိတ်အာရုံတွင် ပေါနီးအင်ဒီးယန်းများထင်ဟပ်လာသည်၊ ယခုနှစ်နွေဦးတုတွင် ပေါနီးများသည် မိမိတို့ကိုမင်ချီနယ်မြေအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ကြလိမ့်ဦးမည်လော၊ တိုက်ခိုက်ကြလိမ့်ဦးမည်ဟုပင် ထင်မိ၏၊ သူမအနေဖြင့် ပေါနီးများအား လက်စားချေနိုင်မည့် အခွင့်ကောင်းတစ်ခုကိုတော့ နောက်ထပ်တစ်ကြိမ်ရလိုက်ချင်ပါသေး၏၊

အရင့်အရင်နွေရာသီများအတွင်းက ထိုအခွင့်အရေးမျိုးကို တစ်ကြိမ်ရခဲ့ဘူးပြီ၊ ထိုတစ်ကြိမ်ကို သူမသည် ကောင်းစွာအသုံးချနိုင်ခဲ့၏၊ ထိုစဉ်က အလွန်မာနကြီးသော စစ်သည်တစ်ဦးသည် ပေါနီးတစ်ဦးအရှင်ဖမ်းလာခဲ့သည်၊ ငွေကြေးနှင့်အလဲအလှယ်လုပ်ရန်ဟူသော ရည်ရွယ်ချက်နှင့်ဖြစ်၏၊

ထိုစဉ်က လက်သီးနှင့်ရပ်သူသည် အခြားအဖော်မိန်းမတစ်ဦးနှင့် အတူထွက်လာခိုက် ပေါနီးသုံ့ပန်းပါလာသောအဖွဲ့နှင့် ရှာဝ၌ဆုံမိကြခြင်းဖြစ်သည်၊ ပေါနီး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူမသည် သူ့စိတ်သူမထိန်းနိုင် အပြေးအလွှား သွားရောက်ကာ ဓားမြှောင်ဖြင့် ရက်စက်စွာထိုးသတ်ခဲ့သည်။ သူမအနေဖြင့် ထိုအခွင့်အရေးကို ကောင်းစွာအသုံးချနိုင်ခဲ့သော်လည်း သိပ်ပြီးအားရကျေနပ်ခြင်း မရှိခဲ့။ ထိုအခွင့်အရေးမျိုး နောက်တစ်ကြိမ်ထပ်ရဖို့ အမြဲတစေမျှော်လင့်တောင်းတခဲ့မိ၏။

သူမ၏ အတိတ်ဘဝဆီသို့ အလည်တစ်ခေါက်ရောက်သွားခဲ့ရခြင်းသည် သူမအတွက် အားဆေးတစ်ခွက်သောက်လိုက်ရသလို ခံစားခဲ့ရသည်။ ကိုမင်း၏ ပိသသောစိတ်သည် ပြန်လည်ဝင်ရောက်လာခဲ့၏။ လူအသုံးနည်းသော လမ်းတလေးအတိုင်းလျှောက်လာနေသော လက်သီးနှင့်ရပ်သူသည် ဦးခေါင်းကိုမော့ထားသည်။ သူမ၏ နှလုံးသားသည်လည်း မာကြောခက်ထန်လျက်ရှိ၏။

လူဖြူစစ်သားသည် သူမအဖို့ အသေးအဖွဲ့တစ်ခုဖြစ်သွားခဲ့ပြီ။ အကယ်၍ သူမအနေဖြင့် လူဖြူစစ်သားအား စကားပြောရမည်ဆိုပါကလည်း တာဝန်မလေး စိတ်ရှိလက်ရှိအားရပါးရ ပြောမည်ဟု ဆုံးဖြတ်ထားပြီးပြီ။

□□□

[၁၇]

မြင်းပုကလေး ကိုယ်စီစီး၍ရောက်လာသော လူငယ်သုံးဦးကိုမြင်ရသည့် ခါ ဗိုလ်ဒမ်ဘာသည် အံ့အားသင့်လျက်ရှိ၏။ သူတို့သည် ဗိုလ်ဒမ်ဘာအား တလေး ားရှိသည်။ သို့သော်လည်း ဗိုလ်ဒမ်ဘာကတော့ သူ့ဘက်မှ သတိလက်လွတ်မဖြစ် အောင် ထိန်းထားသည်။ လူမျိုးချင်းကတူသည်မဟုတ်။ အကျင့်စရိုက်ဓလေ့ထုံးစံ မတူညီသည်နှင့်အမျှ မမျှော်လင့်သောအရာများသည် ဖြစ်ပျက်လာတတ်သည် တ်ပါလား။

သူသည် ရိုင်ဖယ်သေနတ်ကိုလွယ်ကာ ရိက္ခာတဲ၏နောက် ကိုက်တစ်ရာ ာအထိထွက်၍ အင်ဒီးယန်းလူငယ်များနှင့်တွေ့သည်။ ခေါင်းဆောင်လာသော ယ်က ခြေကန်ငုက်နှုတ်ဆက်သည့်ပုံမျိုးဖြင့် နှုတ်ဆက်သည့်အခါ ဒမ်ဘာ သည်း တရင်းတနှီးပြန်၍ နှုတ်ဆက်သည်။

လက်ပြခြေပြစကားပြောရသည်မှာ တိုတိုနှင့်လိုရင်းကို ချက်ခြင်းရောက် ည်။ သူတို့က ဗိုလ်ဒမ်ဘာအား သူတို့နှင့်အတူ ရွာကိုလိုက်လာရန်ပြောသည်။ ဒမ်ဘာကလည်း ချက်ခြင်းလက်ခံကာ ကစ္စကိုအားထုတ်၍ ပြင်ဆင်သည်။ ဘာ ဖြစ်လို့ပါလိမ့်ဟုတွေးသည်။ လူငယ်များက သူတို့ရှေ့မှ သွားနှင့်ပြောကာ မြင်းများ နှင်းသွားကြလေသည်။

□

www.burmeseclassic.com

သူတွေ့ခဲ့ရသော မိန်းမသည် ဤမိန်းမပင်ဖြစ်သည်။ မိန်းမသည် သူတို့နှင့် အတော်ဝေးဝေးနေရာ၌ ထိုင်နေခြင်းဖြစ်သော်လည်း သူမှတ်မိသည်။ ဝတ်ထားသည့် အကျီမှာ သမင်ရေအကျီဖြစ်၍ ဒူးအထိဖုံးနေသဖြင့် သူမ၏ပေါင်တံများကို မမြင်ရ၊ ပေါင်မှဒဏ်ရာများသည် သက်သာပျောက်ကင်းသွားပြီဟု သူယူဆသည်။

ကိုယ်ကာယအနေဖြင့်ကြည့်လျှင် ကျန်းမာလာပြီဟု ယူဆရမည်ဖြစ်၏။ မျက်နှာကတော့ သိပ်ပြီးကြည်သာရွှင်လန်းခြင်းမရှိ။ ဗိုလ်ဒမ်ဘာသည် ထိုမိန်းမအား မျက်ခြည်မပြတ်ကြည့်နေသည်။ သူ့အား ရွာသို့လာရန်ဖိတ်ခေါ်ခြင်းသည် ဤမိန်းမ ကိစ္စဖြစ်လိမ့်မည်ဟု သူယူဆထားသည်။ မည်သို့ပင်ဖြစ်စေ အင်ဒီးယန်းများနှင့် ဆက်ဆံရာ၌ မိမိဘက်က စိတ်ရှည်ဖို့တော့ လိုလိမ့်မည်ဖြစ်၏။ ယခုကိစ္စတွင် မိမိကစတင်၍ မေးရမည့်အစား သူတို့ဘက်ကအပြောကို စောင့်မှဖြစ်မည်ဟု သူယုံကြည်ထားသည်။

ဤသို့ဖြင့် သူသည် ဆေးတံတွင်ဆေးထည့်နေသော ခြေကန်ငှက်အား ထိုင်ကြည့်နေသည်။ ထိုမှတစ်ဆင့် လက်သီးနှင့်ရပ်သူအား နောက်တစ်ကြိမ်ထပ် ကြည့်ပြန်သည်။ ဤတစ်ကြိမ်တွင်မူ အကြည့်ချင်းဆုံမိကြသည်ဖြစ်ရာ ဤမိန်းမ၏ မျက်လုံးများသည် အခြားအင်ဒီးယန်းများ၏ မျက်လုံးများကဲ့သို့ အညိုရောင်မဟုတ် သည်ကို သတိထားမိသည်။

ထို့နောက် သူနှင့်တွေ့သောနေ့က အင်္ဂလိပ်စကားဖြင့် "မလုပ်နဲ့"ဟု ပြောလိုက်သည်ကို သတိရလာသည်။ ပြီးတော့ ချယ်ရီရောင်သန်းနေသောဆံပင် သူ့ခေါင်းထဲသို့ အသိတစ်ခုဖျတ်ခနဲ ဝင်လာသည်။

"ဘုရား. . . ဘုရား။ ဒီမိန်းမဟာ လူဖြူမပါကလား"

ခြေကန်ငှက်သည် ဒမ်ဘာအား ဆေးတံကိုလှမ်းပေးသည်။ ထို့နောက် လက်သီးနှင့်ရပ်သူဘက်သို့ တစ်ချက်မျှစောင့်ကြည့်သည်။ သူတို့သည် ဆေးတံ တစ်ယောက်တစ်လှည့်စီသောက်ကြသည်။ အထူးတလည် စီမံပြုလုပ်ထားသဖြင့် ဆေးတံဆေးသည် အနံ့အရသာပါထူးခြားလျက်ရှိ၏။ မိနစ်အနည်းငယ်မျှအကြာ တွင် ခြေကန်ငှက်သည် ဆေးတံကို သူ့ဘေး၌ချထားလိုက်ပြီး လက်သီးနှင့်ရပ်သူအား မျက်နှာရိပ်မျက်နှာကဲဖြင့် ရှေ့သို့တိုးလာရန်ခေါ်သည်။

သူမသည် အတန်ကြာမျှ ဆုတ်ဆိုင်းဆိုင်းဖြစ်နေသည်။ ထို့နောက် မြေကြီး ကိုလက်တစ်ဖက်နှင့်ထောက်ကာ မတ်တတ်ရပ်ဖို့အားထုတ်သည်။ ဒမ်ဘာသည် အ စဉ်အမြဲဆိုသလို လူကြီးလူကောင်းတစ်ယောက်၏ ကျင့်ဝတ်ကိုလိုက်နာခဲ့သူ၊ မိမိထိုင် နေရာမှခုန်ထပြီး လက်သီးနှင့်ရပ်သူအား ကူညီထူမပေးရန် အပြေးအလွှားသွား သည်။

ဖြစ်ပျက်ပုံမှာ မြန်ဆန်လွန်းလှချေသည်။ ဒမ်ဘာသည် လူချင်းမနီးမဝေး ရောက်ချိန်တွင် လက်သီးနှင့်ရပ်သူ၏ လက်ထဲမှဓားမြှောင်ကိုမမြင်၊ သူသိလိုက်သည် မှာ ခြေကန်ငှက်က သူတို့နှစ်ယောက်ကြားသို့ပြေးဝင်လာပြီး ရင်ဘတ်ကိုလတ်နှင့်



…ဆောင့်တွန်းလိုက်သဖြင့် လဲကျသွားခြင်းပင်ဖြစ်၏။ သူလဲကျသွားချိန်ကျမှ လက် …နှင့်ရပ်သူ၏ လက်ထဲမှလက်ခနဲဖြစ်သွားသော ဓားကိုမြင်လိုက်သည်။ သူမ၏ …အမူအရာအနေအထားသည် မိမိအား ဓားနှင့်ထိုးရန်ဖြစ်သည်ကိုပါ သတိထား …ကမိ၏။

ခြေကန်ငှက်သည် လက်သီးနှင့်ရပ်သူ၏အပေါ်သို့ လျှင်မြန်စွာခုန်အုပ် …က်ပြီး သူမ၏လက်ကိုဖမ်းဆုပ်ကာ ဓားမြှောင်ကိုယူလိုက်သည်။ ကျန်လက်တစ် …ဖြင့် မြေကြီးပေါ်သို့လဲကျသွားအောင် တွန်းလှဲလိုက်သည်။ ဗိုလ်ဒမ်ဘာထ၍ထိုင် …တ်သည့်အချိန်တွင် ခြေကန်ငှက်သည် သူနှင့်မျက်နှာချင်းဆိုင်ရပ်လျက်ရှိ၏။ သူ့ …က်နှာထားသည် ထိတ်လန့်တကြားဖြစ်လျက်ရှိလေသည်။

ဒမ်ဘာသည် ထိုင်နေရာမှထရပ်ကာ "မဟုတ်ပါဘူး။ လုံးဝမဟုတ်ပါဘူး" …သောစကားကို ထပ်တလဲလဲရေရွတ်နေသည်။ ဆက်၍ဝစ်ခံတပ်သို့ အင်ဒီးယန်း …ရောက်လာသည့်အခါ ဦးညွှတ်၍နှုတ်ဆက်သည့် ပုံစံအတိုင်း သူ့ဦးခေါင်းကို … ကြိမ်ကြိမ်ညွှတ်၍ တောင်းပန်သည့်အမူအရာကို ဖော်ပြသည်။

ခြေကန်ငှက်သည် ချက်ခြင်းနားလည်သည်။ လူဖြူထလာခြင်းသည် ယဉ် …းမှုကိုပြသရန်ဖြစ်၏။ ရန်ပြုဖို့မဟုတ်။ သူသည် လက်သီးနှင့်ရပ်သူဘက်လှည့် …ကားပြောသည်။ သူမသည် ခါးကိုကုန်းထားရာမှ ဆန့်လိုက်သည်။ လူဖြူစစ်သား …သို့ တစ်ချက်ကလေးမှလှည့်မကြည့်။

ခြေကန်ငှက်က ဒမ်ဘာအား သူ့နေရာ၌ပြန်ထိုင်ခိုင်းသည်။ သုံးဦးစလုံး …စောကပုံစံအတိုင်း ပြန်ထိုင်ကြသည်။ လက်သီးနှင့်ရပ်သူသည် ဒမ်ဘာနှင့် …ပေနှစ်ပေခန့်အကွာ၌ မျက်နှာချင်းဆိုင်၍ထိုင်နေသည်။

ခြေကန်ငှက်သည် ဒမ်ဘာတို့နှစ်ယောက်အား မျှော်လင့်ချက်ကြီးစွာဖြင့် …ည့်နေသည်။ ဘယ်သူကမှစ၍ စကားမပြောသည့်အခါ ဒမ်ဘာအား စ၍စကား …ရန် လက်ဟန်ခြေဟန်ဖြင့်ပြသည်။

"ဟယ်လို"ဟု ဒမ်ဘာကပြောသည်။

လက်သီးနှင့်ရပ်သူသည် မျက်တောင်ကို တဖျတ်ဖျတ်ခတ်နေသည်။

"ဟယ်လို"ဟု ဒမ်ဘာက ထပ်ပြောပြန်သည်။

လက်သီးနှင့်ရပ်သူသည် ထိုစကားလုံးကို မှတ်မိသည်။ သို့သော်လည်း …၏လျှာသည် လူဖြူစကားကိုပြောဖို့အတွက် အဆင်သင့်မဖြစ်။ သူမ၏ပါးစပ် …ည် တလှုပ်လှုပ်တရွရွဖြစ်နေသည်။

"ဟူလို"

သူမ၏နှုတ်မှထွက်လာသည့် စကားလုံး။

ခြေကန်ငှက်၏မျက်နှာသည် ချက်ချင်းပင်ကြည်လင်သွားသည်။ ဒမ်ဘာ …အား စကားဆက်ပြောရန် ပခုံးကိုပုတ်၍တိုက်တွန်းသည်။

"မင်း အင်္ဂလိပ်စကားပြောတတ်သလား"ဟု ဒမ်ဘာကမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်သီးနှင့်ရပ်သူသည် သူမ၏နားထင်ကိုနှိပ်ကာ စဉ်းစားနေသည်၊ ပြီးတော့ ခေါင်းညိတ်ပြသည်။ သူမ၏နှုတ်ခမ်းကိုလက်ညှိုးထိုးပြပြီး ခေါင်းခါသည်။

"ကျွန်တော့်နာမည်က. . . ဂွန်"

သူမ၏အကြည့်သည် သူ့ပါးစပ်ဆီသို့ရောက်နေသည်၊

"ကျွန်တော့်နာမည် ဂွန်"ဟု ဒမ်ဘာက ထပ်ပြောသည်၊

သူမ၏နှုတ်ခမ်းအစုံသည် တလှုပ်လှုပ်ဖြစ်နေသော်လည်း စကားတစ်လုံးမှထွက်မလာ၊ အတန်ကြာမှ စကားတစ်လုံးထွက်လာသည်၊

"ဝိလိ"

ထို့နောက်တော့ နောက်ထပ်ဘာစကားလုံးမှ ထွက်မလာ၊ လက်သီးနှင့်ရပ်သူသည် သူမ၏မျက်လုံး၊ မျက်နှာနှင့်နှာခေါင်းတို့ကို ပွတ်လိုက်၊ လက်ဝါးနှင့်အုပ်ထားလိုက်လုပ်ကာ စဉ်းစားတွေးတောလျက်ရှိ၏၊ ပြောရန်ဟန်ပြင်သော်လည်း ခေါင်းမထွက် သက်ပြင်းချသံမှတစ်ပါး အခြားဘာသံမှမကြားရ၊

ခြေကန်ငှက်သည် ပင်ပန်းကြီးစွာ လှုပ်ရှားအားထုတ်နေရသော လက်သီးနှင့်ရပ်သူကိုကြည့်ကာ စိတ်မောလူမော ဖြစ်လျက်ရှိသည်၊ မိမိ၏ခိုင်းစေမှုသည် များလွန်းနေသလား၊ မိမိလုပ်ပုံသည် ရက်စက်ရာကျနေသလား၊

ခြေကန်ငှက်က တစ်စုံတစ်ရာလှမ်းပြောသော်လည်း လက်သီးနှင့်ရပ်သူက လက်ခံပုံမရ၊ ကိုမင်ချီဘာသာစကားဖြင့် တိုတိုပြတ်ပြတ်ပြန်ပြောသည်၊ ပြီးနောက် သူမ၏မျက်လုံးများကိုစုံမှိတ်ကာ စက္ကန့်အတော်ကြာမျှငြိမ်နေသည်၊

မျက်လုံးများကို ပြန်ဖွင့်လိုက်သည့်အခါ ဒမ်ဘာအား ရင်ဆိုင်၍ကြည့်သည်၊ သူမ၏မျက်လုံးများထဲတွင် သိမ်မွေ့နူးညံ့မှုတစ်ခု ဝင်လာသည်ကိုမြင်နေရသည်၊ ဒမ်ဘာအား စကားထပ်ပြောရန် လက်ဟန်ခြေဟန်ပြ၍ပြောသည်၊

"ကျွန်တော်ဟာ ဂွန်ပါ"ဟု ဒမ်ဘာကပြောသည်။ "ဂွန်. . ဂွန်"ဟု ဝိလိက သထပ်ပြောသည်။

သူမ၏နှုတ်ခမ်းများသည် အလုပ်လုပ်နေကြသည်၊ ခဏမျှအကြာတွင် အသံထွက်လာသည်။

"ဂွန်"

"ဟုတ်တယ်. . . ဂွန်"

"ဂျွန်"

ဘယ်လိုပဲဖြစ်ဖြစ် သူမ၏အသံသည် ဒမ်ဘာအတွက် နားဝင်ချိုလှပါ၏၊ သူ့နာမည်ကို ခေါ်ခြင်းဖြစ်သဖြင့် မပီသသည့်တိုင်အောင် အခေါ်မခံရသည်မှာ လပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်၍ နားထောင်လို့ကောင်းလှ၏၊

လက်သီးနှင့်ရပ်သူကိုယ်တိုင်ကလည်း ဤတစ်ကြိမ်တွင် နှစ်မြို့ကျေနပ်သည်၊ သူပြောလိုက်သည့်စကားလုံးသည် တစ်လုံးတည်းဖြစ်၏၊ ဘယ်လိုပဲဖြစ်ဖြစ် သူမ၏ပါးစပ်မှ တစ်လုံးတော့ပြောနိုင်ခဲ့ပြီဖြစ်သဖြင့် မပြုံးပဲမနေနိုင်၊



နှစ်ယောက်စလုံးသည် ခြေကန်ငှက်အား ပြိုင်တူကြည့်လိုက်မိကြသည်၊ ခြေကန်ငှက်၏မျက်နှာတွင် အပြုံးရိပ်ကိုမမြင်ရ၊ သို့သော်လည်း သူ့မျက်လုံးများတွင် ချမ်းသာရွှင်လန်းမှု အရိပ်အငွေ့တစ်ခုယှက်သန်းနေသည်။

❒

ခြေကန်ငှက်၏ တဲအတွင်းမှ ပထမဆုံးစကားပြောပွဲသည် နှေးကွေးလှ၏၊ ဒမ်ဘာ၏နှုတ်မှထွက်လာသည့် စကားတစ်လုံးစနှစ်လုံးစကို လက်သီးနှင့်ရပ်သူသည် အချိန်များစွာယူ၍ ရေရွတ်နေရသည်၊ တစ်ခါတစ်ရံတွင် စကားတစ်လုံးတည်းကို အကြိမ်ပေါင်းတစ်ဒါဇင်ကျော်အထိ ရွတ်နေရသည်၊ ထိုမျှလောက်ရွတ်သော်လည်း အသံထွက်မှန်ကန်မှုနှင့် များစွာအလှမ်းဝေးလျက်ပင်ရှိလေသည်။

မည်သို့ပင်ဖြစ်စေ ခြေကန်ငှက်ကတော့ များစွာအားတက်နေသည်၊ လက်သီးနှင့်ရပ်သူကမူ လူဖြူစကားအတော်များများကို ပြန်၍သတိရလာပြီဟု သူ့အား ပြောခဲ့ပြီမဟုတ်ပါလား၊ သူမအတွက် ခက်ခဲနေသည်မှာ သူမမှတ်မိသမျှ စကားလုံး များကို သူမ၏လျှာက မြန်မြန်သွက်သွက် ပြောမထွက်ခြင်းသာဖြစ်ပါသည်ဟုလည်း အသိပေးထားသည်မဟုတ်ပါလား။

အခုပုံအတိုင်းဆိုပါက လက်သီးနှင့်ရပ်သူသည် လူဖြူစစ်သားနှင့်လူဖြူစကားကို မကြာခဏပြောခွင့်သာရနေပါက လျှာရဲအာရဲဖြစ်ကာ သွက်သွက်လက်လက် ပြောလာနိုင်လိမ့်မည်ဟု ခြေကန်ငှက်က အခိုင်အမာ ယုံကြည်လျက်ရှိသည်၊ သူ့အစီအစဉ်သည် အလားအလာများစွာကောင်းနေပြီဟုလည်း တွက်သည်၊ သို့ဆိုလျှင် သူလိုချင်သောသတင်းများကို မကြာမီရလာတော့မည်၊

ဤအခိုက်တွင် ထိုညကျင်းပမည့် ကပွဲအတွက်ပြုလုပ်ထားသည့် ကြိုတင်ပြင်ဆင်မှုများကို လာရောက်ကြည့်ရှုရန် သူ့လက်ထောက်တစ်ဦးက လာခေါ်သည့်အခါ များစွာစိတ်အနှောက်အယှက်ဖြစ်ရ၏။

သို့သော်လည်း သူသည် သူ့စိတ်သူဖြေသည်။ သူသည် လူဖြူလက်ကိုဆွဲနိုင်ကာ လူဖြူများနှုတ်ဆက်သလို နှုတ်ဆက်သည်။ ပြီးတော့ သူတတ်ထားသည့် စကားတစ်ခွန်းကို ပြောသွားသည်၊

"ဟုလို. . . ဂျန်း"

❒

စကားပြောခဲ့ရသည်မှာ မကြာလိုက် ခဏကလေးမျှသာဖြစ်၍ အားရဖွယ်မရှိ ပြီးဆုံးသွားပုံမှာလည်း မြန်ဆန်လွန်းလှ၏။ သို့သော်လည်း သူနားလည်ထားသည့်အတိုင်းဆိုပါက စကားပြောခဲ့ရသည်မှာ ကျေနပ်စရာတော့ကောင်း၏၊

ဒမ်ဘာသည် ခြေကန်ငှက်၏တဲရှေ့၌ရပ်ကာ တဲတန်းများကြားရှိ လမ်းသွယ်ပေါ်မှလူများကို ကြည့်နေမိသည်၊ လူများသည် ဝတ်စုံရေကြီးချိတ်ဆွဲထားသည့်

www.burmeseclassic.com

www.burmeseclassic.com



တဲ၏တစ်ဖက်တွင် စုရုံးနေကြခြင်းဖြစ်၏၊ သူသည် ဘာတွေလုပ်ကိုင်နေကြသည် စောင့်၍ကြည့်လိုစိတ် ထက်သန်နေသည်၊

ခြေကန်ငှက်မှာ လူဖုပ်ကြား၌ပျောက်နေသည်၊ အင်ဒီးယန်းမနစ်ယော ကြား၌ရပ်နေသည့် လူဖြူမကိုတော့ သူမြင်သည်၊ လူဖြူမကတော့ သူ့ဘက်သို့လှ မကြည့်၊

သူမြင်း ကစ္စကိုအားအမြီတစေပြုံးနေလေ့ရှိသော သူ့ငယ်ကလာပွဲသည သူသည် ကစ္စကိုအားကိုင်၍ လှုပ်ရှားနေသောလူများအား ဆက်ကြည့်နေသ လူတွေကတော့ ယူနီဖောင်းဝတ်စုံနှင့်လူအား လှည့်၍ပင်မကြည့်၊ သူတို့ချင်း စကားပြောနေကြသည်၊ သူဆက်နေရလျှင် ကောင်းမလားဟုစဉ်းစားသည်၊ သော်လည်း ဖိတ်ကြားမှုကမရှိ၊ မဖိတ်ကြားပဲနှင့်ဆက်နေမည်ဆိုပါက ဘယ် အရေးတယူပြုကြလိမ့်မည်မထင်၊

နေသည် အနောက်ဘက်မိုးကုပ်စက်ဝိုင်းဆီသို့ ငုပ်ဆင်းစပြုပြီး လောင်မွတ်သိပ်မှုကြောင့် သူ့ဗိုက်ထဲမှအော်မြည်သံများ ကြားနေရသည်၊ သူပြန် မည်ဆိုပါက မိုးမချုပ်မီရောက်အောင်ပြန်မှဖြစ်မည်၊ သူသည် ကစ္စကို၏ကျောပေါ် တက်ထိုင်လိုက်လေသည်၊

သူထွက်အလာတွင် အစွန်ဆုံးတဲရှေ့၌ လူတစ်စုရပ်နေသည်၊ တစ်ကို လုံးတွင် ဆေးရောင်စုံခြယ်မှုန်းထားသည့် လူများဖြစ်၏၊ မျက်နှာများတွင်လည ကြောင်ကြောင်ကြားကြားနှင့် မြင်ရသည်မှာ အထူးအဆန်းဖြစ်နေသည်၊ ဦးခေါ များတွင်လည်း ကျွဲခေါင်းကြီးများစွပ်ထားကြလေသည်၊

ဒမ်ဘာက သူတို့လူစုအား လက်မြှောက်ပြီးနှုတ်ဆက်သည်၊ အချို သူ့အားလှမ်းကြည့်နေကြသော်လည်း မည်သူကမျှ သူ့အားပြန်၍လက်ပြခြင်းမ ဒမ်ဘာသည် မြင်းကို အသားကျစီး၍ ထွက်လာခဲ့လေ၏၊

❒

ဟိုတုန်းကနှင့်မတူ လက်ဖြူသည် မနက်စောစောရောက်ချင်လည ရောက်လာတတ်သည်၊ တစ်ခါတစ်ရံမွန်းလွဲပိုင်း သို့မဟုတ် ညနေခင်းတွင် ပေါက် လည်း ပေါက်လာတတ်၏၊ ရောက်လာသည့်အခါတွင်လည်း ဝံပုလွေဇိုသည် ၏ တုန်းကလိုနောက်တွန့်ခြင်းမရှိ၊ သူ့အိမ်သူ့ယာတွင် ဝင်ထွက်သွားလာနေသည့် တစ်ကောင်သဖွယ် ခံတပ်တွင်း၌လှည့်လည်သွားလာနေတတ်၏၊

သို့သော်လည်း ဗိုလ်ဒမ်ဘာ၏အနားကိုတော့ ကပ်လာခြင်းမပြု၊ အနည ဆုံး ပေနှစ်ဆယ်ခန့်အကွာ၌ ရပ်၍ဝပ်၍ကြည့်၊ ထိုင်၍ကြည့်နေတတ်သည်၊ တစ်ခ တစ်ရံ ဗိုလ်ဒမ်ဘာစာဖတ်နေခိုက် သို့မဟုတ် မှတ်တမ်းရေးနေခိုက်တွင်မူ လက်ဖြ သည် တစ်နေရာ၌ အဝါရောင်မျက်လုံးအစုံကို မှိတ်ချီတစ်ခါ ဖွင့်ချီတစ်လှည့်လုပ်၍ မျက်ခြည်မပြတ်ကြည့်နေတတ်လေသည်၊



တစ်ယောက်တည်း ပြန်လာခဲ့ရခြင်းဖြစ်၍ အထီးကျန်နိုင်လွန်းလှ၏၊ သည် အခြားလူများနှင့် ပူးပေါင်းလုပ်ကိုင်လိုသောဆန္ဒ ပြင်းပြခဲ့သည်မှာကြာပြီ၊ သော်လည်း အခါအခွင့်မသင့်၊ အခုလည်း သူတစ်ယောက်တည်း ပြန်လာခဲ့ရသ စိတ်နှလုံးညှိုးငယ်လှချေသည်၊ ခံတပ်သို့ သူပြန်ရောက်ချိန်သည် နေဝင်ဆည်း ဖြစ်သည်၊ အဖိတဲအောက်တွင် လက်ဖြူသည် တဲရှေ့မြေကွက်လပ်ထဲသို့ ထွက် ပြီး ဒမ်ဘာ မြင်းပေါ်မှဆင်းသည်ကို ထိုင်ကြည့်နေသည်၊

ဒမ်ဘာသည် အဖိတဲအောက်၌ တစ်စုံတစ်ခုရှိနေသည်ကို သတိထား မိ၏၊ လှမ်းကြည့်လိုက်သည့်အခါ ပရေးရီးတောကြက်တစ်ကောင်ကို မြင်ရ ည်၊ တောကြက်သည် မြေကြီးပေါ်၌ လဲကျသေဆုံးနေခြင်းဖြစ်၏၊ သူသည် ကြက် ကောက်ယူပြီးကြည့်သည်၊ လတ်လတ်ဆတ်ဆတ်ကြီးဖြစ်၍ သေဆုံးသည်မှာ ာသေး၊ လည်ပင်းမှသွေးများသည် ကပ်စီးစီးဖြစ်နေသည်၊

ဗိုလ်ဒမ်ဘာသည် နောက်သို့လှည့်ကာ လက်ဖြူကိုကြည့်သည် "ဒီပစ္စည်း ခင်ဟာလားကွ" ဟု အော်မေးသည်၊

ဝံပုလွေသည် မျက်စိကိုဖွင့်လိုက် ပိတ်လိုက်လုပ်ကာ ဒမ်ဘာအားပြန်ကြည့် သည်၊

ဒမ်ဘာသည် ပခုံးများကိုတွန့်လိုက်သည်၊

"ဒါဆိုရင်လည်း ဒီပစ္စည်းဟာ တို့နှစ်ယောက်ပိုင်ပစ္စည်းလို့ ငါထင်ပါတယ်

❒

ဒမ်ဘာသည် တောကြက်ကို ကျကျနနဖျက်ကာ တံစို့နှင့်ထိုးပြီး မီးကင ည်၊ လက်ဖြူသည် ထုံးစံအတိုင်း ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသည်၊ ဗိုလ်ဒမ်ဘာ ည် ကြက်ကို မီးကင်ထားစဉ်အတွင်း မြင်းဇောင်းဆီသို့သွားကာ ကစ္စကိုအား ဂျု ခဲ့ကျွေးသည်၊ လက်ဖြူသည် ဒမ်ဘာ၏နောက်သို့လိုက်လာပြီး ဒမ်ဘာလုပ်သမျှ ကြည့်နေသည်၊ ကိစ္စပြီး၍ ဒမ်ဘာမီးဖိုဘက်သို့ ပြန်လာသည့်အခါ နောက်မှပြန် ်လာပြီး စောစောကပုံစံအတိုင်း ဆောင့်ကြောင့်ထိုင်၍ကြည့်နေပြန်၏၊

တောကြက်သည် အရသာရှိလှ၏၊ အသားကများပြီး ဆူဖြိုးနူးညံ့လှသည်၊ သည် စားနေရင်းမှပင် ရံဖန်ရံခါတွင် အသားစများနှင့်အရိုးများကို လက်ဖြူဘက် ပစ်ပေးသည်၊ သူစား၍ဝသည့်အခါ ကြက်တစ်ကောင်လုံးကို လက်ဖြူနှင့်မနီး ၌ ချထားပေးလိုက်သည်၊ လက်ဖြူသည် ကြက်တစ်ကောင်လုံးကို ကိုက်ချီကာ အမှောင်ထုတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်၊

ဗိုလ်ဒမ်ဘာသည် ကုလားထိုင်တစ်လုံး၌ထိုင်ကာ တိတ်ဆိတ်သောည၏ သံဗလံများကို နားထောင်နေသည်၊ ရောက်စတုန်းကတော့ ဤအသံများသည် စိတ်ကိုချောက်ခြားစေခဲ့ရုံမျှမက အိပ်မပျော်အောင်ဖန်တီးခဲ့၏၊ အခုကတော့

www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုအသံများသည် သူ့နားတွင်ရှိုးသွားကြလေပြီ။

သူသည် စီးကရက်တစ်လိပ်ကို ထပ်၍မီးညှိကာ ဖွာရှုရင်း သူပါဝင်ဆင်နွှဲခဲ့ရသည့် ပြည်တွင်းစစ်ကြီးအကြောင်းကို တွေးနေမိသည်၊ အခုလောက်ဆိုလျှင် စစ်ကြီးပြီးသွားပြီထင်၏၊ သူ့အနေဖြင့် ထိုစစ်အကြောင်းကို မတွေးချင်၊ သို့သော်လည်း မတွေးပဲနေလို့ကမရ၊ စစ်နှင့်ပတ်သက်၍ ဘာသတင်းမှမရသည်မှာ ကြာခဲ့ပြီ၊ အခုလောက်ဆိုလျှင် စစ်ပွဲသည် ပြီးသွားလောက်ပြီထင်၏၊

သူသည် မီးဖိုကိုတုတ်တစ်ချောင်းနှင့် ထိုးဆွနေရင်း ဝံပုလွေအော်သံအူသံများကို နားစွင့်နေသည်၊ ချောင်း၏အောက်ဘက် အတော်ဝေးဝေးတစ်နေရာမှ လာနေခြင်းဖြစ်၏၊ သူသည် သဘာဝလောကတွင်းသို့ရောက်ကာ ပို၍သာယာကောင်းမွန်သော ဘဝတစ်ခုကိုတည်ဆောက်နေမိလေသလား၊

သူအခုရောက်နေသည့်ဘဝတွင် လိုအပ်မှုဟူ၍ အနည်းငယ်မျှသာရှိ၏၊ သူနှင့်အတူရှိနေသော ကစ္စကိုနှင့်လက်ဖြူတို့သည် လူသားများမဟုတ်ကြ၊ သို့သော်လည်း သူတို့ထံမှ မိမိရရှိနေသော သစ္စာစောင့်သိမှုနှင့် ရှိသေလေးစားမှုများသည် လူသားများထံမှ မရနိုင်သည့်အရာများဖြစ်နေသည်၊ သို့ဆိုလျှင် သူတို့နှင့်နေထိုင်ရသည်မှာ မည်မျှလောက်ပျော်စရာကောင်းပါသနည်း၊

သူနှင့်မနီးမဝေးတွင် အင်ဒီးယန်းတွေတော့ရှိ၏၊ ဤလူမျိုးစုသည် အိမ်နီးချင်းကောင်းများအဖြစ် သတ်မှတ်လို့တော့ရ၏၊ သူတို့သည် ရိုးသားသည်၊ ပွင့်လင်းသည်၊ မျှဝေခံစားတတ်သော အကျင့်စရိုက်များလည်းရှိသည်၊ လူမျိုးချင်းခြားနားမှုကိုကြည့်ပါက မိမိသည် သူတို့ထက်ပို၍ အသားဖြူသည်၊ သို့သော်လည်း အသားအရောင်က အရေးကြီးသည်မဟုတ်၊ အတူတူနေ၍ကောင်းခြင်း မကောင်းခြင်းကသာ အဓိကကျသည်ဟု ယူဆသည်၊

ရုတ်တရက် ဒမ်ဘာ၏ခေါင်းသည် လေးလံထိုင်းမှိုင်းလာသည်၊ တစ်ချက်မျှအားရပါးရသမ်းလိုက်သည်၊ လက်ထဲမှဆေးလိပ်ကို မီးဖိုထဲသို့ ပစ်ချလိုက်၏၊

"အိပ်တော့မှပဲ"ဟု သူကိုယ်သူပြောသည်၊ "ဒါပေမဲ့ တစ်ညလုံး အသေကောင် တစ်ကောင်လို အိပ်နေလို့ကတော့ မဖြစ်ဘူး"

□

ဗိုလ်ဒမ်ဘာသည် မနက်စောစောစီးစီး မိုးမလင်းသေးမီ အိပ်မောကျနေရာမှ လန့်နိုးလာသည်၊ သူ့တဲသည် ခါယမ်းလျက်ရှိသည်၊ မြေအပြင်သည် တုန်ခါလျက်ရှိ၏၊ မိုးခြိမ်းသံတမျှ ကျယ်လောင်သောအသံကြီးများကိုလည်း ကြားနေရ၏၊

သူသည် အိပ်စင်ပေါ်၌ဖျတ်ခနဲထထိုင်ပြီး နားစွင့်ထားသည်၊ အသံများသည် အဝေးမှလာခြင်းမဟုတ်၊ ချောင်းအောက်ဘက် မနီးမဝေးတစ်နေရာမှ လာနေခြင်းပေတည်း။

သူသည် ဘောင်းဘီကိုယူဝတ်ကာ ရှူးဖိနပ်များကို ကပျာကရာစီးပြီး



အပြင်သို့ထွက်ခဲ့သည်၊ အသံများသည် ပို၍ကျယ်လာသည်၊ ပရေးရီးမြက်ခင်းလွင်ပြင်တစ်လျှောက်လုံးတွင် ပွဲတင်ထပ်တာမြည်ဟီးနေဆဲဖြစ်၏၊

အသံသည် သူ့ဆီသို့လာနေသည်မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုပေါ်ပေါက်လာလေသလား၊ လျှင်လှုပ်ခြင်း သို့မဟုတ် ရေကြီး စသည် စသည်များလား၊ ဤအသံသည် ရှင်သန်မှုရှိသော အရာတစ်ခုခုက မြေကြီးကိုတုန်ခါအောင်လုပ်နေခြင်းလည်းဖြစ်မည်ဟုထင်၏၊ သူ့အနေဖြင့် မမြင်၍မဖြစ်၊ မြင်အောင်တော့ကြည့်လို၏၊

သူသည် မှန်အိမ်ကိုထွန်းကာ အသံလာရာဘက်ဆီသို့ ဖြည်းဖြည်းချင်းလျှောက်လာခဲ့သည်၊ ကုန်းမြင့်တစ်လျှောက် ကိုက်တစ်ရာခန့်နီးပါးမျှလျှောက်မိသောအခါတွင်မူ မှန်မှားမှားအလင်းရောင်ဖြင့် တစ်စုံတစ်ရာကိုလှမ်းမြင်သည်၊ ပထမတွင် ခုန်လုံးကြီးများ၊ ဖုန်လုံးကြီးများသည် လှိုင်းလုံးကြီးများသဖွယ် တလိပ်လိပ်ထကာ ကောင်းကင်သို့ ထိုးတက်နေကြသည်၊

ဗိုလ်ဒမ်ဘာသည် ရှေ့သို့ဆက်လက်လျှောက်လာခဲ့သည်၊ ထိုအခါတွင် ချက်ခြင်းပင်သိလာရ၏၊ ထောင်နှင့်ချီ၍ရှိနေသောခွာသံများသည် မိုးခြိမ်းသံတမျှကြီးမားကျယ်လောင်သောအသံကြီးများကို ဖန်တီးနေကြခြင်းပေတည်း၊ အလွန်ကြီးမားသော အကောင်ကြီးများ၏ လှုပ်ရှားမှုတစ်ခုသည် အဆမတန်ကြီးမားလှသဖြင့် မြေအပြင်ပါ သိမ့်သိမ့်တုန်နေခြင်းပေတည်း၊

ဗိုလ်ဒမ်ဘာသည် သူ့မျက်စိများကိုပင် မယုံနိုင်အောင်ဖြစ်ရ၏၊ သူမြင်တွေ့သည်မှာ "ကျွဲကြီးများ"ပေတည်း၊ အကောင်အရေအတွက်သည် များပြားလှ၏၊ အကောင်ကြီးများသည် ကြီးမားထွားကျိုင်းလှ၏၊ တစ်ကောင်နောက်သို့ တစ်ကောင်က လိုက်နေကြခြင်းဖြစ်၏၊ မြင်နေရသည်မှာ ကြီးကျယ်ခမ်းနားလှပါဘိသည်၊ သူ့ဘဝတစ်သက်တာပတ်လုံး မေ့နိုင်တော့မည်မဟုတ်သော မြင်ကွင်းကြီးတစ်ခုဖြစ်၏၊

ဤသတ္တဝါများသည် သူရောက်နေသောကမ္ဘာတွင် အဓိပ္ပာယ်ရှိသောအရာများဖြစ်သည်၊ သမုဒ္ဒရာသည် ငါးများအတွက်၊ မိုးကောင်းကင်ပြင်သည် ငှက်များအတွက်၊ လေထုသည် လူသားတို့၏ အဆုတ်များအတွက် နက်ရှိုင်းသော အဓိပ္ပာယ်ရှိကြသည်မဟုတ်ပါလား၊

တကယ်တော့ ဤကျွဲကြီးများသည် ပရေးရီးမြက်ခင်းလွင်ပြင်ကြီး၏ ဘဝပေတည်း၊

ထောင်နှင့်သောင်းနှင့်ချီ၍ ရှိနေသောကျွဲအုပ်ကြီးသည် ချောင်းကမ်းပါးဆက်မှ အရှိန်အဟုန်ဖြင့် ပြေးဆင်းကာ ချောင်းကိုဖြတ်၍ တစ်ဖက်ကမ်းပါးပေါ်သို့ရောက်သွားကြပြီး သူတို့သည် မိုးခြိမ်းသံတမျှကျယ်လောင်သော အသံများကိုပြုလုပ်ကာ ဆက်၍ပြေးနေကြဆဲ၊ သူတို့၏ ခရီးအဆုံးကို သူတို့မှတစ်ပါး အခြားဘယ်သူမှ မသိနိုင်၊

www.burmeseclassic.com



ဒမ်ဘာသည် လက်ထဲမှ မှန်အိမ်ကိုလွှတ်ချလိုက်ပြီး တဲဘက်သို့ပြန်ပြေး သည်၊ ကစ္စကို၏ဇက်ကြိုးကို ဆွဲဖြုတ်ကာ မြင်းရှိရာသို့ဆက်ပြေးသည်၊ ရုပ်အကျီဝတ် ဖို့ပင် သတိမရ။ သူသည် ကစ္စကို၏ကျောပေါ်သို့ လွှားခနဲခုန်တက်ကာ ဖိနပ်သံ မြင့် တို့လိုက်သည်။ ကစ္စကိုသည် လေ၏လျှင်မြန်ခြင်းမျိုးဖြင့် တစ်ဟုန်ထိုးထွက်သွား လေ၏။

▢

ရွာထဲသို့ ဗိုလ်ဒမ်ဘာ ဝင်သွားချိန်တွင် တစ်ရွာလုံးမီးရောင်များဖြင့် ထိန် ထိန်ညီးလျက်ရှိ၏။ သူသည် ရွာလည်ခေါင်မှမီးဖိုကြီးနှင့် ထိုမီးဖိုကြီးအား စုဝိုင်းထိုင် နေကြသော ပရိသတ်ကိုမြင်ရသည်။ ကျွဲခေါင်းဆောင်းထားသည့် လူအများက သည်ကိုလည်း တွေ့ရ၏။ သောသောညံနေသော ဗုံတီးသံများကိုလည်း ကြားနေ လေသည်။

သူသည် မိုင်ပေါင်းအတော်များများ ပရေရီမြက်ခင်းများကြားမှ မြင်း ဒုန်စိုင်းလာရခြင်းဖြစ်၍ မောဟိုက်လျက်ရှိသည်။ ကစ္စကို၏တစ်ကိုယ်လုံးမှာလည်း ဦးခေါင်းမှသည် အမြီးပိုင်းအထိ ချွေးများဖြင့်စိုရွှဲနေသည်၊ သို့တစေလည်း သူသည် သူ့အဖြစ်ကိုရော သူမြင်း၏အဖြစ်ကိုပါမသိ၊ မမြင်၊ မတွေ့။ သူသိသည်မှာ တစ် တည်းသာရှိ၏။

သူသည် သူသိသောအရာကို သံကုန်ဟစ်၍အော်ပြောသည်၊ သို့သော် လည်း အဆက်မပြတ် သီဆိုတီးမှုတ်နေကြသော သီချင်းများနှင့် ဗုံသံများကြောင့် မည်သူမှမကြား၊ သူမြင်းသည် မီးပုံနားအထိရောက်အောင် သူအားခေါ်သွားသည် သူထိန်းပါသော်လည်း မရ။

သူမြင်းသည် ဇာတ်ပွဲအလည်သို့ရောက်သွားသည်။ ကိုမင်ချီအားလုံးသည် ထိတ်လန့်တကြားဖြစ်ကာ ကစဉ့်ကလျားထွက်ပြေးကုန်ကြသည်၊ ဗိုလ်ဒမ်ဘာသည် ကစ္စကို၏ဇက်ကြိုးကိုအားကုန်ထုတ်၍ဆွဲသည်၊ ကစ္စကို၏ရှေ့ခြေနှစ်ဖက်သည် အ ပေါ်သို့မြောက်သွားသည်။ ဗိုလ်ဒမ်ဘာသည် သူ့ကိုယ်သူမဟန်နိုင်၊ မြင်းပေါ်မှနေ၍ နောက်သို့ပက်လက်လန်ကျကာ မြေပေါ်တွင်လိမ့်ဆင်းသွားသည်။

သူလဲကျနေရာမှ မထနိုင်မီ အင်ဒီးယန်းစစ်သည်များသည် သူ့အား ဝိုင်း၍ ခုန်အုပ်ကာ ဖမ်းဆီးချုပ်ကိုင်ကြသည်။ လူတစ်ယောက်၏ တင်းပုတ်သည် ဗိုလ်ဒမ် ဘာ၏ဦးခေါင်းကို ထုနှက်ရန်ရွှယ်ချိန်ရွယ်လျက်ရှိ၏။ သို့သော်လည်း ရှေ့မှတွန်း နေသည့် လူခြောက်ယောက်ကြောင့် ချက်ကောင်းကိုရှာမတွေ့။

အင်ဒီးယန်းများသည် ဒမ်ဘာအား လက်သီးများနှင့်ထိုးကြသည်။ ခြေနှင့် ကန်ကြသည်။ ဖနောင့်နှင့်ပေါက်ကြသည်။ သူတို့လုပ်သမျှကို ကာကွယ်နေရင်းက ဗိုလ်ဒမ်ဘာသည် ကြိုး၍အော်သည်။

"ဘတ်ဖလို"



ထိုအခိုက်မှာပင် သူကြားခဲ့ဖူးသော အသံတစ်သံကိုကြားရသည်၊ သူ့အား ဒိုင်းထားဝိုင်းထားသူများသည် ဘေးသို့ရှဲကုန်ကြသည်။ မြေကြီးပေါ်တွင် သူတစ်ဦး တည်းသာကျန်ခဲ့သည်။ သူ့အား ငုံ့ကြည့်နေကြသည့် လူများထဲမှ တစ်ဦး. . ၊

ခြေကန်ငှက်. . ၊

"ဘတ်ဖလို"ဟု ဗိုလ်ဒမ်ဘာက ပြောသည်။

ခြေကန်ငှက်သည် သူ့မျက်နှာကို ဒမ်ဘာအနီးထိ ကပ်လာသည်။

"ဘတ်ဖလို"

ခြေကန်ငှက်သည် တစ်ချက်မျှ စုတ်သပ်ပြီး ခေါင်းခါသည်။

"ဘတ်ဖလို"

"ဘတ်ဖလို"ဟု ခြေကန်ငှက်က သံယောင်လိုက်၍ ရေရွတ်သည်၊

"ဟုတ်တယ်၊ ဘတ်ဖလို" ဒမ်ဘာ၏မျက်နှာတွင် ဝမ်းသာရွှင်မြူးသည့် အပြုံးရိပ်ဝင်လာသည်။ "ဟုတ်တယ်. . . ဘတ်ဖလို၊ ဘတ်ဖလို"

မောပန်းလွန်းသဖြင့် ဒမ်ဘာသည် စကားဆက်မပြောနိုင်၊ မျက်လုံးများ ကိုမှိတ်ကာ ငြိမ်ဆိတ်နေသည်၊ ခြေကန်ငှက်၏ အင်ဒီးယန်းဘာသာစကားဖြင့် ဟစ် ကြွေးလိုက်သည့်အသံကို ကြားလိုက်ရ၏၊

ကိုမင်ချီများထံမှ ဟစ်ကြွေးလိုက်သံများသည် တစ်ခဲနက်ထွက်ပေါ်လာ သည်၊ နောက်စက္ကန့်အနည်းငယ်မျှအတွင်းတွင် ဒမ်ဘာသည် အင်ဒီးယန်းလူငယ် များ၏ ဝိုင်းမခြင်းကိုခံရသည်၊

သူ့အားဝိုင်းအုံ၍ နှုတ်ဆက်နေကြသည့် အင်ဒီးယန်းများသည် နည်းနည်း နောနောမဟုတ်၊ အားလုံး၏မျက်နှာများသည် ကြည်လင်ရွှင်မြူးနေကြသည်၊

▢▢▢

www.burmeseclassic.com

www.burmeseclassic.com

[၁၈]

လူတိုင်းသွားကြသည်။

မြစ်ကမ်းပါးပေါ်ရှိ နွေရာသီကျေးရွာစခန်းသည် လူသူလေးပါးကင်းမဲ့ထား
တိတ်ဆိတ်ခြောက်သွေ့ပြီး ကျန်ရစ်ခဲ့သည်။ နံနက်အရုဏ်တက်ချိန်တွင် တစ်ရွာလုံး
ရှိ လူအားလုံးတစ်ယောက်မကျန် လူစုလူဝေးဖြင့် ခရီးထွက်သွားကြခြင်းကြောင့်ဖြစ်
တည်း။

ခရီးသွားလူစုလူဝေးကြီးအား အကာအကွယ်ပေးနိုင်ရန်အတွက် လေး
နက်အပြည့်အစုံဖြင့် စစ်သည်များကို အရပ်လေးမျက်နှာသို့ စေလွှတ်ထားသည်
ထိုလူစုသည် ဘေးဘက်မှနေ၍ ကာကွယ်ပေးသွားရန်ဖြစ်၏။ စစ်သည်တော်အုပ်
တစ်စုသည် မြင်းကိုယ်စီဖြင့် ရှေ့ဆုံးမှသွားကြသည်။ သူတို့နောက်မှ မိန်းမများနှင့်
ကလေးသူငယ်များက လိုက်ကြသည်။ အချို့မှာမြင်းများစီး၍ အချို့မှာခြေလျင်

ခြေလျင်သမားများသည် မြင်းများဘေးမှ ဖြည်းဖြည်းအေးအေး လျှောက်
သွားနေကြသည်။ အချို့သော သက်ကြီးရွယ်အိုများမှာ ခြေများကိုဒရွတ်ဆွဲကာ
ကွေးလေးလံစွာ သွားလျက်ရှိကြ၏။ နောက်ဆုံးမှလိုက်ပါလာသော အုပ်စုသည်
အုပ်ကြီးဖြစ်လေသည်။

ဤလူစု၏ခရီးသွားပုံသည် စနစ်တကျရှိခြင်း၊ လျင်မြန်သွက်လက်ခြင်း
လူတိုင်းပင် ကိုယ့်နေရာမှနေ၍ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် လုပ်ဆောင်သွား
ခြင်း စသည်တို့ကြောင့် အံ့သြအားကျစဖွယ်ကောင်းနေသည်။



ဗိုလ်ဒမ်ဘာ၏အပေါ် ဆက်ဆံပုံမှာလည်း ယခင်ကနှင့်မတူ တစ်မူထူးခြား
ခက်ရှိသည်။ ယခင်က သူ့ကိုမြင်လျှင် အားလုံးလိုလိုက သံသယမျက်လုံးများဖြင့်
ကြည့်တတ်ကြ၏။ ယခုအခါတွင်မူ တွေ့သူမြင်သူတိုင်းကပြုံးရယ်ပြီး တရင်းတနှီးနှုတ်
ဆက်တတ်ကြသည်။ စစ်သည်များကလည်း သူနှင့်အတူ အဖျင်းအပျက်များကိုပြော
ကာ ရယ်မောနေတတ်ကြသည်။ ကလေးသူငယ်များကလည်း သူသွားရာနောက်မှ
နောက်ပေါ် လုပ်၍ လိုက်နေတတ်ကြသည်။

နီးနီးကပ်ကပ်နေလာရသောအခါ ဒမ်ဘာသည် ကိုမင်ချီတို့၏ နှစ်လိုဖွယ်
အကျင့်စရိုက်များကို မြင်လာသိလာသည်။ ကိုမင်ချီတို့သည် ဘာသာလဝါနေ
တတ်ကြသူများမဟုတ်ပေ။ သူတို့တွင် အရှက်နှင့်အကြောက်တရားများ ရှိနေသည်ကို
သည်းတွေ့ရ၏။ ပြီးတော့ ပျော်ပျော်နေတတ်သော လူမျိုးများဖြစ်သည်ကိုပါ သိနား
လည်လာရလေ၏။

ကျွဲအုပ်ကြီးများရောက်လာပြီဟူသော သတင်းသည် ကိုမင်ချီတို့၏
ဆင်း စပြုနေသော စိတ်ဓာတ်အင်အားကို ပြန်လည်တက်ကြွရှင်သန်လာစေခဲ့၏။
ထိုလူစု သည် ဆက်ဂိုဝစ်ခံတပ်သို့ မဆိုက်ရောက်မီကတည်းက ကျွဲအုပ်ကြီးကို
ရှာခံရန် ကင်းထောက်များစေလွှတ်ခဲ့သည်ဖြစ်ရာ ယင်းတို့သည် ကျွဲအုပ်ကြီး၏
ခြေရာများကို တွေ့ရှိခဲ့ကြလေပြီ။ ထို့ကြောင့်လည်း ကျွဲအုပ်ကြီးကျက်စားမည့်နေရာကို
တိအကျရှာဖွေသိရှိထားနိုင်ရန် နောက်ထပ်လူများ ထပ်လွှတ်ခဲ့ပြန်သည်။

ကင်းထောက်များသည် ကျွဲအုပ်ကို မတွေ့မချင်း ပြန်မလာကြ။ တွေ့သည့်
အခါတွင်မူ ချက်ခြင်းပြန်လာပြီး သတင်းပို့သည်။ ကောင်းရေမည်မျှအထိ ရှိလိမ့်မည်၊
ပေါင်းမည်မျှဝေးမည်၊ သူတို့၏"အမဲလိုက်ကွင်း" ပတ်လည်၌ဝင်ရောက်နှောက်
ယှက်မည့် ရန်သူများရှိမရှိ စသည့်အချက်များကို လာရောက်အသိပေးကြခြင်းပေ
တည်း။

လူအုပ်ကြီး ခရီးဆက်သွားနေခိုက်တွင် ဒမ်ဘာသည် ခံတပ်သို့ခအောင်
သည်၊ ဆေးလိပ်သောက်ဆေးများ၊ သူခြောက်ကိုမြီးနှင့်ဗိုင်ဖယ်၊ ကျည်နှစ်အကျီနှင့်
ပစ္စည်းတအိတ်များကို ယူ၍ပြန်လာခဲ့သည်။ သူသည် ခြေကန်ငှက်နှင့်အတူ ဘေးချင်း
ယှဉ်၍ မြင်းကိုနှင်လာခဲ့သည်။

မြစ်ကိုဖြတ်ကူးခဲ့ပြီး နောက်ပိုင်းတွင် ခြေကန်ငှက်က လက်ဟန်ခြေဟန်
ဖြင့် သူ့ရှေ့ဆုံးမှသွားနေသူနှစ်ဦးထံ ခေါ်သွားသည်။ ဒမ်ဘာအဖို့ ကျွဲအုပ်၏ခြေရာ
ကို ပထမဆုံးအကြိမ်တွေ့မြင်ဖူးခြင်းဖြစ်၏။ ကျွဲအုပ်ကြီးသွားထားသည့် လမ်း
ကြောင်းတစ်လျှောက်တွင် ရှိရှိသမျှမြက်ပင်များသည် စိစိညက်ညက်ကြေမွနေကြ
သည်၊ လမ်းအကျယ်သည် မိုင်ဝက်ခန့်မျှရှိသည်ဖြစ်ရာ အဝေးပြေးလမ်းမကြီးတစ်ခု
နှယ် ဘစ်မျှော်တစ်ခေါ်ကြီးဖြစ်နေသည်။ လမ်းတစ်လျှောက်တွင် ကျွဲချေးပုံကြီးများ
အမြောက်အမြား မြင်တွေ့နေရ၏။

ခြေကန်ငှက်က အလွန်အလှမ်းကွာဝေးသည့်နေရာမှ တလိပ်လိပ်တက်

www.burmeseclassic.com



နေသောဖုန်လုံးနှစ်ခုကို လက်ညှိုးထိုးပြသည်။ မြင်နေရသည်မှာ ရေးတေးတေးမျှသာ ဖြစ်၍ ထိုမျှသေးသွယ်သည့်အရာများကို မြင်သည့်အတွက် အံ့ဩနေမိ၏။ ဖုန်လုံးနှစ်လုံးသည် တဖြည်းဖြည်းနှင့်နီးလာခဲ့ရာ နောက်ဆုံးတွင် မိမိတို့ထံပြန်လာသည့် ကင်းထောက်နှစ်ဦးဖြစ်နေသည်ကို တွေ့ရလေ၏။

ကင်းထောက်နှစ်ဦးသည် ဝက်ဝံကြီးရှေ့၌ရပ်ကာ ရရှိလာသည့်သတင်းကို ပြောပြလျက်ရှိသည်။ အကယ်၍သာ ဒမ်ဘာသည် ကိုမင်ချီဘာသာစကားကို နား လည်မည်ဆိုပါက ကျွဲအုပ်ကြီးသည် မိမိတို့ ယခုရောက်နေသည့်နေရာ၏ တောင် ဘက်ဆယ်မိုင်ခန့်အကွာရှိ တောင်ကြားကြီးတစ်ခုအတွင်း၌ အခြေစိုက်၍ကျက်စား နေကြပြီဟူသော သတင်းကိုနားလည်နိုင်ဖွယ်ရာရှိသည်။ အခုချက်ခြင်း ခရီးထွက် သွားကြမည်ဆိုပါက ယခုညတွင် ထိုနေရာသို့ဆိုက်ရောက်သွားနိုင်သည်ဟူသော အချက်ကိုလည်း သိလာဖို့ရှိလေသည်။

အပြန်အလှန်ပြောဆိုနေကြသည့် စကားများသည် လှုပ်ရှားတက်ကြွလာ ကြသည်။ ဒမ်ဘာသည် စကားဝိုင်းတွင် စိတ်ဝင်စားသဖြင့် ရှေ့သို့တိုးသွားမိ၏။ သို့သော်လည်း သူနားမလည်။ ကင်းထောက်များသည် ရှေးဦးစွာ တောင်ဘက်သို့ လက်ညှိုးထိုးပြသည်။ ထို့နောက် အရှေ့ဘက်သို့ထိုးပြပြန်သည်။

နားထောင်နေသူများ၏ မျက်နှာထားများသည် တည်ငြိမ်သွားကြသည်။ ကင်းထောက်များအား ပြန်၍မေးခွန်းများထုတ်နေကြသည်။ ဝက်ဝံကြီးသည် မြင်း ပေါ်၌ထိုင်လျက်နှင့်ပင် သူ့အတိုင်ပင်ခံလူကြီးများနှင့် ဆွေးနွေးလျက်ရှိ၏။

မကြာခင် ကင်းထောက်နှစ်ဦးသည် သူတို့အနားမှ ထွက်ခွာသွားကြသည်။ ခြေကန်ငှက်သည် ဗိုလ်ဒမ်ဘာအား လှည့်ကြည့်သည်။ သူ့မျက်နှာထားသည် ဒမ်ဘာ မျှော်လင့်ထားသလိုမဟုတ်။ တစ်မျိုးတစ်ဖုံထူးခြားလျက်ရှိ၏။

သူ့နောက်မှ မြင်းခွာသံများကြားသဖြင့် ဗိုလ်ဒမ်ဘာက လှည့်ကြည့်သည် ကိုလူကြမ်းခေါင်းဆောင်သော စစ်သည်တော်ဆယ့်နှစ်ဦးအဖွဲ့သည် ကင်းထော တစ်ဦးကိုခေါ်၍ အရှေ့စူးစူးသို့ထွက်သွားကြသည်ကို တွေ့လိုက်ရ၏။

ခရီးသည်အုပ်စုသည် ရှေ့ခရီးကို ဆက်လက်ထွက်ခွာကြသည်။ ခြေကန် ငှက်သည် စောစောကလိုပင် ဒမ်ဘာ၏ဘေးသို့ ပြန်ရောက်လာသည်။ ဒမ်ဘာ၏ မျက်လုံးများတွင် မေးခွန်းများဖြင့်ပြည့်နေသည်ကို ခြေကန်ငှက်သတိထားမိ၏ သို့သော်လည်း ဤအတိတ်နိမိတ်ဆိုးအကြောင်းကို ဒမ်ဘာနားလည်သဘော ပေါက်အောင် ရှင်းလင်းပြောပြရန်မှာမလွယ်။

ကျွဲစားကျက်ကွင်း၏ အနီးအနားတစ်ဝိုက်တွင် ရန်သူများရှိနေသည်ကို ကင်း ထောက်များက တွေ့ခဲ့ကြ၏။ သူတို့နှင့်အလှမ်းကွာသည့် အခြားကမ္ဘာတစ်ခု ရန်သူ များဖြစ်သည်။ သူတို့သည် ရိုင်းစိုင်းရက်စက်ကြ၏။ တန်ဖိုးမရှိသော လူများဖြစ်၏။ လူစိတ်ကင်းမဲ့သူများဖြစ်၏။ မိမိတို့ကိုမင်ချီများလို လူ့အခွင့်အရေး လူလိုသူလို စဉ်းစားဆင်ခြင်သုံးသပ်တတ်သူများ မဟုတ်ကြ။ ထိုလူစုအား အပြစ်ဒဏ်



ခတ်ရန်မှာ မိမိတို့၏ အရေးကြီးသောတာဝန်ကြီးတစ်ရပ်ဖြစ်သည်။

ခြေကန်ငှက်သည် ဗိုလ်ဒမ်ဘာ၏ မေးခွန်းမျက်လုံးများကို ရင်မဆိုင်မိ အောင်ရှောင်သည်။ လေဆံပင်တို့အဖွဲ့ ထွက်သွားရာဘက်သို့ မျှော်ကြည့်နေသည်။ ထိုလူစုသည် အရှေ့အရပ်ဆီသို့ထွက်သွားနေခြင်းဖြစ်၍ သူတို့နောက်ဘက်တွင် ဖုန် လုံးကြီးများသည် ထောင်းထောင်းထကျန်ရစ်ခဲ့ကြသည်။ ခြေကန်ငှက်သည် လေဆံ ပင်တို့အဖွဲ့ အောင်မြင်ရပါစေဟု စိတ်ထဲကကြိတ်၍ဆုတောင်းနေမိလေသည်။

❑

ဗိုလ်ဒမ်ဘာသည် သူ့ရှေ့အလွန်အလှမ်းဝေးသောနေရာ တစ်နေရာမှ ...င်းဆီရောင်သမ်းနေသော ကုန်းမို့မို့များကိုမြင်သည်။ ယင်းတို့အပေါ်တွင် အမဲစက် ...ကလေးများကိုလည်း မြင်တွေ့နေရ၏။ အနည်းငယ်နီးကပ်လာသည့်အခါ ထိုအမဲ ...က်ကလေးများ ရွေ့လျားနေသည်ကို သူသတိပြုမိသည်။

ခြေကန်ငှက်က သူ့အား ရှေ့ဆုံးသို့ခေါ်ထားခြင်းသည် ရည်ရွယ်ချက်ရှိ ...သည်။ သူ့ရည်ရွယ်ချက်သည် မိမိအား ဒုက္ခပေးရန်မဟုတ်။ ပညာပေးရန်ဖြစ်သည်။ ...ညာပေးရာ၌ ပါးစပ်ကသင်ကြားပြသပေးခြင်းထက် လက်တွေ့မြင်အောင်ပြသခြင်း ...ပိုမို၍ထိရောက်သည် မဟုတ်ပါလား။ ရှေ့ဘက်၌နေရခြင်းသည် တာဝန်ကြီး၏။ ခြေကန်ငှက်သည် ဗိုလ်ဒမ်ဘာမြင်တွေ့နေရသည့်အရာကို အရင်ကမမြင်ဖူးခဲ့သဖြင့် ...သူးအဆန်းတစ်ခုသဖွယ် ဖြစ်လျက်ရှိလေသည်။

အရပ်ဆိုးအကျည်းတန်သော မြင်ကွင်းတစ်ခုနှင့် ထိပ်တိုက်တိုးရတော့မည် ...ဒမ်ဘာထင်သည်။ သူ့စိတ်ထဲတွင် ပြောပြချင်စိတ်ကတော့ရှိ၏။ သို့သော်လည်း ...ပြောဖြစ်။ ပြောပြရမည်မှာ ဝန်လေးလှသဖြင့် ပြောချင်စိတ်ကို မျိုသိပ်ထားလိုက် ...သည်။

သူရောက်ကြည့်သည့်အခါ စုစုပေါင်းကျွဲကောင်ရေ နှစ်ဆယ့်ခုနှစ်ကောင် ...သည်။ ကျွဲတစ်ကောင်ချင်းစီအပေါ်၌ အုံခဲနေသည့်ကျီးကန်းများမှာ ရေတွက်၍မရ ...လောက်အောင်များပြားနေသည်။ အချို့ကျီးကန်းများသည် ကျွဲသေကောင်၏ဦး ...းပိုင်း၌အုံကာ မျက်လုံးများကို ထိုးဖောက်စားသောက်နိုင်ရန် လုယက်နေကြ ...သည်။

ဝံပုလွေများသည် အရပ်လေးမျက်နှာမှ ပေါ်လာနေကြသည်။ သူတို့ ...သည် ကျွဲသေကောင်များဆီသို့ ချဉ်းကပ်လာနေကြခြင်းဖြစ်၍ အနားကပ်မိသည်နှင့် ...ပြိုင်နက် ကျွဲသေ၏ပခုံးများ၊ ပေါင်များ၊ တင်ပါးများနှင့်ဝမ်းဗိုက်များကို ...လုအယက်ဆွဲကိုက် စားသောက်ကြလိမ့်မည်မှာ သေချာလျက်ရှိလေသည်။

မည်သို့ပင်ဖြစ်စေ ဤကျွဲသေအားလုံး၏ အလေးချိန်စုစုပေါင်းသည် ပေါင် ...သောင်းငါးထောင်ခန့် ရှိလိမ့်မည်ဖြစ်ရာ ဤဒေသပတ်ဝန်းကျင်ရှိ ဝံပုလွေများ ...သင်လင်စားသောက်ခွင့် ရဖို့ဆိုသည်မှာ ဖြစ်နိုင်စရာလမ်းမရှိဟု ထင်မိ၏။ ဤအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



သေများ၏ အသားများသည် ပူပြင်းလှသောနေရောင်အောက်တွင် ကြာရှည်ခံနိုင်ဖွယ် ရာ လမ်းလည်းမရှိချေ။ မကြာမီ ပုပ်သိုးကုန်ကြတော့မည်ဖြစ်ရာ နောက်ကျမှ ရောက်လာမည့် ဝံပုလွေများအတွက် စားခွင့်သောက်ခွင့် ရနိုင်စရာလမ်းမရှိတော့

ဤကျွဲများကို ပစ်ခတ်သတ်ဖြတ်ပြီး အခုလိုစွန့်ပစ်ထားခဲ့သည်မှာ ကြောင့်နည်း. . ။ မိမိ၏မိတ်ဆွေ ကိုမင်ချီအင်ဒီးယန်းများအား သတိပေးသည့်အ ဖြင့် တမင်သတ်ဖြတ်ပြီး ထားပစ်ခဲ့ခြင်းလား. . ။

တစ်ခုတော့ သူသတိထားလိုက်မိ၏။ ကျွဲနှစ်ဆယ့်ခုနှစ်ကောင်စလုံး သား ရေများကိုမူ ခွာယူသွားကြသည်။ စေ့စေ့စပ်စပ်လိုက်လံကြည့်ရှုနေသော ဗိုလ်ဒမ်ဘာ သည် အကြီးဆုံးသော ကျွဲကြီးတစ်ကောင်၌ လျှာအဖြတ်ခံထားရသည် ကိုတွေ့သည်။ ထိုအခါ ကျွဲသေကောင်တိုင်းကို လိုက်လံကြည့်ရှုမိသည်။ ကျွဲအ လုံး၏လျှာများကို ဖြတ်ယူသွားကြသည်မှာ သေချာနေပေပြီ။

ဤမြေပေါ်၌ အတုံးအရုံးလဲကျသေဆုံးနေကြသော ကျွဲများကို ကြောင့်သတ်သွားကြသနည်း။ အဖြေမှာရှင်း၏။ ကျွဲလျှာများနှင့်ကျွဲရေများကို လို ကြ၍ သတ်ကြခြင်းပေတည်း။ သူတွေ့ခဲ့ဖူးသော လူသတ်မှုတစ်ခုကို သတိရမိသည် လက်စွပ်ကိုလိုချင်၍ လူသတ်ပြီးလက်ဖြတ်ယူသွားသော လူသတ်မှုဖြစ်၏။ ယခု များကို သတ်သွားခြင်းသည် ထိုလူသတ်မှုနှင့်ကွာခြားမှု ရှိပါ၏လော။

မမွေးဖွားသေးသော ကျွဲပေါက်စလေးတစ်ကောင်ကို သူမြင်ရသည်။ ကျွဲမကြီး၏ဝမ်းထဲမှ တစ်ပိုင်းတန်းလန်း ထွက်ကျနေခြင်းဖြစ်၏။ သူသည် ခြေ ငုက်၏မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ နတ်ဆရာသည် မမွေးဖွား ကျွဲသေပေါက်စကိုကြည့်ကာ မျက်စိမျက်နှာပျက်နေသည်။

ဗိုလ်ဒမ်ဘာသည် ခရီးဆက်နေကြသော လူတန်းကြီးကို လှည့်ကြ သည်။ လူအများကတော့ အသွားမပျက်၊ ဆက်လက်၍သွားနေဆဲ. . ။ တစ် ခင်းလုံး လှုပ်လှုပ်ရှားရှားနှင့် စကားတွေဖောင်လောက်အောင် ပြောလာခဲ့ကြ လူအုပ် သည် အခုကျတော့ ငြိမ်ဆိတ်နေကြသည်။ သူတို့၏မျက်နှာများမှာ မနက်ခင်းကလို ရွှင်လန်းတက်ကြွခြင်းမရှိ။ သူတို့လာခဲ့သောခရီး၏ရှေ့တွင် တစ်ခုကခံနေသည်ကို သိနေကြပြီမဟုတ်ပါလား. . ။

□

သူတို့လူစုသည် ညမိုးချုပ်ခါမှပင် အမဲလိုက်ကွင်းများဆီသို့ ဆိုက် သွားကြသည်။ မိန်းမများနှင့်ကလေးသူငယ်များသည် သားရေရွက်ထည်တဲ ချက်ခြင်းထိုးကြသည်။ ယောကျ်ားအများစုကတော့ ကျွဲအုပ်၏အခြေအနေကို လာရန်ထွက်ခွာသွားကြသည်။

ဗိုလ်ဒမ်ဘာသည် ယောကျ်ားအုပ်စုနှင့်လိုက်သွားသည်။ စခန်းသ တစ်မိုင်ခန့်အကွာသို့အရောက်တွင် စောစောက ကြိုတင်ချိန်းဆိုထားသည့်အ



ကင်းထောက်သုံးဦးနှင့် ဆုံမိကြသည်။ ကင်းထောက်သုံးဦးသည် ကျယ်ဝန်းသော ရေလွှဲပေါက်ကြီးတစ်ပေါက်နှင့် ကိုက်တစ်ရာခန့်အကွာတွင် တဲငယ်တစ်လုံးကိုထိုး ကာ စခန်းချနေကြလေသည်။

ကိုမင်ချီခြောက်ဆယ်နှင့် လူဖြူတစ်ယောက်သည် မြင်းများကို အောက် ဘက်၌ထားခဲ့ကာ တောင်ကုန်းပေါ်သို့တက်သွားကြသည်။ ကုန်းထိပ်နှင့်နီးလာ သည့်အခါ သူတို့သည် မြေကြီးပေါ်၌ဝပ်ကာ လေးဖက်တွား၍ဆက်သွားကြသည်။

ဗိုလ်ဒမ်ဘာက ခြေကန်ငုက်၏မျက်နှာကို မျှော်လင့်ချက်ကြီးစွာဖြင့်ကြည့် သည်။ ခြေကန်ငုက်က ရှေ့တည့်တည့်သို့ လက်ညှိုးထိုးပြပြီး ပါးစပ်ပိတ်၍ ဆိတ်ဆိတ် နေရန် အရိပ်အခြည်ပြသည်။ သူတို့လူစုသည် သူတို့ရောက်လိုသောနေရာသို့ ရောက် နေကြပြီဟု နားလည်လိုက်သည်။

သူ့ရှေ့ပေအနည်းငယ်အကွာမှ စတင်၍နိမ့်ဆင်းသွားသော မြေအပြင် သည် အခြားတစ်ဖက် မိုးကုပ်စက်ဝိုင်းအထိ ဖြစ်သည်။ သူတို့သည် ချောက်ကမ်းပါး ကြီးတစ်ခု၏နောက်ဘက်၌ ရောက်နေကြခြင်းဖြစ်၏။ ပရေးရီးမြက်ခင်းပြင်ပေါ်မှ ဖြတ်သန်းတိုက်ခိုက်လာသော လေအေးသည် သူ့မျက်နှာကို ထိတွေ့ပွတ်သပ်နေ သည်။ ဗိုလ်ဒမ်ဘာသည် အောက်ဖက်သို့တစ်ချက်မျှင့်ကြည့်သည်။ အနက်ပေ သည် ပေတစ်ရာခန့်တော့ရှိလိမ့်မည်ဟု ခန့်မှန်းရ၏။

တခမ်းတနားရှိလှသော တောင်ကြားကြီးတစ်ခုဖြစ်၏။ အကျယ်သည် လေးမိုင်ငါးမိုင်ခန့်ရှိ၍ ဤဘက်မှ မျက်နှာချင်းဆိုင်ဘက်သို့သွားမည်ဆိုပါက အနည်း ဆုံး ဆယ်မိုင်ခန့်ရှိပေလိမ့်မည်။ မြက်မျိုးစုံပေါများကြွယ်ဝစွာ ပေါက်ရောက်လျက်ရှိ သော နေရာတစ်ခုပေတည်း။

သို့သော်လည်း ဗိုလ်ဒမ်ဘာသည် မြက်များကိုလည်းမမြင်၊ တောင်ကြား ၏ အကျယ်အဝန်းကိုလည်း သတိမထားမိ။ နေဝင်တော့မည်အဖြစ်ကိုလည်း ဂရုမပြု နိုင်၊ သူတအံ့တသြကြည့်နေမိသည်မှာ တောင်ကြားတစ်ခုလုံးကို ဖုံးလွှမ်းသွားတော့ တောက် များပြားလှသော ကျွဲအုပ်ကြီးသာဖြစ်လေသည်။

ဤမျှလောက်များပြားသော ကျွဲများကို သူတစ်ကြိမ်တစ်ခါမှ မြင်ဖူးခဲ့သည် မဟုတ်။ အခု သူမြင်နေရသော ကျွဲများသည် မည်မျှလောက်များပြား ပါသနည်း။ သောင်းရှိမလား. . ။ ခုနှစ်သောင်းရှိမလား. . ။ ဒါမှမဟုတ် တစ်သိန်းလောက်ရှိမ လား. . ။

သူသည် အံ့မခန်းရှိလှသောမြင်ကွင်းကို ပါးစပ်အဟောင်းသားဖြင့် ငေး ကြည့်နေသည်။ ခြေကန်ငုက်က သူ့ပခုံးကို ထိလိုက်ခါမှပင် သူ့တွင် အသိပြန်ဝင်လာ သည်။ သူသည် ခေါင်းကို နောက်သို့လှည့်ကာ ပြန်ကြည့်သည်။ အင်ဒီးယန်းများသည် င်ခြေလျှောအတိုင်း ပြန်၍ဆင်းသွားနေကြလေပြီ။

□

www.burmeseclassic.com

www.burmeseclassic.com



မြင်းများကို အမှောင်ထုအတွင်းမှဖြတ်၍ နာရီဝက်ခန့်စီးမိသည့်အခါ ရှေ့တည့်တည့်မှ မီးဖိုများကို မြင်ရသည်။ ဒမ်ဘာ၏စိတ်အာရုံတွင် အိပ်မက်တစ်ခု မက်နေသည့်နှယ် ခံစားလိုက်ရ၏။

"အိမ်ကိုပြန်ရောက်ပြီ"ဟူသော အတွေးဝင်လာသည်။

"ဖြစ်နိုင်ပါ့မလား. . .။အိမ်ကိုပြန်ရောက်ပြီဆိုတဲ့ အတွေးဟာ ဟုတ်နိုင်ရဲ့ မလား"။ အမှန်တော့ သူသည် လူရိုင်းနှစ်ရာအခြေစိုက်ထားသော ယာယီစခန်းတစ်ခု မှ မီးဖိုများကိုမြင်ခဲ့ရခြင်းဖြစ်၏။ သူနှင့်လူရိုင်းများသည် အသားအရောင်ချင်းလည်း မတူ၊ ဘာသာစကားကျတော့လည်း ကွဲပြားခြားနား၏။ ယုံကြည်မှုကျတော့လည်း တခြားစီဖြစ်၏။ သို့ဆိုလျှင် ဤစခန်းကို ဘာ့ကြောင့်သူ့အိမ်သူ့ယာလို သဘောထား လိုက်မိပါသနည်း။ သို့သော်လည်း သူသည် ယနေ့ည အဆမတန်ပင်ပမ်းနွမ်းနယ် နေသည်။ ဤအတွက်ကြောင့်ပင်လျှင် ဤစခန်းမှ မီးဖိုများကို မြင်လိုက်ရုံဖြင့် သူ့အိမ်ကိုပြန်ရောက်ပြီဟု တွေးလိုက်မိခြင်းဖြစ်ပေလိမ့်မည်။

ဒမ်ဘာဘေးပတ်ပတ်လည်မှ အင်ဒီးယန်းများသည်လည်း ဒမ်ဘာလိုပြင် သည်။ သူတို့စခန်းတွင်းမှ မီးဖိုများကိုမြင်တွေ့လိုက်ကြသည်နှင့် တစ်ပြိုင်နက် ဝမ်းသာ ရွှင်မြူးသွားကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားတွေဖောင်လောက်အောင် ပြောလာကြသည်။

မြင်းများကလည်း သူတို့၏အိမ်နံ့ကိုရကြသည်။ ရှင်လန်းတက်ကြွစွာဖြင့် ခြေလှမ်းများကို လျင်မြန်သွက်လက်စွာ လှမ်းကြသည်။ စခန်းနှင့်မိုင်ဝက်ခန့်အကွာ သို့ ရောက်သည့်အခါ စခန်းတွင်းမှ သီချင်းဆိုသံများနှင့် ဗုံတီးသံများကြားကြရ၏ အင်ဒီးယန်းများသည် ပို၍လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ သူတို့ထံမှ သံသေး ကြောင်ဖြင့် အော်ဟစ်သံများထွက်ပေါ်လာသည်။ သူတို့၏အော်သံများသည် တစ်ခ တစ်ရံတွင် ကိုဟိုတီးဝံပုလွေအော်သံများနှင့် တူလှချေသည်။ ကြာလာတော့လည်း ဒမ်ဘာကိုယ်တိုင်ပင် ဝင်၍အော်မိသည့်အဖြစ်သို့ ရောက်သွားရလေ၏။

စခန်းတွင်းမှ လူများသည် အော်သံဟစ်သံများကြားသဖြင့် ပြေးထွက်လာ ကြသည်။ မြင်ရတွေ့ရသည်မှာ စိတ်ကြည်နူးစရာကောင်းလှ၏။ ဒမ်ဘာ၏ရင်ထဲမှ စိတ်၏သာယာအေးချမ်းမှုသည် လှိုင်းထလျက်ရှိ၏။ သူ့စိတ်အာရုံထဲတွင် စခန်းတွင်း ၌ မြင်းလှည်းကြီးတစ်စီးနှင့် လူဖြူများရောက်နေသည်ဟု မြင်နေထင်နေမိ၏။

တကယ်ကျတော့လည်း လှည်းကြီးတစ်စီးဆိုက်ထားသည်ကို မြင်ရသည်။ အနီးအနားတွင် လူဖြူဟူ၍တစ်ယောက်မှမရှိ။ သူသည် စခန်းတွင်းရှိ နေရာတိုင်း စေ့စပ်သေချာစွာ ကြည့်မိသည်။ လူဖြူနှင့်တူသောအရာဆို၍ ဘာမှမတွေ့၊ သို့ဆို လျှင် ဘာ့ကြောင့် ဤလှည်းကြီးရောက်နေရသနည်း။

နေ့ခင်းက လေဆံပင်ဦးစီးသော စစ်သည်တော်များအဖွဲ့တစ်ဖွဲ့ ခရီးထွက် သွားသည်ကို သူသတိရလိုက်မိ၏။ အခုကျင်းပနေကြသော ကခုန်ပွဲသည် သာမန် လုပ်ရိုးလုပ်စဉ်ပွဲတစ်ပွဲမဟုတ်သည်ကိုလည်း ဒမ်ဘာသတိထားမိလာသည်။ သူ



လက်ထဲ၌ ကိုင်ထားသည့်လှံကြီးများကိုမြှောက်၍ ကခုန်နေကြခြင်းဖြစ်သဖြင့် ဒမ်ဘာအဖို့ စိတ်ဝင်စားစရာဖြစ်လာသည်။

ကခုန်နေကြသူများထဲတွင် လေဆံပင်ကိုယ်တိုင်ပါဝင်နေသည်ကို မြင်ရ သည်။ လေဆံပင်သည် အလွန်ပျော်ရွှင်မြူးတူးလျက်ရှိ၏။ ဒမ်ဘာ၏မျက်လုံးများ သည် လှံ၏ထိပ်ဖျားသို့ရောက်သွားသည်။ သူ့ရင်သည် ထိတ်ခနဲဖြစ်သွားသည်၊ လှံ ထိပ်၌ တလူလူလွင့်နေသည့် ပစ္စည်းသည် လူ့ခေါင်းမှဦးရေခွံတစ်ခုဖြစ်၏။ လတ်လတ် ဆတ်ဆတ်ခွာယူလာသည့် ဦးရေခွံပေတည်း။ ဆံပင်မှာအနက်ရောင်ဖြစ်၍ တွန့်လိမ် ကောက်ကွေးနေကြသည်။

ဒမ်ဘာ၏အကြည့်သည် အခြားလှံနှစ်ချောင်းဆီသို့ ရောက်သွားသည်၊ ဦးရေခွံနှစ်ခုကို ထပ်မြင်ရပြန်သည်၊ ဦးရေခွံတစ်ခု၏ဆံပင်အရောင်သည် အညို ရောင်ဖျော့ဖျော့ဖြစ်၍ နောက်တစ်ခု၏အရောင်သည် ရွှေရောင်ခပ်ဖျော့ဖျော့ဖြစ်၏။ သူ သည် လှည်းကြီးဆီသို့ ဖျတ်ခနဲလှမ်းကြည့်သည်၊ လှည်းပေါ်၌ အထပ်လိုက်တင် ထားသည့် ကျွဲရေလတ်လတ်ဆတ်ဆတ်များ. . ။

ဒမ်ဘာသည် အခြေအနေမှန်ကို ချက်ခြင်းတွေးမိသည်။ ဤကျွဲရေများနှင့် ဦးရေခွံများသည် မိမိမြင်ခဲ့ရသည့်ကျွဲများကို သတ်ခဲ့ကြသော လူဖြူများ၏ပစ္စည်းများ ပေတည်း။ သို့ဆိုလျှင် ဤကပွဲကိုပြုံးရယ်ပြီးကြည့်နေသည့် ခြေကန်ငှက်သည် ဒမ်ဘာ အားမြင်လိုက်သည့်အခါ သူ့မျက်နှာထက်မှ အပြုံးရိပ်သည် ပျောက်ကွယ်သွားသည်။ သူသည် ဒမ်ဘာ၏အကြည့်နှင့် ရင်မဆိုင်ပဲ ပြန်လှည့်သွားသည်။

ခြေကန်ငှက်၏ နှလုံးသားသည် သူနှင့်အတူရှိစေချင်လှပါ၏။ သို့သော် လည်း သူဆန္ဒသည် ဖြစ်နိုင်ပါမည်လော. . ။ လက်တွေ့အားဖြင့် မလွယ်ကူသောကိစ္စ တစ်ရပ်ဖြစ်ချေသည်။ သူသည် ကစ္စကိုနှင့်အတူ စခန်းပြင်ဘက်သို့ ထွက်ခွာလာခဲ့ သည်။ သူသည် မီးဖိုများနှင့်အလွန်ဝေးရာဆီသို့ ရောက်သည်အထိ ကစ္စကိုအား ခေါ်လာခဲ့၏။

ထို့နောက် တစ်နေရာအရောက်တွင် ကစ္စကို၏အပေါ်မှ ဆင်းသည်၊ အိပ် ရာခင်းကို ဖြန့်ခင်းကာ လှဲချလိုက်ပြီး ကောင်းကင်ထက်မှ ကြယ်များကို ငေးကြည့်နေ သည်၊ အသတ်ခံသွားရသော လူဖြူများသည် လူဆိုးများဖြစ်၍သာ အခုလိုအသတ်ခံ ရခြင်း ဖြစ်သည်ဟု တွေးမိအောင် သူ့ကိုယ်သူ ဖျောင်းဖျသည်။ လေဆံပင်နှင့်ခြေကန် ငှက်တို့သည် ဤလူဖြူများအား သတ်ဖြတ်ရာ၌ သိတ်ပြီးစိတ်ချမ်းသာကြလိမ့်မည် မဟုတ်ဟုထင်မိရန်လည်း ကြိုးစားသည်၊ သို့သော်လည်း သူ၏ကြိုးစားအားထုတ်မှု သည် အချည်းနှီးသာလျှင်ဖြစ်၏။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသည်။ ဒမ်ဘာ၏အတွေးရေယဉ်သည် စီးမျောလျက်ရှိ၏၊ သူသည် အင်ဒီးယန်းလူမျိုးမဟုတ် အခုအတိုင်းဆိုပါက သူသည် လူဖြူအမျိုးသားလည်းမဟုတ်၊ သူ့ကို ဘယ်သူတွေက ပိုင်ဆိုင်ကြပါလိမ့်. . .

ဝမ်းနည်းကြေကွဲစိတ်က ပြင်းထန်လာသဖြင့် ငိုချလိုက်ချင်သောစိတ်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန်လာသည်။ သို့သော်လည်း သူ့စိတ်သူချုပ်တည်းသည်။ ချုပ်တည်းနေသည့်ကြား မှပင် ငိုရှိုက်သံသည် ထွက်ပေါ်လာနေသည်။

□

တစ်စုံတစ်ယောက်က သူ့အား ပုတ်နှိုးလိုက်သလို ခံစားရသည်။ သူသည် အိပ်ပျော်နေရာမှ ဖျတ်ခနဲလန့်နိုးလာသည်။ သူ့ကိုယ်ပေါ်မှစောင်သည် လေးလံလှ၏။ စောင်ပေါ်တွင် နှင်းသီးနှင်းစက်များ လွှမ်းခြုံလျက်ရှိသည်။

သူသည် စောင်ကိုတွန်းဖယ်ချလိုက်ပြီး မြူနှင်းများ ဆိုင်းနေသည့် နံနက်ခင်းအလင်းရောင်ကို ရင်ဆိုင်လိုက်သည်။ ကစ္စကိုသည် သူ့ရှေ့ ပေအနည်းငယ်အကွာရှိ မြက်ပင်များကြား၌ ရပ်နေသည်။ ကစ္စကို၏နားရွက်များသည် ထောင်လျက်ရှိလေသည်။

သူ့နောက်ကျောကို တစ်စုံတစ်ခုကလာ၍ကန်သည်။ အသာအယာကလေး တန်လိုက်ခြင်းဖြစ်၏။ ဒမ်ဘာသည် ကိုယ်ပေါ်မှစောင်ကိုဖယ်ချကာ မော့ကြည့်သည်။ သူ့အားငုံ့ကြည့်နေသည့် လူတစ်ယောက်. . .။

လေဆံပင်ဖြစ်သည်။ လေဆံပင်၏မျက်နှာတွင် ဆေးရောင်စုံခြယ်လိမ်း ထားသည်။ ရွှံ့စေးရောင်နှင့်အဝါရောင်များကို အတန်းလိုက်ဆွဲ၍ လိမ်းခြယ်ထားခြင်း ဖြစ်၏။ သူ့ပခုံးတွင် ရိုင်ဖယ်သေနတ်အသစ်တစ်လက် လွယ်ထားသည်။ သူသည် ပခုံးမှ သေနတ်ကိုဖြုတ်ယူလိုက်၏။ ဗိုလ်ဒမ်ဘာသည် အသက်ရှူရပ်သွားသည်။ မိမိ အလှည့်သို့ရောက်လာပြီဟု ထင်လိုက်၏။

သို့သော်လည်း ရိုင်ဖယ်သေနတ်ကို ကိုင်ထားသောလေဆံပင်သည် ဒမ်ဘာအား ကြည့်၍ပြုံးနေသည်။ ပြီးတော့ ကိုမင်ချီဘာသာဖြင့် စကားအနည်းငယ် ပြောသည်။ ဒမ်ဘာက နားမလည်သဖြင့် နဝေတိမ်တောင်ဖြစ်လျက်ရှိ၏။ လေဆံပင်သည် လက်ထဲမှရိုင်ဖယ်သေနတ်ကို မြှောက်၍ ချိန်ပြသည်။ ပြီးတော့ လက်နှင့်အစား တစ်ခုခုကို ပါးစပ်ထဲထည့်ဟန်ပြသည်။ ထို့နောက် သူ့သမင်ရေဖိနပ်ဦးဖြင့် ဒမ်ဘာ၏နံဘေးကို အသာအယာ ထပ်၍ကန်ပြန်သည်။

□

ရွာထဲရှိ ကြံ့ခိုင်သန်စွမ်းသူမှန်သမျှ မြင်းကိုယ်စီစီးကာ လေအောက်ဘက်၌ နေ၍ဝင်ကြသည်။ စီထားပုံမှာ လခြမ်းပုံသဏ္ဌာန်ဖြစ်၍ တန်းစီထားသည့် လူအားလုံး၏ အကွာအဝေးအကျယ်သည် မိုင်ဝက်ခန့်ရှည်လျားသည်။ သူတို့သည် မြင်းကို ဖြည်း ဖြည်းကလေးစီးကြသည်။ ကျွဲများမသိအောင်၊ လန့်ဖျပ်ပြီး ထွက်မပြေးအောင် အထူးသတိထား၍ စီးသွားနေကြခြင်းဖြစ်၏။

ဤအုပ်စုထဲတွင် ဗိုလ်ဒမ်ဘာသည် လက်သင်တစ်ဦးမျှသာဖြစ်၍ ကျန်လူ အားလုံးသည် တကယ်ကျွမ်းကျင်သူများဖြစ်သည်။ ဒမ်ဘာအား ပေးထားသည့်နေရာ



သည် အလယ်ဗဟိုခန့်တွင်ရှိ၍ လူတန်းကြီး၏နှစ်ဖက်စလုံးကို လှမ်းမြင်နေရ၏။ သူ မြင်နေရသည့်အတိုင်းဆိုပါက လူများတန်းစီထားပုံသည် ကျွဲချိုပုံနှင့်လည်းတူ သည်။ ဤလူစုသည် ရောမကျွဲအုပ်ကြီးထဲမှ အရေအတွက်အားဖြင့် ကောင်ရေ အနည်းငယ်မျှကို ဘေးမှဝိုက်ကာ အုပ်ကလေးတစ်အုပ်အဖြစ် ခွဲထုတ်ပစ်ရန် တာစူ နေကြခြင်းဖြစ်၏။

ဒမ်ဘာကြည့်နေခိုက်မှာပင် ညာဘက်ခြမ်းမှ မြင်းစီးသမားများသည် ကျွဲ အုပ်တစ်အုပ်အား ခွဲထုတ်နိုင်ရန် ဝိုင်းပတ်ထားနိုင်ခဲ့လေပြီ။ ထိုအဖြစ်ကို မြင်တွေ့နေ ရသော အလယ်ဗဟိုမှ မြင်းစီးသမားများသည် ကျွဲအုပ်အား နောက်ဘက်မှပတ်မိရန် ဖြည်းဖြည်းချင်းတိုးသွားလျက်ရှိ၏။ ဘယ်ဘက်ခြမ်းမှ မြင်းစီးသမားများကမူ ဖြောင့် ဖြောင့်မတ်မတ်ထားကာ ရှေ့သို့တည့်တည့်ပင် သွားလျက်ရှိလေသည်။

အားလုံးသောမြင်းစီးသမားများ၏ လှုပ်ရှားမှုသည် မိမိတို့ခွဲထုတ်လိုက် သော ကျွဲအုပ်အား ဝိုင်းရံပတ်ထားရန်ဖြစ်၏။

သူနှင့်သူ့မြင်းသည် ကျွဲများဆီမှအသံမျိုးစုံကို ကြားရသည်။ အနီးကပ်လာ ပြီကို ဒမ်ဘာသတိထားမိသည်။ ကျွဲပေါက်စများ၏အော်သံ၊ ကျွဲမကြီးများ၏အော်သံ နှင့် အချို့သောကျွဲသိုးကြီးများ၏ နှာမှုတ်သံများကို အဆက်မပြတ်ကြားနေရသည်။ သူ့ရှေ့တည့်တည့်တွင် ထောင်ပေါင်းများစွာသော ကျွဲများရှိနေသည်ကို ဒမ်ဘာ ကောင်းစွာသိနေ၏။

ဗိုလ်ဒမ်ဘာသည် သူ့ညာဘက်ကို ငဲ့ကြည့်လိုက်သည်။ လေဆံပင်သည် သူ့ဘေးမှနေ၍ ကျွဲအုပ်ရှိရာဘက်သို့ စူးစိုက်နေသည်ကိုမြင်ရသည်။ လေဆံပင်သည် သူ့မြင်းလှုပ်ရှားနေသည်ကိုရော၊ သူ့လက်တွင်းမှ ရိုင်ဖယ်သေနတ်လှုပ်ရှားနေသည် ကိုပါ သတိပြုမိပုံမပေါ်။ သူ့မျက်လုံးများသည် အမဲလိုက်သမားများ သားကောင်များ နှင့် အမဲလိုက်ကွင်းမှတစ်ပါး အခြားဘာကိုမျှမြင်ပုံမရ။

ဤလုပ်ငန်းမျိုးတွင် အတွေ့အကြုံမရှိသော ဗိုလ်ဒမ်ဘာပင်လျှင် ပတ်ဝန်း ကျင်အခြေအနေ၏ တင်းမာမှုကို သတိထားမိသည်။ လေသည် ငြိမ်သက်နေသည်၊ အမဲလိုက်သမားတို့၏ မြင်းခွာသံများကိုလည်း မကြားရ။ သူ့ရှေ့တည့်တည့်မှ ကျွဲအုပ် သည်လည်း ငြိမ်ဆိတ်လျက်ရှိသည်။ သေခြင်းတရားသည် ပရေးရီးမြက်ခင်းပြင်ပေါ် ၌ လွှမ်းခြုံနေသည့်နှယ်ထင်ရ၏။

ဗိုလ်ဒမ်ဘာသည် ကျွဲလေးငါးကောင်နှင့် ကိုက်တစ်ရာခန့်အကွာသို့ ဆိုက် ရောက်သွားသည်။ သူနှင့် မျက်နှာချင်းဆိုင်တွေ့နေကြခြင်းဖြစ်သည်။ ကျွဲများသည် သူတို့၏ဦးခေါင်းကြီးများကို မော့ကာအနံ့ခံလျက်ရှိကြ၏။ သူတို့၏နားများသည် အသံ အချို့ကို ကြားဟန်တူ၏။ ဘာသံဟူ၍ခွဲခြားပြီး သိဟန်မတူ။ သူတို့အားနည်း သောမျက်လုံးများသည် သူတို့ရှေ့မှအရာဝတ္ထုများကိုမြင်တော့မြင်၏။ ဘာရယ်ဟူ၍ခွဲ ခြားပြီးသိဟန်မတူ၊ ယင်းတို့အထဲမှ အကြီးဆုံးသောကျွဲကြီးသည် မြက်ပင်များတို နှင့်ယက်သည်။ သူ့ဦးခေါင်းကို ခပ်ကြမ်းကြမ်းယမ်းသည်။ နှာမှုတ်သံကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီသို့ ချည်းကပ်လာနေသော မြင်းစီးသမားများအား ရင်ဆိုင်တိုက်ခိုက် စိမ့်ခေါ်နေခြင်းပေတည်း။

ဒမ်ဘာသည် အခြေအနေအရပ်ရပ်ကို နားလည်လာသည်။ မုဆိုး သည် မိမိတာဝန်ကို မိမိကျေအောင်လုပ်ရမည်ဖြစ်သည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက် ကိုယ်ရွေးချယ်ထားသည့် သားကောင်အား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မသေ အောင် သတ်ရမည်ဖြစ်၏။ အကယ်၍ သားကောင်၏ပြန်လည်တိုက်ခိုက်မှု မိမိဘက်မှအရေးနိမ့်လျှင် မိမိတာဝန်သာ ဖြစ်ရပေလိမ့်မည်။

ထိုအခိုက်မှာပင် ညာတောင်ပံဆီမှ သူပ်ရှားသံများကြားရသည်။ အမဲ လိုက်သမားများသည် သူတို့ရှေ့မှ ကျွဲများအား မြင်းများကိုစိုင်း၍ ဝင်ရောက်တို ခိုက်နေကြလေပြီ။ အမဲလိုက်သမားတို့၏ လှုပ်ရှားမှုမှာ အံ့ဩဖွယ်ကောင်းလော အောင် လျှင်မြန်သွက်လက်လှ၏။ ဗိုလ်ဒမ်ဘာကိုယ်တိုင်မှာလည်း သူတို့လူစုနှင့်အ ရောနှောပြီးပါသွားသည်။ စောစောက သူအားရင်ဆိုင်လျက်ရှိသော ကျွဲပေါက် များသည် နောက်သို့ချာခနဲလှည့်ကာ ထွက်ပြေးကုန်ကြသည်။

ဖြစ်ပျက်ပုံသည် မြန်ဆန်လွန်းလှ၏။ အင်ဒီးယန်းတို့၏ မြင်းများသည် ကျွဲ များ၏နောက်မှ အရှိန်အဟုန်ပြင်းစွာဖြင့် လိုက်လျက်ရှိကြ၏။ ကစ္စကိုသည်လည်း အခြားမြင်းများနည်းတူ ကျွဲများ၏နောက်သို့ ဒုန်းစိုင်း၍လိုက်လျက်ရှိသည်။ အင်ဒီ ယန်းများ၏လက်တွင်းမှ မြားတံများသည် ကျွဲများကိုဝင်စိုက်လျက်ရှိ၏။ ဗိုလ်ဒမ်ဘာ ၏လက်ထဲမှ ရိုင်ဖယ်သေနတ်ကျည်ဆံများသည်လည်း ကျွဲများဆီသို့ပြေးသွားလျက် ရှိသည်။

ဗိုလ်ဒမ်ဘာအနေဖြင့် ဘာကိုမှစဉ်းစားဖို့ အချိန်မရ။ သူ၏အောက်ဘက် ပရေးရီးမြက်ခင်းပြင်ကြီးသည် လျင်မြန်စွာရွေ့လျားလျက်ရှိသည်။ သူ့ခေါင်းအထ မှ မိုးကောင်းကင်သည်လည်း တရိပ်ရိပ်ပြေးလျက်ရှိသည်။ သူ့မျက်လုံးအစုံသ လည်း သူ့ရှေ့ရှိကျွဲများမှတစ်ပါး အခြားဘာကိုမှမမြင်ရ။ သူ့နားများသည် မြင်းခွာ များနှင့် ကျွဲခွာသံများမှတစ်ပါး အခြားဘာသံကိုမှ မကြားရ။ သူ့မြင်းကစ္စကိုသ မြင့်တက် သွားသည့်အခါ တက်သွားသည်။ နိမ့်ဆင်းသည့်အခါ နိမ့်ဆင်းလာသည် သူသည် ကစ္စကို၏ဇက်ကြိုးကို ဆွဲမထားဝံ့။ တစ်ခါတစ်ရံတွင် အယောင်ယောင်အ မှားမှားဖြစ်ကာ သူ့မျက်လုံးများကို မှိတ်ထားမိသည်။

သူ့အနေဖြင့် ဘုရားသခင်ကိုလည်း အာရုံမပြုမိ။ ဆုတောင်းစာကိုလည် မရွတ်နိုင်။ ဘာ့ကြောင့်ရယ်တော့မသိ။ သူ့ဦးနှောက်ထဲသို့ သူ့ဖခင်နှင့်မိခင်တို့ဝင်လာ သည်။ အဖေနှင့်အမေသည် တယုတယပွေ့ဖက်ထားကြသည်။ ထို့နောက် ဝံ့သံများ ကြားရသည်။ ထောင်ပေါင်းများစွာသော ဝံ့များကိုတီးခတ်နေသည်ဟု ထင်ရသည် ဗိုလ်ဒမ်ဘာသည် မျက်လုံးများကို ဖျတ်ခနဲပြန်ဖွင့်သည်။ သူနှင့်သူ့မြင်းသည် တောင် ကြားလွင်ပြင်တစ်ခုအတွင်း၌ ရောက်နေသည်။ ပတ်ပတ်လည်တွင် အနက်ရောင်နှင့် အညိုရောင်ကျောက်တုံးကြီးများ မြင်နေရ၏။ အမှန်တော့ သူနှင့်အင်ဒီးယန်းများ



သည် ကျွဲအုပ်ကြီးနှင့်အတူ ရောနှောပြီး ပြေးသွားနေခြင်းပေတည်း။

ထောင်နှင့်သောင်းနှင့်ချီ၍ ရှိနေသောကျွဲအုပ်ကြီး၏ ခွာသံများသည် မိုးခြိမ်းသံတမျှကျယ်လောင်လှသည်။ ကြောက်မက်ဖွယ်ကောင်းလှချေသည်။ ဒမ်ဘာ အနေဖြင့် ဘာမှလုပ်၍မရ။ အင်ဒီးယန်းများနှင့် ရောနှောလိုက်ပါသွားရုံမှတစ်ပါး အခြားနည်းလမ်းရှာ၍မရ။ သူ့မြင်း၏ခြေထောက်များအောက်မှ ကော်ဇောကြီးသ ယ်ဖြစ်နေသော ပရေးရီးမြက်ခင်းပြင်ကြီး၏ လှုပ်ရှားမှုမှာလည်း ကြောက်ခမန်းလိလိ ကြီး မားလှပါပေ၏။

တစ်ကြိမ်တွင် ချွေးစီးများဖြင့်ကပ်နေသော သူ့လက်တွင်းမှရိုင်ဖယ်သေ နတ်သည် လွတ်ကျသွားတော့မည့်နှယ် ဖြစ်သွားသည်။ သူ့ဘယ်ဘက်ဘေးမှ ပြေး သွားနေသောကျွဲသည် ဖျတ်ခနဲရပ်ကာ နောက်သို့လှည့်လိုက်သည်။ သူသည် ကစ္စကို ၏ဇက်ကြိုးကို တုံ့ခနဲဖြစ်သွားအောင် ဆွဲလိုက်မိ၏။ ဘေးတိုက်ဖြစ်နေသောကျွဲသည် ကစ္စကိုအား ဘေးဘက်မှဝင်ရောက်တိုက်ခိုက်ရန် ပြေးလာသည်။

ကစ္စကိုသည် လျှင်မြန်သွက်လက်ရုံမျှမက လိမ်မာပါးနပ်လှ၏။ ဘေးဘက် မှ ပြေးဝင်လာသော ကျွဲကို သူ့မြင်လိုက်သဖြင့် လွှားခနဲနေအောင် ခုန်ရှောင်လိုက်သည်။ ကျွဲ၏ချိုနှစ်ဖက်သည် ကစ္စကို၏လည်ပင်းအောက်မှ ပွတ်ထွက်သွားသည်။ အရှိန်ကြောင့် ဒမ်ဘာသည် ကစ္စကို၏ကျောပေါ်မှ လွင့်ကျတော့မလိုဖြစ်သွားရ၏။

အကယ်၍သာ မြင်းပေါ်မှကျသွားခဲ့ပါမူ ဗိုလ်ဒမ်ဘာသည် ပတ်ပတ်လည် ပြေးလွှားနေကြသော ကျွဲများ၏အောက်သို့ရောက်ကာ စိစိညက်ညက်ကျေပြီး သပ္ပံ ဝင်ဖို့သာရှိ၏။

ထိတ်လန့်တကြားဖြစ်သွားသော ဒမ်ဘာသည် ချက်ခြင်းသတိပြန်ဝင်ကာ စ္စကိုအား ခတ်ရန်ပြေးလာနေသည့် ကျွဲသိုးအား ရိုင်ဖယ်သေနတ်ဖြင့် လှည့်ပစ် သည်။ ပစ်ချက်သည် ချက်ကောင်းကိုမထိ။ ရှေ့ခြေတစ်ဖက်ကို ထိမှန်သည်။ ကျွဲသိုး များသည် ကွေးညွတ်၍ကျကာ အရှိန်ပြင်းစွာဖြင့်လဲသည်။ ကျွဲသိုး၏ဇက်ကျိုးသံ ပင် ဒမ်ဘာကြားလိုက်ရလေသည်။

ရုတ်တရက် သူ့ပတ်ပတ်လည်တွင် လဟာပြင်ကြီးဖြစ်သွားသည်။ ကျွဲများ ည် သူ့သေနတ်နှင့်ဝေးရာသို့ ရောက်ကုန်ကြပြီ။ သူသည် ကစ္စကို၏ဇက်ကြိုးကို အားကုန်ဆောင့်ဆွဲသည်။ ကစ္စကိုကလည်း ဒမ်ဘာ၏အလိုကိုသိသည်။ ချက်ခြင်း ရပ်သွားသည်။ တဝုန်းဝုန်း တအုန်းအုန်းပြေးလွှားနေသော ကျွဲများ၏အသံသည် ည်းဖြည်းချင်းစဲသွားသည်။

သူကြည့်နေခိုက်မှာပင် ကျွဲအုပ်သည် ဝေးဝေးသွားသည်။ သူ့အဖော် မုဆိုး သည် အရှိန်မသတ်နိုင်ပဲ လိုက်လံပစ်ခတ်နေဆဲဖြစ်၏။ အကျိုးမပါသော မဲလိုက် သမားအင်ဒီးယန်းများ၏ လက်ထဲမှမြားတို့သည် အရှိန်ပြင်းစွာဖြင့် နေဆဲ၊ အတုံးအရုံးကျနေသောကျွဲများနှင့် ဒုန်းပြေးနေသောမြင်းများ၏ကြား င် ဖုန်လုံးကြီးများသည် ထောင်းထောင်းထလျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘာသည် ကစ္စကို၏ဇက်ကြိုးကို ဆတ်ခနဲဆွဲကာ နောက်သို့ပြန်လှည့်လိုက်သည်။ စောစောက သူပစ်ခဲ့သော ကျွဲကို သူကိုယ်တိုင်ကြည့်ချင်စိတ်ပေါ်လာ၍ဖြစ်သည်။

အရာရာတိုင်းသည် ပြီးပြတ်သွားလေပြီ။ မုတ်ဆိတ်တစ်ခါရိတ်ပင် မကြာဟု သူထင်မိ၏။

□

ထွားကြိုင်းကြီးမားသော ကျွဲထီးကြီးဖြစ်သည်။ မြက်ခင်းပေါ်တွင် ငြိမ်သက်စွာလဲကျလျက်ရှိ၏။

ဒမ်ဘာသည် ကျွဲကြီးအား တစ်ပတ်မျှပတ်ကာ စေ့စေ့ကြည့်သည်။ ဦးခေါင်းနားရောက်သည့်အခါ ကျကျနနထိုင်၍ စေ့စေ့စပ်စပ်ကြည့်မိသည်။ ချိုများကိုပင်ကိုင် ကြည့်နေမိ၏။ ဦးခေါင်းသည် အဆမတန်ကြီးမားလှချေသည်။ သူ့အနေဖြင့် တစ်ကိုယ်လုံးကို ကိုင်မကြည့်ပဲမနေနိုင်။

သူသည် မေးစေ့အောက်မှ မုတ်ဆိတ်မွေးများကို အသာအယာဆွဲကြည့်မိသည်။ ထိုအခါ ဗိုလ်ချုပ်ကြီး၏မုတ်ဆိတ်မွေးကို ပြန်လည်မြင်ယောင်လာသည်။ ဤအကောင်ကြီးသည် ဤကျွဲအုပ်ထဲ၌ ရာထူးအမြင့်ဆုံးသော အကောင်ကြီးများဖြစ်လေမလား. . .။

သူသည် ထိုင်ရာမှထကာ နောက်သို့အနည်းငယ်မျှဆုတ်ပြီး ကျွဲသေကောင်ကြီးကို ထပ်မံ၍ကြည့်သည်။ ထူးခြားသော သတ္တဝါတစ်မျိုးဖြစ်ချေသည်။ ခန္ဓာကိုယ်ကြီးမားထွားကြိုင်းသလောက် လှပခံ့ညားလှပါပေ၏။ ဤနယ်မြေအတွင်း၌ ဤအကောင်မျိုးများသည် ထောင်နှင့်သောင်းနှင့်ချီ၍ ကျက်စားနေကြ၏။ အားလုံးရှိသမျှကိုသာ ပေါင်းလိုက်မည်ဆိုပါက သန်းနှင့်ချီ၍ရှိလိမ့်မည်ဟု သူထင်မိသည်။

ဤကျွဲကြီးကို သတ်လိုက်နိုင်သည့်အတွက် ဂုဏ်ယူလိုစိတ်ကတော့ ပေါ်မလာ။ ဤကျွဲကြီးကို သတ်ခဲ့မိသည့်အတွက် နောင်တရသော စိတ်လည်းမဖြစ်။ တစ်ခုတော့ရှိ၏။ အစားစာကို ချွေတာစားသောက်နေခဲ့ရသည်မှာ ရက်ပေါင်းများစွာကြာခဲ့ပြီ၊ အထူးသဖြင့် အသားမစားရသည်မှာကြာခဲ့ပြီ။ ယခုကျွဲကိုမြင်သည့်အခါ ဆာလောင်မွတ်သိပ်မှုသည် ပေါ်လာခဲ့သည်။

ကျွဲအုပ်ကတော့ ကွယ်ပျောက်သွားခဲ့ပြီ။ အင်ဒီးယန်းမုဆိုးများသည် သူတို့ပစ်ခတ်ထားခဲ့သည့် ကျွဲသေကောင်များကို လိုက်လံကြည့်ရှုနေကြသည်၊ စခန်းမှရောက်လာကြမည့် မိန်းမများနှင့်ကလေးများကို စောင့်မျှော်နေကြသည်။ သူတို့၏ စကားပြောသံများသည် သောသောညံလျက်ရှိ၏။ ဤလူစုသည် ဤအောင်ပွဲအတွက် ထူးခြားသောပွဲတော်တစ်ခုတော့ ပြုလုပ်ကြလိမ့်ဦးမည်ဟု သူထင်နေသည်၊

လေဆံပင်သည် သူ့သူငယ်ချင်းနှစ်ယောက်နှင့်အတူ မြင်းကိုစိုင်း၍ရောက်လာသည်။ အောင်ပွဲရထားသဖြင့် သူ့မျက်နှာသည် အပြုံးပန်းပွင့်နေသည်။ ဗိုလ်ဒမ်



ဘာသည် လေဆံပင်၏ဒူးခေါင်းအောက်နားမှ ဟက်တက်ကွဲနေသော ဒဏ်ရာကို သတိထားမိ၏။

လေဆံပင်ကတော့ သူ့ဒဏ်ရာကို သတိထားမိပုံမပေါ်၊ ဗိုလ်ဒမ်ဘာ၏ကျောကို တရင်းတနှီးပုတ်ကာ လှိုက်လှိုက်လှဲလှဲနှုတ်ဆက်နေသည်၊ လေဆံပင်၏ ခပ်ကြမ်းကြမ်းနှုတ်ဆက်မှုကြောင့် ဒမ်ဘာသည် မြေပေါ်တွင်လိမ့်နေသည်။

လေဆံပင်သည် အားရပါးရအော်ရယ်ကာ ဗိုလ်ဒမ်ဘာ၏လက်များကို ဆွဲ ရှို့ထုသည်၊ ထို့နောက် သူ့လက်ထဲမှ ဓားမြှောင်ကို ဒမ်ဘာ၏ လက်ထဲသို့ထည့်ပေးသည်၊ ကျွဲသေဘက်လှည့်၍ လက်ညှိုးထိုးပြပြီး ကိုမင်ချီဘာသာဖြင့် စကားပြောသည်၊

ဒမ်ဘာကတော့ သူ့စကားကိုနားမလည်သဖြင့် ဘာလုပ်ရမှန်းမသိ။ ခေါင်းကိုသာ ယမ်းပြနေသည်၊ လေဆံပင်က စိတ်မရှည်သံဖြင့် စကားတစ်ခွန်းရေရွတ်လိုက်သည့်အခါ သူ့သူငယ်ချင်းနှစ်ယောက်က ရယ်ကြသည်။ သူသည် ဗိုလ်ဒမ်ဘာ၏ပခုံးကို တစ်ချက်လှမ်းပုတ်လိုက်ပြီး ဓားမြှောင်ကိုပြန်ယူသည်၊ ထို့နောက် ဒမ်ဘာ၏ကျွဲသေဝမ်းဗိုက်အနီးတွင် ဒူးတစ်ဖက်ထောက်၍ ထိုင်ချလိုက်၏။

သူသည် ဓားမြှောင်ဖြင့် ကျွဲ၏ဝမ်းဗိုက်ကို ထိုးခွဲလိုက်သည်၊ ထို့နောက် နံပတ်ကိုနှစ်ခြမ်းဖြစ်သွားအောင် ဆွဲဖြဲလိုက်ပြီး လက်တစ်ဖက်ဖြင့် ရင်ခေါင်းထဲသို့ နှိုက်သည်၊ အတန်ကြာနှိုက်၍ ရှာဖွေနေရာမှ သူလိုချင်သောအရာကို တွေ့ဟန်တူ၏၊ ဖျတ်ခနဲလက်ကိုပြန်ထုတ်လိုက်သည်။ သူ့လက်ထဲတွင် ကျွဲ၏အသည်းပါလာသည်၊

လေဆံပင်သည် အသည်းကိုလက်နှစ်ဖက်ဖြင့်ကိုင်ကာ ဒမ်ဘာအားလှမ်းပေးသည်၊ ဘာမသိ ညာမသိဖြစ်နေသော ဗိုလ်ဒမ်ဘာသည် လေဆံပင်၏လက်ထဲမှ အသည်းကို လှမ်းယူလိုက်သည်၊ ထို့နောက် ဦးခေါင်းကို အကြိမ်ပေါင်းများစွာညွတ်ပြီး သူ့လက်ထဲမှအသည်းတွဲကြီးကို လေဆံပင်အားပြန်ပေးသည်၊

သာမန်အားဖြင့်ဆိုပါက လေဆံပင်သည် ဒမ်ဘာ၏အပြုအမူကို စော်ကားမှုတစ်ခုဟု မြင်မည်ဖြစ်၏၊ သို့သော်လည်း သူက "ဂျန်"ဟုခေါ်နေသည့် သူ့မိတ်ဆွေသည် လူဖြူတစ်ယောက်ဖြစ်နေသဖြင့် သူတို့၏ဓလေ့ထုံးစံကို နားလည်သည်မဟုတ်၊ ဤအတွက် သူသည် ဗိုလ်ဒမ်ဘာအား ခွင့်လွှတ်လိုက်လေသည်။

သူသည် ဗိုလ်ဒမ်ဘာဘက်သို့ တစ်ချက်ဦးညွှတ်လိုက်ပြီး အသည်း၏ထိပ်တစ်ဖက်ကို ကိုက်ယူကာ ဝါးစားနေသည်။ ထို့နောက် ဓားမြှောင်ဖြင့် အတုံးများလှီးကာ သူ့သူငယ်ချင်းနှစ်ယောက်အား လှမ်းပေးသည်။ သူငယ်ချင်းများကလည်း အသည်းတုံးများကို အစိမ်းလိုက်ဝါးစားနေကြသည်။

ထိုအခိုက်မှာပင် သူတို့အနီးသို့ လူအများစုဝေးရောက်ရှိလာကြသည်၊ အချို့သည် ခြေလျင်. .၊ အချို့သည် မြင်းများစီးလျက်. .၊ သူတို့အားလုံးသည် ဒမ်ဘာပစ်ထားသည့် ကျွဲကို ဝိုင်းအုံကြည့်နေကြသည်။ ထိုအုပ်စုထဲတွင် ခြေအနှင့်တက်

www.burmeseclassic.com

www.burmeseclassic.com



လည်းပါသည်၊ လက်သီးနှင့်ရပ်သူသည် အခြားမိန်းမတစ်ယောက်နှင့်အတူ တွဲ တိုးခွာလျက်ရှိ၏၊

လေဆံပင်သည် ဗိုလ်ဒမ်ဘာ၏လက်ထဲသို့ နောက်တစ်ကြိမ်အသည်း တုံးပေးပြန်သည်၊ ဒမ်ဘာကလည်း ကြောင်တိကြောင်ကန်းဖြစ်ကာ လှမ်းယူသည် သူသည် အသည်းတုံးကိုကိုင်ကာ ဟိုဟိုသည်သည် လိုက်လံကြည့်ရှုလျက်ရှိ၏၊ သူ့ အဖြစ်ကို ကယ်နိုင်မည့်သူ တစ်ဦးတလေပေါ်လာလေမလား. . ၊

ကူညီမည့်သူ တစ်ဦးမှပေါ်မလာ၊ အားလုံးက သူ့အားဝိုင်းကြည့်နေ သည်၊ ခြေကန်ငှက်ကပင်လျှင် သူဘာလုပ်မည်ကိုစောင့်ကြည့်လျက်ရှိ၏၊

ဒမ်ဘာသည် အသည်းတုံးကို ပါးစပ်ထဲသို့ထည့်လိုက်သည်၊ "ဘာမှမခ ပါဘူး၊ လွယ်လွယ်လေးနဲ့ ပြီးသွားမှာပါ"ဟု သူကိုယ်သူအားပေးကာ ဝါးစားပြီး တ ကရာမျိုချသည်။

အသားသည် နူးညံ့လှ၏။ တခဏမျှအတွင်း ပါးစပ်ထဲတွင်ကျေမွသွ သည်၊ ဘေးမှပရိသတ်သည် ငြိမ်ဆိတ်စွာရပ်ကြည့်နေကြသည်၊ အသည်း၏အ သာသည် ချိုမြလှသည်၊

သူသည် ဘာကိုမှရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ လက်ထဲမှအသည်း တုံးကို နောက်တစ်ကြိမ် တစ်ဖဲ့ကိုက်ယူလိုက်သည်၊ သူ၏အဖေါ် အမဲလိုက်မုဆိုးအ ဒ်ီးယန်းများ၏ ဩဘာပေးသံသည် တစ်ခဲနက်ထွက်ပေါ်လာလေသည်၊

□□□

[၁၉]

ဗိုလ်ဒမ်ဘာသည် အခြားသောလူအများစုကဲ့သို့ပင် သူ့ဘဝတစ်လျှောက် ပွဲကြည့်ပရိသတ်တစ်ယောက်လို ဘေးမှရပ်ကြည့်သူ တစ်ဦးအဖြစ်နှင့်သာ ရခဲ့ ဖြစ်သည်၊ သူသည် ကိစ္စတစ်ခုတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခြင်းထက် ဘေးမှရပ် ကြည့်ရခြင်းကို ပို၍နှစ်သက်သူဖြစ်၏၊ အကယ်၍ ကိုယ်တိုင်ပါဝင်ရသည်ဆိုပါမူကား ၏လှုပ်ရှားမှုများသည် လွတ်လပ်မှုအပြည့်နှင့် လှုပ်ရှားတတ်သည်။

ယခုကိစ္စတွင်မူ သူ၏စိတ်ခံစားမှုသည် တစ်မျိုးဖြစ်နေသည်။ အထူးသဖြင့် ကိုအောင်မြင်စွာ သတ်နိုင်ခဲ့သည့်အထိမ်းအမှတ်အနေဖြင့် မိမိသတ်ခဲ့သော ကျွဲ၏ သည်းကို အစိမ်းလိုက်ကိုက် ဝါးစားမျိုလိုက်၍ ဘေးမှအင်ဒီးယန်းများက အော်ဟစ် အားပေးလိုက်သည့်အခါ မိမိစိတ်သည် တစ်မျိုးဖြစ်သွားသည်။ မိမိနှင့်ဘဝတူလူများ ၏ အားပေးမှုကိုရလိုက်သည့်နှယ် ခံစားရသည်။ အမှန်တော့ ထိုခံစားမှုမျိုးကို အမဲ က်ကွင်းအတွင်း၌ ကိုမင်ချီများနှင့် အတူလာ အတူလှုပ်ရှားခဲ့စဉ်ကတည်းက ရရှိ ခဲ့သော ခံစားမှုဖြစ်၏။ ယခုသော်မူ ထိုခံစားမှုသည် အထွတ်အထိပ်သို့ပင် ရောက်လာခဲ့ရလေပြီ၊

သူသည် သူ၏စစ်သားဘဝကို ပြန်၍သတိရသည်၊ သူစစ်သားလုပ်ခဲ့ခြင်း သည် ဘုရားသခင်အတွက် သို့မဟုတ် တိုင်းပြည်အတွက် သို့မဟုတ် နှစ်မျိုးစလုံးအ တ်ဟူသော ခံယူချက်နှင့်ဖြစ်သည်။ ယင်းခံယူချက်ကို အများနည်းတူလက်ခံ၍ ပ်ကိုင်ခဲ့ခြင်းသာဖြစ်၏။ သို့သော်လည်း သူ့စိတ်သူတကယ်တမ်း ဆန်းစစ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်အခါတွင် သူ စစ်တပ်၌အမှုထမ်းနေခြင်းမှာ ဦးခေါင်းမှလာသောအသိဖြင့် အမှုထမ်းနေခြင်းဖြစ်၍ သူနှလုံးသားမှလာသောအသိဖြင့် အမှုထမ်းနေခြင်းမဟုတ် ပေ။ ထို့ကြောင့်လည်း အမျိုးချစ်စိတ် တိုင်းပြည်ချစ်စိတ်ဟူသော စကားလုံးများသည် ပြော၍ပျော၍ကောင်းသည်မှတစ်ပါး အခြားအနှစ်သာရဟူ၍ ဘာတစ်ခုမှ မယ်မယ ရရမရှိခဲ့ပေ။

အခုကိုမင်ချီများနှင့်ကျတော့ ခြားနားမှုတစ်ခုကို သူတွေ့နေရ၏။

သူတို့သည် အလွန်ရှေးဆန်ပြီး ရိုင်းစိုင်းသောလူများဖြစ်သည်။ သူတို့သည် အလွန်ကြီးမားကျယ်ပြန့်ပြီး ထီးထီးကျန်ကျန်နိုင်လွန်းလှသော မိမိတို့လူမျိုးများနှင့် အလွန်စိမ်းသောနေရာဒေသများ၌ နေထိုင်လျက်ရှိသူများဖြစ်၏။ ပြီးတော့ ဤလူ များသည် မိမိတို့လူမျိုးများနှင့် မိုင်ပေါင်းရာနှင့်ထောင်ချီ၍ကွာဝေးသော ဒေသတွင် နေထိုင်သူများဖြစ်၏။

သို့သော်လည်း အခု သူတို့နှင့် နီးနီးကပ်ကပ်နေလာရသည့်အခါတွင် ဤလူများသည် သူ့အတွက် အရေးပါသည့်လူများဖြစ်နေ၏။ အလွန်စိတ်ဝင်စား ကောင်းသည့် လူများဖြစ်နေ၏။ သူတို့သည် အလုပ်ကိုအမြဲပြုနေထိုင်ကာ ဘဝ တက်ရာတိုးတက်ကြောင်းကို အားထုတ်နေကြသူများဖြစ်၏။ သူတို့သည် ရိုးသား စင်ကြသည်၊ သစ္စာကြီးကြသည်။ သူတို့ဘဝအပေါ်တွင် မကျေနပ်မှုဟူ၍မရှိ။ ရောင့် ရဲတင်းတိမ်ကြသည်။ တကယ်တော့ သူတို့သည် စိတ်အလုပိုင်ရှင်များဟုပင်ထင် ဗိုလ်ဒမ်ဘာအဖို့တော့ ထိုစိတ်ထဲတွင် ချမ်းမြေ့သာယာမှုဟူသော အနှစ်သာရကို နေသည်။ သူနှစ်သက်သော စိတ်မျိုးဖြစ်နေသဖြင့်လည်း များစွာတန်ဖိုးထားနေ လေသည်။

သူသည် သူကိုယ်သူ မလှည့်စား သူကိုယ်သူ အင်ဒီးယန်းတစ်ယောက် လာဖို့လည်း မတွေး။ သို့တစေလည်း ကိုမင်ချီများနှင့် အတူတူနေထိုင်သမျှကာလ လုံး သူ့အနေဖြင့် သူတို့စိတ်မျိုးကိုမွေးမည်ဟု လည်းကောင်း၊ ယင်းစိတ်မျိုးကို ထားခြင်းအားဖြင့် သူကိုယ်သူ ပို၍ပျော်ရွှင်ချမ်းမြေ့သော လူတစ်ယောက်ဖြစ် အောင် ကြိုးစားမည်ဟုလည်းကောင်း ဆုံးဖြတ်လိုက်၏။

□

အမဲလိုက်ပွဲကြီးသည် အလွန့်အလွန်ကြီးမားသည့် ဧရာမစွန့်စားအားထုတ် မှုကြီး တစ်ရပ်ဖြစ်ချေသည်။ ကွင်းပြင်ထဲ၌ လဲကျသေဆုံးနေကြသည့် ကျွဲကောင် သည် စုစုပေါင်းခုနှစ်ဆယ်ခန့် ရှိပေလိမ့်မည်။ ကျွဲတစ်ကောင်ချင်းစီအား မိသားစု က ဝိုင်းအုံပြီး တစ်ယောက်တစ်လက်ဖျက်နေကြသည်မှာ သွက်လက်လျင်မြန် စနစ်ကျလှ၏။

ကွင်းပြင်တစ်ပြင်လုံးရှိ နေရာအနှံ့အပြားတွင် သွေးကွက်များ အိုင်ထွန်း လျက်ရှိသည်။ အမဲဖျက်နေသူများ၏လက်များ၊ မျက်နှာများနှင့်အဝတ်အစားများ



လည်း သွေးများဖြင့် ချင်းချင်းနီလျက်ရှိသည်။ စခန်းသို့ပြန်ပို့ရန် လားများပေါ်သို့တင် ထားသည့်အသားတုံးကြီးများဆီမှ သွေးများသည် တစ်စက်စက်ကျလျက်ရှိကြ၏။

ကိုမင်ချီများသည် ကျွဲသေကောင်များမှ အရာရာတိုင်းကို ယူကြသည်။ အရေများ၊ အသားများ၊ အူများ၊ ခွာများ၊ အမြီးများ၊ ခေါင်းများနှင့်အရိုးများအားလုံး ကို ယူကြခြင်းဖြစ်သည်။ နောက်နာရီအနည်းငယ်မျှအကြာတွင် ကျွဲသေကောင်များ သည် ကွင်းပြင်ထဲမှပျောက်ကွယ်သွားကြသည်။ သူတို့၏နောက်ဘက်တွင် သွေးများ ဖြင့် အလူးလူး အလိမ့်လိမ့်ဖြစ်နေသော ပရေးရီးမြက်ခင်းပြင်ကြီးသာလျှင် ကျန်ရစ်ခဲ့ လေ၏။

မိသားစုများ ကျွဲများကို ဖျက်နေကျချိန်တွင် ကိုမင်ချီအမဲလိုက်သမားများ နှင့် မြက်ခင်းပြင်ပေါ်၌ လဲလျောင်း၍နားနေသော ဗိုလ်ဒမ်ဘာသည် ကိုမင်ချီအမဲ လိုက်သမားများ၏ လှုပ်ရှားမှုကိုမြင်တွေ့နေရသည်။ သူတို့လူစုသည် ပျော်မြူးလျက် ရှိကြသည်။ ယခုပြီးခဲ့သည့် အမဲလိုက်ပွဲတွင် လူနှစ်ယောက်ဒဏ်ရာရခဲ့သော်လည်း နှစ်ဦးစလုံး ဒဏ်ရာပြင်းထန်ခြင်းမရှိခဲ့ကြပေ။ မြင်းတစ်ကောင်တွင် ရှေ့ခြေတစ်ဖက် ကျိုးသွားခဲ့သော်လည်း မိမိတို့ရလိုက်သည့် အမဲကောင်ရေနှင့်တွက်ပါက ဖြစ်လောက် သည့် အရာမဟုတ်ဟု ယူဆကြသည်။

အားလုံးပျော်မြူးနေကြသည့်အားလျော်စွာ ဒမ်ဘာနှင့်အတူ တစ်နေ့ခင်း လုံး ထိုင်၍စားကြသောက်ကြ စကားပြောကြသည်။ ဒမ်ဘာကတော့ သူတို့ပြောသမျှ စကားများကိုနားမလည်. . ။ သို့သော်လည်း သူတို့ဟန်ပန်အမူအရာများကို ကြည့်၍ နားလည်သည့်အပိုင်းများကို နားလည်သည်။ သူတို့ပြောပြနေသည့် ပုံပြင်များနှင့် ဇာတ်လမ်းများသည် စိတ်ဝင်စားစရာတော့ကောင်း၏။

သူတို့က ဗိုလ်ဒမ်ဘာအား သူ့အဖြစ်ကို သူ့ဇာတ်ကြောင်းကို ပြောပြဖို့ ဝိုင်း၍တိုက်တွန်းကြသည့်အခါ ဗိုလ်ဒမ်ဘာက ပြောပြသည်။ သူတို့က ဗိုလ်ဒမ်ဘာ၏ အမူအရာနှင့် ပြောဟန်ဆိုဟန်များကိုကြည့်ကာ တဝါးဝါး တဟားဟားရယ်ကြသည်၊ နောက်ဆုံးတွင် ဗိုလ်ဒမ်ဘာသည် သူ့ဘာပြောပြော ဝိုင်း၍အရယ်ခံနေရသည်။ သို့ သော်လည်း သူစိတ်မဆိုး။ သူကိုယ်တိုင်ပင်လျှင် သူတို့နှင့်ရော၍ ရယ်မောနေသည် မဟုတ်ပါလား. . ။ တကယ်တော့လည်း သူသည် သူတို့အုပ်စုထဲမှ လူတစ်ယောက် ဖြစ်သွားပြီ မဟုတ်ပါလား။

□

ထိုနေ့ညနေပိုင်း သူတို့လူစု စခန်းသို့ပြန်ရောက်သွားကြသည့်အခါ ဗိုလ် ဒမ်ဘာ ပထမဆုံးမြင်တွေ့လိုက်ရသည့်အရာမှာ သူ့ဦးထုပ်ဖြစ်သည်။ သူနှင့်လုံးဝမ သိသော အသက်လေးဆယ်ကျော်ငါးဆယ်တွင်းအရွယ် ကိုမင်ချီတစ်ယောက်ဆောင်း ထားသည်ကို မြင်ရခြင်းဖြစ်၏။

ဗိုလ်ဒမ်ဘာသည် သူ့မြင်းအား ထိုလူထံဆီသို့သွားပြီး ထိုလူခေါင်းပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်ကို လက်ညှိုးထိုးပြသည်၊ ဦးထုပ်မှာ ထိုလူခေါင်းနှင့် မတော်သဖြင့် ကြည့်[illegible] ဆိုးလျက်ရှိ၏။

"အဲဒါ ကျွန်တော့်ဦးထုပ်"

စစ်သည်တော်က ဗိုလ်ဒမ်ဘာအား အထူးအဆန်းတစ်ခုသဖွယ် စိုက်ကြည့်သည်၊ သူ့ခေါင်းတွင် စွပ်ထားသည့်ဦးထုပ်ကို ချွတ်ကာ သူ့လက်နှစ်ဖက်[illegible] ကိုင်ကြည့်နေပြီး သူ့ခေါင်းတွင် ပြန်စွပ်လိုက်သည်၊ ထို့နောက် သူ့ခါးပတ်၌ချိတ်ထား သည့် ဓားမြှောင်အိတ်ကိုဖြုတ်ကာ ဗိုလ်ဒမ်ဘာလက်သို့ လှမ်းပေးပြီး ဘာစကားမှ မပြောပဲ မြင်းကိုဆက်၍နှင်သွားလေသည်၊

ဒမ်ဘာသည် သူ့ဦးထုပ်အား မြင်းကွင်းထဲမှပျောက်သွားသည့်အခါ ကြောင်တိကြောင်ငေးဖြင့် ကြည့်နေသည်၊ ပြီးတော့ လက်ထဲမှဓားမြှောင်ကို ငုံ့ကြည့်သည်၊ ဓားမြှောင်အိတ်ပေါ်တွင် ရောင်စုံပုတီးလုံးများ စီခြယ်ထားသဖြင့် လှပသည့်ရတနာတစ်ပါးဟု ဆိုရလိုဖြစ်နေသည်၊ သူသည် ခြေကန်ငှက်ကို လိုက်[illegible] ရှာဖွေရန်မြင်းကိုနှင်ခဲ့သည်၊ သူ့စစ်ဦးထုပ်နှင့်ဓားမြှောင်ကို လဲလှယ်ရာ၌ သူ့ဘက်က အသာစီးရသည်ဟု တွေးနေမိသည်၊

သူသည် စခန်းတွင်း၌ လွတ်လပ်စွာလှုပ်ရှားသွားလာလျက်ရှိရာ ရောက်လေရာရာတွင် သူ့အား တွေ့သမျှလူတိုင်းက တရင်းတနှီးနှုတ်ဆက်ကြသည်ကို တွေ့ရ၏၊

ယောကျ်ားတွေက ဦးခေါင်းများညိတ်၍ နှုတ်ဆက်ကြသည်၊ မိန်းမတွေက ပြုံး၍နှုတ်ဆက်ကြသည်၊ ကလေးတွေက သူ့မြင်းနောက်မှ ခုန်ပေါက်ပြေးလွှား[illegible] လိုက်ကြသည်၊ တစ်ရွာလုံးရှိလူများသည် တခမ်းတနားကျင်းပပြုလုပ်တော့မည့် အမဲ လိုက်အောင်ပွဲအထိမ်းအမှတ် စားသောက်ပွဲကြီးကိုမျှော်မှန်းကာ ရွှင်မြူးနေကြသည်၊ ထိုပွဲတွင် ဗိုလ်ဒမ်ဘာလို လူဖြူတစ်ယောက်ရှိနေခြင်းသည်လည်း သူတို့အတွက် ဝမ်းသာဂုဏ်ယူစရာဖြစ်နေသည်၊ သူတို့အယူအဆအရ သူတို့အနေဖြင့် ဗိုလ်ဒမ်ဘာ အား ကံကောင်းခြင်းလက္ခဏာတစ်ရပ်ဟု မြင်နေကြသည်မဟုတ်ပါလား. .၊

ခြေကန်ငှက်သည် သူ့အား ဝက်ဝံကြီး၏တဲသို့ ခေါ်သွားသည်၊ ထိုတဲတွင် ကျေးဇူးတော်မင်္ဂလာပွဲ အခမ်းအနားတစ်ရပ်ကျင်းပလျက်ရှိသည်ကို တွေ့ရ၏၊ အ[illegible] ဘိုသည် အခုအချိန်ထိ အံ့ဩဖွယ်ကောင်းလောက်အောင် ကျန်းမာသန်စွမ်းဆဲဖြစ်[illegible] အမဲလိုက်ပွဲတွင် သူကိုယ်တိုင်ပါဝင်ခဲ့သည်ဖြစ်ရာ သူကိုယ်တိုင်သတ်၍ရထားသော ကျွဲ၏ဘို့ကို ကျကျနနမီးကင်လျက်ရှိသည်၊

ကျွဲဘို့ကို မီးကင်အပြီးတွင် သူကိုယ်တိုင် ဓားတစ်ချောင်းဖြင့် လှီးဖြတ်ကာ ပထမဆုံးရသည့်အသားစကို မဟာဝိညာဉ်တော်အားပသပြီး တိုင်တည်စကားအ နည်းငယ်ပြောသည်၊ ထို့နောက် ယင်းအသားစကို ဗိုလ်ဒမ်ဘာအား ဂုဏ်ပြုသည့်အ နေဖြင့် လှမ်းပေးသည်၊

ဒမ်ဘာက ခေါင်းတစ်ချက်ညွတ်၍ အရိုအသေပေးကာ အသားစကိုယူ



သည်၊ သူတစ်ကိုက်မျှကိုက်ယူပြီးသော် ဝက်ဝံကြီး၏လက်သို့ တလေးတစားပြန်ပေး သည်၊ ယင်းအပြုအမူသည် ဝက်ဝံကြီးအတွက် များစွာသဘောကျစေသောလုပ်ရပ် ဖြစ်ချေသည်၊ သူသည် ဆေးတံကို မီးရှို့ကာ ပထမဆုံးဖွာရှုခွင့်ကို ဒမ်ဘာအားပေး သည်၊

ဝက်ဝံကြီး၏ရှေ့မှောက်၌ ဆေးတံကိုဖွာလိုက်ခြင်းသည် "အရိုင်းည"တို့ အစပြုလိုက်ခြင်းပေတည်း၊ ထိုညတွင် တဲတိုင်းမှလူတိုင်းသည် မီးကိုဖိုကာ လတ်လတ် ဆတ်ဆတ် ကျွဲသားကိုမီးကင်၍စားကြသည်၊ ကိုယ်ကြိုက်နှစ်သက်ရာ အသားများကို စိတ်တိုင်းကျလှီးယူပြီး စားကြခြင်းဖြစ်လေသည်၊

ထိုညအဖို့ တစ်ရွာလုံးတွင် မီးရောင်များဖြင့် ထိန်လင်းလျက်ရှိသည်၊ တဲ တိုင်းတွင် မီးဖိုများဖိုထားသဖြင့် တစ်ညလုံး အသက်ဝင်လှုပ်ရှားနေသည်၊ ကျွဲသား ကင်အနံ့များသည် ပတ်ပတ်လည်တွင် မွှေးကြိုင်သင်းပျံ့လျက်ရှိလေရာ မိုင်အတော် ကွာကွာမှပင် အနံ့များကိုရနိုင်လိမ့်မည်ဖြစ်၏၊

လူအများသည် မနက်ဖြန်တွင် ဘာမှစားစရာမကျန်အောင် စားနေကြ သည့်နှယ် တစ်ဝတစ်ပြဲစားနေကြခြင်းဖြစ်သည်၊ သူတို့သည် ဗိုက်ပြည့်သွားသည့်အခါ တေးပြောကြသည်၊ အစားကိုမေ့ထားကြသည်၊ ဗိုက်အနည်းငယ်ချောင်သွားသည့် အခါ ထ၍စားကြပြန်သည်၊ အတော်ကြီးညဉ့်နက်လာသည့်အခါ ဗိုလ်ဒမ်ဘာသည် သူ့ဗိုက်ထဲ၌ ကျွဲတစ်ကောင်စာလောက်နီးပါး အစာဝင်သွားပြီဟု ထင်လာသည်၊ သူသည် လေဆံပင်နှင့်အတူ တစ်တဲဝင်တစ်တဲထွက် သွားခဲ့ကြသည်ဖြစ်ရာ တဲတစ် လုံးအတွင်းမှ မီးဖိုတစ်ဖိုရှေ့ရောက်တိုင်း ကျွဲသမျှကိုစားနေရခြင်းဖြစ်သည်၊ နောက်ဆုံး တဲတစ်တဲ၏ နောက်ဘက်မှောင်ရိပ်ထဲမှအဖြတ်တွင် ဗိုလ်ဒမ်ဘာက ရပ်လိုက်သည်၊ သူ့ဗိုက်မှာပြည့်လွန်းနေသဖြင့် အထဲမှနာကျင်နေပြီဖြစ်ကြောင်း ထို့ကြောင့် တစ်ရေး တစ်မောအိပ်ချင်နေပြီဖြစ်ကြောင်း လေဆံပင်အားပြောပြသည်၊

လေဆံပင်သည် သူပြောနေသည့်စကားအပေါ်တွင် စိတ်ဝင်စားဟန်မပြ သူ့မျက်လုံးများသည် ဗိုလ်ဒမ်ဘာ၏ကျနနစ်အင်္ကျီအပေါ်၌ ကျက်စားလျက်ရှိသည်၊ ဗိုလ်ဒမ်ဘာသည် သူ့အင်္ကျီကို ငုံ့ကြည့်သည်၊ ထို့နောက် လေဆံပင်အားမော့ကြည့် သည်၊

"ခင်ဗျား ဒါကိုလိုချင်နေသလား"ဟု ဒမ်ဘာကမေးသည်၊ လေဆံပင်က ဘာမှပြန်မပြောပဲ၊ ဒမ်ဘာကိုင်နေသည့် သူ့အင်္ကျီကြယ်သီးသို့သာ စိတ်ဝင်တစား ကြည့်နေသည်၊

"ခင်ဗျားလိုချင်တယ်ဆိုရင်ယူပါ၊ ကျွန်တော်ပေးမှာပေါ့"

ဒမ်ဘာက ပြောပြောဆိုဆို ကြယ်သီးများကိုဖြုတ်ကာ အင်္ကျီကိုချွတ်၍ လေဆံပင်အားလှမ်းပေးသည်၊

အင်္ကျီကို သူ့အား အပြီးအပိုင်ပေးနေမှန်း လေဆံပင်က နားလည်သည်၊ သို့သော်လည်း သူသည် အင်္ကျီကိုချက်ချင်းမယူ၊ သူလည်ပင်းမှနေ၍ ခါး[illegible]ထိဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



ချည်ထားသော သူ၏အရိုးကျည်ကာအင်္ကျီကို ချွတ်နေသည်။ ထို့နောက် သူအင်္ကျီတို လက်တစ်ဖက်ဖြင့် လှမ်းပေးကာ ဒမ်ဘာလက်ထဲမှ အင်္ကျီကို အခြားလက်တစ်ဖက် ဖြင့်လှမ်းယူသည်။

ဒမ်ဘာက ကျူနစ်အင်္ကျီကို လေဆံပင်အားဝတ်ပေးသည်။ ကြယ်သီးများ ကို စိတ်ရှည်လက်ရှည်တပ်ပေးသည်။ လေဆံပင်သည် ခရစ္စမတ်လက်ဆောင်တစ်ခု ကိုရသည့် သူငယ်လေးတစ်ယောက်သဖွယ် ရွှင်မြူးလျက်ရှိလေသည်။

ဒမ်ဘာက လှပစွာပြုလုပ်ထားသော ကျည်ကာအင်္ကျီကိုပြန်ပေးသော် လည်း လေဆံပင်ကလက်မခံ။ ခေါင်းတခါခါ၊ လည်တခါခါဖြင့် ငွတ်ငြင်းဆန်သည်။ လက် ဟန်ခြေဟန်ဖြင့် သူအင်္ကျီကို ဒမ်ဘာအားဝတ်ခိုင်းသည်။

"ကျွန်တော် ခင်ဗျားအင်္ကျီကို မယူပါရစေနဲ့။အခုအင်္ကျီချင်းလဲတာတ မမျှတဘူး။ ခင်ဗျားရဲ့အင်္ကျီက ပိုကောင်းတယ်၊ ခင်ဗျား ကျွန်တော့်ပြောတာ နားလည်တယ် မဟုတ်လား"

သို့သော်လည်း လေဆံပင်ကလက်မခံ၊ ကျည်ကာအင်္ကျီများသည် တန်ဖိုး အင်အားကြီးမားသည်၊ ပြီးတော့ တစ်ထည်ရဖို့အချိန်များစွာ ယူ၍လုပ်ရသည်၊ သို့ သော်လည်း သူအဖို့တော့ ကျူနစ်အင်္ကျီသည်လည်း ထိုအမျိုးအစား အင်္ကျီတစ်ထည် ပင် ဖြစ်နေသည်မဟုတ်ပါလား၊

သူသည် ဒမ်ဘာအား သူအင်္ကျီကိုဝတ်ပေးသည်၊ ကျည်ကာကို ဒမ်ဘာ၏ ရင်ပတ်၌ ကျကျနနတင်ကာ ကြိုးများကိုစနစ်တကျချည်နှောင်ပေးသည်၊

အလဲအလှယ်လုပ်ပြီးသည့်နောက်ပိုင်းတွင် နှစ်ဦးစလုံးပျော်နေကြသည်။ လေဆံပင်က ဒမ်ဘာအားနှုတ်ဆက်ကာ မလှမ်းမကမ်းရှိ မီးဖိုတစ်ဖိုဆီသို့လျှောက် သွားသည်၊ သူကိုယ်ပေါ်မှအင်္ကျီကြောင့် သူတစ်ကိုယ်လုံးယားသလိုဖြစ်လျက် ရှိ၏။ သို့သော်လည်း သူအဖို့တော့ ဤအင်္ကျီသစ်ကြောင့် ခံ့ညားထည်ဝါလာသည်ဟု ထင် သည်။ ပြီးတော့ ကြေးကြယ်သီးများနှင့် ပခုံးနှစ်ဖက်ပေါ် ရွှေရောင်အစင်းများသည် အကျိုးအာနိသင်ထူးခြားထက်မြက်သည့် ဆေးစွမ်းကောင်းများကို ပိုင်ဆိုင်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပါလား။

သူအတွက်ကတော့ ဤအင်္ကျီသည် သူအလွန်တန်ဖိုးထားသည့် ဆုကြီး တစ်ဆုဖြစ်ပေသည်၊

❐

ကျွဲသားထပ်စားရမည်ကို ကြောက်ရွံ့နေသော ဒမ်ဘာသည် ရွာအပြင်ဘ ရေနီးမြက်ခင်းပေါ်သို့ တိတ်တိတ်ကလေးကြိတ်၍ ထွက်လာခဲ့သည်၊ ရွာကိုတစ်ပတ် မျှလှည့်သွားကာ ခြေကန်ငှက်ကိုရှာသည်၊ အကယ်၍တွေ့ပါက သူနှင့်လိုက်သွားပြီး သူတဲ၌ အိပ်မည်ဟု စိတ်ကူးထားသည်၊

မကြာခင်မှာပင် သူသည် ရွာထဲသို့ပြန်ဝင်ကာ ဝက်ဝံကြီး၏တဲဘေးရှိ ခြေ



ကန်ငှက်၏တဲဆီသို့ လျှောက်လာခဲ့သည်၊ ထိုအခိုက်မှာပင် ခပ်လှမ်းလှမ်းတစ်နေရာ မှ အသံတစ်သံကိုကြားသဖြင့် တစ်ခဏမျှရပ်၍နားစွင့်သည်၊ သူရှေ့တည့်တည့်ရှိ မီးဖိုတစ်ဖိုဆီမှ လာနေသောအသံဖြစ်သည်၊ အသံမှာ မိန်းမသံဖြစ်၏။

သူသည် တဲတစ်တဲ၏နောက်သို့သွားကာ အသံလာနေသော မီးဖိုဆီသို့ မျှော်ကြည့်သည်၊ မိန်းမပျိုတစ်ဒါဇင်ခန့်သည် မီးဖိုကိုလှည့်ပတ်ပြီး ကခုန်နေကြခြင်း ဖြစ်၏၊ သူတို့သီဆိုနေသော သီချင်းသံသည် ပတ်ဝန်းကျင်တွင် ပျံ့နှံ့လျက်ရှိသည်၊ သူမြင်တွေ့နေရသည့်ပုံအတိုင်းဆိုပါက အခမ်းအနားကျင်းပနေကြသည့်ပုံစံမျိုး မ ဟုတ်ဘဲ သူတို့ဘာသာသူတို့ သီးသန့်အုပ်စုဖွဲ့ကာ အပျော်သဘော ကခုန်နေကြခြင်း ဖြစ်ဟန်တူ၏၊

သူမျက်လုံးအစုံသည် သူရင်ဘတ်မှကျည်ကာအရိုးအင်္ကျီပေါ်သို့ အမှတ်မ ထင်ရောက်သွားသည်၊ ကျည်ကာသည် မီးဖိုမှအလင်းရောင်တွင် လိမ္မော်ရောင်သန်း နေသည်၊ ကျည်ကာသည် သူရင်ဘတ်မှသည် ဝမ်းဗိုက်အထိ လုံခြုံအောင်ဖုံးကာထား သည်၊ ကျွဲရိုးကို ဤမျှလောက်လှပအောင် လုပ်ထားနိုင်သည်မှာ အံ့သြဖွယ်ကောင်း လှ၏၊ ဤမျှလောက်လှပသည့်လက်ရာမျိုးကို ရှားရှားပါးပါးမြင်ခွင့်ရခြင်း ဖြစ်သည်ဟု သူထင်သည်၊ သူအတွက်အလွန်အဖိုးထိုက်တန်သည့်ပစ္စည်းတစ်ခုကို ရရှိလိုက်ခြင်း ဖြစ်သဖြင့် ရာသက်ပန်ထိန်းသိမ်းစောင့်ရှောက်သွားမည်ဟု စိတ်ကူးရသည်။

သူသည် သူအကြည့်ကို မိန်းမပျိုများဆီသို့ ပြောင်းလိုက်သည်၊ အားလုံး က သူအားကြည့်၍ပြုံးနေကြသည်ကို တွေ့ရ၏၊ သူတို့ချင်း တီးတိုးလေသံဖြင့် တွတ် ထိုးကြသည်ကိုလည်း သူသတိထားမိ၏၊ သူ့အကြောင်းပြောနေကြသည်မှာ သေသာလှ၏၊ သူတို့၏မျက်လုံးများတွင် ဒုစရိုက်မှုတစ်ခုခုကို ပြုချင်ကြသည့်အရိပ်အ ယောင်များ ယှက်သန်းနေကြသည်၊

အမှန်တော့လည်း တစ်ရွာလုံးရှိ လူအများ၏ပါးစပ်ဖျားတွင် သူ့အကြောင်းကို ပြောနေခဲ့ကြသည်မှာ သီတင်းပတ်ပေါင်းများစွာကြာခဲ့ပြီ၊ သူတို့လူစုကြားတွင် သူ သည် ညများစွာကျော်ကြားလူသိများလျက်ရှိ၏၊ ကိုမင်ချီတို့ကြားတွင် သူသည် နတ် ဘုရားဖြစ်နိုင်သည့် အလားအလာရှိနေသော လူတစ်ယောက်ဖြစ်သည်၊ အခုလော လောဆယ်မှာတော့ သူတို့က သူ့အား သူ့ရဲကောင်းတစ်ယောက်အဖြစ်၊ လူရွှင်တော် တစ်ယောက်အဖြစ် အသိအမှတ်ပြုထားကြသည်၊ မည်သို့ပင်ဖြစ်စေ သူသည် ကိုမင် ချီတို့၏ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံများအရ ရှားရှားပါးပါး ရတောင့်ရခဲအဆင့်ကို ရထားသူဖြစ်သည့်အားလျော်စွာ ကိုမင်ချီမိန်းမများကြားတွင် 'ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီ ပန်း' ဖြစ်လျက်ရှိလေသည်၊

သူသည် တစ်ချက်မျှဦးညွှတ်လိုက်ပြီး သူတို့အနီးမှ ဖြတ်သွားရန်ဟန်ပြင် လိုက်သည်၊ ထိုအခိုက်မှာပင် မိန်းမပျိုတစ်ဦးသည် သူ့ထံလျှောက်လာပြီး သူလက်ကို ဆွဲဆွဲထားသည်၊ ဘေးမှ မိန်းမပျိုများက ခိုးခိုးခစ်ခစ်ရယ်ကြသည်၊ နှစ်ဦးသုံးဦးက သီချင်းကို ဆက်ဆိုကြသည့်အခါ အားလုံးက လက်ချင်းဆက်၍မီးပုံကို ဝိုင်းပတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကကြသည်၊ သူ့ကိုလည်း ပါဝင်ကပြရန် မျက်နှာရိပ် မျက်နှာကဲပြ၍ခေါ်ကြသည်၊

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်မျှ ငဲ့ကြည့်သည်၊ အနီးအနားတွင်ရပ်ကြည့်နေသူ အများအပြားမရှိ၊ ခဏတစ်ဖြုတ်လောက် ဝင်၍ကရလျှင် အစာကြေဖို့အတွက် အလေ့ကျင့်ခန်းတစ်ခုလုပ်သလို ဖြစ်လိမ့်မည်ဟု ယူဆမိ၏၊

ကခုန်နေဖို့မှာ ရိုးရိုးစင်းစင်းရှိလှ၏၊ ခြေတစ်ဖက်ကို မြှောက်ပြီးပြန်ချ၊ ပြီးတော့ နောက်တစ်ဖက်ကို မြှောက်ပြီးပြန်ချ၊ သူသည် မိန်းမများကြားသို့ဝင်ကာ သူတို့ကသလို ကရသည်မှာ အလွယ်သား. . .၊

တဖြည်းဖြည်းနှင့် သူသည် မိန်းမပျိုများ၏ အလည်သို့ရောက်သွားသည်၊ သူ့အား ကိုယ်ချင်းထိ၍ ကသူများက ကလာကြသည်၊

မိန်းမပျိုများသည် စောစောကထက် ဇက်ရဲလက်ရဲ ဖြစ်လာကြသည်၊ ရင်နှင့်ထိလိုက် ဖင်နှင့်ထိလိုက်လုပ်နေရာမှ လက်များနှင့်ထိလိုက် ဆွဲလိုက်လုပ်လာကြသည်၊ ဒမ်ဘာသည် သူတို့ကြားမှ ထွက်သွားနိုင်ရန် အားထုတ်သည်၊ ထိုအခိုက်မှာပင် မိန်းမပျိုများသည် သူ့အား ဝိုင်းအုံဖိကပ်ထားရာမှ ဖြုန်းခနဲ ထွက်ပြေးကုန်ကြသည်၊

သူတို့ ဘာ့ကြောင့်ကြောက်လန့်တကြား ထွက်ပြေးကုန်ကြတာပါလိမ့်. . .၊ အံ့အားသင့်ပြီး ကျန်ရစ်ခဲ့သော ဒမ်ဘာက နောက်သို့လှည့်ကြည့်သည်၊ သူ့နောက်၌ရပ်နေသူမှာ ခြေကန်ငှက်. . .၊ ခြေကန်ငှက်က သူ့အား တစ်စုံတစ်ရာလှမ်းပြောသည်၊ သူကတော့ နားမလည်၊ ခြေကန်ငှက်သည် ချာခနဲလှည့်ကာ သူ့တဲဆီသို့လျှောက်သွားသည်၊ ဗိုလ်ဒမ်ဘာသည် နောက်မှလိုက်သွားသည်၊

❒

ခြေကန်ငှက်၏တဲရှေ့တွင် မီးဖိုတစ်ဖိုရှိသည်၊ ထိုမီးဖိုရှေ့၌ ဝိုင်းထိုင်နေကြသူများသည် အခုအချိန်ထိ လူစုံမကွဲသေး၊ ဒမ်ဘာသည် ထိုလူစုကြား၌ ဝင်ထိုင်လိုက်သည်၊ သူတို့ပေးသော ကျွဲသားတစ်တုံးကို မစားချင် စားချင်နှင့် စားနေရပြန်သည်၊

တစ်နာရီခန့်ကြာသွားသည့်အခါ ဒမ်ဘာသည် အိပ်ချင်လွန်းသဖြင့် မျက်လုံးများကို မဖွင့်နိုင်တော့ပေ၊ အခြေအနေကို ရိပ်မိသွားသော ခြေကန်ငှက်သည် ထိုင်နေရာမှထကာ ဒမ်ဘာအား သူ့တဲထဲသို့ခေါ်သွားပြီး မြက်ဖျာအိပ်စင်ဆီသို့ ပို့ပေးသည်၊

ဒမ်ဘာသည် အိပ်ချင်လွန်းသဖြင့် ခြေကန်ငှက်ကိုပင် နှုတ်ဆက်ဖို့ သတိမရ၊ တဲနံရံအနီး၌ တပ်ချထားသော အိပ်စင်ပေါ်၌ ရှူးဖိနပ်များကို ချွတ်သည်၊ တဲအတွင်းမှ ပြန်ထွက်သွားသော ခြေကန်ငှက်၏နောက်ကျောကိုတော့ ရိပ်ခနဲမြင်လိုက်၏၊

ဒမ်ဘာသည် နောက်ဆုံးရှူးဖိနပ်တစ်ဖက်ကို လက်ထဲမှ လွှတ်ချလိုက်ပြီးတွင် အိပ်စင်ထက်သို့လှဲချလိုက်သည်၊ ချက်ခြင်းပင်အိပ်ပျော်သွားသည်၊ သို့သော်လည်း အိပ်မက်ကမကောင်း၊ အိပ်မက်တွေမက်နေသည်၊ သူ့အား ဝိုင်းအုံနေကြသည့် မိန်းမများ ဘယ်သူတွေမှန်းမသိ၊ မျက်နှာတွေက မပီမပြင်၊ မသဲမကွဲ၊ အသံတွေကိုပါ ကြားနေရသလိုရှိ၏၊ ပြီးတော့ အားလုံးသည် လေနှင့်အတူ လွင့်မျောလိုက်ပါကာ နေကြသလိုလိုထင်ရသည်၊



သူတို့က အသားကိုထိတွေ့ ကိုင်တွယ်ပွတ်သပ်နေသည့်နှယ် ခံစားရသည်၊ သူသည် အိပ်မက်ကမ္ဘာထဲတွင် မျောပါသွားလျက်ရှိလေသည်၊

❒

သူ့နားထဲတွင် တခစ်ခစ်ရယ်သံကို ကြားနေရသည်၊ ဘယ်သူပါလိမ့်. . .၊ မျက်လုံးများကို ဖွင့်ရန်ကြိုးစားသော်လည်း ဖွင့်၍မရ၊ မျက်စိများသည် လေးလံထိုင်းမှိုင်းလျက်ရှိ၏၊ ရယ်သံများကို ဆက်၍ကြားနေရဆဲ. . .၊ ဘယ်သူရယ်သံပါလိမ့်. . .၊ သူ့အိပ်စင်နှင့် သိပ်မဝေးသောနေရာမှဖြစ်၏၊ သူရောက်နေသော အခန်းထဲမှပင်ဖြစ်သည်၊

သူသည် မျက်လုံးများကိုကြိုးစား၍ဖွင့်ကာ အသံလာနေရာဘက်သို့ သူ့ခေါင်းကို လှည့်လိုက်သည်၊ အခန်းထဲတွင် တိတ်ဆိတ်လျက်ရှိ၏၊ ခြေကန်ငှက်၏ မိသားစုတစ်စုလုံး အိပ်ပျော်နေကြပြီထင်သည်၊

သူသည် ခေါင်းထောင်၍ကြည့်သည်၊ တဲ၏အလည်ရှိ မီးဖိုမှမီးရောင်ဖြင့် ခြေကန်ငှက်ကိုမြင်ရသည်၊ ခြေကန်ငှက်သည် အိပ်စင်ပေါ်၌ သူတစ်ဦးထဲမဟုတ်၊ အမှောင်နှင့်ကျင့်သားရလာသော သူ့မျက်လုံးများသည် သူနှင့်မနီးမဝေးရှိ အိပ်စင်ထက်မှ အမျိုးသမီးကိုပါမြင်လာရ၏၊

အမျိုးသမီးသည် သူ့ကိုကျောပေး၍ အိပ်နေခြင်းဖြစ်သည်၊ အသက်မှန်မှန် ရှူနေခြင်းကိုထောက်ပါက အိပ်မောကျနေဟန်တူ၏၊ သူ၏ခေါင်းပုံသဏ္ဌာန်နှင့် ဆံပင် ၏ချယ်ရီပန်းရောင်တို့သည် ဘယ်သူဘယ်ဝါဖြစ်သည်ကို ဖော်ပြ နေသည်၊

လက်သီးနှင့်ရပ်သူသည် တစ်ယောက်ထဲ အိပ်မောကျနေခြင်းဖြစ်သည်၊ သူမ၏အကြောင်းကို တွေးလိုက်မိသည့်အခါ ဒမ်ဘာ၏စိတ်ထဲတွင် အံ့ဩခြင်းဖြစ်မိ၏၊ ဤအမျိုးသမီး၏သွေးသည် လူဖြူသွေးဖြစ်ကောင်းဖြစ်ပေလိမ့်မည်၊ သို့သော်လည်း သူမသည် ကိုမင်ချီတစ်ယောက်ဖြစ်နေ၏၊ သူမသည် ကိုမင်ချီစကားကို ကိုမင်ချီတစ်ယောက်လိုပြောနိုင်သည်၊ အင်္ဂလိပ်ဘာသာစကားသည် သူမအဖို့ နိုင်ငံခြားဘာသာစကားတစ်ခု ဖြစ်သွားခဲ့ပြီ၊

သူမသည် ကိုမင်ချီတို့၏ ဖမ်းဆီးမှုကို ခံခဲ့ရသည့်လူဖြူတစ်ယောက်ဖြစ်ပုံရသည်ဟု သူထင်၏၊ သို့သော်လည်း ထိုကိစ္စနှင့်ပတ်သက်၍ သတင်းအစအနပင် မကြားဖူးသူ့အနေဖြင့်လည်း သူမ၏အဖြစ်ကို သိပုံမရ၊ သို့ဆိုလျှင် သူမသည် အသက်ငယ်လူမမယ်ဘဝကတည်းက ဖမ်းဆီးခြင်းကိုခံခဲ့ရသူ ဖြစ်ပေလိမ့်မည်၊

www.burmeseclassic.com

www.burmeseclassic.com



သူသည် လူနှစ်ဦးဖြစ်နေသော မိန်းမတစ်ယောက်က တဖြည်းဖြည်းချင်း လူတစ်ဦးဘဝသို့ ရောက်သွားခဲ့ရသည့်အဖြစ်ကို တွေးကာစိတ်မောလျက်ရှိ၏။ "သူ့ဘဝမှာ သူပျော်ရဲ့လား"ဟူသော မေးခွန်းကို သူ့ကိုယ်သူ မေးနေမိသည်။ သို့သော်လည်း အဖြေကမရ။ အဖြေကိုရှာရင်း ရှာရင်းနှင့်ပင် ဗိုလ်ဒမ်ဘာသည် ပြန်လည်၍ အိပ်မောကျသွားခဲ့သည်။

□□□

[၂၀]

သူတို့သည် ယာယီစခန်းတွင် သုံးရက်ကြာမျှနေထိုင်ခဲ့ကြရာ ဤမျှလောက် တိုတောင်းသောအချိန်ကာလအတွင်း ကြီးမားသောအပြောင်းအလဲသည် ဖြစ်ပေါ်လာခဲ့သည်။ ဖြစ်လာသည့် အရေးကိစ္စသည် ဗိုလ်ဒမ်ဘာနှင့်ဆက်စပ်ပတ်သက်နေသည်။

ဤသုံးရက်တာ ကာလအတွင်း ဗိုလ်ဒမ်ဘာ၏ဘဝလမ်းကြောင်းသည် မျှော်လင့်ဘဲနှင့် ပြောင်းလဲသွားခဲ့ရ၏။ ထိုအပြောင်းအလဲသည် သူ့ဘဝတစ်ခုလုံးနှင့် ရှေ့ဆုံးနေရာသို့ ရောက်လာခဲ့ရလေသည်။

အမဲလိုက်ပွဲကြီးပြီးဆုံးခဲ့သည့် နောက်တစ်ရက်နံနက်တွင်ဖြစ်သည် သူအိပ်ရာမှကြည်မလင်ဖြင့် နိုးလာသည်။ အိပ်ရေးမဝ၍ မအီမသာဖြစ်နေခြင်း မျိုးတော့ မဟုတ်၊ နိုးလျှင်နိုးချင်း သူသတိထားမိခဲ့သည်မှာ သူ့ခြေထောက်များ စေးကပ်ကပ်ဖြစ်နေခြင်းပေတည်း။

သူသည် အိပ်စင်ပေါ်မှထကာ သူ့ရှူးဖိနပ်များကို ကောက်ယူပြီး အိပ်ပျော်နေသူများမနိုးအောင် အပြင်သို့ထွက်လာခဲ့သည်။ အပြင်ဘက်တစ်နေရာသို့သွား၍ ခြေထောက်များကို ဆေးကြောမည်ဟူသော စိတ်ကူးနှင့်ဖြစ်၏။ သူတဲအပြင်ရောက်သည်နှင့်တစ်ပြိုင်နက် သူရလိုသောနေရာကိုတွေ့သည်။ ပရေးရီမြက်ခင်းပြင်တစ်ပြင်သည် နှင်းဥနှင်းသီးများဖြင့် ဖုံးလွှမ်းကာ စွတ်စိုလျက်ရှိသည်မဟုတ်ပါလား. . ။

သူသည် ရှူးဖိနပ်များကို တဲနားဦချထားခဲ့ပြီး မြင်းအုပ်ကျက်စားရာ အရှေ့

www.burmeseclassic.com



ဘတ်သို့ ဦးတည်တာထွက်လာခဲ့သည်။ တခြားကြောင့်မဟုတ်၊ သူမြင်းကစ္စကိုး၏ အခြေအနေကို ကြည့်ရန်ဖြစ်၏။

အရှက်ဦး၏ ရွှေပြေးအလင်းရောင်များသည် အမှောင်ထုကို ပြောက်တိ ပြောက်ကျားထိုးဖေါက် ဝင်ရောက်လျက်ရှိသည်။ မြက်ခင်းပြင်ပေါ်မှလျှောက်လာနေ သော ဒမ်ဘာ၏ခြေထောက်များနှင့် ဘောင်းဘီကလနားများသည် နှင်းများဖြင့် စွဲ စွဲစိုလျက်ရှိသည်။

အလင်းရောင်ပြောက်တိပြောက်ကျားများသည် တဖြည်းဖြည်းကြီးလာ မှုမှ အရောင်ပါပြောင်းလာနေသည်ကို ဒမ်ဘာသတိထားမိသည်။

ဘုရားသခင်ဆိုတာ ဘယ်လိုဟာမျိုးပဲဖြစ်ဖြစ် ဒီနေ့လိုနေ့မျိုးအတွက်တော့ ငါဘုရားသခင်ကို ကျေးဇူးတင်တယ်။

သူခေါင်းထဲသို့ အမှတ်မထင်ဝင်ရောက်လာသည့် စကားလုံးများဖြစ် သည်။ သူသည် ထိုစကားများကို ကြိုက်လွန်းအားကြီးသဖြင့် ပါးစပ်မှကျယ်လောင်စွာ အသံထွက်၍ပြောမိသည်။

ပထမဆုံးမြင်းများ၏ ဦးခေါင်းများသည် သူမြင်ကွင်းအတွင်းသို့ ဝင်လာ သည်။ မြင်းနားရွက်များသည် အရှက်ဦးကို နောက်ခံပြုကာ အပေါ်သို့ထောင်နေ ကြသည်။ ပြီးတော့ အင်ဒီးယန်းတစ်ယောက်၏ ဦးခေါင်းကိုလည်း မြင်နေရ၏ အစဉ်အမြဲပြုံးရယ်နေတတ်သော ကောင်ကလေးဖြစ်မည်ထင်သည်။

သူသည် ကစ္စကိုအား အလွယ်တကူပင် ရှာတွေ့သည်။ သူမြင်းသည် သူ့နှုတ်သီးဖြင့် ဒမ်ဘာ၏ရင်ဘတ်ကိုထိုးသည်။ သူတို့သည် နံနက်ခင်း၏ အေး စက်လှမ်းခြုံမှုကိုခံယူကာ အချိန်အတန်ကြာမျှ ရပ်နေကြသည်။ ဒမ်ဘာတ ကစ္စ ၏မေးကိုကိုင်၍ အသာအယာနားခေါင်းပေါက်များထဲသို့ လေမှုတ်သွင်းသည်။

အခြားမြင်းများသည် သူတို့အနီးသို့လာ၍စုပြုံပြီးရပ်ကာ သူတို့အား အ အဆန်းတစ်ခုသဖွယ် ကြည့်နေကြသည်။ ဗိုလ်ဒမ်ဘာသည် ကစ္စကိုနှင့်အတူ စခ ဘက်သို့ ပြန်လာခဲ့သည်။ ယာယီစခန်းသည် နံနက်ခင်းအလင်းရောင်ပျပျအော တွင် သာယာလှပလျက်ရှိသည်။ စခန်းသည် တဖြည်းဖြည်းချင်း အသက်ဝင်လာ ပြီ၊ မီးဖိုအချို့ကိုပင် မြင်နေရပြီဖြစ်၏။

"သိပ်ကိုလှတဲ့ ရှုခင်းကလေးပါလား"

ဗိုလ်ဒမ်ဘာသည် ပတ်ဝန်းကျင်နှင့်လိုက်ဖက်ညီလှသော စခန်းကိုကြ ကာ နှုတ်မှရေရွတ်လိုက်မိသည်။ သူသည် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သ အလှ တစ်ခု၏နက်ရှိုင်းသော အနှစ်သာရများအကြောင်းကို မတွေးတောမဆင်ခြ မနေနိုင်။ နံနက်စာစားချိန်အထိ ထိုဆင်ခြင်မှုသည် သူ့ခေါင်းထဲ၌ရှိနေဆဲ. .။

□

ထိုနေ့မနက်ခင်းတွင် ဗိုလ်ဒမ်ဘာသည် ကစ္စကိုနှင့်အတူ စခန်းမှနေ



တစ်ကြိမ်ထွက်ခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင် နောက်ထပ်ကျွဲတစ်ကောင်ရခဲ့သည်။ ဤတစ်ကြိမ်တိုက်ပွဲတွင် သူသည် ကစ္စကိုအား ကျွဲမသွားအောင် သတိနှင့်ထိန်းထား သည်။ ကစ္စကိုအား ကျွဲအုပ်ထဲသို့ဝင်ရောက်မသွားစေရန်အတွက် ကျွဲအုပ်၏ ဘေး တစ်ဖက်အစပ်ကို ကပ်၍နှင်သည်။ သူသည် ကျွဲကိုတွေ့သည့်အခါ သတိကြီးစွာထား ၍ ချိန်ရွယ်ပြီးမှ ပစ်ခတ်ခဲ့ခြင်းဖြစ်၏။ သို့သော်လည်း ပထမဆုံးတစ်ချက်သည် ချိန် သားမကိုက် အပေါ်သို့အနည်းငယ်မြင့်တက်သွားသဖြင့် ပစ်မှတ်ကိုမထိ၊ ဒုတိယ ကျည်ဆံကျမှပင် ကျွဲသည် တုံးခနဲလဲကျသွားသည်။

သူရလိုက်သောကျွဲမသည် အကောင်ကြီးသည်။ သူရလိုက်သောကျွဲကို လာရောက်ကြည့်ရှုကြသည့် ကိုမင်ချီစစ်သူရဲများသည် အံ့ဩ၍မဆုံး၊ ရွှေချယ်ပုံ တောင်းလွန်းလှသော ဒမ်ဘာအား ဝိုင်း၍ချီးကျူးစကားပြောကြသည်။ ဤတစ်ကြိမ် တော့ဖြင့် သူသည် သူပစ်ခတ်ရရှိလိုက်သော ကျွဲ၏အသည်းကို အစိမ်းမစားတော့ ပေ။

စခန်းမှမိန်းမများနှင့် ကလေးသူငယ်များသည် ယခုတစ်ကြိမ်တွင်လည်း အစုလိုက်အပြုံလိုက်ထွက်ကာ ကျွဲကိုဖျက်ကြသည်။ ထိုနေ့မွန်းလွဲပိုင်းတွင် ယာယီစ ခန်းတွင်း၌ ကျွဲသားများအလျှံပယ်ဖြစ်နေသည်ကို မြင်ရ၏။ စင်များပေါ်၌တင်၍ နေ လှမ်းထားသည့်ကျွဲသားများသည် အလေးချိန်ပေါင်ပေါင်း ထောင်နှင့်ချီ၍ ရှိမည်ဖြစ်သည်။

လူငယ်စစ်သူရဲများနှင့် သူငယ်တစ်စုသည် စခန်းသို့ပြန်ရောက်သည့်အခါ မြင်းပြိုင်ပွဲတစ်ပွဲပြုလုပ်ရန် စီစဉ်ကြသည်။ ပြုံးချိုသည် ကစ္စကိုအားစီး၍ ဝင်ပြိုင်လို ကြောင်း ဒမ်ဘာအား ပူဆာလျက်ရှိသည်။ ဒမ်ဘာအနေဖြင့် သူမြင်းအား ဂုဏ်ပြုရာ ရောက်နေသဖြင့် ပြုံးချို၏ပူဆာမှုကို ငြင်းပယ်ရန်ခက်ခဲလျက်ရှိသည်။ ဤသို့ဖြင့် သူ မြင်းကိုစီး၍ ပြိုင်ပွဲဝင်ရန်ခွင့်ပြုလိုက်လေသည်။

မြင်းပြိုင်ပွဲအတော်များများ ပြီးသွားချိန်တွင်မှ ဒမ်ဘာသည် သူမြင်းကစ္စကို အတွက် များစွာစိတ်ပူနေရလေပြီ။ တခြားကြောင့်မဟုတ် ပြိုင်ပွဲတွင်ရှုံးသူက သူမြင်း ကို နိုင်သူအား အပိုင်ပေးနေရသည်ကို မြင်ရခြင်းကြောင့်ဖြစ်သည်။ သို့သော်လည်း တော်ပါသေး၏။ ကံကောင်းထောက်မသဖြင့် မြင်းစီးကောင်းသော ပြုံးချိုသည် သူဝင်ရောက်သောပြိုင်ပွဲများတွင် သုံးပွဲစလုံးအနိုင်ရရှိခဲ့လေ၏။

ထို့နောက်တွင် လောင်းကစားပွဲများ စသည်။ လေဆံပင်က ဒမ်ဘာအား လောင်းကစားပွဲအတွင်းသို့ ပါဝင်လာအောင်ဆွဲဆောင်သည်။ အံ့စာပစ်ကြခြင်းဖြစ် ၍ ကစားနည်းကို တတ်သိနားလည်အောင် သင်ကြားနေရသော ဒမ်ဘာသည် ပထမ အဆင့်တွင် ဆေးလိပ်သောက်ဆေးအား ဆုံးရှုံးသည်။

ကစားနေကြသူများထဲမှ အချို့သည် အဝါရောင်အဆင်းများပါသော ဒမ်ဘာ၏ခါးပေါ်မှ ဘောင်းဘီတွင် စိတ်ဝင်စားနေကြသည်။ ဘောင်းဘီကို အ လောင်းအစားလုပ်ရန် တောင်းဆိုလာကြသည်။ ဒမ်ဘာသည် သူဦးထုပ်နှင့်တစ္စနစ်

www.burmeseclassic.com



အတိုမျှားကို အလဲအလှယ်လုပ်ခဲ့ပြီးဖြစ်ရာ ယူနီဖောင်းနှင့်ပတ်သက်နေသည့်ပစ္စည်း ဆို၍ ဘောင်းဘီသာလျှင်ကျန်တော့၏။ ထို့ပြင် လောင်းကစားပွဲရှုံးပါက ဤဘောင်း ဘီကိုချွတ်ပေးလိုက်ရမည်ဖြစ်ရာ သူ့တွင် ဝတ်စရာဟူ၍ ဘာမှမရှိတော့သဖြင့် ဖင်ထိုင် လုံးနေရပေတော့မည်။

ထို့ကြောင့်လည်း သူသည် ဘောင်းဘီကို မလောင်းချင်၊ သူ့ရှူးဖိနပ်များ လောင်းမည်ဟုပြောသည့်အခါတွင်လည်း အင်ဒီးယန်းများက လက်မခံ၊ သူတို့အ ဖြင့် ရှူးဖိနပ်များကိုတန်ဖိုးရှိသည်ဟု မမြင်ကြ၊ နောက်ဆုံးတွင် ဗိုလ်ဒမ်ဘာသည် သူ့ရိုင်ဖယ်သေနတ်ကိုထုတ်ပြီး လောင်းသည်၊ ထိုအခါ အင်ဒီးယန်းအားလုံးက တ တညွတ်တည်း သဘောတူလက်ခံကြသည်၊ သေနတ်တစ်လက်ကို လောင်းတ ခြင်းသည် အားလုံးအတွက် စိတ်လှုပ်ရှားစရာဖြစ်သည်၊ ထိုပွဲတွင် ဘေးမှရပ်ကြည့် အများအပြားရှိလာသည်၊

ယခုပွဲတွင် ကစားနည်းကိုကောင်းစွာ နားလည်နေပြီဖြစ်သော ဗိုလ်ဒမ်ဘာ ကနိုင်သည်၊ သူ့ရိုင်ဖယ်ကို လက်မလွှတ်ရရုံမက အကောင်းဆုံးမြင်းပုသုံးကော တိုပင် အနိုင်ရလိုက်သေးသည်၊

ရှုံးသူများသည် သူတို့ပစ္စည်းများကို ပြုံးပြုံးရွှင်ရွှင်ရယ်ရယ်မောမော ဒမ်ဘာလက်သို့ ပေးအပ်ကြသည်၊ ဒမ်ဘာသည် ချက်ခြင်းပင် သူအနိုင်ရထားသ ဝစ္စည်းများကို သင့်တော်သူများအား လက်ဆောင်ပေးသည်၊

သူရရှိခဲ့သောမြင်းပုသုံးကောင်ထဲမှ အရပ်အမြင့်ဆုံးနှင့် အတောင့်တင်း မြင်းကို လေဆံပင်အားပေးသည်၊ ကျန်မြင်းနှစ်ကောင်ကိုမူ ခြေကန်ငှက်၏တဲဆီ ယူလာခဲ့သည်၊ တဲရှေ့ရောက်သည်နှင့် တစ်ပြိုင်နက် သူမြင်းနှစ်ကောင်စလုံးကို ခြေ ကန်ငှက်၏လက်သို့ပေးသည်၊

ခြေကန်ငှက်သည် များစွာသဘောကျသော်လည်း ဤမြင်းများကို ဘယ် ဘယ်လိုရလာမှန်းမသိသဖြင့် ခေါင်းရှုပ်နေသည်၊ ဘေးမှတစ်ယောက်က ဝင်၍ ပြခါမှပင် သူသဘောပေါက်သည်၊ မလှမ်းမကမ်း၌ရှိနေသော လက်သီးနှင့်ရပ်သူ ခေါ်၍ သူ့ကိုယ်စား ဒမ်ဘာအား စကားပြောပေးခိုင်းသည်၊

လက်သီးနှင့်ရပ်သူ၏ တစ်ကိုယ်လုံးတွင် သွေးများဖြင့်နီရဲနေသဖြင့် မကောင်း ရှုမကောင်းဖြစ်နေသည်၊ သူမသည် ဒမ်ဘာပစ်ထားသော ကျွဲသေ ဖျက် နေရာမှ ထလာခြင်းဖြစ်သည် မဟုတ်ပါလော. . ၊

လက်သီးနှင့်ရပ်သူက ခြေကန်ငှက်၏ စကားအဆုံးတွင် ခေါင်းခါသည် အင်္ဂလိပ်စကားကို သူမ ကောင်းစွာမပြောတတ်ပါဟုဆိုသည်၊ ခြေကန်ငှက်ကလည် ဇွတ်ခိုင်းသည်၊ ပြောတတ်သလောက်နှင့်ပြောပေးပါဟု ဆိုသည်၊

လက်သီးနှင့်ရပ်သူသည် ခေါင်းကိုငုံ့ကာ ပါးစပ်မှတိုးတိုးလေသံဖြင့် စကား တစ်လုံးကို အကြိမ်ပေါင်းများစွာရွတ်နေသည်၊ ထို့နောက် ဗိုလ်ဒမ်ဘာအားကြည့် စကားတစ်လုံး နှုတ်မှထွက်လာသည်၊



"တင့်ကပ်စ်"

ဒမ်ဘာက စဉ်းစားသည်၊ မရ၊ "ဘာပြောတယ်"ဟု ပြုံး၍မေးသည်၊

"တင့်စ်"

လက်သီးနှင့်ရပ်သူက နောက်တစ်ကြိမ်ထပ်ပြောသည်၊ ဒမ်ဘာ၏လက် မောင်းကိုတို့ပြီး မြင်းများဆီသို့ လက်ညှိုးထိုးပြသည်၊

"ဟို့စ်"

ဒမ်ဘာသည် တစ်ခဏမျှအချိန်ယူ စဉ်းစားသည်၊ "တင့်စ်"ဆိုသည်မှာ "သင့်က်"ကို ပြောခြင်းဖြစ်လေမလား. . ၊ "သင့်က်"ဟူသော အင်္ဂလိပ်စကားသည် "ကျေးဇူးတင်သည်"ဟု အဓိပ္ပာယ်ရသည် မဟုတ်ပါလော. . ၊

"ကျေးဇူးတင်တယ်လို့ပြောတာလား"

လက်သီးနှင့်ရပ်သူက ခေါင်းညိတ်သည်၊ "ယက်စ်"ဟု ပီပီသသပြော သည်၊ "ဟုတ်တယ်"ဟု ပြောလိုက်ခြင်းပေတည်း. . ၊

ဗိုလ်ဒမ်ဘာသည် ခြေကန်ငှက်၏လက်ကိုဆွဲရန် သူ့လက်တစ်ဖက်ကို ကမ်း ပေးသည်၊ လက်သီးနှင့်ရပ်သူက ဒမ်ဘာအား လှမ်းတားပြီး မြင်းနှစ်ကောင် ကြားတွင် ဝင်ရပ်သည်၊

"ဟို့ဖ်"ဟု ပြောကာ ခြေကန်ငှက်ဘက်သို့ လက်ညှိုးထိုးပြသည်၊

"ငါ့အတွက် တစ်ကောင်"ဟု ဗိုလ်ဒမ်ဘာကပြောသည်၊

"သူ့အတွက် တစ်ကောင်"

လက်သီးနှင့်ရပ်သူသည် စိတ်လက်ချမ်းသာသွားဟန်ဖြင့် သက်ပြင်းချ သည်၊ သူမ၏နှုတ်မှ ထွက်သွားသည့်စကားကို လူဖြူစစ်သားနားလည်သွားပြီဖြစ်၍ စိတ်လက်ပေါ့ပါးသွားသည်၊ သူမ၏ပါးစပ်မှ "ကော်ရက်"ဟူသောစကားလုံးတစ်လုံး ပီပီသသကြီးထွက်ပေါ်လာပြန်သည်၊

ပီပီသသနှင့် မှန်မှန်ကန်ကန်ကြီးထွက်ပေါ်လာသည့် အင်္ဂလိပ်စကားတစ် လုံးဖြစ်သဖြင့် ဒမ်ဘာသည် ဝမ်းသာအားရရယ်မိသည်၊ လက်သီးနှင့်ရပ်သူကလည်း အားပါးတရရလိုက်ရယ်သည်၊ ပြီးတော့ နှစ်ဦးစလုံးပင် ခြေကန်ငှက်နှင့် ဘေးမှရပ် ကြည့်နေကြသည့် အင်ဒီးယန်းများအား ပြိုင်တူကြည့်မိကြသည်၊ အားလုံးက သူတို့ အားကြည့်၍ရယ်ကြသည်၊

ဗိုလ်ဒမ်ဘာသည် သူ့အတွက်ရထားသည့်မြင်းကို သူမယူ၊ သူသည် မြင်း ကို ဝက်ဝံကြီး၏တဲဆီသို့ ဆွဲသွားပြီး ဝက်ဝံကြီးအား လက်ဆောင်အဖြစ်ပေးသည်၊ ကိုမင်ချီတို့၏ ရိုးရာဓလေ့ထုံးစံအရဆိုလျှင် ချမ်းသာကြွယ်ဝသူက သူပိုင်ပစ္စည်း များကို သူထက်ဆင်းရဲပြီး ကံနည်းနေသူများအား ဝေငှပေးရသည်၊ အခု ဒမ်ဘာ လုပ်ပုံသည် ပြောင်းပြန်ဖြစ်နေသည်၊ ဝက်ဝံကြီးသည် လူဖြူစစ်သား၏ ထူး ခြားသော အပြုအမူအပေါ် အံ့သြခြင်းဖြစ်တာ အတွေးပင်လယ်ဝေပြီး ကျန်ရစ်ခဲ့လေသည်၊

ထိုညတွင် ဗိုလ်ဒမ်ဘာသည် ခြေကန်ငှက်၏တဲထဲရှိ မီးဖိုဘေး၌ထိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



သူနားမလည်သည့်စကားများကို နားထောင်ရင်း လက်သီးနှင့်ရပ်သူအား ကြည့်ရှုတွေ့လာခွင့်ရခဲ့သည်။ သူမသည် သူနှင့်ပေအနည်းငယ်အကွာ၌ထိုင်ကာ သူ့အားကြည့်နေသည်။ ကြည့်နေပုံသည် အထူးအဆန်းတစ်ခုကို စိတ်ဝင်တစား ကြည့်နေသည့်ပုံမျိုးဖြစ်၏။ ဒမ်ဘာက သူမ၏မျက်နှာ တခြားဖက်သို့လှည့်မသွားမီ မျက်နှာရိပ်မျက်နှာကဲပြကာ "ကော်ရက်"ဟု လှမ်းပြောသည်။

သူမက မျက်နှာကိုတစ်ဖက်သို့ လျှင်မြန်စွာလွှဲသွားသည်။ သို့သော်လည်း မျက်နှာကိုလွှဲမသွားခင်ကတည်းက သူမ၏တခစ်ခစ်ရယ်သံကို ဒမ်ဘာကြားလိုက်ရလေသည်။

❐

ယာယီစခန်းတွင် ကြာကြာဆက်၍နေမည်ဆိုပါက အချိန်ကိုအလဟဿ မဖြုန်းတီးရာ ရောက်လိမ့်မည်ဖြစ်သည်။ သူတို့လက်ထဲတွင် သူတို့ရယူလိုသည့် ကျွဲသားအများအပြားကို ရရှိထားကြပြီဖြစ်သဖြင့် ရွာကိုအမြန်ဆုံးပြန်ကြရန်သာ ရှိတော့၏။ နောက်နေ့မနက် အရုဏ်မတတ်မီတွင် ပစ္စည်းများအားလုံးကို ထုပ်ပိုးပြီးသွားသည်။ နေတက်စပြုချိန်တွင် လူတန်းကြီးသည် လမ်းပေါ်သို့ရောက်လာကြသည်။ အပြန်ခရီးသည် အလာခရီးထက်နှစ်ဆခန့် ပိုရှည်သည်ဖြစ်ရာ ဆက်ကျဲဝစ်ခံတပ်သို့ သူတို့လူစုရောက်သွားချိန်တွင် အမှောင်ထုဝင်ရောက်စပြုလေပြီ။

ပေါင်ပေါင်းရာနှင့်ချီ၍ရှိသည့် ကျွဲသားများကို စွပ်ဖားပေါ်မှချကာ ခံတပ်တွင်းမှ ရိက္ခာတဲထဲသို့ပို့ပေးကြသည်။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်နှုတ်ဆက်သံများ ထွက်ပေါ်လာသည်။ ဗိုလ်ဒမ်ဘာသည် သူ့တဲဝမှရပ်တာ ဖြည်းဖြည်းချင်း ထွက်ခွာသွားနေသည့် လူတန်းကြီးကို မျှော်ကြည့်ပြီး ကျန်ရစ်ခဲ့သည်။

သူသည် လူတန်းကြီးထဲမှ လက်သီးနှင့်ရပ်သူအား မျက်စိဖြင့်ရှာသည်။ မှောင်စပျိုးနေပြီဖြစ်သောအချိန်ဖြစ်၍ လက်သီးနှင့်ရပ်သူကို ရှာမတွေ့။

❐

သူ့ခံတပ်သို့ ပြန်ရောက်လာသည့်အတွက် ဗိုလ်ဒမ်ဘာ၏ရင်ထဲတွင် ခံစားမှုအမျိုးမျိုးဝင်နေသည်။

ခံတပ်သည် သူ့အိမ်ဖြစ်၏။ သူ့ရှူးဖိနပ်များကို ချွတ်ချလိုက်ပြီး အိပ်စင်ပေါ်၌လှဲလိုက်ရသည်မှာ မည်မျှအရသာရှိပါသနည်း။ သူသည် ဘေးတစ်ဖက်၌ရှိနေသည့် မှန်အိမ်မှမီးရောင်ကို ကြည့်နေသည်။ တဲထဲတွင်ရှိရှိသမျှသည် ခြေရာလက်ရာမပျက်...

အချိန်အတော်ကြာလာသည့်အခါတွင်မူ သူ့ခံစားမှုသည် တစ်မျိုးတစ်မည်ဖြစ်လာသည်။ ပျင်းရိငြီးငွေ့ခြင်းနှင့် အထီးကျန်နိုင်ခြင်းတို့သည် သူ့အားလွှမ်းမိုးလျက်ရှိ၏။ ချောင်းဘက်သို့ထွက်ကြည့်ရလျှင် ကောင်းလေမလား. . .။ သူသည် ဖိနပ်များကိုပြန်စီးကာ အပြင်သို့ထွက်လာသည်။



အပြင်သို့ရောက်ခါမှပင် သူ့ရလာသည့်အရိုးကျည်ကာအင်္ကျီကို သတိရလာသည်။ ကြည့်ချင်စိတ်လည်း ပြင်းပြလာသည်။ သူသည် တဲထဲသို့ပြန်ဝင်ကာ ကျည်ကာအင်္ကျီဆီသို့ လှမ်းကြည့်သည်။ မှုန်ဝါးဝါးမီးရောင်အောက်မှပင်လျှင် ကျည်ကာအင်္ကျီသည် တလက်လက်တောက်ပနေသည်။ ဒမ်ဘာသည် အရိုးပြင်များကို သူ့လက်ချောင်းများဖြင့် အသာအယာကိုင်တွယ်ပွတ်သပ်နေမိသည်။ ထိတွေ့ရသည်မှာ မှန်သားပြင်တစ်ချပ်ကို ထိတွေ့နေရသည်နှင့် တူလှချေသည်။

သူသည် အပြင်သို့ပြန်ထွက်ခဲ့ပြန်သည်။ လရောင်သည် ထိန်ထိန်လင်းလျက်ရှိ၏။ သူသည် ကမ်းနဖူးအတိုင်းလျှောက်ကာ ချောင်းဆီသို့ကြည့်လာသည်။ ထို့နောက် တစ်နေရာ၌ရပ်ကာ ပတ်ဝန်းကျင်ကိုမျှော်ကြည့်သည်။

တစ်နာရီခန့်အကြာတွင် သူသည် နောက်သို့လှည့်ကာ သူ့တဲဆီသို့ပြန်လာသည်။ တစ်ခါတရံတွင် သူသည် ကောင်းကင်ထက်မှ လမင်းဆီသို့ မော့ကြည့်သည်။ လရောင်သည် အေးမြလှပါဘိခြင်း။

❐

နောက်တစ်နေ့တွင် ဒမ်ဘာသည် တစ်နေ့ခင်းလုံးနီးပါးမျှ ခံတပ်တွင်း၌ လုပ်သင့်သမျှအလုပ်များကို လုပ်နေသည်။ အထူးသဖြင့် ရိက္ခာတဲအတွင်းမှ စွန့်သင့်သည်များကို စွန့်ပစ်သည်။ မီးရှို့သင့်သည်များကို မီးရှို့ဖျက်ဆီးသည်။ ကျွဲသားများကို ပုတ်မသိုးအောင် စနစ်တကျပြန်လည်ပြင်ဆင်၍ နေရာချထားသည်။

အလုပ်များကိုလုပ်နေသော်လည်း စိတ်ကတော့ပါလှသည်မဟုတ်၊ အထီးကျန်နိုင်မှုများပျောက်လို၍သာ လုပ်နေခြင်းဖြစ်၏။ ညနေစောင်းသည့်အခါ တွင်မူ သူသည် ခံတပ်အပြင်သို့ထွက်ကာ ပရေရီမြက်ခင်းပေါ်သို့ရောက်သွားသည်။ ရှုမျှော်၍မဆုံးဖြစ်နေသော မြက်ခင်းပြင်သည် အပြောကျယ်လှချေသည်။ သူ့အရပ်လေးမျက်နှာရှိ မြက်ခင်းပြင်ကိုကြည့်ကာ တွေဝေငေးမောနေမိသည်။

အထက်မိုးကောင်းကင်တွင်မူ ဖြူလွလွတိမ်ထုများသည် ရွေ့လျားနေကြသည်။ နွေးထွေးသောနေရောင်ခြည်များသည် အနောက်ဖက်မိုးကုပ်စက်ဝိုင်းဆီမှနေ၍ မြက်ခင်းပြင်ထက်သို့ သက်ဆင်းနေကြသည်။ သူသည် မြက်ပင်များကြား၌တစ်ကောမျှလှဲကာ တိမ်လိပ်များဆီသို့ငေးမောရင်း နာရီဝက်ခန့်ကြာမျှ အိပ်မောကျသွားခဲ့လေသည်။

❐

ဒမ်ဘာအဖို့ ထိုညတစ်ညလုံး အိပ်မက်မကောင်း။ အိပ်စင်ထက်တွင် လူး လူးတလိမ့်လိမ့်ဖြစ်နေသည်။ အိပ်မက်တွေကိုလည်း တစ်မျိုးပြီးတစ်မျိုးမက်နေသည်။ မက်သမျှအိပ်မက်များထဲတွင် အင်ဒီးယန်းတွေ မပါသည်ဟုမရှိ။ နောက်ဆုံးသည် အိပ်မက်ထဲတွင် သူသည် အခန်းထဲ၌ရောက်နေသည်။ အခန်းထဲတွင်

www.burmeseclassic.com



အင်ဒီးယန်းတွေနှင့်ပြည့်နေသည်။

ထိုခဏမှာပင် သူသည် အိပ်ရာမှလန့်နိုးလာသည်။ ဝက်ဝံကြီးတို့ရွာသို့ ချက်ခြင်းထသွားချင်စိတ် ဖြစ်ပေါ်လာသည်။ သို့သော်လည်း အခုလိုညဉ့်နက်သန်းကောင်ကြီး ထသွားပါက ဝမ္မရှူးထိုးလုပ်ရာကျလေမလား. . ။

"မနက်ကျမှပဲ အိပ်ရာက စောစောထပြီးသွားမယ်။ ဒီတစ်ခေါက်တော့ နှစ်ရက်သုံးရက်လောက်ပဲနေမယ်"

ထိုနေ့မနက် အရုဏ်မတက်မီကတည်းက အိပ်ရာမှနိုးလာသော ဒမ်ဘာသည် အင်ဒီးယန်းရွာသို့ သွားရန်ပြင်ဆင်သည်။ ရှပ်အင်္ကျီကိုယူ၍ ဝတ်နေသည့်အခါတွင်မှ အရိုးကျည်ကာအင်္ကျီကို သတိရသည်။ သူသည် ရှပ်အင်္ကျီကိုခေါက်၍ ကျောပိုးအိတ်ထဲသို့ထည့်လိုက်ပြီး ကျည်ကာအင်္ကျီကို ယူဝတ်သည်။

□

လက်ဖြူသည် အပြင်ဘက်မှစောင့်နေသည်ကို တွေ့ရ၏။ ဗိုလ်ဒမ်ဘာ ထွက်လာသည်ကို မြင်သောအခါ လက်ဖြူသည် တစ်ခဏမျှစိုက်ကြည့်နေသည်။ ထို့နောက်တော့ သူထုံးစံအတိုင်း နှစ်ပတ်သုံးပတ်မျှလှည့်ပတ်ကာ ဝပ်ချလိုက်သည်။ သူ့ပါးစပ်ထဲမှလျှာသည် အပြင်သို့ထွက်ကာ တဟောဟော တဟဲဟဲဖြစ်နေသည်။

"မင်း ဘာတွေစိတ်ကူးနေသလဲ"

ဒမ်ဘာ၏အသံကြောင့် လက်ဖြူသည် ဖျတ်ခနဲခေါင်းထောင်ကြည့်သည်။ သူကြည့်နေပုံမှာ တစ်မျိုးထူးခြားလျက်ရှိသဖြင့် ဒမ်ဘာက ရယ်မိသည်။

"ဘာလဲ. . . မင်းက ငါနဲ့လိုက်ချင်လို့လား"

လက်ဖြူသည် ဝပ်နေရာမှခုန်ထလိုက်ပြီး ဒမ်ဘာအား စိုက်ကြည့်နေပြန်သည်။

"ဒီလိုဆိုရင်လည်း. . . လိုက်ခဲ့ပေါ့ကွာ"

□

ခြေကန်ငှက်၏စိတ်သည် အိပ်ရာမှနိုးလျှင်နိုးချင်း လူဖြူစခန်းတပ်မှ 'ဂျွန်'ဆီသို့ ရောက်သွားသည်။

"ဂျွန်"

သူ့အဖို့ ထူးဆန်းသောနာမည်ဖြစ်သည်။ 'ဂျွန်'ဆိုသည်မှာ ဘယ်လိုအနက်အဓိပ္ပာယ်ထွက်ပါလိမ့်. . ။ 'လူငယ်မြင်းစီးသမား'ဟု အဓိပ္ပာယ်ရချင်လည်းရမည်။ သို့မဟုတ် 'မြင်းစီးမြန်သူ'ဟု အဓိပ္ပာယ်ထွက်ချင်လည်း ထွက်မည်။ ဤနာမည်သည် မြင်းစီးခြင်းနှင့် ဆက်စပ်ပတ်သက်လိမ့်မည်ဟုပင်ထင်၏။

ရာသီချိန်အမဲလိုက်ပွဲကတော့ ပြီးစီးသွားခဲ့ပြီ။ ဤပွဲသည် ပထမဆုံးပွဲဖြစ်သည်။ သူတို့တွက်ထားခဲ့သည့်အတိုင်း ကျွဲအုပ်ကြီး အချိန်မီရောက်လာခဲ့သဖြင့်



ဈေးနပ်ရိက္ခာပြဿနာသည် ပြေလည်သွားခဲ့ပြီ။ သူ့အနေဖြင့် ခါတိုင်းလုပ်နေကျအလုပ်များကို ပုံမှန်ပြန်လုပ်မှဖြစ်တော့မည်။

သူသည် သူနှင့်အရင်းအနှီးဆုံး လူနှစ်ဦးထံသွားကာ သူနှင့်လိုက်မလားဟုမေးသည်။ သူတို့ကလည်း ချက်ခြင်းလိုက်ဖို့ သဘောတူကြသည်။ အလွန်လိုက်ချင်သည့် အရိပ်လက္ခဏာများကို အားတက်သရောဖော်ပြနေကြသဖြင့် သူကိုယ်တိုင်ပင် အံ့အားသင့်ခဲ့ရ၏။ ယခုအခါတွင် မိမိတို့လူများသည် လူဖြူစစ်သားနှင့် များစွာအဆင် ပြေလျက်ရှိကြသည်။ အလွန်လည်း ခင်မင်နေကြသည်။

ခြေကန်ငှက်သည် အဖော်များနှင့်အတူ သူ့မြင်းကို ခပ်ဖြည်းဖြည်းစီးကာ ရွာထဲမှ ထွက်လာခဲ့သည်။ အခုပုံအတိုင်းဆိုလျှင် သူ့အစီအစဉ်သည် အဆင်ပြေမည့် လက္ခဏာရှိနေ၏။ အဆင်သာပြေမည်ဆိုပါကမူကား လူဖြူလူမျိုးတို့အကြောင်းကို လေ့လာလိုသော သူ့ဆန္ဒသည် ပြီးမြောက်ပေတော့မည်။

□

သူလာခဲ့သောခရီးသည် လေးမိုင်ခန့်တော့ ခရီးပေါက်ပြီဟု ဗိုလ်ဒမ်ဘာ ခန့်မှန်းသည်။ သူနှင့်လိုက်လာသော ဝံပုလွေသည် ခရီးနှစ်မိုင်ခန့်ရောက်ကတည်းက ကျန်ရစ်ခဲ့ပြီဟုလည်း သူတွက်သည်။ သို့သော်လည်း သုံးမိုင်ခန့်အရောက်တွင် နည်းငယ်အံ့ဩသွားသည်။ အခုလေးမိုင်ခန့်အရောက်တွင်မူ အအံ့ဩဆုံးအနေအထားသို့ ရောက်သွားသည်။

သူနှင့်ကစ္စကိုသည် ဆင်ခြေလျှောနှစ်ခုကြားမှ လမ်းအတိုင်းဝင်လာခဲ့ကြသည်။ ထိုအချိန်ထိ ဝံပုလွေသည် သူနှင့်အတူလိုက်လာနေဆဲ. . ။ ယခင်ကဆိုလျှင် ဝံပုလွေသည် ဤမျှလောက်ကွာဝေးသည့်ခရီးအထိ လိုက်လေ့လိုက်ထမရှိ။

ဗိုလ်ဒမ်ဘာသည် ကစ္စကို၏ ကျောကိုသပ်ကာ ခဏရပ်ခိုင်းပြီး လက်ဖြူဆီ သို့လှမ်းကြည့်သည်။ သူ့ထုံးစံအတိုင်း ဗိုလ်ဒမ်ဘာရပ်နေသည်ကို မြင်သောအခါ လက်ဖြူကလည်း ရပ်နေသည်။ ကစ္စကိုသည် ခေါင်းကိုငုံ့ကာ မြက်ပင်များကိုလှမ်း ဆွဲသည်။ ဒမ်ဘာက ကစ္စကိုအား လက်ဖြူဆီသို့နှင်သည်။ ဒီလို သူလာသည်ကို မြင်လျှင် လက်ဖြူသည် နောက်သို့ဆုတ်ခွာသွားလိမ့်မည်ဟု ထင်သဖြင့် ဖိအားပေး လိုက်ခြင်းဖြစ်၏။ သို့သော်လည်း မြက်ပင်များ၏အထက်သို့ ထိုးထွက်နေသော လက်ဖြူ၏ ဦးခေါင်းနှင့်နား၍ကော်များသည် လုံးဝလှုပ်ရှားခြင်းမရှိ။ နောက်ဆုံး ဒမ်ဘာက ကစ္စကို၏ဇက်ကို သပ်ပြီးရပ်လိုက်ချိန်တွင် သူနှင့်လက်ဖြူသည် ခြေကိုက်ပင် မကွာတော့ပေ။

ဝံပုလွေသည် သူ့ခေါင်းကိုငဲ့စောင်းကာ သူ့ရှေ့မလှမ်းမကမ်း၌ တင်ပလ္လင်ခွေ၍ထိုင်နေသော ဒမ်ဘာအား မလှုပ်မယှက်ကြည့်နေသည်။

"အခု ငါသွားမဲ့နေရာက လူတွေအနေနဲ့ မင်းကို လိုလိုလားလားကြိုဆိုကြမယ်လို့ ငါတော့မထင်ဘူး. . လက်ဖြူရဲ့"ဟု ဒမ်ဘာက သူ့မိတ်ဆွေတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် စကားပြောနေသည့်နှယ် တရင်းတနှီးပြောသည်။

ဒမ်ဘာသည် နေကို မော့ကြည့်သည်။ "နေကလည်း သိပ်ပူမှာ၊ မင်းဘာပြုလို့ အိမ်မပြန်သေးတာလဲကွာ"

ဝံပုလွေသည် စိတ်ဝင်တစား နားထောင်နေသည်။ သူသည် တစ်ချက်ထလေးမှ လှုပ်ရှားခြင်းမပြု။

"ဟော့ကောင်လက်ဖြူ အိမ်ပြန်တော့ကွာ"

ပြောပြောဆိုဆို ဒမ်ဘာကလက်နှစ်ဖက်ကိုမြှောက်၍ သေနတ်နှင့်ချိန်ဟန်ပြုသည်။ လက်ဖြူသည် တစ်ဖက်သို့ဖျတ်ခနဲ ယိမ်းလိုက်သည်။ ဒမ်ဘာက ရှူး. . ရှူးဟု အသံပေးကာနှင်သည်။ ဝံပုလွေသည် ဟိုဖက်ယိမ်းလိုက် သည်ဖက်ယိမ်းလိုက်လုပ်ကာရှောင်သည်။ သို့သော်လည်း နောက်ဘက်သို့ပြန်သွားမည့် လက္ခဏာကိုမပြ။

"ကဲ. . ကောင်းပြီ"ဟု ဒမ်ဘာကပြောသည်။ "မင်းမပြန်ချင်ရင်လည်း မပြန်နဲ့၊ ဒါပေမယ့် ဒီနေရာမှာပဲနေခဲ့၊ ငါ့နောက်ကို မလိုက်နဲ့တော့"

ဒမ်ဘာက လက်ညှိုးကိုထောင်၍ နေရစ်ခဲ့ရန်အရိပ်လက္ခဏာပြသည်။ ထို့နောက် သူ့ခရီးကိုဆက်ရန် နောက်သို့လှည့်လိုက်သည်။ ဤအခိုက်မှာပင် ဝံပုလွေ၏ အူသံကို ကြားလိုက်ရ၏။ အသံကုန်ထုတ်၍ အူလိုက်သည့်အသံမဟုတ်။ အသံသည် ခပ်တိုးတိုးဖြစ်ပြီး ဆွေးဆွေးမြေ့မြေ့နိုင်လှ၏။

ဒမ်ဘာက ဖြတ်ခနဲလှည့်ကြည့်သည်။ လက်ဖြူသည် နှုတ်သီးကို မိုးထောင်၍ ဒမ်ဘာအားကြည့်ပြီး ညည်းညည်းညူညူအူနေခြင်းဖြစ်၏။

ရိုးရာဓလေ့ထုံးစံအရ ယုံကြည်မှုတစ်ခုခုရှိသူတစ်ဦးအဖို့တော့ ထိုမြင်ကွင်းသည် ထူးခြားသောမြင်ကွင်းတစ်ခုဖြစ်သည်။ ဗိုလ်ဒမ်ဘာအဖို့ကတော့ လက်ဖြူ သိနေသူဖြစ်သဖြင့် ထူးခြားသည်မဟုတ်။

"မင်း အိမ်ပြန်မှပေါ့ကွ"ဟု ဒမ်ဘာကဟောက်သည်။ "ကဲ သွား. . ပြန်" အော်ကာ လက်ဖြူသည် ဖခင်၏အကြိမ်းအမောင်းကိုခံလိုက်ရသည့် သားငယ် ယောက်သဖွယ် အမြီးကိုကုပ်ကာ ထွက်ပြေးသည်။

တစ်ချိန်တည်းမှာပင် ဒမ်ဘာကလည်း လက်ဖြူမျက်ခြည်ပြတ်သွား သူ့မြင်းကိုစိုင်းသည်။ သူသည် ကစ္စကိုအား မြက်ပင်ကြီးများကြားမှတိုး၍ ဖြတ် သွားစေသည်။ အခုအတိုင်းဆိုပါက လက်ဖြူသည် သူ့ကိုမှီတော့မည်မဟုတ်။ သော်လည်း ထိုအခိုက်မှာပင် ဝံပုလွေသည် သူ့ဘေးမှဖြတ်၍ ခုန်ပေါက်မြူး ပြေးသွားသည်ကိုမြင်လိုက်ရ၏။

"ဟော့ကောင်. . အိမ်ပြန်"ဟု ဒမ်ဘာကအော်သည်။ လက်ဖြူက ဂရုမစိုက်။ လက်ဖြူသည် ယုန်တစ်ကောင်ပြေးနေသည့်နှယ် ခြေကုန်သုတ်၍ပြေး သည်။ ဒမ်ဘာသည်ပင်လျှင် သူ့နောက်၌ကျန်ရစ်ခဲ့သည်။ ကြာတော့လည်း ဒမ်ဘာ သည် မရယ်ပဲမနေနိုင်အောင်ဖြစ်လာသဖြင့် တအားအော်၍ရယ်မိသည်။ သူ့ မြင်းကိုပင်ဆက်၍မစိုင်းနိုင်။



လက်ဖြူသည် ဒမ်ဘာ၏ရှေ့ကိုက်နှစ်ဆယ်ခန့်အကွာသို့ရောက်သည့် အခါ ပြေးနေရင်းမှ နောက်သို့လှည့်ကြည့်သည်။ ထိုအခါကျတော့လည်း ဒမ်ဘာသည် လက်ဖြူအတွက် စိတ်မကောင်းဖြစ်မိသည်။

သူ့ရှေ့မှပြေးနေသော လက်ဖြူသည် တစ်နေရာအရောက်တွင် ဆောင့်ကြောင့်ထိုင်နေသည်။ မောလွန်းသဖြင့် လျှာအလျားလိုက်ထွက်ကာ တဟောဟောတဟဲဟဲဖြစ်လျက်ရှိသည်။ ဒမ်ဘာသည် ကရုဏာမကင်းသည့်မျက်နှာထားဖြင့် လက်ဖြူအားကြည့်နေမိသည်။ ဒီလိုဆိုရင်လည်း မင်းသဘောပဲဟု ဒမ်ဘာကပြောသည်။ လိုက်ချင်လည်းလိုက်ခဲ့တော့။ ဒီနေရာမှာ နေချင်လည်းနေခဲ့တော့ နောက်ထပ် မင်းပြဿနာကိုရှင်းဖို့ ငါ့မှာ အချိန်မရှိတော့ဘူး"

ထိုအခိုက်တွင် လေနှင့်အတူ အသံတစ်သံလွင့်လာသည်။ လက်ဖြူသည် ထိုအသံကိုကြားသည်။ ဖျတ်ခနဲထရပ်ကာ နားစွင့်သည်။

ဒမ်ဘာသည် အသံလာရာဘက်သို့ လှည့်ကြည့်သည်။ ခြေကန်ငှက်နှင့် သူ့အဖော်နှစ်ယောက်ကိုမြင်သည်။ သူတို့သည် တောင်ကုန်းဆင်ခြေလျှောတစ်ခုပေါ်မှထိုင်၍ ဒမ်ဘာတို့အား ကြည့်နေခြင်းပေတည်း။

ဒမ်ဘာသည် ဝမ်းသာအားရဖြစ်ကာ "ဟယ်လို"ဟု အော်ပြီးနှုတ်ဆက်သည်။ လက်ဖြူကတော့ သူ့အနားမှပင် ထွက်သွားလေသည်။

❐

ခြေကန်ငှက်နှင့် သူ့မိတ်ဆွေများသည် ထိုနေရာ၌ရောက်နေကြသည်မှာ ကြာပြီဖြစ်၍ ဖြစ်ပျက်သမျှအားလုံးကို အစမှအဆုံး မြင်ခဲ့ကြပြီဖြစ်သည်။ သူတို့အဖို့တော့ အလွန်ကြည့်၍ကောင်းသည့် မြင်ကွင်းတစ်ခုဖြစ်၏။ ခြေကန်ငှက်အဖို့တော့ အလွန်တန်ဘိုးရှိသည့်အရာတစ်ခုကို မြင်ရခြင်းဖြစ်၏။ လူဖြူနှင့်ပတ်သက်၍ ငုပ်နေသောပဟေဠိတစ်ခုအတွက် ပေးလိုက်သောအဖြေဟုလည်း ယူဆရမည်ဖြစ်သည်။

ဗိုလ်ဒမ်ဘာထံ မြင်းကိုနှင်လာနေသော ခြေကန်ငှက်သည် အရေးကြီးသောအချက်တစ်ချက်ကို တွေးလာမိသည်။ လူတစ်ယောက်တွင် အမည်မှန်တစ်ခုတော့ ရှိဖို့လို၏။ အထူးသဖြင့် အခုလောလောဆယ် သူမြင်တွေ့ခဲ့ရသည့် အပြုအမူမျိုးကို လုပ်ခဲ့သောလူဖြူတစ်ယောက်သည် သူနှင့်အလိုက်ဆုံး အကိုက်ညီဆုံးနာမည်တစ်ခုတော့ ရှိဖို့လိုအပ်လှ၏။

သူသည် လူဖြူနှင့်ပတ်သက်၍ ယခင်က သူစဉ်းစားခဲ့ဖူးသည့်နာမည်များကို သတိရမိသည်။ "ကိုနှင်းလူ၊ ကျွဲရှာသူ"စသောနာမည်များဖြစ်၍ ထိုနာမည်များသည် လူဖြူနှင့်လုံးဝသင့်တော်ခြင်းမရှိ။ သူပြောသည့် "ဂျန်"ဟူသော နာမည်သည်ပင်လျှင် လူဖြူနှင့်ကိုက်ညီခြင်းမရှိ။

အခု သူစဉ်းစားမိသောနာမည်သည် အမှန်ကန်ဆုံးနာမည်ဖြစ်သည်။ ဤနာမည်သည် လူဖြူစစ်သား၏ ဥပမိရုပ်နှင့်လည်း အကိုက်ညီဆုံးဟု သူထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနာမည်ကိုမှည့်ထားလျှင် လူအများက သူ့ကိုဘယ်တော့မှ မေ့ကြတော့မည်မဟုတ်။ ခြေကန်ငှက်အနေဖြင့် မဟာဝိညာဉ်တော်ကြီးက ဤလူဖြူအား ဤနာမည်ချီးမြှင့်လိုက်သည်ကို မျက်မြင်သက်သေနှစ်ယောက်နှင့်အတူ မြင်တွေ့သိရှိခဲ့ရခြင်းဖြစ်၏။

သူသည် မြင်းကိုစီး၍ တောင်ကုန်းဆင်ခြေလျှောအတိုင်းဆင်းလာခိုက်တွင် ဤနာမည်ကို အကြိမ်ပေါင်းများစွာ ရေရွတ်လာခဲ့မိသည်။ နာမည်မှာ ခေါ်ထိုလည်း ကောင်းလှ၏။ ထိုနာမည်မှာ

"ဝံပုလွေများနှင့်ကခုန်သူ"

□□□

[၂၁]

ဗိုလ်ဒမ်ဘာ၏ဘဝတွင် ဤနေ့ရက်များသည် ကျေနပ်နှစ်သက်စရာကောင်းသည့် နေ့ရက်များဖြစ်ချေသည်။

ခြေကန်ငှက်၏မိသားစုသည် သူ့အား နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။ သူ့အား ဧည့်သည်တစ်ယောက်ထက် ပို၍ရင်းနှီးလေးစားစွာဖြင့် ကြိုဆိုကြခြင်းဖြစ်၍ ဒမ်ဘာအဖို့ ဝမ်းသာကြည်နူးခဲ့ရ၏။ တကယ်တမ်းကျတော့လည်း ထိုမိသားစုသည် သူ့အား ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းပန်းတသာဖြစ်နေကြသည်ကို သူသတိထားခဲ့မိသည်။

သူနှင့်ခြေကန်ငှက်တို့သည် ထုံးစံအတိုင်း တဲအတွင်းရှိမီးဖိုဘေး၌ထိုင်ကာ ဆေးတံကိုသောက်ကြသည်။ စကားစမြည်ပြောကြသည်။ ထိုနေ့ နေ့ခင်းတစ် ခင်းလုံး စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် အချိန်ကုန်လွန်ခဲ့ရလေသည်။

ဗိုလ်ဒမ်ဘာ၏နာမည်နှင့် ထိုနာမည် ဘယ်လိုရလာခဲ့ရသည် ဟူသောသတင်းသည် တစ်ရွာလုံးရှိ လူအများကြားသို့ တောမီးလောင်သည့်နှယ် လျင်မြန်စွာပျံ့နှံ့သွားခဲ့သည်။ ဤသတင်းကြောင့် လူဖြူစစ်သားအပေါ်၌ မယုံတစ်ဝက်ယုံတစ်ဝက်ဖြစ်ကာ ကိန်းအောင်းနေခဲ့သမျှ သံသယစိတ်များသည် ကွယ်ပျောက်သွားခဲ့သည်။

ဗိုလ်ဒမ်ဘာသည် နတ်ဘုရားတစ်ပါးမဟုတ်။ ပြီးတော့ သူတို့လူစုတို့အရင် က မြင်ဖူးခဲ့သည့် လူဖြူများလို မွေးဖုံးပါးစပ်နှင့်လူလည်းမဟုတ်။ သူတို့အစို

www.burmeseclassic.com

www.burmeseclassic.com



လူဖြူစစ်သားသည် နတ်ဆရာတစ်ယောက်ဖြစ်နေသည်၊ စစ်သူရဲများသည် ဗိုလ် ဒမ်ဘာရှိရာသို့ရောက်လာကြသည်။ အချို့က နှုတ်ဆက်ရန်လာကြခြင်းဖြစ်သော် လည်း အချို့ကတော့ မြင်ဖူးလို၍လာကြခြင်းဖြစ်၏။

ယခုအခါတွင် ဒမ်ဘာသည် စစ်သူရဲအများစုကို ကောင်းစွာမှတ်မိနေပြီ ဖြစ်သည်။ လူတစ်ယောက်ရောက်လာတိုင်း သူသည် ဦးညွှတ်၍နှုတ်ဆက်သည်။ အချို့ကလည်း သူ့အားပြန်၍ ဦးညွှတ်ကြသည် အနည်းစုကတော့ သူ့အား လက်ဆွဲ၍နှုတ်ဆက်ကြသည်။ ဒမ်ဘာက လက်ဆွဲနှုတ်ဆက်လေ့ရှိသည်ကို မြင်ဖူးကြသ ယင်းကဲ့သို့လုပ်ကြခြင်းဖြစ်၏။

စကားကတော့ မပြောနိုင်ကြ။ သို့သော်လည်း လက်ပြခြေပြစကားပြော နည်းတွင် ကျွမ်းကျင်နေပြီဖြစ်သော ဒမ်ဘာသည် ထိုနည်းကို များစွာအသုံးပြုခဲ့သ ရင်းနှီးမှုကိုကောင်းစွာ ရရှိခဲ့သည်၊ နောက်နှစ်နာရီခန့် အကြာတွင် ဧည့်သည်မျ အလာစဲသွားသည်။ ဒမ်ဘာသည် ယခုအချိန်ထိ လက်သီးနှင့်ရပ်သူကို မမြင်သ စိတ်ထဲမှကြိတ်၍ အံ့သြမိနေမိသည်၊ ထိုအခိုက်မှာပင် တဲအတွင်းသို့ လေဆံ ဝင်လာသည်ကို တွေ့ရလေ၏။

နှစ်ဦးစလုံးသည် သူတို့အလဲအလှယ်လုပ်ထားကြသည့် အင်္ကျီများကို ပြန်အလှန် ကြည့်မိကြသည်။ လက်ချင်းဆွဲ၍ နှုတ်ဆက်ကြသည့်အခါတွင်လ ဒမ်ဘာသည် လေဆံပင်အကြောင်းကို မစဉ်းစားပဲမနေနိုင်။ "ဒီလူတို့တော့ ငါ့အ ခင်တယ်"ဟု တွေးမိသည်။ လေဆံပင်ကလည်း ဒမ်ဘာ့အပေါ်တွင် ဒမ်ဘာကဲ့သို သဘောထားကြောင်း ကိုယ်နှုတ်အမူအရာဖြင့် အထင်အရှား ဖော်ပြနေသည်။

ဒမ်ဘာနှင့်လေဆံပင်တို့သည် အချင်းချင်းနားမလည်သည့် ဘာသာစ များဖြင့် စကားလက်ဆုံကျနေကြသည်။ မကြာခင်မှာ ခြေကန်ငှက်၏ဇနီးက နေ့ စာများလာချသည်။ သုံးယောက်သား စကားတစ်ခွန်းမှမပြောပဲ နေ့လည်စာတ ကြသည်။ ထို့နောက် ဆေးတစ်ဆုံပြီး တစ်ဆုံထည့်ကာ ဆေးတံကိုဖွာကြသည်

အင်ဒီးယန်းနှစ်ယောက်သည် အစီအစဉ်တစ်ခုကို ဆွေးနွေးနေကြ ၏၊ သူတို့၏ ပြောဟန်ဆိုဟန်နှင့် လေသံများသည် သာမန်အကြောင်းအရာတ ပြောနေခြင်း မဟုတ်သည်မှာ ထင်ရှားသည်။ သူတို့သည် တစ်စုံတစ်ခုလုပ်ရန် တို နေကြသည်ဟုထင်၏။

သူထင်မြင်ချက်သည် မမှား၊ စကားပြောအပြီးတွင် အင်ဒီးယန် ယောက်သည် ဒမ်ဘာအားခေါ်ပြီး တဲအပြင်သို့ထွက်ခဲ့ကြသည်၊ သူတို့သည် ခြေ ငှက်၏ "တီပီတဲ"နောက်သို့ ရောက်သွားကြသည်။ ထိုနေရာရှိ ချုံကြီးတစ်ချုံဘေ မိုးမခသားတိုင်များ ပုံထားသည်၊

အင်ဒီးယန်းနှစ်ယောက်သည် ထိုတိုင်များကိုယူ၍ အလုပ်စလုပ်ကြသ ဘုမသိ ဘမသိနှင့်ပင် ဒမ်ဘာက လိုအပ်သလိုဝင်ကူသည်၊ နောက်တခဏမျှအ တွင် ထိုနေရာ၌ အမြင့်လေးပေငါးပေခန့်ရှိ ပန်းရုံလေးတစ်ရုံတည်ဆောက် ပြီး



သည်၊ ချုံကို အမိုးအဖြစ်ထား၍ တည်ဆောက်ထားခြင်းဖြစ်၍ အရိပ်အာဝါသ ကောင်းကောင်းရသည်၊ သုံးဖက်သုံးတန်ကို ာရံထားသော်လည်း ရှေ့မျက်နှာကိုမူ ဝင်ပေါက်အဖြစ် လုပ်ထားသည်၊ အင်ဒီးယန်းများက ဒမ်ဘာအား ပန်းရုံအတွင်းသို့ ဝင်ကြည့်ခိုင်းသည်၊

အထဲတွင် မတ်မတ်ရပ်၍မရ၊ ထိုင်လိုက်သည့်အခါတွင်မူ အပြင်မှဝင်လာ နေသည့်လေနှင့် အပေါ်မှအရိပ်တို့ကြောင့် အေးမြလျက်ရှိ၏၊ ဒမ်ဘာသည် အတွင်း ၌ထိုင်ကာ တည်ဆောက်ထားပုံကို စေ့စေ့စပ်စပ် လိုက်ကြည့်နေသည်၊ ထိုအခိုက်မှာ င် အင်ဒီးယန်းနှစ်ယောက်သည် ပျောက်သွားသည်၊ ဒမ်ဘာကတော့ နံရံကိုကျော နှင့်မှီ၍ထိုင်ကာ အပြင်မှဝင်လာနေသည့်အသံများကို နားစွင့်နေသည်၊

မိနစ်အနည်းငယ်မျှအကြာတွင် အပြင်မှခြေသံများ ကြားရသည်၊ ပထမ ဆုံးဝင်လာသူမှာ ခြေကန်ငှက်၊ သူသည် ဒမ်ဘာနှင့်အတော်ကြီးခွာ၍ နေရာယူကာ ထိုင်ချလိုက်သည်၊ ဒုတိယဝင်လာသူမှာ လေဆံပင်ဖြစ်၏၊ ထို့နောက် ချူသံကလေး များကြားရသဖြင့် ဒမ်ဘာက တအံ့တသြမော့ကြည့်သည်၊ ဝင်လာသူမှာ လက်သီးနှင့် ရပ်သူဖြစ်၏၊

ရောင်စုံပုတီးလုံးကလေးများ စီခြယ်တပ်ဆင်ထားသည့် သမင်ရေနောက် ဝင်တ်ဖိနပ်၌ ဆွဲထားသောချူငယ်ကလေးများဆီမှ ထွက်လာနေသည့် ချူသံပေတည်း၊ လက်သီးနှင့်ရပ်သူသည် ဒမ်ဘာနှင့်ခြေကန်ငှက်၏ကြားတွင် ဝင်ထိုင်သည်၊ သူမ၏ သမင်ရေသားရေဖြင့် ချုပ်ထားသောအင်္ကျီသည် အဖိုးထိုက်တန်သည့် ဝတ်စုံတစ်စုံ ဖြစ်ပုံရ၏၊ နေ့စဉ်ဝတ်သည့် အင်္ကျီမဟုတ်၊ ပွဲလမ်းသဘင်အခမ်းအနားများတွင်မှ ဝတ်ဆင်သည့် အင်္ကျီဖြစ်သည်မှာ ထင်ရှားသည်၊ အင်္ကျီရင်ဘတ်တွင် အလှအပအ ဖြစ် အတန်းလိုက်စီ၍တပ်ထားသည့် အရိုးတုံးကလေးများရှိသည်၊ ယင်းတို့မှာ တ်လ်ခေါ် သမင်ကြီးများ၏သွားများပေတည်း။

ဒမ်ဘာနှင့်အနီးဆုံးသောလက်တစ်ဖက်၏ လက်ကောက်ဝတ်တွင် ကြေးလက်ကောက်တစ်ခု ဝတ်ထားသည်၊ လည်ပင်းတွင်မူ ကျွဲလည်ပင်းရိုးမှပြုလုပ် ထားသည့် အရိုးပုတီးဆွဲထားသည်၊ မွှေးရနံ့သင်းနေသော ဆံပင်ကိုကျစ်ဆံမြီးကျစ် ာ နောက်ဘက်၌တွဲလောင်းချထားသည်၊ ကြည့်ရမြင်ရသည်မှာ ခါတိုင်းတွေ့နေကျ နအထားမဟုတ်၊ ပို၍ချော ပို၍လှကာ ပို၍နူးညံ့သိမ်မွေ့ပြီး မိန်းမပီသနေသည်၊ တော့ အသားရေက ပို၍ဖြူနေသည်၊

စောစောက အင်ဒီးယန်းနှစ်ယောက် ဤပန်းရုံကလေးကို တည်ဆောက်ခဲ့ ခြင်းသည် မိမိတို့နှစ်ယောက် တွေ့ဆုံရန်အတွက်ဖြစ်ကြောင်းကို ဗိုလ်ဒမ်ဘာ သဘော ပေါက်လာသည်၊ အခုလို လူချင်းတွေ့လိုက်ရသည့်အခါကျမှပင် ဒမ်ဘာသည် သူ စိတ်ကို သူနားလည်လာရသည်၊ လက်သီးနှင့်ရပ်သူအား မြင်လိုတွေ့လိုသည့် စိတ် သည် အလွန်ပင်ကြီးမားခဲ့သည် မဟုတ်ပါလား၊

လက်သီးနှင့်ရပ်သူကတော့ အခုအချိန်ထိ သူ့ကိုမကြည့်သေး ခြတန်

www.burmeseclassic.com

www.burmeseclassic.com



ငှက်က သူမအား စကားတစ်ခွန်းလှမ်းပြောနေခိုက်မှာပင် သူက စတင်၍နှုတ်ဆက်လိုက်မည်ဟု ဒမ်ဘာကဆုံးဖြတ်သည်။

နှစ်ယောက်စလုံး၏ ဦးခေါင်းများသည် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ တစ်ချိန်တည်း တစ်ပြိုင်တည်း သံပြိုင်နှုတ်ဆက်လိုက်ကြသည်။ နှုတ်ဆက်သံနှစ်သံသည် သူတို့နှစ်ယောက်ကြားတွင် ရင်ဆိုင်တိုက်မိကြသည်။

ခြေကန်ငှက်က ထိုအဖြစ်ကိုကြည့်၍ အတိတ်နိမိတ်ကောင်းတစ်ခုဟု ယူဆ သည်။ လူနှစ်ဦး၏စိတ်သည် တူညီသောအရာတစ်ခုအတွက် တစ်ပြိုင်တည်း ဖြစ်ပေါ်ဖို့ဆိုသည်မှာ လွယ်သည်မဟုတ်။ ဤအရာသည် မိမိမျှော်လင့်နေသောအရာ အတွက် ရှေ့ပြေးတစ်ခုဖြစ်၏။ သူသည် ဗိုလ်ဒမ်ဘာအား လက်ညှိုးထိုးကာ "ခင်ဗျား က ပထမဆုံးနှုတ်ဆက်ပါ"ဟု ပြောသည်။

"ဟယ်လို"ဟု ဒမ်ဘာက ချိုသာသောအသံဖြင့် စတင်နှုတ်ဆက်သည်။

သူမက ဦးခေါင်းကိုထောင်ကာ မော့ကြည့်သည်။ သူမ၏မျက်လုံးအစုံ သည် ရန်လိုသည့်အရိပ်ငွေ့များကို ဖော်ပြနေခြင်းမရှိ။ သူမ၏နှုတ်မှ စကားတစ်လုံး ပြန်ထွက်လာသည်။

"ဟူးလို"

❒

ထိုနေ့တွင် သူတို့သုံးယောက်သည် ထိုပန်းရုံထဲအတွင်း၌ အချိန်များစွာ ကုန်ခဲ့ကြသည်။ ရှေဦးစွာ လက်သီးနှင့်ရပ်သူသည် ဒမ်ဘာအား သူမ၏နာမည်ကို အင်္ဂလိပ်စကားမတောက်တစ်ခေါက်ဖြင့် နားလည်အောင်ရှင်းပြသည်။ ပြီးတော့ ထို မင်ချီဘာသာစကားဖြင့်ခေါ်တတ်အောင် ထပ်တလဲလဲသင်ပေးသည်။

သင်ကြားရာ၌ ဒမ်ဘာအား မတ်တပ်ရပ်ခိုင်းသည်။ လက်သီးကိုဆုပ်ခိုင်း သည်။ သူနားလည်အောင် လက်ဟန်ခြေဟန်ပြလိုက်၊ မှတ်မိသမျှအင်္ဂလိပ်စကား တစ်လုံးနှစ်လုံး ညှပ်ပြောလိုက်နှင့်ပင် ကြာတော့ ဒမ်ဘာနားလည်လာရသည်။ ဤသို့ ဖြင့် "လေဆံပင်၊ ဝက်ဝံကြီးနှင့် ခြေကန်ငှက်စသော ကိုမင်ချီနာမည်များကို ဒမ်ဘာ သည် ခေါ်တတ်ရွတ်တတ်လာသည်။ နာမည်များ၏ အဓိပ္ပာယ်ကိုလည်း နားလည် လာသည်။

လက်သီးနှင့်ရပ်သူ၏ သင်ကြားပြသမှုသည် လှိုက်လှိုက်လှဲလှဲ ရှိလှပေ သည်။ ဒမ်ဘာ၏နှုတ်မှ ကိုမင်ချီစကားတစ်လုံး ပီပီသသထွက်လာတိုင်း သူမသည် သူမ၏ဝမ်းသာကြည်နူးမှုကို ဝမ်းသာအားရ ဖော်ပြလေ့ရှိ၏။ ဒမ်ဘာ၏မျက်စိထဲတွင် လည်း သူမသည် ယခင်ကနှင့်မတူ ဟိုတုန်းကတော့ သူမ၏မျက်နှာသည် ဝမ်းနည်း ကြေကွဲခြင်းနှင့် ဖုံးလွှမ်းနေသည်။ အခုကျတော့ ရွှင်လန်းကြည်နူးမှုကို မြင်နေရ၏။

သူတို့ထဲတွင် အပျော်ဆုံးလူမှာ ခြေကန်ငှက်ဖြစ်သည်။ ဒမ်ဘာ၏နှုတ်မှ သူ့နာမည်ကို ပီပီသသခေါ်သံကြားလိုက်ရသည့်အခါ များစွာဝမ်းသာလျက်ရှိသည်။



သူ၏စိတ်ကူးယဉ်အိပ်မက်သည် လက်တွေ့အကောင်အထည်ပေါ်လာခဲ့ပြီမဟုတ်ပါ လား။

ထို့ပြင်လည်း လက်သီးနှင့်ရပ်သူ၏ နှုတ်မှထွက်လာသည့် အင်္ဂလိပ်စကား ဖြစ်သည်။ အင်္ဂလိပ်စကားတစ်လုံးထွက်လာတိုင်း လက်သီးနှင့်ရပ်သူ၏ မျက်လုံးအစုံ တွင် အင်အားသစ်တိုးလာသည့်ပုံပေါ်နေသည်။ ယခင်ကပျောက်ဆုံးသွားခဲ့သော အရာတစ်ခုကို ပြန်လည်ရရှိသွားစေသည့် လတွေဏာရပ်များပေါ်လွင်လာသည်။ ထို အရာ ဘာဆိုသည်ကိုလည်း ခြေကန်ငှက်က ကောင်းစွာသိနေသည်။ အချိန်ကာ သကြာမြင့်စွာ မြုပ်နှံထားခဲ့ရသော သူမ၏သွေးသည် ပြန်လည်ဝင်ရောက်လာခဲ့ပြီ တော့တ်ပါလား. . . ။

မည်သို့ပင်ဖြစ်စေ ဤသင်တန်းသည် ဤတစ်နေ့တာအဖို့ သင့်တော်လုံ လောက်ပြီဟု ခြေကန်ငှက်က ယူဆသည်။ ချက်ခြင်းပင် လက်သီးနှင့်ရပ်သူအား ရပ်နားရန်ပြောသည်။ သူမသည် ခြေကန်ငှက်၏စကားကို ငြင်းပယ်ခြင်းမပြုပေ။ သို့သော်လည်း ထိုခဏမှာပင် သူမ၏ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။ သူမ အနေဖြင့် လူဖြူစစ်သားအားပေးထားသည့် ကိုမင်ချီနာမည်ကို ခေါ်တတ်အောင် သင်ကြားပေးလျှင် ကောင်းလိမ့်မည်ဟူသော အတွေးဖြစ်၏။

အလွန်ကောင်းသော စိတ်ကူးတစ်ခုဖြစ်နေသဖြင့် ခြေကန်ငှက်သည် ငြင်းပယ်နိုင်။ လက်သီးနှင့်ရပ်သူ၏ဆန္ဒကို လိုက်လျောသည်။ လက်သီးနှင့်ရပ်သူ သည် ထိုစကားလုံးကို ချက်ခြင်းမှတ်မိသော်လည်း ရုတ်တရက် အသံမထွက်တတ်။ ထိုစကားလုံးသည် သူငယ်ငယ်တုန်းက ပြုလုပ်ခဲ့ဖူးသော အရာတစ်ခုကိုခေါ်ခြင်းဖြစ် ၏။ သူမပြန်လည်သတိရရန် ကြိုးစားနေခိုက်တွင် ဒမ်ဘာနှင့်ခြေကန်ငှက်တို့သည် စိတ်ရှည်လက်ရှည် စောင့်နေသည်။

သူမသည် ဗိုလ်ဒမ်ဘာ၏လက်ကို လှမ်းဆွဲသည်။ သူမ၏ ကျန်လက်တစ် ဖက်ကို ဗိုလ်ဒမ်ဘာ၏ခါးထက်သို့တင်လိုက်သည်။ ပြီးတော့ ဗိုလ်ဒမ်ဘာအား ဆွဲခေါ် ကာလှည့်ပတ်ကသည်။ ပထမသော် ဗိုလ်ဒမ်ဘာက နားမလည်။ စက္ကန့်အနည်းငယ် မျှအကြာတွင် ဗိုလ်ဒမ်ဘာ၏ခေါင်းထဲသို့ အသိတစ်ခုဝင်လာသည်။ သူ့မျက်လုံးများ တွင် ပြုံးရိပ်များထင်ဟပ်လာသည်။ သူ့မျက်နှာထားသည် ဗတန်းထဲတွင် ဆရာမ၏ ဆေးခွန်းအဖြေကို သူတစ်ဦးတည်းသာသိနေသည့် ကျောင်းသားငယ်တစ်ယောက်နှင့် တူနေသည်။ သူသည် သူ့ဆရာမ၏မျက်နှာကိုကြည့်၍ လှိုက်လှဲစွာပြုံးသည်။

❒

ထိုအချက်ကို သိလိုက်သည်နှင့်တစ်ပြိုင်နက် ကျန်အပိုင်းသည် ရဖို့ခက် ခဲခြင်း မရှိတော့။ ဗိုလ်ဒမ်ဘာသည် သစ်ခေါက်စာအုပ်ထဲတွင် သူ့နာမည်ကိုရေးယူ သည်။ သူရေးထားသည့်နာမည်စာလုံးကိုကြည့်ကာ များစွာသဘောကျနေသည်။ သူ့နာမည်ကို သူဖာသာသူခေါ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝံပုလွေများနှင့်ကခုန်သူ"

အင်္ဂလိပ်ဘာသာဖြင့် ခေါ်ကြည့်လိုက်ခြင်းဖြစ်၏၊ သူသည် ဖျတ်ခနဲထရပ်ကာ ခြေကန်ငှက်ဖက်သို့ လှည့်၍ဦးညွှတ်လိုက်သည်၊ နောက်တစ်ကြိမ် သူနာမည်ကို ရေရွတ်လိုက်ပြန်သည်၊ ဤတစ်ကြိမ်တွင်မူ ကိုမင်းချီဘာသာစကားနှင့်ဖြစ်သည်။

"ဝံပုလွေများနှင့်ကခုန်သူ"

□□□

|၂၂|

ထိုညတွင် ဝံပုလွေများနှင့်ကခုန်သူသည် ခြေကန်ငှက်၏တဲတွင် တည်းခိုခဲ့သည်၊ သူသည် စိတ်ရောကိုယ်ပါ ပင်ပန်းလျက်ရှိသော်လည်း တစ်ခါတစ်ရံတွင် လူတို့၌ဖြစ်တတ်သည့် သဘာဝအတိုင်း ပင်ပန်းလွန်း၍ အိပ်မပျော်ပဲဖြစ်နေသည်၊

နောက်ဆုံးတွင် သူအိပ်ပျော်သွားသည့်အခါတွင်လည်း အိပ်မက်တမ္ဘာလေးတစ်ခုအတွင်းသို့ ရောက်သွားသည်၊ သူသည် ကြယ်တွေဝိုင်းရံနေသည့်ကြားမှ အေးမြငြိမ်သက်သော လဟာတစ်ခုအတွင်း၌ မျောပါသွားနေသည်၊ သူတစ်ကိုယ်လုံးသည် ငှက်တောင်လေးတစ်ခုသဖွယ် ပေါ့ပါးလျက်ရှိ၏၊ သို့သော်လည်း သူတွင် ကြောက်စိတ်ဟူ၍လုံးဝမရှိ၊ သူရင်ဆိုင်နေရသည်မှာ အခက်အခဲတစ်ခုမဟုတ်၊ ပျော်ရွှင်သာယာမှုတစ်ခုသာလျှင်ဖြစ်၏၊

ကိုမင်းချီတို့၏ နွေရာသီစခန်းတွင် ပထမဦးဆုံးညတွင် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံပေတည်း၊

□

ထို့နောက် လပေါင်းများစွာအတွင်း ဗိုလ်ဒမ်ဘာသည် ဝက်ဝံကြီးအုပ်ချုပ်နေသော စခန်းတွင် အကြိမ်ပေါင်းများစွာ ညအိပ်ညဉ့်နက် နေခဲ့သည်၊ ဆက်ဂျဝစ်ခံတပ်သို့ မကြာခဏပြန်သွားလေ့ရှိသော်လည်း ပြန်လိုစိတ်ရှိ၍ပြန်ခြင်းမဟုတ်၊ တာဝန်အရ အပြစ်မကင်းဟု ယူဆ၍ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဤနေရာ၌ဆက်လက်နေထိုင်စရာ အကြောင်းမရှိဟု စိတ်... သိနေသည်။ ယခုအခါတွင် စစ်တပ်သည် ဤခံတပ်နှင့်သူ့အား စွန့်ပစ်လိုက်ပြီး... သေချာသွားပြီဖြစ်၏။ သူ့အနေဖြင့် ဟေးစ်ခံတပ်သို့ ပြန်ရန်မှတစ်ပါး အခြားရွေး... လမ်းမရှိတော့။ သူသည် သူ၏ဝန်ကို ကျေပွန်စွာဆောင်ရွက်ခဲ့ပြီးပြီ။ သူ၏ခံတပ်... အမေရိကန်ပြည်ထောင်စုစစ်တပ်အပေါ်၌ ထားရှိခဲ့သည့် သူ၏သစ္စာစောင့်သိမှု... စံနမူနာပြုလောက်သည်မှာ အမှန်ပင်ဖြစ်၏။ သို့ဆိုလျှင် သူသည် ဦးခေါင်းကိုမော့... ပြန်သွားနိုင်ပြီ မဟုတ်ပါလား. . ။

သို့သော်လည်း အခုထက်ထိ သူမပြန်နိုင်သေး။ ဘာ့ကြောင့် မပြန်နိုင်... သနည်း။ အဖြေကတော့ရှင်းသည်။ အခြားကမ္ဘာတစ်ခု၏ ဆွဲဆောင်မှုကိုခံနေရ... သည်။ တကယ်တော့ ထိုကမ္ဘာသည် အခုမှ သူစတင်၍စူးစမ်းရှာဖွေ လေ့လာ... နေသော ကမ္ဘာဖြစ်၏။ ဤကမ္ဘာထဲတွင် ဘာတွေဖြစ်လာမည်ကို သူကြည့်လိုမြင်... သည်။ ထို့ကြောင့်လည်း တပ်သို့ပြန်မည့် စိတ်ကူးကိုစွန့်လွှတ်ထားခြင်းဖြစ်သည်...

သူခံတပ်သို့ ပြန်သွားသည့်အခါများတွင် သူသည် အသေးအဖွဲ အလုပ်... လေးများကို လုပ်လေ့ရှိသည်။ အများအားဖြင့်တော့ အမှိုက်သရိုက်ရှင်းခြင်း... ပင့်ကူအိမ်များသုတ်သင်ခြင်းနှင့် မှတ်တမ်းရေးခြင်းများသာဖြစ်သည်။ ဤအလုပ်... ကိုလုပ်နေခြင်းမှာလည်း သူ၏ဘဝဟောင်းမှ နေထိုင်မှုနှင့် ကင်းကွာမသွားစေ... ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ခံတပ်သို့ပြန်ရောက်သည့်အခါတွင် သူသည် စစ်... စည်းကမ်းအတိုင်း မလိုက်နာပဲနေမည်ဆိုက နေနိုင်သော်လည်း ခြေလွတ်လက်လွတ်... မနေခဲ့ပေ။ သူ့အနေဖြင့် အမေရိကန်ပြည်ထောင်စုတပ်မတော်မှ ဗိုလ်ကြွန်ဂျေ၊ ဒမ်... ဟူသော အမည်ကိုပျက်စီးမသွားအောင် ထိန်းသိမ်းစောင့်ရှောက်ထားလို၍ ဖြစ်... သည်။

သူ့နေ့စဉ်မှတ်တမ်းထဲတွင်လည်း နေ့စဉ်ဖြစ်ရပ်များကို မှန်မှန်ရေးသွင်း... မပြုတော့ပေ။ အများအားဖြင့် ခန့်မှန်းခြေနေ့စွဲများ၊ ရာသီဥတုအခြေအနေ... သူ့ကျန်းမာရေးအနေအထားများကို ရေးသားလေ့ရှိသည်။ သူ၏ဘဝသစ်ကိုမှ... တမ်းထဲတွင် ရေးသွင်းခြင်းမပြုခဲ့ပေ။

ရံဖန်ရံခါတွင် သူသည် မြစ်ဖက်သို့ လမ်းလျှောက်ထွက်လေ့ရှိရာ အ... အားဖြင့် လက်ဖြူသည် အဖော်အဖြစ်လိုက်လာစမြဲ ဖြစ်သည်။ ဝံပုလွေလက်ဖြူ... သူပထမဆုံးရရှိခဲ့သည့် အဆက်အသွယ်ဖြစ်သဖြင့် လက်ဖြူကိုမြင်လိုက်ရလျှင် သူ... သာအားတက်သည်။

တစ်ခါတစ်ရံတွင် သူသည် မြစ်ဘေး၌ထိုင်၍ဖြည်းဖြည်းမှန်မှန် စီး... သွားနေသော ရေပြင်ဆီသို့ တွေဝေငေးမောနေတတ်သည်။ ထိုအခါတွင် မြစ်... ထက်၌ ထင်ဟပ်နေသော သူ့ရုပ်လွှာကို လေ့လာသိရှိခွင့်ရခဲ့၏။ ရှည်လျား... သော သူ့ဆံပင်သည် ပခုံးနှစ်ဖက်ပေါ်ကျော်သွားခဲ့ပြီ။ နေဒဏ်နှင့်လေဒဏ်...



ကြောင့် သူ့မျက်နှာသည် ညိုရောင်သန်းနေပြီ။

တစ်ခါတလေကျတော့လည်း ရေထဲ၌ပေါ်နေသည့်မျက်နှာကိုကြည့်ကာ ပုံပန်းသည် ကိုမင်ချီတစ်ယောက်နှင့် တူနေပြီဟု တွေးမိ၏။ ထိုအခါမျိုးတွင် သူသည် သူ့ကိုယ်သူ အင်ဒီးယန်းတစ်ယောက်ဟူသော ခံစားမှုဝင်ရောက်လာတတ်၏။ ထိုခံစားမှုဝင်လာသည့်အခါ သူ့ခံတပ်သည် ရှေးဟောင်းသုမိုင်းဝင်နေရာတစ်ခု ဖြစ်လာတတ်သည်၊ အလွန်ကွာဝေးသော အတိတ်ကာလတစ်ခုမှ ရုပ်ကြွင်းအဖြစ်သာ ထင်လာမြင်လာလေ့ရှိ၏။ သူနှင့်ဆက်စပ်ပတ်သက်မှုရှိခဲ့သည်ဟူသော အချက်တိုင်ယုံကြည် လက်ခံရန်ခက်ခဲလာတတ်လေသည်။

အချိန်တွေ ကြာလာသည်နှင့်အမျှ ဆက်ဂျ်ဝစ်ခံတပ်သည် သူ့အဖို့ပုံမှန်သွားရောက်လုပ်ကိုင်နေရသော ယာတောတစ်ခုလိုဖြစ်လာသည်။ အသွားအလာအရောက်အပေါက်လည်း နည်းသည်ထက်နည်းလာသည်၊ ဤသို့ဖြင့် သူနှင့်ဆက်ဂျ်ဝစ်ခံတပ်သည် များစွာအနေဝေးလာခဲ့ရလေ၏။

❒

ဝက်ဝံကြီး၏ရွာသည် တဖြည်းဖြည်းနှင့် သူ့ဘဝ အဓိကတည်မှီရာ နေရာဖြစ်လာနေပြီ။ သူ့အသားအရေ သူ့ဘာသာစကား၊ သူ့လေသံ၊ သူဝတ်ထားသည့်ဘောင်းဘီနှင့် ရှူးဖိနပ်စသည့်တို့သည် သူ့အားပြင်ပကမ္ဘာတစ်ခုမှ ရောက်လာသည့် ဧည့်သည်တစ်ယောက်အဖြစ် ဖြစ်စေသည်၊ ဘယ်လိုပဲဖြစ်ဖြစ် သူသည် တစ်နေ့တခြား လက်သီးနှင့်ရပ်သူနှင့် တူတူလာနေသည်။ အမှန်တော့လည်း သူသည် လက်သီးနှင့်ရပ်သူကဲ့သို့ပင် လူနှစ်ယောက်မှတစ်ယောက်အဖြစ်သို့ ကူးပြောင်းရောက်ရှိလာသူ တစ်ဦးပင်မဟုတ်ပါလော. . ။

ကိုမင်ချီတို့၏ဘဝနှင့် ပေါင်းစပ်စုစည်းရေးမှာ လွယ်လှသည်မဟုတ် သူ့နောက်၌ သူထားရစ်ခဲ့သည့် ဘဝကမ္ဘာထဲမှ အစအနများသည် သူ့အား အမြဲတစေနောက်ယှက်လျက်ရှိ၏။ သူ၏ဘဝထဲမှ သူရရှိခဲ့သည့်နေရာမှန်ကို ပြန်၍စဉ်းစားလိုက်မိသည့်အခါတိုင်း သူသည် တွေဝေရ၏. ။ ငေးမောရ၏။ မရှင်မလန်း မချမ်းမမြေ့ဖြစ်ရ၏။ တကယ်တော့ သူ့ဘဝသည် ရှုန်မှုန်မှိုင်းမှိုင်းရှိလှချေသည်၊ လဟာပြင်ကြီးတစ်ခုနှင့်လည်း တူလှချေသည်။ အသေအချာစဉ်းစားလိုက်မည်ဆိုပါက ပီပြင်ပြတ်သားခြင်းဟူ၍ လုံးဝမရှိ။

မည်သို့ပင်ဖြစ်စေ အချိန်တွေကုန်လာသည့်အခါ ထိုအရာများသည် မှေးမှိန် လျော့နည်းလာသည်၊ ဝက်ဝံကြီး၏ရွာ၌ နေထိုင်ခဲ့သည့် ပထမဆုံးသီတင်းပတ်ခြောက်ပတ်အတွင်းတွင် သူ၏နေရာသည် ခြေကန်ငှက်၏တဲနောက်မှ ပန်းရုံတလေးဖြစ်သည်၊ ထိုနေရာကလေး၌ နေရစဉ်အတွင်း သူသည် ခြေကန်ငှက်နှင့်မကြာခဏ လွတ်လပ်စွာစကားပြောခွင့်ရခဲ့၏။ လက်သီးနှင့်ရပ်သူကိုလည်း နေ့စဉ်တွေ့ဆုံခွင့်ရခဲ့၏။ အမြန်အလှန်ဘာသာစကား သင်ကြားမှုမှာလည်း သိသာစွာတိုးတက်

www.burmeseclassic.com

ခဲ့၏။

ဗိုလ်ဒမ်ဘာသည် ခြေကန်ငှက်အား လူကောင်းတစ်ယောက်ဟု မြင်ထ သော်လည်း ထိုထက်ပို၍ကား အထင်အမြင်မကြီးခဲ့ပေ။ ယခုနောက်ပိုင်းတွ လက်သီးနှင့်ရပ်သူအား စကားပြန်အဖြစ်ထား၍ မကြာခဏစကားပြောခွင့် ကြုံလာ သည့်အခါ တွင်မူကား ခြေကန်ငှက်၏ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားထက်မြက်မှု သူ့အသိအမှတ်မပြုပဲ မနေနိုင်တော့ပေ။

ပထမပိုင်းတွင် ခြေကန်ငှက်၏မေးခွန်းများသည် သူ့ဘဝအကြောင်း နှင့် ဆက်စပ်ပတ်သက်သည်။ သူကလည်း ဆက်ဂျဝစ်ခံတပ်သို့ သူဘယ်လိုရော လာခဲ့ရသည်ကိုလည်းကောင်း၊ မည်သည့်အတွက်ကြောင့် အခုလိုတစ်ယောက် အထီးကျန်ဖြစ်လာခဲ့ရသည်ကိုလည်းကောင်း ရှင်းပြခဲ့သည်။

ဗိုလ်ဒမ်ဘာ၏ ဘဝဇာတ်လမ်းသည် စိတ်ဝင်စားစရာတော့ကောင်း သို့သော်လည်း ခြေကန်ငှက်အတွက် စိတ်ရှုပ်စရာများနှင့်လည်းကြုံရသည်။ ဝံပု နှင့်ကခုန်သူသည် သူထင်ထားသလိုမဟုတ်၊ စစ်ရေးစစ်ရာကိစ္စများနှင့် ပတ်သတ် ဘာတစ်ခုမှမသိ။

တစ်ကြိမ်တွင်မူ ခြေကန်ငှက်က "လူဖြူတွေဟာ ဘာပြုလို့ ကျုပ်တို့နယ် ထဲဝင်လာကြတာလဲ"ဟု မေးသည်။

ထိုအခါ ဒမ်ဘာက "သူတို့အနေနဲ့ လာချင်လို့လာကြတာတော့ ဟုတ် မထင်ဘူး၊ လမ်းကြုံလို့ ဖြတ်သွားတဲ့သဘောပဲဖြစ်မှာပါ"ဟု ဖြေသည်။

တက္ကဆတ်နယ်သား လူဖြူတွေဟာ ကျုပ်တို့နယ်ထဲမှာရောက်နေကြ သစ်ပင်တွေကို ခုတ်ယူကြတယ်၊ မြေတွေကို ခွဲယူပြီးထွန်ယက်ကြတယ်၊ ကျွဲတွေ သတ်ပြီး အရေတွေကိုခွာယူကြတယ်၊ အသေကောင်တွေကိုတော့ မြက်ခင်းတွေ မှာ ပစ်ထားခဲ့ကြတယ်၊ ဒါတွေဟာ အခုလောလောဆယ်ဖြစ်နေတာ၊ ရောက်နေ လူဖြူတွေဟာ အများကြီးပဲ၊ နောက်ထပ် ဘယ်လောက်များများလာကြဦးမှာလဲ

ထိုမေးခွန်းအတွက် ဒမ်ဘာသည် အဖြေရခက်သည်၊ ကျွန်တော်လည် မသိဘူးဟုသာ ဖြေနိုင်သည်။

ကျုပ်သတင်းတွေ ကြားရတယ်ဟု ခြေကန်ငှက်ကပြောသည်၊ "လူဖြူ က ဒီနယ်မြေထဲမှာ ငြိမ်းချမ်းရေးလိုချင်တယ်တဲ့၊ ဒါပေမဲ့ သူတို့ဟာ မွေးဖုံးပါးစ စစ်သားတွေကို အများကြီးခေါ် ခေါ်လာတယ်၊ အဲဒါဘာ့ကြောင့်လဲ. . ၊ ကျုပ်တို့ ကျုပ်တို့ဖာသာ ကျုပ်တို့ အေးအေးဆေးဆေးနေချင်ကြတယ်၊ အဲဒါကို ဘာကြော လာ လာပြီးနှောက်ယှက်ချင်ကြတာလဲ၊ အခုဆိုရင် မွေးဖုံးပါးစပ်နဲ့ တက်စ်ဆတ်ရိ ဂျားလို့ခေါ်တဲ့ စစ်သားတွေဟာ ကျုပ်တို့နောက်က လိုက်ပြီးရန်ပြုနေကြတယ်၊ ဘာ လို့ အဲသလိုလုပ်နေကြတာလဲ၊

လူဖြူအကြီးအကဲတွေနဲ့ ကျုပ်ရဲ့လူမျိုးညီအစ်ကိုတွေဟာ စကားတွေပြေ ခဲ့ကြတယ်လို့ ကျုပ်ကြားဖူးခဲ့တယ်၊ အဲဒီစကားတွေဟာ ငြိမ်းချမ်းရေးစကားတွေ



ကတိတွေလည်း အပြန်အလှန်ပေးကြတယ်၊ ဒါပေမဲ့ လူဖြူတွေဘက်က ပေးထားတဲ့ ကတိတွေကို ချိုးဖောက်ကြတယ်၊

တကယ်လို့ လူဖြူအကြီးအကဲတွေက ကျုပ်ဆီလာပြီး စကားပြောကြဦး မယ်ဆိုရင် သူတို့ရဲ့စိတ်နေစိတ်ထားအမှန်ကို ကျုပ်တို့က ဘယ်လိုလုပ်ပြီး သိနိုင်ကြမှာ လဲ၊ သူတို့ကပေးတဲ့လက်ဆောင်တွေကို ကျုပ်တို့လက်ခံသင့်သလား၊ ကျုပ်တို့နဲ့သူတို့ ကြားမှာ ငြိမ်းချမ်းရေးရှိတယ်ဆိုတာ ဖော်ပြဖို့အတွက် သူတို့ရေးလာတဲ့ စာရွက်တွေ ပေါ်မှာ ကျုပ်တို့လက်မှတ်ထိုးသင့်သလား၊ ကျုပ်ကလေးဘဝတုန်းက ကျုပ်တို့ တို့မင်းချီတွေအများကြီးဟာ တက္ကဆတ်ပြည်နယ်ထဲက ဥပဒေဂေဟာလို့ခေါ်တဲ့ နေရာကိုသွားကြတယ်၊ အစည်းအဝေးတစ်ခု တက်ဖို့သွားကြတာ၊ အဲဒီအစည်းအ ဝေးမှာ လူဖြူအကြီး အတဲတွေနဲ့ စကားပြောကြရမယ်လို့ ပြောတယ်၊ ဟိုရောက်တော့ သူတို့အားလုံးကို သေနတ်တွေနဲ့ ပစ်သတ်ခဲ့ကြတယ်၊

ခြေကန်ငှက်၏မေးခွန်းများကို အကြောင်းအချက် ခိုင်လုံစွာဖြင့် အဖြေပေး ဆိုသည်မှာ ဒမ်ဘာအတွက်ခက်ခဲလွန်းလှချေသည်၊ မရှောင်မလွှဲတော့သည့်အဆုံး တွင် သူသည် "ကျွန်တော်လည်း အဲဒါတွေကို ဘာမှအတိအကျမသိပါဘူး"ဟူသော အဖြေကိုသာပေးခဲ့ရ၏၊

သူ့ဘက်ကလည်း သတိထား၍စကားပြောပါမှဖြစ်မည်ဟု ဒမ်ဘာက တွက်သည်၊ ခြေကန်ငှက်၏မေးခွန်းများနောက်တွင် လေးနက်သောအကြောင်းအရာ များရှိနေသည်ကို သူမြင်နေရ၏၊ သူ့စိတ်ထဲ၌ရှိနေသည့်အတိုင်း ပြောပြရန်မှာမူ ဖြစ်နိုင်သောကိစ္စမဟုတ်ပေ၊ သူသိမြင်နားလည်ထားသည့်အတိုင်း ထုတ်ဖော်ပြော ပြရန်မှာလည်း လွယ်ကူသည်မဟုတ်ပေ၊

အကယ်၍ လူဖြူများသည် သူတို့လာနေကျအတိုင်း အင်အားကြီးမား သာစစ်တပ်နှင့်သာ ရောက်လာပါက အင်ဒီးယန်းတို့အနေဖြင့် ဘယ်လိုပဲအပြင်း ထန် ခုခံတိုက်ခိုက်စေကာမူ အနိုင်ရလိမ့်မည်မဟုတ်ပေ၊ လက်နက်ချင်း မယှဉ်နိုင် ကြောင့် အရှုံးနှင့်သာရင်ဆိုင်ကြရလိမ့်မည်ဖြစ်၏၊

ဗိုလ်ဒမ်ဘာသည် အမှန်ကိုမပြောနိုင်ပဲဖြစ်လျက်ရှိသည်၊ လိမ်ပြောရမည် ဆိုလည်း များစွာဝန်လေးလျက်ရှိ၏၊ ချောင်ပိတ်မိသလိုဖြစ်နေသော ဒမ်ဘာသည် သိနားမလည်လေဟန်ဆောင်ထားခြင်းဟူသော တံတိုင်း၏နောက်တွင် ပုန်းအောင်း နေသည်၊ စကားလမ်းကြောင်း ပြောင်းသွားပါစေဟု၍ ကားကြိတ်၍ ဆုတောင်းနေမိ သည်၊

သို့တစေလည်း ထိုကိစ္စသည် ချွတ်၍မရတော့သည့် အစွန်းအထင်းတစ်ခု ဖြစ်လာသည်၊ နေ့စဉ်နေ့တိုင်းလို မေးခွန်းသည် သူဦးနှောက်ကိုရိုက်ခတ်လျက် ရှိသည်၊ ထိုမေးခွန်းမှာ. . .

"နောက်ထပ်ဘယ်လောက်များများ လာကြဦးမှာလဲ"

□

www.burmeseclassic.com



ယခုအခါတွင် ဒမ်ဘာသည် ကိုမင်ချီအုပ်စုအတွက် ပြဿနာတစ်ခုမဟုတ်တော့ပေ။ တစ်ချိန်ကတော့ လူဖြူစစ်သားတစ်ယောက်ဟု သိမြင်နေကြသော တိုမင်ချီများသည် သူ့အပေါ်တွင် သံသယမကင်းဖြစ်ခဲ့ကြသည်။ အခုကျတော့ လူဖြူစစ်သား သည် လူဖြူလူ့အဖွဲ့အစည်းနှင့် ဆက်သွယ်မှုမှေးမှိန်နေပြီး သူတို့နှင့်သာ အဆက်အဆံ အထိအတွေ့ကများနေသဖြင့် သံသယကင်းစင်လာကြသည်။ လူဖြူစစ်သား၏ ဝတ်စားဆင်ယင်မှု၊ အပြုအမူနှင့်အနေအထိုင်များကလည်း စစ်သားတစ်ယောက်နှင့် တစ်နေ့တခြားမတူပဲ ဖြစ်လာနေသည်။

လက်သီးနှင့်ရပ်သူအဖို့လည်း ပန်းရုံတဲအတွင်း၌ စကားသင်ကြားမှုတို့အကြောင်းပြု၍ လူဖြူစစ်သားနှင့် ရင်းနှီးလာခဲ့ပြီဖြစ်ရာ ယခင်ကရှိခဲ့သည့် စိတ်ထားမျိုး မရှိတော့ပေ။ သူမအနေဖြင့် လူဖြူအားစကားသင်ရင်း လူဖြူထံမှ စကားပြန်သင်ရင်းကြားမှ ဘာသာပြန်တာဝန်ယူပေးရခြင်း စသည့်လုပ်ငန်းများအပေါ်တွင် သာယာလာခဲ့ပြီဖြစ်၏။

မည်သို့ပင်ဖြစ်စေ လူတို့၏သဘာဝအတိုင်း ဗိုလ်ဒမ်ဘာနှင့် လက်သီးနှင့်ရပ်သူတို့၏အကြောင်းသည် ရွာထဲရှိလူများအကြားတွင် ပြောစရာသတင်းတစ်ခုဖြစ်လာသည်။ ဤအတွက် လက်သီးနှင့်ရပ်သူသည် ဘဝင်မကျဖြစ်ခဲ့ရ၏။ ကိုမင်ချီမိန်းမတစ်ယောက်အနေဖြင့် ဆာမန်လုပ်ရိုးလုပ်စဉ် အိမ်မှုကိစ္စများကိုမလုပ်ပဲ ခြေကန်ငှက်ခိုင်းသည့်အလုပ်ကိုလုပ်နေရခြင်းသည် သူမအဖို့ သဘာဝမှကျပါမည်လော. . ။ ခြေတန်ငှက်ကတော့ သူမအား ဤအလုပ်ကိုလုပ်နေရသည့်အတွက် အခြားတာဝန်များမှ ကင်းလွတ်ခွင့်ပေးထားခဲ့၏။ သို့တစေလည်း သူမ၏စိတ်ကတော့မလုံ။

သီတင်းနှစ်ပတ်မျှ ကုန်လွန်သွားသည့်အခါတွင်မူ လက်သီးနှင့်ရပ်သူ၏ အခြေအနေသည် တစ်မျိုးဖြစ်လာသည်။ ရွာထဲရှိလူအများစုက သူမအပေါ် ရိုသေလေးစားသမှုပြုလာကြသည်။ သူမ၏အဆင့်အတန်းသည် မသိမသာမြင့်မားလာသည်ကို တွေ့လာရ၏။

တစ်ညနေခင်းတွင် လက်သီးနှင့်ရပ်သူသည် ထင်းခွေထွက်လာခဲ့သည်။ လမ်းတွင် သူငယ်ချင်းမတစ်ဦးနှင့် ဆုံမိခဲ့ရာ ထိုမိန်းမကစတင်၍ နှုတ်ဆက်စကားပြောသည်။ "နင့်အကြောင်းကို လူတွေပြောနေကြပြီ"ဟုလည်း သတင်းပေးသည်။

"သူတို့ ဘာတွေပြောနေကြလို့လဲ"ဟု လက်သီးနှင့်ရပ်သူက ပြန်မေးသည်။

"သူတို့ပြောနေကြတာကတော့ နင်ဟာ ဆေးဝါးပညာသင်နေတယ်တဲ့။ နင့် နာမည်ကိုတောင် အသစ်တစ်ခုပြောင်းသင့်ပြီတဲ့"

"ဘယ်လိုပြောင်းသင့်သတဲ့လဲ"

"အို အဲဒါတော့ အတိအကျမသိပါဘူး"ဟု သူငယ်ချင်းမက ပြန်ပြောသည်။ "သူတို့ပြောနေတဲ့နာမည်က 'ဆေးလျှာ'ဆိုလား ဘာလားမသိပါဘူး။"

"ကျွန်မကတော့ ကျွန်မရဲ့လက်ရှိနာမည်ကလွဲရင် ဘယ်နာမည်မှမကြိုက်ဘူး"ဟု လက်သီးနှင့်ရပ်သူက ပြန်ပြောသည်။



နောက်ရက်အနည်းငယ်မျှအကြာ တစ်ညတွင် သူမသည် ခြေကန်ငှက်၏ တဲသို့ပြန်လာသည်။ ဤအခိုက်တွင် အနီးရှိတဲတစ်လုံးအတွင်းမှ သီချင်းဆိုသံကို ကြားလိုက်ရသဖြင့် အံ့အားသင့်နေမိ၏။ ကိုမင်ချီတို့ထုံးစံအရ ထူးခြားမှုတစ်ခုပေါ်လာလျှင် သူတို့ဖာသာသူတို့ သီချင်းစပ်၍ဆိုတတ်ကြသည်မဟုတ်ပါလား. . ။ သူကြားနေရ သည့်သီချင်းမှာ သူနှင့်ဆက်စပ်နေ၏။

"တို့ကိုမင်ချီမှာ တံတားတစ်ခုရှိလာပြီ။ တခြားကမ္ဘာတစ်ခုဆီ ကူးသွားမဲ့ တံတားပါ။ ဒီတံတားကိုလေ 'လက်သီးနှင့်ရပ်သူတံတား'လို့ အမည်ပေးရတော့မှာပါ"

သူမသည် တဲဆီသို့ခပ်သုတ်သုတ်ပြန်ကာ အိပ်ရာဝင်ခဲ့သည်။ သီချင်း၏ အဓိပ္ပာယ်နှင့် ပတ်သက်၍ သူမအနေဖြင့် မကောင်းသည့်ဘက်မှ မတွေးချင်။ သီချင်းစာသားများသည် အကောင်းများကိုသာ ညွှန်းပြထားသည်ဟုထင်၏။

ထိုညက သူမသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွားခဲ့သည်။ မနက်မိုးလင်း၍ အိပ်ရာနိုးလာသည့်အခါ အိပ်ရာထနောက်ကျနေသည့်အဖြစ်ကို သတိထားမိသဖြင့် ကပျာကယာထကာ တဲအပြင်သို့ထွက်လာခဲ့သည်။

ဝံပုလွေများနှင့်ကခုန်သူသည် သူ့မြင်းကိုစီးကာ စခန်း၏အပြင်သို့ရောက်သွားပြီး သူမ၏ရင်ထဲတွင် ထူးဆန်းသောခံစားမှုတစ်ခု ဝင်ရောက်လာသည်။ သူအခုလို ပြန်သွားသည်ကို မြင်လိုက်ရခြင်းအတွက် သူမ၏စိတ်တွင် အနှောက်အယှက်မရှိ။ သို့သော်လည်း သူပြန်မလာပဲများ နေလေမလားဟု တွေးလိုက်မိသည့်အခါတွင်မူ စိတ်ထဲတွင် ဝမ်းနည်းသလိုလို ကြေကွဲသလိုလိုခံစားလိုက်ရ၏။ သူမ၏ခံစားမှုသည် ချက်ခြင်းပင် မျက်နှာတွင်ထင်ဟပ်လာသည်။

သူမ၏အဖြစ်ကို ဘေးလူတစ်ဦးတစ်ယောက်က မြင်သွားမှုဖြင့်ဟူသော စိုးရိမ်စိတ်ကြောင့် ဘေးဘီကို တစ်ချက်ဝေ့ကြည့်သည်။ သူမအား ရပ်ကြည့်နေသူမှာ ခြေကန်ငှက်. . . ။

ခြေကန်ငှက်သည် သူမထံလျှောက်လာသည်။ "ဒီနေ့ စကားပြောပုံမရှိဘူး" ဟု ပြောသည်။

"ဟုတ်လား"ဟု သူမက ပြန်ပြောသည်။ သူမအနေဖြင့် ဘယ်လိုပဲကျွေမပျက်အောင်ထိန်းသော်လည်း ခြေကန်ငှက်၏မျက်လုံးများကတော့ စူးစမ်းမှုအရိပ်ငွေများ ဖော်ပြနေကြသည်။

"ကျွန်မကတော့ စကားပဲပြောချင်နေတယ်"ဟု သူမပြန်ပြောသည်။ "ကျွန်မ အနေနဲ့ လူဖြူစကားလုံးတွေကို စဉ်းစားပြီးပြောနေရတာကို ပျော်တယ်"

"သူက လူဖြူခံတပ်ကို ကြည့်ချင်လို့ခဏပြန်တာ။ ဒီနေ့နေဝင်ချိန်ကျရင် သူပြန်လာမှာပါ"

ခြေကန်ငှက်က သူမ၏မျက်နှာထားကို အနီးကပ်လေ့လာ အကဲခတ်နေသည်။ "မနက်ဖြန်ကျတော့ ပြောကြတာပေါ့"ဟု ထပ်ပြောသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



*အချိန်သည် တစ်မိနစ်ပြီး တစ်မိနစ်ကုန်လွန်လာခဲ့သည်၊ လက်သီးနှင့်*ရပ်သူသည် နေကိုသာစောင့်ကြည့်နေသည်၊ နေကိုစောင့်မကြည့်သည့်အချိန်တွင်မှ စိတ်ကူးယဉ်အိပ်မက်ထဲတွင် မျောပါသွားနေသည်၊

အခုကျတော့လည်း လူဖြူစစ်သားသည် သူမအတွက် အံ့ဩချီးမွမ်းစရာလူတစ်ယောက်ဖြစ်လာနေသည်၊ အချို့သော အရည်အသွေးများသည် သူမနှင့်အသားအရောင်တူသောကြောင့် ရှိနေခြင်းဖြစ်မည်ထင်၏၊ အချို့မှာမူ သူ့ဖာသာသူ သဘာဝအတိုင်း တစ်ဦးထည်းပိုင်အဖြစ် တည်ရှိနေကြခြင်းဖြစ်ပေလိမ့်မည်၊ ဘယ်လိုပဲဖြစ်ဖြစ် အရည်အသွေးအားလုံးသည် သူမအတွက် စိတ်ဝင်စားစရာချည်း ဖြစ်နေသည်၊

ပြီးတော့ သူမအနေဖြင့် သူ၏စွမ်းဆောင်မှုများအတွက် စိတ်ထဲကကြိတ်၍ဂုဏ်ယူမိသည်၊ သူ၏စွမ်းဆောင်မှုအားလုံးကို သူ့လူမျိုးများကပါ သိနေကြခြင်းသည် သူမအတွက် ပို၍ဂုဏ်ယူစရာဖြစ်နေပေသည်၊ တစ်ခါတလေကျတော့လည်း သူသည် ရယ်စရာအလွန်လုပ်တတ်သည်၊ သူ၏အပြုအမူအားလုံးသည် ရိုးသားဖြူစင်ခြင်း၊ ပွင့်လင်းခြင်းနှင့်ပေါ့ပေါ့ပါးပါး ပျော်ပျော်နေခြင်း စသောအင်္ဂါရပ်များ ရှိနေသည်ဟုလည်းထင်မိ၏၊

ပထမတော့ ကျည်ကာအင်္ကျီကို အမြဲတစေ ဝတ်ပြီးသွားလာနေသော ဒမ်ဘာကိုကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်၊ ဒမ်ဘာ၏ စစ်ဦးထုပ်ကိုအမြဲဆောင်းထားသည့် တိုမင်ချီနှင့်တူနေသည်၊ သို့သော်လည်း ဒမ်ဘာကတော့ ထိုအင်္ကျီကိုဝင်စွဲစွဲမြဲမြဲဝတ်ကာ သွားလာလှုပ်ရှားလျက်ရှိ၏၊ ကြည့်ရသည်မှာ ထိုအင်္ကျီကိုအလွန်မြတ်နိုးနေဟန်ရှိသည်၊ ပြီးတော့ ဘောင်းဘီနှင့်ရှူးဖိနပ်ကိုလည်း ဘယ်တော့မှမချွတ်၊ ဒမ်ဘာ၏ ထိုအပြုအမူများသည် ရယ်စရာလည်းကောင်းသည်၊ ခင်စရာလည်းကောင်းသည်၊ ဘာပဲဖြစ်ဖြစ် ဒမ်ဘာသည် ရိုးသားသောလူတစ်ယောက်ဖြစ်သည်ဟု ယုံကြည်ထားသည်၊

ဒမ်ဘာနှင့်ဆက်စပ်နေသော အတွေးများသည် သူမ၏ခေါင်းထဲမှ လုံးဝပျောက်သွားခြင်းမရှိ၊ ကြာလာတော့ သူမ၏အတွေးများသည် ပိုပိုပြီးရဲတင်းလာသည်၊ နေဝင်ချိန်တွင် ရွာဘက်သို့ မြင်းနှင့်ပြန်လာသည့် ဒမ်ဘာအား စိတ်ကူးဖြင့်မြင်ယောင်သည်၊ နောက်တစ်နေ့တွင် သူမနှင့်အတူထိုင်၍ စကားပြောနေသော ဒမ်ဘာအား မြင်ယောင်ထင်ယောင်ဖြစ်သည်၊

ထို့နောက် ညနေပိုင်းရေခပ်ဆင်းချိန်တွင် ဒမ်ဘာအား သတိရပြန်သည်၊ သူမနှင့်ဒမ်ဘာသည် တဲထဲ၌နှစ်ယောက်ထဲရှိနေကြ၏၊ ဒမ်ဘာက သူ့ဘဝဇာတ်ကြောင်းကို ပြောပြနေသည်၊ သူမက စိတ်ဝင်တစားနားထောင်နေသည်၊ အနားတွင် ဘယ်သူမှမရှိ. . ။ သူတို့နှစ်ယောက်ထဲ. . ၊

❒



သူမ၏စိတ်ကူးယဉ်အိပ်မက်သည် နောက်တစ်နေ့တွင် တကယ်ဖြစ်လာသည်၊

သူတို့သုံးယောက်သည် ထုံးစံအတိုင်း တဲထဲ၌ထိုင်၍စကားပြောနေကြသည်၊ ထိုအခိုက်တွင် ဝက်ဝံကြီးထံမှ ခြေကန်ငှက်အားခေါ်ရန် လူတစ်ယောက်ရောက်လာသည်၊ ပြဿနာတစ်ခုပေါ်ပေါက်လာ၍ အခေါ်ရောက်လာခြင်းဖြစ်၏၊ တိုမင်ချီ လူငယ်အုပ်စုတစ်စုက ပေါနီးအင်ဒီးယန်းများအား သွားရောက်တိုက်ခိုက်ရန် တိုက်ခိုက်ရေးအဖွဲ့ တစ်ဖွဲ့ဖွဲ့စည်းလိုကြောင်း တင်ပြလာသည်၊ ဤကိစ္စမျိုးကို ယခင်က ဆွေးနွေးပြောဆိုမှု မရှိခဲ့ဖူးခြင်း၊ သွားရောက်တိုက်ခိုက်မည့် လူငယ်များမှာ စစ်ပွဲအတွေ့အကြုံမရှိခြင်း စသည်တို့ကြောင့် ဝက်ဝံကြီးက သူတစ်ယောက်ထဲသဘောနှင့် မဆုံးဖြတ်နိုင်၊ ထို့ကြောင့် ဝက်ဝံကြီးသည် အရေးပေါ်ကောင်စီအစည်းအဝေးကိုခေါ်သည်၊ ဤအစည်းအဝေးတွင် ခြေကန်ငှက်မပါလျှင် မဖြစ်၍ခေါ်ယူခြင်းပေတည်း၊

တဲထဲတွင် သူတို့နှစ်ယောက်ထဲသာ ကျန်ခဲ့၏၊ တိတ်ဆိတ်ခြင်းသည် နှစ်ယောက်စလုံး၏စိတ်ကို လှုပ်ရှားစေသည်၊ နှစ်ယောက်စလုံးပင် စကားပြောချင်ကြ၏၊ သို့သော်လည်း ပြောစရာအကြောင်းကိုရှာမရသဖြင့် မပြောနိုင်ကြ၊

လက်သီးနှင့်ရပ်သူသည် သူမက စပြောရန် ပါးစပ်ကိုပြင်သည်၊ သို့သော်လည်း သူမက နောက်ကျသွားသည်၊ ဒမ်ဘာသည် သူမဘက်သို့လှည့်ကာ လှမ်းပြောသည်၊

"ငါ မင်းအကြောင်းကို သိချင်တယ်"

လက်သီးနှင့်ရပ်သူသည် မျက်နှာကိုတစ်ဖက်သို့လွှဲကာ စဉ်းစားလျက်ရှိ၏၊ အင်္ဂလိပ်ဘာသာစကားသည် အခုချိန်ထိ သူမအတွက် ခက်ခဲလျက်ပင်ရှိနေသေးသည်မဟုတ်ပါလား၊ မရမနေစဉ်းစား၍ ကြိုးစားအားထုတ်ပြန်တော့လည်း တဖြည်းဖြည်းချင်း သူလိုချင်သောစကားလုံးများကို ရရှိလာသည်၊

"ရှင်သိချင်တာ ဘာလဲ"ဟူသော စကားတစ်ခွန်းသည် သူမ၏နှုတ်မှ ထစ်ထစ်ငေါ့ငေါ့ဖြင့်ထွက်လာသည်၊

❒

ထိုနေ့က လက်သီးနှင့်ရပ်သူသည် တစ်မနက်ခင်းလုံး သူမ၏ဘဝဇာတ်ကြောင်းကို မှတ်မိသမျှပြန်လည် ပြောပြရင်း အချိန်ကုန်ခဲ့သည်၊ သူမ၏လူဖြူမိန်းကလေးဘဝ၊ သူမကို အင်ဒီးယန်းများက ဖမ်းမိသွားခဲ့ပုံ၊ နှစ်ပေါင်းများစွာ ကိုမင်ချီတစ်ယောက်အဖြစ် နေထိုင်ခဲ့ပုံ စသည်များကို တတ်သမျှမှတ်သမျှ အင်္ဂလိပ်စကားနှင့် ဒမ်ဘာနားလည်အောင် ကြိုးပမ်းအားထုတ်၍ ပြောပြခဲ့ခြင်းဖြစ်၏၊

သူမ၏ဇာတ်လမ်း အဆုံးသတ်ခါနီးတွင် ဒမ်ဘာက သူမ၏နာမည်ကို ဘယ်လိုကြောင့် အခုလိုမှည့်ခဲ့ရတာလဲဟု ထပ်မေးသည်၊ သူမကလည်း ရှက်နေသေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီးသော နှစ်ပေါင်းများစွာက ဤလူမျိုးစု၏ရွာသို့ ဘယ်လိုရောက်ခဲ့သည်ကို ပြန်ပြောပြသည်၊ ဤရွာသို့ရောက်စလများအတွင်းက အဖြစ်များသည် သူမ၏မှတ်ဉာဏ်ထဲတွင် ဝိုးတစ်ဝါးနိုင်လွန်းလှသော်လည်း၊ သူမ၏နာမည်ကို ရခဲ့ပုံကျတော့ ကောင်းစွာမှတ်မိနေသည်။

ရွာသို့ရောက်ခဲ့ပြီး ရွာ၌နေခဲ့ရသော်လည်း သူ့အားတရားဝင်မွေးစားမည့် လူတစ်ဦးမှပေါ်မလာ။ သူမအား သူတို့လူမျိုး၏ အဖွဲ့ဝင်အဖြစ်လည်း အသိအမှတ်မပြု၊ သူမအား လူရာမသွင်းသော်လည်း အစားတစ်လုပ်တစ်ဆုတ် စားရဖို့အတွက်ကျတော့ အလုပ်လုပ်ပေးရသည်။ အလုပ်တွေကလည်း အောက်တန်းကျကျအလုပ်တွေ ဖြစ်သည်၊ အချို့သောအင်းဒီးယန်းမများကလည်း သူမအား အနိုင်ကျင့်ကြသည်။ မတရားသဖြင့် ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံကြသည်၊ နှိပ်စက်ကလူပြုချင်ကြသည်။

တစ်နေ့သောနံနက်တွင် သူမသည် သူမအပေါ်နိုင်ထက်စီးနင်းအလုပ်ခိုင်းသော မိန်းမတစ်ယောက်နှင့်သတ်ပုတ်ကြရသည်၊ သူမသည် အသက်ငယ်သော်လည်း ကျွမ်းကျင်မှုမရှိသဖြင့် ဤတိုက်ပွဲတွင်အနိုင်ရဖို့ မျှော်လင့်ချက်မရှိ၊ သို့သော်လည်း အားကုန်ထုတ်၍ ထိုးလိုက်သောလက်သီးတစ်ချက်ကြောင့် ထိုမိန်းမသည် ဒိုင်းခနဲ လဲကျသွားသည်။ သူမသည် လဲနေသောမိန်းမအား သတိလစ်သွားသည့်အထိ ခြေထောက်နှင့်လိမ့်ကန်ပစ်ခဲ့သည်၊

ထို့နောက် ဘေးမှရပ်ကြည့်နေကြသော မိန်းမများအား လက်သီးနှင့် ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ရင်ဆိုင်သည်။ ဘယ်မိန်းမမှ သူမအား ဝင်၍မသတ်ပုတ်ရဲ၊ အားလုံးက ရပ်ကြည့်ရုံသာကြည့်ပြီး ပြန်လည်ဆုတ်ခွာသွားကြသည်။

ထိုပွဲပြီးသွားသည့်နောက်ပိုင်းတွင် လူဖြူမကလေးအား ဘယ်သူကမှ အနိုင် မကျင့်တော့၊ သူမအား ပြုစုစောင့်ရှောက်မည့် မိသားစုတစ်စုပေါ်လာသည်။ စေတနာ၊ ကရုဏာအပြည့်ဖြင့် သူမအားစောင့်ရှောက်ခဲ့ကြခြင်းဖြစ်၍ သူမသည် မိသားစုဝင် ကိုမင်ချီမတစ်ယောက်ဖြစ်လာခဲ့၏၊ သူမကိုလည်း လူအများက "လက်သီးနှင့်ရပ်သူ" ဟု ခေါ်လာကြလေသည်၊

ဗိုလ်ဒမ်ဘာက သူမနှင့်ရန်ဖြစ်ခဲ့သော မိန်းမ၏မေးစေ့ကို လက်သီးနှင့်ထိုးခဲ့ရာ၌ ဘယ်နေရာကိုထိုးခဲ့သလဲဟုမေးပြန်သည်၊ လက်သီးနှင့်ရပ်သူက သူမ၏လက်သီးဆုပ်ဖြင့် ဒမ်ဘာ၏မေးစေ့တစ်နေရာကို အသာအယာထိုးပြသည်၊

ဒမ်ဘာက ဟက်ဟက်ပက်ပက်ရယ်သည်၊ သူတို့နှစ်ဦးကြားတွင် ပိုပို၍ပြေပြစ်လာ သော ရင်းနှီးမှုတစ်ခုကို အလိုလိုတည်ဆောက်ပြီးသားဖြစ်သွားသည်၊ သို့သော်လည်း လက်သီးနှင့်ရပ်သူသည် ဒမ်ဘာထံမှ သူမ၏ကိုယ်ရေးကိုယ်တာနှင့်ဆက်စပ်နေသော မေးခွန်းများမေးလာမည်ကို စိုးရိမ်လျက်ရှိသဖြင့် ပြန်လည်ပြီးနှုတ်ဆိတ်လျက် ရှိလေသည်၊

ဒမ်ဘာကလည်း လက်သီးနှင့်ရပ်သူ၏ လောလောဆယ်စိတ်အခြေအနေကို ရိပ်မိသည်၊ သို့တစေလည်း သူသိလိုသောမေးခွန်းတစ်ခုကိုတော့ မမေး၍မဖြစ်



သူသည် ခြေထောက်များကို ဆန့်လိုက်ကာ အားရပါးရသန်းလိုက်သည်၊

"မင်းမှာ အိမ်ထောင်ရှိသလား"ဟုမေးသည်။

လက်သီးနှင့်ရပ်သူသည် ခေါင်းကိုငုံ့ထားသည်။ ထို့နောက် မပွင့်တစ်ပွင့် လေသံဖြင့် "မရှိဘူး"ဟုဖြေသည်၊

ဒမ်ဘာသည် ရုတ်တရက်ချက်ခြင်းပြောင်းလဲသွားသော လက်သီးနှင့် ရပ်သူ၏ မျက်နှာထားနှင့်အမူအရာကိုကြည့်ကာ အံ့သြနေသည်။ သူသည် တစ်ခဏ မျှငေးကြည့်နေသည်၊ သူမကတော့ မလှုပ်မယှက်. . . ၊ ဒမ်ဘာက နောက်ထပ် မေးခွန်းတစ်ခုထပ်မေးရန် တာစူနေခိုက်မှာပင် သူမသည် ဖျတ်ခနဲထရပ်လိုက်ပြီး အပြင်သို့ ထွက်သွားသည်၊

မိမိဘက်က အမှားတစ်ခုလုပ်လိုက်မိလေသလားဟု ဒမ်ဘာကတွေးကာ သူ့အပြစ်သူရှာကြည့်သည်၊ ရှာ၍မရ၊ သူသည် တဲထဲ၌ဆယ်မိနစ်ခန့်ကြာမျှ ဆက်၍ ထိုင်နေသည်၊ ထို့နောက် အပြင်သို့ထွက်လာခဲ့ပြီး သူ့မြင်းကိုရှာသည်။ မြင်းတစ်ခေါက် လောက် စီးလိုက်ရလျှင် သူ့စိတ်၏တင်းမာမှုသည် ပြေသွားမည်ဟုထင်သည်၊

ထိုအချိန်မှာပင် မြင်းတစ်စီးနှင့် စခန်း၏အပြင်သို့ထွက်လာခဲ့သော လက်သီးနှင့်ရပ်သူသည် ချောင်းကိုဖြတ်ကာ လမ်းတစ်ဖက်သို့တက်လာခဲ့သည်၊ သူမ၏အတွေးသည် နောက်ကိုရှုတ်ထွေးလျက်ရှိ၏၊

မကြာသေးခင်ကတော့ သူမသည် ဒမ်ဘာ့အကြောင်းတွေးမိလျှင် သူမကိုယ်သူမ မုန်းခဲ့သည်၊ အခုရက်ပိုင်းအတွင်းမှာတော့ သူမသည် သူ့အကြောင်းမှတစ်ပါး အခြားဘာကိုမှမတွေးနိုင်ခဲ့. . . ၊ စိတ်ပဋိပက္ခပေါင်းများစွာသည် သူမကို ဒုက္ခပေးလျက်ရှိလေပြီ၊

အခုတလော သူမသည် သေဆုံးသွားသည့် သူမ၏ယောကျ်ားအကြောင်းကို မတွေးခဲ့မိ၊ မကြာခင်တုန်းကတော့ သူမ၏ယောကျ်ားသည် သူမ၏ဘဝတွင် အချက်အခြာနေရာကို ပိုင်ဆိုင်နေခဲ့သည်၊ အခုကျတော့ သူမသည် သူ့ကိုမေ့သွားခဲ့ပြီ၊ သို့ဆိုလျှင် သူမတွင် အပြစ်ကင်းပါ့မလား. . . ၊

သူမမြင်းကိုပြန်လှည့်ကာ ရွာဘက်သို့ပြန်လာခဲ့သည်၊ သူမ၏ခေါင်းထဲမှ 'ဝံပုလွေများနှင့်ကခုန်သူ'ကို ထုတ်ပယ်ပစ်ရန် ကြိုးစားလာသည်။ သူမ၏မြင်းသည် ဖျတ်ကနဲခေါင်းထောင်ပြီး တရှုးရှုးတရှဲရှဲဖြစ်လာသည်၊ တစ်စုံတစ်ရာကိုကြောက်၍ အခု လိုလုပ်နေခြင်းဖြစ်၏၊

သူမ၏နောက်ဖက်ရှိ ချုံကြီးတစ်ခြုံအတွင်းမှ တိုးသံတိုက်သံများ ကြားရသည်၊ ပြီးတော့ တိရစ္ဆာန်တစ်ကောင်၏အသံ. . . ၊ ဝက်ဝံမှတစ်ပါး အခြားသတ္တဝါ မဖြစ်နိုင်၊ သူမသည် မြင်းကိုခပ်သွက်သွက်နှင်သည်၊

မြစ်ကိုဖြတ်အကူးတွင် သူမ၏ခေါင်းထဲသို့ စိတ်ကူးတစ်ခုဝင်လာသည်၊ ဝံပုလွေများနှင့်ကခုန်သူသည် ဝက်ဝံကိုမှ မြင်ဖူးရဲ့လား. . . ၊ ထို့နောက်ချက်ခြင်းပင် သူမ၏စိတ်ကို ထိန်းချုပ်သည်၊ ဒီလိုအတွေးမျိုး နောက်ထပ်အဝင်ခံ၍မဖြစ်၊ အခုလို

www.burmeseclassic.com

www.burmeseclassic.com



သာ သူ့အကြောင်းကို မကြာခဏတွေးမိနေလျှင် သူမအတွက် သီးခံနိုင်ဘွယ်ရာမရှိ။

မြစ်၏တစ်ဖက်ကမ်းပေါ် သို့အရောက်တွင် သူမသည် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်သည်။ ခြေကန်ငှက်နှင့် ဝံပုလွေများနှင့်ကခုန်သူကြားမှ ဘာသာပြန်ပေးနေရသည့်အလုပ်ကို သူမ မလုပ်တော့. . . ။ ယနေ့မှစ၍ မရပ်မပစ်၍မဖြစ်ရပ်ပစ်မှဖြစ်တော့မည်။

□□□

|၂၄|

ဗိုလ်ဒမ်ဘာသည် မြင်းကိုမြစ်ဘေးအတိုင်း စီးလာခဲ့သည်။ လက်သီးနှင့်ရပ်သူ၏မြင်း တောင်ဘက်သို့ရှေ့ရှုသွားနေခိုက်တွင် သူ့မြင်းသည် မြောက်ဖက်သို့ဦးတည်၍ သွားနေသည်။

နေသည် အဆမတန်ပူပြင်းလျက်ရှိသော်လည်း ဗိုလ်ဒမ်ဘာသည် သူ့မြင်းကို မြစ်နှင့်ကပ်၍မစီး၊ မြစ်နှင့်တစ်မိုင်နှစ်မိုင်ခန့်အကွာမှ ခွာ၍စီးသည်။ သူသည် စိတ်မာတတ်ကျလျက်ရှိ၏။ တဲထဲ၌ စကားပြောနေခဲ့ရသည့်မြင်ကွင်းသည် သူ့စိတ်အာရုံထဲမှပျောက်၍မရ။ အခုပုံအတိုင်းဆိုပါက သူသည် လက်သီးနှင့်ရပ်သူအား နောက်ထပ်တဲထဲ၌ အတူတွဲ၍ စကားပြောခွင့်ရတော့မည်မထင်။

သူ့အနေဖြင့် သူ့ရင်ထဲ၌ရှိနေသော စကားတစ်ခွန်းကို မပြောဖြစ်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်နေမိသည်။ အခုအတိုင်းဆိုပါက သူတို့နှစ်ယောက်နောက်ထပ်ဆုံမိကြဖို့မလွယ်။ မိမိအလွန်ပြောချင်နေသည့်စကားကိုလည်း ပြောခွင့်ရတော့မည်မထင်။ အခုဆိုလျှင်ပင် သူတစ်ယောက်ထဲ အထီးကျန်ဘဝဖြင့် နေပူကြဲကြဲအောက် မြင်းတစ်စီးဖြင့် ခြေဦးတည်ရာ လျှောက်သွားနေရပြီ မဟုတ်ပါလား။

အင်ဒီးယန်းရွာ၏ မြောက်ပိုင်းသို့ တစ်ခေါက်မှမရောက်ဖူးခဲ့။ ဤဘက်ပိုင်းသို့တော့ ရေမြေတောတောင်အနေအထားသည် သိသိသာသာကြီး ကွဲပြားခြားနားနေသည်။ သူ့ရှေ့တည့်တည့်တွင် တောင်ကုန်းတွေ အများအပြားမြင်နေရ၏။ ပြီးတော့ နက်ရှိုင်းသောတောင်ကြားများကိုပါ တွေ့နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကစ္စကိုအား ဒူးနှင့်တို့ကာ ခပ်သွက်သွက်နှင်လာသည်။ သူ့ရှေ့ မိုင်ဝက်ခန့်အကွာတွင် တောင်ကြားတစ်ခု၏အပေါက်ဝကို လှမ်းမြင်နေရ၏။ ထိုတောင်ကြားသည် အခြားတစ်ဖက်ရှိ ပရေးရီးမြက်ခင်းပြင်ဘက်သို့ ထွက်သွားနိုင် သည်ကိုလည်း သတိထားမိသည်။

သူသည် တောင်ကြားထဲသို့ဝင်လာခဲ့သည်။ တစ်ဖက်တစ်ချက်မှ နံရံများ သည် အမြင့်ပေတစ်ရာကျော်ခန့် ရှိလိမ့်မည်ဟုခန့်မှန်းရ၏။ တောင်ကြားနံရံများ၏ အရိပ်သည် အေးမြခြင်းကိုဆီးကြို၍ပေးသော်လည်း အမှောင်ရိပ်အား စိုးမိုးနေ သည်။ ထိုအမှောင်ရိပ်ကိုကြည့်၍ ဒမ်ဘာ၏စိတ်သည် တစ်မျိုးဖြစ်လာသည်။ နောက်ပြန်ဆုတ်ရလျှင် ကောင်းလေမလားဟု တွေးလိုက်မိသေး၏။

လက်တွေ့တွင်မူ သူသည် နောက်မဆုတ်တော့ပဲ ရှေ့သို့တိုးလာခဲ့သည်။ တောင်ကြားနံရံများကြားတွင် သစ်ပင်ကြီးများသည် ဟိုတစ်ခုသည်တစ်ခု ပေါက် ရောက်နေကြသည်။ သူသည် ကွေ့ကောက်နေသောလမ်းအတိုင်းလိုက်ရင်းနှင့် အပြင် သို့ထွက်လာနိုင်ခဲ့သည်။ စိမ်းမြမြတောအုပ်ကို ဘွားခနဲတွေ့လိုက်ရ၏။ အခြ လိုနွေရာသီမှာပင်လျှင် ဤတောအုပ်စိမ်းလန်းစိုပြေနေသည်ကို ကြည့်ရခြင်းအားဖြ ဤအနီးအနားတစ်ဝိုက်၌ ရေရှိလိမ့်မည်ဟု သူခန့်မှန်းသည်။

ကစ္စကိုသည် ဦးခေါင်းကိုမော့ကာ အနံ့ခံလျှက်ရှိသည်။ သူသည် ရေနံ့ ရနေဟန်တူ၏။ ရေငတ်နေပုံလည်းပေါ်၏။ သူသည် ကစ္စကို၏ဇက်ကြိုးကို လျှော့ ပေးလိုက်သည်။ ကစ္စကိုသည် တောအုပ်အစပ်မှကပ်၍ နောက်ထပ်ကိုက်တစ်ရာခန့် ဆက်သွားသည်။ ကျောက်တုံးနံရံ၏အောက်ခြေတွင် စမ်းချောင်းလေးတစ်ခု ရှိနေသည်ကို တွေ့ရ၏။ ကစ္စကိုသည် ထိုနေရာအရောက်တွင် ရပ်လိုက်သည်။

စမ်းချောင်း၏အကျယ်သည် ခြောက်ပေခန့်ရှိ၏။ ကစ္စကိုသည် သူ့နှာ ခေါင်းကို ရေထဲသို့နှစ်ကာ အချိန်တော်တော်ကြာမျှ ရေသောက်နေသည်။ ဒိုလ်ဒမ် ဘာသည် ကစ္စကို၏ဘေး၌ ဒူးထောက်၍ထိုင်ကာ ရေကိုလက်ခုပ်နှင့် ယူ၍သောက် ရန်ဟန်ပြင်လိုက်သည်။ ထိုအခိုက်မှာပင် ကျောက်နံရံ၏အောက်ခြေဘက်မှ အထ ကွဲကြောင်းကြီးတစ်ခုကို လှမ်းမြင်လိုက်သည်။ အက်ကွဲကြောင်းကြီးသည် ချောက် ကမ်းပါးအတွင်းသို့ တိုးဝင်သွားသည်ကို သတိထားလိုက်မိသည်။ အပေါက်ဝ ကျယ်ရုံမျှမက မြင့်လည်းမြင့်သည်။ လူတစ်ယောက်အနေဖြင့် ခေါင်းမငုံ့ဘဲဝင်သွား လို့ရသည်။

ဒိုလ်ဒမ်ဘာသည် စမ်းချောင်းထဲသို့ မျက်နှာကိုနှစ်၍ ရေကိုတဝသောက် သည်။ သူ့မြင်းကို စမ်းချောင်းအနီး၌ထားခဲ့ပြီး ထိုအက်ကြောင်းကြီးထဲသို့ ဝင်သွား သည်။ အတွင်းဘက်သို့ရောက်သည့်အခါ အံ့ဩစဖွယ်ကောင်းလောက်အောင် အေး စိမ့်နေသည်ကိုတွေ့ရသည်။ သူ့ခြေထောက်အောက်မှ မြေကြီးသည် နူးညံ့ပျော့ပျောင်း လှပေသည်။

ပတ်ဝန်းကျင်၏အေးမြသာယာမှုကြောင့် ဒိုလ်ဒမ်ဘာသည် သဲဆန်သော



မြေပြင်ပေါ်သို့ တစ်ခဏမျှလှဲနေမိသည်။ သူသည် အပေါ်ဘက်မှမျက်နှာကျက်ကို လှမ်းကြည့်မိသည်။ မျက်နှာကျက်တွင် မီးသွေးခဲဖြင့်ရေးထားသည့် အမှတ်အသား များကိုမြင်ရသည်။ မြင်ရုံမျှဖြင့် လူသားတို့၏လက်များဖြင့် ရေးဆွဲထားသည့် အမှတ်အသားများဖြစ်ကြောင်း သိသာလျှက်ရှိပေသည်။ တစ်နေရာတွင်ရေးဆွဲ ထားသည့် ရုပ်ပုံတစ်ပုံမှာ ကျွဲတစ်ကောင်၏ပုံဖြစ်သည်။ လက်ရာမှာ မကောင်းလှ သော်လည်း ကျွဲ၏ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံး ပီပြင်စွာပါရှိနေသည်ကို တွေ့ရှိ နေသည်ကိုတွေ့ရသည်။ ကျွဲ၏ဘေး၌ ရပ်နေသည့်လူမှာ မုဆိုးတစ်ယောက်၏ပုံဖြစ် သည်။ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသည့်လှံဖြင့် ကျွဲကိုထိုးသတ်ရန် ချိန်ရွယ် ထားလေသည်။

ဒိုလ်ဒမ်ဘာသည် ပင်ပန်းနွမ်းနယ်မှုဒဏ်ကို မခံနိုင်အောင်ဖြစ်လာသည်။ သူ့မျက်လုံးအစုံသည် လေးလံထိုင်းမှိုင်းလာသည်။ မုဆိုးပုံသည် သူ့မျက်စိထဲတွင် ခြေကန်ငှက်နှင့် တူသလိုလိုဖြစ်နေသည်။ ဤပန်းချီလက်ရာသည် လွန်ခဲ့သောနှစ်ရာ ပေါင်းများစွာက ရေးဆွဲထားခဲ့သည့် ပုံတစ်ပုံဖြစ်ဖွယ်ရာရှိလေ၏။

ထို့နောက်တွင် မုဆိုးပုံသည် ခြေကန်ငှက်မဟုတ်တော့ပဲ သူကိုယ်တိုင်ဖြစ် နေသည်ကို တွေ့ရ၏။ ထိုတဒင်္ဂအတွင်းမှာပင် သူသည် အိပ်ပျော်သွားလေ၏။

□

သစ်ပင်များပေါ်တွင် သစ်ရွက်ဟူ၍တစ်ရွက်မျှမရှိ။ မြေပြင်ပေါ်တွင် ဆီး နှင်းများဖုံးလွှမ်းလျက်ရှိသည်။ ပတ်ဝန်းကျင်သည် မခံမရပ်နိုင်လောက်အောင် အေး စက်နေသည်။ မရေတွက်နိုင်လောက်အောင် များပြားလှသောစစ်သားများသည် သူတို့၏ရိုင်ဖယ်သေနတ်များကို ဘေး၌ချကာ ရပ်နေကြသည်။ သူသည် စစ်သားများ ကို တစ်ယောက်ချင်းစီ လိုက်ကြည့်သည်။ မျက်နှာအားလုံးသည် ပြာနှမ်းနှမ်းဖြစ်နေ ကြ၏။ အသက်ရှိသည့် အရိပ်လက္ခဏာကိုမတွေ့ရ။ တစ်ဦးကမှ သူ့ကိုမြင်ပုံမရ။

သူသည် ဤလူစုကြားတွင် သူ့အဖေကိုတွေ့ရသည်။ သူ့အဖေ၏လက် တစ်ဖက်သည် ဆေးအိတ်ကိုကိုင်ထားသည်။ သူသည် ရေနစ်နေသောကောင်လေး တစ်ယောက်ကို မြင်ရပြန်သည်။ သူ့မျို့ထဲမှ မြင်းဇောင်းတစ်ခုကိုပိုင်ဆိုင်သော လူတစ် ယောက်ကိုပါမြင်ရပြန်၏။ ထိုလူကြီးသည် မြင်းများကိုရိုက်နှက်နေသည်။

ထို့နောက် သူသည် စစ်ဦးထုပ်ဆောင်းထားသော ဗိုလ်ချုပ်ကြီးဂရန့်ကို မြင်ရပြန်သည်။ ပြီးတော့ လူသေမျက်နှာနှင့်တူသော ပြည့်တန်ဆာမတစ်ယောက်ကို မြင်ရ၏။ သူ၏မူလတန်းကျောင်းမှဆရာနှင့် သူ့အမေ၏ချိုမြသောမျက်နှာကို မြင်ရ ပြန်သည်။ အမေ့ပါးပြင်ပေါ်မှမျက်ရည်စများသည် ဆီးနှင်းများသဖွယ်ခဲနေကြလေ သည်။

သူ့မျက်စိများရှေ့တွင် အလွန်ကြီးမားသော စစ်တပ်ကြီးတစ်တပ်ရှိနေ သည်။ အမြောက်ကြီးများကိုလည်း မြင်တွေ့နေရ၏။ စစ်သားများဆီသို့ လူတစ်

www.burmeseclassic.com



ယောက်လျှောက်လာနေသည်။ ထိုလူသည် ဝက်ဝံကြီးဖြစ်၏။ သူ့ကိုယ်ပေါ်တွင် စောင် တစ်ထည်ခြုံထားသည်။ ဝက်ဝံကြီးသည် အမြောက်တစ်လက်၏ရှေ့၌ရပ်တာ ကိုင် ကြည့်နေသည်။ အမြောက်ကြီးဆီမှ ကျည်ဆံတစ်ချက်ထွက်လာသည်။ ဝက်ဝံ ကြီး၏ ကိုယ်တစ်ခြမ်းသည် မိုးကောင်းကင်ဆီသို့ မြောက်တက်သွားသည်၊ ခါးဆီ မှသွေးများသည် ပန်းထွက်နေကြသည်။

ဤ၁၁မြောက်များဆီမှ ပစ်ခတ်သံများအဆက်မပြတ်ထွက်လာသည်။ ရွာထဲရှိလူအားလုံးသည် ထွက်ပြေးကုန်ကြသည်။ ထိုတစ်ခဏအတွင်းမှာပင် စစ်တပ် ကြီးသည် ကွယ်ပျောက်သွားသည်။ ကလေးသူငယ်အများအပြားသည် လေထဲသို့လွင့် စင်သွားနေကြသည်။ အရွက်မရှိသောသစ်ကိုင်းများပေါ်သို့ကျကာ အထိုးဖောက်ခံ ကြရသည်။ သွေးများသည် သစ်ပင်ကြီးများ၏ပင်စည်တွင် ရွှဲရွှဲစိုလျက်ရှိကြ၏။

စစ်သားများသည် ယောကျ်ားများနှင့်မိန်းမများ၏ ဦးခေါင်းများကို သေ နတ်များဖြင့် ပစ်ခတ်နေကြသည်။ ဝမ်းဗိုက်များကို လှံစွပ်များဖြင့် ထိုးနေကြသည်။ အင်ဒီးယန်းများထံမှ ငွေအမြောက်အမြားရကြသည်။ ငွေများသည် အင်ဒီးယန်းတို့ ၏ အသွေးများ၊ အသားများထဲမှထွက်လာနေကြခြင်းဖြစ်၏။ အင်ဒီးယန်းတို့၏ ဦးခေါင်းထဲမှ ရွှေတုံးရွှေခဲများ ထွက်ကျလာနေသည်ကိုလည်းမြင်ရ၏။

စစ်တပ်ကြီးသည် ရွှေအပြည့်ငွေအပြည့်တင်ထားသည့် မြင်းလှည်းကြီးများ ကိုမောင်းကာ ပြန်လည်ထွက်ခွာသွားကြသည်။ အချို့စစ်သားများသည် မြင်းလှည်း ကြီးများ၏ဘေးမှ ပြေးလိုက်ကာ လှည်းများပေါ်မှထွက်ကျလာသည့် ရွှေတုံးရွှေခဲ များကို လိုက်လံကောက်ယူနေကြသည်။ ထိုအခိုက်မှာပင် ပစ်သံခတ်သံများကြားရ ပြန်၏။ တိုက်ပွဲသည် ဆက်လက်ဖြစ်ပွားလျက်ရှိပြန်သည်။ အမြောက်ပစ်သံများထို ကြားနေရ၏။ တောင်တန်းကြီးများ၏နောက်ဖက်မှ မီးပွင့်များသည် ဝင်းခနဲလက်ခ နဲ ထွက်ပေါ်လာနေကြသည်။

စစ်တပ်ကြီး၏နောက်တွင် စစ်သားတစ်ယောက်ကျန်ရစ်ခဲ့သည်။ စစ်သား သည် အစုလိုက်အပုံလိုက်လဲကျနေသော အလောင်းကောင်များ၏ကြားမှ အလွန် ဝမ်းနည်းကြေကွဲသည့်မျက်နှာထားဖြင့် လျှောက်သွားလျက်ရှိ၏။ ထိုစစ်သားသည် အခြားလူမဟုတ်၊ သူကိုယ်တိုင်ဖြစ်နေသည်ကို တွေ့ရ၏။

❐

ဗိုလ်ဒမ်ဘာ၏တစ်ကိုယ်လုံးသည် အေးစက်နေသည်။ အအေးဒဏ်ထိ အရိုးခိုက်သည်အထိ ခံစားနေရ၏။ သူသည် အိပ်ပျော်နေရာမှလန့်နိုးလာသည်။ အမှောင်ထုသည် လွှမ်းခြုံလျက်ရှိ၏။ အပြင်မှလေသည် တရှိုးရှိုးအော်မြည်ကာ ဝင် ရောက်လာလျက်ရှိ၏။

သူသည် အလန့်တကြားခုန်၍ ထလိုက်သည်။ သူ့ခေါင်းသည် အပေါ် ဘက်မှ ကျောက်စွန်းတစ်ခုဖြင့် ဆောင့်မိသဖြင့် ဒူးထောက်လျက်လဲကျသွားသည်။



ဆောင့်မိလိုက်သောဒဏ်ကြောင့် တစ်ခဏမျှမူးနောက်နောက်ဖြစ်သွားသည်။ အပြင် ဘက်မှ အလင်းရောင်တစ်ခုသည် အတွင်းဘက်သို့ဝင်ရောက်နေသည်။ လရောင် ပေတည်း. . .။

သူသည် အပြင်သို့ပြေးထွက်လာခဲ့သည်။ အေးမြသောလရောင်အောက်၌ ရပ်၍ ပတ်ဝန်းကျင်ကိုလှည့်ကြည့်သည်။ ကစ္စကိုမရှိတော့။ သူသည် လေချွန်၍အသံ ပေးသည်။ ဘာသံမှမကြားရ။ သူသည် ကွင်းပြင်ဘက်သို့ထွက်ကာ လေတစ်ချက်ချွန် ပြန်သည်။ သူ့နားထဲတွင် အသံတစ်ခုခုကို ကြားသလိုရှိ၏။ ထို့နောက် သစ်ပင်ကြီးများ ကြားမှ ခပ်ဖြည်းဖြည်းထွက်လာနေသော ကစ္စကိုအား မြင်လိုက်ရလေသည်။

သူသည် ကစ္စကိုဆီသို့လျှောက်သွားသည်။ ဇီးကွက်တစ်ကောင်၏ အော်သံကိုကြားရသည်။ အတောင်တဖြန်းဖြန်းခတ်၍ ပျံသန်းသွားသံကိုလည်း ကြား လိုက်ရ၏။ ရုတ်တရက်မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့်အသံဖြစ်သဖြင့် ဗိုလ်ဒမ် ဘာသည် လန့်သွားသည်။ ကစ္စကိုသည်လည်း သူ့လိုပင်ဖြစ်သွားဟန်ရှိ၏။ သူ့အနီး သို့ရောက်သွားချိန်တွင် ကစ္စကိုသည် ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံးတုန်လျက်ရှိ လေသည်။

❐

တောင်ကြားထဲမှထွက်လာ၍ အပြင်သို့ရောက်သည်နှင့်တစ်ပြိုင်နက် သူနှင့် ကစ္စကိုသည် အပြောကျယ်လှသော ပရေးရီးမြက်ခင်းပေါ်သို့ ပြန်လည်ရောက် ရှိနေသည်ကို တွေ့ရသည်။ သူ့စိတ်သည် ချက်ခြင်းပင် အေးမြသွားသည်။ ငွေရောင် သန်းနေသော မြက်ခင်းပြင်ကြီးပေါ်တွင် မြင်းကိုစိုင်းရသည်မှာ လွယ်ကူချောမွေ့ လှပေ၏။

သူသည် အိပ်မက်သို့သတိရမိသည်။ ထိုအိပ်မက်သည် ဘယ်ကလာသ နည်း။ ပြီးတော့ မည်သည့်အဓိပ္ပာယ်ကို ရည်ညွှန်းသနည်း။ ကစ္စကို၏ခွာသံများကို မှန်မှန်ကြားနေရသော်လည်း သူ့စိတ်ကတော့ အိပ်မက်ဆီသို့ရောက်နေသည်။ စိတ် အားထက်သန်မှုသည် ရင်ထဲ၌ပြန်လည်ရှင်သန်လာနေသည်။ သူ၏အနာဂတ်သည် ဖြောင့်ဖြူးလိမ့်မည်ဟုပင် ထင်မိ၏။ သူ၏အဖြစ်သည် တိုင်းသူပြည်သားမရှိသော ဘုရင်တစ်ပါးနှင့်တူနေ၏။ အခုအတိုင်းဆိုလျှင် သူသည် အကန့်အသတ်ဟူ၍ လုံးဝ မရှိသောဘဝတစ်ခုအတွင်းသို့ ခြေချရလိမ့်မည်ထင်၏။

ယခုသူတွေ့နေရသည်များမှာ ကိုမင်ချီအင်ဒီးယန်းများဖြစ်သည်။ သူ့ဘဝ အတွက် အဆင်ပြေသည်ဟု ဆိုရပေလိမ့်မည်။ အကယ်၍ တီအိုဝပ်စ်အင်ဒီးယန်း များ သာဖြစ်နေပါမူကား သူ့အတွက် သက်သာစရာမရှိ။ တကယ်တော့ ကိုမင်ချီများ သည် သမိုင်းအစဉ်အလာကြီးသူများဖြစ်သည်။ လူအများက သူတို့ကို 'လွင်ပြင်များ၏ အရှင်သခင်များ' ဟုပင် အမည်ပေးထားကြသည် မဟုတ်ပါလား. . .။ သူ့အနေဖြင့် ကိုမင် ချီတစ်ယောက်ဖြစ်ရခြင်းသည် ဂုဏ်ယူစရာတစ်ခုဟုပင် ယူဆရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ ဝံပုလွေများနှင့်ကခုန်သူပဲဟေ့"ဟု ကျယ်လောင်စွာအော်လိုက်မိသည်။

❒

ထိုညက သူနှင့်ကစ္စကိုတို့ ရွာထဲသို့ရောက်သွားသည့်အခါ ခြေကန်ငှက်နှင့် လေဆံပင်တို့သည် အခြားလူများနှင့်အတူ မီးဖိုတစ်ဖိုဘေး၌ ဝိုင်းထိုင်နေကြသည်ကို တွေ့ရ၏။

လူဖြူစစ်သားအတွက် များစွာစိတ်ပူလျက်ရှိသော ခြေကန်ငှက်သည် လူဖြူစစ်သားအားရှာဖွေရန် ကင်းထောက်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့သည်၊ ထိုအဖွဲ့သည် ဘာသတင်းမှမရပဲ ပြန်ရောက်လာသည်၊ သို့သော်လည်း ခြေကန်ငှက်သည် သူ့စိတ်သူဖြေသည်၊ လူဖြူစစ်သားအနေဖြင့် ဘာမှမဖြစ်နိုင်ဟုပင် ယူဆသည်၊ သူသည် မဟာဝိညာဉ်တော်ကြီးအပေါ် ယုံကြည်မှုအပြည့်အဝရှိနေသူ မဟုတ်ပါလော၊

ထိုစဉ်က သူသည် လက်သီးနှင့်ရပ်သူ၏ မျက်နှာကိုကြည့်ကာ ဘဝင်မကျဖြစ်နေသည်၊ လက်သီးနှင့်ရပ်သူသည် အခြေပျက်နေသည်ဟုထင်၏၊ အထူးသဖြင့် ဝံပုလွေများနှင့်ကခုန်သူ ပျောက်ဆုံးနေသည်ဟုပြောလိုက်တိုင်း သူမသည် မျက်နှာပျက်နေတတ်၏၊ သူမသည် တစ်စုံတစ်ခုကို ဖုံးကွယ်ထားရန် အားထုတ်နေလေသလား. . . ၊

ဤကိစ္စမှာလည်း သူတတ်နိုင်သောကိစ္စမဟုတ်ဟု ခြေကန်ငှက်တဆုံးဖြတ်သည်၊ အကယ်၍ သူတို့နှစ်ဦးကြားတွင် အရေးကြီးသောပြဿနာတစ်ရပ်ဖြစ်ပွားခဲ့ပါမူ အချိန်ကျလျှင် ပေါ်လာလိမ့်မည်ဟု သူယူဆသည်။

ယင်းအခြေအနေတွင် ကစ္စကိုအားစီး၍ ရွာထဲသို့ဝင်လာသည့် ဗိုလ်ဒမ်ဘာအား မြင်လိုက်ရသည့်အခါ များစွာစိတ်သက်သာရာရသွားသည်၊ ဗိုလ်ဒမ်ဘာသည် ကစ္စကို၏ကျောပေါ်မှ ခုန်ဆင်းကာ မီးဖိုဆီသို့လျှောက်လာသည်၊ ထိုင်နေကြသူအားလုံးကို ကိုမင်ချီဘာသာစကားဖြင့် နှုတ်ဆက်သည်၊ အားလုံးကလည်း ဝမ်းဝမ်းတသာ ပြန်၍နှုတ်ဆက်ကြသည်၊ ဗိုလ်ဒမ်ဘာ၏ထံမှ ထူးခြားမှုတစ်ခုကြားရလိမ့်မည်ဟုမျှော်လင့်ကာ နားစွင့်နေကြသည်၊

ဗိုလ်ဒမ်ဘာသည် မြင်းဇက်ကြိုးကိုကိုင်၍ ရပ်နေသည်၊ စက္ကန့်အနည်းငယ်မျှကြာသောအခါ သူ၏အကြည့်သည် ခြေကန်ငှက်ဆီသို့ ရောက်သွားသည်၊ သူ့မျက်နှာထားသည် အေးဆေးတည်ငြိမ်လှ၏၊ သူသည် တစ်ချက်မျှပြုံးလိုက်သည်၊ ထိုကြည်မှုအပြည့်အဝပါသော အပြုံးဖြစ်၏၊ ထို့နောက် "ကျွန်တော်ဟာ ဝံပုလွေများနှင့်ကခုန်သူပါ"ဟု ကိုမင်ချီဘာသာစကားနှင့်ပြောသည်၊ ထို့နောက် ကစ္စကိုအားဆွဲ၍ ချောင်းဆီသို့ဆင်းသွားလေသည်၊

❒❒❒

[၂၄]

ဝက်ဝံကြီး၏ ပထမဆုံးကျင်းပခဲ့သည့် ကောင်စီအစည်းအဝေးသည် ဘာကို မှတိတိကျကျ မဆုံးဖြတ်နိုင်ခဲ့ချေ၊ သို့သော်လည်း ဒမ်ဘာပြန်ရောက်လာပြီးနောက်ရက်တွင်ကျင်းပသည့် အစည်းဝေးတွင်မူ ခိုင်မာသောညှိနှိုင်းမှုတစ်ခုကို ရရှိခဲ့သည်၊

ချက်ခြင်းထွက်ခွာသွားပြီး ပေါနီးအင်ဒီးယန်းများအား တိုက်ခိုက်လိုသည့် လူငယ်များအား ချက်ခြင်းထွက်ခွာခွင့်မပြု၊ သီတင်းတစ်ပတ်မျှ ကြိုတင်ပြင်ဆင်မှုများ လုပ်ကြရမည်ဟု ဆုံးဖြတ်ခဲ့သည်၊ ပြီးတော့ လူငယ်များ၏စစ်ပွဲတွင် အတွေ့အကြုံရှိသော စစ်သူရဲကြီးများကိုပါ ထည့်သွင်းရမည်ဟုလည်း သတ်မှတ်သည်၊

ထိုအဖွဲ့ကို လေဆံပင်ကခေါင်းဆောင်ရမည်ဖြစ်၍ ခြေကန်ငှက်က အကြံပေးအဖြစ် လိုက်ရမည်ဖြစ်သည်၊ ခြေကန်ငှက်၏တာဝန်များမှာ မဟာဝိညာဉ်တော်ကြီးနှင့်ညှိနှိုင်းပြီး စခန်းနေရာရွေးချယ်ခြင်း၊ တိုက်ပွဲဆင်နွှဲရမည့်အချိန် ရွေးချယ်သတ်မှတ်ပေးခြင်း၊ အများမမြင်နိုင်သော အတိတ်နိမိတ်များကိုလေ့လာသင် ပြခြင်းစသည်များဖြစ်၏၊ ထိုစစ်ဆင်ရေးအဖွဲ့သည် အဖွဲ့ဝင်ဦးရေမများသော အဖွဲ့ငယ်တစ်ဖွဲ့မျှသာ ဖြစ်ရမည်၊ အများဆုံးလူနှစ်ဆယ်မျှသာ ပါဝင်ရမည်ဖြစ်ပြီး တိုက်ခိုက်ရာ၌ လက်စားချေသည့်တိုက်ခိုက်မှုမျိုး မဖြစ်စေရ၊ ရန်သူထံမှပစ္စည်းများကို သိမ်းယူရေးကိုသာ အဓိကထားရမည်၊

ဤတိုက်ခိုက်ရေးအဖွဲ့အပေါ်တွင် လူများကစိတ်ဝင်စားနေကြသည်၊ ဤ

www.burmeseclassic.com



အဖွဲ့တွင် ပါဝင်ရမည့်လူငယ်အများစုမှာ ယခင်ကတစ်ကြိမ်မှ စစ်ထွက်ခဲ့ဖူးသူများမဟုတ်၊ စစ်သူရဲများအဖြစ်ဖြင့် ပထမဆုံးအကြိမ်စစ်ထွက်ရမည့် လူငယ်များဖြစ်သဖြင့် စိတ်ဝင်စားနေကြခြင်းဖြစ်၏။

ဗိုလ်ဒမ်ဘာကတော့ သူတွေ့ခဲ့ရသည့်တောင်ကြားအတွင်းမှ ရှေးဟောင်းလူများနေထိုင်သွားသည့် ဂူအပေါ်တွင်စိတ်ဝင်စားလျက်ရှိရာ မကြာခဏသွားရောက်လေ့လာလျက်ရှိ၏။ ဤသို့ဖြင့် သူသည် လက်သီးနှင့်ရပ်သူအား နေ့စဉ်တွေ့ဆုံခြင်းမပြုနိုင်တော့ပေ။ နောက်ဆုံးတွင် သူတို့နှစ်ယောက်၏ဘာသာစကားသင်ကြားမှုသည် ရပ်ဆိုင်းသွားခဲ့လေ၏။

ခြေကန်ငှက်မှာလည်း လူငယ်စစ်ဆင်ရေးအဖွဲ့အား လေ့ကျင့်သင်ကြားပေးသည့်လုပ်ငန်းအပေါ်တွင် အချိန်ပြည့်အာရုံစူးစိုက်နေရသဖြင့် အခြားလုပ်ငန်းများအပေါ်တွင် အာရုံမစူးစိုက်နိုင်တော့ပေ။ လက်သီးနှင့်ရပ်သူအဖို့ကတော့ ဝံပုလွေများနှင့်ကသူအားမဆုံရပဲ အေးအေးသာသာနေရသဖြင့် စိတ်ချမ်းသာလျက်ရှိလေသည်။

ဝံပုလွေများနှင့်ကခုန်သူမှာလည်း လူငယ်တိုက်ခိုက်ရေးအဖွဲ့၏ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအပေါ်တွင် ထူးထူးခြားခြားစိတ်ဝင်စားလျက်ရှိသည်ဖြစ်ရာ ခြေကန်ငှက်သွားရာနောက်သို့ တကောက်ကောက်လိုက်လျက်ရှိ၏။

ခြေကန်ငှက်သည် စခန်းတစ်ခုလုံးတွင် များစွာအရေးပါအရာရောက်လျက်ရှိသည်။ ဝံပုလွေများနှင့်ကခုန်သူမှာလည်း လေ့လာသူတစ်ဦးမျှသာဖြစ်သော်လည်း ခြေကန်ငှက်လောက်နီးပါးမျှပင် အရေးပါလျက်ရှိ၏။ သူသည် ကိုမင်ချီဘာသာစကားကို သွက်လက်စွာမပြောနိုင်သေးသော်လည်း အခြားလူများပြောသမျှကိုတော့ နားလည်သည်။

ဝံပုလွေများနှင့်ကခုန်သူသည် အစည်းအဝေးတိုင်းကို တက်ခွင့်ရခဲ့သည်ဖြစ်ရာ စစ်အဖွဲ့အတွက် ကြိုတင်ပြင်ဆင်မှုအားလုံးကို မြင်ရကြားရသည်။ ဤကာလအတွင်း သူသည် လေဆံပင်နှင့်လည်း အချိန်များများတွဲခွင့်ရခဲ့သည်။ လေဆံပင်သည် ပေါနီးများနှင့် မကြာခဏတိုက်ပွဲဝင်ခဲ့ဖူးသူဖြစ်၍ အလွန်အတွေ့အကြုံများသူဖြစ်သည်။ လူငယ်များအား သင်တန်းပို့ချပေးရာ၌ သူရင်ဆိုင်ခဲ့ရဖူးသည့် တိုက်ပွဲဇာတ်လမ်းများသည် များစွာစိတ်ဝင်စားဖို့ကောင်းလှ၏။

ဝံပုလွေများနှင့်ကခုန်သူသည် ဤသင်တန်းများ၌သင်ကြားနေသမျှကိုလေ့လာရင်း စစ်ပွဲ၌ပါဝင်တိုက်ခိုက်လိုသော ရောဂါအကူးစက်ခံရသည်။ ပထမကူးစက်စမှာတော့ ရောဂါကမကြီးသေး။ နောက်ဆုံးတွင်မူ ကိုမင်ချီတို့၏ရန်သူများအား သူကိုယ်တိုင်ပါဝင်တိုက်ခိုက်လိုသောအဆင့်ထိ ကြီးမားလာသည်။

သူသည် သူ့ဆန္ဒကိုထုတ်ဖော်နိုင်ရေးအတွက် အခါအခွင့်ကို စိတ်ရှည်ရှည်နှင့်စောင့်စားခဲ့သည်။ သူသည် အခွင့်အလမ်းအများကြီးရခဲ့သည်။ သို့သော်လည်း သူ့လျှာကလှုပ်မရသဖြင့် ပြောမထွက်ပဲဖြစ်ခဲ့ရသည်။ အကယ်၍ တစ်ဦးတစ်ယောက်က လိုက်ခွင့်မပြုနိုင်ဟု အပြောခံလိုက်ရလျှင် အရှက်သိက္ခာကင်းမဲ့သွားရမည့် အရေး



ကိုတွေးကြောက်နေသဖြင့် ပြောမထွက်ခြင်းဖြစ်၏။

ဤသို့ဖြင့် လူငယ်စစ်အဖွဲ့ခရီးမထွက်မီ နှစ်ရက်အလိုတွင် စခန်းနှင့်မနီးမဝေးသို့ စိုင်အုပ်ကြီးတစ်အုပ်ရောက်နေကြောင်း သတင်းရလာသည်။ ဝံပုလွေများနှင့်ကသူအပါအဝင် စစ်သူရဲအုပ်စုတစ်စုသည် မြင်းကိုယ်စီစီးကာ စိုင်များကိုပစ်ခတ်ရန် ထွက်လာခဲ့ကြသည်။ ယခင်ကအုပ်ကြီးအား ပစ်ခတ်ခဲ့စဉ်ကနည်းလမ်းအတိုင်းကျင့်သုံး၍ပစ်ခတ်ခဲ့ကြရာ စိုင်ကောင်ရေခြောက်ဆယ်ခန့် ရရှိခဲ့ကြလေ၏။

စိုင်များကို အောင်မြင်စွာတိုက်ခိုက်ခဲ့ခြင်းသည် မကြာခင်ပေါနီးများအားစစ်ပြုမည့်အဖွဲ့အတွက် အတိတ်နိမိတ်ကောင်းအဖြစ် ယူဆကြသည်။ ထို့ပြင်လည်း စစ်အဖွဲ့အနေဖြင့် သီတင်းပတ်ပေါင်းများစွာကြာသည့်အထိ ခရီးထွက်ရသည့်တိုင်အောင် မိမိတို့မိသားစုအတွက် အစာမလုံလောက်ဖြစ်မည်ကို စိုးရိမ်စရာမလိုတော့ပေ။ ဤသည်မှာလည်း သူတို့အတွက် ဝမ်းသာအားတက်စရာ အချက်တစ်ချက်ပင်ဖြစ်၏။

ထိုညက စခန်းတွင်း၌ အမဲလိုက်အောင်ပွဲအထိမ်းအမှတ်အဖြစ် ကပွဲတစ်ခုကျင်းပခဲ့ပြန်ရာ လူတိုင်းပင် တပျော်တပါးပါဝင်ဆင်နွှဲခဲ့ကြသည်။ ဝံပုလွေများနှင့်ကခုန်သူမှတစ်ပါး လူတိုင်းပင်ပါဝင်ခဲ့ကြ၏။ သူသည် ခပ်လှမ်းလှမ်းမှရပ်၍ ကပွဲကိုကြည့်ရင်း စိတ်မကောင်းဖြစ်လျက်ရှိသည်။ စစ်အဖွဲ့နှင့်အတူ မလိုက်ရပဲနေခဲ့ရမည့်အရေးကို တွေးမိတိုင်းစိတ်ထဲတွင် အခံရခက်လျက်ရှိသည်။

နောက်ဆုံးတွင် သူသည် လက်သီးနှင့်ရပ်သူ၏ဘေးနားတွင် ကျွမ်မိအောင်အားထုတ်သည်။ ကပွဲခေတ္တရပ်နားသည်နှင့်တစ်ပြိုင်နက် သူသည် လက်သီးနှင့်ရပ်သူ၏အနီးသို့သွားကာ "ငါ- ခြေကန်ငှက်နဲ့စကားပြောချင်တယ်"ဟု နှစ်ကိုယ်ကြားလေသံဖြင့် အသိပေးသည်။

"ဘာများဖြစ်လို့ပါလိမ့်"ဟု လက်သီးနှင့်ရပ်သူကတွေးသည်။ သူ့မျက်လုံးများကို စေ့စေ့စပ်စပ်ကြည့်၍အကဲခတ်သည်။ သို့သော်လည်း အဖြေမတွေ့။

"ဘယ်တော့လောက်တွေ့ချင်တာလဲ"

"အခု"

□

ဝံပုလွေများနှင့်ကခုန်သူသည် သူ၏စိတ်လှုပ်ရှားမှုကို မထိန်းနိုင်၊ သူ့အဖြစ်ကို လက်သီးနှင့်ရပ်သူရော၊ ခြေကန်ငှက်ပါသိမြင်ကြသည်။ ခြေကန်ငှက်၏ တဲထဲရောက်၍ ထိုင်မိကြသည့်အချိန်ထိ သူ့စိတ်သည် လှုပ်ရှားဆဲ. . .။

"ဘာပြောချင်သလဲ၊ ပြောပါ"ဟု ခြေကန်ငှက်က လက်သီးနှင့်ရပ်သူမှတဆင့်မေးသည်။

"ကျွန်တော်လိုက်ချင်တယ်"

"ဘယ်ကိုလဲ"ဟု သူမကမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေါ်နီးတွေကို သွားတိုက်တဲ့အဖွဲ့နဲ့ လိုက်ချင်တယ်"

လက်သီးနှင့်ရပ်သူက ခြေကန်ငှက်အားရှင်းပြသည့်အခါ ခြေကန်ငှက်၏ မျက်လုံးများသည် ပြူးသွားကြသည်။

"ခင်ဗျားက ဘာပြုလို့ ပေါ်နီးတွေကိုတိုက်ခိုက်ချင်နေတာလဲ"ဟု မေးသည်။ "သူတို့က ခင်ဗျားကိုဘာမှလုပ်ကြတာမှ မဟုတ်ပဲ"

ဝံပုလွေများနှင့်ကခုန်သူသည် အချိန်ယူ၍စဉ်းစားနေသည်။

"သူတို့ဟာ ကိုမင်ချီတွေရဲ့ရန်သူတွေပဲ"

ခြေကန်ငှက်သည် ထိုစကားကိုမကြိုက် "ဒီပွဲမှာ ကိုမင်ချီတွေသာလိုက်ခွင့် ရှိတယ်"ဟု ပြန်ပြောသည်။

"ကျွန်တော်ဟာ လူဖြူစစ်တပ်မှာ စစ်သည်တစ်ဦးဖြစ်လာခဲ့တာ နှစ်ပေါင်း အများကြီးကြာခဲ့ပါပြီ။ အခုစစ်ထွက်မဲ့ လူငယ်စစ်သည်တွေထက် ပိုပြီးအတွေ့အကြုံ ရင့်ကျက်ပါတယ်။ တချို့လူငယ်တွေဟာ အခုမှပထမဆုံးအကြိမ် တိုက်ပွဲဝင်ရမှာပါ"

"သူတို့ကို ကိုမင်ချီနည်းနဲ့ စစ်ပညာသင်ပေးထားတာပဲ"ဟု ခြေကန်ငှက်က လေအေးကလေးဖြင့် ပြန်ပြောသည်။ "ခင်ဗျားက ကိုမင်ချီနည်းနဲ့ စစ်ပညာသင်ခဲ့ရတဲ့လူမဟုတ်ဘူး။ လူဖြူစစ်တိုက်နည်းဟာ ကိုမင်ချီနည်းနဲ့မတူဘူး"

ဝံပုလွေများနှင့်ကခုန်သူသည် စိတ်မာတ်ကျသွားသည်။ စိတ်ထိခိုက်ခြင်း လည်းဖြစ်သည်။ ဤအချက်ကို သူမျက်နှာတွင်မြင်နေရ၏။ ခြေကန်ငှက်အဖို့ အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ သူသည် ဝံပုလွေများနှင့်ကခုန်သူအပေါ် အလွန်ချစ်ခင် လေးစားနေသူဖြစ်၏။ သူသည် ဤလူဖြူစစ်သားအတွက် တာဝန်ရှိသူဖြစ်ရုံမျှမက ဤလူဖြူစစ်သားအား အခြေတည်ကာ သူ့လူမျိုးများအတွက် ကောင်းကျိုးဖြစ်ထွ အောင်လုပ်မည်ဟု ရည်မှန်းထားသူဖြစ်သည်။ သူဉာဏ်မှီသလောက် စဉ်းစားလိုက် သည့်အခါ ယခုတိုက်ပွဲတွင် ဝံပုလွေများနှင့်ကခုန်သူကို ခေါ်သွားမည်ဆိုပါက မှား လိမ့်မည်ဟု သူထင်နေသည်။

ဤပြဿနာကို သူစဉ်းစားနေခိုက်မှာပင် လက်သီးနှင့်ရပ်သူမှတစ်ဆင့် စကားတစ်ခွန်းကြားရပြန်သည်။

"သူကပြောတယ်၊ ဒီကိစ္စကို ဝက်ဝံကြီးဆီသွားပြီး တင်ပြပေးပါတဲ့"

ခြေကန်ငှက်သည် မျှော်လင့်ချက်အပြည့်ဖြင့် သူ့အားကြည့်နေသော ဝံပု လွေများနှင့်ကခုန်သူ၏မျက်လုံးများကို ကြည့်နေသည်။

"အဲဒါတော့ ကျုပ်လုပ်ပေးပါမယ်"ဟု ပြန်ပြောသည်။

□

ထိုညတွင် ဝံပုလွေများနှင့်ကခုန်သူသည် လုံးဝအိပ်မပျော်၊ သူတို့၏ မနက်ဖြန်ကျမှ အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်၏။ မနက်ဖြန်အထိစောင့်နေရသည် မှာ စိတ်ပင်ပန်းလှချေသည်။ သူသည် ဆယ်မိနစ်ခန့်မျှ မှေးခနဲအိပ်ပျော်သွားပြီး



မိနစ်နှစ်ဆယ်မျှ မျက်စိကြောင်နေသည်။ တစ်ညလုံး ထိုပုံစံအတိုင်းဖြစ်နေခဲ့ရ၏၊ အရုဏ်မတက်မီ နာရီဝက်ခန့်အလိုတွင်မှ သူသည် ပြန်မအိပ်ပဲ မြစ်ဆိပ်သို့ဆင်းပြီး ရေချိုးသည်။

သူ့အတွက် အဖြေစကားကိုစောင့်စားနေရသည်မှာ စိတ်ပင်ပန်းလှချေ သည်။ ထိုအခိုက်မှာပင် လေဆံပင်ရောက်လာပြီး သူ့ကျွဲတစ်ကောင်နောက်သို့ ခြေရာ ကောက်ထွက်မည်ဖြစ်ရာ လိုက်ချင်လိုက်ခဲ့နိုင်ကြောင်းပြောသဖြင့် ချက်ခြင်းပင်ဝမ်း သာအားရ ထလိုက်လာခဲ့၏။ သူတို့သည် စခန်း၏အရှေ့ဘက်တစ်လွှားသို့ ခြေရာအ နံ့ရောက်ခဲ့ကြသည်။ စခန်းသို့ပြန်ရောက်သည့်အခါ မွန်းတိမ်းနေလေပြီ။

သူသည် ကစ္စကိုအား မြင်းအုပ်ဆီသို့ပို့ပေးရန် ပြုံးချို၏လက်သို့အပ်လိုက် ပြီး ခြေကန်ငှက်၏တဲထဲသို့ ဝင်ခဲ့သည်။

တဲထဲတွင် လူတစ်ယောက်မှမရှိ။

တစ်ဦးတစ်ယောက်ပြန်လာချိန်အထိ စောင့်မည်ဟု သူဆုံးဖြတ်ကာ တဲထဲ ၌ထိုင်နေသည်။ နောက်ဖေးဘက်မှ မိန်းမသံများကြားနေရ၏။ အလုပ်တစ်ခုခုလုပ် ရင်း စကားပြောကြသည့်အသံများဖြစ်သည်။ ဘာတွေများလုပ်နေကြပါလိမ့်ဟု တွေး သော်လည်းတွေး၍မရ။ သူသည် သိချင်စိတ်ကိုမျိုသိပ်၍မရတော့သဖြင့် အပြင်သို့ ထွက်ခဲ့သည်။

ခြေကန်ငှက်၏တဲနောက်တည့်တည့် ပန်းရုံနှင့်ကိုက်အနည်းငယ်မျှအကွာ တွင် လက်သီးနှင့်ရပ်သူကိုတွေ့သည်။ သူနှင့်အတူတူ တွဲအလုပ်လုပ်နေကြသူများ မှာ ခြေကန်ငှက်၏မယားများဖြစ်၏။ သူတို့သည် ဆောက်လုပ်ပြီးတဲကို လက်စသတ် နေကြသည်။

"ခြေကန်ငှက်ဘယ်သွားလဲ"ဟု သူကမေးသည်။

"ဝက်ဝံကြီးတဲမှာ"ဟု သူမက ပြန်ဖြေသည်။

"ငါသူ့ကို စောင့်နေတာ"ဟုပြောကာ၊ တဲဘက်သို့ပြန်သွားရန် ဟန်ပြင် သည်။ လက်သီးနှင့်ရပ်သူက သူ့ကိုမော့မကြည့်ပဲ၊ "ရှင်ဒီတဲထဲမှာ ဝင်ပြီးစောင့်ချင် လည်းစောင့်လို့ရတယ်"ဟု ပြန်ပြောသည်။

သူမသည် နားထင်တစ်ဖက်မှစီးကျနေသော ချွေးများကိုသုတ်လိုက်ပြီး သူ့ နှင့်မျက်နှာချင်းဆိုင်တွင် လာရပ်သည်။

"ဒီတဲဟာရှင့်အတွက် ကျွန်မတို့ဆောက်ထားတဲ့တဲပဲ"

□

ဝက်ဝံကြီးနှင့်ဆွေးနွေးပြောဆိုရသည်မှာ မကြာလိုက်၊ အဖိုးကြီးတွင် စိတ် ကောင်းဝင်နေချိန်ဖြစ်၍ စကားပြောလို့ကောင်းသည်။ အခုလိုပူနွေးသောနေ့ဆို ဆိုလျှင် သူ၏အရိုးအဆစ်များသည် ကိုက်ခဲနာကျင်ခြင်းမရှိ။ သူ့အဖို့ဘာဝေဒနာမှ မခံစားရချိန်ဖြစ်၍ နေထိုင်ရသည်မှာ အလွန်သက်တောင့်သက်သာရှိသည်။ ယခုလူ

www.burmeseclassic.com



ငယ်များသွားမည့် စစ်ပွဲနှင့်အတူ သူကိုယ်တိုင်မလိုက်နိုင်သော်လည်း သူမုန်းတီးသော ပေါ်နီးများကို အောင်မြင်စွာတိုက်ခိုက်နိုင်မည့် အတိတ်နိမိတ်ကောင်းများရှိနေသဖြင့် ဝမ်းသာရွှင်လန်းနေချိန်လည်းဖြစ်၏။ အခုအချိန်တွင် ကျွဲသားကလည်း ပေါပေါများများရှိနေချိန်ဖြစ်၍ သူမယားသုံးယောက်နှင့် မြေးအားလုံးပျော်မြူးနေချိန်လည်းဖြစ်ရာ သူ့အတွက် အဖက်ဖက်တွင် အဆင်ပြေလျက်ရှိလေသည်။

ခြေကန်ငှက်အဖို့ သူပြောရမည့်စကားအတွက် အကောင်းဆုံးအချိန်ဖြစ်နေသဖြင့် စိတ်ထဲကကြိတ်၍ဝမ်းသာနေသည်။ သူက ဝံပုလွေများနှင့်ကခုန်သူ၏ တောင်းခံချက်ကို ပြောပြသည့်အခါ ဝက်ဝံကြီးသည် ထုံပေပေမျက်နှာထားဖြင့် နားထောင်နေသည်။ ပြီးတော့ ဆေးအိုးထဲသို့ ဆေးတစ်ဆုံစာထပ်ထည့်သည်။

"မင်းက သူ့နှလုံးသားထဲမှာ ဘာရှိနေတယ်ဆိုတာ ငါ့ကိုပြောခဲ့ပြီးပြီ" ဟု အဖိုးကြီးက အသက်ရှူကျပ်နေသည့်လေသံဖြင့် ပြောသည်။ "မင်းနှလုံးသားထဲမှာတော့ ဘာရှိနေသလဲ"

ပြောပြောဆိုဆို သူ့လက်ထဲမှဆေးတံကို ခြေကန်ငှက်အား လှမ်းပေးသည်။

"ကျုပ်ရဲ့နှလုံးသားထဲမှာတော့ အဲဒီကိစ္စကို သူသိပ်ပြီးလုပ်ချင်နေတယ်လို့ နားလည်ထားတယ်။ သူ့အနေနဲ့ အဲဒီအလုပ်ကို လုပ်ချင်တဲ့ဆန္ဒအများကြီးဖြစ်နေတယ်။ သူဟာ စစ်သည်တစ်ယောက်ပါ။ ဒါပေမယ့် ကိုမင်ချီတစ်ယောက်တော့ မဟုတ်ဘူး။ လောလောဆယ်မှာတော့ သူဟာ ကိုမင်ချီတစ်ယောက်ဖြစ်လာဦးမှာ မဟုတ်သေးဘူးပေါ့"

ဝက်ဝံကြီးက ပြုံးသည်။

"မင်းဟာအမြဲတန်းစကားပြောကောင်းတယ် ခြေကန်ငှက်။ ပြီးတော့ မြင်ပုံလည်းကောင်းတယ်"

အဖိုးအိုသည် ဆေးတံကိုမီးထပ်ညှိပြီးနောက် တစ်ကြိမ်ထပ်မေးပြန်သည်။ "တဲ. . . ငါ့ကိုပြောပါဦး" ဟုပြောသည်။ "မင်းကတော့ ငါ့ဆီက ဘယ်လိုအကြံမျိုးကို လိုချင်နေသလဲ"

□

ပထမတော့ စိတ်ဓာတ်အကြီးအကျယ်ကျစရာဖြစ်သွားသည်။ သူ့အခင့်အတန်းသည် အများကြီးနိမ့်ကျသွားပြီဟုပင် ယူဆလိုက်မိ၏။ ပြီးတော့ စိတ်ထိခိုက်စရာလည်းကောင်းသည်။ ဝမ်းနည်းစရာလည်းကောင်းသည်။

ခြေကန်ငှက်နှင့် လက်သီးနှင့်ရပ်သူတို့ ထွက်သွားသည့်အခါ သူသည် သူ၏ အိမ်ထဲမှအိပ်ရာသစ်ပေါ်သို့ လှဲလိုက်သည်။ ထိုအခါကျတော့လည်း သူ့စိတ်သည် ချက်ခြင်းပင်ပြေသွားသည်။ ဘာ့ကြောင့် အခုလောက်မြန်မြန်ပြေသွား ရသနည်း။ ဘယ်လိုပဲဖြစ်ဖြစ် အခုချိန်တွင် စိတ်ထိခိုက်မှုသည် အနည်းငယ်မျှသာတွေ့



တော့သဖြင့် သူ့ကိုယ်သူ အံ့ဩမဆုံးဖြစ်နေသည်။

ခြေကန်ငှက်သည် သူပြောစရာရှိသမျှကိုပြောပြီး သူလုပ်စရာရှိသမျှတို တိကျသေသပ်စွာလုပ်သွားသည်။ သူသည် လက်သီးနှင့်ရပ်သူနှင့် သူ့ဇနီးတစ်ယောက်တို့အား အကျီရှည်ကြီးများကိုသယ်ယူခိုင်းပြီး ရောက်လာသည်။ သူတို့နှစ်ယောက်သည် အိပ်ရာကိုကျကျနနပြင်ဆင်ခင်းကျင်းအပြီးတွင် ခြေကန်ငှက်၏ဇနီး ကပြန်ထွက်သွားသည်၊ တဲထဲတွင် ခြေကန်ငှက်၊ လက်သီးနှင့်ရပ်သူ၊ ဝံပုလွေများ နှင့်ကခုန်သူတို့သုံးဦးထဲ ကျန်ရစ်ခဲ့သည်။ သူတို့သုံးဦးသည် တဲ၏အလယ်တွင် တစ်ယောက်နှင့် တစ်ယောက်မျက်နှာချင်းဆိုင်၍ ရပ်နေကြသည်။

ခြေကန်ငှက်သည် စစ်ထွက်မည့်အဖွဲ့အကြောင်းကို မပြော၊ ဝံပုလွေများ နှင့်ကခုန်သူအတွက် သူနှင့်ဝက်ဝံကြီးတို့၏ ဆုံးဖြတ်ချက်အကြောင်းကိုလည်းမပြော။

"ကျုပ်ခရီးထွက်နေတုန်းမှာ ခင်ဗျားဟာ လက်သီးနှင့်ရပ်သူနဲ့ ပြောစရာရှိတာပြောပါ၊ စကားပြောကြရင်လည်း ကျုပ်မိသားစုရှေ့မှောက်မှာပဲပြောကြပါ၊ ကျုပ်သွားနေတုန်းမှာ သူတို့က ခင်ဗျားရဲ့အကြောင်းသိသလို၊ သူတို့အကြောင်းကိုလည်း ခင်ဗျားသိစေချင်တယ်၊ ကျုပ်မရှိခိုက်မှာ ကျုပ်ရဲ့မိသားစုကို ခင်ဗျားက တာဝန်ယူ စောင့်ရှောက်တာလိုချင်တယ်၊ ကျုပ်အိမ်ထဲက မီးဖိုမှာထိုင်ပါ၊ ဆာရင်ကျုပ်အိမ်ထဲက အစား အစာတိုစားပါ"

မှာစရာရှိသမျှတို မှာကြားအပြီးတွင် နဖူးဆရာသည် ချက်ခြင်းပင်ထွက်ခွာသွားသည်။ လက်သီးနှင့်ရပ်သူပါ သူ့နောက်မှလိုက်ပါသွားသည်။ ဝံပုလွေများနှင့် ကခုန်သူ၏စိတ်ဓါတ်အင်အားသည် ပြန်တက်လာသည်။ ခြေကန်ငှက်၏မိသားစု သည် မိမိ၏ကာကွယ်စောင့်ရှောက်မှုအောက်သို့ ရောက်လာပေတော့မည်။ ထိုတာ ဝန်သည် ကြီးမားရုံမျှမက ဂုဏ်သိက္ခာမြင့်မားသော တာဝန်တစ်ရပ်ဖြစ်ချေသည်။ ဤတာဝန် ကိုယူရခြင်းသည် သူ့အတွက် အဆင့်အတန်းလည်းမြင့်မည်။ ပြီးတော့ လက်သီးနှင့်ရပ်သူကိုလည်း အမြဲတစေဆက်သွယ်ခွင့်ရနေမည်။

စစ်အဖွဲ့သည် ရက်အတော်ကြာကြာ ခရီးထွက်နေလိမ့်မည်ဖြစ်ရာ ဤရက်များအတွင်း ကိုမင်ချီဘာသာစကားကို သင်ယူဖို့အချိန်များစွာ ရပေလိမ့်မည်။ သူတကယ်တန်းကြိုးစားအားထုတ်မည်ဆိုပါက ခြေကန်ငှက်တို့ပြန်ရောက်လာချိန်တွင် သူသည် ကိုမင်ချီဘာသာစကားကို များစွာတတ်မြောက်နေပေလိမ့်မည်။

ဗုံတီးသံများကြားရသည်။ စစ်ထွက်ပွဲအထိမ်းအမှတ်ကပွဲ စပေတော့မည်။ ကပွဲကိုတော့ သူသွားချင်သည်။ သူတို့အကကို သူသဘောကျ၏။ သူသည် တဲတံခါးကိုဖွင့်ကာ အပြင်သို့ထွက်ခဲ့သည်။ တဲအတွင်းရှိမီးဖိုမှ မီးခိုးများသည် တလူလူလွင့်ကာ အပြင်သို့ထွက်လာနေသည်။ မီးခိုးနံ့သည် နှစ်သက်စရာကောင်းလှပါဘိသည်။

ထိုအခိုက်တွင် အတွေးတစ်ခုသည် သူ့ခေါင်းထဲသို့ဝင်လာသည်။ "ငါဒီမှာ မှာပဲနေသင့်တယ်" ဟု သူ့ကိုယ်သူပြောမိသည်။ သူသည် ဗုံသံများဆီသို့ထွက်ခွာခဲ့ လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွာလည်လမ်းမပေါ်အရောက်တွင် သူနှင့်ခင်မင်ရင်းနှီးနေသော စစ်သည်နှစ်ဦးနှင့်ဆုံမိသည်။ "ဒီညမကတော့ဖူးလား"ဟု သူ့အားမေးသည်။ "ဟာ. . ဘယ့်မကပဲနေမလဲ. . . သိမ့်ကိုကမှာပေါ့"ဟု ဝံပုလွေများနှင့်ကခုန်သူက ဖြေသည်။ စစ်သူရဲနှစ်ဦးက သူဖြေပုံကိုသဘောကျလွန်း၍ အားရပါးရရယ်ကြလေသည်။

❑❑❑

[၂၅]

စစ်အဖွဲ့ထွက်သွားသည်နှင့်တစ်ပြိုင်နက် ရွာသည် ပုံမှန်လည်ပတ်လှုပ်ရှားလျက်ရှိ၏။ မိုးလင်းမှမိုးချုပ်အထိ လူတိုင်းပင် ကိုယ့်အလုပ်နှင့်ကိုယ် အားလပ်ချိန်ဟူ၍မရှိ။ ဝံပုလွေများနှင့်ကခုန်သူသည် ကိုမင်ချီများနှင့်ရောကာ ကိုမင်ချီတစ်ယောက်သဖွယ် နေ့ထိုင်လှုပ်ရှားလျက်ရှိ၏။ သူ့အဖို့ မနှစ်သက်စရာဟူ၍မတွေ့၊ မြင်းစီးပြီးသည်လိုက်၊ အမဲထွက်လိုက်လိုက်၊ ကင်းထောက်ထွက်လိုက်နှင့် အချိန်ကုန်သည်။

ခြေကန်ငှက်၏မိသားစုသည် သူ့အား အိမ်ထောင်အကြီးအကဲသဖွယ် တရိုတသေတလေးတစား ဆက်ဆံသည်။ မိန်းမများသည် သူတို့တာဝန်များကို ကျေပွန်အောင်လုပ်ကြသည်။ လိုအပ်သည့်အရေးကိစ္စများပေါ်လာသည့်အခါ ဝံပုလွေများနှင့်ကခုန်သူထံ လာ၍ပြောပြကြသည်။ တိုင်ပင်ကြသည်။ ခိုင်းသည့်အတိုင်း လုပ်ဆောင်ကြသည်။ မိန်းများနှင့်ကလေးသူငယ်များ၏ နေ့စဉ်ကိစ္စအဝဝကို ကြီးကြပ်ပေးရသည့်တာဝန်သည် များလှချေသည်။ ဤကြားထဲမှ သူသည် သူ့အားလပ်ချိန်ကို သူ၏စိတ်သာယာပျော်ရွှင်မှုအတွက် အသုံးချသည်။

စစ်အဖွဲ့အားနှုတ်ဆက်ပွဲ သို့မဟုတ် ဂုဏ်ပြုပွဲအတွက် ကျင်းပခဲ့သည်ကပွဲတွင် ခြေကန်ငှက်က သူ့အားလေးတစ်လက်နှင့် မြားကျည်တောက်တစ်ဗူး လက်ဆောင်ပေးခဲ့၏။ ထိုလက်ဆောင်ကိုရခဲ့စဉ်က သူသည် များစွာဝမ်းသာခဲ့သည်။ စိတ်ထဲက တမြတ်တနိုးလည်းဖြစ်ခဲ့သည်။ သို့သော်လည်း ထိုလက်ဆောင်ကို အသုံးပြုဘတ်ဖို့ကျတော့ ရုတ်တရက်မလွယ်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လေးပစ်သင်ကြားပေးနိုင်မည့် ဆရာကိုရှာသည်၊ အသက်ကြီးကြီးစစ်သူရဲဟောင်း ကျောက်ဆင်ပေါက်လိုလူနှင့်တွေ့ရခြင်းသည် သူ့အတွက် ကံကောင်းသည်ဟုဆိုရမည်၊ ကျောက်ဆင်ပေါက်သည် သူ့အားလေးပစ်နည်းတို့ စနစ်တကျသင်ကြားပေးသည်၊ တစ်ပတ်မျှနီးကပ်စွာ နေလိုက်ရသည့်အခါ သူတို့နှစ်ယောက်သည် အလွန်ရင်းနှီးသူများအဖြစ်သို့ ရောက်သွားသည်၊ ဝံပုလွေများနှင့်ကခုန်သူသည် ကျောက်ဆင်ပေါက်၏တဲသို့ မှန်မှန်သွားရောက်လည်ပတ်လေ့ရှိလေသည်၊

သူသည် လေးမြားနှင့်အင်ဒီးယန်းတို့အသုံးပြုသော စစ်လက်နက်ပစ္စည်းကရိယာများ အသုံးပြုနည်းနှင့်လျှင်မြန်စွာပြင်ဆင်နည်းများကိုပါ ကျောက်ဆင်ပေါက်ထံမှ သင်ကြားခွင့်ရနေသည်၊ ထို့ပြင်လည်း အင်ဒီးယန်းတို့၏ အဓိကတေးသီချင်းများဆိုနည်းကိုပါ သင်ကြားခွင့်ရခဲ့၏၊ သစ်သားစလေးတစ်စဖြင့် မီးမွှေးနည်းနှင့်ကိုယ့်ရောဂါကိုကိုယ်ကုသဖို့အတွက် ကိုယ့်ဆေးကိုယ်ဖော်နည်းများကိုပါ သင်ကြားခွင့်ရခဲ့သည်၊

ထိုသင်ခန်းစာများကို သင်ကြားရာ၌ သူသည် သိလွယ်တတ်လွယ်လှသဖြင့် ကျောက်ဆင်ပေါက်က သူ့အား "ကိုမြင်" ဟု ပြောင်နောက်ပြီး နာမည်သစ်တစ်ခုပင် ပေးခဲ့သည်၊

ဤရက်များအတွင်းတွင် သူသည် အခြားအင်ဒီးယန်းယောက်ျားများကဲ့သို့ ဝင် နေ့စဉ်နာရီအနည်းငယ်မျှ ကင်းထောက်ထွက်သည်၊ တစ်ခါတရံတွင် သူသည် အခြားအင်ဒီးယန်းသုံးလေးယောက်နှင့် တွဲ၍ထွက်သည်၊ အချိန်မကြာမီမှာပင် သူသည် အင်ဒီးယန်းတစ်ယောက်၏ ဘဝအခြေခံလိုအပ်ချက်များကို သူတတ်သိနားလည်လာသည်၊ ခြေရာများကိုကြည့်၍ ဘာခြေရာ၊ ဘယ်နှစ်ရက်အကြာကရှိခဲ့သည့် ခြေရာ စသည်များကိုလည်း ဖတ်လာနိုင်ရုံမျှမက ရာသီဥတုအခြေအနေများကိုပင် မလွဲအောင် မှန်းဆလာနိုင်ခဲ့လေ၏၊

ကျွဲများသည်လည်း ရောက်သည့်အခါရောက်လာပြီး ပျောက်သည့်အခါ လုံးဝပျောက်ကွယ်သွားတတ်သည်၊ တချို့ရက်များတွင် ကျွဲဟူ၍တစ်ကောင်တစ်မြီးမှပင် မမြင်ရ၊ နောက်ရက်များကျတော့ အုပ်လိုက်သင်းလိုက်ထောင်ပေါင်းများစွာ ရှိလာတတ်၏၊

အင်ဒီးယန်းတို့၏ ကင်းထောက်လုပ်ငန်းသည် လတ်ဆတ်သော အမဲသား ရရှိရေးနှင့် ရန်သူများရှိမရှိ အချိန်မီသိရှိနိုင်ရေးတို့အတွက် များစွာအထောက်အကူ ဖြစ်သည်ကို သူတွေ့ရ၏၊ နောက်တစ်ခုထူးခြားချက်မှာ သူ့စိတ်သည် သူ့တဲအပေါ် သံယောဇဉ်တွယ်တာမိခြင်းဖြစ်၏၊ အလွန်နေပူပြင်းလှသောနေ့များတွင် သူ့တဲ၏အရိပ်အာဝါသသည် အေးမြလှ၏၊ ရွာထဲတွင် ဘာတွေပဲဖြစ်နေ ဖြစ်နေ တဲထဲမှာတော့ ငြိမ်းချမ်းသာယာလျက်ရှိသည်၊ ထိုအရသာကို သူမခံစားပဲမနေနိုင်၊ ထို့ကြောင့်လည်း တဲထဲ၌နေထိုင်ရသည့် အချိန်ကာလသည် သူ့အမြတ်နိုးဆုံးသော အချိန်ကာ



လတစ်ခုဖြစ်လာခဲ့လေသည်၊

❑

မည်သို့ပင်ဖြစ်စေ မကြာမီမှာပင် သူ့ဘဝ၏မျက်နှာစာတစ်ပိုင်းသည် အခြားအရာအားလုံးအပေါ် လွှမ်းမိုးသွားခဲ့၏၊ ထိုမျက်နှာစာမှာ တခြားမဟုတ် လက်သီးနှင့်ရပ်သူနှင့် ဆက်ဆံနေရသည့်မျက်နှာစာပင်ဖြစ်ပေသည်၊

သူတို့နှစ်ယောက်၏ စကားပြောသင်ကြားမှုလုပ်ငန်းကို နောက်တစ်ကြိမ် ပြန်၍စကြသည်၊ ခြေကန်ငှက်မိသားစု၏ မျက်မှောက်၌ဖြစ်၏၊ ခြေကန်ငှက်တစ်ယောက် အိမ်၌မရှိသော်လည်း သူညွှန်ကြားခဲ့သည့်အတိုင်း မပျက်မကွက်လိုက်နာ လုပ်ဆောင်ကြသည်၊

သင်ကြားမှုစတင်ခဲ့သည့် ပထမရက်များအတွင်းတွင် လက်သီးနှင့်ရပ်သူဘက်မှ ဆက်ဆံရေးသည် တစ်မျိုးတစ်ဖုံထူးခြားနေသည်၊ သူမသည် ဝံပုလွေများနှင့် ကခုန်သူအား ခပ်ခွာခွာဆက်ဆံသည်၊ အနေအထိုင်မှအစ ခပ်ဝေးဝေးထိုင်သည်၊ သူမ၏အပြုအမူကို သတိထားမိသော ဝံပုလွေများနှင့်ကခုန်သူကလည်း စိတ်ရှည်စွာဖြင့် သည်းခံ၍ဆက်ဆံသည်၊ မကြာသေးခင်က သူ့အလိုအလျောက် ပျက်စီးသွားခဲ့သောဆက်ဆံမှု ပြန်လည်တည်ဆောက်နိုင်မှုကိုသာ သူအဓိကထားလေသည်၊

တဲအတွင်း၌ တစ်မနက်ခင်းလုံးထိုင်၍ အပြန်အလှန်စကားသင်ကြားရသည်မှာမလွယ်၊ မိသားစုအရေးကိစ္စများက မကြာခဏကြားဖြတ်ဝင်လာတတ်သည်၊ ပြီးတော့ သူသင်ယူလိုသည့် စကားလုံးများမှာ အများအားဖြင့် တဲ၏အပြင်ဘက်၌ အများအပြားရှိနေသည် မဟုတ်ပါလား. . .၊

တစ်နေ့သော မွန်းလွဲပိုင်းတွင်မူ "မြက်ပင်"ဟူသော ကိုမင့်ချီစကားလုံးအတွက် လက်သီးနှင့်ရပ်သူသည် အင်္ဂလိပ်စကားလုံးကို မမှတ်မိသဖြင့် အခက်အခဲဖြစ်နေသည်၊ ဤတွင် သူမသည် သူ့အား တဲအပြင်သို့ခေါ်သွားသည်၊ ဤသို့ဖြင့် အပြင်လောကမှအရာဝတ္ထုပစ္စည်းများ အခေါ်အဝေါ်ကို လက်တွေ့ပြသသင်ကြားခြင်းပြုခဲ့သည်၊ ထိုနေ့က သူတို့သည် အပြင်ဘက်တွင် တစ်နာရီကျော်မျှကြာခဲ့ကြလေသည်၊

ထိုနေ့မှစ၍ နောက်ရက်များတွင်လည်း သူတို့နှစ်ယောက်သည် အပြင်ဘက်ရွာထဲတွင် အတူတွဲ၍လျှောက်ကာ စကားပြောသင်လေ့ရှိရာ ရွာထဲမှလူများအဖို့ မထူးဆန်းတော့သည့် မြင်ကွင်းတစ်ခုဖြစ်လာသည်၊ ဝံပုလွေများနှင့်ကခုန်သူအဖို့လည်း "အရိုး၊ တံခါးရွက်၊ နေ၊ ခွာ၊ ရေနွေးအိုး၊ ခွေး၊ ထုတ်၊ ကောင်းကင်၊ ကလေးဆံပင်၊ ဝတ်လုံ၊ မျက်နှာ၊ အဝေးကြီး၊ အနီးကပ်လေး၊ ဒီမှာ၊ ဟိုမှာ"စသည့်စကားလုံးပေါင်း အမြောက်အများကို ရရှိလာခဲ့လေသည်၊

ဘာသာစကားသင်ကြားမှုသည် စကားလုံးများမှတစ်ဆင့် ဝါကျပြုလုပ်နိုင်သော အဆင့်သို့တိုးတက်လာသည်၊ သို့သော်လည်း စတင်သင်ကြားစ၌ ရင်ဆိုင်ရတတ်သူတို့၏ထုံးစံအတိုင်း အလွဲလွဲအမှားမှားတွေကို ထပ်တလဲလဲပြုမိသည်၊

www.burmeseclassic.com

www.burmeseclassic.com



"ပရေးရှိးမြက်ခင်းပေါ်မှာ မီးတွေပေါက်လာတယ်"

"ကျွန်တော်ရေကို စားချင်တယ်"

"ဒီလူဟာ အရိုးတစ်ချောင်းပဲ"

ထိုအမှားများကို ထပ်တလဲလဲမှားပြီးသည့်နောက်ပိုင်းတွင်မူ အမှန်များ ရလာသည်။ အမှားများပြောမိ၍ သူမရှက်၊ စိတ်ဓာတ်မကျ၊ သူမှားပြီးပြောလိုက်သည့် အခါများတွင် ဘေးလူများအတွက် ရယ်စရာဟာသတစ်ခုဖြစ်သွားသလို သူ့အတွက် လည်း ကြည်နူးစရာဟာသတစ်ခုပင် ဖြစ်သွားသည်။ ဤသို့ဖြင့်ပင် သူသည် ကို ချီစကားကို မှန်အောင်ပြောတတ်လာသည့်အထိ သိသာစွာတိုးတက်လာခဲ့လေသည်။

သူတို့တဲအတွင်း၌ အနေနည်းလာခဲ့သည်။ အပြင်ဘက်၌ သွားလာ ရှားသင်ကြားရခြင်းသည် ပို၍လွတ်လပ်သဖြင့် အပြင်၌သာအနေများလာခဲ့၏။ ရွာလုံးမှာလည်း အေးချမ်းငြိမ်ဆိတ်နေသည်ကများသဖြင့် သူတို့အဖို့ နေရထိုင်ရ မှာ စိတ်ချမ်းသာစရာကောင်းနေသည်။

ရွာထဲမှလူတိုင်းသည် ပေါ်နီးနယ်မြေတွင်းသို့ စစ်ထွက်သွားသည့်အဖွဲ့ တွက် သောကမကင်းဖြစ်နေကြသည်။ ဆွေမျိုးညာတိမိသားစုများနှင့် မိတ်ဆွေ ပေါင်းအသင်းများသည် နေ့စဉ်နှင့်အမျှ စစ်ထွက်သွားသူများ ဘေးရန်ကင်းရှင်း ဆုတောင်းသမှုပြုကြသည်။ ကျန်အချိန်မှ ...ိုင်းလိုလို ကိုယ့်အလုပ် နှင့်ကိုယ် အလုပ်ရှုပ်နေကြသဖြင့် လူဖြူအင်ဒီးယန်းစုံတွဲအပေါ်တွင် အာရုံသိပ် မစူးစိုက်နိုင်ကြ။

တစ်နေ့ တစ်နေ့လျှင် သူတို့နှစ်ယောက်သည် အနည်းဆုံးသုံးနာရီ လေးနာရီကြာမျှ အတူတူသွားလာနေထိုင်ခွင့်ကို ရနေကြသည်။ သူတို့သည် တစ် ယောက်ကိုတစ်ယောက် ထိကြကိုင်ကြခြင်းမရှိ။ တစ်ယောက်အကြောင်း တစ် ယောက်ပြောကြဆိုကြခြင်းမရှိ။ ရယ်စရာရှိလာလျှင် အတူတူရယ်ကြသော်လည်း တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်ရှိနေကြသည့် ရင်တွင်းခံစားမှုတွေကျတော့ ဖော် ဖော်ခြင်းမပြုကြ။ လက်သီးနှင့်ရပ်သူသည် သူမ၏ရင်တွင်းခံစားမှုများကို သတိ ထိန်းချုပ်ထားသည်။ ဝံပုလွေများနှင့်ကခုန်သူကလည်း ထိုထိန်းချုပ်မှုကို လေးစား သူကိုယ်သူစောင့်ထိန်းသည်။

□

စစ်အဖွဲ့ထွက်သွားပြီးနောက် နှစ်ပတ်အကြာတွင်မူ နက်ရှိုင်းစွာစဉ်းစား မည့် ပြောင်းလဲမှုတစ်ခုဖြစ်ပေါ်လာသည်။ ထိုနေ့က မွန်းလွဲပိုင်းနေအတော်စောင်း ချိန်တွင်ဖြစ်သည်။ နေပူရှိန်က မလျော့သေး။ ဝံပုလွေများနှင့်ကခုန်သူသည် မြေ ငှက်၏တဲဆီသို့ ပင်ပန်းနွမ်းနယ်စွာဖြင့် ပြန်ရောက်လာသည်။

အိမ်ထဲတွင် လူတစ်ယောက်မှမရှိ။ မိသားစုတစ်စုလုံး မြစ် ဘက်သို့သွား ကြသည်ဟု သူယူဆသည်။ သူသည် မြစ်ဆိပ်အထိလိုက်သွားသည်။ အားလုံးရေ



နေကြသည်ကို တွေ့ရသော်လည်း လက်သီးနှင့်ရပ်သူကိုမူ မမြင်ရပေ။ ကလေးများ က သူ့အား ရေနှင့်ဝိုင်းပက်ကြသည်ကိုပင် ဂရုမစိုက်နိုင်၊ မြစ်ဆိပ်မှပြန် တက်တာ ရွာဘက်သို့ပြန်လျှောက်ခဲ့၏။

နေသည် အဆမတန်ပူပြင်းဆဲဖြစ်သည်။ သူသည် တဲနောက်ဖက်ရှိ ပန်းရုံ တဲအတွင်းသို့ဝင်ခဲ့သည်။ တဲထဲတွင် လက်သီးနှင့်ရပ်သူသည် ထိုင်လျက်ရှိ၏။ သူသည် ထုံးစံအတိုင်း ခပ်လှမ်းလှမ်းတစ်နေရာ၌ ဝင်ထိုင်ကာ လှမ်း၍နှုတ်ဆက် သည်။

"နေကသိပ်ပူတယ်. . . နော်"ဟု သူမက ပြောသည်။

"ဟုတ်တယ်၊ သိပ်ပူတယ်"ဟု သူက အလိုက်သင့်ပြန်ပြောသည်။ အတန် ကြာမျှ နှစ်ယောက်သားစကားမပြောဖြစ်ကြပဲ ငြိမ်ဆိတ်နေကြသည်။ သူမ၏စိတ်ထဲ တွင် ဘာတွေဖြစ်နေသည်ကို သူမသိ။ သူ့စိတ်ထဲတွင်မူ သူ့ရင်ထဲ၌ မျိုသိပ်ထားနေရ သောခံစားမှုများကို ပြောပြချင်စိတ်ဖြစ်နေမိ၏။

သူသည် ဤခံစားမှုများကို ဖုံးကွယ်မထားချင်၊ လောလောဆယ်တွင် စိတ် ရှုပ်နေရကြောင်းကို စကားစသည်။ သူဤရွာ၌လာနေရသည့်အတွက် ဝမ်းသာ ကြောင်း၊ ကိုယ်ပိုင်တဲကလေးတစ်လုံးနှင့်နေရသည့်အခါ ပို၍ပင်ပျော်ရွှင်မိ ကြောင်း၊အင်ဒီးယန်းများ...ကျည်ကာကို ပိုင်ဆိုင်ရသည့်အတွက်လည်း သူများ စွာ ဝမ်းသာဂုဏ်ယူ...ည်များကို တစ်ခုချင်းစီရှင်းပြသည်။ ကျည်ကာ အရိုးအကျီကိုယူ၍ သူပါးနှင့်ကပ်ပြသည်။ "ငါတော့ ဒီကျည်ကာကို သိတ်ချစ်တယ်" ဟုလည်း ပြောမိသည်။

ထို့နောက်တွင်မူ သူ့ခံစားမှုများကို ရင်ဖွင့်လာသည်။ "ဒါပေမယ့် ငါ့မှာတ ပြဿနာရှိနေတယ်။ ငါက လူဖြူ ပြီးတော့. . . ခက်တာက စစ်သား. . .။ အခုလို ဒီရွာမှာလာနေတာဟာ မှန်သလား၊ ကောင်းသလား၊ မိုက်မဲတာလား. . .၊ ငါမဆုံး ဖြတ်နိုင်ဘူး"ဟု ပြောသည်။

"အဲဒါကျတော့ ကျွန်မလည်းမပြောတတ်ဘူး"ဟု သူမကဖြေသည်။

"ငါ့အနေနဲ့ ဘယ်သွားနေရမှန်းလည်း မသိဘူး"ဟု သူက စိတ်ထိခိုက်သံ ဖြင့် ပြောသည်။ "အဲဒီနေရာဟာ ဘယ်နေရာမျိုးဖြစ်သင့်တယ်ဆိုတာလည်း ငါမသိ ဘူး"

သူမသည် မျက်နှာကို တံခါးပေါက်ဖက်သို့လှည့်ကာ အပြင်သို့ငေးကြည့် နေသည်။ "ရှင်ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်မသိပါတယ်"ဟုပြောသည်။

တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။ သူမသည် အပြင်သို့မျှော်ကြည့်ကာ အတွေးရေယာဉ်ကြောတွင် နစ်မျောနေဟန်ရှိ၏။

"ငါက. . . ဒီမှာပဲနေချင်တယ်"

သူမက ဖျတ်ခနဲလှည့်ကြည့်သည်။ သူမ၏မျက်လုံးအစုံသည် အံ့အားသင့် ဟန်ဖြင့် ပြူးနေသည်။ ပြီးတော့ အရောင်တလက်လက်ထွက်လာသည်။ သူ့စိတ်ထဲ၌

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုခံစားနေရသည်ကို နားလည်ဟန်လည်းပြနေသည်။

သူမသည် ဖျတ်ခနဲဦးခေါင်းကိုငုံ့လိုက်ပြီး ချက်ခြင်းပင်ပြန်မော့ကြည့်သည်။ မျက်လုံးများတွင် စိတ်အားတက်ကြွရွှင်သန်မှုများကို ပေါ်ပြနေကြသည်။ ယောက်ျားအနည်းငယ်မျှသာလျှင် သိနားလည်နိုင်သည့်အလှကို ပြတ်ပြတ်ထင်ထင် ပြနေရသည်။

ထိုအလှကိုမြင်လိုက်သည့် အချိန်မှာပင် သူသည် သူမအပေါ်တွင် မေတ္တာသတ်ဝင်ချစ်ခင်စိတ်ဖြစ်ပေါ်လာသည်။ သူမဖက်ကတော့ စောစောကတည်းက မေတ္တာသက်ဝင်ချစ်ခင်တွယ်တာစိတ် ပေါ်ပေါက်တည်ရှိသွားခဲ့ပြီးပြီ။ သူမအဖို့တော့ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်လာခြင်းဖြစ်၏။

သူတို့သည် နောက်ထပ်စကားတွေပြောကြသေးသော်လည်း တစ်ယောက်ကတစ်ယောက်အပေါ် ခံစားထားရှိနေသည့်အချက်ကိုမူ ဖွင့်မပြောဝံ့ကြ။ ထိုအခိုက် တွင် ခြေကန်ငှက်၏သားငယ်လေးတစ်ယောက် ဝင်လာသည်။ သူတို့အား ဘာလုပ်နေ ကြတာလဲဟု မေးသည်။

လက်သီးနှင့်ရပ်သူက "အပြင်မှာ ပူလွန်းလို့ အရိပ်ထဲဝင်ထိုင်နေကြတာ" ဟု ပြန်ဖြေသည်။ ကလေးငယ်သည် ဝံပုလွေများနှင့်ကခုန်သူ၏ ရင်ခွင်တွင်ဝင်ထိုင်ကာ ဆော့နေသည်။ ထို့နောက် လက်သီးနှင့်ရပ်သူအားမော့ကြည့်ပြီး သူဆာသည်ဟု ပြောသည်။

"ကောင်းပြီ၊ ဆာရင်ကျွေးမယ်"ဟု ပြောကာ ကလေးငယ်၏လက်ကိုဆွဲ၍ ခေါ်သွားပြီး ဝံပုလွေများနှင့်ကသူအား လှမ်းကြည့်သည်။

"ရှင်ကော စားတော့မလား"

"စားမယ်. . ၊ ဆာနေပြီ"

သူတို့သည် ပန်းရုံအတွင်းမှထွက်ကာ ခြေကန်ငှက်၏တဲဖက်သို့ ကူးလာခဲ့ကြလေသည်။

❒

နောက်တစ်နေ့နံနက်တွင် ဝံပုလွေများနှင့်ကခုန်သူသည် ကျောက်ဆင်ပေါက်တဲသို့ စောစောစီးစီးရောက်လာသည်။ ရောက်လျှင်ရောက်ချင်း ကျောက်ဆင်ပေါက်က နံနက်စာကျွေးသည်။ စားသောက်အပြီးတွင် နှစ်ယောက်သား အပြင်သို့ ထွက်လာခဲ့ကြသည်။ ကျောက်ဆင်ပေါက်သည် မိုးမခသားမြေးများကိုလုပ်ရင်းက ဝံပုလွေများနှင့်ကခုန်သူနှင့် စကားပြောသည်။ စကားပြောရသည်မှာ ကောင်းလှ၏။ လက်သီးနှင့်ရပ်သူမှလွဲလျှင် စကားပြောဖို့အကောင်းဆုံးလူမှာ ကျောက်ဆင်ပေါက်ပင် ဖြစ်လေသည်။

ကျောက်ဆင်ပေါက်ကလည်း ဝံပုလွေများနှင့်ကခုန်သူအား အလွန်သဘောကျသည်။ သူတို့လူမျိုးများကြားတွင် ဤလူသည် လူစိမ်းဖြစ်သည်။ သို့သော်



လည်း ခင်စရာကောင်းသည်ဟုထင်သည်။ ကိုမင်ချီစကားကိုလည်း အတော်ကြီးပြောတတ်နေပြီဖြစ်၍ စကားပြောရသည်မှာ များစွာအဆင်ပြေသည်။

ကျောက်ဆင်ပေါက်သည် ဝံပုလွေများနှင့်ကခုန်သူ၏ အရိပ်အကဲတို့ မြင်ရုံမျှ ဖြင့် ပြောစရာစကားရှိနေမှန်းရိပ်မိသည်။ သူပြောမည့်စကားကိုလည်း မိမိစိတ်ထဲက သိသလိုလိုဖြစ်နေသည်။ သို့သော်လည်း သူကတော့စ၍မမေး။ သူတို့သည် စကားစမြည်ပြောရင်း ပြောရင်းနှင့် လက်သီးနှင့်ရပ်သူအကြောင်းကို စကားစပ်မိလာကြသည်။ ထိုအခါတွင် ဝံပုလွေများနှင့်ကခုန်သူက အမှတ်တမဲ့မေးသည့် အနေဖြင့် မေးခွန်းတစ်ခုမေးသည်။

"လက်သီးနှင့်ရပ်သူမှာ အိမ်ထောင်ရှိသလား"

"ရှိတယ်"

ထိုအဖြေသည် သူ့အဖို့အဆိုးဆုံးသော သတင်းဖြစ်ချေသည်။ သူသည် အတန်ကြာမျှ နှုတ်ဆိတ်နေသည်။

"အခု သူ့ယောက်ျားဘယ်မှာလဲ၊ ကျွန်တော် မတွေ့ဖူးဘူး"

"သူ့ယောက်ျားသေသွားပြီ"

သူလုံးဝမတွေးထင်ခဲ့ဖူးသည့် အဖြေဖြစ်နေသည်။

"ဘယ်တုန်းကသေတာလဲ"

ကျောက်ဆင်ပေါက်က မြားတန်ကိုဖြောင့်နေရာမှ မော့ကြည့်သည်။

"သေတဲ့လူအကြောင်းပြောတာဟာ ရိုင်းတယ်လို့ယူဆကြတယ်"ဟု သူတို့ ကိုမင်ချီလူမျိုးထုံးတမ်းဓလေ့ကို ပြောပြသည်။ "ဒါပေမယ့် ခင်ဗျားကလူစိမ်းမို့ ပြောပြရမှာပဲ၊ နွေဦးပေါက်ရာသီ ချယ်ရီတွေပွင့်တဲ့လမှာပေါ့၊ အဲဒီအချိန်မှာ သူ့ယောက်ျားဟာ တိုက်ပွဲကျသွားခဲ့တယ်၊ ခင်ဗျား သူ့ကိုတွေ့လို့ခေါ်လာတဲ့နေ့ဟာ ဝမ်းနည်းကြေကွဲခြင်းအထိမ်းအမှတ်ကို သူလုပ်နေတဲ့နေ့ပဲ"

ဝံပုလွေများနှင့်ကခုန်သူသည် နောက်ထပ်ဘာမေးရမှန်းမသိ ဖြစ်သွားသည်။ သို့သော်လည်း ကျောက်ဆင်ပေါက်သည် ထိုကိစ္စနှင့်ဆက်စပ်ပတ်သက်နေသည်များကို ဆက်လက်ပြောပြသည်။ သေသူ၏အဆင့်အတန်းမှာ မနိမ့်ကြောင်း၊ ထိုလူနှင့် ကလေးတစ်ယောက်မှ မကျန်ရစ်ခဲ့ကြောင်း စသည်များဖြစ်၏။

ဝံပုလွေများနှင့်ကခုန်သူသည် သူကြားသိရသည့်သတင်းစကားများအတွက် ကျောက်ဆင်ပေါက်အား ကျေးဇူးတင်စကားပြောကာ ပြန်လာခဲ့၏။

ကျောက်ဆင်ပေါက်သည် ဖြုန်းခနဲနှုတ်ဆက်ပြီးပြန်သွားသော ဝံပုလွေများနှင့်ကခုန်သူကိုကြည့်ကာ တအံ့တသြဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ ဤလူနှစ်ဦးကြားတွင် တစ်ခုခုတော့ ဖြစ်နေပြီဟု သူတို့ခန့်မှန်းသည်။ ဘာရယ်လို့တော့ အတိအကျမသိ၊ အကယ်၍သိပါကလည်း ဤကိစ္စသည် သူ့ကိစ္စမဟုတ်၍ သူနှင့်မဆိုင်၊ သူ့အလုပ်မဟုတ်ဟု အပိုင်အနိုင်ဆုံးဖြတ်သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေများနှင့်ကခုန်သူသည် နောက်ကျိုရှုတ်ထွေးနေသော သူဦးနှောက်ကို ဆေးကြောရန်အတွက် လုပ်စရာနည်းလမ်းတစ်လမ်းသာ ရှာလို့ရသည်။ သူသည် မြင်းအုပ်ဆီသို့သွားကာ ကစ္စကိုအားစီး၍ ရွာပြင်သို့ထွက်လာခဲ့၏။ လက်သီးနှင့်ရပ်သူသည် ခြေကန်ငှက်၏တဲမှနေ၍ သူ့အားစောင့်မျှော်နေလိမ့်မည်ဟု သူသိသည်။ သို့သော်လည်း သူမနှင့်သူ မျက်နှာချင်းမဆိုင်လို၊ သူကြားခဲ့ရသော သတင်းများအတွက် သူ့စိတ်သည် အလွန်အမင်းနောက်ကျိုနေသည် မဟုတ်ပါလား။

သူသည် မြစ်ဘေးအတိုင်း ကစ္စကိုအားနှင်လာခဲ့သည်။ မြစ်၏အောက်ဖက် တစ်မိုင်နှစ်မိုင်ခန့်သို့ ရောက်သည့်အခါ ဆက်ဂျ်ဝစ်ခံတပ်ဆီသို့ သွားရန်ဆုံးဖြတ်လိုက်သည်။ တကယ်တော့လည်း သူခံတပ်သို့မရောက်သည်မှာ သီတင်းနှစ်ပတ်နီးပါးမျှရှိခဲ့ပြီ၊ သူ့အတွင်းစိတ်က သူ့အား တာဝန်မဲ့သည်ဟု စွပ်စွဲနေပြီ။

အဝေးမှနေ၍ကြည့်ရှုမှုဖြင့် သူ့အဖိတဲသည် နွေမုန်တိုင်းဒဏ်ကြောင့် ပြိုကျ ပျက်စီးနေသည်ကို မြင်နေရ၏။ ထူထားသည့်တိုင်အားလုံးမှာ တုံးလုံးပက်လက်ဖြစ်နေကြသည်။ အမိုးတာလပတ်သည် လေတွင်တဖြတ်ဖြတ်လွင့်ကာ တဲနံရံတို့ထံ ဖြန်းဖြန်းရိုက်ခတ်နေသည်။

လက်ဖြူသည် ထုံးစံအတိုင်း ကမ်းပါးအနီး၌ထိုင်ကာ သူ့အားကြည့်နေသည်။ သူသည် ရွာမှယူလာခဲ့သည့် အသားတစ်စကို လက်ဖြူထံပစ်ပေးသည်။ လက်ဖြူကဆာဟန်မတူ၊ သူပစ်ပေးလိုက်သည့်အသားစကို လုံးဝမစား။

ရိုက်ခွာဂိုဒေါင်ထဲတွင် ကြွက်တွေသောင်းကျန်းနေသည်ကို တွေ့ရ၏။ သူထားခဲ့သည့် ဂျုံအိတ်မှာ အပေါက်တွေဗလပွနှင့်ဖြစ်နေသည်။ သူသည် တဲအတွင်းမှ အိပ်စင်ပေါ်၌ ခဏလှဲကာ ပြိုကျလုမတတ်ဖြစ်နေသော နံရံများကိုငေးကြည့်နေသည်။

သူသည် သူ့ဖခင်ထံမှရခဲ့သည့် အိပ်ဆောင်နာရီကိုထုတ်ကြည့်ပြီး၊ ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်သည်။ သူ့အဖေဆုံးပါးသွားခဲ့သည်မှာ ခြောက်နှစ်ပင်ရှိခဲ့ပြီ၊ သူ့အမေသေဆုံးသွားခဲ့သည်မှာ သူ့အဖေထက်ပင်စောသေးသည်။ သူသည် သူ့အမေ သူ့အဖေတို့နှင့် နေထိုင်ခဲ့ရသည့်ဘဝကို ပြန်လည်သတိရနေမိ၏။

ခုံတစ်လုံးပေါ်၌တင်ထားခဲ့သည့် သူ့မှတ်တမ်းစာအုပ်ကို သတိထားမိသည်။ သူသည် စာအုပ်ကိုကောက်ယူကာ သူရေးမှတ်ထားခဲ့သည်များကို ပြန်ကြည့်နေမိသည်။ ထိုအကြောင်းအရာများသည် ဟောင်းနွမ်းကုန်ပြီ၊ အတိတ်ဘဝတစ်နေရာမှ အမှုမထားလောက်သည့်ဖြစ်ရပ်များဟုပင် ထင်မိ၏။

တစ်ခါတစ်ရံကျတော့ သူမှတ်ထားသည်များကို ဖတ်ပြီးပြုံးမိသည်၊ အသံထွက်ပြီး ရယ်သည့်အခါလည်းရယ်မိသည်။ အမှန်တော့ ဤမှတ်တမ်းသည် သူ့ဘဝနောက်ကြောင်းကို ပြန်ပြောင်းသတိရစေသည့် မှတ်တမ်းတစ်ခုဖြစ်၏။ သူ့အနာဂတ်ဘဝအတွက် ဦးတည်ပေးနိုင်သည့်အချက်များကိုမူ မတွေ့ရ။ တစ်ခုတော့ရှိပါ၏။ အတိတ်ကဖြစ်ရပ်များတို့ ပြန်ကြည့်ကာ အခုလက်ရှိဘဝကိုရောက်အောင် မည်မျှအ



ထိ လျှောက်လှမ်းခဲ့ရသည်ကိုတော့ ပြန်ပြီးမြင်နိုင်သဖြင့် စိတ်ဝင်စားဖွယ်တော့ ကောင်း၏။

မှတ်တမ်းအဆုံးတွင် မရေးရသေးသည့်စာရွက်လွတ်တွေ အများကြီးကျန်နေသေးသည်ကို တွေ့ရ၏။ သူ့တွင် ဘာရေးစရာတွေရှိပါသေးသနည်း။ သူသည် နံရံဆီသို့ တွေဝေငေးမောကာ စဉ်းစားနေသည်။ သူ့စိတ်အာရုံတွင် လက်သီးနှင့်ရပ်သူသည် ထင်ဟပ်လာသည်။ တောင့်တင်းဖြောင့်စင်းသည့် ကိုယ်လုံးကိုယ်ထည်. . ၊ ရှည်လျားပြီးလှပသည့်လက်များ နက်မှောင်သည့်မျက်ခုံးများနှင့် ချစ်စရာကောင်းသည့် မျက်လုံးအစုံ. . ။

သူသည် ရင်ခွင်ထက်၌ချထားသည့်မှတ်တမ်းစာအုပ်ထဲမှာ စာရွက်အလွတ်ကိုငုံ့ကြည့်သည်။ သူဘာရေးရမည်ကိုသိပြီ။

နွေနှောင်းရာသီ ၁၈၃၆

ကျွန်တော်သည် လက်သီးနှင့်ရပ်သူကိုချစ်မိပြီ။

ဝံပုလွေများနှင့်ကခုန်သူ

သူသည် မှတ်တမ်းစာအုပ်ကိုပိတ်၍ အိပ်ရာပေါ်ချထားလိုက်သည်။ နောင်လာနောက်သားများ ဤမှတ်တမ်းစာအုပ်ကိုဖတ်ပြီး၊ ပဟေဠိတစ်ခုလိုဖြစ်နေကြမည့်အရေးကို တွေးနေမိသည်။

အပြင်သို့ထွက်လာသည့်အခါတွင်မူ လက်ဖြူကိုမမြင်ရတော့ပေ။ နောက်ထပ် လက်ဖြူနှင့်တွေ့ရတော့မည် မဟုတ်ဟုတွေးလိုက်မိသောအခါ စိတ်မကောင်းဖြစ်မိ၏။ နောက်ပိုင်းနှစ်များအတွင်း လက်ဖြူ၏ဘဝသည် သာယာကောင်းမွန်ပါစေတု ဆုတောင်းမိသည်။

သူသည် ကစ္စကို၏ကျောပေါ်သို့ ခုန်တက်လိုက်ပြီး ကိုမင်ချီစကားဖြင့် ဆက်ဂျ်ဝစ်ခံတပ်ကို နှုတ်ဆက်သည်။ ပြီးတော့ ကစ္စကိုအား အရှိန်ပြင်းစွာနှင်သည်။ သူသည် ခံတပ်ဆီသို့ တစ်ချက်မျှလှည့်ကြည့်သည်။ သူ့မြင်ကွင်းထဲတွင် ပရေးရီးမြက်ခင်းပြင်ကြီးမှတစ်ပါး အခြားဘာတစ်ခုမှမရှိ။

□

လက်သီးနှင့်ရပ်သူသည် ဝံပုလွေများနှင့်ကခုန်သူ ရောက်အလာကို စောင့်ဆိုင်းနေခဲ့သည်မှာ တစ်နာရီနီးပါးမျှကြာခဲ့ပြီ၊ ခြေကန်ငှက်၏မယားတစ်ယောက်က သူမကို လှမ်းကြည့်ပြီးမေးသည်။ "ဝံပုလွေများနှင့်ကခုန်သူ ဘယ်ရောက်နေလဲ"

"အော်. . . သူ. . . ဟို. . ၊ ကျွန်မ. . . မသိဘူး"

သူမသည် အပြင်သို့ထွက်လာခဲ့ပြီး စုံစမ်းသည်။ ယနေ့မနက်စောစောတကစ္စကိုအားစီး၍ တောင်ဖက်သို့ထွက်သွားသည်ကို မြင်လိုက်ရကြောင်း သတင်းရသည်။ ဝံပုလွေများနှင့်ကခုန်သူသည် လူဖြူခံတပ်သို့ သွားခြင်းဖြစ်လိမ့်မည်ဟု သူမ မှန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဘာကြောင့် အခုလိုထွက်သွားရတာပါလိမ့်ဟု သူမတွေးချင်၊ သူသည် ချုပ်လက်စမြင်းကုန်းနှီးကို လက်စသပ်ကာ ဝံပုလွေများနှင့်ကခုန်သူ၏အကြောင်းကို မတွေးမိအောင်ကြိုးစားသည်၊ သို့သော်လည်း မွန်းတည့်ချိန်လွန်သည့်အခါတွင် မြစ်ဘက်သို့ဆင်းလာခဲ့သည်၊ သူ့အနေဖြင့် တစ်ယောက်တည်းထိုင်ကာ ဝံပုလွေများနှင့်ကခုန်သူအကြောင်းကို စဉ်းစားနေချင်သည်၊

မြစ်ဆိပ်တွင် လူတစ်ယောက်မှမရှိ၊ သူသည် ဖိနပ်ကိုချွတ်ကာ သစ်တုံးတစ်တုံးပေါ်၌ထိုင်သည်၊ ခြေထောက်များကို တွဲလောင်းချကာ ရေထဲ၌စိမ်ထားသည်။ အေးမြသောလေကြောင့် အပူရှိန်သည် လျော့နည်းနေသည်၊ သူသည် ဖြည်းဖြည်းမှန် စီးဆင်းနေသော မြစ်ရေပြင်ကိုငေးကြည့်နေသည်၊

ရုတ်တရက် သူတို့နှစ်ယောက် ပထမဆုံးအကြိမ် မမျှော်လင့်ပဲဆုံမိခဲ့ရသည့်အဖြစ်ကို သတိရမိ၏၊ ထိုစဉ်က သူ့ရင်ခွင်၌မှေးမှိတ်ကာ လိုက်ပါလာခဲ့ရသည့်အဖြစ်ကို ပို၍သတိရမိသည်၊ သူ့အား ပွေ့ဖက်ထားသည့် သန်မာသောလက်များနှင့် သူ့မျက်နှာအပ်ထားသည့် ဂျက်ကတ်အကျီမှ ထူးခြားသောအနံ့. . . ၊

ထိုစဉ်က သူသတိထားခဲ့မိသော ထိုအရာများသည် လေးနက်သောအနက်အဓိပ္ပာယ်ရှိနေသည်ကို အခုမှပင် သူနားလည်ခဲ့ရ၏၊ ဟိုတုန်းကတော့ သူလုံးဝနားမလည်ခဲ့၊ သို့သော်လည်း မဟာဝိညာဉ်တော်ကြီးတတော့နားလည်ခဲ့သည်၊ မဟာဝိညာဉ်တော်ကြီးသည် ထိုစဉ်ကချခဲ့သောမျိုးစေ့ကို အပင်ပေါက်လာအောင် အားပေးသမှုပြုနေသည်မှာ ထင်ရှားနေ၏၊

ထိုအခိုက်တွင် ပေအနည်းငယ်ကွာမှ ရေသံတိုးကြားလိုက်ရသဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်သည်၊ မျက်နှာသစ်နေရင်းမှ သူ့အားလှမ်းကြည့်နေသော ဝံပုလွေများနှင့်ကခုန်သူကို မြင်လိုက်ရ၏၊

"ဟယ်လို"ဟု သူကနှုတ်ဆက်သည်၊ "ကိုယ်ခံတပ်ကိုရောက်ခဲ့တယ်"

"ကျွန်မသိတယ်"

"ကိုယ်တို့စကားပြောလို့ရမလား"

"ရပါတယ်၊ ကျွန်မကလည်း စကားပြောဖို့စောင့်နေတာပါ"

"ဘယ်နေရာမှာပြောကြမလဲ"

"ကျွန်မနေရာကို သိပါတယ်"

လက်သီးနှင့်ရပ်သူသည် ထိုင်နေရာမှလျှင်မြန်စွာထရပ်ကာ ရှေ့မှထွက်သွားသည်၊ ဝံပုလွေများနှင့်ကခုန်သူသည် သူ့နောက်မှလိုက်သွားသည်၊ သူခေါ်သွားသည့်နေရာမှာ ခြေကန်ငှက်က သူ့အား လူဖြူစကားကို ပြန်သတိရအောင် အားထုတ်ဖို့တိုက်တွန်းခဲ့သော နေရာဖြစ်လေသည်၊

မြစ်ဘေးတစ်နေရာမှ တိတ်ဆိတ်သောနေရာဖြစ်၏၊ နှစ်ဦးသားမျက်နှာချင်းဆိုင် ထိုင်နေကြပြီဖြစ်သော်လည်း စကားပြောစရာရှာမရ၊ ပတ်ဝန်းကျင်မှ အသံဗလံများကိုလည်း မကြားရ၊ အရာရာတိုင်းသည် ငြိမ်ဆိတ်လျက်ရှိ၏၊



လက်သီးနှင့်ရပ်သူသည် ခေါင်းကိုငုံ့ထားသည်၊ သူမ၏မျက်လုံးများသည် ဝံပုလွေများနှင့်ကခုန်သူ၏ ဘောင်းဘီပေါ်မှ စုတ်ပြဲနေသောအပေါက်ကိုမြင်သည်၊ "ဘောင်းဘီစုတ်နေတယ်"ဟု ရေရွတ်လိုက်မိရုံမျှမက အယောင်ယောင်အမှားမှားနှင့် ဘောင်းဘီပေါက်ကို လှမ်းကိုင်လိုက်မိ၏၊

မြင်ပကမ္ဘာလောကတစ်ခုဆီမှ တွန်းအားတစ်ခု၏ ချုပ်ကိုင်သွေးဆောင်မှုကြောင့်ပေလားမသိ၊ သူတို့၏ ဦးခေါင်းများသည် အမှတ်တမဲ့ထိမိကြသည်၊ လက်နှစ်ဖက်သည် အမှတ်တမဲ့ဆုပ်ကိုင်မိကြသည်၊ ဘယ်လိုက ဘယ်လိုဖြစ်သွားသည်မသိ၊ ထိုတစ်ဒင်္ဂအထိအတွေ့ကို အကြောင်းပြုကာ သူတို့နှစ်ဦးသည် အနမ်းချင်းဖလှယ်မိကြသည်၊

သူတို့၏အနမ်းသည် အချိန်အကြာကြီးတော့မဟုတ်၊ ဖျတ်ခနဲထိတွေ့နမ်းရှုပ်မိကြခြင်းသာဖြစ်သည်၊ သို့သော်လည်း ထိုတစ်ဒင်္ဂအနမ်းသည် နောက်ဆက်တွဲအနမ်းရှည်ကြီးကို ဖြစ်ပေါ်လာစေသည်၊ သူတို့နှစ်ဦးကြားတွင် ချစ်မေတ္တာတည်ဆောက်မိပြီဟူသော လက္ခဏာအမှတ်အသားတစ်ခုပေတည်း၊

သူတို့သည် ပါးချင်းကပ်ထားကြသည်၊ နှစ်ဦးစလုံးအိပ်မက်ကမ္ဘာလေးတစ်ခုထဲ ရောက်နေသည့်နှယ် ခံစားနေကြရ၏၊ ဝံပုလွေများနှင့်ကခုန်သူသည် သူမ၏မျက်လုံးများကို စိုက်ကြည့်နေသည်၊ မျက်လုံးထဲမှ မျက်ရည်စများကိုမြင်ရသည်၊

"မောင့်ကိုပြောပါဦး. . . ဘာဖြစ်လို့လဲ"ဟု သူက တိုးတိုးသာသာမေးသည်၊

"ကျွန်မပျော်တယ်"ဟု သူမကပြန်ဖြေသည်၊ "ကျွန်မကို မဟာဝိညာဉ်တော်ကြီးက အသက်ရှည်ရှည်နေခွင့်ပြုလိုက်လို့ ကျွန်မသိပ်ကိုပျော်တာပဲ"

"မောင်လည်း မင်းလိုပဲ၊ သိပ်ကိုပျော်တယ်"ဟု ဝံပုလွေများနှင့်ကခုန်သူက ပြန်ပြောသည်၊ သူ့မျက်လုံးများတွင် မျက်ရည်များစို့လာသည်၊ သူမသည် သူ့ရင်ခွင်သို့ တိုးဝင်သည်၊ ဝမ်းသာလွန်း၍ စီးကျနေသောမျက်ရည်စများသည် ပါးနှစ်ဖက်တွင် အပြည့်၊

❒

အမှောင်ရိပ်များသည် ကျစပြုလာပြီ၊ သူတို့နှစ်ယောက်သည် စကားပြော၍မဝသေး၊ သို့သော်လည်း အခုထက်မိုးချုပ်သွားလျှင် မိမိတို့အတွက် အားလုံးကစိတ်ပူနေကြပေတော့မည်၊ လက်သီးနှင့်ရပ်သူက အရင်ဆုံးထရပ်ကာ သူ့ထံသို့ လက်နှစ်ဖက်ကမ်းသည်၊ သူက လက်များကိုလှမ်းဆွဲပြီး မတ်တတ်ရပ်လိုက်သည်၊

"မောင်က ကျောက်ဆင်ပေါက်ကို မေးလိုက်မိတယ်၊ ဟိုနေ့က 'မင်းမှာ အိမ်ထောင်ရှိသလား'လို့ မောင်ကမေးတော့ မင်းထွက်ပြေးသွားတယ်မဟုတ် လား၊ အဲဒါကြောင့် ဒီကိစ္စကိုစုံစမ်းမိတာပါ"

"ကျွန်မ သူနဲ့နေခဲ့ရတာဟာ. . . သာယာခဲ့ပါတယ်၊ သူ ကျွန်မဆီတ

www.burmeseclassic.com



ထွက်သွားတာကတော့ သူ့အစား ရှင်ရောက်လာမှာကို သိနေလို့ပဲဖြစ်မှာပေါ့။ ကျွန်မ ရဲ့ အခုလက်ရှိအဖြစ်ကို ကျွန်မကတော့ အဲသလိုပဲမြင်မိတယ်"

သူတို့သည် တစ်ယောက်လက် တစ်ယောက်ဆုပ်ကာ လျှောက်လာခဲ့ကြသည်။ ရွာသို့သွားရာလမ်းမကြီးပေါ် အရောက်တွင် နှစ်ဦးစလုံးရပ်လိုက်ကြသည်။ တစ် ယောက်ကိုတစ်ယောက် တင်းကြပ်စွာဖက်ထားမိကြပြန်သည်။ သူမက တိုး တိုးကလေးကပ်ပြောသည်။

"ကျွန်မက ကျွန်မယောကျ်ားအတွက် ပူဆွေးသောကအထိမ်းအမှတ်ထိ လုပ်နေရတုန်းပါ၊ ကျွန်မတို့နှစ်ယောက်ကိစ္စကို သူတို့သိရင် သဘောတူကြမှာမဟုတ် ဘူး၊ အချိန်မကျသေးခင်တော့ သူတို့မရိပ်မိအောင်နေမှဖြစ်မှာ"

သူက ခေါင်းညိတ်သည်။ သူမထွက်သွားပြီး ဆယ်မိနစ်ခန့်ကြာမှ သူသည် မိုးမခပင်များအောက်မှ အပြင်သို့ထွက်လာခဲ့သည်။ သူသည် သူ့တဲဆီသို့ ပြန်လာခဲ့ သည်။ အိပ်ရာပေါ်သို့လှဲကာ ဖြစ်ခဲ့ပြီးသမျှကို ပြန်တွေးသည်။ ပြန်၍မြင်ယောင်ထင် ယောင်ဖြစ်သည်။ သူမ၏ကိုယ်နံ့သည် သူ့ထံတွင်ရှိနေဆဲ. . . ။ ထိုအနံ့သည် တစ်ည လုံးမပျောက်မပျက် တည်ရှိနေလိမ့်မည်ဟု သူမျှော်လင့်မိသည်။ သူသည် အတွေးရေ ယာဉ်နှင့်အတူ လိုက်ပါသွားနေရင်းမှပင် အိပ်ပျော်ခြင်းသို့ရောက်သည်။

□□□

[၂၆]

နောက်ပိုင်းရက်များသည် ဝံပုလွေများနှင့်ကခုန်သူ အတွက်ရော လက်သီးနှင့်ရပ်သူအတွက်ပါ ပျော်ရွှင်ကြည်နူးရသည့် ရက်များချည်းဖြစ်သည်။ အမြဲ တစေပြုံးနေကြရသောရက်များဖြစ်သည်။ နှစ်ယောက်စလုံးပင် သူတို့၏ခြေထောက် များ မြေကြီးနှင့်မထိဟုထင်ရလောက်အောင်ပင် ပျော်မြူးနေကြလေသည်။

အများ၏ရှေ့တွင်မူ သူတို့သည် အချင်းချင်းဆက်ဆံရာ၌ သတိကြီးစွာ ထား၍ဆက်ဆံကြရသည်။ တစ်ယောက်နှင့်တစ်ယောက်ချစ်နေမှန်းကို မည်သူမှမရိပ် မိအောင် ထိန်းချုပ်ထားကြသည်။ သို့သော်လည်း နှစ်ယောက်ချင်းတစ်နေ့တစ်ကြိမ် တော့ လျှို့ဝှက်ပြီးတွေ့ဆုံကြသည်။ ထုံးစံအတိုင်း မြစ်ဘေးမှနေရာမှာပင်ဖြစ်သည်။

သူတို့နှစ်ဦးအဖြစ်ကို လူအများသိသွားမှာ စိုးရိမ်နေသူမှာ လက်သီးနှင့် ရပ်သူဖြစ်၏၊ အမှန်တော့ သူတို့သည် ပွင့်ပွင့်လင်းလင်း ချစ်ကြပြီဆိုကတည်းက လက်ထပ်ရန် ရည်ရွယ်ခဲ့သူများဖြစ်သည်။ မြန်မြန်လက်ထပ်နိုင်လေ ကောင်းလေဟု လူဆထားသူများဖြစ်၏။

ကိုမင်ချီလူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံအရ လင်ဖြစ်သူသေဆုံးသွားလျှင် မယားဖြစ်သူက ဝမ်းနည်းကြေကွဲမှုကို ပြကြရ၏။ သို့သော်လည်း ဝမ်းနည်းပူဆွေး နေရမည့် အချိန်ကာလကိုမူ အတိအကျသတ်မှတ်ထားခြင်း မရှိပေ။ ထိုအချိန်ကာလ တွင်းမှ လွတ်မြောက်သည့်ရက်ကို အမျိုးသမီး၏ဖခင်ကသာ ပေးနိုင်သည်။ အကယ် ၍ သူမတွင် အဖေမရှိပါမူ သူမအား တာဝန်ယူအုပ်ထိန်းပေးနေသည့် စင်္ကြံသူရဲတာ

www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ခွင့်ရှိသည်။

လက်သီးနှင့်ရပ်သူ၏ကိစ္စတွင် ခြေကန်ငှက်သည် အခရာဖြစ်၏။ သူမ၏ လွတ်မြောက်ခွင့်ကို ခြေကန်ငှက်ကသာ ပေးနိုင်မည်ဖြစ်သည်။ သူမအား မုဆိုးမဘဝမှ လွတ်မြောက်ခွင့်ပေးနိုင်သူမှာ ခြေကန်ငှက်တစ်ဦးတည်းသာရှိ၏။ ဤကိစ္စမှာ အချိန်ကာလအားဖြင့် ကြာမြင့်လိမ့်မည်ဟုပင် ယူဆထားကြရလေသည်။

ဝံပုလွေများနှင့်ကခုန်သူက သူချစ်သူအား ဤကိစ္စအတွက်စိတ်မပူဖို့ ပြောင်းဖြသည်။ အချိန်ကျလာလျှင် အားလုံးအဆင်ပြေသွားလိမ့်မည်ဟု အားပေးစကားပြောသည်။ သို့သော်လည်း လက်သီးနှင့်ရပ်သူကတော့ သောကအမြိတမ်းရှိနေဆဲ။ တစ်ကြိမ်တွင်မူ သူမသည် သောကကြီးလွန်းအားကြီး သဖြင့် နှစ်ဦးသဘောတူထွက်ပြေးကြဖို့ပင် အကြံပြုခဲ့၏။ သူမ၏အကြံကို ဝံပုလွေများနှင့်ကခုန်သူက လက်မခံ။

မည်သို့ပင်ဖြစ်စေ သူတို့သည် လူအများလစ်လျှင်လစ်သလို ခိုးတွေ့ကြသည်။ တစ်ခါတရံ ညဥ့်နက်ပိုင်းရောက်ခါမှ ဝံပုလွေများနှင့်ကခုန်သူထံသို့ လက်သီးနှင့်ရပ်သူက ရောက်လာတတ်သည်။ အများအားဖြင့်တော့ သူတို့တွေ့နေကျ မြစ်ဘေးမှ တောအုပ်အလည်၌ ခိုး၍တွေ့ကြသည်ကများလေသည်။

ရွာထဲ၌ အတွေ့အကြုံရင့်ကျက်သူတိုင်းကတော့ သူတို့နှစ်ဦး၏မျက်နှာများတိုမြင်ရုံမျှဖြင့် သူတို့၏အဖြစ်ကို ရိပ်မိကြသည်။ ယောကျ်ားတစ်ယောက်နှင့်မိန်းမတစ်ယောက် ချစ်ကြိုက်နေကြပြီဆိုပါက မည်သည့်နည်းနှင့်မှ ဖုံးကွယ်၍မရနိုင်သည့် သဘောသဘာဝသည် ရှိစမြဲဖြစ်သည်မဟုတ်ပါလား။

လူအများစုကတော့ ဝတ်ဝန်းကျင်အခြေအနေတွင် ဘယ်လိုပဲရှိရှိ၊ သူတို့နှစ်ယောက်၏အချစ်ကို ဖျက်ဆီးစရာအကြောင်းမရှိဟု ယူဆကြသည်။ ဤကိစ္စအပေါ် အပြစ်မြင်သူလူနည်းစုသည် အတင်းအဖျင်းပြောချင်ကြသော်လည်း လက်ဆုပ်လက်ကိုင် သက်သေပြစရာမရှိသဖြင့် သူတို့၏လျှာများကို မလှုပ်နိုင်အောင် ထိန်းချုပ်ထားကြသည်။

အရေးကြီးဆုံးအချက်တစ်ချက်တော့ ရှိနေသည်။ သူတို့နှစ်ဦး၏ပြဿနာသည် သူတို့အုပ်စုအား ထိခိုက်နစ်နာစရာအကြောင်းမရှိဟု ယူဆနေကြသောအချက်ဖြစ်၏။ အလွန်ရှေးကျဆန်သော အဖိုးကြီးအဖွားကြီးများကပင်လျှင် ဤနှစ်ဦးမေတ္တာရှိနေကြခြင်းသည် သဘာဝကျသည်ဟု ထင်မြင်ကြသည်။ ပြီးတော့ သူတို့နှစ်ဦးစလုံးသည် လူဖြူများဖြစ်နေကြသည် မဟုတ်ပါလား. . .။

❐

မြစ်ဘေးတောအုပ်အတွင်း၌ တွေ့ဆုံကြပြီးနောက် ငါးရက်မြောက်ညတွင် လက်သီးနှင့်ရပ်သူသည် သူမ၏ချစ်သူနှင့် တွေ့ချင်ပြန်သည်။ သူမသည် တဲအတွင်းရှိ ခြေကန်ငှက်၏မိသားစုတစ်စုလုံး အိပ်မောအကျကို စောင့်နေသည်။ ဟောက်သံ



များ ဆူညံစွာထွက်ပေါ်လာသည့်အခါတွင်မူ သူမသည် စိတ်အေးနားအေးဖြစ်သွားသည်။ သို့သော်လည်း ရုတ်တရက် အိပ်ရာပေါ်မှမထရဲသေး။

လေထဲတွင် မိုးနံ့သင်းနေသည်ကို သူမသတိထားမိ၏။ ထိုအခိုက်တွင် ရုတ်တရက် အပြင်မှအော်သံဟစ်သံများ ထွက်ပေါ်လာသည်။ ဆူဆူဝါးဝါးနှင့် ကျယ်ကျယ်လောင်လောင်ရှိလွန်းသဖြင့် ရွာထဲရှိလူတိုင်းလိုလို လန့်နိုးလာကြသည်။ စက္ကန့်အနည်း ငယ်မျှအကြာတွင် လူအများသည် တဲများအတွင်းမှ အလန့်တကြားထွက်လာကြသည်။ တစ်ခုခုတော့ဖြစ်နေပြီဟု နားလည်ကြသည့်အားလျော်စွာ တစ်ရွာလုံးပင် ထလာကြသည်။ သူမကိုယ်တိုင်လည်း အခြားလူများနှင့်ရောတာလိုက်ပါသွားသည်။ လူအားလုံးသည် မီးဖိုကြီးတစ်ဖိုရှိရာသို့ အပြေးအလွှားသွားကြသည်။ သူမသည် လူအုပ်ထဲ၌ ဝံပုလွေများနှင့်ကခုန်သူအားလိုက်ရှာသည်။ အစအန ပင်မမြင်ရ။ မီးပုံအနီးသို့ ရောက်သွားခါမှပင် သူ့ကိုတွေ့ရတော့၏။

မီးဖိုအနီးတွင် အင်ဒီးယန်းလူမျိုးတစ်စု ထိုင်နေကြသည်။ အားလုံးခြောက်ယောက်ဖြစ်သည်။ အများစုသည် မြေကြီးပေါ်တွင် တုံးလုံးပက်လက်ဖြစ်နေကြသည်။ ယင်းတို့အထဲမှ အချို့မှာသေနေကြပြီ၊ အချို့မှာဒဏ်ရာ အကြီးအကျယ်ရထားကြသည်။ သူတို့သည် “ကီအိုဝစ်စ်အင်ဒီးယန်း”များပေတည်း။ ကိုမင်ချီတို့၏ မဟာမိတ်များဖြစ်၏။ ဤလူမျိုးစုသည် ကိုမင်ချီတို့နှင့် နှစ်ပေါင်းများစွာကပင် ရင်းနှီးလာခဲ့ကြသူများဖြစ်ရုံမျှမက အမဲလိုက်ဖေါ်လိုက်ဖက်များလည်း ဖြစ်ပေသည်။

ထိုင်နေကြသည့် ကီအိုဝစ်စ်ခြောက်ဦးသည် ကြောက်လွန်းအားကြီးသဖြင့် အရူးများလိုဖြစ်နေကြသည်။ သူတို့သည် ကြောက်လန့်တကြားဖြင့် ဝက်ဝံကြီးအား အကြောင်းစုံကို ပြောပြလျက်ရှိသည်။ တစ်ယောက်တစ်ပေါက် အလုအယက်ပြောပြနေကြခြင်းဖြစ်၍ ရုတ်တရက်ချက်ခြင်း မည်သူမျှအတိအကျနားမလည်ကြ။

လက်သီးနှင့်ရပ်သူသည် ဝံပုလွေများနှင့်ကခုန်သူ၏ အနီးသို့ရောက်နေပြီဖြစ်၏။ ဤအခိုက်မှာပင် အမျိုးသမီးများ၏ အလန့်တကြားအော်သံများကြားလိုက်ကြရသည်။ အချို့မိန်းမများနှင့်ကလေးများသည် မီးဖိုအနီးမှထွက်ပြေးကုန်ကြသည်။ စစ်သူရဲများသည် ဝက်ဝံကြီးအား ဝိုင်းအုံကာ တစ်ယောက်တစ်ခွန်းမေးမြန်းနေကြသည်။ လူတိုင်း၏ပါးစပ်မှ စကားတစ်လုံးသည် ထပ်တလဲလဲထွက်လာနေသည်။ 'ပေါနီး'ဟူသော ထိုစကားလုံးကို ဝံပုလွေများနှင့်ကခုန်သူက ကောင်းစွာသိနေသည်။ ကိုမင်ချီများနှင့်စတွေ့ကတည်းက အကြိမ်ပေါင်းများစွာကြားခဲ့ဖူးသည့် စကားလုံးတစ်လုံး မဟုတ်ပါလား. . .။

လက်သီးနှင့်ရပ်သူသည် ဝံပုလွေများနှင့်ကခုန်သူ၏ ဘေး၌ရောက်နေပြီ။ သူမက သူ့အနားသို့ကပ်၍ ကီအိုဝစ်စ်တို့ရင်ဆိုင်ခဲ့ရသည့်အဖြစ်ကို ပြောပြနေသည်။

ကီအိုဝစ်စ်လူမျိုး လူနှစ်ဆယ်နီးပါးခန့်သည် ကိုမင်ချီရွာ၏မြောက်ဘက်ဆယ်မိုင်အကွာ၌ ကျွဲအုပ်များကိုလိုက်လံရှာဖွေနေကြသည်။ ထိုအခိုက်တွင် ပေါနီးစစ်အဖွဲ့တစ်ဖွဲ့က သူတို့အား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ပေါနီးများမှာ

www.burmeseclassic.com



အနည်းဆုံးလူရှစ်ဆယ်နှင့် ရှစ်ဆယ်ကျော်ခန့် ရှိလိမ့်မည်ဟုခန့်မှန်းရ၏။ သူတို့အား တိုက်ခိုက်သည့်အချိန်မှာ နေဝင်ဆည်းဆာချိန်ဖြစ်၏။ အကယ်၍သာ အမှောင်ထုမရှိလျှင်၊ နယ်မြေမကျွမ်း ကျင်လျှင် တစ်ယောက်မှအသက်ရှင်လျက် လွတ်မြောက်စရာလမ်းမရှိ။

ကီအိုဝစ်စ်များသည် တတ်အားသရွေ့ခုခံပြီး ဆုတ်ခွာလာခဲ့ကြသည်။ အကယ်၍ ပေါနီးများကခြေရာခံပြီး လိုက်လာမည်ဆိုပါမူကား ဤရွာကိုတွေ့သွားနိုင်စရာရှိ၏။ ရုတ်တရက်ချက်ခြင်းတော့ ရောက်လာလိမ့်ဦးမည်မထင်။ သို့သော်လည်း ကီအိုဝစ်စ်တို့၏အဆိုအရ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားနိုင်ရန်အတွက် နာရီအနည်းငယ်မျှသာ အချိန်ရလိမ့်မည်ဖြစ်၏။ ပေါနီးတို့အနေဖြင့် ဝင်ရောက်တိုက်ခိုက်မည်ဆိုပါက အရုဏ်တက်ချိန်လောက်တွင် ဖြစ်ဖို့များသည်ဟု ကီအိုဝစ်စ်တို့တပြောကြသည်။

ဝက်ဝံကြီးသည် လိုအပ်သည့်အမိန့်များကို ထုတ်ပေးနေသည်၊ လက်သီးနှင့်ရုပ်သူရော ဝံပုလွေများနှင့်ကခုန်သူပါ ဘာအမိန့်တွေပေးနေမှန်းမသိ၊ သူပြောနေသည့် စကားများကို သူတို့မကြား၊ ဝက်ဝံကြီး၏မျက်နှာကိုမြင်ရုံမျှဖြင့် များစွာစိတ်ပူနေကြောင်း သိသာထင်ရှားလျက်ရှိ၏။ လက်ရှိအခြေအနေအရ စစ်သူရဲကောင်းဆယ်ယောက်သည် ခြေကန်ငှက်နှင့်လေဆံပင်တို့ ဦးဆောင်မှုဖြင့်စစ်ထွက်သွားကြသည်။ ကျန်ရစ်ခဲ့သည့် စစ်သည်တော်များမှာ တိုက်ရည်ခိုက်ရည်ကောင်းသူများပင် ဖြစ်၏။ သို့သော်လည်း အကယ်၍သာပေါနီးအဖွဲ့သည် လူရှစ်ဆယ်ရှိခဲ့ပါမူ မိမိတို့ထက်အင်အားသာနေမည်ကို စိုးရိမ်နေရလေသည်။

မီးပုံဘေးရှိ လူအများသည် ဆူညံလှုပ်ရှားနေကြသည်၊ အားလုံးစည်းမဲ့ကမ်းမဲ့ သဘောသက်ဝင်နေကြသည်။ တချို့စစ်သည်များသည် မီးပုံအနီးမှထွက်ခွာသွားကြသည်။ ဝံပုလွေများနှင့်ကခုန်သူ၏စိတ်ထဲတွင် မသက်မသာဖြစ်လျက်ရှိ၏။ အရာရာတိုင်းသည် ဝါးအစည်းပြေသလိုဖြစ်နေသည်၊ ကောင်းကင်ထက်မှ မိုးခြိမ်းသံများကြားနေရသည်၊ မိုးရွာတော့မည်မှာ သေချာနေပြီ၊ မိုးသာရွာခဲ့ပါမူ ပေါနီးများတိုက်ခိုက်မှုသည် နှောင့်နှေးခက်ခဲစရာတော့ရှိနေ၏။

အခုဆိုလျှင် ရွာသည် သူ့ရွာဖြစ်နေပြီ၊ သို့ဆိုလျှင် သူသည်လည်း ဤရွာအတွက် တာဝန်ရှိသူတစ်ဦးပင် ဖြစ်ရပေလိမ့်မည်၊ သူသည် ကျောက်ဆင်ပေါက်နောက်သို့ အပြေးအလွှားလိုက်သွားသည်။

"ကျွန်တော်လည်းလိုက်မယ်"ဟု သူကပြောသည်၊ ကျောက်ဆင်ပေါက်ကသူ့အားကြည့်ပြီးပြုံးသည်၊ သိပ်ကိုခက်ခဲတဲ့တိုက်ပွဲကြီးတစ်ပွဲဖြစ်လိမ့်မည်ဟု ကျောက်ဆင်ပေါက်က ပြောသည်။ "ပေါနီးတွေလာရင် မြင်းတွေကိုလုဖို့လာကြတာမဟုတ်ဘူး၊ သူတို့လာရင် သွေးသောက်ဖို့လာကြတာ"

ဝံပုလွေများနှင့်ကခုန်သူက ခေါင်းညိတ်သည်၊ "ခင်ဗျားရဲ့လက်နက်တွေတိုသွားယူပြီး ကျုပ်တဲကိုလိုက်လာခဲ့"ဟု ကျောက်ဆင်ပေါက်ကပြောသည်။



"ကျွန်မသွားယူပေးမယ်"ဟု လက်သီးနှင့်ရုပ်သူက လှမ်းပြောကာ ပြေးထွက်သွားသည်၊ ဝံပုလွေများနှင့်ကခုန်သူသည် ကျောက်ဆင်ပေါက်၏နောက်မှလိုက်သွားသည်၊ သူသည် သူ့ရိုင်ဖယ်သေနတ်နှင့် ခြောက်လုံးပြူးအတွက် ကျည်ဆံမည်မျှရှိသည်ကို ခန့်မှန်းတွက်ချက်ကြည့်နေသည်၊ ဤခဏမှာပင် သူ့ခေါင်းထဲ အသိတစ်ခုဝင်လာသဖြင့် ဖျတ်ခနဲရပ်လိုက်သည်။

"ကျောက်ဆင်ပေါက်. . . ခဏစောင့်ဦး"ဟု သူကနောက်မှနေ၍ အော်ခေါ်သည်၊ ကျောက်ဆင်ပေါက်က သူ့ထံပြန်လျှောက်လာသည်။

"ကျွန်တော့်မှာ သေနတ်တွေရှိတယ်"ဟု ဝံပုလွေများနှင့်ကခုန်သူက ပြောသည်၊ "လူဖြူခံတပ်နားက မြေကြီးထဲမှာသေနတ်တွေ အများကြီးရှိတယ်"

သူတို့သည် ချက်ခြင်းပင် မီးပုံကြီးဆီသို့ပြန်လျှောက်လာကြသည်၊ ဝက်ဝံကြီးသည် ကီအိုဝစ်စ်များအား သူသိလိုသောအရာများကို မေးနေဆဲ၊ အကြောင်းမပြေသေးသော ကီအိုဝစ်စ်များသည် ဝံပုလွေများနှင့်ကခုန်သူအား မြင်လိုက်သည့်အခါ တွန့်ဆုတ်ဆုတ်ဖြစ်ကုန်ကြသဖြင့် ဝက်ဝံကြီးက ကပျာကယာအကျိုးအကြောင်း ရှင်းပြကာ မကြောက်ကြရန်အားပေးရပြန်သည်။

ကျောက်ဆင်ပေါက်က သေနတ်တွေအများကြီးရှိနေကြောင်း ပြောလိုက်သည့်အခါ ဝက်ဝံကြီး၏မျက်နှာသည် အံ့အားသင့်ခြင်းနှင့် အားတက်ခြင်းတို့ကို ပေါ်ပြသည်။

"ဘာသေနတ်တွေလဲ"ဟုလည်း ပြန်မေးသည်။

"လူဖြူသေနတ်တွေပေါ့. . . ရိုင်ဖယ်သေနတ်တွေပဲ"ဟု ဝံပုလွေများနှင့်ကခုန်သူကဖြေသည်။

ဝက်ဝံကြီးအတွက် ဆုံးဖြတ်ရခက်သောပြဿနာတစ်ခုပင် ဖြစ်နေသည်။ သူ့အနေဖြင့် ဝံပုလွေနှင့်ကခုန်သူအား ရင်းနှီးခင်မင်သည်မှာ မှန်သော်လည်း ရှေးအစဉ်အဆက်က တည်ရှိလာခဲ့သော ကိုမင်ချီသွေးက လူဖြူတစ်ယောက်အပေါ် အတွင်းမဲ့ယုံကြည်စိတ်ချမှုမထားနိုင် ဟန့်တားနေသည်။

လူဖြူပြောသည့်အတိုင်းဆိုပါက သေနတ်များသည် မြေကြီးထဲ၌ရှိနေသည်၊ သေနတ်များရဖို့အတွက် မြေကြီးကိုတူးရမည်၊ တူးနေဖို့အချိန်ရပါမည်လော၊ အခုလောက်ဆိုလျှင် ပေါနီးများသည် မိမိတို့ရွာနှင့်ဝေးတော့မည်မထင်၊ မိမိမှာကမိမိ၏လူများနှင့် ရွာကိုကာကွယ်ပေးဖို့လိုအပ်သည် မဟုတ်ပါလား၊ တကယ်တော့ သေနတ်တွေရဖို့အတွက် လူဖြူခံတပ်ကိုသွားဖို့ဆိုသည်မှာ လွယ်သည်မဟုတ်၊ ခရီးကအတော်ကလေးလှမ်းသည်၊ ပြီးတော့ မိုးကအချိန်မရွေးရွာနိုင်သည်။

သို့သော်လည်း တိုက်ပွဲကပြင်းထန်မည့် အခြေအနေရှိသည်၊ အကယ်၍သေနတ်များများသာရှိနေပါက တိုက်ပွဲအနေအထားသည် တစ်မျိုးတစ်ဖုံပြောင်းသွားဖို့ရှိ၏၊ ပေါနီးများထံတွင် သေနတ်များများစားစား ပါလာမည်မဟုတ်၊ ညသို့င်ဖြစ်စေ အရုဏ်တက်ဖို့တော့ နာရီအတော်များများလိုသေးသည်၊ ဤ[illegible]တောအ

www.burmeseclassic.com

www.burmeseclassic.com



တွင်း လူဖြူခံတပ်သို့ အမြန်သွား၍ယူမည်ဆိုပါက အလားအလာရှိနေသေးသည်။

"သေနတ်တွေကို သေတ္တာတွေနဲ့ထည့်ထားတာ"ဟု ဝံပုလွေများနှင့်ကခုန်သူက လှမ်းပြောသည်။ ဝက်ဝံကြီး၏အတွေးစများသည် ပြတ်သွားသည်။ "တွေ... တော်တို့သွားယူမယ်ဆိုရင် လူနည်းနည်းပဲလိုမယ်။ သေနတ်တွေကိုသယ်လာ... စွပ်ဖားလိုမယ်"

ဝက်ဝံကြီးအဖို့ အလောင်းအစားပြုရပေတော့မည်။ သူသည် ကျော... ဆင်ပေါက်အား သင့်တော်သည့်လူနှစ်ယောက်ကိုခေါ်၍ ဝံပုလွေများနှင့်ကခုန်သူ... နောက်သို့လိုက်သွားရန် အမိန့်ပေးသည်။ မြင်းပုခြောက်ကောင်ကိုလည်း ယူသွား... မည်။ လေးကောင်မှာ လူလေးယောက်စီးဖို့၊ နှစ်ကောင်မှာ သေနတ်များကိုသယ်... ဆောင်ဖို့သုံးရမည်ဟုမှာသည်။ ထို့နောက် အမြန်ဆုံးသွားပြီး အမြန်ဆုံးပြန်လာ... ထပ်မံညွှန်ကြားသည်။

❒

သူတဲသို့ပြန်ရောက်သည့်အခါ ကစ္စကိုအား ဇက်ကြိုးများတပ်ကာ အသင့်... ပြင်ထားသည်ကို တွေ့ရ၏။ တဲထဲတွင် မီးဖိုတစ်ဖိုထားသည်။ လက်သီးနှင့်ရပ်သူသည် မီးဖိုဘေး၌ထိုင်ကာ ခွက်တစ်လုံးဖြင့်အလုပ်ရှုပ်နေသည်။

သူ့ရိုင်ဖယ်၊ သူ့ခြောက်လုံးပြူး၊ သူ့လေးနှင့်မြား၊ သူ့ဒါးမြှောင် စသည်များ... ကြမ်းပြင်ပေါ်၌ တန်းစီပြီးချထားသည်။ သူသည် ခြောက်လုံးပြူးခါးပတ်ကိုယူ၍ ခါး... တွင်ပတ်သည်။ လက်သီးနှင့်ရပ်သူသည် ခွက်ကိုကိုင်ကာ သူ့အနီးသို့ရောက်လာ... သည်။

"မျက်နှာကိုမော့"

ဝံပုလွေများနှင့်ကခုန်သူသည် မျက်နှာကိုမသိမသာမော့ကာ ငြိမ်ဆိတ်စွာ... ရပ်နေသည်။ သူမကတော့ ခွက်ထဲမှအနီရောင်ဆေးများကို လက်ညှိုးဖြင့်မွှေ... သည်။

"ဒီဆေးခွက်က ရှင့်အတွက်လုပ်ထားတာ။ အချိန်ကလည်း မရှိ ရှင့်ဖာသာ... ရှင်လည်းလုပ်တတ်မှာမဟုတ်လို့ ကျွန်မပဲလုပ်ပေးမယ်"

ပြောပြောဆိုဆိုနှင့်ပင် သူမသည် သူမ၏လက်ညှိုးဖြင့် ဆေးနီကိုတို့... ဝံပုလွေများနှင့်ကခုန်သူ၏နဖူးတွင် ကန့်လန့်ဖြတ်မျဉ်းတစ်ကြောင်းစီဆွဲပေးသည်။ ပါးနှစ်ဖက်ပေါ်တွင် ဒေါင်လိုက်မျဉ်းတစ်ကြောင်းစီဆွဲပေးသည်။ ပါးတစ်ဖက်ပေါ်တွင် ဝံပုလွေခြေတစ်ဖက်ကို အစက်များချ၍ပုံဖော်ပေးသည်။ ထို့နောက် နောက်သို့... နည်းငယ်ဆုတ်ကာ သူမ၏လက်ရာကိုပြန်ကြည့်သည်။

ဝံပုလွေများနှင့်ကခုန်သူသည် လေးနှင့်မြားပူးကို ပခုံးတွင်လွယ်လိုက်ပြီး "မင်း သေနတ်ပစ်တတ်လား"ဟုမေးသည်။

"ပစ်တတ်တယ်"



"ဒါဆိုရင်. . . ဒီသေနတ်ကိုယူထား"

ပြောပြောဆိုဆို သူ့ရိုင်ဖယ်သေနတ်ကို လှမ်းပေးသည်။ တစ်ယောက်တို... တစ်ယောက်မွေ့ဖက်၍၊ ပါးချင်းအပ်၍နှုတ်ဆက်ခြင်းမရှိ။ ပါးစပ်မှလည်း နှုတ်ဆက်... စကားမဆို၊ သူသည် တဲအပြင်သို့ထွက်ခဲ့သည်၊ ကစ္စကို၏ကျောပေါ်သို့ ခုန်တက်ကာ... မြင်းကိုနှင်သည်။

❒

သူတို့သည် မြင်းများကို မြစ်နှင့်အလှမ်းအတော်ဝေးဝေးခွာ၍ နှင်ကြ... သည်၊ အများအားဖြင့် မြက်ခင်းပြင်များပေါ်မှ တည့်တည့်မတ်မတ်ဖြတ်သွား နိုင်... သည့်လမ်းကို ရွေးချယ်ပြီးလာခဲ့ကြခြင်းဖြစ်၏။

မိုးကောင်းကင်သည် ကြောက်မက်စဖွယ်ကောင်းလှချေသည်။ မည်းနက်... နေမှိုင်းကာ ပြိုဆင်းကျလာတော့မည်အသွင်ကို ဆောင်နေသည်။ မိုးခြိမ်းသံများသည် ...ဝုန်း. . . ဝုန်း. . .၊ လျှပ်စီးရောင်များသည် တဝင်းဝင်းတလက်လက်. . .၊ သူတို့... သူစုအား အမြောက်ကြီးများနှင့် ဝိုင်းဝန်းပစ်ခတ်နေသည်ဟုပင် ထင်ရ၏။

လမ်းခုလပ်တွင် မြင်းနောက်မှဆွဲလာသော စွပ်ဖားတစ်ခုသည် ပြုတ်ထွက်... သွားသဖြင့် ခေတ္တမျှရပ်၍ပြင်နေကြရသေးသည်။ စွပ်ဖားကိုပြင်ဆင်နေခိုက်တွင်... အတွေးတစ်ခုဝင်လာသဖြင့် ဝံပုလွေများနှင့်ကခုန်သူ၏ ရင်ထဲ၌အေးခနဲဖြစ်သွား... သည်။

အကယ်၍များသာ သေနတ်များကိုမတွေ့ခဲ့လျှင် ဘာတွေဖြစ်လာနိုင်သ... ည်းဟူသော အတွေးဖြစ်၏။ ကျွဲနံရိုးတစ်ချောင်းစိုက်ထူထားသော အမှတ်အသားကို... မကြည့်မိခဲ့သည်မှာ အချိန်အတော်ကြာခဲ့ပြီ။ အကယ်၍ ထိုကျွဲနံရိုးကိုတွေ့သည်ပဲ... ဦးတော့ မြေကြီးကိုတူးလျှင် ထိုနေရာ၌သေနတ်သေတ္တာများကို ချက်ခြင်းတွေ့နိုင်... မလား. . .။ သူသည် ရှေ့အလားအလာများကိုတွေးကာ စိတ်ထဲမှကြိတ်၍ ပူပန်... ကြောင့်ကျလျက်ရှိလေသည်။

သူတို့လူစု ခံတပ်သို့ရောက်သွားချိန်တွင် မိုးသည် သည်းထန်စွာရွာသွန်း... လျက်ရှိလေပြီ။ မိုးပေါက်ကြီးများမှာ ကြီးမားလှ၏။ သူသည် သူ့လူများအား သူမှတ်... ထားသည့်နေရာသို့ ခေါ်ဆောင်သွားသည်။ မှောင်နှင့်မဲမဲဖြစ်နေသဖြင့် ဘာကိုမှ... ကောင်းစွာမမြင်ရ။ သူသည် အဖြူရောင်ကျွဲနံရိုးကိုသာ အမောတကောရှာဖွေလျက်... ၏။

မိုးသည် ပို၍သည်းလာသည်။ ဆယ်မိနစ်ခန့်ကြာသော်လည်း နံရိုးအရိပ်... အယောင်ကိုမမြင်ရ။ လေသည်ထန်လာသည်။ လျှပ်စီးများကလည်း စက္ကန့်ပိုင်းနှင့်... မျှပစ်လျက်ရှိ၏။ မိုးခြိမ်းသံများကလည်း တအုံးအုံး. . . တဒိုင်းဒိုင်း. . .။

မိနစ်နှစ်ဆယ်ခန့်ကုန်သွားသော်လည်း အမှတ်အသားကိုရှာမတွေ့... သူတို့အားလုံးသည် တစ်နေရာထဲ၌ ထပ်တလဲလဲရှာဖွေနေကြခြင်းဖြစ်၏။ မိုးကြိုးပစ်

www.burmeseclassic.com



သံကြီး တစ်ချက်ကိုကြားလိုက်ရ၏။ ဝံပုလွေများနှင့်ကသူ၏စိတ်ထဲတွင် သူ့မြင်းတော့ကို၏ခွာများအောက်မှ ထွက်လာသည့်အသံဟုပင် ထင်လိုက်မိလေသည်။

သူသည် မြင်းပေါ်မှခုန်ဆင်းကာ ကျန်လူများအားအော်ပြောသည်။ အားလုံးမြေကြီးပေါ်၌ လေးဘက်တွားကာ ဆက်၍ရှာကြပြန်သည်။ ရုတ်တရက် ကျောက်ဆင်ပေါက်သည် ခုန်ထလိုက်ပြီး အဖြူရောင်ကျွဲနံရိုးတစ်ချောင်းကို ဝှေ့ယမ်းပြနေသည်။

ဝံပုလွေများနှင့်ကခုန်သူသည် ကျွဲနံရိုးတွေ့သည့်နေရာ၌ရပ်ကာ လျှပ်စီးအလက်ကိုစောင့်မျှော်နေသည်။ လျှပ်စီးတစ်ချက် လက်လိုက်သည်နှင့်တစ်ပြိုင်နက် ခံတပ်ဆီသို့ တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ခံတပ်ကို အမှတ်အသားအဖြစ်ထားကာ မြောက်စူးစူးသို့ ခြေလှမ်းတစ်လှမ်းချင်းလျှောက်သွားသည်။

ခြေလှမ်းအနည်းငယ်မျှ သွားမိသောအခါ သူသည် နောက်သို့လှည့်၍ သူ့လူများအားအော်ခေါ်သည်။ ကျန်လူစုသည် သူ့ထံရောက်လာပြီး မြေတူးသည့်အလုပ်တွင် ဝင်ကူသည်။ မြေသည် တူး၍လွယ်လှပါဘိခြင်း။ မိနစ်အနည်းငယ်မျှအကြာတွင် ရိုင်ဖယ်သေနတ်များထည့်ထားသော သေတ္တာရှည်ကြီးနှစ်လုံးကို မြေကြီးပေါ်သို့ဆွဲတင်လျက်ရှိကြလေ၏။

❒

အပြန်လမ်းခရီးကို နာရီဝက်ခန့်နှင့်မီသောအချိန်တွင် မုန်တိုင်းသည် အမြင့်ထန်ဆုံးဖြစ်လာသည်။ မိုးသီးမိုးပေါက်ကြီးများသည် စောစောကထက်ပို၍ အထုံပိုကြီးကာ သဲသဲမဲမဲရွာချလာသည်။ လမ်းခရီးတလျှောက်လုံး ပီပြင်ပြတ်သားစွာ မြင်ဖို့ဆိုသည်မှာမလွယ်။ လူခြောက်ယောက်သည် စွပ်ဖားနှစ်စီးကိုသာ သတိကြီးစွာထား၍ သယ်ယူလာခဲ့ကြသည်။ သူတို့၏တာဝန်မည်မျှလောက်အထိ အရေးကြီးသည်ကိုသိနေသဖြင့် သူတို့သည် လမ်းခရီးတွင် လုံးဝရပ်နားခြင်းမပြု၊ ခရီးကိုသာတွင်အောင်နှင်လာခဲ့ကြသည်။

နောက်ဆုံးသူတို့လူစု ရွာကိုလှမ်းမြင်ချိန်တွင် မုန်တိုင်းသည် စဲစပြုလေပြီ။ ကောင်းကင်ပြင်တွင်လည်း အလင်းရောင်တန်းများသည် ပျောက်တိပျောက်ကြားတိုး ဝင်လျက်ရှိနေပြီဖြစ်၏။ ဝိုးတဝါးအလင်းရောင်ဖြင့် သူတို့ရွာသည် ဘေးရန်ကင်းလျက်ပင်ရှိနေသည်ကို တွေ့ရသည်။ မြစ်ညာဘက်တွင်မူ လျှပ်စီးများလက်နေဆဲ. . .။

တစ်ချီတစ်ချီတွင် လက်လိုက်သည့်လျှပ်စီးရောင်ဖြင့် ပတ်ဝန်းကျင်ကိုလှမ်း မြင်နေရ၏။ ဝံပုလွေများနှင့်ကခုန်သူသည် တစ်ကြိမ်လက်လိုက်သော လျှပ်စီးရောင်ဖြင့် မြစ်ကိုအတန်းလိုက်ဖြတ်ကူးနေကြသော မြင်းစီးသမားများကိုမြင်လိုက်ရသည်။ သူ့အဖေါ်များကလည်း သူ့လိုပင် မြင်လိုက်ကြရ၏။ ထိုမြင်းသမားလူစုသည် ရွာ၏အထက်ဖက် မိုင်ဝက်ခန့်အကွာတွင်ဖြစ်မည်ဟု ခန့်မှန်းကြလေသည်။



ရန်သူ၏လှုပ်ရှားပုံသည် သိသာထင်ရှားနေသည်။ သူတို့သည် မြောက်ဖက်မှလာခဲ့ကြခြင်းဖြစ်၍ မြစ်ကမ်းပါးတစ်လျှောက်ရှိ တောအုပ်အတွင်းမှ ဖြတ်သန်းကာ ရွာနှင့်ကိုက်တစ်ရာခန့်အကွာထိ ချဉ်းကပ်လိမ့်မည်ဖြစ်၏။ ထိုနေရာသို့သာရောက်ပါက တိုက်ပွဲသည်စပေတော့မည်။ အခုမြင်ရသည့်အတိုင်းဆိုပါက ရန်သူတို့သည် နောက်မိနစ်နှစ်ဆယ်ခန့်အကြာတွင် သူတို့မှန်းထားသည့်နေရာတွင် အသင့်နေရာယူပြီး ဖြစ်ကြပေတော့မည်။

❒

သေတ္တာတစ်လုံးတွင် ရိုင်ဖယ်သေနတ်အလက်ပေါင်းနှစ်ဆယ့်လေးလက်ပါသည်။ ဝံပုလွေများနှင့်ကခုန်သူသည် သူ့အား ဝိုင်းအုံနေသည့်လူများ၏လက်သို့ သေနတ်တစ်လက်စီ ဝေပေးနေသည်။ အားလုံးစုဝေးနေကြသည့်နေရာမှာ ဝက်ဝံကြီး၏တဲအနီး၌ဖြစ်၍ ဝက်ဝံကြီးကိုယ်တိုင်ကလည်း တိုက်ပွဲဝင်ရတော့မည့်လူများအား နောက်ဆုံးညွှန်ကြားချက်များကို ပေးလျက်ရှိလေသည်။

ရန်သူများသည် ရွာ၏နောက်ဖက်ရှိမြစ်ဘက်မှ အဓိကထား၍ချီတက်တိုက်ခိုက်လိမ့်မည်ဟု သူနားလည်နေသော်လည်း အခြားတစ်ဖက်ရှိပရေရီမြက်ခင်းပေါ်မှလည်း အာရုံပြောင်း တပ်သားတစ်ချို့စေလွှတ်ပြီး တိုက်ခိုက်လိမ့်မည်ဟု သူယုံကြည်နေသည်။ မြက်ခင်းပြင်ဘက်မှ ဝင်ရောက်တိုက်ခိုက်ခြင်းသည် မြစ်ဘက်မှလူများအား ရွာကိုအလွယ်တကူစီးမိစေရန် လမ်းကြောင်းလွှဲပေးခြင်းဖြစ်လိမ့်မည်ဟု သူမှန်းဆထားသည်။ ထို့ကြောင့်လည်း သူသည် ကြံရည်ဖန်ရည်ကောင်းသည့် စစ်သည်နှစ်ဦးအား လက်တစ်ဆုတ်စာမျှသာရှိသော လူအင်အားကိုပေးကာ ပရေရီမြက်ခင်းပြင်ဘက်သို့ တာဝန်ချပေးလိုက်လေသည်။

ထို့နောက် သူသည် ဝံပုလွေများနှင့်ကခုန်သူ၏ပခုံးကိုဆုပ်ကာ စစ်သူရဲအများရှေ့မှာပင် မေးခွန်းတစ်ခုမေးသည်။

“တကယ်လို့- မင်းဟာ လူဖြူစစ်သားတစ်ယောက်ဆိုပါတော့၊ ဒီသေနတ်တွေကိုင်ထားတဲ့လူတွေကို မင်းဘယ်လိုလုပ်မလဲ”

ဝံပုလွေများနှင့်ကခုန်သူကလည်း ဖျတ်ခနဲစဉ်းစားပြီး ချက်ခြင်းပင် အဖြေပြန် ပေးသည်။

“ကျွန်တော်ကတော့ သူတို့အားလုံးကို ရွာထဲမှာဝှက်ထားပြီး. . .”

သူ့စကားမဆုံးမီ စစ်သည်များထဲမှ သရော်လှောင်ပြောင်သံများ ထွက်ပေါ်လာသည်။ ဝက်ဝံကြီးက ယက်နှစ်ဖက်မြှောက်၍ ပါးစပ်ပိတ်ထားကြရန်တားမြစ်သည်။

“ဝံပုလွေများနှင့်ကခုန်သူရဲ့ စကားမဆုံးသေးဘူး၊ သူ့အဖြေကို ဆုံးအောင်နားထောင်ကြဦး”ဟု ခပ်ထန်ထန်လေသံဖြင့်ပြောသည်။

“ကျွန်တော်ကတော့ သူတို့အားလုံးကို ရွာထဲကတဲတွေနောက်မှာ ခိုင်းခိုင်း

www.burmeseclassic.com



ထားမယ်၊ ကျွန်တော်သာဆိုရင် မြစ်ဘက်ကလာမဲ့ ရန်သူတွေကိုဂရုထားပြီး စောင့်ကြည့်မယ်၊ ပရေးရီးမြက်ခင်းဘက်ကို သိတ်ပြီးအာရုံမထားဘူး၊ ရန်သူတွေဘက်က ပထမဆုံးဝင်လာတာကိုစောင့်မယ်၊ ကျွန်တော်တို့လူစုဟာ ပရေးရီးမြက်ခင်းပြင်ဘက်ကို ဖိတိုက်နေကြပြီလို့ ရန်သူတွေဖက်ကထင်သွားအောင်လုပ်မယ်၊ ရွာကိုဝင်တိုက်လို့ လွယ်တယ်လို့ သူတို့ထင်သွားအောင် လုပ်ပေးရမယ်၊

"အဲဒီနောက်တော့ ရွာထဲဝင်လာမဲ့ ရန်သူတွေကို တဲနောက်မှာပုန်းနေကြတဲ့ ကျွန်တော်တို့လူတွေက မြန်းခနဲခုန်ထွက်ပြီး သေနတ်တွေနဲ့ပစ်ကြရမယ်၊ ပြီးတော့ ကျွန်တော်တို့လူတွေက ဓားတွေ၊ ပုဆိန်တွေ၊ တင်းပုတ်တွေနဲ့ပါ တိုက် ခိုင်းမယ်၊ ရန်သူတွေကို မြစ်ဖက်ထွက်အောင် ပြန်မောင်းထုတ်မယ်၊ မြစ်ဖက်မှဖြတ် ကူးနေတုန်း နောက်ထပ်သတ်နိုင်သမျှ ထပ်ပြီးသတ်ခိုင်းမယ်"

အဖိုးကြီးသည် ပြောနေသည့်စကားများကို သတိထား၍နားထောင်သည်၊ ထို့နောက် စစ်သူရဲများဘက်သို့လှည့်ကာ အော်ပြောသည်၊

"ဝံပုလွေများနှင့်ကခုန်သူနဲ့ ငါနဲ့စိတ်ကူးအတူတူပဲ၊ ရန်သူတွေတို့ ဒီလမ်းက ထပ်ပြီးပြန်မလာရဲအောင် အများကြီးသုတ်သင်ပစ်ကြရမယ်၊ ကဲ. . . ငါတို့ အံသံမထွက်စေနဲ့၊ လုပ်စရာရှိတာကို တိတ်တိတ်ဆိတ်ဆိတ်လုပ်ကြ"

သူတို့အားလုံးသည် သေနတ်များကိုကိုင်၍ မြစ်ဖက်မျက်နှာမူထားသည့် တဲများ၏နောက်တွင် အသာအယာနေရာယူကြသည်၊ ဝံပုလွေများနှင့်ကခုန်သူသည် သူ့လူများ၏ဘေး၌ နေရာမယူမိ ခြေကန်ငှက်၏တဲအတွင်းသို့ ဝင်ကြည့်သည်၊ ထလေးများအား ဝတ်ရုံကြီးများဖြင့်အုပ်ထားသည်၊ ယင်းတို့၏ဘေးတွင် ခြေကန်ငှက်၏ဇနီးများသည် စစ်တင်းဘုတ်များကို ရင်ခွင်၌တင်ကာငြိမ်ဆိတ်စွာထိုင်နေကြသည်၊ လက်သီးနှင့်ရပ်သူကတော့ သူ့ရိုင်ဖယ်သေနတ်ကို ကိုင်ထားသည်၊ သူတို့သည် စကားမပြောကြ၊ ဝံပုလွေများနှင့်ကခုန်သူကလည်း ဘာမှမပြော၊

သူသည် တဲနောက်ရှိပန်းရုံရှေ့မှဖြတ်ကာ သူ့တဲ၏နောက်၌ နေရာယူလိုက်သည်၊ သူ့တဲသည် မြစ်နှင့်အနီးဆုံးတဲဖြစ်၏၊ ကျောက်ဆင်ပေါက်သည် တဲ၏အခြား တစ်ဖက်၌ နေရာယူထားပြီး၊ သူတို့သည် တစ်ယောက်ကိုတစ်ယောက် ခေါင်းညိတ်ပြပြီး သူတို့ရှေ့ရှိမြေကွက်လပ်ဆီသို့ အာရုံစူးစိုက်ထားကြသည်၊ မြေပြင်သည် အောက်သို့ခပ်ပြေပြေဆင်းသွားနေသောမြေဖြစ်၍ ကိုက်တစ်ရာခန့်ရှည်လျားသည်၊

မိုးသည် သဲနေရာမှ ခပ်ဖွဲဖွဲဖြစ်လာသည်၊ ပတ်ဝန်းကျင်တစ်ခွင်လုံးသည် မှောင်မိုက်နေဆဲ. . .၊ အာရုဏ်ဦးအလင်းရောင်သည် တိမ်ပုပ်တိမ်မဲများ ထူထပ်စွာအုပ်နေသည့် ကောင်းကင်ပြင်ဆီသို့ မထိုးဖောက်နိုင်သေး၊ သူတို့သည် ကွင်းပြင်ထဲမှ အရာဝတ္ထုများကို မှုန်ဝါးဝါးမျှသာမြင်ရသည်၊ သို့သော်လည်း ဝံပုလွေများနှင့်ကခုန်သူကတော့ ထိုမြင်ကွင်းထဲ၌ ပေါနီးများရောက်နေပြီဟုသိနေသည်၊

သူသည် သူ၏ဘယ်ဖက်နှင့်ညာဖက်နေရာများကို မျက်ခြည်မပြတ်ကြည့်



နေသည်၊ ကိုမင်ချီများသည် ရိုင်ဖယ်သေနတ်များကို အသင့်အနေအထားဖြစ်အောင် သတိကြီးစွာဖြင့် ကိုင်ထားကြသည်၊ ဝက်ဝံကြီးကိုယ်တိုင်ပင်လျှင် ထိုနေရာ၌ရောက်နေပြီဖြစ်၏၊

အခုဆိုလျှင် အလင်းရောင်သည် ပို၍အားကောင်းလာနေပြီ၊ မုန်တိုင်းကြောင့်ဖြစ်ပေါ်လာသော တိမ်တိုက်ထု တိမ်လိပ်များသည် ပျက်ပြယ်စပြုနေပြီ၊ မိုးသည်လည်း တိမ်များနှင့်လိုက်ပါသွားခဲ့ပြီ၊ ရုတ်တရက်မမျှော်လင့်ပဲ နှင်းနေသည်ပေါ်ထွက်လာသည်၊ နောက်တစ်မိနစ်ခန့်အကြာတွင် ကွင်းပြင်ထဲမှမြူများသည် လွင့်စင်စပြုလာသည်၊

ဝံပုလွေများနှင့်ကခုန်သူသည် ခပ်ကျဲကျဲဖြစ်နေသော မြူများကြားမှနေ၍ ကွင်း ပြင်ထဲသို့ မျက်စိအာရုံစိုက်ပြီးကြည့်နေသည်၊ လူရိုပ်မဲမဲများသည် မိုးမခပင်များအောက်မှ ဖြတ်၍ပြေးလာနေကြ၏၊ လှုပ်ရှားမှုများကို အသေအချာကြည့်နေသော ဝံပုလွေများနှင့်ကခုန်သူ၏ရင်ထဲတွင် ကြောက်စိတ်ဟူ၍ပေါ်မလာ၊ သူတို့သည် ရန်သူများဖြစ်၏၊ သူတို့သည် မိမိတို့၏အိမ်တံခါးမသို့ ကျူးကျော်ဝင်ရောက်လာကြသူများဖြစ်၏၊ သူတို့အား ဆီးကြိုတိုက်ခိုက်ချင်စိတ်ပြင်းပြနေသည်မှတစ်ပါး အခြားဘာခံစားမှုမှမရှိ၊

သူတို့၏နောက်ဘက်မှ သေနတ်သံများထွက်ပေါ်လာသည်၊ အာရုံပြောင်းအောင်ပြုလုပ်ရမည်၊ မိမိတို့ဘက်မှခုခံသူများနှင့် တိုက်ပွဲဖြစ်နေကြပြီ၊ ပစ်ခတ်သံများသည် တဖြည်းဖြည်းနှင့်တိုး၍တိုး၍ပြင်းထန်လာသည်၊ မိမိတို့အုပ်စုထဲမှ သွေးကြွနေသည့် စစ်သူရဲအချို့သည် သေနတ်သံများလာရာဘက်သို့ ပြေးကြရန်တာစူနေသည်၊ အတွေ့အကြုံရင့်ကျက်သော စစ်သူရဲကြီးများက အတင်းဝိုင်း၍တားထားကြသည်၊

ဝံပုလွေများနှင့်ကခုန်သူသည် ကွင်းပြင်တွင်းမှလှုပ်ရှားမှုများကို မျက်ခြည်အပြတ်မခံ၊ ရန်သူများသည် တက်လာနေကြပြီ၊ အချို့တခြေလျင်၊ အချို့က မြင်းများစီး၍တက်လာနေကြခြင်းဖြစ်၏၊ ပေါနီးမြင်းစီးသမားများသည် ခြေလျင်သမားများ၏နောက်မှကပ်၍ လိုက်လာနေကြခြင်းဖြစ်သည်၊ ဝံပုလွေများနှင့်ကသူသည် ရန်သူ မြင်းသမားများအား ရှေ့ဆုံးမှတက်လာလျှင် မည်မျှကောင်းပါမည်နည်းဟုတောင့် တနေမိ၏၊

သူ့လူများသည် သူ့အားဝိုင်းကြည့်နေကြသည်၊ သူ့ထံမှအချက်ပေးခြင်းကို စောင့်မျှော်နေကြခြင်းပေတည်း၊ သူသည် လက်တစ်ဖက်ကိုအပေါ်သို့ မြှောက်ထားလိုက်သည်၊

ပေါနီးများသည် တဟုန်ထိုးတိုးတက်လာနေကြပြီ၊ ဝံပုလွေများနှင့်ကခုန်သူ၏ဆန္ဒသည် ပြည့်ဝသည်ဟု ဆိုရမည်ဖြစ်၏၊ တကယ်တန်းဝင်တိုက်ကြသည့်အခါ ရန်သူမြင်းစီးသမားများသည် ခြေလျင်ပြေးတက်လာနေသူများ၏ရှေ့သို့ ရောက်လာကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေများနှင့်ကခုန်သူသည် သူ့ခေါင်းအထက်တွင် မြှောက်ထားသည့်လက်ကို အောက်သို့ပြန်ချလိုက်သည်။ ပြီးတော့ တဲ၏နောက်မှနေ၍ ခုန်ထွက်လိုက်ကာ အသင့်ချိန်ရွယ်ထားသည့် ရိုက်ဖယ်သေနတ်ကို မြှောက်လိုက်သည်။ သူ့လူများကလည်း သူလုပ်သည့်အတိုင်း တစ်ပြိုင်နက်ထည်း လုပ်ကြသည်။

တစ်ပြိုင်ထည်းထွက်သွားသော သေနတ်ကျည်ဆံများသည် ကိုက်နှစ်ဆယ်ခန့်အကွာမှ ရန်သူမြင်းစီးသမားအများစုအား ထိမှန်ကြသည်။ ရန်သူများသည် ပရိုဖရဲ ပြိုကွဲကာ အလဲလဲအကွဲကွဲဖြစ်ကုန်သည်။ မြင်းများပေါ်မှ ဒလိမ့်ခေါက်ခွေးကျသွားသော ရန်သူများသည် စင်ပေါ်မှလှုပ်ခါချလိုက်၍ လိမ့်ကျသွားကြသည့် ကစားစရာအရုပ်များနှင့်တူသည်။ အချို့မှာ ကျည်ဆံထိမှန်ခြင်းမခံရသော်လည်း သေနတ်အလက်လေးဆယ်မှ တစ်ပြိုင်နက်ထည်း ထွက်လာသောအသံများကြောင့် မှင်တက်မိသလို ဖြစ်ကုန်ကြသည်။ မြင်းများသည်လန့်ဖြန့်ကာ ခုန်ဟယ်ပေါက်ဟယ် ပတာဝ်ရပ်ဟယ် ဖြစ်ကုန်ကြလေသည်။

ရန်သူများသည် အချင်းချင်းအော်ဟစ်သတိပေးကာ ပြန်လှန်ပစ်ခတ်ကြသည်။ ဤအခိုက်မှာပင် ကိုမင်ချီများက ဖွတ်အတင်းတိုးဝင်ကာ ဓားများ၊ ပုဆိန်များ၊ တင်းပုတ်များဖြင့် ခုတ်ကြထစ်ကြ၊ ထုကြရိုက်ကြသည်။ အတင်းဝင်၍လုံးထွေးသတ်ပုတ်ရသော အနီးကပ်တိုက်ပွဲဖြစ်၍ ရှုတ်ရှုတ်ထွေးထွေးဖြစ်နေသည်။ ပြင်းထန်သော တိုက်ပွဲတစ်ပွဲလည်းဖြစ်၏။

ဝံပုလွေများနှင့်ကခုန်သူသည် ပထမဆုံးရင်ဆိုင်မိသည့်ပေါနီးအား အတင်းဝင်လုံးသည်၊ နှစ်ယောက်သား မြေကြီးပေါ်သို့လဲကျသွားသည်နှင့်တစ်ပြိုင်နက် သွက်လက်လျင်မြန်လှသော ဝံပုလွေများနှင့်ကသူသည် ခါးမှခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။ သူအပေါ်စီးရသည်နှင့်တစ်ပြိုင်နက် ပေါနီး၏မျက်နှာကို ခြောက်လုံးပြူးနှင့်ပစ်သည်။

ထို့နောက်တွင်မူ သူသည် ဝရုန်းသုန်းကားဖြစ်နေသည့်ကြားမှပင် ရန်သူများကို ရှာ၍ဆက်လက်ပစ်ခတ်သည်။ သူ့သေနတ်ကျည်ဆံသည် လူနှစ် ယောက်ကို ဆက်တိုက်ထိမှန်သည်။ သူပစ်ခတ်နေခိုက်မှာပင် နောက်မှဝင်ဆောင့် လိုက်သည့်အရှိန်ကြောင့် လဲကျလုနီးပါးဖြစ်သွားသည်။ ပေါနီးတစ်ယောက်၏ မြင်းနှင့်ဝင်တိုက်လိုက်ခြင်းဖြစ်၏။ သူသည် ပေါနီး၏မြင်းဇက်ကြိုးကိုဖမ်းဆွဲကာ မြင်းကိုလဲကျသွားအောင် လှဲချလိုက်သည်။

ပေါနီးများ၏အဖြစ်သည် ဝံပုလွေများက ဝင်ရောက်တိုက်ခိုက်ခြင်းခံနေရသည့် ကြက်ပေါက်စကလေးများနှင့်တူနေသည်။ သူတို့သည် အလဲလဲအကွဲကွဲဖြစ်နေရာမှ အမြန်ဆုံးထကာ အကာအကွယ်ယူနိုင်မည့် မြစ်ကျိုးဖက်သို့ ခွေးပြေးဝက်ပြေး ဆုတ်ခွာသွားကြ၏။

ဝံပုလွေများနှင့်ကခုန်သူသည် သေပြေးရှင်ပြေး ပြေးနေသောပေါနီးများထဲမှ အရပ်အရှည်ဆုံးတစ်ယောက်ကို သတိထားလိုက်မိ၏။ သူသည် ကစ္စကိုပေါ်ပြန်



တက်ကာ ပေါနီးထံသို့စိုင်းသွားပြီး မြင်းနှင့်တိုက်သည်။ နောက်မှနေ၍ ခြောက်လုံးပြူးနှင့် ဦးခေါင်းကိုချိန်ရွယ်ပြီးပစ်သည်။ သို့သော်လည်း ကျည်ဆံကမထွက်။

သူသည် ခြောက်လုံးပြူးဒင်ဖြင့် ပေါနီး၏နောက်စေ့ကိုထုသည်။ ပေါနီးသည် သူ့မြင်း၏ရှေ့တည့်တည့်သို့ လဲကျသွားသည်ဖြစ်ရာ ကစ္စကို၏ခွာများသည် ထိုပေါနီး၏ကိုယ်အား နင်းချေသွားသည်ကို သူသိလိုက်၏။

သူ့ရှေ့တည့်တည့်တွင် အခြားပေါနီးတစ်ယောက်၊ ဦးခေါင်းတွင် အနီရောင်ပုဝါတစ်ထည်စည်းထားသည်။ ပေါနီးသည် လဲကျနေရာမှ ကုန်းထကာမြစ်ကျိုးပေါက်ဆီသို့ပြေးသည်။ သူသည် ပေါနီးထံသို့မြင်းကိုစိုင်းသွားပြီး မြင်း၏ကျောပေါ်မှထိုးချသည်။ နှစ်ယောက်သား မြေပေါ်တွင်ထွေးလုံးရစ်ပတ်ဖြစ်ကာ လိမ့်ဆင်းသွားပြီး သစ်ပင်ကြီးတစ်ပင်ခြေရင်းသို့ ရောက်သွားသည်။ သူသည် ပေါနီး၏ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ သစ်ပင်ကြီး၏ပင်စည်နှင့် အကြိမ်ကြိမ်တိုက်သည်။ အသက်ကင်းမဲ့သွားပြီဟု သိခါမှပင် လက်ထဲမှဦးခေါင်းကိုလွှတ်ချလိုက်သည်။

ပေါနီး၏လက်နှစ်ဖက်သည် သူ့အားဆုတ်ဆွဲထားရာမှ လွှတ်သွားသည်။ သူသည် နောက်သို့ခုန်၍ဆုတ်လိုက်သည်။ ပေါနီး၏ကိုယ်ခန္ဓာသည် ရှေ့သို့ငိုက်ဆိုက်ကျကာ မြေပြင်ထက်သို့မှောက်လျက် လဲကျသွားသည်။

ထိုအခိုက်မှာပင် အော်သံဟစ်သံများသည် ရုတ်တရက်ရပ်သွားသည်။

တိုက်ပွဲသည် ပြီးဆုံးသွားခဲ့လေပြီ။

ရုတ်တရက်ချက်ခြင်း အားအင်ကုန်ခန်းသလိုဖြစ်သွားသော ဝံပုလွေများနှင့်ကခုန်သူသည် မြစ်ကျိုးပေါက်ဘက်သို့ ဒရီးဒယိုင်ဖြင့်လျှောက်သွားသည်။ မြစ်ဘေးတစ်လျှောက်တွင် အတုံးအရုံးလဲကျသေဆုံးနေကြသော ပေါနီးအလောင်းများကို မြင်နေရ၏။

ကျောက်ဆင်ပေါက်အပါအဝင် ကိုမင်ချီမြင်းသမား တစ်ဒါဇင်ခန့်သည် ပေါနီးများနောက်သို့ မြစ်တစ်ဖက်ကမ်းရောက်သည့်အထိ လိုက်လံလျက်ရှိ၏။ ဝံပုလွေများနှင့်ကခုန်သူသည် သူ့မြင်ကွင်းထဲမှပျောက်သွားသည်အထိ တိုက်ပွဲကိုရပ်ကြည့်နေသည်။ ထို့နောက်တော့ သူသည် နောက်ရပ်သို့လှည့်ကာ ခပ်ဖြည်းဖြည်းလျှောက်၍ ပြန်လာခဲ့သည်။

သူသည် စောစောကစစ်တလင်းဖြစ်ခဲ့သော ကွင်းပြင်ကို ပိပြင်ပြတ်သားစွာမြင်နေရ၏၊ ကိုမင်ချီများသည် ကျဆုံးကျန်ရစ်ခဲ့သော ပေါနီးအလောင်းအများအပြားကြားတွင် လျှောက်သွားနေကြသည်။

"ဒီအကောင်ကို ငါသတ်ခဲ့တာ" ဟု တစ်ဦးကပြောသည်။

"ဟာ. . . ဒီတစ်လောင်းက အခုထက်ထိအသက်ရှုနေတုန်းပဲ၊ မသေသေးဘူးဟ" ဟု နောက်တစ်ဦးက တအံ့တသြပြောသည်။

မိန်းမများနှင့်ကလေးများသည် တဲများအတွင်းမှပြေးထွက်လာကြပြီး အလောင်းများကို လိုက်ကြည့်နေကြသည်။ ဝံပုလွေများနှင့်ကခုန်သူသည် ထိုင်နေရာ

www.burmeseclassic.com

www.burmeseclassic.com



၌ ငြိမ်သက်စွာရပ်၍ကြည့်နေသည်။ ပင်ပန်းလွန်းသဖြင့် မလှုပ်ရှားချင်အောင်ဖြစ်လျက်ရှိ၏။ သူ့အား လှမ်းမြင်လိုက်သော စစ်သည်တစ်ဦးကအော်သည်။

"ဝံပုလွေများနှင့်ကခုန်သူ"

စစ်သည်အားလုံးသည် သူ့အား ဝိုင်းရံထားကြသည်။ သူ့အား စစ်တလင်းပြင်ထဲသို့ရောက်သွားသည့်အထိ တွန်း၍ပို့ကြသည်။ သူတို့အားလုံးသည် သူ့နာမည်ကို သံပြိုင်အော်လာကြသည်။ သူ့အနေဖြင့် ဘယ်လိုမှမတတ်နိုင်။ တားမြစ်၍လည်း မဖြစ်။ သူတို့အားလုံးသည် သူတို့ခြေရင်း၌ရှိနေသည့် သေခြင်းနှင့်ပျက်စီးခြင်း များကိုကြည့်ကာ အပျော်လွန်နေကြသည်။ သူကတော့ ထိုလူစု၏သဘောထားကို နားမလည်နိုင်ဖြစ်နေရ၏။

ထိုနေရာ၌ရပ်နေခိုက်တွင် သူ့နာမည်ကို အကြိမ်ကြိမ်အထပ်ထပ်အော်နေသံများကြားနေရသည်။ သူသည် အခုလိုတိုက်ပွဲမျိုးနှင့် အရင့်ရင်တုန်းက ကြုံဖူးသည်မဟုတ်။ သို့သော်လည်း တဖြည်းဖြည်းနှင့်အောင်ပွဲကို ကိုမင်ချီတို့အမြင်ဖြင့် ခံစားလို့ရလာသည်။

ယခုသတ်ဖြတ်ပွဲသည် နိုင်ငံရေးယုံကြည်မှုအရ ဖြစ်ပေါ်လာခြင်းမဟုတ်။ နယ်မြေဒေသသိမ်းပိုက်ရေး သို့မဟုတ် ချမ်းသာကြွယ်ဝရေး သို့မဟုတ် လူအများလွတ်မြောက်ရေးအတွက် တိုက်ခိုက်သတ်ဖြတ်ခဲ့ရသည့်ပွဲမဟုတ်။ ဤစစ်ပွဲတွင် တိုယ်ကျိုးရှာမှုတည်းဟူသော 'အတ္တ'မပါ။

ဤစစ်ပွဲသည် ကိုယ့်ရပ်ကိုယ့်ရွာအား ကာကွယ်ရန်ဖြစ်သည်။ သားမယားများအား ကာကွယ်ရန်ဖြစ်သည်။ ဆောင်းရာသီအတွင်း လူအများစားသုံးဖို့ သိုလှောင်ထားသော စားနပ်ရိက္ခာများကို ထိန်းသိမ်းစောင့်ရှောက်ထားရန်ဖြစ်သည်။ တစ်ရွာလုံးရှိ လူတိုင်းအတွက် ကြီးမားသောအောင်မြင်မှုကြီး တစ်ရပ်ဖြစ်ချေသည်။

ရုတ်တရက် သူ့နာမည်အားခေါ်သံအော်သံများအတွက် ဂုဏ်ယူလိုစိတ်ဖြစ်ပေါ်လာသည်။ သူ့လက်ချက်ဖြင့်ကျဆုံးသွားခဲ့သည့် ရန်သူအလောင်းတစ်လောင်းအား လက်ညှိုးထိုးပြသည်။

"ကျွန်တော်ပစ်သတ်ခဲ့တဲ့ကောင်ပေါ့"ဟု သူကအော်ပြောသည်။

လူအများစုထဲမှ တစ်ဦးကပြန်အော်သည်။ "ဟုတ်တယ်။ ခင်ဗျားပစ်လိုက်တာ ကျွန်တော်မြင်တယ်"

မကြာခင်မှာပင် သူသည် အများအတူရော၍ လျှောက်လာခဲ့သည်။ သူမှတ်မိသမျှ ကိုမင်ချီများ၏နာမည်များကိုလည်း အော်ခေါ်လာသည်။

နေရောင်သည် ရွာပေါ်သို့ကျဆင်းလာသည်။ စစ်သည်တော်များသည် အောင်ပွဲအတွက် ကကြခုန်ကြသည်။ သူတို့သည် ပေါ်နီးအလောင်းများကြား၌ ခုန်ပေါက်မြူးတူးကာ အောင်ပွဲခံနေကြလေသည်။

❑



ရွာကိုကာကွယ်နေသည့် တပ်သားများ၏လက်ချက်ဖြင့် ရန်သူနှစ်ဦးတွေ့ဆုံးခဲ့သည်။ အဓိကစစ်မြေပြင်တွင် အလောင်းပေါင်းနှစ်ဆယ်တိတိ တွေ့ရ၏။ မြစ်လျှိုဘက်တွင် ရန်သူအလောင်းလေးလောင်းထပ်တွေ့သည်။ နောက်မှလိုက်လံတိုက်ခိုက်ခဲ့သော ကျောက်ဆင်ပေါက်တို့အုပ်စု၏လက်ချက်ဖြင့် သုံးယောက်ထပ်သေသည်။ ထွက်ပြေးလွတ်မြောက်သွားသူများထဲတွင် ဒဏ်ရာရသူမည်မျှရှိသည်ကိုမသိ။

ကိုမင်ချီတို့ဘက်မှ ခုနစ်ယောက်ဒဏ်ရာရသည်။ နှစ်ယောက်သာလျှင် ဒဏ်ရာအကြီးအကျယ်ရခဲ့၏။ တစ်ဦးမှ သေဆုံးခြင်းမရှိ။ အဖိုးအိုများသည်ပင်လျှင် အခုလို တစ်ဖက်သတ်အနိုင်ရရှိသည့်တိုက်ပွဲမျိုးကို တစ်ကြိမ်တစ်ခါမှမတွေ့ဖူးခဲ့ဟု ပြောကြသည်။

အောင်ပွဲအတွက် တစ်ရွာလုံးသည် နှစ်ရက်တိတိအောင်ပွဲကျင်းပခဲ့ကြသည်။ ဤပွဲတွင် နာမည်အကြီးဆုံးနှင့်အကျော်ကြားဆုံးလူမှာ "ဝံပုလွေများနှင့်ကခုန်သူ" တစ်ဦးတည်းသာဖြစ်၏။ အားလုံး၏အမြင်တွင် သူသည် နတ်ဘုရားတစ်ပါးမဟုတ်သော်လည်း နတ်ဘုရားမှလွဲလျှင် အဆင့်အမြင့်ဆုံးလူတစ်ဦးဖြစ်လာသည်။

သူ့တဲအနီးတွင် ကိုမင်ချီလူငယ်များသည် အမြဲတစေဝိုင်းအုံနေကြသည်။ မိန်းမပျိုများကလည်း သူ့အနီးတွင်တရစ်ဝဲဝဲ ဖြစ်လာကြသည်။ ဝက်ဝံကြီးကိုယ်တိုင်ပင်လျှင် သူ့အား သူ့တဲသို့ဖိတ်ကာ သူ့ဆေးတံကိုအပ်နှင်းခြင်းအားဖြင့် ဂုဏ်ပြုခဲ့၏။

ဝံပုလွေများနှင့်ကခုန်သူသည် ကိုမင်ချီအားလုံးက သူ့အပေါ် အရေးတယူပြုလာကြသည့်အတွက် ဝမ်းမြောက်သော်လည်း သူ့အားဂုဏ်ပြုချီးကျူးခြင်းကိုမူ အားမပေးခဲ့ပေ။ မည်သို့ပင်ဖြစ်စေ သူ့အတွက်အဆိုးဆုံးကား လူအများက ဝင်လာမစဲ တသဲသဲဖြစ်နေသဖြင့် လက်သီးနှင့်ရပ်သူ့အား လွတ်လွတ်လပ်လပ်တွေ့ခွင့်မရခြင်းဖြစ်လေ သည်။

မည်သို့ပင်ဖြစ်စေ ခြေကန်ငှက်နှင့်လေဆံပင်တို့ ဘာမှမဖြစ်ပဲ၊ ချောချောမောမောပြန်ရောက်လာသည်ကို မြင်တွေ့ရသည့်အတွက် တစ်ရွာလုံးရှိလူအားလုံးထဲတွင် သူသည် ဝမ်းအသာဆုံးလူတစ်ယောက်ဖြစ်ခဲ့သည်။ တကယ်တော့လည်း ဤလူနှစ်ဦးသည် ကိုမင်ချီများထဲတွင် သူနှင့်အခင်မင်ဆုံးလူများဖြစ်နေသည် မဟုတ်ပါလား။

ရန်သူများနောက်သို့ ခြေရာခံ၍လိုက်သွားခဲ့ကြသော ခြေကန်ငှက်တို့အဖွဲ့သည် ရုတ်တရက်ပြင်းထန်စွာကျဆင်းလာသော ဆီးနှင်းများနှင့်ပိတ်မိကာ တောင်တန်းတစ်ခုခြေရင်းရှိ တောင်ကုန်းများအတွင်း၌ သီတင်းပတ်ပေါင်းများစွာ ခိုကပ်နေခဲ့ကြရ၏။

ယခုကဲ့သို့ နှင်းများထူထပ်သိပ်သည်းစွာ အဆက်မပြတ်ကျလာနေခြင်းသည် ဆောင်းဥတုစောစောစီးစီးကျရောက်လာတော့မည့် အရိပ်လက္ခဏာကိုပေါ်ပြခြင်းဖြစ်၏။ ထို့ပြင်လည်း ယခုနှစ်ဆောင်းဥတုသည် ယမန်နှစ်ကထက် ပိုမိုကြမ်းတမ်းဆိုးဝါးလိမ့်မည်ဟု တင်ကြိုအသိပေးခြင်းလည်း ဖြစ်ပေသည်။ ထိုအချက်တို

www.burmeseclassic.com



နားလည်နေသော ခြေကန်ငှက်သည် သူ့အဖွဲ့အားတပ်ခေါက်ကာ ရွာသို့အမြန်ပြန်လာခဲ့ခြင်းဖြစ်၏။ သူတို့သည် တောင်ပိုင်းသို့ရွှေ့ပြောင်းရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို အမြန်ဆုံးလုပ်ကြရတော့မည် မဟုတ်ပါလား. . . ။

□□□

|၂၇|

ဘာတိုက်ပွဲနှင့်မှ ရင်မဆိုင်ရပဲ လက်ချည်းသက်သက်ပြန်လာခဲ့ရသော ခြေကန်ငှက်တို့အဖွဲ့သည် တစ်လမ်းလုံးစိတ်မကောင်းဖြစ်ခဲ့ကြရသော်လည်း ရွာမှ ပေါ်နီးများနှင့် တိုက်ပွဲ၏အောင်မြင်မှုသတင်းကိုကြားရသည့်အခါ စိတ်ညစ်ညူးစရာဟူသမျှကို မေ့သွားကြလေတော့သည်။

ခြေကန်ငှက်အဖို့ ပို၍စိတ်ဝင်စားစရာကောင်းနေသည့်အချက်မှာ အခြားမဟုတ်။ ဝံပုလွေများနှင့်ကာခုန်သူ၏ ဆောင်ရွက်မှုများဖြစ်သည်၊ ဝံပုလွေများနှင့်ကခုန်သူသည် ခရီးစတင်ထွက်ခွာသွားချိန်ကထက်ပို၍ ကိုမင်ချီဘာသာစကားကို ပြောတတ်နေသည်။ ပြီးတော့ ရွာထဲ၌ကျန်ခဲ့သည့် အခြားကိုမင်ချီများအားဦးစီး၍ ကြီးမားပြင်းထန်သော တိုက်ပွဲကြီးတစ်ပွဲကို အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့သဖြင့် ခေါင်းဆောင်တစ်ဦးအဆင့်သို့ရောက်နေသည်၊ ယင်းထူးခြားချက်များသည် ခြေကန်ငှက်အနေဖြင့်များစွာအလေးအနက်ထားလာရသည့် အချက်များဖြစ်၏။ ထို့ပြင်လည်း လွန်ခဲ့သောလပေါင်းများစွာက အင်ဒီးယန်းလူမျိုးဟူ၍ တစ် ဦးတစ်ယောက်ကိုမှ မမြင်ဖူးခဲ့သောလူဖြူစစ်သားသည် ယခုအခါ ကိုမင်ချီတစ်ယောက်ဘဝသို့ ကူးပြောင်းရောက်ရှိနေ၏၊ ဤသည်မှာလည်း ထူးခြားချက်တစ်ချက်ဖြစ်နေရုံမျှမက အံ့သြစရာတစ်ခုလည်းဖြစ်နေပေသည်။

ခြေကန်ငှက်အနေဖြင့် ပထမတော့ သူကြားသိရသမျှအားလုံးကို မယုံကြည်နိုင်အောင်ဖြစ်နေသည်၊ သို့သော်လည်း ခိုင်မာသောသက်သေအထောက်အ

www.burmeseclassic.com



ထားများကို မြင်တွေ့နေရသဖြင့် လက်ခံရသည့်အဖြစ်သို့ ရောက်သွားခဲ့ရ၏၊ ထိုအရာအားလုံးသည် ဘာ့ကြောင့်တစ်ချိန်ထဲတစ်ပြိုင်ထဲ လျှင်မြန်စွာဖြစ်လာရ ပါသနည်း။ သူစဉ်းစား၍မရ။ နောက်ဆုံးတွင်မှ မဟာဝိဉာဉ်တော်ကြီး၏ မဟာ လျှို့ဝှက်ချက်များထဲမှ အစိတ်အပိုင်းတစ်ခုကြောင့်ဖြစ်ရမည်ဟုပင် ကောက်ချက်ချ လိုက်လေ၏။

ဤသို့ဖြင့် သူသည် လျှင်မြန်စွာဖြစ်ပေါ်လာခဲ့သည့် တိုးတက်မှုအားလုံးကို ကျေနပ်စွာပင် လက်ခံလိုက်သည်၊ သို့သော်လည်း သူ့အဖိုးအံ့အားသင့်စရာ အကြောင်းတစ်ခုရှိနေသေးသည်ကို သူမသိ၊ ထိုညအိပ်ရာဝင်ချိန်ရောက်၍ သူ့မယားနှင့် အတူ အိပ်ရာပေါ်လဲလျောင်းမိခါမှ သူ့မယားကပြောပြသဖြင့် အကြောင်းစုံကိုသိခဲ့ရ လေသည်။

"ဒီကိစ္စက ဟုတ်မှဟုတ်ရဲ့လား၊ သေချာရဲ့လားကွာ"ဟု သူကပြန်မေး သည်၊ "ငါ့အဖို့တော့ ယုံရမှာတောင်ခပ်ခက်ခက်ပဲ"

"သူတို့နှစ်ယောက် အတူတူဆုံမိကြတဲ့အခါကျရင် ရှင်သိမှာပါ"ဟု သူ့မိန်း မတပြန်ပြောသည်။

"ဒီကိစ္စက ကောင်းတော့ကောင်းသလိုပဲ"

သူ့စကားကြားသည့်အခါ သူ့မယားကရယ်သည်၊ "ဒါမျိုးဟာ အမြဲတန်း တောင်းတာချည်းပဲမဟုတ်လားရှင့်"ဟု သူ့အနားသို့ကပ်ပြီး နှစ်ကိုယ်ကြားလေသံ ဖြင့်ပြောသည်။

❐

နောက်တစ်နေ့မနက်တွင် ခြေကန်ငှက်သည် ဝံပုလွေများနှင့်ကခုန်သူ၏ တဲသို့ ရောက်လာသည်၊ မှုန်မှိုင်းနေသော သူ့မျက်နှာကိုကြည့်ကာ ဝံပုလွေများနှင့်က သူသည် နားမလည်နိုင်အောင်ဖြစ်လျက်ရှိ၏၊ ဘာများအမှားအယွင်းရှိလို့ပါလိမ့် ဟူသောအတွေးဖြင့် အံ့အားသင့်ခြင်းလည်းဖြစ်မိသည်၊

နှစ်ယောက်သား အပြန်အလှန်နှုတ်ဆက်အပြီးတွင် ထိုင်ကြသည်၊ ဝံပု လွေများနှင့်ကခုန်သူက ကိုမင်ချီတို့ထုံးစံအတိုင်း သူ့ဆေးတံတွင် ဆေးတစ်ဆုံစာထည့် သည့် ထိုအခိုက်မှာပင် ခြေကန်ငှက်က "ခင်ဗျားကိုမင်ချီစကားကို အတော်ပြောတတ် နေပြီပဲ"ဟု စကားစသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း သိတ်ပြောတတ်ချင်နေလို့ အခုလိုပြောတတ်သွားတာပါ"ဟု ဝံပုလွေများနှင့်ကခုန်သူက အလိုက်သင့်ပြန်ပြော သည်၊

"ကျုပ်ကိုတစ်ခုပြောပြစမ်းပါ၊ ခင်ဗျားနဲ့ လက်သီးနှင့်ရပ်သူကြားမှာ ထူးခြားမှုတစ်ခုခုရှိနေသလား"

ဝံပုလွေများနှင့်ကခုန်သူ၏ လက်ထဲမှဆေးတံသည် လွတ်ကျတော့မလို ဖြစ်



သွားသည်။ သူသည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဖြစ်ကာ အထစ်ထစ်အငေါ့ ငေါ့ဖြစ်နေသည်၊ ကြာရာမရတော့သည့်အဆုံးတွင် သူ့နှုတ်မှ "ခင်ဗျားဘာဆိုလိုတာ လဲ"ဟူသော မေးခွန်းတစ်ခွန်းလွတ်ခနဲ ထွက်သွားသည်။

ခြေကန်ငှက်၏မျက်နှာတွင် ဒေါသဖြစ်သွားသည့်အရိပ်အငွေ့များ ယှက် သန်းလာသည်၊ "ခင်ဗျားနဲ့ လက်သီးနှင့်ရပ်သူကြားမှာ ဘာဖြစ်သလဲလို့မေးနေတာ" ဟု ထပ်ပြောသည်။ လေသံမှာမာကြောလှ၏၊ ဝံပုလွေများနှင့်ကခုန်သူသည် ထို လေသံမကြိုက်၊ မခံချင်စိတ်ဖြင့် ချက်ခြင်းတုံ့ပြန်သည်။

"ကျွန်တော် သူ့ကိုချစ်တယ်"

"ခင်ဗျား သူ့ကိုလက်ထပ်ချင်နေသလား"

"ဟုတ်တယ်၊ လက်ထပ်ချင်တယ်"

ထိုအဖြေသည် ခြေကန်ငှက်အတွက် စဉ်းစားစရာဖြစ်သွားသည်၊ ချစ် သည် ဟူသောစကားတစ်ခွန်းထဲသာဆိုလျှင် ဤကိစ္စကို သူကန့်ကွက်လိမ့်မည်ဖြစ်၏၊ ထိမ်းမြားလက်ထပ်ချင်သည်ဟူသောစကားမှာမူ ပို၍ခိုင်မာလေးနက်မှုရှိလာသဖြင့် သူ့ဘက်မှသဘောမတူစရာအကြောင်းမမြင်၊

သူသည် ဖြုန်းခနဲထရပ်လိုက်သည်၊ "ခင်ဗျားဒီမှာပဲထိုင်ပြီးစောင့်နေ"ဟု ပြောကာ တဲထဲမှထွက်သွားသည်၊ ဝံပုလွေများနှင့်ကခုန်သူသည် စိတ်ထဲ၌စနောင့်စ နင်းဖြစ်ကာ ကျန်ရစ်ခဲ့ရ၏၊ ခြေကန်ငှက်၏ ကြမ်းတမ်းသောအပြုအမူသည် သူ့စိတ် ကို ထိတ်လန့်ချောက်ချားစေသည်၊ သူသည် စိုးရိမ်ပူပန်စိတ်ဖြင့် တဲထဲ၌ငြိမ်ဆိတ် စွာထိုင်နေသည်၊

❐

ခြေကန်ငှက်သည် လေဆံပင်နှင့်ကျောက်ဆင်ပေါက်တို့၏ တဲများတွင် ခဏမျှဝင်၍ စကားစမြီပြောသည်၊ သူ့တဲဆီသို့ ပြန်လျှောက်လာသည့်အခါတွင်မူ သူသည် ပေါ်လာသည့်ပြဿနာအတွက် ဘဝင်မကျဖြစ်နေသည်၊ ဘယ်လိုပဲဖြစ်ဖြစ် အခုလိုဖြစ်လာလိမ့်မည်ဟုတော့ အစကတည်းက မျှော်လင့်ထားခဲ့ဖူး၏၊ သို့သော် လည်း သူမျှော်လင့်ထားသည့်အတိုင်း ဖြစ်လာခဲ့သည့်အခါတွင်မူကား ခေါင်းကတော့ ရှုတ်ရ၏၊ သူသည် သက်ပြင်းတစ်ချက်ချကာ'မဟာဝိညာဉ်တော်ကြီး'ကိုပင် တမ်းတ တိုင်တည်နေမိလေသည်၊

သူတဲထဲသို့ဝင်သွားချိန်တွင် လက်သီးနှင့်ရပ်သူသည် ထိုင်လျက်ရှိ၏၊ သူ သည် လက်သီးနှင့်ရပ်သူ၏ရှေ့၌ ရပ်လိုက်သည်။

"လက်သီးနှင့်ရပ်သူ၊ မင်းဟာ ဒီနေ့ကစပြီး မုဆိုးမတစ်ယောက်မဟုတ် တော့ဘူး"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် သူသည် တဲထဲမှပြန်ထွက်ကာ မြင်းဖိုင် ဆီသို့သွား၍ သူ့မြင်းကိုလိုက်ရှာသည်၊ သူတစ်ယောက်ထဲ မြင်းတစ်စီးဖြင့် ထွက်လပ်

www.burmeseclassic.com

www.burmeseclassic.com



စွာသွားလာလှုပ်ရှားလို၍ဖြစ်၏။

□

လေဆံပင်နှင့်ကျောက်ဆင်ပေါက်တို့ရောက်လာချိန်တွင် ဝံပုလွေများနှင့်ကခုန်သူသည် တဲထဲ၌ထိုင်လျက်ပင်ရှိသည်။ မိတ်ဆွေနှစ်ဦးက တဲတံခါးကိုဆွဲဖွင့်ယင်းသူ့ အားချောင်းကြည့်နေကြသည်။

"ခင်ဗျားက တဲထဲမှာဘာလုပ်နေတာလဲ"ဟု လေဆံပင်ကမေးသည်။

"ခြေကန်ငှက်ကစောင့်ခိုင်းထားလို့ စောင့်နေတာ"

ကျောက်ဆင်ပေါက်က တစ်စုံတစ်ရာကိုသိနေသည့်မျက်နှာထားဖြင့် ပြုံးဖြီးလုပ်နေသည်။ "စောင့်ဆိုလည်း စောင့်ပေါ့လေ. . ။ တစ်အောင့်လောက်ပဲကြာမယ်ထင်ပါရဲ့"ဟုပြောသည်။ "ခြေကန်ငှက်က အခုတော့ဖြင့် မြင်းတစ်စီးနဲ့ ပရေရီမြက်ခင်းဖက် ထွက်သွားပြီ။ အေးအေးဆေးဆေးမြင်းလျှောက်စီးမဲ့ပုံပဲ"

ဝံပုလွေများနှင့်ကခုန်သူသည် ဘာပြန်ပြောရမည်မသိဖြစ်နေသည်။ လေဆံပင်၏မျက်နှာ ပြုံးဖြီးဖြီးဖြစ်နေသည်ကိုတော့ သူသတိထားမိ၏။

"ကျုပ်တို့ဝင်လာလို့ရမလား"

"ရပါတယ်. . .၊ ဝင်ကြပါ၊ ထိုင်ကြပါ"

ညီ့သည်နှစ်ဦးသည် ဝင်ထိုင်ကြသည်။ သူတို့၏အမူအရာများသည် ပြောင်ချင်နောက်ချင်နေသည့် ကျောင်းသားလူငယ်များနှင့်တူနေသည်။

"ကျွန်တော်ခြေကန်ငှက်ကိုစောင့်နေတာပါ။ ခင်ဗျားတို့က ဘာကိစ္စရှိလို့လဲ"ဟု ဝံပုလွေများနှင့်ကခုန်သူကမေးသည်။

လေဆံပင်က "ခင်ဗျားလက်ထပ်ချင်နေတယ်ဆိုတဲ့ သတင်းကြားလို့လာကြတာပါ"ဟုပြောသည်။ ထို့နောက် ညီ့သည်များက ကျယ်လောင်စွာရယ်ကြသည်။

"ဘယ်သူ့ကို လက်ထပ်ချင်တယ်လို့ ကြားခဲ့တာလဲ"ဟု ဝံပုလွေများနှင့်ကခုန်သူကပြန်မေးသည်။

"လက်သီးနှင့်ရပ်သူကို လက်ထပ်ချင်တာလို့ ကျုပ်တို့ကြားခဲ့ရတာပဲ ဟုတ်သလား"ဟု လေဆံပင်ကပြောသည်။

"သူက ကွယ်လွန်သူ သူ့ယောကျ်ားအတွက် ဝမ်းနည်းကြေကွဲတဲ့ အထိမ်းအမှတ်လုပ်နေရတုန်းပါ။ သူဟာ. . ."

ဝံပုလွေများနှင့်ကခုန်သူ၏ စကားမဆုံးမီပင် ကျောက်ဆင်ပေါက်ကဝင်ပြောသည်။ "ဒီနေ့ကစပြီး အဲဒီအထိမ်းအမှတ်ပြီးသွားပြီ၊ သူ့ကို့ခြေကန်ငှက်က လွတ်မြောက်ခွင့်ပေးလိုက်ပြီ"

"ဟုတ်လား"ဟု ဝံပုလွေများနှင့်ကခုန်သူက ရေရွတ်သည်။

ညီ့သည်နှစ်ဦးက ပြိုင်တူခေါင်းညိတ်ပြကြသည်၊ ဝံပုလွေများနှင့်ကခုန်သူအဖို့တော့ ဝမ်းသာစရာသတင်းတစ်ခုဖြစ်၏။ သူ့အဖို့ သူချစ်သောလက်သီးနှင့်ရပ်သူ



အား တရားဝင်လက်ထပ်ခွင့်ကို ရရှိတော့မည်မဟုတ်ပါလား။ သို့သော်လည်း လက်ထပ်ထိမ်းမြားမှုနှင့်ပတ်သက်၍ ကိုမင်ချီတို့၏ထုံးတမ်းဓလေ့များကို သူနားမလည်။

"ကျွန်တော်ဘယ်လိုလုပ်ရမလဲ"ဟု သူကမေးသည်။

ညီ့သည်နှစ်ဦးသည် တဲအတွင်းကိုလှည့်ကြည့်ကြသည်။ ဘာပစ္စည်းမှ ဟုတ္တိပတ္တိမရှိသော အခြေအနေကိုကြည့်ကာ စိတ်ပျက်စိတ်ရှုပ်သွားကြသည်။ စိတ်မကောင်းသောမျက်နှာထားများဖြင့် ခေါင်းတခါခါလုပ်နေကြလေသည်။

"သူငယ်ချင်းရဲ့ အခြေအနေက အတော်ဆင်းရဲတာပါကလား"ဟု လေဆံပင်က ရေရွတ်သည်။ "ဒီပုံအတိုင်းဆိုရင် လက်ထပ်လို့ရပါမလား၊ သတို့သားအနေနဲ့ ခင်ဗျားဘက်က ပစ္စည်းတွေတင်ရမှာ၊ တဲထဲမှာလည်း အဖိုးတန်ပစ္စည်းဆိုလို့ ဘာတစ်ခုမှ မရှိပါကလား"

"ဟုတ်တယ်၊ ကျွန်တော့်မှာ ဘာပစ္စည်းမှကောင်းကောင်းမရှိဘူး"ဟု ဝံပုလွေများနှင့်ကခုန်သူက ဝန်ခံသည်။ တစ်ဆက်တည်းပင် "ခင်ဗျားတို့ ကျွန်တော့်ကို မကူညီနိုင်ကြဖူးလား"ဟုလည်းမေးသည်။

ညီ့သည်နှစ်ယောက်အနက် တစ်ယောက်က မျက်မှောက်ကုပ်နေသည်။ ကျန်တစ်ယောက်က ဦးခေါင်းကိုငုံ့ကာခေါင်းကုပ်သည်။ တဲထဲတွင် တစ်ခဏမျှငြိမ်ဆိတ်နေသည်။ ဝံပုလွေများနှင့်ကခုန်သူ၏မျက်နှာသည် ပူပန်သောကရောက်နေခြင်းကို ဖေါ်ပြလျက်ရှိပြီး ညီ့သည်နှစ်ဦးကတော့ စိတ်ရှုပ်သောမျက်နှာထားများဖြင့် ငေးကြည့်နေကြ၏။

□

လေဆံပင်နှင့်ကျောက်ဆင်ပေါက်တို့အဖို့ ပျော်စရာကောင်းသောနေ့တစ်နေ့ဖြစ်သည်။ သူတို့သည် ဝံပုလွေများနှင့်ကခုန်သူ၏ မူပျက်ပုံများကိုပြောတာ တဝါးဝါးတဟားဟား ပွဲကျနေကြသည်။ အထူးသဖြင့် ဝံပုလွေများနှင့်ကခုန်သူ၏ ရှက်စိတ်ကြောင့်ဖြစ်ပေါ်လာသော မျက်နှာအမူအရာများအကြောင်းကို တခြားလူများအား ဖောက်သည်ချကာ ပျက်လုံးထုတ်ကြသည်။ ရွာထဲ၌လျှောက်သွားနေကြသော သူတို့နှစ်ဦးသည် တစ်တဲဝင်တစ်တဲထွက်ကာ ဝံပုလွေများနှင့်ကခုန်သူအတွက် မြင်းများရရှိရေးအတွက် စည်းရုံးသွားကြသည်။

ကိုမင်ချီတို့အဖို့ လက်ထပ်မင်္ဂလာပွဲသည် အေးဆေးငြိမ်ဆိတ်စွာ ပြုလုပ်လေ့ရှိသောပွဲဖြစ်သည်။ သို့သော်လည်း ယခုပွဲတွင်မူ သတို့သားနှင့်သတို့သမီးတို့၏ ထူးခြားမှုနှင့် ပေါ်နီးများအပေါ်အောင်ပွဲရအောင်၊ ဦးဆောင်နိုင်သောသတို့သား၏ စွမ်းဆောင်နိုင်မှုတို့ကြောင့် တစ်ရွာလုံးရှိလူကြီးကလေး၊ မိန်းမ၊ ယောကျ်ားအားလုံးက စိတ်ဝင်စားကြသည်ဖြစ်ရာ တစ်ရွာလုံးလှုပ်လှုပ်ရွရွဖြစ်နေကြလေသည်။

လူတိုင်းကပင် ဤမင်္ဂလာပွဲတွင် ပါဝင်ဆင်နွှဲလိုကြခြင်း၊ ဝံပုလွေများနှင့်ကခုန်သူအား လက်ဖွဲ့ပစ္စည်းများဖြင့် ဂုဏ်ပြုလိုကြ၏။ တစ်ရွာလုံးသည် ဤမင်္ဂလာပွဲ၏

www.burmeseclassic.com

www.burmeseclassic.com



အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လိုကြ၏။ မြင်းအများအပြားပိုင်ဆိုင်သူများသည် မြင်းများကိုလက်ဖွဲ့ရန် ဝမ်းသာအားရဆုံးဖြတ်ကြသည်၊ ဆင်းရဲသောမိသားစုများက ပင်လျှင် သူတို့ဖင်အားဖြင့်မတတ်နိုင်သည့် တိရစ္ဆာန်များကိုမရရအောင်ရှာဖွေ၍ လက်ဖွဲ့မည်ဟု စီစဉ်ကြသည်။

ဤသို့ဖြင့် ညနေခင်းနေဝင်ဆည်းဆာချိန်တွင် ဝံပုလွေများနှင့်ကခုန်သူ၏ တဲရှေ့သို့ တစ်ရွာလုံးရှိလူများသည် မြင်းများကိုဆွဲ၍ရောက်လာကြသည်။ သူတို့ မြင်းများကို တဲရှေ့၌ချည်၍ထားပစ်ခဲ့ကြသည်၊ ညပိုင်းရောက်၍ ကောင်းကင်ထက်၌ ကြယ်များထွက်လာချိန်တွင် ဝံပုလွေများနှင့်ကခုန်သူ၏ တဲရှေ့မှာ မြင်းကောင်ရေ နှစ်ဆယ်ကျော်သွားခဲ့လေပြီ။

ဤမင်္ဂလာပွဲအတွက် နည်းပေးလမ်းပြဆရာကြီးများမှာ ကျောက်ဆင် ပေါက်နှင့်လေဆံပင်တို့ဖြစ်သည်။ သူတို့၏ညွှန်ကြားချက်အရ သတို့သားဖြစ်လာရန် အလားအလာရှိနေသော ဝံပုလွေများနှင့်ကခုန်သူသည် တဲရှေ့မှမြင်းများအားလုံးကို ဆွဲယူကာ ခြေကန်ငှက်၏တဲရှေ့၌ ချည်ထားသည်။

သူအမြတ်နိုးဆုံးသော ပစ္စည်းတစ်ခုကိုပါပေးလိုသော ဆန္ဒရှိနေသဖြင့် သူ ခါးမှခြောက်လုံးပြူးခါးပတ်ကိုဖြုတ်၍ တဲရှေ့တည့်တည့်၌ ချထားလိုက်သည်။ ထို့နောက် သူတဲသို့ပြန်လာခဲ့၏။ ပြီး တစ်ညလုံးမျှော်လင့်စောင့်စားသည့် အလုပ်ကို လုပ်သည်။

အရုဏ်တက်ချိန်ကျမှပင် သူသည် တဲအပြင်သို့ထွက်သည်၊ ခြေကန်ငှက် ၏တဲသို့ သွားရောက်ကြည့်ရှုရဦးမည်ဖြစ်၏။ လေဆံပင်၏အဆိုအရ သူ၏အဆိုပြုချက် ကို လက်ခံသည်ဆိုပါက မနေ့ညက သူကိုယ်တိုင်တဲရှေ့၌ ချည်ထားခဲ့သောမြင်းများ သည် တစ်ကောင်မှရှိတော့မည်မဟုတ်။ အကယ်၍ သူအဆိုပြုချက်ကို လက်မခံပါ မူကား မြင်းများသည် တဲရှေ့မှာပင်ရှိနေကြလိမ့်မည်ဖြစ်သည်၊

သူထားခဲ့သည့်မြင်းများသည် တဲရှေ့၌မရှိတော့ပေ၊

သူသည် တဲဆီသို့ပြန်လာပြီး သူကိုယ်သူအမြင်လှအောင် ပြုပြင်ရသည်။ သူသည် မုတ်ဆိတ်မွေးနှင့် ပါးဖုန်းမွေးများကိုရိတ်သည်။ ရှူးဖိနပ်များနှင့် ကျည်တာ အင်္ကျီတို့ကို ပြောင်လက်နေအောင်တိုက်ချွတ်သည်၊ ဆံပင်ကိုဆီလိမ်းကာ ကျကျနန ဖြီးသည်၊ အားလုံးပြင်ဆင်ပြီးသွားချိန်တွင် တဲအပြင်မှခြေကန်ငှက်၏အသံကို ကြားရ လေသည်။

"ဝံပုလွေများနှင့်ကခုန်သူ"

သတို့သားသည် တဲတံခါးကိုဆွဲဖယ်ကာ အပြင်သို့ထွက်ခဲ့၏၊ ခြေကန်ငှက် သည် အကောင်းဆုံးအဝတ်အစားများကို ဝတ်ဆင်ထားသည်။ သူသည် သတို့သား ထွက်အလာကို စောင့်ကြိုလျက်ရှိသည်၊ သူနောက်ဖက်ခြေလှမ်းအကွာ၌ ရပ်နေသူမှာ လက်သီးနှင့်ရပ်သူ. . .။ သူတို့နောက်တွင်မူ တစ်ရွာလုံးရှိလူအားလုံးသည် တည်ငြိမ် သောမျက်နှာထားများဖြင့် ရပ်နေကြလေသည်။



သူသည် ခြေကန်ငှက်နှင့် အပြန်အလှန်နှုတ်ဆက်စကားပြောသည်၊ ထို့ နောက် ခြေကန်ငှက်က ကိုမင်ချီလင်ယောကျ်ားတစ်ဦး စောင့်စည်းလိုက်နာရမည့် တာဝန်ဝတ္တရားများကို ပြောပြလျက်ရှိရာ တလေးတစားနားထောင်ရသည်။

ဝံပုလွေများနှင့်ကခုန်သူသည် သူ့အကြည့်ကို သတို့သမီးထံမှလွှဲဖယ်၍မ ရ၊ သူမသည် ဦးခေါင်းကိုငုံ့ကာငြိမ်သက်စွာရပ်နေသည်၊ သမင်ရေအင်္ကျီဝတ်စုံကို ဝတ်ထားသည်၊ အင်္ကျီပေါ်တွင် သမင်သွားများကို လှပစွာစီခြယ်ထားသည်၊ သူမ၏ခြေနှစ်ဖက်တွင် အထူးတလည်ချုပ်လုပ်ထားသော မော်ကာစင်ဖိနပ်ပျော့ကိုစီး ထားသည်၊ လည်ပင်းတွင်မူ အရိုးလည်ဆွဲလေးတစ်ကုံးဆွဲထားသည်၊

ခြေကန်ငှက်စကားပြောနေခိုက် တစ်ချိန်တွင် လက်သီးနှင့်ရပ်သူသည် ဝံပု လွေများနှင့်ကခုန်သူအား မော့ကြည့်သည်။ ဝံပုလွေများနှင့်ကခုန်သူအတွက် ဘယ် သောအခါမှကြည့်မဝ။ ရှုမဝဖြစ်မည့်အလှပိုင်ရှင်ဖြစ်ပါ၏၊ ခြေကန်ငှက်သည် ဘယ် အချိန်ကျမှ စကားပြောရပ်ပါမည်နည်း၊ ဒီနေ့အဖို့ ရပ်မှရပ်ပါတော့မည်လော၊ သို့သော်လည်း ပြောစရာစကားကုန်သွားသည့်အခါ ခြေကန်ငှက်သည် စကားပြော ရပ်သွားသည်၊

"ကျုပ်ပြောခဲ့တဲ့စကားတွေအားလုံးကို ကြားတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ကြားပါတယ်"

"ကောင်းတယ်"

သူသည် လက်သီးနှင့်ရပ်သူဘက်လှည့်၍ ရှေ့သို့တိုးလာရန်ခေါ်သည်၊ သူမသည် ဦးခေါင်းကိုငုံ့ထားဆဲ၊ ခြေကန်ငှက်သည် သူမ၏လက်ကိုဆွဲကာ ဝံပုလွေ များနှင့်ကခုန်သူ၏လက်သို့ အပ်နှင်းသည်၊ တဲအတွင်းသို့ခေါ်သွားနိုင်ပြီဟုလည်း အသိပေးသည်၊

သူတို့စုံတွဲ တဲထဲသို့ဝင်ရောက်ပျောက်ကွယ်သွားသည့်အခါ လက်ထပ်ပွဲ သည်ပြီးဆုံးသည်၊ ရွာသူရွာသားအားလုံးသည် ငြိမ်ငြိမ်ဆိတ်ဆိတ်ပင် လူစုခွဲကာ သူ တို့တဲများဆီသို့ ပြန်သွားကြသည်၊

ထိုနေ့တစ်နေ့ခင်းလုံး ဝက်ဝံကြီး၏ရွာထဲမှလူများသည် လက်ထပ်ပြီးစဇနီး မောင်နှံ၏ တဲတံခါးဝသို့လာ၍တိတ်တိတ်ဆိတ်ဆိတ်ကလေး မင်္ဂလာလက်ဖွဲ့ပစ္စည်း များကို လာထားကြသည်။ လက်ဆောင်များချအပြီးတွင် ချက်ခြင်းပြန်လည်ထွက်ခွာ သွားကြသည်။ နေဝင်ချိန်တွင်မူ တဲရှေ့တွင် လက်ဆောင်ပစ္စည်းအ မြောက်အများ နှင့်လိုက်အပုံလိုက်ဖြစ်သွားခဲ့လေပြီ။

လူဖြူတို့၏ ခရစ္စမတ်ပွဲတော်လက်ဆောင်များနှင့် တူလှချေသည်၊

ဤအချိန်ကာလအတွင်းတွင် လူအများသည် သူတို့လာသည်ကို ဇနီး မောင်နှံစုံတွဲ မမြင်အောင်မသိအောင်သွားလာ လှုပ်ရှားကြသည်။ ကိုမင်ချီလူမျိုးတို့ ၏ လှပသောဓလေ့ထုံးစံတစ်ခုဖြစ်ချေသည်။ ဇနီးမောင်နှံအနေဖြင့်လည်း သူ လက်ထပ်ပြီးစ မင်္ဂလာဦးညတွင် ဘယ်သူနှင့်မှလည်းမတွေ့ရ။ သူတို့အတွက်လာမို့

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် လက် ဖွဲ့ပစ္စည်းများကိုလည်းမမြင်ရ၊ ထိုညတွင် သူတို့သည် အိမ်ထဲကအိမ်ပြင်သို့မထွက်ကြ၊ တဲတံခါးချပ်သည် တစ်ညတာပတ်လုံးပိတ်လျက် ရှိလေသည်။

□□□

|၂၈|

လက်ထပ်ပွဲပြီး၍ နှစ်ရက်မျှအကြာတွင် အဆင့်မြင့်ကောင်စီအစည်းအဝေးတစ်ရပ်ကျင်းပသည်။ မကြာသေးခင်ကမှ ရွာခဲ့သောမိုးကြီးသည် မြက်ခြောက်များကို ပြန်လည်ရှင်သန်လန်းဆန်းလာစေခဲ့သည်။ ဆောင်းရာသီသည် နောက်တစ်ကြိမ်မှဝင်လာမည်မှာ သေချာသလောက်ဖြစ်သွားပြီဟု ယူဆနိုင်သည်။ မြင်းများအတွက်ကတော့ အစာရေစာဆက်လက်ပေါများလိမ့်ဦးမည် တွက်နိုင်၏။ ထို့ကြောင့်လည်း ဤနေရာ၌ နောက်ထပ်ဆက်လက်နေထိုင်ခြင်းအားဖြင့် အစားအစာဝလင်စွာ စားသောက်နိုင်ပြီး ပေါင်ချိန်တိုးလာလိမ့်မည်ဖြစ်သည်၊ ဤသို့ဖြင့် သူတို့သည် နောက်ထပ်ဤစခန်း ၌ သီတင်းနှစ်ပတ်မျှ ဆက်လက်နေထိုင်သွားရန် ဆုံးဖြတ်ခဲ့ကြလေ၏။

ဝံပုလွေများနှင့်ကခုန်သူရော လက်သီးနှင့်ရပ်သူပါ အချစ်ရေယာဉ်ကြောတွင် မျောပါလျှက်ရှိကြသည်၊ လက်ထပ်ပြီးစ ပထမပိုင်းရက်များအတွင်းတွင် နှစ်ဦးစလုံးအပြင်သို့မထွက်ကြ အခုလိုအချိန်မျိုးတွင် ခရီးရှည်ကြီးတစ်ခုထွက်ရမည့်အရေးကို သူတို့မတွေးနိုင်၊ မတွေးချင်၊ ရွာသူရွာသားများအနေဖြင့် သူတို့၏တဲတံခါးပွင့်လာသည်ကို အလွန်တွေ့ရခဲသည်။

မည်သို့ပင်ဖြစ်စေ ဝံပုလွေများနှင့်ကခုန်သူသည် မကြာမကြာတဲအပြင်သို့ထွက်လာတတ်သည်။ ထိုအချိန်မျိုးတွင် သူ့အားအမြဲတစေ ကျီစယ်နောက်ပြောင်တတ်သူမှာ လေဆံပင်ဖြစ်၏။ သူ့အားမြင်တွေ့လိုက်သည့်အခါတိုင်း လေဆံပင်တာ "အော် . . . အိပ်ရာထဲကထွက်သေးသကိုး"ဟူသော စကားမျိုးဖြင့် နောက်ပြောင်လေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။

ဝံပုလွေများနှင့်ကခုန်သူအဖို့တော့ သူ့တဲ၏အပြင်လောကသည်လည်း ပျော်စရာပင်ဖြစ်သည်။ လေဆံပင်နှင့်ကျောက်ဆင်ပေါက်တို့ကို အဖေါ်ပြုကာ နေ့ရောညပါ နီးပါးမျှ အမဲလိုက်သည်။ သူတို့သုံးဦးသည် အမြဲတစေတွဲ၍ထွက်လေ့ရှိသဖြင့် ထေ ပေါင်းကြီးဖေါ်များသဖွယ်ဖြစ်လာခဲ့ကြလေ၏။

သူသည် ခြေကန်ငှက်နှင့်လည်း မကြာခဏဆုံကာ စကားပြောဖြစ်သည်။ သူသည် ကိုမင်ချီဘာသာစကားကို သွက်သွက်လက်လက်ပြောနိုင်နေပြီဖြစ်၍ ခြေ ကန်ငှက်ကလည်း အကြောင်းအရာမျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့်ပြောလေ့ရှိသည် ဖြစ် ရာ ကိုမင်ချီများနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်အရာမှန်သမျှကို သိနား လည်လာခဲ့သည်။ အထူးသဖြင့် လူမျိုးစုသမိုင်းနှင့်ဆေးဝါးများအကြောင်းကို သူ လာသိရှိခွင့် ရခဲ့ရုံမျှမက၊ ဝိညာဉ်လောကဆိုင်ရာ စိတ်ဝင်စားစရာကိုပါ သိနားလည် ခွင့်ရခဲ့၏။

ကိုမင်ချီတို့၏ ဘာသာရေးသည် ရိုးရိုးစင်းစင်းကလေးဖြစ်သည်။ သူတို့၏ ယုံကြည်ကိုးကွယ်မှုသည် သတ္တဝါတို့၏သဘာဝပတ်ဝန်းကျင်နှင့် ယင်းတို့အား ဝိုင်းရံ ၍ပြုပြင်ဖေးနေသည့် သဘာဝအင်အားစုများပေါ်၌ အခြေခံသည့်ဘာသာရေးဆိုင် ရာပွဲများ၊ အခမ်းအနားများနှင့်မပြုရ မလုပ်ရဟူသော တားမြစ်ပိတ်ပင်မှုတွေကတော့ ဖြင့်များလှ၏။

မည်သို့ပင်ဖြစ်စေ သူစခဲ့ရသည့်ဘဝသစ်သည် ယခင်ဘဝဟောင်းထက် ပို၍သာယာချမ်းမြေ့စွာနေလို့ရခဲ့၏။ သူ၏မူလဇာတိရုပ်ကို မဆုံးရှုံးရပေမဲ့လည်း အစ စအရာရာ ကိုမင်ချီတစ်ယောက်သဖွယ် နေထိုင်လို့ကတော့ရနေသည်။

ခြေကန်ငှက်ကတော့ ဝံပုလွေများနှင့်ကခုန်သူအားကြည့်ကာ များစွာဂုဏ် ယူလျက်ရှိ၏။ သူ့တပည့်တစ်ယောက်သဖွယ်ဖြစ်နေသော ဝံပုလွေများနှင့်ကခုန်သူ အားကြည့်ကာ သူပြုပြင်ပြောင်းလဲပေးလိုက်သည့်အတိုင်း ဖြစ်လာသည့်အတွက် များစွာဝမ်းသာလျက်ရှိသည်။

ညတစ်ည ညစာစားပြီးစ လမ်းလျှောက်ထွက်ကြသည့်အခါ ခြေကန်ငှက် သည် သူ့လက်တစ်ဖက်ဖြင့် ဝံပုလွေများနှင့်ကခုန်သူ၏ပခုံးကို တရင်းတနှီးဆုပ်ကိုင်ပြီး ထူးခြားသောစကားတစ်ခွန်းကိုပြောသည်။

"ခင်ဗျားရဲ့ဘဝမျိုးဟာ အတိတ်ကအရိပ်လို လိုက်ပါလာတဲ့ဖြစ်ရပ်တွေ အ များကြီးရှိနေတတ်တယ်။ ဒီလိုဘဝခရီးမျိုးကို ဖြောင့်ဖြောင့်တန်းတန်းလျှောက်နိုင် ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး လူနည်းစုလောက်သာလျှောက်နိုင်ကြတာပါ အခုဆိုရင် ခင်ဗျားဟာ ဒီလမ်းကြောင်းပေါ်မှာရောက်နေပါပြီ။ ကျုပ်အနေနဲ့ကတော့ ဒီလမ်းကြောင်းပေါ်မှာလျှောက်သွားနေတဲ့ ခင်ဗျားကိုမြင်ရတွေ့ရတာ ဝမ်းလည်း သာတယ်၊ စိတ်လည်းကြည်နူးချမ်းမြေ့ရပါတယ်"

ဝံပုလွေများနှင့်ကခုန်သူသည် ထိုစကားများကို အသေအချာမှတ်သား



ထားသည်၊ အဖိုးတန်စကားများဖြစ်သည်။ အသိအမှတ်ပြုကာ ရင်ထဲ၌သိမ်းဆည်း ထားသည်၊ သို့သော်လည်း မည်သူ့ကိုမှဖွင့်မပြော၊ သူ့ဇနီး လက်သီးနှင့်ရပ်သူတိုပင် အသိမပေး၊ သူသည် ထိုစကားများကို သူ၏ကိုယ်ပိုင်ဆေးတစ်ခွက်အဖြစ် သတ်မှတ် ထားခဲ့လေသည်။

❐

တစ်နှာလုံး စခန်းပြောင်းခရီးရှည်ကြီးမစတင်မီ ရက်အနည်းငယ်မျှအလို တစ်နံနက်တွင် ခြေကန်ငှက်သည် ဝံပုလွေများနှင့်ကခုန်သူထံရောက်လာသည်၊ ထူးခြားသောနေရာတစ်နေရာသို့ ခရီးထွက်မည်ဖြစ်ကြောင်း၊ ထိုခရီးမှာ ခရီးဝေး ဖြစ်၍ တစ်နေကုန်ပြီး ညပိုင်းကျမှပြန်ရောက်မည်ဖြစ်ကြောင်း အကယ်၍ လိုက်လို သည့်ဆန္ဒ ရှိပါက သူနှင့်လိုက်လာစေလိုကြောင်းပြောသည်။

သူတို့သည် ပရေရီမြက်ခင်းကြီးအလည်မှဖြတ်ကာ အရှေ့တောင်စူးစူးသို့ နာရီပေါင်းများစွာ မြင်းကိုယ်စီဖြင့်ခရီးနှင်လာခဲ့ကြ၏။ သူတို့ရောက်လာသည့်နေရာ ဒေသသည် အဆမတန်ကြီးမားကျယ်ပြန့်လှပေသည်။ သူတို့သည် စကားကိုများများ စားစားမပြောကြ၊ ခရီးကိုသာတွင်အောင်နှင်လာခဲ့ကြလေ၏

နေ့တစ်ဝက်ခရီးအချိန်တွင် သူတို့သည် တောင်စူးစူးသို့ဦးတည်၍ သွားကြ သည်၊ တစ်နာရီခန့်သွားမိသောအခါ ဆင်ခြေလျှောကြီးတစ်ခု၏ထိပ်သို့ ရောက်ခဲ့ကြ ၏၊ ဆင်ခြေလျှောအတိုင်း ဆင်းသွားမည်ဆိုပါက တစ်မိုင်ခန့်အကျယ်ရှိသော မြေအ ပြင်သည် မြစ်ကမ်းစပ်နှင့်ဆက်လျက်ရှိသည်၊ လှမ်းမျှော်ကြည့်လိုက်သည့်အခါ အရှေ့ နှင့်အနောက်ဘက်သို့ ပြန့်သွားနေသောမြစ်ရေပြင်ကို မြင်နေရသော်လည်း ရှေ့တည့် တည့်မှမြစ်ရေပြင်ကိုမူ အလွန်ကြီးမားသောတောအုပ်ကြီးက ကွယ်ထားသဖြင့် လုံးဝ မမြင်ကြရချေ။

ဝံပုလွေများနှင့်ကခုန်သူသည် မျက်တောင်ကိုအကြိမ်ကြိမ်ခပ်ကာ ရှေ့ တည့်တည့်မှမြင်ကွင်းကို မယုံကြည်နိုင်သည့်မျက်နှာထားဖြင့် ထပ်တလဲလဲကြည့်နေ မိသည်။ သူမြင်ဖူးခဲ့သမျှသစ်ပင်များထဲတွင် အမြင့်ဆုံးသစ်ပင်များဖြစ်ချေသည်၊ သူရောက်နေသောနေရာများသည် များစွာအလှမ်းဝေးလှသဖြင့် သစ်ပင်ကြီးများ၏ အမြင့်ပေများကို အတိအကျမှန်းဆရန် ခက်ခဲလှ၏။ သူ့စိတ်အထင်ပြောရလျှင် အချို့ သစ်ပင်ကြီးများသည် ပေခြောက်ဆယ်၊ ပေခုနစ်ဆယ်ခန့်မြင့်လိမ့်မည်ထင်၏။

တောအုပ်သည် မြစ်တလျှောက်အောက်ဖက်အထိ တစ်မိုင်ခန့်ရှည်လျား လိမ့်မည်ဖြစ်သည်၊ ပတ်ပတ်လည်တွင်မူ မြေပြင်နှင့်ရေပြင်တို့က ဝိုင်းရံထားသည် ဖြစ်ရာ ရင့်သပ်ရှုမောဖွယ်ကြည့်ဘွယ်ကောင်းလောက်အောင် ထူးခြားလှပသည့်မြင်ကွင်း တစ်ခုဖြစ်သည့်အားလျော်စွာ လူတို့မြင်နိုင်စွမ်းမရှိသည့် ဝိညာဉ်တစ်ခုက ဖန်ဆင်း တည်ဆောက်ထားခဲ့လေသလောဟုပင် ထင်ရလောက်ပေသည်။

"ဒီနေရာဟာ တကယ်ကိုတည်ရှိနေတဲ့ နေရာမှဟုတ်ပါလေစ" ဟု ဝံ

www.burmeseclassic.com

www.burmeseclassic.com



ပုလွေမှုတ်နှင့်ကခုန်သူက တအံ့တသြရေရွတ်သည်။

ခြေကန်ငှက်က ကျေနပ်အားရသောမျက်နှာထားဖြင့်ပြုံးသည်။

"ဟုတ်ချင်မှလည်း ဟုတ်ပေလိမ့်မည်ဗျာ။ ဒီနေရာဟာ ကျုပ်တို့လူမျိုးအတွက်တော့ မြင့်မြတ်တဲ့နေရာတစ်ခုပဲ။ ကျုပ်တို့ရဲ့ရန်သူတချို့ကတောင်မှ သူတို့အတွက်မြင့်မြတ်တဲ့နေရာလို့ သတ်မှတ်ထားကြတယ်။ ဒီနေရာကနေပြီး သားကောင်တွေဟာ အသစ်တဖန်ပြန်လည်ပေါက်ဖွားလာကြတယ်လို့ လူတွေက ပြောစမှတ်ပြုကြတယ်။"

"ဒီနေရာက သစ်ပင်ကြီးတွေဟာ မဟာဝိညာဉ်တော်ကြီးကဖန်တီးပေးထားတဲ့ တိရစ္ဆာန်တိုင်းကိုလုံခြုံအောင် အကာအကွယ်ပေးထားကြတယ်။ လူတွေတပြောကြတယ်။ တိရစ္ဆာန်တွေဟာ ဒီနေရာမှာအသက်ဝင်ကြတယ်။ ဘဝကိုအစပြုကြတယ်တဲ့။ မကြာမကြာဆိုသလို သူတို့ဟာ သူတို့ရဲ့မွေးရပ်ဖြစ်တဲ့ဒီနေရာကို ပြန်ပြန်လာတတ်ကြတယ်တဲ့။ ကျုပ်ဒီနေရာကို မရောက်ခဲ့တာကြာပြီ။ ကျုပ်တို့မြင်းတွေကိုရေတိုက်ပြီးရင် လျှောက်ကြည့်ကြတာပေါ့။"

တောအုပ်ကြီးအနီးသို့ရောက်သွားသည့်အခါ သစ်ပင်ကြီးများ၏အားမာန်သည် ပို၍ကြီးမားလာသည်။ တောအုပ်ကြီးထဲဝင်သွားသည့်အခါ ဝံပုလွေများနှင့်ကခုန်သူသည် သူကိုယ်သူအလွန်သေးငယ်သည့် သတ္တဝါလေးတစ်ကောင်ဟုရင်ထဲ၌ ခံစားလာရ၏။ သမ္မာကျမ်းစာထဲက "အာဒမ်၏ပန်းဥယျာဉ်"ကိုပင် ပြေး၍သတိရလိုက်မိလေသည်။

သူတို့အား အနီးကပ်ပတ်လည်ဝိုင်းနေသော သစ်ပင်ကြီးများကြောင့် နှစ်ဦးစလုံး၏စိတ်ထဲတွင် တစ်ခုခုတော့မှားနေပြီဟု ထင်လာကြသည်။ အသံဆို၍ဘာသံမှမကြားရ တိတ်ဆိတ်ခြင်းသည် ကြီးမားလွန်းလှပါဘိ၏။

"သိတ်ကိုတိတ်ဆိတ်တာပဲ"ဟု ဝံပုလွေများနှင့်ကခုန်သူက မှတ်ချက်ချသည်။ ခြေကန်ငှက်က ဘာမှပြန်မပြော။ သူသည် ကြောင်တစ်ကောင်သဖွယ်နားစွင့်လျက်ရှိ၏။

တိတ်ဆိတ်ခြင်းသည် တောနက်ပိုင်းထဲရောက်သွားလေ နက်ရှိုင်းလေဖြစ်လာသည်။ နှစ်ဦးစလုံးသည် အသက်ရှူ၍မရအောင်ပင် မွန်းကျပ်လာသည်။ ဝံပုလွေများနှင့်ကခုန်သူသည် ဤတိတ်ဆိတ်မှုကြီးကိုဖြစ်ပေါ်တည်ရှိလာအောင်လုပ်နိုင်သည့်အရာဟူ၍ တစ်ခုထဲသာရှိနိုင်သည်ဟု စိတ်နှလုံးတုန်လှုပ်စွာဖြင့် တွေးလိုက်မိ၏။ သူသည် ယင်းအရာ၏အနံ့ကိုပါ ရှူရှိုက်နေပါသည်။ ယင်းအရာ၏အရသာကိုလည်း သူ၏လျှာပေါ်တွင်ရှိနေသည်။

သေခြင်းသည် လေထုအတွင်း၌ပျံ့နှံ့လျက်ရှိသည်။

ခြေကန်ငှက်သည် သူ့မြင်းဇက်ကြိုးကိုဖွတ်ခနဲဆွဲ၍ ရပ်လိုက်၏။ လမ်းသည်ကျယ်ပြန့်လာသည်။ ဝံပုလွေများနှင့်ကခုန်သူသည် သူ့ဆရာ၏ပခုံးပေါ်မှကျော်၍ ရှေ့တည့်တည့်သို့မျှော်ကြည့်လိုက်မိသည်။ သူမြင်တွေ့လိုက်ရသည့်အလု



ကြောင့် တုန်လှုပ်ရပြန်သည်။

သူတို့ရှေ့တည့်တည့်တွင် မြေပြန့်ကွင်းပြင်ကြီးရှိသည်။ သစ်ပင်များသည် ဟိုတစ်စုသည်တစ်စုပေါက်ရောက်နေကြသည်။ ထိုသစ်ပင်အုပ်စုများကြား၌ တဲများလူများနှင့်မြင်းများကိုမြင်ရသည်။ ဝက်ဝံကြီး၏ရွာဖြစ်ပေသည်။ နေရောင်ခြည်သည် မြေပြင်ပေါ်သို့ ပြောက်တိပြောက်ကျားကျဆင်းလျက်ရှိလေသည်။

သူသည် ပတ်ဝန်းကျင်ရှိသက်ရှိအရာအားလုံးနှင့်လိုက်လျောညီထွေဖြစ်အောင် ငြိမ်းချမ်းစွာနေတတ်သောလူများကို စိတ်အာရုံထဲတွင်မြင်နေရ၏။ စိတ်ကူးထဲ၌သာရှိတတ်သော လူ့အဖွဲ့အစည်းကလေးတစ်ရပ်ဖြစ်၏။ လူ၏လက်သည် ဤလဟာပြင်ကြီးပေါ်တွင် ဘယ်အရာကမှယှဉ်ပြိုင်၍မရနိုင်သောအလှကိုလည်း တည်ဆောက်နိုင်၏။ မည်သို့ပင်ဆိုစေ လူ၏လက်သည် ထိုအရာအားလုံးကို ဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။ ဤနေရာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဖျက်စီးချင်တိုင်းဖျက်စီးကာ နိမ့်ကျယုတ်ညံ့သွားအောင်ပြုလုပ်သွားခြင်းကို ခံထားရလေသည်။

သစ်ပင်ကြီးများသည်လဲကျနေကြ၏။ အချို့မှာ တစ်ပင်ပေါ်တစ်ပင်တင်နေကြသည်။ စားပွဲတစ်လုံးပေါ်တွင် သွားကြားထိုးတံများ ပြန့်ကျဲကျနေသည်နှင့်တူလှချေသည်။ သစ်ပင်အများအပြားမှ ကိုင်းများကိုပင်မခုတ်ဘဲထားခဲ့ကြ၏။ သူတို့ဘာကြောင့်ဤသစ်ပင်များကို အခုလိုခုတ်လှဲပစ်ကြရပါသနည်း။ သူစဉ်းစား၍မရချေ။

သူတို့မြင်းများကို ရှေ့သို့ဆက်၍နှင်ခဲ့ကြသည်။ ဝံပုလွေများနှင့်ကခုန်သူ၏နားထဲတွင် တစ်ဝီဝီ၊ တစ်စီစီမြည်သံများကြားနေရသည်။ ပထမတော့ သူသည် ဖျားများပျံသန်းနေသည်ဟု ထင်မိ၏။ သို့သော်လည်း ထိုအသံများသည် ခေါင်းအထက်ဖက်မှလာနေကြသည်မဟုတ်။ မြေပြင်ပေါ်မှလာနေခြင်းဖြစ်သည်။ ထောင်ပေါင်းများစွာသော ယင်ကောင်များ၏အသံပေတည်း။

နေရာတိုင်းတွင် တိရစ္ဆာန်အသေကောင်များဖြင့် ပြည့်လျက်ရှိသည်။ အသေးစားတိရစ္ဆာငယ်များဖြစ်၏။ ရှဉ့်များ၊ ခွေးတူဝက်တူများနှင့် ပြောင်ဦးချိုများဖြစ်၏။ သူတို့အားလုံးပစ်သတ်ခံခဲ့ရသည့် နေရာများတွင် ပုပ်ပွလျက်ရှိကြသည်။

ပတ်ပတ်လည်တွင် သမင်အသေကောင်အများအပြားကိုမြင်နေရသည်။ အသေကောင်အများအပြားမှာ ရုပ်ဆင်းအင်္ဂါပျက်လောက်အောင်'ဖျက်'၍ အသားအားလုံးကိုယူသွားကြသည်။ အနည်းငယ်မျှမှာမူ လိုချင်သည့်အသားအနည်းငယ်မျှကိုသာလှီးယူပြီး စွန့်ပစ်ထားခဲ့ကြခြင်းဖြစ်သည်။ တစ်နေရာတွင်မူ တန်းစီ၍ချထားသော သမင်ခေါင်းပြတ်အများအပြားကို မြင်ကြရ၏။

လူနှစ်ယောက်သည် မြင်းပေါ်မှမဆင်းပဲ ရှေ့သို့ဆက်စီးသွားသည်။ နောက်တစ်နေရာတွင်မူ ယိုင်တိယိုင်နဲ့ဖြစ်နေသော တဲစုတ်ကလေးတစ်တဲကိုမြင်ရသည်။ တဲအနီး တွင် ဝီစကီပုလင်းကွဲများစွာသည် စုပုံလျက်ရှိသည်။ လက်ဖက်ရည်ပန်းကန်ကွဲတစ်လုံး၊ ပေါက်ပြဲနေသောခါးပတ်တစ်ခုနှင့် ကျိုးပျက်နေသောစိန်ယ်တစ်

www.burmeseclassic.com



လက်တို့သည်လည်း ဟိုတစ်ခုသည်တစ်ခု ပြန့်ကြဲနေကြလေသည်။

ပတ်ဝန်းကျင်သည် ယင်ကောင်များ၏အသံမှာ ဆူညံလျက်ပင်ရှိသည်။ ဝံပုလွေများနှင့်ကခုန်သူသည် ခြေကန်ငှက်အား တစ်ချက်လှမ်းကြည့်သည်။

"ဒီလူတွေရောက်အလာကို ကျွန်တော်တို့စောင့်ကြဦးမလား"

မစောင့်တော့ဘူး၊ ဒီလူတွေထွက်သွားတာ တစ်ပတ်ကျော်ကျော်လောက်ရှိပြီ၊ ကျွန်တော်တို့မြင်းတွေကို ရေတိုက်ပြီးရင် အိမ်ပြန်ကြရအောင်ဟု ခြေကန်ငှက်က ဖြေသည်။

❐

အပြန်ခရီးတွင် လူနှစ်ယောက်သည် စကားတစ်ခွန်းမှမပြောဖြစ်ကြပဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်ဆိတ်လာကြသည်။ ခြေကန်ငှက်၏မျက်နှာထားသည် ဝမ်းနည်းကြေကွဲခြင်းကိုဖေါ်ပြနေသည်။ ဝံပုလွေများနှင့်ကခုန်သူကတော့ ဦးခေါင်းကိုငုံ့ထားသည်။ သူ့လူမျိုးဖြစ်သော လူဖြူများ၏လုပ်ရပ်အတွက် ရှက်စိတ်ဝင်လျက်ရှိသည်။ ထို့ပြင်လည်း သူ့ရှေးဟောင်းတောင်ကြားတစ်ခုအတွင်းသို့ ရောက်ခဲ့စဉ်တမက်ဖူးခဲ့သည့် အိပ်မက်ကိုပြန်၍စဉ်းစားနေမိသည်။

သူသည် ထိုအိပ်မက်နှင့်ပတ်သက်၍ ဘယ်သူ့ကိုမှအသိမပေးခဲ့၊ အခုတော့လည်း ပြောပြချင်စိတ်ဖြစ်ပေါ်လာသည်။ သူစဉ်းစား၍ရသလောက်ဆိုပါက ထိုအိပ်မက်သည် သာမန်မက်ရိုးမက်စဉ် အိပ်မက်တစ်ခုဟုတ်ပုံမရ၊ အကြားအမြင်အာရုံတစ်ခု သူ့စိတ်၌ထင်ဟပ်လာခြင်း ဖြစ်လိမ့်မည်ဟုထင်၏။

မြင်းများကိုရပ်၍ ရေတိုက်နေကြစဉ်မှာပင် သူသည် ခြေကန်ငှက်အား ထိုအိပ်မက်ကိုအသိပေးသည်။ ခြေကန်ငှက်သည် အိပ်မက်အကြောင်းကို အာရုံစိုက်ပြီးနားထောင်သည်။ ဆုံးသွားသည့်အခါ သူသည် ဣန္ဒြေကြီးသောမျက်နှာထားဖြင့် ဦးခေါင်းကိုငုံ့ထားသည်။

"အိပ်မက်ထဲမှာ ကျုပ်တို့အားလုံးသေကုန်သလား"

"မြင်နေရတဲ့လူတိုင်းသေတယ်၊ ဒါပေမယ့် ကျွန်တော်တို့လူတွေတော့ မဟုတ်ဘူး"ဟု ဝံပုလွေများနှင့်ကခုန်သူကဖြေသည်။

"ဒီအိပ်မက်ကို ဝက်ဝံကြီးကြားထားသင့်တယ်"ဟု ခြေကန်ငှက်ကပြောသည်။

သူတို့သည် မြင်းများပေါ်သို့ခုန်တက်ကာ ပရေးရီးမြက်ခင်းပြင်ကိုဖြတ်၍ မြင်းများကိုစိုင်းခဲ့ကြသည်။ နေဝင်ပြီးမကြာခင်မှာပင် သူတို့သည် စခန်းသို့ပြန်လည်ဆိုက်ရောက်သွားကြလေသည်။

❐

လူနှစ်ယောက်သည် မြတ်သောတောအုပ်အတွင်းမှ အရှိအရသေအကိုင်း



အရှိုင်းကင်းမဲ့စွာ ဖြုံလုပ်သွားသောဆိုးဝါးယုတ်မာသည့်ဖြစ်ရပ်ကို သူတို့မြင်တွေ့ခဲ့သည့်အတိုင်း ဝက်ဝံကြီးထံတင်ပြသည်။ ထိုလုပ်ရပ်ကို လူဖြူအမဲလိုက်အဖွဲ့တစ်ဖွဲ့က ကျူးလွန်သွားခြင်းဖြစ်လိမ့်မည်ဟုလည်း ပြောပြကြသည်။ လူဖြူမုဆိုးများသည် ကျွဲအုပ်နောက်သို့လိုက်လာသည့် အဖွဲ့တစ်ဖွဲ့ဖြစ်လိမ့်မည်ဟု ယူဆရကြောင်း၊ မြတ်သောတောအုပ်အတွင်းမှ တိရစ္ဆာန်အများအပြားကို အခုလိုသတ်ဖြတ်သွားခြင်းသည် သွားရင်းဟန်လွှဲလုပ်သွားသည်ဟု ထင်မြင်ကြောင်း စသည်များကိုပါရှင်းပြကြလေသည်။

ဝက်ဝံကြီးသည် စကားအဆုံးတွင် ခေါင်းတညိတ်ညိတ်လုပ်ကာ စဉ်းစားနေသည်။ ပြန်လှန်၍မေးခွန်းများမေးခြင်းမပြု။ ထိုအချိန်မှာပင် ဝံပုလွေများနှင့်ကခုန်သူသည် သူ့အိပ်မက်ကိုအစမှအဆုံး ဒုတိယအကြိမ်ပြောပြပြန်သည်။

အိပ်မက်အကြောင်း ကြားခဲ့ရပြီးသည့်နောက်တွင်လည်း ဝက်ဝံကြီးသည် ဘာစကားမှမပြောပဲ ငြိမ်နေသည်။ တစ်စုံတစ်ရာဝေဖန်ခြင်းလည်း မပြုပဲ. . . သူ့ဆေးတံကိုတောက်ယူကာ "ဒီပြဿနာကိုစဉ်းစားဖို့ ငါတို့ဆေးတံသောက်ကြသေးတာပေါ့"ဟု ပြောသည်။ သူတို့သည် ဆေးတံကို တစ်ယောက်တစ်လှည့်ဖွာရှုနေကြသည်။ ဝံပုလွေများနှင့်ကခုန်သူကတော့ ဤကိစ္စကို ဝက်ဝံကြီးစဉ်းစားပြီးပြီဟု ယူဆသည်။ ကြာလာတော့လည်း သူသည် စိတ်မရှည်နိုင်အောင်ဖြစ်လာသည်။ နောက်ဆုံးတွင် သူသည် သူ့ရင်ထဲ၌မျိုသိပ်ထားနေရသည့်စကားများကို ပြောမှဖြစ်တော့မည်ဟု ဆုံးဖြတ်သည်။

"ကျွန်တော့်အနေနဲ့ ပြောစရာရှိတာတွေကို ဆက်ပြောချင်ပါသေးတယ်"ဟု သူကပြောသည်။ အဖိုးကြီးက ခေါင်းညိတ်ပြသည်။

"ကျွန်တော့်နဲ့ခြေကန်ငှက်တို့ စကားစပြီးပြောကြတုန်းက သူက မေးခွန်းတစ်ခုမေးခဲ့ဖူးပါတယ်"ဟု ဝံပုလွေများနှင့်ကခုန်သူက စပြောသည်။ "သူ့မေးခွန်းကို ကျွန်တော်မဖြေနိုင်ခဲ့ပါဘူး၊ သူက 'နောက်ထပ် လူဖြူတွေ ဘယ်လောက်များများ ထပ်လာဦးမှာလဲ'လို့ မေးခဲ့ပါတယ်။ ကျွန်တော်ကလည်း 'မသိပါဘူး'လို့ ဖြေခဲ့ပါတယ်။ အဲဒီအဖြေဟာ အမှန်အတိုင်းဖြေခဲ့တာပါ။ သူတို့ဘယ် လောက်များများ ထပ်ပြီးလာမယ်ဆိုတာ ကျွန်တော်မသိတာအမှန်ပါ၊ ဒါပေမယ့် ကျွန်တော်ပြောနိုင် တာတစ်ခုတော့ လာရင်တော့အများကြီးလာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ထားပါတယ်။

"လူဖြူတွေဟာ လူဦးရေအများကြီးရှိနေပါတယ်၊ ကျွန်တော်တို့ မရေတွက်နိုင်လောက်အောင်ကိုများပါတယ်။ တကယ်လို့ သူတို့က ခင်ဗျားတို့အပေါ် စစ်ပြုချင်တယ်ဆိုရင် အမွေးဖုံးပါးစပ်ပေါက်နဲ့စစ်သားတွေ ထောင်ချီပြီးလာကြမှာပါ၊ စစ်သားတွေမှာ သေနတ်သေးသေးတွေတင်မကပါဘူး၊ အမြောက်လို့ခေါ်တဲ့ သေနတ်ကြီးတွေပါလာလိမ့်မယ်။ အဲဒါနဲ့တစ်ချက်ပစ်လိုက်ရင် ကျွန်တော်တို့စခန်းဟာ စိစိ

www.burmeseclassic.com



ညက်ညက်ကြေပြီး အားလုံးပျက်စီးကြရမှာသေချာပါတယ်။

"ဒီအတွက် ကျွန်တော်တို့စိုးရိမ်မိပါတယ်။ ကျွန်တော်အိပ်မက်အတွက်လည်း စိုးရိမ်ပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ အဲဒီအိပ်မက်ဟာ မှန်လာနိုင်တဲ့အတွက်ပါ။ ကျွန်တော်တို့အနေနဲ့ ဘာလုပ်နိုင်မလဲဆိုတာတော့ ကျွန်တော်မပြောတတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်ဟာ လူဖြူအမျိုးကလာတာမို့ သူတို့အကြောင်းတော့သိပါတယ်။ အခုဆိုရင် သူတို့အကြောင်းနဲ့ပတ်သက်လို့ အရင်ကမသိခဲ့တဲ့ သူတို့ရဲ့နည်းတွေ အကျင့်တွေကိုပါသိလာနေရတယ်။ ကျွန်တော်ကတော့ ကိုမင်ချီအားလုံးအတွက် စိတ်ပူနေပါတယ်"

ပြောသမျှစကားကို နားထောင်နေခိုက်တွင် ဝက်ဝံကြီးသည် ခေါင်းထညိတ်ညိတ်လုပ်လျက်ရှိ၏။ သို့သော်လည်း ဝက်ဝံကြီးအနေဖြင့် သူပြောသမျှစကားများအပေါ် ဘယ်လိုသဘောထားနေသည်ကို သူမခန့်မှန်းနိုင်။

ဝက်ဝံကြီးသည်ထိုင်နေရာမှ တုန်ချည့်ချည့်ဖြင့်ထရပ်ကာ သူ့အိပ်ရာဆီသို့ထသွားသည်။ အိပ်ရာခေါင်းရင်းဘက် သားရေနံ့ရဲ့ရှိချိတ်ထားသော ဖရဲသီးတစ်လုံးအရွယ်ခန့်ရှိ အထုပ်တစ်ထုပ်ကိုဖြုတ်ယူပြီး မီးဖိုဆီသို့ပြန်လျှောက်လာသည်။ ထို့နောက် မီးဖိုဘေး၌ထိုင်ချလိုက်သည်။

"မင်းပြောတာမှန်တယ်လို့ ငါထင်တယ်"ဟု သူက ဝံပုလွေများနှင့်ကသူအား ပြောပြသည်။ "ဘာလုပ်ရမလဲဆိုတာသိဖို့ သိတ်ခက်တယ်။ ငါဟာ ဆောင်းရာသီအများအပြားကို ဖြတ်သန်းလာခဲ့ရတဲ့လူအိုကြီးဖြစ်နေပြီ၊ ဒါပေမယ့် လူဖြူတွေနဲ့ သူတို့ရဲ့မွေးဖုံးစစ်သားတွေနဲ့ပတ်သက်လာရင် ဘာလုပ်ရမယ်ဆိုတာ အဖြေမရှာနိုင်ခဲ့ဘူး၊ ငါ မင်းတို့ကိုတစ်ခုတော့ပြပါရစေ"

သူသည် လက်မှအထုပ်ကိုဖြည်၍ အတွင်းမှပစ္စည်းတစ်ခုကိုထုတ်ချပြသည်။ လူတစ်ယောက်၏ဦးခေါင်းအရွယ်စားခန့်ရှိ သံချေးများတက်နေသော သတ္တုတစ်တုံးဖြစ်၏။ ခြေကန်ငှက်သည် ထိုပစ္စည်းကိုတစ်ခါမှမမြင်ဖူးခဲ့သဖြင့် ဘာပစ္စည်းမှန်းမသိ။

ဝံပုလွေများနှင့်ကခုန်သူသည်လည်း ဤပစ္စည်းကို ယခင်ကမြင်ဖူးခဲ့သည်မဟုတ်။ သို့သော်လည်း ထိုပစ္စည်းဘာဆိုသည်ကိုတော့ သိနေသည်။ စစ်သမိုင်းစာအုပ်တစ်အုပ်ထဲတွင် ဤပစ္စည်းနှင့်တူသော ပန်းချီပုံတစ်ပုံကို သူမြင်ဖူးခဲ့၏။ ဆယ့်ခြောက်ရာစုနှစ်အတွင်း မက္ကဆီကို၊ ပီရူးနှင့်အမေရိကန်နိုင်ငံများအတွင်းသို့ ဝင်ရောက်တိုက်ခိုက်အောင်နိုင်ခဲ့ဖူးသော စပိန်စစ်သည်တော်ဆောင်းသံခမောက်တစ်လုံးဖြစ်ချေသည်။

"တို့နိုင်ငံထဲကို ဒီလူတွေက ပထမဦးဆုံးဝင်လာခဲ့ကြတယ်"ဟု ဝက်ဝံကြီးကပြောသည်။ "သူတို့ဟာ မြင်းတွေနဲ့လာကြတာ၊ အဲဒီတုန်းက ငါတို့မှာမြင်းဆိုတာမရှိသေးဘူး။ သူတို့က ငါတို့မမြင်ဖူးတဲ့ သေနတ်အကြီးကြီးတွေနဲ့ပစ်ခဲ့ကြတယ်။ သူတို့ဟာ အဝါရောင်ပြောင်ပြောင်လက်လက်နဲ့ သတ္တုတွေကိုရှာကြတယ်၊ တို့ကလည်း



သူတို့ကိုကြောက်ခဲ့ကြရတယ်။ အဲဒီဖြစ်ရပ်ဟာ တို့အဖိုးလက်ထက်က ဖြစ်ခဲ့တာပေါ့။ နောက်ဆုံးမှာတော့ ငါတို့က အဲဒီလူတွေကိုမောင်းထုတ်ပစ်ခဲ့ကြတယ်"

အဖိုးအိုသည် ဆေးတံကိုအကြာကြီးဖွာကာ ဆေးငွေ့များကိုမှုတ်ထုတ်နေသည်။

"အဲဒီနောက်မှာတော့ မက္ကဆီကန်တွေဝင်လာပြန်တယ်။ တို့အနေနဲ့ သူတို့ကိုခုခံတိုက်ခိုက်ခဲ့ကြရတယ်။ တို့ဘက်က အောင်မြင်ခဲ့တယ်။ သူတို့ဟာ တို့တိုကြောက်ပြီး နောက်ထပ်မလာကြတော့ဘူး"

"ငါ့ခေတ်ကျတော့ လူဖြူတွေဝင်လာကြတယ်။ တက္ကဆက်စ်ပြည်နယ်ဘက်က တက္ကဆန်လို့ခေါ်တဲ့ လူဖြူတွေပေါ့။ သူတို့လည်း အရင်ကဝင်လာတဲ့လူဖြူတွေလိုပဲ တို့နိုင်ငံထဲက လိုချင်တာတွေယူဖို့လာကြတာပဲ။ သူတို့က သူတို့လိုချင်တာတွေကို မတောင်းပဲယူကြတယ်၊ တို့နိုင်ငံထဲမှာ ကိုယ့်ဖာသာကိုယ် အေးအေးဆေးဆေးထိုင်နေကြတာကိုပဲ မကျေနပ်ကြဘူး၊ စိတ်ဆိုးကြတယ်၊ ဒေါသဖြစ်ကြတယ်၊ သူတို့ပြောတဲ့အတိုင်းမလုပ်ရင် တို့ကိုသတ်ဖို့အားထုတ်ကြတယ်၊ တို့မိန်းမတွေနဲ့ ကလေးတွေကိုလည်း စစ်သည်တွေသတ်သလိုသတ်ကြတယ်"

"ငါလူငယ်ဘဝကဆိုရင် တက္ကဆန်တွေကို ငါပြန်တိုက်ခဲ့တာပဲ၊ တို့တလူဖြူတွေအများကြီးကို သတ်ပစ်ခဲ့တယ်။ သူတို့မိန်းမတွေနဲ့ကလေးတွေ ခိုးခဲ့ကြတယ်။ ငါတို့ခိုးလာတဲ့ကလေးတွေထဲက တစ်ယောက်ဆိုရင် အခုဝံပုလွေများနှင့်ကခုန်သူရဲ့မိန်းမဖြစ်နေပြီ"

"နောက်ပိုင်းကျတော့ သူတို့က ငြိမ်းချမ်းရေးစကားတွေ ပြောလာတယ်၊ တက္ကဆန်တွေနဲ့ငါတို့တွေ့ပြီး သူတို့နဲ့သဘောတူညီချက်တွေ လုပ်ကြတယ်၊ အဲဒီသဘောတူညီချက်တွေကို သူတို့မကြာခဏချိုးဖောက်ခဲ့ကြတယ်။ လူဖြူတွေအနေနဲ့ တို့ဆီကပစ္စည်းသစ်တစ်ခုခုလိုချင်လာရင် စာရွက်တွေပေါ်ကစာလုံးတွေဟာ အလကားဖြစ်ကုန်ရော၊ သူတို့ဟာ ငါတို့နဲ့ဆက်ဆံရာမှာ အဲဒီပုံစံချည်းပဲ"

"ကြာလာတော့. . . ဒီကိစ္စတွေအပေါ်မှာ စိတ်ကုန်လာတယ်၊ စိတ်ပျက်လာတယ်၊ ဒါနဲ့ပဲ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ငါ့လူမျိုးတွေကို ဒီနေရာအထိခေါ်လာခဲ့တာပဲ၊ လူဖြူတွေနဲ့ဝေးရာနေရာမှာ နေတော့မယ်ဆိုပြီးလာခဲ့တာပေါ့။ ငါတို့ဟာ ဒီအပိုင်းမှာ စိတ်အေးနားအေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေလာခဲ့တာကြာလှပြီ"

"ဒါပေမယ့် ဒီအပိုင်းဟာ တို့နိုင်ငံရဲ့နောက်ဆုံးကျန်တဲ့ အပိုင်းပဲ။ တို့မှာနောက်ထပ်ရွှေ့စရာနေရာ မရှိတော့ဘူး။ တို့နိုင်ငံထဲဝင်လာတဲ့လူဖြူတွေအကြောင်းကို စဉ်းစားလိုက်တိုင်း ငါ့အနေနဲ့ ဘာလုပ်ရင်ကောင်းမလဲဆိုတာ မသိတော့ဘူး"

"ငါဟာ ငြိမ်းချမ်းရေးသမားတစ်ယောက်ပါ၊ ကိုယ့်နိုင်ငံထဲမှာ ကိုယ့်ဖာသာကိုယ် ပျော်ပျော်ရွှင်ရွှင်နေချင်တဲ့သူပါ၊ လူဖြူတွေဆီက ဘာမှမလိုချင်ပါဘူး။ ဘာဆိုဘာမှမလိုချင်တာအမှန်ပါ။ ဒါပေမယ့် ခက်တာက မင်းပြောတာမှန်တယ်၊ သူတို့တတော့ ဝင်လာနေဦးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီပြဿနာကိုတွေးရတဲ့အခါတိုင်း ငါဟာ ဒီအထုပ်ကိုကြည့်မိတယ်၊ အထုပ်ထဲမှာ ဘာရှိတယ်ဆိုတာသိနေတာပဲ မဟုတ်လား။ ငါကတော့ တို့နိုင်ငံကိုလက်ထဲက လွတ်မသွားအောင်ထိန်းသိမ်းနိုင်ဖို့အတွက် သူတို့ကိုတိုက်ကြရမှာပဲ၊ တို့နိုင်ငံဟာ တို့ပိုင်ဆိုင်တဲ့မြေပဲ တို့လိုချင်တာပါ"

"ဒီမြေကိုလက်မလွတ်အောင် တိုက်ကြရမှာပဲ"

"ဒါပေမယ့် ငါကတော့ ဒီဆောင်းတွင်းမှာ တိုက်ဖို့လိုလိမ့်ဦးမယ်လို့မထင်ဘူး၊ အခု မင်းပြောပြတာတွေကြားရတော့ ငါတို့တတွေဟာ ထွက်ခွာသွားဖို့တော့ အချိန်ရောက်ပြီလို့ထင်တယ်"

"အဲဒီတော့ မနက်ဖန်မနက်ကျရင် တို့ရွာကိုဖျက်ပြီး ဆောင်းစခန်းအတွက် နေရာပြောင်းကြတာပေါ့"

□□□

[၂၉]

ထိုည အိပ်ရာဝင်ချိန်တွင် ဝံပုလွေများနှင့်ကခုန်သူ၏ဦးနှောက်တွင်းသို့ စိတ်ကူးတစ်ခုဝင်လာသည်၊ နောက်တစ်နေ့မနက် အိပ်ရာမှနိုးလာသည့်အခါတွင်လည်း ထိုစိတ်ကူးသည် ပျောက်မသွားသေး။ ထိုစိတ်ကူးသည် လူဖြူအမဲလိုက်သမားများ၏လုပ်ရပ်၊ သူ့အိပ်မက်၊ ဝက်ဝံကြီး၏ပြောစကား စသည်တို့နှင့်ဆက်စပ်ယှက်နွယ်ပြီး ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု သူသိထား၏၊

အရုဏ်တက်ပြီးနောက် တစ်ရွာလုံးအသက်ဝင်လှုပ်ရှားလာသည့်အချိန်တွင် သူသည် ထိုစိတ်ကူးကိုထပ်မံ၍ စဉ်းစားမိပြန်သည်၊ ဆောင်းစခန်းသည် အခုနေရာထက်ပို၍ဝေးကွာသော နေရာတစ်နေရာဖြစ်ဖို့ရှိ၏၊ လက်သီးနှင့်ရပ်သူတွင်လည်း ကိုယ်ဝန်ကရှိနေပြီ၊ အလှမ်းကွာဝေးသော နယ်မြေဒေသအတွင်းမှ စခန်းသို့ရောက်လျှင် သူမိသားစုသည် အသစ်ဖြစ်ရပေတော့မည်။

ထိုနေရာသို့သာ ရောက်သွားပြီဆိုပါမူ သူ့ထံသို့ မည်သူမှရောက်လာနိုင်တော့မည်မဟုတ်၊ သူတို့အတွက် သူသည် 'အမည်မသိလူတစ်ယောက်'ဖြစ်သွားရချေတော့မည်၊ သူမွေးစားရယူထားသော ကိုမင်ချီမှတ်စ်ပါး အခြားဘယ်သူကမှ သူ့အား သိကြတော့မည်မဟုတ်၊ ထိုအတွေးများသည် သူ့စိတ်ကိုများစွာထိခိုက်စေခဲ့သည်မှာ မှန်သော်လည်း စဉ်းစားစရာများကတော့ရှိနေသည်။

အမှန်အားဖြင့် သူသည် တည်ရှိခဲ့သူဖြစ်သည်၊ တည်ရှိခဲ့ကြောင်း သက်သေအဖြစ် ဗိုလ်ဂွန်၊ ဂျေဒမ်ဘာ၏မှတ်တမ်းကို မိုက်မဲစွာထားပစ်ခဲ့လိမ့်မည်ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတ်တမ်းသည် ခံတပ်၏တဲအတွင်းရှိ အိပ်စင်ထက်၌ရှိနေ၏။ ဤပြဿနာကို သူဘယ်လိုလုပ်သင့်သနည်း။

သူတို့၏အိမ်ထောင်တွင် လုပ်စရာအလုပ်က များများစားစားမရှိသဖြင့် လက်သီးနှင့်ရပ်သူသည် သူတို့ခလေ့ထုံးစံအတိုင်း အခြားမိသားစုများထံသွား၍ ကူညီလုပ်ကိုင်ပေးလျက်ရှိ၏။ ထိုအချိန်သည် သူအပြင်ထွက်ဖို့ အကောင်းဆုံးဖြစ်မည်ဟု သူယူဆသည်။ ဤကိစ္စနှင့်ပတ်သက်၍ တစ်ဖက်သားနားလည်အောင် ရှင်းလင်းပြောပြနေခြင်းအားဖြင့် အချိန်မဖြုန်းချင်၊ သူ့မှတ်တမ်းသည် မိနစ်ပိုင်းနှင့်အမျှ သူ့အားခြောက်လှန့်ခြိမ်းခြောက်နေသည့် အရာဝတ္ထုတစ်ခုဖြစ်လာနေပြီ။

သူသည် မှတ်တမ်းစာအုပ်ကိုသွား၍ယူဖို့မှတစ်ပါး အခြားဘာကိုမှမတွေးနိုင်၊ သူသည် မြင်းအုပ်ရှိရာသို့သွားကာ သူ့မြင်းကိုယူ၍ အပြင်သို့ထွက်လာခဲ့သည်။ ဤတွင် ခြေကန်ငှက်နှင့် အမှတ်မထင်ဆုံမိကြလေ၏။

ဝံပုလွေများနှင့်ကခုန်သူက အကြောင်းစုံရှင်းပြသည့်အခါ ခြေကန်ငှက်က တားသည်။ ယနေ့မွန်းတည့်ချိန်တွင် ထွက်ခွာသွားရန်စီစဉ်ထားသဖြင့် သွားရန်မသင့်တော့ဟု သူထင်ကြောင်းပြောပြသည်။ လူဖြူခံတပ်သည် စခန်းနှင့်သိတ်ပြီးနီးလှသည် မဟုတ်၊ တစ်ပတ်ကြီးမြင်းစီးသွားရမည့်ခရီးဖြစ်၍ အချိန်မီပြန်မရောက်နိုင်ဟုဆိုသည်။

သို့သော်လည်း ဝံပုလွေများနှင့်ကခုန်သူက ခေါင်းမာလျက်ရှိ၏၊ သူ့စာအုပ်ကိုမယူလျှင်မဖြစ်ဟု ဇွတ်ပြောနေသည်။ နောက်ဆုံးတွင် ခြေကန်ငှက်ကတားမရတော့သဖြင့် သွားခွင့်ပြုလိုက်သည်။ အကယ်၍သူတို့အုပ်စုထွက်သွားနှင့်ပါက နောက်မှခြေရာကောက်၍လိုက်လာနိုင်သည်ဟုမှာသည်။ မည်သို့ပင်ဖြစ်စေ လုပ်စရာရှိသည်များကို အမြန်ဆုံးလုပ်ပြီး ပြန်လာဖို့တော့ တရရမှာသည်။

❐

ကစ္စကိုသည် ပရေးရီးမြက်ခင်းပြင်ပေါ်၌ လျင်မြန်စွာဒုန်းစိုင်း၍ပြေးနေရခြင်းကိုများစွာ သာယာပျော်မြူးလျက်ရှိ၏။ အေးမြသောလေသည် ဖြည်းဖြည်းသာသာတိုက်ခတ်လျက်ရှိသည်။ ကစ္စကိုသည် သူ့မျက်နှာအား လေအဝေ့ခံနေရခြင်းကိုလည်း များစွာနှစ်သက်နေဟန်ရှိသည်။ ဝံပုလွေများနှင့်ကခုန်သူသည် ကစ္စကိုအားချော့မော့ကာ အားမာန်အပြည့်နှင့်ပြေးနိုင်အောင် တိုက်တွန်းလျက်ရှိလေသည်။

သူတို့သည် ခပ်ပြေပြေမြင့်တက်နေသော ကုန်းမြင့်ပေါ်သို့ အရှိန်ဖြင့်ဖြေတက်ခဲ့ပြီး တစ်ဖက်ဆင်ခြေလျောအတိုင်း ဒုန်းစိုင်း၍ဆင်းလာခဲ့သည်။ ဤအခိုက်မှာပင် ခံတပ်ကိုသူမြင်ရသည်။

သူ့ရင်သည် ဒိတ်ခနဲဖြစ်သွားရ၏၊ အံ့ဩစဖွယ်ကောင်းလှပါဘိသည်။ ဆက်ဂျ်ဝစ်ခံတပ်သည် စစ်သားများစွာဖြင့် အသက်ဝင်လှုပ်ရှားလျက်ရှိနေ၏။

သူကစ္စကို၏ဇက်ကြိုးကို ဆောင့်ဆွဲလိုက်ချိန်တွင် ခံတပ်သည် သူနှင့်ကိုက်



တစ်ရာခန့်သာကွာတော့သည်။ ကစ္စကိုသည် ဇက်ကြိုးကိုဆွဲလိုက်သည့်အရှိန်ဖြင့် ပဒပ်ရပ်ကာ တစ်ပတ်မျှလည်သွားသည်၊ သူကိုယ်တိုင်လည်း မြင်းပေါ်မှကျမသွားအောင် ထိန်းထားရသည်။ သူ့ရှေ့မှမြင်ကွင်းကို မယုံကြည်နိုင်သောမျက်နှာထားဖြင့် လှမ်းမျှော်၍ကြည့်နေမိသည်။

ခံတပ်အတွင်းရှိ ရိက္ခာတဲနှင့်လူနေတဲနှစ်လုံး၏ ပတ်ပတ်လည်တွင် ရွှတ်ထည်တဲများထိုးထားသည်။ စနစ်တကျချထားသော အမြောက်နှစ်လက်ကိုလည်းမြင်ရ၏၊ မြင်းခြံထဲတွင်လည်း မြင်းများဖြင့်ပြည့်လျက်ရှိသည်။ ခံတပ်တစ်ခုလုံးတွင် ယူနီဖောင်းဝတ်စစ်သားအများအပြားကို မြင်တွေ့နေရလေသည်။ သူတို့သည် ခံတပ်တွင်း၌လမ်းလျှောက်သူကလျှောက် စကားပြောသူကပြော၊ အလုပ်လုပ်သူက လုပ်လုပ်နေကြသည်။

သူ့ရှေ့ကိုက်ငါးဆယ်ခန့်အကွာတွင် မြင်းလှည်းကြီးတစ်စီးရပ်ထားသည်၊ ထိုလှည်းပေါ်မှ သူ့အား မျက်လုံးပြူး မျက်ဆံပြူးနှင့်ကြည့်နေကြသူများမှာ စစ်သားလေးယောက်ဖြစ်၏၊ စစ်သားများသည် ဆယ်ကျော်သက်ရွယ်လူငယ်များဖြစ်၏၊ သူတို့သည် အင်ဒီးယန်းအရိုင်းအစိုင်းတစ်ယောက်ကို တစ်ကြိမ်တစ်ခါမှ တွေ့ဖူးမြင်ဖူးကြသည်မဟုတ်၊ သူတို့သည် သင်တန်းတက်နေစဉ်က သူတို့တိုက်ခိုက်ရမည့် ရန်သူများသည် အလွန်ရိုင်းစိုင်းသော၊ အလွန်ကြမ်းတမ်းသော၊ အလွန်လိမ္မာပါးနပ်ပြီး ကြောက်မက်ဖွယ်ကောင်းသော အင်ဒီးယန်းများသာဖြစ်သည်ဟု သိခဲ့ကြရ၏။ ယခုသော်မူ သူတို့သည် ရန်သူအင်ဒီးယန်းတစ်ယောက်ကို မျက်နှာချင်းဆိုင်နေရလေပြီ၊ အားလုံးပင် ကြောက်လန့်တကြားဖြစ်ကုန်ကြ၏။

သူတို့သည် ရိုင်ဖယ်သေနတ်များကိုမြောက်ကာ ဝံပုလွေများနှင့်တခုန်သူအား တစ်ပြိုင်နက်တည်းလှမ်းပစ်ကြသည်။ လျင်မြန်သွက်လက်စွာ လှုပ်ရှားနေသောကစ္စကိုသည် အရှိန်ဖြင့်တစ်ပတ်မျှလှည့်လိုက်သည်။ ကျည်ဆံသံများကိုကြားလိုက်ရသော်လည်း ကျကျနနချိန်ရွယ်၍ပစ်ခတ်ခြင်းမဟုတ်သဖြင့် ဝံပုလွေများနှင့်ကခုန်သူအားမထိ၊ သူသည် ကစ္စကို၏လှုပ်ရှားမှုကြောင့် မြင်းပေါ်မှလိမ့်ကျသွားသည်။

စစ်သားများပစ်လိုက်သည့် ကျည်ဆံများထဲမှ ကျည်တစ်တောင့်သည် ကစ္စကို၏ရင်ဘတ်ကို တည့်တည့်ကြီးဖောက်ထွင်းဝင်ရောက်သွားသည်၊ နှလုံးသားကိုထိမှန်ခြင်းဖြစ်၍ နေရာမှပင်ပွဲခြင်းပြီးသေဆုံးသည်။ သူ့မြင်းပေါ်မှကျသွားချိန်တွင် ကစ္စကိုသည် လဲကျသေဆုံးလျက်ရှိလေပြီ။

စစ်သားအများအပြားသည် အော်ဟစ်ကာ သူ့ဆီသို့ပြေးလာကြသည်၊ ဝံပုလွေများနှင့်ကခုန်သူသည် ရန်ပြုရန်လာနေကြသည့် စစ်သားများကိုလှည့်မကြည့်နိုင်၊ သူ့မြင်းကစ္စကို၏ဦးခေါင်းကို လှမ်းဆွဲကာနှုတ်သီးကိုမလိုက်သည်၊ သူအချစ်ဆုံးသောကစ္စကိုတွင် အသက်မရှိတော့ချေ။ ပေါက်ကွဲထွက်လာသော ဒေါသသည် သူ့အားလွှမ်းခြုံသွားသည်၊ သူသည် ဖြုန်းခနဲထရပ်ကာ စစ်သားများအား ရင်ဆိုင်ရန် နောက်သို့လှည့်လိုက်သည်၊ ပါးစပ်မှအော်ဟစ်ရန်လည်းအားယူလိုက်၏၊ ထိုအ

www.burmeseclassic.com



ခိုက်မှာပင် ရိုင်ဖယ်သေနတ်ဒင်တစ်ခုသည် သူ့မျက်နှာအား အရှိန်ပြင်းစွာဖြင့် လာ၍ထိသည်၊ အရာရာတိုင်းသည် မှောင်အတိကျသွားလေသည်၊

□

သူ့နှာခေါင်းသည် ဖုန်နံ့များကိုရနေသည်။ သူ့မျက်နှာသည် မြေပေါ်တွင် မှောက်လျက်သားဖြစ်နေသည်၊ သူ့နားထဲတွင်အသံမျိုးစုံကို ကြားနေရ၏၊ ထိုအထဲတွင် စကားပြောသံတွေလည်းပါ၏၊ ဘာတွေပြောနေသည်ကိုတော့ သူမသိ၊ နောက်ဆုံးစကားတစ်ခွန်းကိုတော့ ပီပီသသကြားလိုက်ရသည်။

"တပ်ကြပ်ကြီးမာဖီ. . . . ဒီအကောင်သတိရလာပြီ"

ဝံပုလွေများနှင့်ကခုန်သူသည် မျက်နှာကိုလှည့်ကာ ခေါင်းထောင်၍ကြည့်သည်၊ ပါးတစ်ဖက်ပေါ်ရှိ ကွဲသွားသောဒဏ်ရာမှ ပြင်းထန်သောနာကျင်မှုဝေဒနာကို ခံစားလိုက်ရသည်၊ သူသည် ပါးပေါ်မှဒဏ်ရာကို လက်နှင့်စမ်းကြည့်သည်၊ သူသည် မျက်လုံးကိုဖွင့်ဖို့ကြိုးစားသည်။ သို့သော်လည်း ဖွင့်၍မရ၊ နောက်ဆုံးတွင် မျက်လုံးတစ်လုံးမှာ လုံးဝဖွင့်မရ၊ ဖွင့်၍ရသောမျက်စိတစ်လုံးဖြင့် ပတ်ဝန်းကျင်ကို ကြည့်သည်၊ သူသည် ရိက္ခာတဲအတွင်း၌ ရောက်နေသည်ကိုတွေ့ရသည်၊ သူ၏နံဘေးကို တစ်စုံတစ်ယောက်က ဆောင့်ကန်လိုက်သည်၊

"ဟော့ကောင်. . . ထ၊ ထိုင်စမ်း" ဖိနပ်ဦးဖြင့် အကန်ခံလိုက်ရခြင်းဖြစ်၍ သူသည် တစ်ပတ်မျှလည်သွားသည်။ သူကိုယ်သည် ရိက္ခာတဲနံရံတွင် မှီလျက်သား ဖြစ်နေသည်၊ သူသည် အားယူ၍ထထိုင်သည်၊ သူပထမဆုံးမြင်ရသည့်မျက်နှာမှာ သူ့အားငုံ့ကြည့်နေသည့် မုတ်ဆိတ်မွေးဖွားဖွားနှင့်မျက်နှာဖြစ်သည်၊ မျက်နှာပိုင်ရှင်သည် တပ်ကြပ်ကြီးဖြစ်သည်။ တံခါးဝမှရပ်ကြည့်နေသူများမှာ ရိုးရိုးစစ်သားများဖြစ်ကြသည်။

"ဗိုလ်မှူးဟက်ချ်လာနေတယ်၊ ရှေ့ကပိတ်ရပ်မနေနဲ့"ဟူသော အော်သံကို ကြားလိုက်ရသည်၊ တံခါးဝမှလူများသည် ဘေးတစ်ဖက်တစ်ချက်သို့ ဆုတ်ခွာသွားကြသည်၊ ရိက္ခာတဲအတွင်းသို့ အရာရှိနှစ်ဦးဝင်လာသည်။ တစ်ဦးမှာ ဗိုလ်ကလေးတစ်ယောက်ဖြစ်၍ ကျန်တစ်ဦးမှာ အသက်ခပ်ကြီးကြီးဗိုလ်မှူးတစ်ဦးဖြစ်သည်၊ ယူနီဖောင်းဝတ်ထားပုံမှာ သေသေသပ်သပ်မရှိ။ အရာရှိနှစ်ဦးသည် သူ့အားတအံ့တဩကြည့်နေကြသည်၊

"ဒီကောင်ဘာလဲတပ်ကြပ်ကြီး"ဟု ဗိုလ်မှူးကလှမ်းမေးသည်၊

"အခုထက်ထိဘာမှန်းမသိသေးပါဘူး ဗိုလ်မှူး"

"ဒီကောင် အင်္ဂလိပ်စကားပြောတတ်သလား"

"အဲဒါလည်းမသိသေးဘူး၊ ဟော့ကောင်. . . မင်းအင်္ဂလိပ်လို ပြောတတ်သလား"

ဝံပုလွေများနှင့်ကခုန်သူက အဖြေမပေး၊



"ကဲ. . . စကားပြောစမ်း. . . ပြောလေကွာ"

သူသည် ဝံပုလွေများနှင့်ကခုန်သူ၏ ခြေထောက်များကို တစ်ချက်ဆောင့်ကန်သည်၊ ဝံပုလွေများနှင့်ကသူသည် ဖျတ်ခနဲနေရာပြင်ထိုင်သည်၊ တောင့်တောင့်မတ်မတ်ဖြစ်စေရန် နေရာပြင်ထိုင်ခြင်းဖြစ်၏၊ သို့သော်လည်း အရာရှိနှစ်ယောက်သည် ထိတ်လန့်တကြားဖြစ်ကာ နောက်သို့ဆုတ်သွားကြသည်၊ သူတို့သည် သူ့အားကြောက်ရွံ့နေကြလေသည်၊

"ဟော့ကောင်. . .၊ ပြောလေကွာ၊ မင်းအင်္ဂလိပ်စကားပြောတတ်သလား" ဟု တပ်ကြပ်ကြီးကထပ်မေးသည်၊

"ကျွန်တော် အင်္ဂလိပ်လိုပြောတတ်တယ်"ဟု ဝံပုလွေများနှင့်ကခုန်သူက ပြောသည်၊ "ဒဏ်ရာကနာနေတယ်၊ စကားပြောလို့မရဖူး၊ ခင်ဗျားတို့စစ်သားတစ်ယောက်က ကျွန်တော့်ပါးကို သေနတ်ဒင်နဲ့ရိုက်ထားတယ်"

ပီပီသသထွက်လာသော အင်္ဂလိပ်စကားသံကြောင့် အားလုံးအံ့အားသင့်နေကြသည်၊ သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်၊ သူတို့မျက်စိထဲတွင် ဝံပုလွေများနှင့်ကခုန်သူသည် လူဖြူနှင့်လည်းမတူ၊ အင်ဒီးယန်းနှင့်တူ၏၊ မည်သည့်လူမျိုးဖြစ်သည်ကို အတိအကျပြောရန်ကား ခက်ခဲ လျက်ရှိသည်၊ အခုမြင်နေရသည့်အတိုင်းဆိုပါက ဤလူသည် လူဖြူတစ်ယောက် ဖြစ်မည်ထင်၏၊

စစ်သားများသည် တံခါးဝ၌စုပြုံပြီးရပ်နေကြပြန်သည်၊ ဝံပုလွေများနှင့်ကခုန်သူသည် သူတို့လူစုအားလှမ်းကြည့်သည်၊

"ဒီကောင်တွေထဲက တစ်ယောက်က ကျွန်တော့်မြင်းကို သေနတ်နဲ့ပစ်တယ်"

ဗိုလ်မှူးက သူ့စကားကိုဂရုမပြုပဲ၊ "မင်းဘယ်သူလဲ"ဟုသာမေးသည်၊

"ကျွန်တော်ဟာ အမေရိကန်ပြည်ထောင်စုတပ်မတော်က အရာရှိတစ်ယောက်ပါ၊ ဗိုလ်ကျွန်ဂျေဒမ်ဘာလို့ ခေါ်ပါတယ်"

"မင်းကဘာဖြစ်လို့ အင်ဒီးယန်းအဝတ်အစားတွေ ဝတ်ထားရတာလဲ"

ဝံပုလွေများနှင့်ကခုန်သူသည် ထိုမေးခွန်းကိုအဖြေမပေးချင်၊ ထို့ကြောင့်လည်း စကားကိုလမ်းကြောင်းပြောင်းပစ်သည်၊

"ဒီခံတပ်ဟာ ကျွန်တော်တာဝန်ကျတဲ့ ခံတပ်ပဲ၊ ကျွန်တော် ဟေးစ်ခံတပ်က ပြေလထဲမှာထွက်လာခဲ့တယ်၊ ကျွန်တော်ရောက်တော့ ဒီခံတပ်ထဲမှာ လူတစ်ယောက်မှမရှိဘူး"

ဗိုလ်မှူးနှင့်ဗိုလ်ကလေးတို့သည် သူတို့အချင်းချင်း၊ နှစ်ကိုယ်ကြားလေသံဖြင့် တိုင်ပင်နေကြသည်၊ ထို့နောက် ဗိုလ်ကလေးက သူ့ဘက်သို့လှည့်၍ "ခင်ဗျား သက်သေပြနိုင်မလား"ဟု လှမ်းမေးသည်၊

"ဟိုဘက်တဲထဲမှာ ကျွန်တော့်ရဲ့အမိန့်စာပါတယ်၊ အိပ်ရာပေါ်မှာလည်း ကျွန်တော့်ရဲ့မှတ်တမ်းစာအုပ်ရှိတယ်၊ အဲဒီစာအုပ်ကိုဖတ်လိုက်ရင် ခင်ဗျားတို့သိချင်

www.burmeseclassic.com

www.burmeseclassic.com



တာတွေအားလုံး သိနိုင်တယ်"

သူ့ဘက်ကပြောနိုင်သည်မှာ ဤမျှသာဖြစ်သည်၊ သူသည် လက်တစ်ဖက်ဖြင့် ဦးခေါင်းကိုကိုင်ကာ ငြိမ်ဆိတ်နေသည်၊ အခုလောက်ဆိုလျှင် ကိုမင်ချိုများသည် စခန်းကိုဖျက်သိမ်းကာ ထွက်သွားကြတော့မည်၊ မည်သူကမှ မိမိကိုစောင့်နေကြလိမ့်မည်မဟုတ်၊ အခုလောလောဆယ် ရင်ဆိုင်နေရသည့်ပြဿနာကို ရှင်းလင်းပြီးပါတအချိန်များစွာနောက်ကျပေတော့မည်၊ နောက်မှလိုက်၍မှီနိုင်တော့မည်မဟုတ်၊ သူချစ်သောကစ္စကိုသည်လည်း သေနတ်ဒဏ်ရာဖြင့်သေဆုံးခဲ့ရပြီ၊ ဝမ်းနည်းကြေကွဲသောစိတ်သည် သူ့နှလုံးသားကိုရိုက်ခတ်သည်၊

အခန်းထဲမှလူများ ထွက်သွားကြသည်၊ ဝင်သူတွေလည်း ဝင်လာကြသည်၊ သို့သော်လည်း သူသည် မော့မကြည့် စက္ကန့်အနည်းငယ်မျှကြာသောအခါ တပ်ကြပ်ကြီး၏ကြမ်းတမ်းရိုင်းစိုင်းသောအသံကို ကြားရသည်၊

"မင်း အင်ဒီယန်းတစ်ကောင်မဟုတ်လား"

ဝံပုလွေများနှင့်ကခုန်သူက မော့ကြည့်သည်၊ သူ့အားငုံ့ကြည့်နေသောတပ်ကြပ်ကြီး၏မျက်နှာကို မြင်ရသည်၊

"မင်း အင်ဒီးယန်းမဟုတ်လား"

သူက အဖြေမပေး၊ ခေါင်းကိုသာငိုက်စိုက်ချ၍ ငြိမ်နေသည်၊ တပ်ကြပ်ကြီး၏မျက်နှာကိုလည်း သူမကြည့်လို၊ အရာရှိနှစ်ယောက်ပြန်ရောက်လာကာမှပင် မော့ကြည့်သည်၊ ဤတစ်ကြိမ်တွင် ဗိုလ်ကလေးက သူ့အားမေးသည်၊

"ခင်ဗျားနာမည်ဘယ်သူလဲ"

"ဒမ်ဘာ. . . ၊ ဂျွန်ဂျေဒမ်ဘာ"

"ဒီစာရွက်က ခင်ဗျားရဲ့အမိန့်စာလား"

ဝါကျင့်ကျင့်စာရွက်တစ်ရွက်ကို သူ့ရှေ့သို့ထိုးပြသည်၊ ဝံပုလွေများနှင့်ကခုန်သူသည် မျက်စိအကောင်းတစ်ဘက်ဖြင့် စာရွက်ကိုငုံ့ကြည့်သည်၊

"ဟုတ်တယ်"

"စာရွက်ပေါ်မှာရေးထားတဲ့နာမည်က ရမ်ဘာဖြစ်နေတယ်၊ နေ့စွဲကိုလည်း ခဲတံနဲ့ရေးထားတယ်။ ကျန်တာတွေကတော့ မှင်နဲ့ချည်ရေးထားတာပါ၊ ဒီအမိန့်ကိုထုတ်ပေးတဲ့ အရာရှိလက်မှတ်ကလည်း ပျက်နေတယ်။ ဒီစာရွက်ဟာ မခိုင်လုံဘူး၊ ခင်ဗျားဘာပြောမလဲ"

ဗိုလ်ကလေး၏လေသံတွင် သံသယဖြစ်သည့်လေသံများပါလျက်ရှိ၏၊ ပြဿနာသည် သူမျှော်လင့်ထားသည်ထက် ပို၍ကြီးလာနေသည်၊ ဤလူစုသည် မိမိ၏စကားများကို မယုံကြည်ကြ၊

"ဟေးစ်ခံတပ်က ထုတ်ပေးလိုက်တဲ့အမိန့်စာပဲ"ဟု သူကပြန်ပြောသည်၊ ဗိုလ်ကလေးက မျက်နှာကိုရှုံ့၍ သူ့အားကြည့်နေသည်၊ သူသည် ဝံပုလွေများနှင့်ကခုန်သူ၏ရှင်းလင်းချက်အပေါ် ကျေနပ်ပုံမရ၊



"ခင်ဗျားမကျေနပ်ရင် ကျွန်တော့်မှတ်တမ်းကို ဖတ်ကြည့်ပေါ့"ဟု ထပ်ပြောသည်၊

"မှတ်တမ်းစာအုပ်မတွေ့ဘူး"ဟု အရာရှိပေါက်စက ပြန်ပြောသည်၊ ဝံပုလွေများနှင့်ကခုန်သူသည် အရာရှိပေါက်စ၏မျက်နှာကို စူးစူးရဲရဲပြန်ကြည့်သည်၊ သိမ်ပြောနေခြင်းဖြစ်သည်ဟု ထင်၏၊ သို့သော်လည်း အရာရှိပေါက်စသည် အမှန်အတိုင်းပြောပြနေခြင်းဖြစ်သည်၊

အမှန်တော့ ဆက်ဂ်ျဝစ်ခံတပ်ကို ပထမဦးဆုံးရောက်လာသော တပ်ဖွဲ့ထဲမှစစ်သားတစ်ယောက်သည် ထိုမှတ်တမ်းစာအုပ်ကိုတွေ့သည်၊ ထိုစစ်သား၏အမည်မှာ 'ရှီ'ဆိုသူဖြစ်၍ စာတတ်သူတစ်ဦးမဟုတ်ပေ၊ သူသည် ထိုစာအုပ်ကိုကောက်ယူပြီး အိတ်ထဲသို့ထည့်သွားသည်၊ ဆေးကုန်းစက္ကူအဖြစ်သုံးမည်ဟု ရည်ရွယ်ပြီးယူသွားခဲ့ခြင်းဖြစ်သည်၊ ယခု ဤစာအုပ်၏ကိစ္စပေါ်လာသည့်အခါ သူသည် ကြောက်ရွံ့ရှာမဖြစ်လျက်ရှိသည်၊

စာမတတ်သော ရှီသည် ဤကိစ္စကိုဘယ်လိုဆုံးဖြတ်ရမှန်းမသိ၊ အကယ်၍ စာအုပ်ကိုပေးလိုက်ပါက သူ့အား တစ်စုံတစ်ရာအရေးမယူလျှင် တော်ပါသေး၏၊ အကယ်၍ ပစ္စည်းကိုခိုးယူသည်ဟုဆိုကာ အရေးယူခဲ့ပါမူတား သူ့အတွက်သက်သာရာမရှိ၊ ထို့ကြောင့် ရှီသည် စာအုပ်အကြောင်းကို ထုတ်ဖော်၍မပြော၊ ရေငုံနှုတ်ပိတ်လုပ်ကာ စာအုပ်ကိုဝှက်မြဲတိုင်း ဝှက်ထားသည်၊

"ခင်ဗျား ဘာ့ကြောင့် ဒီနေရာကိုရောက်လာတာလဲ၊ အဲဒါကိုသိချင်တယ်"ဟု ဗိုလ်ပေါက်စက ဆက်ပြောသည်။ "တကယ်လို့ ခင်ဗျားဟာ ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ဘာပြုလို့အင်ဒီးယန်းအဝတ်တွေ ဝတ်ထားရတာလဲ"

ဝံပုလွေများနှင့်ကခုန်သူသည် နေရာပြင်ထိုင်ကာ နံရံကိုမှီလိုက်သည်၊ "ခင်ဗျားတို့ စစ်တပ်ကကော ဘာလုပ်ဖို့ဒီနေရာအထိ ရောက်လာရတာလဲ"ဟုမေးသည်၊

ဗိုလ်မှူးနှင့်ဗိုလ်ကလေးတို့သည် ခေါင်းချင်းဆိုင်ကာ တီးတိုးပြောကြပြန်သည်၊ ထို့နောက် ဗိုလ်ပေါက်စကပင် အဖြေပေးသည်၊

"ကျွန်တော်တို့လာတာက တိုက်ခိုက်လုယူသွားတဲ့ပစ္စည်းတွေ ပြန်ရဖို့နဲ့ ဖမ်းသွားတဲ့လူဖြူတွေကိုကယ်တင်ဖို့လာခဲ့တာ၊ ဒီဘက်မှာ အင်ဒီးယန်းတွေက တိုက်ခိုက်လုယက်မှုတွေဖြစ်ခဲ့တယ်"

"ဒီဘက်မှာ တိုက်ခိုက်လုယက်မှုတွေ မဖြစ်ခဲ့ပါဘူး။ ဖမ်း သွားတဲ့လူဖြူတွေလည်း မရှိပါဘူး"ဟု ဝံပုလွေများနှင့်ကခုန်သူက လိမ်ပြောသည်။

"အဲဒီအချက်က ကျွန်တော်တို့ဖာသာ ကျွန်တော်တို့သေချာအောင်စုံစမ်းရမဲ့ကိစ္စပဲ"ဟု ဗိုလ်ပေါက်စက ပြန်ပြောသည်၊

အရာရှိနှစ်ယောက်သည် ခေါင်းချင်းဆိုင်၍တိုင်ပင်နေကြပြန်သည်၊ ဤတစ်ကြိမ်တွင် သူတို့ဆွေးနွေးမှုသည် အချိန်အတော်ကြာသည်၊ နောက်ဆုံးတွင် ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်စက ဝံပုလွေများနှင့်ကခုန်သူဖက် လှည့်ကြည့်သည်။

"ခင်ဗျားကို ကျွန်တော်တို့က အခွင့်အရေးတစ်ခုပေးမယ်။ ခင်ဗျားအနေနဲ့ နိုင်ငံအပေါ်မှာ သစ္စာစောင့်သိရိုသေကြောင်း သက်သေပြရမယ်။ ရန်သူအင်းဒီးယန်းတွေရဲ့စခန်းကို လိုက်ပြပေးပါ။ စကားပြန်အဖြစ် ဆောင်ရွက်ပေးပါ။ အဲဒါဆိုရင် ခင်ဗျားရဲ့ပြုမူဆောင်ရွက်ချက်ကို ပြန်ပြီးစဉ်းစားမယ်"

"ဘယ်လိုအပြုအမူလဲ"

"ခင်ဗျားရဲ့ သစ္စာဖောက်တဲ့အပြုအမူတွေပေါ့"

ဝံပုလွေများနှင့်ကခုန်သူက ပြုံးသည်။

"ခင်ဗျား ကျုပ်တို့နဲ့ပူးပေါင်းဆောင်ရွက်မလား၊ မဆောင်ရွက်ဖူးလား၊ ဒါပဲပြော"

"ဒီနယ်မှာ ခင်ဗျားတို့အတွက် လုပ်စရာဘာမှမရှိဘူး၊ ကျွန်တော်ကတော့ ဒါပဲပြောစရာရှိတယ်"

"ဒီလိုဆိုရင် ကျုပ်တို့ဘက်က ခင်ဗျားကိုဖမ်းထားရုံကလွဲပြီး တခြားလုပ်စရာ ဘာမှမရှိဘူး၊ ဒီမှာထိုင်ပြီး ခင်ဗျားရဲ့အခြေအနေကို ထပ်စဉ်းစားပါ။ တကယ်လို့ပူးပေါင်းဆောင်ရွက်မယ်လို့ဆုံးဖြတ်ရင် တပ်ကြပ်ကြီးမာဖီကိုပြောလိုက်ပါ။ ကျုပ်တို့စကားပြောကြတာပေါ့" စကားအဆုံးတွင် အရာရှိနှစ်ယောက်သည် ရိက္ခာတဲထဲမှ ထွက်သွားကြသည်၊ တပ်ကြပ်ကြီးဝစ်လ်တော့စ်က တပ်သားနှစ်ယောက်ကို တံခါးဝ၌အစောင့်ချထားသည်။ တဲထဲတွင်မူ ဝံပုလွေများနှင့်ကခုန်သူသည် တစ်ယောက်ထဲ. . . ။

❐

ခြေကန်ငှက်သည် ဝံပုလွေများနှင့်ကခုန်သူပြန်ရောက်အလာကို အချိန်တတ်နိုင်သမျှဆွဲ၍စောင့်သည်၊ သို့သော်လည်း မွန်းတိမ်းသည်နှင့်တစ်ပြိုင်နက်ဝက်ဝံကြီး၏စခန်းမှလူအားလုံးသည် လွင်ပြင်များကိုဖြတ်၍ အနောက်တောင်သို့ဦးတည်သွားမည့် ခရီးရှည်ကြီးကိုစတင်ရလေတော့၏။

လက်သီးနှင့်ရပ်သူသည် သူ့ယောကျ်ားပြန်ရောက်လာသည်အထိ စောင့်ကြပ်ထားသည်၊ နောက်ဆုံးမရတော့သည့်အခါ ရှိုက်ကြီးတငင်ငိုကြွေးသည်၊ အားလုံးက သူ့အား ဝိုင်းဝန်းဖျောင်းဖြကြသော်လည်းမရ။ ခြေကန်ငှက်၏ မယားနှစ်ယောက်သည် ခရီးစတင်ချိန်မှစ၍ သူမ၏အနားမှမခွာ။

အမှန်တော့ ဝံပုလွေများနှင့်ကခုန်သူအတွက် စိတ်ပူနေသည်မှာ လက်သီးနှင့်ရပ်သူတစ်ဦးတည်းမဟုတ် ကိုမင်ချီအားလုံးက စိတ်ပူကြခြင်းဖြစ်၏။ ခရီးမထွက်မီ နောက်ဆုံးအနေဖြင့် ကောင်စီအစည်းအဝေးကို ကျင်းပကာ ထိုအရေးကိစ္စကိုဆွေးနွေးကြသည်၊ လူငယ်သုံးဦးအား အကောင်းဆုံးမြင်းသုံးစီးဖြင့် လူဖြူခံတပ်ဆီသို့ သွားရောက်ကာ ဝံပုလွေများနှင့်ကခုန်သူအား ရှာဖွေရန်ဆုံးဖြတ်ကြသည်။

❐



သူထိုင်နေခဲ့ရသည်မှာ သုံးနာရီတိတိရှိခဲ့ပြီ။ သူ့မျက်နှာရှိဒဏ်ရာမှ နာကျင်ခံစားမှုဝေဒနာကို အောင့်အီးသည်းခံကာ ထိုင်နေရခြင်းဖြစ်၍ မသက်သာလှပေ။ ဝံပုလွေများနှင့်ကခုန်သူသည် အစောင့်တစ်ယောက်အား အပေါ့အပါးသွားခွင့်တောင်းသည်။

စစ်သားနှစ်ယောက်ကြားမှနေ၍ ချောက်ကမ်းပါးဆီသို့ လျှောက်သွားနေသောဝံပုလွေများနှင့်ကခုန်သူသည် ဤလူစုနှင့်သူတို့စခန်းအပေါ် မနှစ်မြို့သောစိတ်ဝင်နေသည်။ သူသည် သူတို့၏အနံ့အသက်များကိုမကြိုက် သူ့နားထဲတွင် သူတို့၏စကားပြောသံများသည် ကြမ်းတမ်းရိုင်းစိုင်းလှ၏။ သူ့မျက်စိထဲတွင် သူတို့၏လှုပ်ရှားသွားလာမှုများသည် ကြည့်၍မြင်၍မကောင်းဖြစ်နေသည်။

ချောက်ကမ်းပါးအစွန်း၌ ရပ်၍အပေါ့သွားအပြီးတွင် စစ်သားနှစ်ယောက်က သူ့အား တစ်ဖက်တစ်ချက်မှညှပ်၍ ပြန်ခေါ်လာသည်။ လမ်းခုလတ်တွင် စစ်သားသုံးယောက်နှင့် ထင်းများအပြည့်တင်ထားသောလှည်းကြီးသည် အပြင်မှနေ၍ စခန်းအတွင်းသို့ဝင်လာသည်။ လှည်းသည် သူ့ရှေ့အရောက်တွင် ရပ်နေသဖြင့် သူတို့ပါရပ်နေကြရ၏။ ဤအခိုက်မှာပင် ဝံပုလွေများနှင့်ကခုန်သူသည် သူထွက်ပြေးလွတ်မြောက်နိုင်မည့်အရေးကို တွေးနေမိ၏။

လှည်းပေါ်မှစစ်သားတစ်ယောက်က စခန်းထဲမှ သူ့သူငယ်ချင်းစစ်သားတစ်ယောက်အား လှမ်းခေါ်သည်။ အရပ်ရှည်ရှည်စစ်သားတစ်ယောက်သည် လှည်းဆီသို့လျှောက်လာနေသည်။ လှည်းပေါ်မှ စစ်သားများသည် အရပ်ရှည်ရှည်စစ်သားလာနေသည်ကိုကြည့်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ပြုံးနေကြသည်။

"ဟော့ကောင်- ဘမ်းစ်၊ ငါတို့ မင်းအတွက် ဘာယူလာသလဲဆိုတာ လာကြည့်လှည့်စမ်း"ဟု လှည်းပေါ်မှစစ်သားတစ်ယောက်က ပြောလိုက်သည့်အသံကို ဝံပုလွေများနှင့်ကခုန်သူက ကြားလိုက်ရသည်။

လှည်းပေါ်မှစစ်သားများသည် ခုန်ဆင်းလာကြသည်၊ နှစ်ယောက်တလက်ဖြူ၏ကိုယ်အား ခေါင်းမှမ၍ကျန်တစ်ဦးက နောက်ခြေထောက်မှကိုင်ကာ အရပ်မြင့်မြင့်စစ်သားနောက်မှလိုက်ကြသည်။ အရပ်မြင့်မြင့်စစ်သားသည် စခန်းထဲတွင် လှည့်ပတ်ပြေးလျက်ရှိသည်။ ဘေးမှရပ်ကြည့်နေကြသောစစ်သားများသည် တဟားဟားရယ်ကာ ပွဲကျနေကြသည်။ ဝံပုလွေများနှင့်ကခုန်သူ၏လှုပ်ရှားမှုသည် မြန်ဆန်လွန်းလှသည်။ သူသည် လက်ဖြူအားသယ်၍ပြေးနေကြသည့် စစ်သားများအား တအားကုန်ဝင်တိုက်လိုက်သည်၊ တစ်ဦးကိုမူ လက်သီးဖြင့်ကြိုး၍ထိုးလိုက်သည်။ ထိုစစ်သားမှာ ပြင်းထန်သောလက်သီးချက်တစ်ချက်တည်းဖြင့် မြေပေါ်သို့ဝိုင်းခနဲလဲကျကာ သတိမေ့သွားသည်။

သူသည် လျင်မြန်ဖြတ်လတ်စွာဖြင့် ဒုတိယလူအပေါ် ခုန်အုပ်လိုက်သည်၊ လဲကျသွားပြီး ပြန်ထလာသောစစ်သားသည် ထွက်ပြေးရန်ကြိုးစားသည်၊ ဝံပုလွေများနှင့်ကခုန်သူက ခြေထောက်နှင့်ထိုးခံလိုက်သဖြင့် စစ်သားသည် နောက်တစ်ကြိမ်လဲကျသွားပြန်သည်။ ဤတစ်ကြိမ်တွင်မူ ဝံပုလွေများနှင့်ကခုန်သူ၏ သန်မာသော

www.burmeseclassic.com

www.burmeseclassic.com



လက်များသည် စစ်သား၏လည်ပင်းကို ညှစ်လျက်ရှိလေပြီ။

စစ်သား၏မျက်နှာသည် တဖြည်းဖြည်းနှင့်ပြာနှမ်းလာသည်။ မျက်လုံးနှစ်လုံးသည် ပြူးထွက်လာသည်။ ဤအခိုက်မှာပင် အရာဝတ္ထုတစ်ခုသည် ဝံပုလွေများနှင့်ကခုန်သူ၏နောက်စေ့ကို ဒုတ်ခနဲလာထိသည်။ သူသည် နောက်ထပ်တစ်ကြိမ် အမှောင်ထုကြီးအတွင်းသို့ သက်ဆင်းသွားရပြန်လေ၏။

သူပြန်ပြီးသတိရလာချိန်တွင် နေဝင်ဆည်းဆာအချိန်သို့ ဆိုက်ရောက်နေလေပြီ၊ သူ့ခေါင်းတစ်ခေါင်းလုံးသည် အုံခဲကာနာကျင်ကိုက်ခဲလျက်ရှိ၏။ ပထမတော့ သူ့အဖြစ်ကို သူသတိမထားမိ၊ အတန်ကြာမှပင် သူကိုယ်သူပြန်၍သတိထားမိသည်။ သူ့လက်နှစ်ဖက်အား လက်ထိပ်ခတ်ထားသည်ကိုတွေ့ရ၏။ သူသည် ခြေထောက်များကိုလှုပ်ရှားရန် အားယူလိုက်သည်၊ လှုပ်ရှား၍မရ၊ ခြေထောက်နှစ်ဖက်ကိုလည်း ခြေထိပ်များခပ်ထားသည်ကိုတွေ့ရ၏။

ဗိုလ်မှူးနှင့်ဗိုလ်ကလေးတို့သည် သူ့ထံသို့ရောက်လာပြီး မေးခွန်းများမေးကြပြန်သည်၊ သူသည် နှစ်ဦးစလုံးအား အစိမ်းလိုက်ဝါးစားတော့မည့်မျက်နှာထားမျိုးဖြင့် စူးစူးရဲရဲပြန်ကြည့်ကာ ကိုမင်ချီများလုပ်သလို တံခွေးကိုထွီခနဲထွေးထုတ်လိုက်သည်။ မေးခွန်းမေးတိုင်း သူက ကိုမင်ချီဘာသာစကားဖြင့် ပြန်ဖြေသည်။ နောက်ဆုံးတွင် ဘာအဖြေမှမရသဖြင့် နှစ်ဦးစလုံးပြန်ထွက်သွားကြလေ၏။

ညပိုင်းတွင် တပ်ကြပ်ကြီးတစ်ဦးရောက်လာပြီး သူ့ရှေ့၌ဆန်ပြုပ်တစ်ခွက်ချပေးသည်။ ဝံပုလွေများနှင့်ကခုန်သူက ဆန်ပြုပ်ခွက်ကို ခြေထိပ်ခတ်ထားသောခြေထောက်များဖြင့် ဆောင့်ကန်ပစ်လိုက်လေသည်။

❒

ခြေကန်ငှက်စေလွှတ်လိုက်သော ကင်းထောက်စစ်သည်များသည် ထိုညသန်းကောင်အချိန်လောက်တွင် သတင်းဆိုးကိုသယ်ဆောင်ပြီး ပြန်ရောက်လာကြသည်။

သူတို့သည် လူဖြူခံတပ်ထဲ၌ လူဖြူစစ်သားခြောက်ဆယ်ကျော်ခန့်ကို မြင်ခဲ့ရသည်။ လက်နက်များအပြည့်အစုံတပ်ဆင်ထားသည့် စစ်သားများဖြစ်၏။ ဝံပုလွေများနှင့်ကခုန်သူ၏မြင်းကစ္စကိုသည် ချောက်ကမ်းပါးဆင်ခြေလျှောတွင် လဲကျသေဆုံးနေသည်။ ညနေခင်းမှောင်စပျိုးချိန်တွင် စစ်သားတစ်စုက ဝံပုလွေများနှင့်ကခုန်သူအား ချောက်ကမ်းဝါးထိပ်သို့ခေါ်သွားသည်။ ဝံပုလွေများနှင့်ကခုန်သူ၏ လက်များနှင့်ခြေထောက်များကို လက်ထိပ်ခြေထိပ်ခတ်ထားသည်။

ရလာသည့်သတင်းက သတင်းကောင်းမဟုတ်၊ ကိုမင်ချီတို့သည် ရန်သူများနှင့်ဝေးသည်ထက်ဝေးအောင် ချက်ခြင်းပင်အရေးယူဆောင်ရွက်ကြသည်။ ထိုညတွင် ရောက်သည့်နေရာ၌ ရပ်နားခြင်းမပြုတော့ပဲ ညတွင်းချင်းခရီးဆက်သည်။ သာမန်အချိန်ခရီးသွားသလိုမသွား၊ လူ့အုပ်စုကိုတစ်ဒါဇင်ခန့်စီခွဲကာ အရပ်လေးမျက်နှာ



ဆီသို့ လမ်းခွဲ၍သွားကြသည်။ ရက်ပေါင်းအတော်ကြာမှ ပြန်လည်တွေ့ဆုံစုစည်းကြမည်ဟု စီစဉ်သည်၊ သူတို့အားလုံး နောက်ဆုံးဆုံကြရမည့်နေရာသည် သူတို့ရွေးချယ်ထားသည့် ဆောင်းရာသီစခန်းပင်ဖြစ်၏။

အရေးပေါ်ဖြစ်လာရသည့် ကိစ္စအတွက်ဆောင်ရွက်ချက်ကို ဝက်ဝံကြီးက ပိတ်ပင်တားဆီးခြင်း၊ ကန့်ကွက်ခြင်းမပြု၊ ခြေကန်ငှက်၊ ကျောက်ဆင်ပေါက်နှင့် လေဆံပင်တို့ပါဝင်သော စစ်သည်နှစ်ဆယ်တပ်ဖွဲ့သည် နာရီပိုင်းအတွင်းထွက်ခွာသွားကြသည်။ အောင်မြင်မှုရလိမ့်မည်ဟု သေချာပါမှ ရန်သူများအားတိုက်ခိုက်မည်။ မသေချာလျှင် လုံးဝတိုက်ခိုက်ခြင်းမပြုဟူသောကတိကို ဝက်ဝံကြီးအားပေးသွားကြလေသည်။

❒

ဗိုလ်မှူးဟက်ချ်သည် ထိုညမှာပင် ဆုံးဖြတ်ချက်တစ်ခုကိုချမှတ်လိုက်သည်၊ သူ့အနေဖြင့် ရိုင်းစိုင်းကြမ်းတမ်းသောအင်ဒီးယန်းကပြားလူဖြူ၏ ပြဿနာတို့အကျယ်မချဲ့ချင်၊ သူသည် စိတ်ကူးယဉ်တတ်သူမဟုတ်၊ လက်တွေ့သမားဖြစ်၏။ သူသည် လူထူးလူဆန်းတစ်ယောက်လိုဖြစ်နေသော ဤအကျဉ်းသားအား စပြီးတွေ့ကတည်းက ထိတ်လန့်ကြောက်ရွံ့နေခဲ့သည်၊ ခေါင်းလည်းရှုပ်ခဲ့သည်။

လက်တွေ့သမားဟူသော အမည်နာမကို ဂုဏ်ယူလုပ်နေသောစစ်အရာရှိတစ်ယောက်ပီပီ ဗိုလ်မှူးဟက်ချ်သည် အမြင်ကျဉ်းမြောင်းလှသည်ဖြစ်ရာ ဝံပုလွေများနှင့်ကသူအား အပေးအယူလုပ်ရမည့် ပစ္စည်းတစ်ခုအဖြစ်သတ်မှတ်ပြီး အသုံးချမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းနိုင်သည်ဟူသော ကောင်းကွက်ကိုလုံးဝမမြင်ချေ၊ အမြော်အမြင်ကင်းမဲ့သူတစ်ဦးပီပီ သုံးတ်သင်ရှင်းလင်းပစ်ရန်သာ ဆန္ဒရှိနေ၏။ ဤအကျဉ်းသားရှိနေလျှင် တပ်တွင်းအုပ်ချုပ်မှုကိုပင် ပျက်ပြားစေလိမ့်မည်ဟူသော အမြင်ဖြင့်သာ ပြဿနာကိုရှင်းရန်စိတ်ကူးရခဲ့လေသည်။

အကျဉ်းသားအား ဟေးစ်ခံတပ်သို့ပြန်ပို့ခြင်းသည် အကောင်းဆုံးစိတ်ကူးဟု သူယူဆသည်။ အကျဉ်းသားသံ့ပန်းတစ်ယောက်အနေဖြင့် ဤအင်ဒီးယန်းကပြားသည် မိမိအတွက် အကျိုးဖြစ်စရာမမြင် နောက်ပိုင်းမှဌာနချုပ်အတွက်သာလျှင် ပို၍တန်ဘိုးကြီးလိမ့်မည်ဟုထင်သည်။

သူ့အနေဖြင့် သစ္စာဖောက်တစ်ယောက်အား ဖမ်းဆီးပေးနိုင်ခြင်းသည် ဘွဲ့ထူးဂုဏ်ထူးတစ်ခုရဖို့ အလားအလာရှိသည်ဟုလည်းတွက်သည်။ ဟေးစ်ခံတပ်သို့ ပို့လိုက်မည်ဆိုပါက တပ်တစ်တပ်လုံးသည် ဤသံ့ပန်းအကြောင်းကို ပြောကြလိမ့်မည်ဖြစ်၏၊ ထိုအခါ ဤသံ့ပန်းအား ဖမ်းဆီးရမိခဲ့သည့် အရာရှိနာမည်ကိုလည်း မပြောပဲနေကြလိမ့်မည်မဟုတ်၊

ဗိုလ်မှူးဟက်ချ်သည် သူ့စိတ်ကူးနှင့်သူ ပီတိဖြစ်လျက်ရှိသည်။ သူသည် မှန်ဖိမ်မီးကိုမှုတ်ကာ စောင်များကိုမ၍ခြုံလိုက်ပြီး အိပ်ရာပေါ် လှဲလိုက်သည်။ အာသရ

www.burmeseclassic.com

www.burmeseclassic.com



ပါးရတစ်ချက်သန်းလိုက်ပြီး သူ့အတွက်အရာရာတိုင်းသည် အဆင်ပြေသွားလိမ့်မည်ဟု တွေးလေသည်။

❒

နောက်တစ်နေ့နံနက်တွင် သူတို့လူစုသည် အကျဉ်းသားများထံသို့ စောစောစီးစီးရောက်လာကြသည်။ တပ်ကြပ်ကြီးမာဖီက တပ်သားနှစ်ယောက်အား အကျဉ်းသားကို ဆွဲထူပြီးမတ်တတ်ရပ်ခိုင်းစေသည်။ "ကျွန်တော်တို့ သူ့ကို ယူနီဖောင်း ဝတ်ပေးလိုက်ရမလား. . ဗိုလ်မှူး"ဟုလည်း မေးသည်။

"လဲမပေးနဲ့၊ မလိုဘူး"ဟု ဗိုလ်မှူးကဖြေသည်။ "ကဲ. . . ဒီကောင်ကို လှည်းပေါ်တင်လိုက်"

အကျဉ်းသားပို့ရန်အတွက် တပ်သားခြောက်ဦးကို တာဝန်ပေးသည်၊ တပ်သားနှစ်ဦးက လှည်းရှေ့မှမြင်းနှင့်သွားရမည်။ လှည်းနောက်မှနှစ်ဦးကလိုက်ရမည်။ တစ်ဦးက မြင်းလှည်းကိုမောင်း၍ ကျန်တစ်ဦးက အကျဉ်းသားနှင့်အတူ လှည်းပေါ်မှ လိုက်ရမည်။ ဤကား ဗိုလ်မှူးဟက်ချ်၏ အစီအစဉ်ပေတည်း။

သူတို့သည် ဝံပုလွေများနှင့်ကခုန်သူချစ်မြတ်နိုးသော ပရေးရီးမြက်ခင်းပြင်ကြီးကိုဖြတ်၍ အရှေ့စူးစူးသို့ထွက်လာခဲ့ကြ၏။ သာယာကြည်လင်သော အောက်တိုဘာလ၏ နံနက်ခင်းဖြစ်သော်လည်း ဝံပုလွေများနှင့်ကခုန်သူ၏နှလုံးသားတတော့ ချမ်းမြေ့ကြည်သာမှုမရှိ။ လှည်းဆောင့်တိုင်း တလှုပ်လှုပ်ယိမ်းယိုင်ကာ လိုက်ပါလာသည်။ သူ့ခြေ၊ သူ့လက်များမှ လက်ထိပ်သံကြိုးချင်းရိုက်ခတ်သံများတိုးနားစွင့်လာသည်။ တစ်ခါတရံတွင်မူ စစ်သားများ၏အခြေအနေကိုကြည့်ကာ သူ၏ထွက်ပြေးလွတ်မြောက်ရေးကို ဆင်ခြင်စဉ်းစားနေမိလေသည်။

အစောင့်တပ်သားများကို အနိုင်ရရှိရေးမှာ လွယ်ကူမည်မဟုတ်၊ သူ့အနေဖြင့် သတ်နိုင်သည်ဆိုဦးတော့ အနည်းဆုံးတစ်ယောက် အများဆုံးနှစ်ယောက်သာ သတ်နိုင်မည်ဖြစ်၏။ ထိုနှစ်ယောက်အား သတ်ဖြတ်ပြီးသည်နှင့်တစ်ပြိုင်နက် သူ့အား ဝိုင်း၍သတ်ကြလိမ့်မည်မှာ သေချာ၏။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေဖြင့် အားထုတ်သင့်သည်ဟု ထင်မိ၏။ ဤလူစုအား ခုခံတိုက်ခိုက်ရင်းသေရမည်ဆိုပါက ကောင်းမွန်သာရှိသည်ဟုထင်သည်။ ဘာမှမလုပ်ဘဲ လုပ်သမျှခံမည်ဆိုပါက သူသည် ထောင်သွင်းအကျဉ်းချခြင်းခံရဖို့သာရှိသည်။

လက်သီးနှင့်ရပ်သူ၏အကြောင်းကို တွေးမိသည့်အခါတိုင်း သူ့နှလုံးသားသည် နာကျင်ခြင်းဖြစ်ရ၏။ သူမသည် မိမိအလွန်ချစ်မြတ်နိုးသော ဇနီးဖြစ်၏၊ ရာသက်ပန်မခွဲမခွာနေသွားရတော့မည်ဟု ဆုံးဖြတ်ပြီးကာမှ အခုလိုအဖြစ်ဆိုးနှင့်ရင်ဆိုင်ခဲ့ရ၏၊ တွေးလိုက်တိုင်း ယူကျုံးမရဖြစ်ကာ အဆိုးဆုံးသောစိတ်ဆင်းရဲမှုဒဏ်ကိုခံနေရလေသည်။

သူ့နောက်သို့လိုက်၍ ကယ်ဆယ်ခြင်းပြုကြလေမလား. . .၊ ယင်းကိုစွန့်



ပတ်သက်၍ သူ့ရင်ထဲတွင် သံသယများစွာဖြစ်နေသည်။ ခြေကန်ငှက်၊ လေဆော်ဝင်နှင့်ကျောက်ဆင်ပေါက်တို့လူစုကတော့ လိုက်လာလိုစိတ်ရှိကြမည်မှာ မလွဲပေ၊ သို့သော်လည်း လူမျိုးစုတစ်ခုလုံး၏အကြီးအကဲဖြစ်သူ ဝက်ဝံကြီးက သဘောတူလိမ့်မည်မထင်၊ ဝက်ဝံကြီးကတော့ လူတစ်ယောက်အရေးထက် သူ့လူမျိုးစုအားလုံး၏အရေးကို အလေးပေးလိမ့်မည်ဟု ယူဆရ၏၊ အကယ်၍ သူ့လူအားလုံး၏လုံခြုံရေးအတွက်လူဖြူစစ်သားများနှင့်စေ့စပ်ညှိနှိုင်းခြင်း ပြုလုပ်မည်ဆိုပါက သူတို့အတွက်လွတ်ရာလွတ်ကြောင်း ဖြစ်နိုင်သည်မဟုတ်ပါလား. . .၊

နောက်တစ်ခုစဉ်းစားစရာရှိသည်မှာ ကိုမင်ချီတို့သည် မိမိ၏အကြောင်းကို စုံစမ်းရန်အတွက် ကင်းထောက်များစေလွှတ်လိမ့်မည်ဟု ထင်သည်၊ အကယ်၍ လွှတ်လိုက်ပါက မိမိရင်ဆိုင်နေရသည့်အခြေအနေဆိုးကို သိသွားကြပေလိမ့်မည်၊ အကယ်၍ ကိုမင်ချီတို့အနေဖြင့် သူတို့၏လုပ်ရိုးလုပ်စဉ်အတိုင်း ပတ်ဝန်းကျင်တစ်နေရာမှနေ၍ ချောင်းမြောင်းကြည့်ရှုနေမည်ဆိုပါက မိမိအား လက်ထိပ်၊ ခြေထိပ်ခတ်၍ လှည်းကြီးပေါ်တင်သွားသည်ကို မြင်ကြလိမ့်မည်မှာ မလွဲပေ၊ အစောင့်စစ်သားခြောက်ဦးမျှသာပါသွားသည်ကိုလည်း တွေ့ကြလိမ့်မည်ဖြစ်၏၊ သို့ဆိုလျှင် ကိုမင်ချီတို့၏ တိုက်ရည်ခိုက်ရည်ကောင်းမှုကြောင့် မိမိလွတ်မြောက်စရာအခွင့်အလမ်းရှိနေပေသည်၊

နံနက်ခင်းသည် မသိမသာကုန်ဆုံးသွားလျက်ရှိသည်၊ ဝံပုလွေများနှင့်တခုန်သူသည် ယင်းမျှော်လင့်ချက်ကိုသာ ရင်ဝယ်ပိုက်ထားသည်၊ မြင်းလှည်းနှေးသွားသည့်အခါတိုင်း သူသည် အသက်မရှူနိုင်ဘဲဖြစ်ရ၏၊ တစ်နေရာမှမြားတစ်စင်းသို့မဟုတ် ကျည်တစ်တောင့်ဝင်ရောက်လာလေမလားဟူသော စိတ်ကူးကြောင့်ဖြစ်သည်၊ သို့ သော်လည်း နေ့တစ်ဝက်ကျိုးသည်အထိ ဘာသံမှမကြားရပေ၊

သူတို့သည် မြစ်နှင့်ခွာ၍ လာခဲ့ကြသည်မှာ အချိန်တော်တော်ကြာခဲ့ပြီ၊ ယခုအခါတွင်မူ သူတို့လှည်းသည် မြစ်ပြင်နှင့်မနီးမဝေးသို့ရောက်လာပြန်သည်၊ စစ်သားများသည် သူတို့လှည်းနှင့်ကူးဖြတ်နိုင်မည့်ရေတိမ်နေရာကို လိုက်လံရှာဖွေလျက်ရှိသည်၊ မြစ်ဘေးအတိုင်း မိုင်ဝက်ခန့်သွားမိသောအခါ စစ်သားများသည် ကျွဲများဖြတ်ကူးထားသည့် နေရာတစ်နေရာကိုတွေ့ကြသည်၊

ထိုနေရာတွင် မြစ်ပြင်သည်မကျယ်လှပေ၊ ရေကလည်းတိမ်၏၊ သို့သော်လည်း ပတ်ပတ်လည်တွင်မြစ်ကွေ့မြစ်ကျိုးများနှင့် သစ်ပင်ချုံပုတ်များ အများအပြားရှိနေသည်၊ အကယ်၍သာ ချောင်းမြောင်းတိုက်ခိုက်မည်ဆိုပါက ဤနေရာသည် အကောင်းဆုံးနေရာဖြစ်ပေသည်၊ လှည်းသည် မြစ်ကမ်းပါးဆင်ခြေလျှောအတိုင်းဆင်းလာသည်၊ ထိုအချိန်တွင် ဝံပုလွေများနှင့်ကခုန်သူသည် မျက်စိနှင့်နားကို သတိကြီးစွာထား၍ဖွင့်ထားသည်၊

တပ်ကြပ်သည် မြစ်ကိုမဖြတ်ကူးမီ လှည်းကိုခေတ္တခဏမျှရပ်ရန် အမိန့်ပေးသည်၊ တပ်ကြပ်နှင့်တပ်သားတစ်ယောက်သည် မြစ်ကိုရှေ့မှနေ၍ဖြတ်ကူးကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချရသည့်အနေအထားရောက်ကာမှ တပ်ကြပ်သည် နောက်သို့လှည့်၍ လှည်းကို ဆင်းလာရန်ခေါ်သည်။

ဝံပုလွေများနှင့်ကခုန်သူသည် လက်သီးကိုဆုပ်ကိုင်ထားသည်။ ခပ်စောင်းစောင်းလှဲနေရာမှ တည့်တည့်မတ်မတ်ပြင်ထိုင်သည်။ ပတ်ဝန်းကျင်တွင် ဘာကိုမှမမြင်ရ။ ဘာသံမှလည်း မကြားရ။ သို့သော်လည်း သူတို့လူစုရောက်နေကြပြီဟု စိတ်ထဲကသိနေသည်။

ပထမဆုံးဝင်လာသည့် မြားသံကိုကြားလိုက်သည်နှင့်တစ်ပြိုင်နက် ဝံပုလွေများနှင့်ကခုန်သူသည် အလွန်လျင်မြန်သွက်လက်စွာလှုပ်ရှားသည်။ သူ၏လှုပ်ရှားပုံမှာ အစောင့်စစ်သားထက် အဆပေါင်းများစွာမြန်၏။ သူသည် လက်နှစ်ဖက်တွင်ချည်ထားသည့်သံကြိုးဖြင့် အစောင့်စစ်သား၏လည်ပင်းကို ညှစ်ထားလိုက်သည်။

ထိုအခိုက်တွင် သူ့နောက်ဖက်မှ ရိုင်ဖယ်သေနတ်သံတစ်ချက်ထွက်ပေါ်လာသည်။ မြစ်လယ်၌ရောက်နေသော တပ်ကြပ်သည် သူ့နောက်ကျောသို့ဝင်၍ စိုက်လိုက်သည့် မြားချက်ကြောင့် မြင်းပေါ်မှကျွမ်းပြန်၍ကျသွားသည်ကို မြင်လိုက်ရ၏။ လှည်းသမားတပ်သားသည် လှည်းဘေးသို့ခုန်ဆင်းလိုက်ပြီး ပစ္စတိုတစ်လက်ဖြင့် စည်းလွတ်ဝါးလွတ်ပစ်ခတ်သည်။

ဝံပုလွေများနှင့်ကခုန်သူသည် လှည်းပေါ်မှနေ၍ ထိုစစ်သားအပေါ်သို့ခုန်အုပ်လိုက်သည်။ နှစ်ဦးသားထွေးလုံးရစ်ပတ်ဖြစ်ကာ ရေထဲသို့မြုပ်သွားသည်။ ပြန်ပေါ်လာသည့်အခါ ဝံပုလွေများနှင့်ကသူသည် သူ့လက်မှသံကြိုးကို တုတ်တစ်ခုသဖွယ်အသုံးပြုကာ စစ်သား၏ဦးခေါင်းကိုရိုက်ခွဲသည်။ အချက်ပေါင်းများစွာရိုက်ခြင်းဖြစ်၍ စစ်သားသည်ဖြည်းဖြည်းချင်းပျော့ခွေကာ ရေထဲတွင်ပေါလောပေါ်နေသည်။

မြစ်ကမ်းပါးဆီမှအော်သံများကြားရသည်။ နောက်ဆုံးကျန်ခဲ့သည့် စစ်သားတစ်ဦးသည် ထွက်ပြေးလွတ်မြောက်ရန် သူ့မြင်းကိုတအားနှင်လျက်ရှိသည်။ စစ်သားသည် ဒဏ်ရာရထားဟန်တူ၏။ မြင်းပေါ်တွင် တည့်တည့်မတ်မတ်မထိုင်နိုင်။ သူ့နောက်မှ မြင်းကိုဒုန်းစိုင်း၍လိုက်လာသော လေဆံပင်၏တင်းပုတ်သည် ထိုစစ်သား၏ဦးခေါင်းကိုရိုက်ခွဲသည်။ ဝံပုလွေများနှင့်ကခုန်သူသည် နောက်သို့ဖျတ်ခနဲလှည့်လိုက်သည်။ လှည်းနောက်မှလိုက်ပါလာသော အစောင့်နှစ်ယောက်သည် ရေထဲတွင် ပေါလောဖြစ်နေကြလေပြီ။

သူ့ပခုံးအားလာ၍ဆွဲလိုက်သဖြင့် လှည့်ကြည့်လိုက်သည်။ သူ့အား ပြုံးရယ်ပြီးကြည့်နေသည့် ခြေကန်ငှက်၏မျက်နှာ၊ သူတို့လူစုထဲတွင် ကျောက်ဆင်ပေါက်၏မျက်နှာကို မြင်လိုက်ရသည့်အခါ ဝံပုလွေများနှင့်ကခုန်သူသည် အတိုင်းအဆမရှိဝမ်းသာအားရဖြစ်သွားသည်။

"သိပ်ကိုကောင်းတဲ့တိုက်ပွဲပဲ"ဟု ခြေကန်ငှက်ကပြောသည်။ "အားလုံးကို လွယ်လွယ်ကလေးနဲ့အနိုင်ရလိုက်တယ်၊ ကျုပ်တို့ဘက်က တစ်ယောက်မှဒဏ်ရာမရကြဘူး"



"ကျွန်တော်နှစ်ယောက်ရလိုက်တယ်၊ ဟောဒီလက်နက်နဲ့တိုက်ခဲ့တာ"ဟု ဝံပုလွေများနှင့်ကခုန်သူက လက်နှစ်ဖက်ကိုမြှောက်ပြပြီးပြောသည်။

ကယ်ဆယ်ရေးတပ်ဖွဲ့သည် အချိန်မဖြုန်း။ လက်ထိပ်သော့များကို အမြန်ဆုံးရှာဖွေကြသည်။ တပ်ကြပ်၏အိတ်ထဲမှတွေ့ရ၏။ ဝံပုလွေများနှင့်ကခုန်သူ၏ လက်ထိပ်နှင့်ခြေထိပ်များကို ဖြုတ်ပေးအပြီးတွင် သူတို့အားလုံးသည် မြင်းများပေါ်သို့ခုန်တက်ကာ ဒုန်းစိုင်း၍ထွက်သွားကြသည်။ ဤတစ်ကြိမ်တွင် သူတို့ယူထားသည့်လမ်းကြောင်းမှာဆက်ဂျ်ဝစ်ခံတပ်၏အနောက်ဖက်နှင့် တောင်ဖက်မိုင်ပေါင်းများစွာဝေးကွာသော ခရီးလမ်းဖြစ်လေသည်။

□□□

www.burmeseclassic.com

|၃၀|

ကံအားလျော်စွာပင် ဝက်ဝံကြီး၏လူများသည် ပထမဆုံးအကြိမ်တျဆင်းသည့် ဆီးနှင်းများနှင့်ရင်ဆိုင်ကြရသည်၊ မြေပြင်ပေါ်တွင် ထုတစ်လက်မခန့်အထိမြင့်မားအောင် သိပ်သည်းစွာကျရောက်ခဲ့သော ဆီးနှင်းခဲများသည် သူတို့လာရာလမ်းတစ်လျှောက်မှ ခြေရာများကိုဖုံးအုပ်ဖျောက်ဖျက်ပစ်ခဲ့ကြလေသည်။

သူတို့သည် ထွက်လာစဉ်က အရပ်လေးမျက်နှာသို့ဖြန့်၍ တစ်ကွဲတစ်ပြားစီလာခဲ့ကြခြင်းဖြစ်သော်လည်း ခြောက်ရက်မျှအကြာတွင် အားလုံးသည် ချိန်းဆိုထားသောနေရာ၌ ပြန်လည်ဆုံမိကြ၏၊ သူတို့ရောက်သွားသည်နေရာမှာ အလွန်နက်ရှိုင်းလှသော တောင်ကြားတစ်ခုဖြစ်၍ ထိုနေရာတွင် သူတို့အုပ်စုသည် နောက်ထပ်လပေါင်းများစွာကြာသည်အထိ နေထိုင်သွားရဦးမည်ဖြစ်၏။

ထိုနေရာသည် ကိုမင်ချီတို့၏သမိုင်းတွင် အစဉ်အလာကြီးခဲ့သောနေရာဖြစ်၏။ သူတို့လူမျိုးက 'မဟာဝိညာဉ်တော်ကြီး၏ ခြေတော်ရာတောင်ကြား'ဟုအမည် ပေးထားကြသည့် ထူးခြားသောနေရာဖြစ်သည်၊ တောင်ကြား၏အရှည်မှာ မိုင်ပေါင်းများစွာရှည်လျားသည်၊ အကျယ်မှာ နေရာအတော်များများတွင် တစ်မိုင်ခန့်ကျယ်သည်၊ တောင်နံရံများ၏အမြင့်မှာ အောက်ခြေမှထိပ်အထိ မိုင်ဝက်ခန့်အထိမြင့်လေသည်။

သူတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ဆောင်းဥတုရောက်တိုင်း ဤတောင်ကြားကို 'ဆောင်းစခန်း'အဖြစ်အသုံးပြုလာခဲ့ကြခြင်းဖြစ်၏၊ အစ



အရာရာလိုလေသေးမရှိအောင် ပြည့်စုံကြွယ်ဝသောနေရာဖြစ်သည်၊ လူအများနှင့်မြင်းများ အစာရေစာအလျှံပယ်ပေါများသောနေရာဖြစ်ရုံမက ဆောင်းဥတုအစ်လျှောက်လုံး ရောက်လာတတ်သည့်နှင်းမုန်တိုင်းများဒဏ်မှလည်း ကောင်းစွာအကာအကွယ်ပေးနိုင်သည်၊ ထို့ပြင်လည်း ရန်သူများမရောက်လာနိုင်အောင် အလုံခြုံဆုံးသောနေရာတစ်ခုဖြစ်လေသည်။

အခြားကိုမင်ချီအုပ်စုများသည်လည်း ဤနေရာကို ဆောင်းစခန်းအဖြစ်ရွေးချယ်ကာ လာရောက်အခြေစိုက်လေ့ရှိရာ ထိုအချိန်မျိုးတွင် နွေဦးပေါက်ကတည်းက ကွဲကွာသွားခဲ့ကြသောမိတ်ဆွေချင်း၊ ဆွေမျိုးချင်း ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံကြရတတ်လေသည်။

မည်သို့ပင်ဖြစ်စေ ဝက်ဝံကြီး၏လူများသည် ထိုနေရာ၌အတည်တကျအခြေချပြီးချိန်မှစ၍ သူတို့နှင့်ခွဲ၍ထွက်သွားသော ကယ်ဆယ်ရေးတပ်ဖွဲ့၏ ကံကြမ္မာကို မသိကြရသဖြင့် များစွာသောကရောက်နေကြရသည်၊ သို့သော်လည်း မကြာခင်မှာပင် မမျှော်လင့်ပဲနှင့်ပြန်ရောက်လာခဲ့လေ၏။

ထိုနေ့မနက် နေထန်းတစ်ဖျားခန့်တွင် ကယ်တင်ရေးတပ်ဖွဲ့မှ ရှေ့ပြေးစစ်သည်တစ်ဦးသည် အသံကုန်ဟစ်ကာ စခန်းတွင်းသို့ဝင်လာသည်၊ သူထံမှ သူတို့နှင့်အတူ ဝံပုလွေများနှင့်ကခုန်သူပြန်ပါလာပြီဟူသော သတင်းကောင်းကိုကြားကြရသည်၊

ရွာမှထွက်ကြိုသူများထဲတွင် လက်သီးနှင့်ရပ်သူသည် ရှေ့ဆုံးမှဖြစ်၏၊ သူမသည် ဝမ်းသာခြင်းနှင့်ဝမ်းနည်းခြင်းများပေါင်းစပ်ကာ အော်ဟစ်ငိုကြွေးပြီးရှေ့ဆုံးမှတအားကုန်ပြေးနေခြင်းဖြစ်သည်၊ သူမကို ဘယ်သူမှမီအောင်မလိုက်နိုင်၊ မြင်းများကိုရှေ့နောက်တန်းစီစီး၍လာနေသော လူစုကိုမြင်လိုက်သည့်အခါတွင်မူ သူမသည် 'ဝံပုလွေများနှင့်ကခုန်သူ'၏ နာမည်ကိုမရပ်မနားအော်ခေါ်ပြီး ပြေးသွားလျက်ရှိ၏၊

သူမသည် ဝံပုလွေများနှင့်ကခုန်သူ၏ ရင်ခွင်တွင်းသို့မရောက်မချင်း အပြေးမရပ်၊

□

ဆီးနှင်းများစောစောစီးစီးကျရောက်ခြင်းသည် နှင်းမုန်တိုင်းကျမည်ဟု ကြိုတင်အသိပေးခြင်းဖြစ်သည်၊ ထို့နေ့ မွန်းလွဲပိုင်းတွင် နှင်းမုန်တိုင်းကျလာသည်၊ လူများသည် နောက်နှစ်ရက်တိတိမျှ တဲအပြင်သို့မထွက်နိုင်၊ ဝံပုလွေများနှင့်ကခုန်သူတို့လင်မယားသည် မည်သူနှင့်မှမတွေ့၊

ဝံပုလွေများနှင့်ကခုန်သူ၏ မျက်နှာမှဒဏ်ရာများကို ဂရုတစိုက်ပြုစုဆေးပေးသူမှာ ခြေကန်ငှက်ပင်ဖြစ်သည်၊ သူပေးသည့် ဆေးစွမ်းကောင်းများကြောင့် ဒဏ်ရာသည် မကြာခင်မှာပင် ပျောက်ကင်းသွားသည်၊

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ဝံပုလွေများနှင့်ကခုန်သူ၏စိတ်သည် သူ့ဒဏ်ရာပေါ်၌မရှိ၊ အလွန်အလေးအနက်ပြုရမည့် ကိစ္စတစ်ခုအပေါ်တွင်ရောက်နေသည်၊ သူသည် ယင်းပြဿနာနှင့် ရုန်းကန်လှုပ်ရှားနေရသဖြင့် ယခင်ကလို စိတ်လက်ကြည်လင်ပေါ့ပါးခြင်းမရှိ၊ ထို့ကြောင့်လည်း သူသည် မည်သူနှင့်မှတွေ့လိုစိတ်မရှိ၊

သူသည် သူ့ဇနီးလက်သီးနှင့်ရပ်သူကိုတော့ စကားပြောသည်၊ သို့သော်လည်း ခါတိုင်းလို များများစားစားမပြော၊ သွက်သွက်လက်လက်မရှိ၊ အချိန်ရှိသမျှ သူသည် အိပ်ရာပေါ်လှဲကာ တွေဝေငေးမောနေသည်ကများ၏၊ သူ့ကိုကြည့်ရသည်မှာ နာဖျားမကျန်းဖြစ်သောသူတစ်ဦးနှင့် တူလှချေသည်၊

လက်သီးနှင့်ရပ်သူသည် သူနှင့်အတူ အိပ်ရာထဲ၌ရှိနေသည်ကများသည်၊ သူမ၏ခင်ပွန်းသည်၏အဖြစ်ကို သူမနားမလည် ဘာများဖြစ်လို့ပါလိမ့်ဟုတော့ တွေးသည်၊ သို့သော်လည်း တွေးလို့ကမရသဖြင့် သူ့အပြောကိုစောင့်မှသာဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်၏၊ ဘယ်နည်းနှင့်မဆို နောက်ဆုံးအချိန်တန်လာသည့်အခါ သူသည် သူမတစ်ဦးတည်းသာ ရင်ဖွင့်စရာလူရှိသည်မဟုတ်ပါလား၊

နှင်းမုန်တိုင်းကျနေသည့် တတိယနေ့တွင်မူ ဝံပုလွေများနှင့်ကခုန်သူသည် တစ်ယောက်တည်းလမ်းလျှောက်ထွက်လာခဲ့သည်၊ သူသည် ခရီးအတော်ဝေးဝေးရောက်သည့်အထိလျှောက်ကာ သူ့ရင်ထဲ၌ရှိနေသည့် ပြဿနာကို ထပ်တလဲလဲဆင်ခြင်စဉ်းစားသည်၊ သူတဲသို့ပြန်ရောက်သည့်အခါတွင်မူ သူသည် လက်သီးနှင့်ရပ်သူအားခေါ်ပြီး အစားထိုး၍မရနိုင်တော့သည့် သူ့ဆုံးဖြတ်ချက်ကို ဖွင့်ဟပြောလေသည်၊

လက်သီးနှင့်ရပ်သူသည် သူ့အနီးမှခွာသွားသည်၊ တစ်နေရာ၌ တစ်နာရီနီးပါးမျှထိုင်ကာ ခေါင်းငိုက်စိုက်ချ၍ သူမယောကျ်ား၏ဆုံးဖြတ်ချက်ကို ဝေဖန်သည်၊ နောက်ဆုံးတွင် သူမသည် သူမ၏ယောကျ်ားအား တစ်ချက်လှမ်းကြည့်ပြီး "အဲသလို လုပ်မှပဲဖြစ်မှာလား၊ တခြားနည်းလမ်းမရှိတော့ဖူးလား"ဟု မေးသည်၊ သူမ၏မျက်လုံးအစုံသည် ကြေကွဲဝမ်းနည်းခြင်းကိုဖော်ပြနေသည်၊

ဝံပုလွေများနှင့်ကခုန်သူမှာလည်း သူ့ဇနီးကဲ့သို့ပင် စိတ်ထိခိုက်ကြေကွဲလျက်ရှိ၏၊ သို့သော်လည်း သူဘာမှမတတ်နိုင်၊ "ဟုတ်တယ်၊ ဒီတစ်လမ်းပဲရှိတယ်"ဟု လေသံသဲ့သဲ့ဖြင့် အဖြေပေးသည်၊

လက်သီးနှင့်ရပ်သူသည် သက်ပြင်းချသည်၊ ထွက်ကျလာအံ့ဆဲဆဲဖြစ်သော မျက်ရည်များကိုကျမလာအောင် ထိန်းချုပ်သည်၊

"ဒါဆိုရင်လည်း ဘယ်တတ်နိုင်မလဲ. . .၊ မောင်ပြောသလိုပဲဖြစ်ရတော့မှာပေါ့"ဟု ပြောသည်၊

❐

ဝံပုလွေများနှင့်ကခုန်သူသည် ကောင်စီအစည်းအဝေးခေါ်ပေးရန် တင်ပြသည်၊ သူသည် ဝက်ဝံကြီးနှင့်စကားပြောစရာတွေ အများကြီးရှိနေသည်၊ သူ့စကားပြောသည့်အခါ ခြေကန်ငှက်၊ လေဆံပင်နှင့်ကျောက်ဆင်ပေါက်တို့ သုံးဦးသာမက ဝက်ဝံကြီးက သင့်တော်သည်ဟု ယူဆခြင်းခံရသူများကိုပါ နားထောင်စေချင်သည်၊



နောက်တစ်ညတွင် ကောင်စီအစည်းအဝေးပြုလုပ်သည်၊ အစည်းဝေးသို့ တက်ရောက်လာသူများသည် နှင်းမုန်တိုင်းစဲသွားပြီဖြစ်၍ ရွှင်မြူးနေကြသည်၊ သူတို့သည် အိမ်ရှင်ချပေးထားသော အစားအစာများကိုစားလိုက်၊ ဆေးတံကိုဖွာလိုက် စကားပြောလိုက်နှင့် သက်တောင့်သက်သာဖြစ်အောင်နေထိုင်လျက်ရှိကြ၏၊ စကားပြောသည့်အခါတွင်လည်း ဝံပုလွေများနှင့်ကခုန်သူအား သွားရောက်ကယ်ဆယ်ခဲ့ရသည့်ခရီးစဉ်နှင့် မြစ်ပြင်ပေါ်၌ဆင်နွှဲခဲ့ရသည့် တိုက်ပွဲအကြောင်းသည် ပြော၍မငြီးသည့် ဇာတ်လမ်းဖြစ်နေပေသည်၊

ဝံပုလွေများနှင့်ကခုန်သူသည် သူ့မိတ်ဆွေများစကားပြောနေကြသည်တို့ နားထောင်ကာ သူတို့နှင့်အတူရော၍ ပျော်ရွှင်မြူးတူးနေသည်၊ သူ့အနေဖြင့် သူ့မိတ်ဆွေများနှင့်တရင်းတနှီးနေထိုင်ရသည့်အတွက် စိတ်ချမ်းသာလှပါဘိ၏၊ သို့သော်လည်း. . .

အစည်းအဝေးစ၍ သူ့စကားပြောသည့်အခါ သူ့မျက်နှာသည် စောစောကနှင့်မတူ ကြည်လင်ရွှင်ပြမှုကင်းမဲ့နေသည်၊ တည်ငြိမ်လေးနက်သောအသွင်ကို ဆောင်လျက်ရှိ၏၊ သူက "ကျွန်တော့်စိတ်ထဲမှာ ပြောသင့်ပြောထိုက်တယ်လို့ ယူဆထားတဲ့ကိစ္စတစ်ခုကို ခင်ဗျားတို့သိအောင် ဖွင့်ပြောပါရစေ"ဟု စကားပလ္လင်ခံသည်၊

လူအားလုံးသည် နှုတ်ဆိတ်သွားကြသည်၊ အရေးကြီးသော အကြောင်းအရာတစ်ခုကို ကြားကြရတော့မည်ဟူသောအသိကြောင့် ဝံပုလွေများနှင့်ကခုန်သူ၏ မျက်နှာကို စိတ်ဝင်တစားကြည့်နေကြသည်၊ အကြီးအကဲဖြစ်သူ ဝက်ဝံကြီးသည်ပင်လျှင် အထူးဂရုစိုက်၍နားစွင့်လျက်ရှိ၏၊

"ကျွန်တော် ခင်ဗျားတို့နဲ့အတူတူနေလာခဲ့တာ မကြာသေးပါဘူး၊ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ ခင်ဗျားတို့နဲ့နေရတဲ့ဘဝဟာ ကျွန်တော့်ရဲ့အသာယာဆုံးနဲ့ အစစ်မှန်ဆုံးဘဝတစ်ခုလို့ခံစားရပါတယ်၊ ကျွန်တော်ဟာ ကိုမင်ချီတစ်ယောက်ဖြစ်ရတာကို သိပ်ပြီးဂုဏ်ယူခဲ့ပါတယ်၊ နောင်အနာဂတ်ကာလမှာလည်း ကိုမင်ချီတစ်ယောက်ဖြစ်ရခြင်းအပေါ်မှာ ဆက်ပြီးဂုဏ်ယူသွားဦးမှာပါ၊ ကျွန်တော်ဟာ ကိုမင်ချီတွေရဲ့ လူမှုဆက်ဆံရေးပတ်ဝန်းကျင်ကို သိပ်ချစ်ပါတယ်၊ ကိုမင်ချီတွေရဲ့ ရိုးရာဓလေ့ထုံးစံတွေကိုလည်း သိပ်ပြီးမြတ်နိုးပါတယ်၊

"ကျွန်တော့်အနေနဲ့ ခင်ဗျားတို့အားလုံးကိုချစ်ပါတယ်၊ ကျွန်တော့်ရဲ့ သွေးတူသားတူ ညီတူရင်းအစ်ကိုတွေလို သဘောထားပါတယ်၊ ကျွန်တော့်ရဲ့နှလုံးသားနဲ့ စိတ်ထဲမှာကတော့ ကျွန်တော်ဟာ ခင်ဗျားတို့နဲ့အမြဲတမ်းအတူတူရှိနေမှာပါ၊ ဒါကြောင့်မို့လည်း ခင်ဗျားတို့နဲ့ခွဲပြီး အဝေးတစ်နေရာကိုသွားတော့မယ်လို့ ထုတ်ဖော်ပြောရမှာ မပြောရက်အောင်ဖြစ်ရပါတယ်"

တဲအတွင်းရှိလူအားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်၊ အံ့သြခြင်းကြီးစွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်၊ ဝံပုလွေများနှင့်ကခုန်သူ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို မယုံကြည်နိုင်သည့်မျက်နှာထားများဖြင့် ကြည့်နေကြသည်။ အထူးသဖြင့် လေဆံပင်သည် ထိုနေရာမှဖြုန်းခနဲထရပ်သည်။ တဲထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားသည်။ ဝံပုလွေများနှင့်ကခုန်သူ၌ ဤစိတ်ကူးမျိုးပေါ်လာခြင်းသည် မှားမိုက်ခြင်းတစ်ရပ်ဖြစ်သည်ဟု သူယူဆသည်။

ဝံပုလွေများနှင့်ကခုန်သူကတော့ သူ့ရှေ့မီးဖိုထဲမှမီးတောက်များကို စိုက်ကြည့်နေသည်။ သူ့အမူအယာကို အကဲခတ်နေသောဝက်ဝံကြီးက လက်တစ်ဖက်ကို မြှောက်၍ သူ့လူများအား ငြိမ်ငြိမ်ဆိတ်ဆိတ်နေကြရန် ဟန့်တားသည်။ တဲထဲ၌ပြန် လည်တိတ်ဆိတ်သွားသည်။ လေဆံပင်ကတော့ လမ်းလျှောက်မြဲတိုင်းလျှောက်နေသည်။ စိတ်မရှည်တော့သလိုဖြစ်သွားသည့် ဝက်ဝံကြီးက သူ့အားလှမ်း၍အော်သည်။

"ဟေ့ကောင်လေဆံပင် ဒီမှာလာထိုင်။ သူပြောတဲ့စကားကို ဆုံးအောင် နားထောင်ဦး။ သူ့စကားမဆုံးသေးဘူးကွ"

လေဆံပင်သည် ချက်ခြင်းပင် သူ့နေရာ၌ပြန်ထိုင်သည်။ ထိုအခါကျမှပင် ဝံပုလွေများနှင့်ကခုန်သူသည် ပြောလက်စစကားများကိုဆက်သည်။

"မြစ်ပြင်ပေါ်မှာ စစ်သားတွေကိုဝိုင်းတိုက်ခဲ့တဲ့အလုပ်ဟာ ကောင်းပါတယ်။ ဒီလိုလုပ်ခဲ့လို့ ကျွန်တော်ဟာ သူတို့လက်ကလွတ်မြောက်ခဲ့ရပါတယ်။ ကျွန်တော့်ကိုလာပြီးကယ်တင်ခဲ့တဲ့ ညီအစ်ကိုတော်ကိုမြင်လိုက်ရတဲ့အချိန်ကဆိုရင် ကျွန်တော်ဟာ ဝမ်းသာလို့မဆုံးပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း လူဖြူစစ်သားတွေကို သတ်ခဲ့တာပါပဲ။ သူတို့ကိုသတ်ဖို့ဝန်မလေးပါဘူး။သတ်ရတဲ့အတွက် ဝမ်းတောင်သာပါသေးတယ်။

"ဒါပေမယ့် လူဖြူတွေရဲ့စိတ်နေစိတ်ထားကို ကျွန်တော်သိသလို ခင်ဗျားတို့မသိကြဘူး။ လူဖြူစစ်သားတွေက ကျွန်တော့်ကို လူဆိုးဖြစ်သွားတဲ့လူဖြူတစ်ယောက်လို့ ထင်ကြပါတယ်။ ကျွန်တော်က သူတို့ကိုသစ္စာဖောက်သွားတယ်လို့ ယူဆထားကြပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ကျွန်တော်က ခင်ဗျားတို့နဲ့အတူတူနေမယ်လို့ ကိုယ့်ဘဝလမ်းခရီးကို ကိုယ်သဘောကျရွေးချယ်လိုက်လို့ပါ။ သူတို့ဘယ်လိုပဲ ယူဆ ယူဆ ကျွန်တော်ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် အခုပြောပြနေတာက ကျွန်တော်နဲ့ ပတ်သက်ပြီး သူတို့ယုံကြည်နေတာကို ခင်ဗျားတို့အမှန်အတိုင်းသိသွားအောင် ပြောပြနေတာပါ။

"လူဖြူတွေရဲ့စိတ်ဟာတစ်မျိုးပါ၊ သစ္စာဖောက်တဲ့လူလို့ထင်ရင် အဲဒီလူနောက်ကို မမီမီအောင်လိုက်လာတတ်ပါတယ်၊ သူတို့က သစ္စာဖောက်တစ်ယောက်ဟာ လောကမှာအဆိုးဆုံးလူတစ်ယောက်လို့ ယူဆကြပါတယ်။ အဲဒီတော့ သူတို့ဟာ ကျွန်တော့်ကို မမီမချင်းလိုက်ရှာကြမှာ သေချာပါတယ်။ ဘယ်နည်းနဲ့မှ သူတို့လက်လျှော့မှာ မဟုတ်ပါဘူး"

"သူတို့လိုက်လာလို့ ကျွန်တော့်ကိုတွေ့ရင် ခင်ဗျားတို့ကိုပါတွေ့သွားမှာပါ၊ သူတို့က ကျွန်တော့်ကိုကြိုးပေးပြီးသတ်ကြမှာပါ၊ ခင်ဗျားတို့ကိုလည်း အဲသလိုပဲလုပ်



ကြမှာပါ၊ တကယ်လို့ ကျွန်တော်တခြားနေရာကို ထွက်သွားရင်တောင်မှ သူတို့က ခင်ဗျားတို့ကို အဲသလိုပဲအပြစ်ပေးချင်ပေးမှာပါ။

"တကယ်လို့ ကျွန်တော်တို့အုပ်စုက ယောကျ်ားတွေချည်းပဲဆိုရင် ကျွန်တော်ဂရုမစိုက်ပါဘူး၊ ကျွန်တော်ဆက်နေမှာပါ၊ အခုဟာက ခင်ဗျားတို့ရဲ့ဇနီးတွေနဲ့ သားသမီးတွေက အများကြီးရှိနေပါတယ်၊ ဖြစ်လာရင် လူအားလုံးကိုထိခိုက်ကုန်မှာပါ၊

"ကျွန်တော့်ကို သူတို့လိုက်ရှာတဲ့အခါမှာ ကျွန်တော့်ကို ခင်ဗျားတို့ရဲ့ကြားမှာ မတွေ့စေချင်ပါဘူး၊ အဲဒါပါပဲ၊ အဲဒါကြောင့်လည်း ကျွန်တော်သွားမှဖြစ်မယ်လို့ ဆုံးဖြတ်ရတာပါ၊ ဒီအကြောင်းတွေကို ကျွန်တော့်အနေနဲ့ လက်သီးနှင့်ရပ်သူတို့ အသိပေးထားပြီးပါပြီ၊ ကျွန်တော်တို့သွားရင် အတူတူသွားကြမှာပါ"

သူ့စကားအဆုံးတွင် အားလုံးငြိမ်ဆိတ်နေကြသည်။ သူ့စကားများသည် မှန်သည်ဟုသိကြသည်၊ သို့သော်လည်း ဘယ်လိုစကားမျိုးပြန်ပြောရမည်ကို မသိကြ။

"ခင်ဗျားက ဘယ်သွားမှာလဲ"ဟု ခြေကန်ငှက်ကမေးသည်။

"မသိပါဘူး၊ ဒီနေရာနဲ့ သိပ်ဝေးတဲ့နေရာကို သွားမယ်လို့စိတ်ကူးထားတာပဲ၊ ဒီနိုင်ငံနဲ့ သိပ်ကိုဝေးတဲ့နေရာ တစ်နေရာကိုပေါ့"

နောက်တစ်ကြိမ်ငြိမ်ဆိတ်သွားသည်။ ဝက်ဝံကြီး၏ ချောင်းဆိုးသံမှတစ်ပါး အခြားဘာသံကိုမှ မကြားရ။

"မင်းဟာ အများသဘောပေါက်အောင် ပြောခဲ့ပါတယ်၊ မင်းရဲ့နာမည်ဟာ ကိုမင်ချီလူမျိုးဆိုတာ တည်ရှိနေသမျှကာလပတ်လုံး တို့လူမျိုးအားလုံးရဲ့နှလုံးသားထဲမှာ ရှင်သန်နေမှာပါ၊ မင်းဘယ်တော့သွားမယ်လို့ စိတ်ကူးထားပါသလဲ"

ဆီးနှင်းတွေကွဲပြီးစဲသွားတဲ့အချိန်ကျရင် သွားမှာပါ"ဟု ဝံပုလွေများနှင့်ကခုန်သူက ပြန်ပြောသည်။

"ဆီးနှင်းက မနက်ဖြန်ဆိုရင် စဲတော့မှာပဲ"ဟု ဝက်ဝံကြီးကပြောသည်။ "တို့အိပ်ရာဝင်ဖို့သင့်ပြီ"

□

ဝက်ဝံကြီးသည် သာမန်လူများနှင့်မတူ အလွန်ထူးခြားသောပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်၏၊ သူသည် လွင်ပြင်ပေါ်၌နေထိုင်ရင်း ထူးဆန်းအံ့ဩဖွယ်ရာများကို ရင်ဆိုင်ခဲ့ရသူဖြစ်သည်။ ထိုအရာများအပေါ် အောင်မြင်မှုရရှိခဲ့သူလည်းဖြစ်၏၊ ရာသီတစ်ခုပြီးတစ်ခု ပြောင်းလာသည်နှင့်အမျှ သူ့အသက်သည် တစ်နှစ်ပြီးတစ်နှစ်ကြီးလာခဲ့ရပြီး လူအိုကြီးဘဝသို့ ရောက်လာခဲ့ရသူဖြစ်သည်၊ အသိဉာဏ်ပညာနှင့် ဗဟုသုတများသည် သူ့ထံတွင်အများကြီးရှိနေ၏။ ဘဝ၏နေဝင်ချိန်သို့ ဆိုက်ရောက်ခဲ့သည့်အခါတွင်မူကား သူသည် ပညာရှိကြီးတစ်ဦးအဖြစ်သို့ ရောက်လာခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်စိများသည် အမြင်အားနည်းပါးသွားခဲ့ပြီ၊ သို့သော်လည်း သူ၏အမြင်များကို မည်သူမှယှဉ်၍မရ။ သူ၏အကြားအာရုံသည် ယခင်ကလောက် ထက်သန်ခြင်းမရှိ၊ သို့သော်လည်း အရေးကြီးသောအရာမှန်သမျှသည် သူ့နားများဆီသို့ ရောက်ကြသည်သာဖြစ်၏။ သူ့တွင်ထူးခြားသော တန်ဖိုးသတ္တိလည်းရှိ၏။ ယင်းတန်ဖိုးသတ္တိသည် သူ့အား အမြဲတစေအထောက်အကူပြုလျက်ရှိလေသည်။

ဝံပုလွေများနှင့်ကခုန်သူ၏ မေတ္တာရပ်ခံချက်အရပြုလုပ်ခဲ့သော ကောင်စီအစည်းအဝေးပြီးစီးသည့်နောက် နှစ်ရက်မျှအကြာတွင် ဝက်ဝံကြီးသည် သူ၏တဲထဲ၌ထိုင်၍ ဆေးတံကိုဖွာရင်း အမှားများရှိမရှိ ဆင်ခြင်စဉ်းစားနေသည်။ "မနက်ဖန်ဆိုရင် ဆီးနှင်းတွေကွဲသွားတော့မှာပါ"ဟု သူပြောခဲ့၏။ ထိုစကားသည် မမျှော်လင့်ဘဲနှင့် သူ့လျှာပေါ်သို့ရောက်လာခဲ့ခြင်းဖြစ်၏။ မဟာဝိညာဉ်တော်ကြီးကိုယ်တိုင်က ပေးလိုက်သည့်စကားလုံးများဟု သူထင်သည်။

သို့သော်လည်း ဆီးနှင်းများသည်ရပ်မသွားချေ။ မုန်တိုင်းသည်လည်း အားပြန်ကောင်းလာသည်။ ထိုအတိုင်းဆိုပါက သူပြောခဲ့သောစကားသည် လွဲမှားနေပြီဖြစ်၏။ သူ၏ အတွက်အဆမှားမှုသည် သူ့အတွက် မကောင်းသောအတိတ်နိမိတ်တစ်ခုဖြစ်နေလေမလား. . .။ ဤအတိတ်နိမိတ်သည် သူ့ဘဝကို အဆုံးသတ်စေတော့မည့် အတိတ်နိမိတ်တစ်ခုဖြစ်လေမလား. . .။

အဖိုးအိုသည် သူ့အတွေးနှင့်သူ မီးဖိုရှေ့တွင် ထိုင်နေရာမှရုတ်တရက်ထရပ်သည်။ နံရံတွင်ချိတ်ထားသည့် ဝတ်လုံအကျႌကြီးကိုယူ၍ဝတ်ကာ တဲထဲမှထွက်သွားသည်။ သူ့ဇနီးက "ဘယ်သွားမလို့လဲ"ဟု လှမ်းမေးသော်လည်း အဖြေမပေးချေ။

အမှန်တော့ သူ့ဇနီးကမေးလိုက်သည့်စကားကို သူလုံးဝမကြား။ သူသည် သူ့ခေါင်းထဲသို့ဝင်လာနေသည့် အသံတစ်သံမှတစ်ပါး အခြားဘာသံကိုမှမကြား။ သူကြားနေရသည့်အသံမှာ စကားသံတစ်ခုထည်းသာဖြစ်သည်။ အမိန့်ပေးနေသည့်အသံဖြစ်၏။ အသံက "ဝံပုလွေများနှင့်ကခုန်သူ၏တဲကိုသွား"ဟု အမိန့်ပေးလျက်ရှိသည်။ ထို့ကြောင့်လည်း သူသည် ကြိုးစားအားယူ၍ထကာ အပြင်သို့ထွက်လာခဲ့ခြင်းဖြစ်သည်။

တဲရှေ့သို့ရောက်သည့်အခါ ရုတ်တရက်တဲတံခါးကိုမခေါက်ပဲ စဉ်းစားချိန်ဆနေသည်။ အပြင်ဘက်တွင် လူတစ်ယောက်မှမရှိ။ ဆီးနှင်းများသည် ထူထပ်သိပ်သည်းစွာကျနေဆဲဖြစ်၏။ ဆီးနှင်းများကျသံကို သူ့နားများကကြားနေရသည်။ ဆီးနှင်းများစဲသွားလိမ့်မည်ဟု သူပြောခဲ့မိ၏။ ထိုစကားသည် သူ့အမှားဖြစ်သည်။ အမှန်တော့ ထိုစကားကိုမပြောခင် သူ့အနေဖြင့် ဆီးနှင်းများကျသံကိုနားထောင်သင့်သည်ဟု သူယူဆသည်။ သူ့အမှားအတွက် သူပြုံးမိသည်။ "ငါအနေနဲ့ အခုအချိန်အထိ သင်ကြားလေ့လာစရာတွေအများကြီး ရှိနေပါသေးကလား"ဟု သူတွေးနေမိသည်။

သူသည် တဲတံခါးကို လက်ဝါးဖြင့်ပုတ်လိုက်သည်။ ဝံပုလွေများနှင့်ကခုန်သူသည် တံခါးချပ်ကိုတွန်းဖွင့်ကာ အပြင်သို့ထွက်လာသည်။ ဝက်ဝံကြီးအား သူ့တဲ



အတွင်းသို့ခေါ်သွားသည်။ "ကျွန်တော့်မီးဖိုနားမှာ ထိုင်ပါခင်ဗျာ"ဟု ပြောသည်။ ဝက်ဝံကြီးသည် ဝင်၍ထိုင်လိုက်ရင်း တဲအတွင်းသို့လှည့်ပတ်ကြည့်ရှုသည်။ သစ်မွှေးသန့်ရှင်းသော အိမ်တစ်အိမ်ဖြစ်သည်။ လက်သီးနှင့်ရပ်သူသည် အစားထည့်ထားသည့် ပန်းကန်နှစ်လုံးကိုယူလာပြီး အမျိုးသားနှစ်ယောက်အား လှမ်းပေးသည်။ ထို့နောက် တဲနောက်ဖက်ရှိ အိပ်ခန်းထဲသို့ဝင်လာပြီး အဝတ်တစ်ထည်ကိုချုပ်နေသည်။ သူမသည် အပြင်မှဝင်လာမည့်စကားပြောသံများကို နားစွင့်လျက်ရှိ၏။

အဖိုးအိုသည် အစားကိုငြိမ်ဆိတ်စွာစားနေရာမှ လှမ်းပြောသည်။ "မင်းပြောတဲ့စကားတွေကို ငါတွေးနေမိတယ်။ မင်း ဘာကြောင့် တို့နဲ့ဝေးရာကိုထွက်သွားရသလဲဆိုတဲ့ အကြောင်းပြချက်တွေကို ငါသေသေချာချာထပ်ပြီး စဉ်းစားခဲ့တယ်"ဟု စကားစသည်။ "မင်းအနေနဲ့ တို့နဲ့ဝေးရာကို သွားချင်တဲ့အချိန်မှာ သွားနိုင်ပါတယ်။ ဒါပေမယ့် မင်းပေးခဲ့တဲ့အကြောင်းပြချက်တွေကြောင့် ထွက်သွားရတာမျိုးတော့ မဖြစ်သင့်ဘူး။ မင်းပေးခဲ့တဲ့ အကြောင်းပြချက်တွေဟာ မှားနေတယ်။ ဒီကမ္ဘာလောကကြီးအတွင်းမှာ ရှိနေတဲ့လူဖြူစစ်သားတွေဟာ တို့ရဲ့စခန်းကိုရှာဖွေလို့ တွေ့ချင်တွေ့နိုင်လိမ့်မယ်။ သူတို့ရှာနေတဲ့လူကိုတော့ တွေ့လိမ့်မယ်မဟုတ်ပါဘူး။ သူကိုယ်သူ လူတင်းနန့်လို့ခေါ်တဲ့ လူတစ်ယောက်ကိုတော့ တွေ့နိုင်လိမ့်မှာမဟုတ်ပါဘူး"

အဖိုးအိုသည် မှုန်ဝါးဝါးမျက်လုံးများဖြင့် သူ့ရှေ့တည့်တည့်သို့ စိုက်ကြည့်နေသည်။ ထို့နောက် "လူကင်းနန့်လို့ခေါ်တဲ့ လူတစ်ယောက်ဟာ ဒီနေရာမှာမရှိပါဘူး။ ဒီတဲထဲမှာ သူတို့တွေ့နိုင်တဲ့လူဟာ ကိုမင်ချီစစ်သည်တော်တစ်ယောက်ပါ။ အင်မတန်မှကိုမင့်ချီလူမျိုးပီသတဲ့ ကိုမင်ချီစစ်သည်တစ်ယောက်နဲ့ သူ့ဇနီးကိုပဲတွေ့ရမှာပါ"ဟု ဆက်ပြောသည်။

ဝံပုလွေများနှင့်ကခုန်သူသည် ဝက်ဝံကြီး၏စကားများကို ငြိမ်ဆိတ်စွာနားထောင်နေသည်။ သူသည် အဖိုးအို၏ပခုံးပေါ်မှကျော်၍ အဖိုး၏နောက်ဘက်၌ ထိုင်နေသောလက်သီးနှင့်ရပ်သူ၏မျက်နှာကို လှမ်းကြည့်သည်။ သူ့ဇနီးကတော့ သူ့အားပြုံး၍ကြည့်နေသည်။ သူ့အနေဖြင့် အဖိုးအိုအား ဘာပြန်ပြောရမည်ကိုမသိ။

ဝက်ဝံကြီးသည် မီးဖိုအနီး၌ကျနေသော လက်စမသတ်သေးသည့်လုပ်လက်စဆေးတံတစ်ချောင်းကို ငုံ့ကြည့်နေသည်။ သူသည် ဆေးတံကိုလက်ညှိုးထိုးပြပြီးမေးသည်။

"မင်း ဆေးတံတစ်ချောင်းလုပ်နေသလား"

"ဟုတ်ပါတယ်"

ဝက်ဝံကြီးက သူ့လက်နှစ်ဖက်ကိုဖြန့်ထားသည်။ ဝံပုလွေများနှင့်ကခုန်သူက ဆေးတံကိုယူ၍ ဝက်ဝံကြီး၏လက်ပေါ်သို့ တင်ပေးသည်။ အဖိုးအိုသည် ဆေးတံကို သူ့မျက်လုံးများအနီးသို့ကပ်၍ စေ့စေ့ကြည့်နေသည်။

"ဒီဆေးတံဟာ အလွန်လှပပြီး အလွန်ကောင်းတဲ့ဆေးတံတစ်ချောင်းဖြစ်မှာပါ။ မင်း သူ့ကိုဘယ်လိုသောက်မလဲ"ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မသိသေးပါဘူး၊ အပြီးမသတ်သေးတာနဲ့ ကျွန်တော်သောတ်မကြည့်ရသေးဘူး"ဟု ဝံပုလွေများနှင့်ကခုန်သူက ပြန်ပြောသည်၊

"ဒီလိုဆိုရင် ငါတို့နှစ်ယောက်သောက်ကြည့်ရအောင်"ဟု ဝက်ဝံကြီးတာပြောကာ ဆေးတံကိုလှမ်းပေးသည်၊ "အချိန်ကို ဒီနည်းနဲ့ဖြုန်းတာဟာ အကောင်းဆုံးပါပဲကွယ်"

❐❐❐

[၃၁]

ဝတ်လုံအကျီကြီးများဝတ်၍ နွေးနွေးထွေးထွေးနေရသည့် ဆောင်းရာသီဖြစ်သည်၊ ရုံဖန်ရံခါ အမဲလိုက်ထွက်သည့်ဖွဲ့ငယ်နှစ်ဖွဲ့မှတစ်ပါး ကျန်ကိုမင်ချီအများစုသည် သူတို့တဲများ၏အပြင်သို့မထွက်ကြ၊ အများစုသည် မီးခိုးများဝေနေသည့် ဆောင်းဟုအမည်ပေးထားသည့် ဤရာသီမျိုးတွင် တဲများအတွင်းရှိ မီးဖိုများအနီး၌ထိုင်၍စကားစမြည်ပြောရင်း၊ ဆေးတံသောက်ရင်း အချိန်ဖြုန်းကြလေသည်၊

နွေဦးပေါက်သည့်အခါတွင်မှ လူတိုင်းသည် လှုပ်လှုပ်ရွရွပြန်ဖြစ်လာကြသည်၊ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းရန်တာစူကြသည်၊ ဆီးနှင်းများ ပထမဆုံးပြိုကွဲချိန်ရောက်သည်နှင့်တစ်ပြိုင်နက် သူတို့အားလုံးသည် ခရီးရှည်များကိုစတင်ကြသည်၊

ထိုနှစ်တွင် စခန်းသစ်တစ်ခုတည်[illegible]ခဲ့ကြသည်၊ ယင်းစခန်းသည် ယမန်နှစ်က ဆက်ဂျ်ဝစ်ခံတပ်အနီး၌ တည်ထောင်ခဲ့သည့်စခန်းဟောင်းနေရာနှင့် များစွာအလှမ်းကွာလေသည်၊ ထိုနေရာသည်လည်း လူများနှင့်မြင်းများအတွက် အစားအစာနှင့်ရေပေါများသော နေရာတစ်နေရာပင်ဖြစ်၏၊ ထိုနှစ်နွေရာသီတွင် ကလေးပေါင်းအမြောက်အများ ဖွားမြင်ခဲ့လေသည်၊

သူတို့သည် ခရီးအသွားအလာများသောနေရာများနှင့် အလှမ်းဝေးကွာသောနေရာများ၌သာ စခန်းချကြသည်၊ လူဖြူများကိုမမြင်ရ၊ မတ္တဆီကန်တွင်သည် အနည်းငယ်မျှကိုသာ တွေ့မြင်ကြရ၏၊ ဤအတွက်ကြောင့် လူအများသည် များစွာ

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ကြသည်၊ စိတ်ခမ်းသာကြသည်၊

သို့သော်လည်း သူတို့မမြင်ရ မကြားရသည့် လှိုင်းဒီရေကြီးတစ်ခုသည် အာရှဖက်တလွှားတွင် ကကြီးအကျယ်တက်လာနေသည်၊ ယင်းဒီရေကြီးသည် သူတို့အပေါ်သို့ မကြာမီကျရောက်လာလိမ့်မည်ဖြစ်၏၊ ထိုနှစ်နွေရာသီက သာယာချမ်းမြေ့စွာနေထိုင်ခဲ့ရခြင်းသည် နောက်ဆုံးနေထိုင်ရသည့် အချိန်ကောင်းတစ်ခုဖြစ်လိမ့်မည်ဟု ယုံကြည်ရသည်၊ သူတို့၏အချိန်ကောင်း အခါကောင်းများသည် တဖြည်းဖြည်းချင်း ကွယ်ပျောက်ကာ မကြာမီရာသက်ပန်ကွယ်ပျောက်သွားပေတော့မည်၊

မောင်ထွန်းသူ

၁၉၉၆၊ ဒီဇင်ဘာလ ၂၀၊

www.burmeseclassic.com